www.burmeseclassic.com

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

စိုင်းတိုမောသို့အလွမ်းဖြေ

BURMESE CLASSIC .com

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး၊

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်၊

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ၊

BURMESE CLASSIC .com

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ ဝိုးဝိုးဝေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ဒိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေး၊
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနှိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တပြင့်မားရေး၊
* အမျိုးသားဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စာမူခွင့်ပြုချက်အမှတ်
၄၇၁/၂၀၀၃ (၄)

မှက်နာဖုံးခွင့်ပြုချက်အမှတ်
၆၂၅/၂၀၀၃ (၆)

ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
သုခမ္မာလမ်း
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း၊
ဒုတိယအကြိမ် ၂၀၀၃ ခုနှစ်
ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းရေ ...
ခိုင်း ရှိမနေတဲ့
ခိုင်းတို့ရဲ့ မောမြေကို
အလွမ်းပြေတစ်ခေါက်
မမဦး ... ရောက်ပြန်ပေါ့ကွယ် ...

× × × ×

www.burmeseclassic.com

www.burmeseclassic.com

'တောင်ကြီးမြို့' သည် ဟိုယခင်နှစ်များဆီကလို ငြိမ်သက်အေးချမ်း ခြင်းမရှိတော့။ ကလေးများသော မိခင်တစ်ယောက်နှယ် အမောတကော ပြေးလွှား လှုပ်ရှားနေပေသည်။

အင်အားကြီးသော မှောင်ခိုပစ္စည်း ဖြန့်ဝေမှုက တောင်ကြီးမြို့၏ ဆိတ်ငြိမ်ခြင်းကို ဝါးမျိုပစ်လိုက်သည်။ တောင်ပေါ်သားတို့၏ အေးငြိမ်း သော စီးပွားရေးလုပ်ငန်းများကို လှန်နှိုးလိုက်သည်။ စိုက်ဖျိုးရေးလုပ်ငန်း များကို ထားရစ်ခဲ့ကာ၊ ငွေရလွယ်သော မှောင်ခိုလုပ်ငန်းများ နောက်သို့ အစဉ်တစိုက် လိုက်သွားကြခြင်းဖြင့် တောင်ပေါ်သားတို့၏ အလှအသရေ ကို နှမ်းညှိုးစေခဲ့ပြီ။

"ခိုင်း မရှိတော့တဲ့ နောက်ပိုင်းမှာ ဦးရီးကိုယ်တိုင်ပဲ ဒီ လုပ်ငန်းတွေ ကို ရပ်ပစ်လိုက်ပါပြီ မခိုင်ဦး"

"ဟုတ်တာပေါ့၊ သူ ဦးစီးလုပ်ကိုင်ပြီးမှ ခုလို ဖြစ်သွားရတယ် ဆိုတော့ ဦးရီးအနေနဲ့လည်း ဘယ် ဆက်ပြီး လုပ်ချင်ပါတော့မလဲ"

"ဘာပဲဖြစ်ဖြစ် မခိုင်ဦးအနေနဲ့ ခိုင်းရဲ့ဘဝကို ဦးဆောင်ပဲ့ပြင်ပေး နိုင်ခဲ့တဲ့အတွက်တော့ ဦးရီးတို့အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ် တူမကြီး"

"ကိစ္စမရှိပါဘူး ဦးရီး၊ ကျွန်မကိုယ်တိုင်လည်း ခိုင်းရဲ့ဘဝကို ကျွန်မ ဘဝထက် ပိုပြီး အမှန်တမြတ် ထားခဲ့မိလို့ သူ့အတွက်ပဲ အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါတယ်၊ ကျွန်မရဲ့စေတနာကို သူသိသွားခဲ့တယ်၊ သူလက်ခံ သွားခဲ့တယ်၊ အဲဒါဟာ ကျွန်မရဲ့အကြီးမားဆုံး အောင်မြင်မှုပါပဲရှင့်..."

'ဦးရီး ခွန်မိုင်း' က စကားပြန်မပြောတော့။ 'ခိုင်နွေဦး'ကို လေးစားစွာ ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်သည်။ ခိုင်နွေဦးသည် ဦးရီးနားမှထ၍ မြေတင်းဝတွင် ရပ်မိသည်။ စိန့်အဲန် ဘုရားရှိခိုးကျောင်းသည် ထင်းရှူးပင် များကြားတွင် မှိုင်းညို့မှုန်ရီနေပေသည်။ အနောက်ဘက်ဆီတွင် ပြွတ်သိပ် သော နေအိမ်အဆောက်အဦများက အနိမ့်အမြင့် အဆင့်ဆင့်၊ အထပ်ထပ် ကျပ်ညပ်နေကြသည်။ တောင်ကြီးမြို့မှလွန်သော် မိုးကုပ်စက်ဝိုင်း အောက်ဆီဥ် ပတ်ရံနေသော တောင်တန်းညိုညိုကြီးများက ထည်းထည်း မတ်မတ်ရှိကြသည်။

"အဲဒီတောင်တန်းတွေရဲ့ ဟိုမှာဘက်မှာ တခြားကမ္ဘာသစ်တစ်ခု ရှိနေမယ်ဆုံရင်လေ ... ခိုင်းတို့ ထွက်ပြေးကြရအောင်ပါ။ လက်ရှိပတ်ဝန်း ကျင်ကို ခိုင်းတို့စိတ်နာတယ်၊ သူတို့နဲ့ ဝေးရာကို ပြေးချင်တယ်၊ ခိုင်းနားမှာ မမဦးရှိနေမယ်ဆိုရင် ခိုင်းအတွက် အရာအားလုံးဟာ လှပနေပြီ၊ ပြီးပြည့် စုံနေပါပြီ ...မမဦးရယ်"

ပြန်လည်၍ ကြားယောင်ခြင်းဖြစ်သော်လည်း ယခုပင် ခိုင်းအနားမှာ ရှိနေသလိုပါပင်။ ခိုင်း၏အသံလေးများက ခိုင်နွေဦး၏ နှလုံးသားကို ပဲ့တင်ထပ်၍ ရိုက်ခတ်စေခဲ့ပါပြီ။

"သြော် ... ခိုင်း ... မောင်လေးရယ် ဖြစ်မှဖြစ်ရလေခြင်းကွယ်"

ဝေးကွာ ခွဲခွာရလေပြီဆိုလေမှ မောင်လေးခိုင်း၏ မေတ္တာတရား နက်ရှိုင်းမှုကိုပိပြင်စွာ နားလည်လာရသည်။

ခိုင်းရှိနေရာ ဤ'မောမြေ' သို့ ပထမတစ်ခေါက် ရောက်ခဲ့စဉ်က ပျော်ရွှင် ကြည်မွေ့ရပုံလေးများ၊ မောင်လေးခိုင်း၏တက်ကြွသော လှုပ်ရှားမှုလေးများ၊ ဆန်းသစ်သော ဒေသများဆီသို့ လည်ပတ်ကြစဉ်က ခိုင်း၏ အရွှင်၊ အသော၊ အရယ်၊ အမောလေးများနှင့် ဂရုတစိုက် ဖေးမကူညီ မှုလေးများစွာတို့သည်...

ခိုင်နွေဦး၏အမြင်အာရုံတွင် ပြန်လည် ရှင်သန် လှုပ်ရှားလာနေသည် ယခုပင် ခိုင်းကိုမြင်နေရသည်သို့၊ ယခုပင် ခိုင်း၏ အသံကိုကြားနေရသည်သို့ နီးကပ်စွာရှိနေရလေ၊ ခိုင်နွေဦး၏ ရင်မှာ လှိုက်လှဲနာကျင်ရလေပါ။

"မနက်ဖြန်လေယာဉ်နဲ့ ပြန်တော့မယ်ဆိုတော့ မမြန်လွန်းဘူးလား

BURMESE CLASSIC .com

www.burmeseclassic.com

မခိုင်ဦးရယ် ... ဦးကို အလွမ်းပြေဖြစ်ဖြစ် ဒီမောမြေမှာ ခပ်ကြာကြာလေး နေသွားပါဦးလားတယ်"

"ကျွန်မ ဆောင်ရွက်စရာကိစ္စတွေ ပြီးဆုံးခဲ့ပြီပဲ၊ သူ့အတွက် အကောင်းဆုံး ဖြစ်အောင် စီမံနိုင်ခဲ့ကြပြီပဲ ဦးရီးရယ်၊ ကျွန်မပြန်မယ် ဆိုလည်း ရပါပြီ။ ဒါပေမဲ့ ရန်ကုန်က ကိစ္စအားလုံး ပြီးပြတ်ရင်တော့ မောမြေကို တစ်ခေါက် ပြန်ရောက်ရဦးမှာပါရှင် ..."

"တူမကြီး မြန်မြန် ပြန်ရောက်ဖို့ကို ဦးရီးတို့ အားလုံးက ဆန္ဒ ရှိပါတယ်"

"ဟုတ်ကဲ့ ရှင် ... ဦးကို အလွမ်းပြေအဖြစ်နဲ့ မောမြေမှာနေရင်း သူ့ကိုမျှော်နေရရင် အလွမ်းတေနာလေးများ သက်သာမလားလို့ တွေးမိလို့ ကျွန်မ ဒီမောရွှမ်းမြေမှာနေဖို့ ဆုံးဖြတ်လိုက်တာပါ"

"ဒါနဲ့ ခတ္တာမြို့ရှင်က ကိစ္စပေါ့ရော ရှင်းကုန်ပြီလား"

"ဟုတ်ကဲ့ ... ခုတော့ အားလုံး ငြိမ်သက်ကုန်ပါပြီ။ တစ်ချို့နဲ့က လောဘတွေ၊ နာကြည်းမှုတွေ၊ ကလဲ့စားတွေ၊ အာဃာတတရားတွေ ကြောင့် ခတ္တာမြို့ရှင်ဟာ အမြဲပဲ ဆူဝေ လောင်မြိုက်နေခဲ့တယ်။ ရုန်းကန် တွန်းတိုက် နေခဲ့ရတယ်၊ မေတ္တာတရား၊ ကရုဏာတွေ၊ စေတနာတွေ ဆိုတဲ့ အေးငြိမ်းသော တံလှယ်ခြင်းများဟာ ခတ္တာမြို့ရှင်မှာ မှေးမှိန် ကွယ်လွှဲနေခဲ့တယ်။ အင်း ... ခုတော့လည်း အရာအားလုံးဟာ ချုပ်ငြိမ်း ပြီးဆုံးခဲ့ပြီမို့ ... ခတ္တာမြို့ရှင်ရဲ့ နိဂုံးဟာ ငြိမ်သက်ခြင်းပါ ဦးရီး ... ဒါပေမဲ့"

"စိတ်မကောင်းစရာပဲကွယ်"

"ဟုတ်ကဲ့ ... ဒါပေမဲ့ ခတ္တာမြို့ရှင်ရဲ့ ငြိမ်သက်ခြင်းဟာ ဓမ္မတေးရိပ် အောက်က ငြိမ်သက်ခြင်းမျိုးမဟုတ်ဘဲ၊ တစပြင်ရဲ့ ဆီတ်သုဉ်းခြင်းလို ငြိမ်သက်ခြင်းမျိုးပါ ဦးရီးခွန်မိုင်းရယ်"

"ဒီကပြန်ရင် ခတ္တာမြို့ရှင်ကိုပဲ ပြန်မယ်လား"

"သွေး ... သံယောဇဉ်တွေ ကျန်ရှိနေသေးလို့ ခတ္တာမြို့ရှင်ကိုတော့ ပြန်ရပါဦးမယ်... ဒါပေမဲ့ ကျွန်မ အခြေတကျနေမှာကတော့ စိုင်းနေသွား တဲ့ စိုင်းရဲ့ မောမြေမှာပါ ဦးရီး"

"အလုပ်ကိစ္စတွေ ပြီးပြတ်ရင် ပြန်ခဲ့ပါ။ ဦးရီးခွန်မိုင်းတို့ကို ခိုင်ဦးရဲ့ အပြန်လမ်းကို ဝမ်းပမ်းတသာ ကြိုကြမှာပါ"

"ဦးရီးတို့ရဲ့ မေတ္တာတရားနဲ့ ရိုးသားဖြူစင်လွန်းတဲ့ အတွင်းမနောတွေ ကို သိလို့ယုံကြည်လို့လည်း ... ဒီမောမြေကို ပြန်လာဖို့ ကျွန်မ ဆုံးဖြတ် လိုက်တာပဲ ရှင့်၊ ပြီးတော့ အဓိကကျတဲ့ အချက်တစ်ခုလည်း ရှိပါသေး တယ်"

"ပြောနိုင်မယ်ဆိုရင် သိချင်ပါတယ် တူမကြီး"

"သူ့ကို မောင်လေးခိုင်းကို သိပ်ပြီးချစ်မြတ်နိုးတဲ့ အနေနဲ့ ဒီမောမြေမှာ အလွမ်းပြေနေရစ်တော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တာပါရှင်"

× × × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တွင် စင်တင်ကပြနေသည်သို့ပင် ပြက်ပြက်ထင်ထင် ခိုင်နွေဦး၏ စိတ်အစဉ်တွင် ပြန်လည်၍ မြင်ယောင်လာခဲ့ရသည်။

ယင်းတို့အား လုံးတွင် အပေါ်ထင် အပီပြင်ဆုံး လူပ်ရှားလေသူက ...စိုင်း'

"မောင်လေး...စိုင်း"

မောင်လေးစိုင်းနှင့် နီးကပ်ခွင့်ရအောင် ကြံဆောင်ကြိုးပမ်းခဲ့ရခြင်းများ၏ နောက်ပိုင်းတွင် ခက်ခဲပင်ပန်းသော လူပ်ရှားရမှု အပိုင်းများကို ရင်လှပ်ခုန်စွာ တွေးမိလာသည်။

အထူးသဖြင့် ခိုင်နွေဦးကို လှပ်ကြခဲ့ရသည့် ပြဿနာအရောက်၌ ဆက်၍မတွေးရဲလောက်အောင်ပင် ချောက်ချားလာမိသည်။ ယင်းသည့် နောက်ဆွယ်မှ ခတ္တာမြို့ဝင်၏ အခက်အခဲများ၊ မိမိ၏ရုန်းကန်ရမှုများကို ခိုင်နွေဦးတွေးလေ ရင်ခုန်ရလေပါ...

ယင်းဇာတ်လမ်းများကို ခိုင်နွေဦးအနေနှင့် မိမိဘာသာ တည်ဆောက်ယူသည်ဟုဆိုလျှင်လည်း ရပါသည်။

မိမိကိုယ်တိုင် ခတ္တာမြို့ဝင်၏ ခံစားမှုပေါင်းစုံကို မှတ်ဝေခံစားလိုစိတ်နှင့် တမင်ရအောင် ဝင်ခဲ့မိသည့် အဖြစ် နီးစပ်အောင် ကြံစည်ခဲ့သည် များသာပါ။

သည်သို့ ခတ္တာမြို့ဝင်ကို ချဉ်းကပ်ရခြင်းအကြောင်းရင်းများကို ပြန်လည်၍ စရစတမ်း ဆိုပါလျှင် 'ကနီမြို့' ရှိ ခိုင်နွေဦး၏ ချစ်မေမေ 'ဒေါ်နုမေ' ၏ မေတ္တာဇာတ်လမ်းကို အပိုင်း ၁ အနေနှင့် အခြေခံရပါလိမ့်မည်။

နေရောင်အောက်မှ လေယာဉ်သည် လူးလွန့်လာသည်။ တိမ်တို့၏ မှိုင်းတိုက်ခြင်းကို ခံရပြန်ရာမှ တစ်ဖန် ကြည်လင်သာယာလာပြန်သည်။

"ညြော် ... လူ ဘဝလမ်းဆိုသည်မှာလည်း ...
လေယာဉ်ပြေးလမ်းနှယ်...
မေးမိုန်လိုက်၊ လင်းလက်လိုက်
တည်ငြိမ်လိုက်၊ လူးလွန့်လိုက်
ချောမွေ့လိုက်၊ တိမ်းစောင်းလိုက်နှင့်ပါတကား...။

× × × ×

အခန်း(၃)

"မောမြေမှာနေမယ်" ဟူသော ဆုံးဖြတ်ချက်များချမှတ်ပြီးသော်လည်း မပြီးပြတ်သေးသော ကိစ္စများကြောင့် ခိုင်နွေဦး ရန်ကုန်သို့ပြန်ဆင်းလာခဲ့ရပြန်သည်။

တံမဆိုင် တိမ်ထွေးများကို တွန်းတိုက်ဖယ်ခွာ၍ လေယာဉ်သည် သူ့ပြေးလမ်းကြောင်းပေါ်တွင် တည်ငြိမ်စွာ ပျံသန်းနေပါ၏။ လေယာဉ်၏ မှန်ပြတင်းများဆီသို့ မြူငွေ့တိမ်ရိုင်းများ၏ ရိုက်ခတ်မှုကြောင့် ကောင်းကင်ပြင်ကြီးကို မှုံဝါးလိုက်၊ ပီပြင်လိုက်ဖြင့် မြင်ရသည်။

ငယ်စဉ်က စိတ်ကူးယဉ်၍ တိမ်တိုက်များကို ကြည့်ပြီး မင်းသားရုပ်၊ နဂါးရုပ်၊ ဆင်ရုပ်၊ စုန်းမကြီးဟူ၍ ပုံပြင်များကို ကိုယ့်စိတ်ကူးနှင့်ကိုယ် သရုပ်ဖော်၍ကြည့်ခဲ့ဖူးသော ခိုင်နွေဦးမှာ ယခုအခါတွင်...

ပြာမှိုင်းသော ကောင်းကင်ပြင်အောက်တွင် မြင်နိုင်သည်၏ ဟိုမှာဘက်အထိ၊ တစ်ပြန့်ကြီး ခင်းနေသော တိမ်လွှာပြင်များ အလယ်မှ ...။

ရန်ကုန်မြို့ ဝင်ဒါမီယာရှိ 'ခတ္တာမြို့ဝင်စံအိမ်' ကြီးဆီမှ မင်္ဂလာသတင်းများ၊ ဂုဏ်ပကာသနချင်း ယှဉ်သော ခင်မင် ကူးယက်ဆက်ဆံမှုများ၊ ယင်းသည်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော နောက်ကွယ်ဆီမှ ...

ထိန်ချန်ကွယ်ဝှက်ခြင်းများ၊ ဟန်ဆောင်ဖုံးဖိမှုများ၊ တီးတိုးရွှိက်သံများ စသော ခတ္တာမြို့ဝင်အိမ်ကြီး၏ လူပ်ရှားမှုသရုပ်သဏ္ဌာန်များနှင့်အတူ။

မုံရွာမြို့၏ အထက်နားရှိ 'ချင်းတွင်းမြစ်' ကမ်းခြေတွင် မေးတင်နေသော ဇာတိမြေ 'ကနီမြို့' လေးဆီမှ ...'ချစ်မေမေ' ၏ နှလုံးသားရေးရော လူပ်ရှားခဲ့ရမှုများ။

စသော ... နောင်းအတိတ်ဆီမှ ဖြစ်ရပ်များစွာတို့သည် တိမ်ကန္တာရ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တခန်း(၁)

'ချင်းတွင်း' ရေသည် နွေတွင် အနားယူနေသည်သို့ပင် လူပ်ရှားခြင်း သိပ်မရှိလှ၊ တိုးတက်ပြည့်မောက်ခြင်းမရှိ၊ လျှောကျဆုတ်ယုတ်ခြင်းသာ ရှိပါ၍ 'အညာကြီးဆန်' သဘော်ကြီးများ အဖို့ သောင်တင်မည်စိုး၍ အထူး ဂရုစိုက်မောင်းနှင်ကြရသည်။

အမှန်က ကနီနှင့်မုရွာမှာမဝေးကွာလှ၊ အစုန်ခရီးဆိုလျှင် နေ့ဝက်မျှသာ သွားရသော်လည်း အဆန်ခရီးမို့ တစ်နေကုန် မောင်းနှင်ရသည်။ ထိုနေ့က သဘော်စက် မူမမှန် ဖောက်ပြန် တုန့်ဆွဲနေသည်။

"ဒီအတိုင်းဆို ကနီမှာ ညအိပ်ရလိမ့်မယ်"

"ကနီရောက်မှ ညအိပ်ရရင် တော်လှပေါ့"

သဘော်စီး ခရီးသည်တို့၏ ထင်ကြေးပေးသော ဝေဖန်သံများကြောင့် မနုမေသည် သဘော်၏ ဦးပိုင်းဆီသို့ သွားပြီး အောက်ဘက်သို့ လှမ်းငုံ့ကြည့်မိသည်။ လုံကြီးများ စိတ်ညစ်ညူးစွာ ညည်းတွားနေသော်လည်း မနုမေကမူ စိတ်ထဲမှကျိတ်၍ ပျော်နေမိသည်။ တောင်တန်းများ၊ တံငါလေများ၊ သစ်ပင်အုပ်လေးများခြံရံလျက် ရေပြင်ပေါ်တွင် ရှိနေရမည့်အဖြစ်ကို အလိုလို နေရင်း ကြည်နူးနေမိသည်။

"ဟွက်စမ်းပါဇေ... ဟောဒီနေရာမှာ ရပ်နေစမ်းပါဇေ"

ယင်းအတွေးများဖြင့် ကြာမြင့်စွာ ငေးနေမိဆဲတွင် နီးကပ်လွန်းသော နေရာမှ...

"သဘော် ဘာဖြစ်နေလဲ မသိဘူးနော်"

"ဟင်..."

လူရွယ်တစ်ယောက် သူနှင့် သက်တူရွယ်မျှလောက် စပို့ရှပ်နှင့် သတ္တလပ် ဘောင်းဘီနှင့် ချောချောလှလှ ခုနှစ်ညှားညှား... ပြုံးလို့ရယ်လို့ ... ထိုစဏ၌ မနုမေ၏ရင်ထဲ၌ သဘော်ကြီး၏ အင်ဂျင်စက်ကြီး ပင်နိုးလိုက်သလို တုန်ခါမြည်ဟီးသွားရသည်။

"သဘော်စက်ပျက်တာလား၊ ဟုတ်လား ... ဟင်"

"ရှင် ... ကျုပ် ... မ ... မသိဘူး"

"ညောင်ပျော ... ဒီလမ်းကို ဒီတစ်ခါပဲ ရောက်ဖူးလို့ မေးကြည့်တာပါ၊ စိတ်မဆိုးပါနဲ့နော်"

"အို..."

သူ့ကို ဘာမှပြန်မပြောပါဘဲနှင့် သူနားမှ ထွက်ပြေးလာခဲ့မိသည်။ ကိုယ်နေရာ ဖျာပေါ်သို့ ထိုင်မိပြီးသည်အထိ ရင်သာမက လက်ရော ခြေရော ကိုယ်ခန္ဓာပါ တုန်တုန်ရီရီ ဖြစ်နေသည်။ မနုမေ၏ တစ်သက်တာတွင် သည်မျှတစ်ခါမျှ မလန့်မကြောက်ခဲ့ဖူး၊ ယခု ဘယ်လိုအဖြစ်ပါလိမ့်။ ကိုယ် နေရာအရောက်တွင် ဦးခေါင်းပေါ် မေးတင်ရင်း ဦးပိုင်းဆီသို့ အသာလေး လှည့်ပြီး ခိုးကြည့်မိသည်။

"အမယ်လေး"

သူ ပြုံးပြုံးကြီးကြည့်နေသည်ကို လုံသတ်သမားကြည့်နေသည် ထက်ပင် လန့်သွားရသည်။

"ဟဲ့ ... ဘာဖြစ်တာလဲ"

အမေက အလန့်တကြားနှင့်မေးသည်။

"ဘာမှမဖြစ်ပါဘူး ... လန့်လို့ပါ"

သဘော်စက်ကလည်း ငြိမ့်ခနဲသိမ့်ခနဲ ခုန်ဆွနေ၍ အမေက ဘာမှ မပြောတော့ပါဘဲနှင့် တစ်ဖက်သို့လှည့်၍ သဘော်ခေါင်းတိုင်နှင့် အပြိုင် ဆေးလိပ်မီးခိုးငွေ့များ တတန်းကြီး မှုတ်ထုတ်နေသည်။ အမေမသည် သဘော်စက်ပျက်မှုကို မကျေနပ်တိုင်း ဆေးပေါ့လိပ်ကြီးကို ဖိဖွာနေသည်။

မနုမေက ဂနာမငြိမ်... ထိုင်သည့် ပုံစံကို အမျိုးမျိုးပြောင်းသည်။

www.burmeseclassic.com

မလုံမလဲရှိလေတိုင်း ပုံစံပြင်ရသည်။ 'သူကြည့်နေသေးသလား' သိချင်စိတ်က ပြင်းပြလှသော်လည်း မကြည့်ရဲ၊ စိတ်ထဲကမူ သိချင် ကြည့်ချင်လှသည်။ မနေနိုင်တော့၊ သဘော်၏ လက်တန်း သဲလုံးများဘက်သို့ ကပ်လိုက်ပြီး၊ မသိမသာလေး ခိုးကြည့်လိုက်သည်။

သူက မကြည့်တော့ ... ကမ်းခြေဘက်သို့ ငေးနေသော သူ့ကိုဟော၊ တိုက် အနေအထားနှင့် မြင်ရသည်။ ထိုခေတ် ထိုအချိန်က ခေတ်အဓိဋ္ဌာန်၊ ပုံစံနှင့် လူ အသားဖြူဖြူ ချောလိုက်သေးသည်။

"ကောလိပ်ကျောင်းသားနဲ့တူတယ်၊ စမတ်ကျတယ်၊ ဘယ်က လာလို့ ဘယ်သွားမှာလဲ မသိဘူး"

မနုမေ၏ ရင်၌ အပျိုစင်ဘဝ၏ ပထမဆုံး လှုပ်ခတ်လာသော ဆန္ဒ ကျင်ဘက်လိင်အတွက် စိတ်နိုးကြွချိန်ပါတကား။

"ကြည့်စမ်း ... ခုမှသတိရတယ်၊ သူက အကောင်းမေးရှာတာ ငါ ဖြေပုံက "ကျွဲပမသိဘူး" တဲ့။ အမယ်လေးနော် ရှက်လိုက်တာ၊ ဘာဖြစ်လို့ ကျွန်မလို့ မပြောလိုက်မိပါလိမ့်၊ တောသူမ ရိုင်းလိုက်တာလို့ ထင်သွား မလားပဲ... အယ် ..."

အတွေးများနှင့် ငေးကြည့်နေဆဲ သူက ပြန်လှည့်ကြည့်၍ တည့် တည့်တိုးရပြီ...၊ အကြည့်ကို လွဲလိုက်ဖို့ သတိမရ ...၊ ကြောင်ကြောင် ကြီးကြည့်နေမိဆဲတွင် သူကပြုံးပြသည်။

သတိက သည်တော့မှ ရတော်မူသည်။ အကြည့်ကို လွဲရသည်၊ ပြန် ပြုံးပြဖို့ဝေးလို့ ဘာမဟုတ်တာလေးနှင့် ရေထဲခုန်ချပစ်လိုက်ချင်သည် အထိ ရှက်စိတ်ကြောင့် စွန့်စားချင်လာသည်။

သြော်... စိတ်လှုပ်ရှားခြင်းအဟုန်က ကြီးမားလှပါဘိ၊

ဆန့်ငင်လိုက် တုန့်ဆွဲလိုက်ဖြင့် ထိုနေ့သည် မှောင်ရီမှိုင်းဖျ အချိန်လောက်တွင် 'ခလောက်' သဘော်သည် ကနီဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။

မနုမေမှာ မျက်လုံးလေး ဝေ့ဝဲ၍ ရှာဖွေကြည့်မိသော်လည်း သူ့ကို မတွေ့ရတော့၊ သည်လိုနှင့် လူကြားမှ တိုးတိုက်၍ အထုပ်အပိုး ဆွဲကာ အမေ၏နောက်မှ ဆင်းလာခဲ့ရပါပြီတည်း။

ဤကိုလူချော မျက်နှာစိမ်း ဧည့်သည်သည် နောင်သောအခါတွင် မိမိ၏ဘဝ၊ မိမိ၏အသည်းနှလုံးများကို လှည့်မျှော်နိုင်စေနိုင်သော အင်အား များရှိလာမည်သူဟု၍ မတွေးမိခဲ့ပါချေ။ လမ်းကြုံ၍ ခဏဆုံလို့ ရင်ခုန်ခြင်း လောက်သာ မှတ်ယူပြီး ကိုယ့်ဇာတိမြေကိုယ့်အိမ်ယာသို့ပြန်လာခဲ့ရပါပြီ တည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

"ဒီမြို့မှာနေမှန်းသိလို့ ကျွန်တော် လိုက်ရှာနေတာ"

"ရှင် ... အို ..."

မနေ့က လူပါတ်ကား ...။

'သင်္ဘောပျက်လို့ ညက ဒီကနီမှာအိပ်ရတယ်၊ ခုထိ ပြင်လို့ မပြီးသေးဘူး၊ ဒါနဲ့ ... ဒီက ... ကနီကလား ဟင်"

"ရှင် ..."

"အော် ... ဒီမြို့ ဇာတိလား၊ စည်သည်လား လို့"

"ဒီ ... ဒီကပါ"

"ကျွန်တော်က ရန်ကုန်ကပါ၊ "မင်းကင်း' ကို သွားမလို့ ကျွန်တော့် ဦးလေး ရန်ကုန်ပြောင်းမယ်ဆိုလို့ သွားပို့ပြီး ကူပေးမလို့ပါ"

"အင်း ... ဟုတ်ကဲ့၊ သွားမယ်နော်"

"အို ... နေ ... နေပါဦးဗျာ၊ မသိတာလေး မေးပါရစေဦး၊ တော်ကြာ ကနီသူတွေ မာနကြီးတယ်လို့ ကျွန်တော်က ရန်ကုန်ရောက်ရင် ပြန်ပြောမိနေပါဦးမယ်၊ အဟဲ ...ဟဲ ..."

သူက အသောလေးများ နောပြီး မနေမေကို ဟန့်တားထားသည်။ မနေမေတို့ရှိနေသည်က မြစ်ဆိပ် သဲချောင်းထိပ်မှာ အမေနိုင်းလိုက်သဖြင့် 'အဘအင်' ၏ တံငါလှေမှ ငါးဝယ်၍ ပြန်လာချိန်တွင် ဖြစ်ပါ၏။ နေခြည်နုနုသည်ဖြူလွလွ အောက်တွင် သနပ်ခါးကွက်ကျားနှင့် ငါးတွဲကြီးဆွဲလာခိုက် သူနှင့်ဆုံရသဖြင့် ရုက်ကြောက်လိုက်သည်များ မပြောချင်တော့ပါ။

သူကဖြင့် မနေ့ကပဲစံ မဟုတ်ပါ။ ရုပ်အင်္ကျီ လက်ရှည်ပေါ်မှ ဆွယ်တာလက်ပြတ် ပြာလွင်လွင်ကို ထပ်ဝတ်ပြီး ပလေကပ်လုံချည် အဖြူကွက်နှင့် ဖြစ်ပါ၏။

"မြို့လေးက သိပ်သာယာတာပဲနော်၊ ဒီ အထက်ချွင်းတွင်းဘက်ကို ကျွန်တော် ဒါ ပထမဆုံး ရောက်ဖူးတာပါ"

မနေမေက မသိမသာလေး လှမ်းလာသလို သူကလည်း ဘေးမှ လိုက်၍ ကပ်ပါလာသည်။

"မနေ့က ဘယ်ကပြန်လာတာလဲ ဟင်"

"မုံရွာက"

"ဩော် ... ဟုတ်တာပေါ့၊ သင်္ဘောက မုံရွာက စ ထွက်လာတာပဲ၊ မုံရွာကို အလည်သွားတာလား"

"မဟုတ်ဘူး၊ အဘဆီသွားတာ"

"ဩော်... အလည်ပေါ့နော်"

"မဟုတ်ဘူး၊ အမေကိစ္စရှိလို့"

"ဘယ်အရပ်မှာ တဲလဲ"

"ဆူးလေကုန်း"

"ဟုတ်လား၊ ကျွန်တော်လည်း ဆူးလေကုန်းမှာပဲ၊ သိမလားတော့ မသိဘူး ... ဝတ်လုံတော်ရ 'ဦးဘတွန်' ဆိုတာ ကျွန်တော့် ဘကြီးပဲ၊ သူတို့ အိမ်မှာနေပြီးမှ ဒီဘက် ခရီးဆက်လာတာ"

"ဩော်"

မနေမေတို့ 'အဘစံ'၏ အိမ်နှင့် သုံးလေးအိမ်ကျော်မှ ဝတ်လုံတော်ရ 'ဦးဘကွန်' ၏ အိမ်ကိုလည်း သိသည်။ ဦးဘကွန်ကိုလည်း မြင်ဖူးပါသည်။ အဘ'ဦးစံ'နှင့်လည်း ခင်မင်ရင်းနှီးကြောင်း မနေမေ မြင်သည်၊ သိသည်၊ ယင်းအဖြစ်မှန်ကို မတင်ပြဝံ့ မပြောဆိုရဲ၊ လည်ချောင်းဝတွင် အသံက တစ်ဆို့နေသည်။ ချောင်းဟန့်၍ အာရုံင်းပစ်လိုက်ချင်သည်။ ဤအသံကိုပင် မထွက်ရဲ၊

"ကျွန်တော့်နာမည် တင်အောင်ခိုင် လို့ ခေါ်ပါကယ်။ ရန်ကုန် တက္ကသိုလ်မှာ ကျောင်းတက်တုန်းပါ၊ ဘီအက်စ်စီ နောက်ဆုံး နှစ်ပါ"

www.burmeseclassic.com

"အင်း ..."

မနုမေမှာ အထင်ကြီးခြင်းများစွာဖြင့် သူ့ကို တစ်ချက်မော့ကြည့်မိသည်။ သူက ... ကိုတင်အောင်ခိုင်ကမူ မနုမေကိုသာ အစဉ်တစိုက်လိုက်၍ ကြည့်နေသူသာ၊ အကြည့်ချင်းဆုံသည့် ဒဏ်ကို မနုမေမခံနိုင်၊ ချက်ချင်းလို ခေါင်းငုံ့ပစ်ရသည်။

"နေတော့ ဘယ်အရပ်မှာလဲ ဟင်"

"ဒီ အထက်နားလေးတင်ပါ"

"ကျွန်တော် လိုက်လည်ရမလား ဟင်"

"အာ ... မလုပ်နဲ့ ... အမေဆူမှာပေါ့"

"ဪ ... ဟော် ...ဟော် ...ဒါဖြင့်လည်း ကျွန်တော်ဒီက စောင့်နေမယ်လေ။ အဲဒီငါးတွေ သွားပို့ပြီး ပြန်လာပါလား၊ စကားပြောရအောင်ဗျာ၊ သဘော်က နေ့လယ်လောက်မှ ထွက်နိုင်မှာတဲ့ ...၊ လာခဲ့မလား ဟင်"

သူက ပြုံးရွှင်ရယ်မောရင်း ပြောသည်။

မနုမေ တွေဝေသွားမိသည်။ ညက မအိပ်ပျော်မိအထိ သူ့အကြောင်းတွေးနေမိဆဲ။ အိပ်မက်ထဲတွင်လည်း သူနှင့်ဆုံ၍ ပျော်ရွှင်ရကြောင်းများမြင်မက်သည်။ စင်းလိုက်သည့်အိပ်မက် ယခုတကယ်ဖြစ်ပျက်နေပါပြီ... သို့သော်လည်း အိပ်မက်ထဲမှာလို မဟုတ်၊ ကြည်နူးသည်လား၊ ကြောက်လန့်သည်လား မဝေခွဲတတ် ရင်ထဲမှာ လှပ်လှပ်ခါနေသည်သာ သိရသည်။ ဘာခဲစားမှုမှန်း သရုပ်မခွဲတတ်။

"ကျွန်တော် ဒီနေရာက စောင့်နေမယ်လေ ...ဘယ့်နယ့်လဲ"

"ဟင့်အင်း ... မဖြစ်ပါဘူး ၊ကျွန်မ ပြန်မလာရဲဘူး"

"ကျွန်တော့်ကို ကြောက်လို့လား"

"အင်း ... အို ...မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်တော်စောင့်နေမယ် ပြန်လာခဲ့ပါနော်"

"ဟို ...ဘာ ... ဘာပြောမှာမို့လဲ"

"ဘာရယ် မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေဖွဲ့ချင်တဲ့ သဘောပါ"

"ပြောချင်တာရှိ ခုပြောပါ၊ ပြန်တော့ မလာရဲဘူးရှင့်"

"ဪ ... ပြောပုံလေးက ရိုးသားလိုက်တာဗျာ၊ ပြီးတော့ ကနီသူတွေဟာ သိပ်လှတာပဲ"

မြေကြီးထဲသာခွဲ၍ ဝင်သွားချင်မိသည်။ ရုက်စရာကောင်းလိုက်ပါဘိ၊ ဘာအတွက် မှန်းမသိပါဘဲနှင့် ရှက်လွန်းသည့်စိတ်ကြောင့် တစ်ကိုယ်လုံး ရှိန်းမြူးနွေးလျှက် ချွေးစေးများ ပြန်တက်လာသည်။

"ကျွန်တော့်ကိုလည်း မှတ်ထားပါနော်၊ ကျွန်တော့်နာမည်ကိုရော မှတ်မိရဲ့လား"

"ဟုတ်ကဲ့"

"ပြောပါဦး ... ဘယ်သူတဲ့လဲ"

"ကို ... ကိုတင်အောင်ခိုင် ဟုတ်တယ်နော်"

"အာ ... သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော့်အိမ်ကလေ ဝင်ဒါမီယာ အောက်လမ်းမှာ ဝန်ကြီးရဲ့ အပေါ်တော်မြို့ 'ဦးလှခိုင် ဧရိ ခင်လေးတင့်'တို့ရဲ့ သားပါ။ ရန်ကုန်ရောက်ရင် ဝင်လည်ပါလားနော်၊ ဒါနဲ့ ရန်ကုန်ရောက်ရင် ဘယ်မှာတည်းသလဲ ဟင်"

"ကျွန်မ ... ကျွန်မ ရန်ကုန် မရောက်ဖူးပါဘူးရှင်"

"ဟင် ... တကယ်"

သူ့အံ့သြသံကြားလေမှ နောင်တ တရားက အပြေးအလွှား ဝင်ရောက်လာသည်။ ရန်ကုန် မရောက်ဖူးကြောင်း ပြောလိုက်မိသည့် ပါးစပ်ကို အပ်နှင့် ချုပ်ပစ်လိုက်ချင်မိသည်။ ရှည်လိုက်သည့် လွှာ... ရှက်စရာကြီး ဒုက္ခပါပဲ။

"ဒါနဲ့ ...နာမည်လေး ပြောစမ်းပါဦး"

"နှ...နုမေ"

"ဪ ...နုနုမေတဲ့လား"

"ဟင် ... မဟုတ်ဘူး ...နုမေပါ ... မနုမေ "

"ဪ ... ဪ ... ဪ မနုမေကတကယ်ရိုးသားတယ်ဗျာ၊ ကျွန်တော် မနုမေကို မေ့မသွားချင်ဘူး ၊ တခင်ကြိုရင်း ကျွန်တော် အသားယူသွားတာမျိုး မဟုတ်ရပါဘူး မနုမေ...မနုမေကို ကျွန်တော်ထာဝရ ခင်မင် ယုကျ သွယ်ချင်မိပါတယ်။ ဒီမြို့ကို စာထည့်ရင် ရမလား ဟင် ... ကျွန်တော့်ကို လိပ်စာလေး ပေးလိုက်ပါလား"

"လိပ်စာလည်းမရှိပါဘူး၊ ပြီးတော့ အမေတို့က ဆူကြမှာ ...နုမေ ကြောက်တယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်... မနုမေရယ်"

ခြေလှမ်းရန်ကိုလည်း မေ့လျော့နေမိသည်။ ကိုတင်အောင်နိုင် ဆိုသည်မှာ စပါးကြီးမြွေများလို ညှို့တတ်သူလေလား... မနုမေ တစ်ယောက်လမ်းပျောက်နေလေပြီ။ နှုတ်ဆက်လျက် ပြန်သွားရကောင်းမှန်းလည်း မသိ၊ သတိမရတော့။

"ဟဲ့ ...နုမေ ... အရီးမွေးက. ကြာလှပြီ လိုက်သွားစမ်း ဆိုလို့ပို့ ကျုပ်လိုက်လာတာ...လာလေ"

ရွာဇော် ဒေါသက်စု လှမ်းခေါ်လေမှ သတိရသည်။ ဘာမပြော ညာမပြောနှင့် ခြေလှမ်းကျဲကြီးဖြင့် ဒေါသက်စုနောက်မှ လျှောက်လိုက်လာမိသည်။

"မနုမေ"

"ဟင်... ရှင်"

"မနုမေဆိုတဲ့ ကနိမြို့က မိန်းမချောလေးကို ကျွန်တော် အဖြဲအမှတ်ရနေမိမှာပါ။ ထပ်ပြီးဆုံနိုင်အောင် ကျွန်တော် ကြိုးစားပါဦးမယ် ကဲ...သွားတော့နော်"

စကား သံဖြင့် မပြန်ကြား မိ။ သူမြင်လေသည်လား ၊ မမြင်သည်လား မသိ၊ ခေါင်းညိတ်၍ ပြစိသည်။

သောင်ပြင်တစ်ဆုံးတွင် မတ်စောက်သော ကမ်းပါးယံရှိသည်။ နွေရာကျချိန်ရောက်လေ မြင့်မားလေပါ။ ကမ်းပါးထိပ်သို့ အရောက်တွင် နောက်ပြန်၍ လှည့်ကြည့်မိသည်။

"အို ... သူရပ်ကြည့်နေပါလား။ သနားစရာကောင်းလိုက်တာ"

အရွယ်ရောက်စ အမျိုးသမီးတို့၏ ဟင်းလင်းပွင့် နှလုံးသားဆီသို့ ကရုဏာတရား မေတ္တာတရားတို့ စီးမျောလွယ်တတ်သည့် ဓမ္မစကြာအတိုင်း ထိုနေ့မှစ၍ ကိုတင်အောင်နိုင် မည်သော်သူအပေါ် တွင် မေတ္တာနှင့် ကရုဏာတရားများစွာ ကူရောက်မိပါသတည်း။

တော်ပါသေးသည် အိမ်ရောက်တော့လည်း အမေကမဆူ၊ အမေ့ကို သာ ကူလုပ်ပေးနေရသည် ၊ စိတ်က သူ့ဆီမှာ။

"သင်္ဘောထွက်သွားပြီလား၊ သူ မနက်စာ ဘယ်မှာစားပါလိမ့်၊ သူက

ငါ့ကို သိပ်လှတာယ်တဲ့၊ ဟင်း... ဟင်း ... ဒီကလည်း သူ့ကို စွဲပြီး ကျန်ရစ်ပါသတဲ့ရှင်"

ထမင်းစားပြီးသည်နှင့် ရေတွင်းဆင်း၍ ရေတန်းချိုးသည်။ ပွဲထိုင်သွားခါနီးလို မျက်နှာကိုပြင်သည်။

"အကို့ လုံချည် အသစ်တွေဝတ်လို့ မဖြစ်ဘူး အမေတို့ သိလိမ့်မယ်"

ယင်းအတွေးများဖြင့် တစ်ပတ်နှမ်း နိုင်လွန်အကို့ ဝါဝါနှင့် တရုတ်ပွင့်ရိုက် ချည်လုံချည် ဝါဝါလေးကို ရွေးဝတ်ပြီး ...

"အမေ သမီး ... ဆရာမ ဒေါ်ငြိမ်းအိမ် ခဏသွားဦးမယ်နော်"

သွားနေကျ ကျောင်းဆရာမ အပျိုကြီးအိမ်မို့ အမေက စစ်ဆေးမေးမြန်းမရှိ လွှတ်လိုက်သည်။

"သင်္ဘောများထွက်ပြီလား၊ မိပါဦးမလား"

ကမ်းဆိပ်သို့ မပြေးရဲတမယ် ခြေလှမ်းကျဲများဖြင့် လျှောက်လာမိသည် ကမ်းပါးယံ ထိပ်နား အရောက်တွင် ရုတ်တရက် ခြေစုံရပ်လိုက်မိသည်။

"အို ... ငါလိုက်သွားပြီး တွေ့လို့တော်ပါ့မလား"

မပြတ်သားခြင်းသည် မနုမေ၏ ဘဝကို အရာရာ၌ အကျိုး မပေးခဲ့ပေ။

စိတ်က သွားချင်သည်။ ကိုယ့်အရပ်ဒေသမို့ မျက်နှာသိက များပါဘိ၊ တစ်ယောက်မတွေ့ တစ်ယောက်တွေ့ သွားလျှင်အခက်၊ အဖေနှားသို့ ပြန်ကြားခဲ့လျှင် အဖြစ်ကလွယ်မည်မဟုတ်တော့။

"ဟယ် ...ကုန်းဘောင်ဖြူတ်နေပြီ၊ သင်္ဘောထွက်တော့မယ်"

ယင်းအသိက မနုမေ၏ ဆင်ခြင်တုံတရားများကို တွန်းထုတ် လွှင့်စဉ်စေသည်။

လျှင်မြန်သော စံနှုန်းဖြင့် ကမ်းပါးယံထိပ်မှ ပြေးဆင်းခဲ့မိသည်။ အညာကြီး အဆန်ခရီးမို့ သင်္ဘောဆိပ်တွင် လူသူ များစွာမရှိ၊ မနုမေမှာ သဲသောင်ပြင်အဆုံး... ချင်းတွင်းရေ၏ နယ်နိမိတ်ဦးသို့ ရောက်မှ အပြေးကို ရပ်သည်။ သင်္ဘောအထက်ဝိုင်း အောက်ဝိုင်း နေရာအနှံ့ဆီသို့ အမောတကော လိုက်ကြည့်သည် မွှက်လုံးဖြင့် ရှာမိသည်။ သူ့ကိုမမြင်ရ မတွေ့ရတော့၊

www.burmeseclassic.com

www.burmeseclassic.com

"သွားပါပြီ"

ဟူသော အားလျော့စိတ်ဖြင့် ငေးကြည့်နေမိဆဲ၊ သဘော်လှည့်လိုက်လေမှ၊ ဦးဘက်ဝိုင်းဆီမှ တစ်စုခုလှုပ်ရှားနေသည့်အရိပ် မှုန်မှုန်လေးကို မြင်မိသလိုရှိသည်နှင့် ကြည့်လိုက်မိလေမှ ...

"ဟယ် ...ဟိုမှာ ...သူ ...သူ လက်ပြနေပါလား"

မနုမေထက်အရင် သူကဦး၍ မြင်ဟန်တူသည်။ သူ့ကို မြင်ဖြစ်ပါစေရန် လက်ကို အားပါးတရပြနေရှာသည်။

မကြိုရွယ်ပါဘဲနှင့် လက်ကလေး ဝှေ့ရမ်း၍ ပြလိုက်မိသည်။ သဘော်က ကွေ့ဝိုက် ကွယ်ပျောက်သွားသည်အထိ လက်ကို မြှောက်ထားနေမိမှန်းမသိ။

"သွားပြီ ... သူပြန်သွားပြီ"

ယင်းအသိကြောင့် တည်မတ်စွာပင် မရဲရင့်လောက်အောင် ရွေ့ညွတ်ကျမတတ် အင်အားများ ဆုတ်လျော့သွားပြီ ထင်မိသည်။

ကိုယ်တွင်းမှာရှိနေသော စိတ်အင်အားများနှင့်အတူ နှလုံးသားများပါ ရွေ့လျားသွားသော သဘော်နှင့်အတူ ပါရှိသွားသည့်နယ်ပါ...

"ညော်... ကိုတင်အောင်ခိုင် ... ဆိုသူရယ်"

အပြန်လမ်းတွင်မူ နွမ်းညှိုးသော စိတ်ကြောင့် ခြေလှမ်းလေးများ နေးကွေးလာသည်။

"ဓာတ်လေးကြိုလိုက်ရပေမယ့် ... နုမေရဲ့ ရင်ထဲမှာတော့ ဒီအဖြစ်ကို အသက်နဲ့အမျှ စွဲလမ်းတမ်းတနေမိမှာပါ ရှင်ရယ်"

× × × ×

အခန်း (၃)

တစ်နှစ်ကျော်ခဲ့ပြီ...

ဘာမှထူးခြားမလဲ၊ စာလေးတစောင်နှင့် လူရိပ်ယောင်လေးမျှ ကိုပင် မဖတ်ရ၊ မမြင်ရ။

မုရွာသို့ ရောက်လေတိုင်း၊ ဝတ်လုံတော်ရမင်း ဦးဘကွန်၏ အိမ်ဆီသို့ မသိမသာ လှည့်စောင်း၍ ကြည့်ရသည်မှာလည်း အကြိမ်ပေါင်း ရေတွက်၍ မရနိုင်တော့။

ယခုတစ်ခေါက် အဘစ် မှာကြား၍ မနုမေတို့ မိသားစုသုံးယောက်လုံး မုရွာမြို့သို့ ရောက်လာခဲ့ရခြင်းဖြစ်ပါ၏။

'အဘစ်'သည် မနုမေ၏ မိခင် ဒေါ်မွေး၏ တစ်ဦးတည်းသော အစ်ကို လူပျိုကြီး... စောင်စက်များဝိုင်ရှင်မို့ မုရွာမြို့ ၏ အချမ်းသာဆုံးသူများစာရင်းတွင် တစ်ယောက်အပါအဝင်...

မနုမေတို့ မိသားစုကို သူနှင့်အတူ လာနေရန် အတန်တန်ခေါ်ရသည်။ ဒေါ်မွေးက အစ်ကိုဖြစ်သူနှင့် နေလိုစိတ် ရှိသော်လည်း မနုမေ၏ ဖခင်က အတူနေသူ မိခင်အိုကြီး၏ သံယောဇဉ်ကြောင့် မုရွာသို့ မပြောင်းလို၊ ကနီမှာပင် ခြံများ လယ်မြေများဖြင့် စီးပွားဖြစ်ထွန်းအောင် ကြဲဆောင်နေခဲ့ရှာသူ...

"အေး... ဒီတစ်ပတ် ငါ့နမများကို မှာရတာကတော့ အကြောင်းရှိလို့ ဒီမှာမယ်မွေး၊ နင့်သမီးလေးကို အိမ်ထောင်ချပေးဖို့ စိတ်ကူးပေါ်လား"

"အို... ကိုရင်ကလဲ"

"ဟဲ့ သီးစိမ့်သီး ပွင့်ခိမ့်ပွင့်ရမယ်၊ ကလေးက သိပ်ရိုးတော့ မတော်

www.burmeseclassic.com

သူနဲ့တွေ့မှာ စိုးရတယ်။ လူကြီးက စီစဉ်တန် စီစဉ်ပေးရမှာပေါ့"

လူပျိုကြီးပါးစပ်က သီးချိန်သီး ဆိုလာသဖြင့် အမေတို့ အဖေတို့က ပြုံးစစနှင့်။

"ကဲ ... ဆိုပါဦး၊ ကိုရင်က ဘယ်သူ့တွေ့ထားလို့လဲ"

"ငါက မတွေ့ပါဘူး ... ယောကျ်ားလေး ဘက်က လာပြီး၊ ကမ်းလှမ်းတာ"

"ဘယ်ကတုံး"

"ဟိုဘက်က ငှါမိတ်ဆွေ ဝတ်လုံတော်ရ ဦးဘကွန့်ရဲ့ တူလေး... ဘီအက်စီအောင်ပြီးပြီ၊ အတွင်းဝန်ကလေးလုပ်နေပြီ၊ တင်အောင်နိုင်တဲ့"

"အာ..."

မနုမေ၏ နှုတ်မှ အသံများပွင့်ကျလာခဲ့သည်။

"ကြည့်စမ်း ...သူ...သူ ... ငါ့ကို တောင်းရမ်းလာတယ်၊ အို... သူရယ်"

ဝမ်းသာခြင်းအဟုန်က နှလုံးသားကို မြောက်ကြွ ပင့်တင်စေခဲ့သည်။

"အဘစ် ... ကိုတင်အောင်နိုင်...လား"

မနေနိုင်တော့ ရင်းနှီးပြီးသား ဘဘစ်ကို အရှက်မဲ့စွာပင် ထမေးမိသည်။

"အေး... အေး... တင်အောင်နိုင် ဆိုထင်ပါရဲ့၊ နေပါဦး ညည်းက သိလို့လား"

"သမီးနဲ့ သူနဲ့ သဘော်ပေါ်မှာဆုံမှုးတယ်"

"အေး ... ဟုတ်ပြီ၊ ဒါကြောင့် သူဘကြီးကို တောင်းခိုင်းတာဖြစ်မှာပဲ၊ ကြည့်စမ်း မယ်မွေး၊ ညည်းသမီး ဝိုင်းကောင်းကျောက်ဖိထားပေမယ့် သူက သိနှင့်နေပါရောလားဟ"

အမေစပ်စုသော မေးခွန်းများကို ဖြေကြားနေရသည်လောက် စိတ်ညစ်ညူးရသည်များရှိမည်ပင်မထင်။

"ဦးဘကွန့်က နမေဟာ ငါရဲ့အမွေရော၊ သူအဖေဘက်က သူ အဘွားရဲ့ အမွေတွေပါ ရစရာရှိတဲ့အပြင်၊ စာစီဦးတည်းသမီးမို့ အမွေတွေစု

ပြီး ရမယ်။ လိမ္မာရေးခြား ရှိတယ်ဆိုတာကို ရှေ့နေပီပီ မြင်တတ်တယ်နဲ့ တူတယ်။ သူတို့ကလည်း ငှါတို့မကို တွေ့ပြီး ပူဆာပါလိမ့်မယ်... ဒါကြောင့် ဦးဘကွန့်က သိပ်ပြီး ဆော်သြနေဖြစ်မှာပဲ"

"ကျုပ်သမီးလေး အတွင်းဝန်ကတော် ဖြစ်ရမှာကိုတော့ ဝမ်းသာလှပါပြီ ကိုရင်ရယ်၊ ဒါပေမဲ့ အဲဒီသူငယ်က သမီးကို အတည်ကြံတာမှ ဟုတ်ပါ့မလား"

"အယ်... လူကြီးတွေ စီစဉ်ကြမယ်ကိစ္စပဲ၊ မယ်မွေးနဲ့ ပူစရာ မရှိကြဖန်ပူပြန်ရော"

"ဩော်... ကိုရင့်နှယ်"

"အေး... ဦးဘကွန့် နမက ချွေးမရွေးရာမှာပညာတတ် မဖြစ်စေရဘူးတဲ့၊ အလိမ္မာအိမ်ပါလေးဖြစ်ပြီး ပစ္စည်းဥစ္စာပြည့်စုံတာကို ရှာနေဆိုပဲ၊ အဲဒီအချက်လက်နဲ့လည်းညီ... သူသားကလည်း ငှါတို့မကို စွဲမက် နှစ်သက်ခဲ့မှုး လေတော့ မရရအောင်လာပြောနေတာပဲ"

"ကိုရင့်သဘောက ဘယ်လိုလဲ"

"ငါကတော့ သဘောတူပြီးသား မယ်မွေး၊ မင်းစိုးရာဇာကတော် ဖြစ်ဖို့ဆိုတာ လွယ်မှတ်လို့၊ ပေးစားဖြစ်ရင် ငါက စိန်တစ်ဆင့်စာတောင် လက်ဖွဲ့လိုက်ဦးမယ်"

"ကဲ... ကိုတိုးမှင် ... ကရော"

"မင်းတို့ကောင်းသလိုသာ စီမံကြပါ"

နောက်ဆုံး ... မနုမေ၏ ဆန္ဒကို တောင်းခံ မေးမြန်းကြသည့် အခါတွင်...

"အဖေတို့သဘောပါ၊ အဲဒီလူဆိုရင်တော့ ကျွန်မလည်းနှစ်သက်စွဲလမ်းပါတယ်"

မနုမေတစ်ယောက် အိပ်မပျော်သည့် ညများက ရှည်ကြာလှပါပြီ၊ ဝမ်းသာခြင်းအဟုန်က နှလုံးအိမ်မှာ အရိုန်ပြင်းစွာ ရိုက်ခတ်နေခြင်းကြောင့် နှလုံးမငြိမ်၍ အိပ်မပျော်နိုင်ခြင်းများလား။

မမေ့ပါ... တစ်နေ့တာ တွေ့ရသော သူ့ကိုတစ်နှစ်ကျော်ထိ ကြာသည့်တိုင် နေ့စဉ်နှင့်အမျှ သတိတရ ရှိနေကြောင်းများကိုလည်း သူ့ကို

www.burmeseclassic.com

ပြန်ပြောပြရပါမည်။ သူ့အမူ သူ့အပြော သူ့အပြုံးလေးများကို ထာဝရ သိမှတ်မြင်ယောင်နေဆဲ ရှိပါသော်လည်း...

မမျော်လင့်ပါ၊ မမျော်လင့်ဝံ့ပါ။

သည်အဖြစ်မျိုးအထိ သစ္စာရှိစွာ ချစ်တတ်လှသော သူ့ကိုကြည် ညိုစိတ်နှင့် ချစ်နေမိသည်။ မြတ်နိုးစိတ်နှင့် ချစ်နေမိသည်ပါ။

မနုမေ၏ ပြုံးရွှင် တက်ကြွနေသော အမူအရာများကြောင့် အမေတို့ အဖေတို့ အားရိုလာကြသည်။

"တို့သမီးလေးစိတ်ချမ်းသာ လက်ချမ်းသာနဲ့ အတွင်းဝန်ကလေး ကတော်ဖြစ်ရတော့မယ်"

ဟူသော မိဘမေတ္တာများစွာဖြင့် အဖေကိုယ်တိုင်အိမ်အပြင် အဆင်ကအစ ဝင်ကူ၍ လုပ်ကိုင်ပေးနေရှာသည်။

"ဦးလှခိုင်နဲ့ ဒေါ်ခင်လေးတင့်တို့ ရောက်လာကြပြီး၊ ရွှေးမလောင်းကို ကြည့်ဖို့၊ စေ့စပ်ဖို့ရောက်လာကြတာ"

သွေးခုန်နှုန်းက ခေါင်းသို့တက်ဆောင့်သည်။ ကိုယ့်ခြေနှင့် ကိုယ် မလှမ်းနိုင်၊ အမေ့ကို ကိုင်တွဲပြီး ထွက်လာခဲ့ရသည်။

"ညြော် ... အရောလေးပဲ သားမြင်ရင်လည်း သဘောကျမှာပါ" ဒေါ်ခင်လေးတင့်၏ ဝေဖန်သံကိုကြားရသည်။ ရှက်လိုက်သည် ဖြစ်ခြင်း ယောကျ်မလောင်းကြီးများကို မော်၍မျှ မကြည့်ဝံ့သော်လည်း စိတ်ထဲ၌မူ...

'ကျွန်မတို့ချင်း မြင်ဖူးပြီးကြပါပြီ၊ ဖွင့်ဟခွင့် မရပေမယ့် နှစ်ယောက်လုံးရဲ့ ရင်ထဲမှာမေတ္တာတွေ ကူးယက်ပြီးကြပါပြီရှင့်၊ ဒါကြောင့် သာ သူက မိသားဖသားဝိဝီ တောင်းရမ်း ခိုင်းတာပေါ့။ အို... သူလိုက်လာ ဖို့ကောင်းပါတယ်'

"သားက အလုပ်ဝင်တာလည်း မကြားလှသေးလို့ မင်္ဂလာဆောင် မှပဲ တစ်ခါတည်း ခွင့်ယူပြီး လာတော့မယ်တဲ့၊ ခုကိစ္စက လူကြီးချင်း စေ့စပ်ဆွေးနွေးရမယ့် ပြဿနာမို့ သား ပါမလာတာကို ခွင့်လွှတ်ကြပါ"

သူဖခင်က တောင်းပန်စကားဆိုသည်။ မနုမေ၏ အဘစ်က လည်း...

"မောင်တင်အောင်နိုင် ပါမလာတာတော့ ဟုတ်ပါပြီ၊ ကလေးတွေ ချင်း ကျေနပ်ကြဖို့လည်း လိုဦးမယ် ထင်ပါရဲ့ မင်းကတော်"

"အာ... ဒါတော့စိတ်ချ ဦးဘစ်၊ တင့်တင့်သားက သူအိမ်ထောင် ဖက် ရွေးတဲ့အခါ မာမီတို့ သဘောကျတာကိုပဲ ယူပါ့မယ်လို့ ကတိပေးပြီး သားပါရှင်၊ ဒီလောက် လှပ နုနယ်တဲ့ သမီးလေးကို တင့်တင့်သားက မငြင်းတဲ့အပြင် ဖူးဖူးတောင် မှုတ်ထားဦးမှာပါရှင့်၊ အဟင်း... ကဲပါ မင်္ဂလာအခမ်းအနားကိစ္စကိုသာ ဆက်လက်ပြီး ပြောကြဆိုကြပါ"

စေ့စပ်ပွဲနေ့က နှစ်ဖက်သော ဂုဏ်သရေရှိမင်းများ အလေးအပျို့ တည့်ကြသည်။ အချိန်ဆွဲမနေလိုကြ၊ ရှေ့လတွင် မင်္ဂလာဆောင်ရန် ရက်ကောင်းရက်သာကိုပါ တစ်ခါတည်း ရွေးကြသည်။ အခါတော်ပေး 'ဆရာမြစ်'ကိုပါ ပြေးခေါ်သွက်ခေါ်၍ မင်္ဂလာလက်ထပ်ရက်ကို တစ်ပါတည်း သတ်မှတ်ကြပါ၏။

အကျေးအမွေး ကိစ္စကို သတို့သမီးဘက်ကခံ၍ အိမ်ရာခမ်းနား ကို စိန်ဘရာသားနှင့် ဘဲဘေဘားမားတို့မှ အထက်တန်းအကျဆုံး ခန်းဝင် ပစ္စည်းများဖြင့် သတို့သားဘက်မှ တင်တောင်းကြမည့် အစီအစဉ်များကို လည်း နှစ်ဖက်ခုံညီစွာ သဘောတူကြပါသည်။

နောက်ဘက်ဝိုင်းကမူ ဘီအက်စီ ဘွဲ့ရ မင်းခိုးရာဇာ၏သား အတွင်းဝန်ကလေးတစ်ယောက်ကို သမီးကညာ ဆက်သရာ၌ ချောရုံ လှရုံနှင့် မပြီးသေး အဘစ်၏ စိန်တစ်ဆင့်စာ၊ အဖေနှင့် အမေ့မိခင် အဘွား တို့၏ ရွှေထုပ်တစ်ထုပ် နှင့် ငွေသားတစ်သောင်းကျပ်တိတိကိုပါ ထည့်၍ ပေးလိုက်ကြရလေမည်တည်း။

စေ့စပ်သည့်ရက်နှင့် မင်္ဂလာရက်မြတ် လက်ထပ်မည့်ရက်တို့က အရက် ၂၀ ကျော်သာ ကွာခြားသည်။ ဤအတွင်း၌ အဖေ၊ အမေနှင့် အဘစ်တို့ကို မနုမေသနားလှပါပြီ။ ကနိန့် မုံရွာ ကူးကြသန်းကြ၊ ပြေးကြ လွှားကြ၊ ဝယ်ကြ ချမ်းကြနှင့် အချိန်ပြည့်အလုပ်ရှုပ်နေကြတော့သည်။

'အမေတို့ကိုလည်း သနားလှပါပြီ၊ ဒီအချိန်တွေလည်း လွန်သွား စေချင်လှပြီ၊ သူနဲ့ပေါင်းရပြီးမှ တန်ခိုးကျော်လုံး ငါဘာတွေ ခံစားခဲ့ရတယ် ဆိုတာ ပြောပြချင်လိုက်တာ၊ သူဘက်ကလည်း ဘယ်လိုများ ငါနဲ့ နီးနိုင် အောင် ကြစည်ကြိုးပမ်းခဲ့ရသလဲဆိုတာတွေကိုလည်း သူ့ကိုပြောခိုင်းရ မယ်။ အချိန်ရယ် မြန်မြန် ကုန်ပါတော့'

× × × ×

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းမ မြခင်က အလန့်တကြား ပြောလာသည်။ ဝို့၍ပင် ရင်ခုန်နှုန်းမြန်လာရပါလား။ အားလုံးအသိက ယခုမှ သတို့သား နှင့် သတို့သမီး မြင်ဖူးကြမည်ဟူ၍။

ထိုနေ့က မနုမေ ဂဝါရောင် နိုင်လွန် အင်္ကျီ လက်ရှည် အထူစား ဝိုးတွန့်လှုပ်ချည်အဝါလေးနှင့် သရဖီပန်းကုံးလေးများ ဝေနေအောင် ပန်ဆင်ထား၏သည်။ မျက်နှာလေးကလည်း အိညက်ဝင်းစင်နေပါ၏။ ထိရက် တို့ရက်စရာမရှိလောက်အောင်ပင် နုနဝါဝါလေး လှလွန်းနေသော မနုမေ။

ခေါင်းရင်းတွင် ကတ္တီပါကော်ဇောများ ခင်းထားသည့် နေရာတွင် သူတို့မိသားစု ဝိုင်းထိုင်နေသည်။ စိန်ရောင်များ တဖျတ်ဖျတ် ရွှေရောင်များ တဝင်းဝင်းနှင့်ပါ။

မနုမေကဖြင့် မော့မကြည့်ရဲသေး၊ ခိုးခိုးသာ တစ်ချက်ဝေ့ကြည့်ရသည်။ သူ့အရိပ် သဏ္ဌာန်လောက်ကိုသာ မြင်လိုက်မိသည်။ အကြည့်ချင်း မဆုံလိုက်ရ။

"ကဲ... သားကြီး၊ မာမီရွေးတဲ့ ချွေးမလေး ဘယ်လောက်လှလဲ၊ မြင်ပြီမဟုတ်လား၊ အဟဲ...ဟဲ..."

"မာမီပြောတာထက် မနုမေက ပိုချောပါတယ်"

ရဲရင့်ပြတ်သားသော ခင်ပွန်းလောင်း၏ စကားသံကြောင့် ရုက်စိတ်ဖြင့် မှုန်သွားမိသည်။ ဒေါ်ခင်လေးတင့်က...

"ရုက်မနေပါနဲ့ သမီးရဲ့၊ ဒီမှာကြည့်ပါဦး၊ မိတ်ဆက်ပေးရအောင်"

မနေသာ၍ ယောကျ်ကြီးကို မော့ကြည့်ရသည်။ အားလုံး၏ အကြည့်များက မနုမေထံတွင် မနုမေ၏ အလှကို နှစ်သိမ့်မှာ ခံစားလိုသော အကြည့်များသာပါ။

"အဲဒါက ဒယ်ဒီရဲ့ အစ်ကိုကြီး တိုင်းမင်းကြီး ဦးမြခိုင်၊ ဒီဘက်က မာမီရဲ့ အစ်မနဲ့ခဲအို အကောက်ခွန်လက်ထောက်မင်းကြီး၊ ဒီဘက်က ဆွေမျိုးလို ခင်နေတဲ့ မိတ်ဆွေတွေ၊ ဟောဒါက သားကြီး။ သမီးရဲ့ ခင်ပွန်းလောင်း တင်အောင်နိုင်၊ ဒီဘက်က သားငယ် တင်အောင်နိုင်"

"ရှင်...ဟင် ...ရှင် ..."

ကော်ဇောပေါ်မှလူများ အားလုံး ယိမ်းသိုးရွဲ့စောင်းကုန်ကြ

"သတို့သားနဲ့ သူ့မိသားစုတွေ ရောက်လာကြပြီ၊ အမယ်လေး သတို့သားက ချောလိုက်တာ၊ ဇာတ်လိုက်မင်းသား မောင်မောင်တာလိုပဲ"

အပျိုဝိုင်းက နှိုင်းယှဉ်ချက်များဖြင့် တင်စားအမွှန်းတင်ကြသော်လည်း ကာလသားဝိုင်းက မနာလိုကြ။ လူကြီးဝိုင်းကမူ ကတ္တီယ ရွှပ် ခနဲ မိန်းမတို့ ကုန်ဖြေ ရွှေပေးလို့ မရ စသော တင်စားချက်မျိုးစုံဖြင့် မနုမေ အနေအထိုင်ကျစ်လျစ်၍ ချောချ ကုန်ဖြေရှိ၍ လင်ကောင်း သားကောင်း ရပေသည်ဟု နှိုးမွှမ်း၍ မဆုံးကြ၊ သမီးရှင်များကလည်း အားကျကြသည်။

မုဆွာရှိ အဘစ်၏ အိမ်တွင် မင်္ဂလာပွဲထိုင်ဖို့ ကတ္တီပါခုံကြီးများ၊ ငွေဖလားကြီးများ ၊ မင်္ဂလာ ဓရုသင်းနှင့် ဘိသိက်ပန်းများမှအစ မနုမေ ဝတ်ဖို့ ထိုင်မသိမ်း ဧလာထဘီကအစ အားလုံးအသင့်ဖြစ်နေပါပြီ။

မဖြစ်၍လည်းမဖြစ် မင်္ဂလာဆောင်က မနက်ဖြန်နံနက်တွင်။

ဖိတ်စာများလည်း ဝေနှင့်ပြီးပြီ။ လူကြီးများ၊ ဂုဏ်သရေရှိသူများ၊ ဆွေမျိုးများ အားလုံးကိုလည်း ဖိတ်ကြားပြီးခဲ့ပြီ။ ရန်ကုန်မှ ရောက်ရှိလာသော ဧည့်သည်တော်များ စားသုံးရန် နေထိုင်ရန်လည်း စီစဉ်ပြင်ဆင်ပြီးကြပြီ။

အချုတ်အချောမရှိ၊ အတိမ်းအစောင်း မပါ။ အားလုံး မင်္ဂလာနှင့်ပြည့်စုံသော မင်္ဂလာလက်ထပ်ပွဲကြီးအတွက် နှစ်ဖက်သော မိဘဆွေမျိုးများ၏ အပြုံးများက ဆူးလေကုန်းတစ်ရပ်လုံးသို့ လွှမ်းခြုံထားမတတ်ပါပင်။

"ဟဲ့...နုမေ၊ ပြင်လို့ပဲ မပြီးသေးဘူးလား၊ ဟိုမှာလာကုန်ကြပြီ"

www.burmeseclassic.com

သည်။ မနုမေ မူးဝေမှုန်ဝါးလာလေပြီ၊ ဤလူတစ်စုသာမက ကမ္ဘာကြီးပါ ချာချာလည်၍ သွားလေပြီဟု မနုမေ ထင်မိသည်။

"သမီး ဘာဖြစ်သွားလဲ၊ သွား ... သွား အထဲသွားနေချီ သမီး လေးက သိပ်ရုက်တတ်လို့ ခွင့်လွှတ်ကြပါရှင်"

အမေက မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွားသော သူ့သမီးကို ကြည့်ပြီး ထိန်းသိမ်းယူသည်။ သူ့သမီး အမှန်ပင် ရုက်ကြောက်လွန်းသဖြင့် မေ့မြော၍ သွားတော့မလား ဟူ၍ အရိုးခံစိတ်ဖြင့် ထင်ရှာသည်။

အခန်းထဲသို့ ဘယ်သူတွဲ၍ ဘယ်လိုရောက်လာမှန်းမသိ၊ အသိဉာဏ်မှ ရှိပါသေးလေစ... အသည်းနှလုံးနှင့်အတူ ဦးနှောက်များပါ ပျက်ကြေ ကြေမွကုန်ပြီလား။

သည်မှ ကြီးမားသော ပြောင်းလဲမှုကြီး လွဲချော်မှုကြီးမျိုး ဤကမ္ဘာမြေတွင် ရှိလေမည်ဟု မနုမေမထင်။

ထိုနေ့ ညဦးပိုင်း အားလုံး အလုပ်ရှုပ်နေခိုက်...

"သတ်သေရင်ကောင်းမလား" ဟူသောအတွေးဉာဏ်များဖြင့် ခြိုထောင့် မှောင်ရိပ်သို့ မနုမေထွက်လာခဲ့မိသည်။

"မနုမေ"

"ဟင်"

"ကျွန်တော်ပါ ... တင်အောင်ခိုင်ပါ"

"ရှင်... ရှင် ... ရှင်ဟာ သူနော်"

ရူးရလေပြီလားမသိ၊ ဘာတွေပြောမိသည်ဟု အသိဉာဏ် မရှိတော့... ကိုယ့်စကားနှင့် ကိုယ့် အဓိပ္ပာယ်တော့ ပြည့်နေသည်။

"မုံရွာက မနုမေဆိုတော့ တခြားတစ်ယောက်ပဲ ထင်နေမိတာ၊ ကျွန်တော်ရဲ့ မနုမေဖြစ်လိမ့်မယ်လို့ မတွေးထင်ခဲ့မိဘူး၊ ကိုကိုဟာ တကယ် ကံကောင်းတဲ့ လူပါပဲဗျာ"

ပြောစရာများက မနုမေ၏ရင်နှင့်ဖြင့် တစ်လုံးအပြည့်ပါမဆန့်အောင်ပါ... စကားလုံး အဖြစ်နှင့်မှ တစ်လုံး တစ်ပါဒမျှ ပွင့်အန်ကျ မလာခဲ့၊ ရင်ထဲ၌သာ တင်းကျပ် လုတိုးနေကြသည်။

မင်္ဂလာဆောင်အကြိုညမို့ လူသူများ ရှုပ်ယှက်ခတ်နေသည်၊

သူတို့နှစ်ဦးအနီးသို့ လူသူများ ရောက်လာပြီမို့ ကိုတင်အောင်ခိုင်က အရင်စတင်၍ လမ်းခွဲသည်။ မတက်ကြွသော ခြေလှမ်းများဖြင့် ထွက်ခွာသွားသည်ကို သက်မဲ့ ခန္ဓာကိုယ်ပုံစံနှင့် အတောင့်သားကြီး မနုမေ ရပ်ကြည့် ကျန်ရစ်တော့သည်။

"ကျွန်တော့်ရဲ့မနုမေ ဖြစ်လိမ့်မယ်လို့"

"ကျွန်တော့်ရဲ့ မနုမေ"

"ကျွန်တော့်ရဲ့ မနုမေ"

ယင်းစကားသံက မနုမေ၏ အကြားအာရုံ၊ အသိအာရုံတွင် ထပ်တလဲလဲ ဝဲလှည့်နေသည်။

အကယ်၍ သူကများ 'ကျွန်တော့်ရဲ့မနုမေပါ'ဟု ကြေငြာပြီးခေါ်ဆောင်သွားနိုင်မည်ဆိုပါလျှင် မြင်းမိုရ်တောင် ဆိုသည်၏ ထိပ်ဖျားကို သွားရမလား ...၊ သမုဒ္ဒရာထက် နက်ရှိုင်းသော ချောက်ကမ်းပါးအောက် အရောက် သွားစေဦးတော့ မနုမေ လိုက်ရဲပါသည်။

မနုမေအနေနှင့်မူ ဘာမှမတတ်နိုင်၊ ဘာမျှ မတတ်နိုင်တော့ပါချေတကား။

သူဘက်ကလည်း...

သည်သို့သာ ရှိချေမည်။

ချစ်သူလည်းမဟုတ် ပြတ်သားခြင်းလည်း မရှိသေးပါဘဲနှင့် တစ်နေ့တာ တွေ့ခဲ့ရမှုသူ မိန်းခလေး တစ်ယောက်ကို သူ့အစ်ကိုလက်က လုယူရမည့် အဖြစ်မျိုး သူတွေးမှ တွေးရဲပါလေစ။

မင်္ဂလာမင်္ဂပ်ဆီမှ 'လောက်စပီကာ' အခါတော်ပေးတာက နက်ရှောင်ယဉ်လွန်စာ... အစချီသော မင်္ဂလာသီချင်းသံက တစ်ရပ်လုံးသို့ လွှမ်းလေပြီ။

မင်္ဂလာအခါရောက်က နာရီပိုင်းမျှသာ လိုပါတော့သည်။ မနက်ပြန် မနက် လက်ထပ်ပွဲကျင်းပပြီးသည်နှင့် မိမိ၏ အသည်းနှလုံးမသာသော ကိုယ်ခန္ဓာနှင့် ဘဝတစ်ခုလုံးကို ကိုတင်အောင်နိုင် မည်သော သူ၏ရင်ခွင်သို့ အပ်နှံ ပေးဆက်ရပါတော့မည်။

"ကိုတင်အောင်နိုင်"

www.burmeseclassic.com

www.burmeseclassic.com

ကိုတင်အောင်နိုင်ဆိုသည်နှင့် ရောထွေးသွားရသည့် အဖြစ်။ ညီအစ်ကို နှစ်ယောက်၏ အမည်များ ဖြစ်နိုင်ပေလိမ့်မည်ဟု စောစော ဝိုင်းဆီက တွေးမိဖို့ ကောင်းသည်။ ဦးလှနိုင်တို့တွင် သားသမီး ဘယ်နှယောက် ရှိပါသလဲ ဟူသော ပဏ္ဍာတစ်ဝိုဒ်ကိုပင် မမေးလိုက်ခဲ့မိသည့် အဖြစ်။

ပြဿနာအစုစုကိုသတ္တုခဲ့ကြည့်လျှင် သရုပ်ခွဲ၍ ကြည့်ပါလျှင် မိမိ၏နံညဲ့မှုများသာ ဖြစ်ချေသတည်း။

ရိုးသားခြင်း၊ ရှက်ကြောက်တတ်ခြင်း၊ မပြတ်သားခြင်း၊ မဝံ့ရဲခြင်း ... စသော ရှေးခေတ် အိမ်တွင်းပုန်း မိန်းကလေးတစ်ယောက်၏ ရင်နှင့် ကြွေကွဲဖွယ် မေတ္တာဇောတ်လမ်းလေးတစ်ပုဒ်ပါတကား။

× × × ×

တခန်း (၅)

အိမ်တွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ဖဝိုင်းကြီးက ဟည်းနေသည့် ဆင်ဝင်၏ အပေါ်ထပ် မျက်နှာစာခန်း၊ ဘုရားစင်ရှေ့တွင် ခပ်တည်တည်နှင့် ဝိုကာဒေါင်းနေကြသော အမျိုးသမီးတစ်စု။

"မစ္စစ်တင်အောင်နိုင်... ဝါသနာပါရင် ဝင်ပါပါ။ ဒီမှာလည်း တစ်အိမ်လိုနေတယ်၊ လေးယောက်တည်းမို့ ဖဲက အနံတိုမြအိမ်မှာပဲ သိပ်စီးနေလို့ ... လာပါ"

"ရှင်..."

"လာပါ ... မောင်တော်မှ ရုံးကပြန်မလာသေးဘဲ ဟိုင်းနေမှာပေါ့ လာပါ"

"ဟင့်အင်း...ကျွန်မ...ကျွန်မ... မကစား၊ တတ်ပါဘူး"

တိုးတိုးတိတ်တိတ် ကိုတ်ရယ်ကြသော်လည်း နိုးနိုးခစ်ခစ် အသံများက ဖဝိုင်းဆီမှ ခုန်ထွက်လာသည်။ ယင်းရယ်သံများသည် မနုမေ၏ ကိုယ်ကို လာရောက် ရစ်ပတ်လျက် ဆုပ်ညှစ်လိုက်သည်သို့ပင် မွန်းကျပ်စွာ ခံစားရသည်။ ဖဝိုင်းကို အမြန်ဆုံး နောက်ခိုင်းလိုက်ရသည်။

"ဝင်ဆန့်ဦးမယ်...ဝင်ဆန့်ဦးမယ်"

"တင့်တင့်က ပွဲလယ်တင့်ဖို့ ရွေးတာမှမဟုတ်ပဲ၊ ချွေးမရဲ့ အထုပ်..."

မကြားလိုပါပြီ၊ ဝေးရာဆီသို့ ပြေးဝင်လာခဲ့ပြီဖို့ အသံများက ပြတ်ကျန်ရစ်သည်။

နောက်ဖေးရှိ ထမင်းစားပွဲ ဘေးမှ ကုလားထိုင်ကြွင် ကိုယ့်ကိုယ်

www.burmeseclassic.com

ကို ထိုင်မမှန်းမသိပါဘဲနှင့် ဝင်၍ထိုင်နေမိသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး မနုမေ၊ ကျွန်တော် အားလုံးကြားသိပြီးပါပြီ။ မာဓီရဲ့ မိတ်ဆွေတွေဟာ ဒီလိုပဲ မြွောက်ရမယ်ဆိုရင် တာဝတိံသာ၊ နှိမ်ရမယ်ဆိုရင် ယောရဝအထိ ဆိုတဲ့ အသိုင်းအဝိုင်းတွေပါ။ ဖဲမရိုက်တတ်တာ ရုက်စရာမဟုတ်ပါဘူး မနုမေရယ်၊ မငိုပါနဲ့ဗျာ"

သူ ကိုတင်အောင်ခိုင်။

သူ အနားမှာရပ်၍ ပြောကြားလာလေမှ မိမိ မျက်ရည်တွေ ကျနေမိပါလား ဆိုသည့်အဖြစ်ကို မနုမေ ပြန်လည် သိမှတ်လာရသည်။ အသိမဲ့သူ တစ်ယောက် သတိပြန်ရလာသလို ကိုတင်အောင်ခိုင်ကို နှိုးကြားစွာကြည့်မိသည်။

"ဒီအိမ်မှာနေရတာ မနုမေ သိပ်စိတ်ညစ်နေသလား ဟင် တစ်နေ့မှ ရွှင်ရွှင်ပျပျမမြင်ရဘူး"

ပြောင်လက်သော ကျွန်းစားပွဲကြီးအတွင်းဝိုင်းဆီမှ လူပ်ရှားနေသော မိမိတို့နှစ်ဦး၏ အရိပ်များကိုသာ စိုက်ငေး ကြည့်နေမိသည်။ သူ့ကို ဘာမှ မပြောကြားဖြစ်။

"မနုမေ"

"ဟင်"

"ကိုကို အပါအဝင် ဒီအိမ်သား အားလုံးတွေထက် စောပြီး ကျွန်တော်နဲ့ မနုမေနဲ့ တွေ့ခဲ့ ဆုံခဲ့ရတာပါ။ ဒါကြောင့် မရီးနဲ့ မတ် ဆိုတဲ့ သူစိမ်းအဖြစ်မျိုး စိတ်မှာမထားစေချင်ဘူး။ ခင်မင်ပြီးသား မိတ်ဆွေ တစ်ယောက်မို့ မနုမေရဲ့ မကျေနပ်ချက်တွေ ခုလို ခံစားနေရတဲ့မျိုးတွေကို ကျွန်တော့်ကိုမျှဝေပေးပါ မနုမေ၊ ကျွန်တော် ကူညီရိုင်းပင်းပြီး ဖြေရှင်းပေးပါရစေလား"

ရင်မှာ လူပ်ခတ်လာသည်။ ခံစားနေရသည်များက ဖိတ်စဉ် ကျတော့မတတ် ပြည့်သိပ်နေခဲ့ပါပြီ။

"ကို... ကိုတင်အောင်ခိုင်"

"ဟုတ်ကဲ့၊ မနုမေ"

"ကျွန်မ ...ကျွန်မလေ"

"ပြောပါ မနုမေရယ်၊ ပြောပါ"

"ကျွန်မရင်ထဲမှာလေ၊ ဆို... ကျွန်မ ဘာဖြစ်နေလဲ၊ ကျွန်မ မသိဘူး"

"ဗျာ..."

"ဟုတ်တယ် ... ကျွန်မမသိဘူး။ တ...တကယ်လို့ သိနိုင်ခဲ့ရင်လည်း ဒီဝေနာတွေ ခံစားမှုတွေကို ကိုကိုနိုင်ကိုပဲ ပြောပြသင့်တယ် ထင်တယ်။ ဒါပေမဲ့ သူ့ကိုလည်း ပြောလို့မဖြစ်ဘူး"

"မနုမေရယ်"

"ကျွန်မတစ်ယောက်တည်း နေပါရစေ၊ တစ်ယောက်တည်း ငိုပါရစေ၊ သွားပါ... ရှင်သွားပါ"

"မနုမေရင် ငြိမ်းချမ်းအောင် ကျွန်တော်တစ်ခုခု ဆောင်ရွက်ပေးရင်လိုက်တာ"

မနုမေက ကိုတင်အောင်ခိုင်ကို မကြည့်ဘဲနှင့် ခေါင်းရမ်းသည်။

"မရဘူး... မဖြစ်ဘူး... ဖယ်ပေးပါ သွားပါ"

"ကောင်းပါပြီ မနုမေရယ်"

ညင်သာ တိုးတိတ်သော ခြေလှမ်းများဖြင့် သူထွက်သွားလေမှ စောစောကထက် မနုမေ ပို၍ မျက်ရည်များ ကျလာသည် ထင်မိပါ၏။

မျက်ရည်များသည် ခံစားမှုကြောင့် ယိုစီးကျလာသည် မှန်သော်လည်း ယင်းခံစားမှု ဝေဒနာများကို သယ်ဆောင်သွားနိုင်ခြင်း မဟုတ်ပါ။

မျက်ရည်သည်သာ ထွက်ပေါက်ဖြစ်ခဲ့ပါလျှင် လူသားကိုင်း၏ ခံစားမှုဝေဒနာလေးများကို မျက်ရည်အဖြစ် သယ်ဆောင် ယူငင်သွားသည် နှင့်ပင် ရင်ရှင်းသွားနိုင်လောက်သည်။

ယခုမူ သည်သို့ မဟုတ်။ ခံစားမှုကြောင့် ငိုရသည်။ ငိုရ၍ ပိုမို ခံစားရသည်နှင့် သံသရာဆိုသည်လို လည်ပတ်လျက် ရှိချေသည်။

သည်အိမ်တွင် တစ်အိမ်လုံး တက်ကြွနေကြသည်။ အလုပ်ကိုယ်စီနှင့် လူပ်ရှားနေကြသည်။ တာဝန်ကိုယ်စီရှိကြသည်။

ဘာတာဝန်မှမရှိသည်က မနုမေ...

တစ်နေ့လုံးအားနေသည်။ ဘာလုပ်ရမှန်းမသိ။ ဘယ်နေရာမှဝင်

www.burmeseclassic.com

www.burmeseclassic.com

အဲမကျ။ ကိုယ့်ရပ်ရွာ ကိုယ့်အိမ်ရာတွင် အလုပ်နှင့် လက်နှင့်မပြတ်ဖြစ်နေလာခဲ့ရသူမို့ ယခုလို တာဝန်မဲ့ဖြင့် မနေတတ်။

မီးဖိုချောင်က အောက်ထပ်မှာ။ မနုမေ ဝင်စရာမလိုဟု ပေါ်လေးတင့်က ထုတ်ပြန် ကြေညာထားသည်။ တစ်အိမ်လုံး သန့်ရှင်းရေး အတွက်လည်း အစေအပါးရှိသည်။ ဈေးဝယ်ခြင်း၊ စိမ်ခန့်ခွဲခြင်းမျာ၊ ကို လည်း ဒေါ်ခင်လေးတင့်ကပင် ဦးစီးကွပ်ကဲသည်။ မနုမေတွင် တာဝန်မရှိ၊ ဘာမှမလို။

မိမိနှင့် ကိုကိုနိုင်၏ သီးသန့်အခန်းကို ရှင်းလင်းရုံသာ၊ ကိုကိုနိုင် အိမ်တွင်ရှိနေသည့်အခါမျိုးတွင် အခစားဝင်နေရသလို ပြုစုရသည်မှလွဲ၍ မနုမေအတွက် ဘာတာဝန်မှမရှိ။

"ဟေး ... မေ ကြည့်စမ်း ကိုကိုနိုင့်ကို ဘာလို့ လာမကြိုတာလဲ"

"ဟင် ... ပြန်တောင်လာပြီလား အချိန်လည်း မကြည့်မိလို့ပါ နုမေကို ခွင့်လွှတ်ပါ"

ရှူးဖိနပ်ကြီး တဒေါက်ဒေါက် စီးနင်းသွားသော ကိုတင်အောင်နိုင်၏ နောက်မှ တကောက်ကောက် လျှောက်လိုက် ဝင်သွားရသည်။ ခုတင်ပေါ်တွင် သူထိုင်လိုက်သည်နှင့် တစ်ပြိုင်တည်းလို မနုမေက ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချလိုက်ရသည်။ ခြေတင် ချိတ်ထားသဖြင့် မျက်နှာနှာမှ ဖိနပ်ကို ညင်သာစွာ ချွတ်ယူရသည်။ ခြေအိတ်ကို ချွတ်ယူသည့်အခါ ချွေးနံ့သားရေနံ့များ ပေါင်းစပ်ပြီး စူးရှရှ အနံ့မျိုးကို အနီးကပ် ရှုရှိုက်ရသော်လည်း မနုမေ ရွံဟန်မပြဝံ့။

"ဘာအလုပ်ရှိတာမှတ်လို့ ကိုယ်ယောကျ်ားကိုတော့ ကိုယ်ပြုစုပေါ့။ ရုံးကပြန်လာရင် ဖိနပ်၊ ခြေအိတ်ကအစ ချွတ်ပေး၊ ရုံးသွားရင် ဝတ်ပေး အဝတ်အစားထုတ်ပေး၊ သား ရေချိုးရင် အခန်းဝက မျက်နှာသုတ်ပဝါနဲ့ စောင့်နေရမယ်နော်... မနက်ဆို သွားပွတ်တံပေါ်မှာ သွားတိုက်ဆေး တင်ပြီးသား ဖြစ်ပါစေ၊ သူရုံးမသွားမချင်း သူလိုတာ အကုန် လုပ်ပေးပေါ့ ... ခဏလေးပဲ။ တစ်နေ့လုံးအိပ်ပါ နားပါလေ"

ယောကျ်မ ပုံစံချထားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့ပါသည်။

"ကိုယ့်ယောကျ်ား အိပ်ရာက နိုးလာတာနဲ့ စိတ်ကြည်လင်အောင် ပြုစုရာကိုင်စရာတွေ အားလုံး လုပ်ထားနှင့်ရမယ်။ ကျိုးကျိုးနှံနှံ ပြုစုပါ။ သိသလေဆက်ဆံပါ၊ ကိုယ့်ယောကျ်ား စည်းမျဉ်းဆွဲသလိုနေပါ"

ဒါက အမေတို့ မှာစကား ...၊ နေပါသည်။ မနုမေ အလုပ်လုပ်ရသည်ကို ဝန်မလေးပါ။ ပြုစုသည်ကိုအောက်ကျသည် မထင်ပါ၊ မပင်ပန်းပါ။ ပင်ပန်းသော်လည်း တာဝန် တစ်ခုကို လုပ်နေရသလိုပါ။ အထက်လူကြီး ခိုင်းသလို ဆောင်ရွက်နေရသည်သို့ပါ။ ရင်မှစေတနာမပါ။

"မေ... ညကျ... ကိုကိုနိုင့် သူငယ်ချင်းတစ်ယောက် ဖောရင်းများမလို့ ... ဖယားဝဲ ပါတီလေး ရှိတယ်... မေလိုက်ခဲ့ပါလား၊ ကပွဲလေးတော့ ပါမယ်။ မေ ... မကတတ်လည်း ကိုကိုတို့ က,တာကို ထိုင်ကြည့်နေပေါ့ပေမဲ့ နည်းနည်းပါးပါးတော့ သောက်ရလိမ့်မယ်။ အရက်မသောက်ရင် ရိုင်းရာကျလိမ့်မယ် မေရဲ့..."

ဖောရင်းတို့ ဖယားဝဲတို့ဆိုသည်ကို နားမလည်သော်လည်း သူ့စေနီး နှင့် ကိုယ့်ဇနီးနှင့် ပါးချိုင်းကပ်၊ ရင်ချင်းအပ်၍ က, သော ပွဲများကို ကိုသည်ကိုဖြင့် မနုမေ စက်ဆုတ်စွာ နားလည်မိပါသည်။

"နုမေ မလိုက်ပါရစေနဲ့ရှင်..."

"ဘာဖြစ်လို့လဲ"

"မလိုက်ချင်လို့ပါ၊ ပြီးတော့ ကိုကိုနိုင်တို့ရဲ့ ထုံးတမ်းစဉ်လာတွေ ကိုမှ နားမလည်တော့ နုမေကြောင့် ကိုကိုနိုင် မျက်နှာငယ်နေရပါ့မယ်"

"အင်း... အင်္ကီလိပ်စပ်ကင်လေး နည်းနည်းပါးပါး မရတာက အဆိုးဆုံးပဲ။ နေခဲ့လေ .. ကိုကိုနိုင်တော့ အပြန် ညဉ့်နက်မယ် ဟုတ်လား"

"ဟုတ်ကဲ့... နုမေ စောင့်နေပါ့မယ်"

ကိုတင်အောင်နိုင် ဘာမှပြန်မပြောတော့။

"မေ အိပ်ဖျက်နေပါ့မယ် အိပ်နှင့်ပါ"

ဆိုသည့် စကားလောက်ဖြင့် ပြောသင့်သည် ထင်မိသည်။ ကိုတင်အောင်နိုင်သည် မထီလေးစားခြင်း၊ ရိုင်းဖျခြင်း စသော ဆက်ဆံမှုများဖြင့် မနုမေပေါ်တွင် ဆက်ဆံခြင်း မရှိသော်လည်း

"နေကောင်းရဲ့လား၊ မျက်နှာလေးညှိုးနေလို့"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုနိုင့်ကို ချစ်ရဲ့လားဟင်"

"မေကို... ကိုကိုနိုင် သိပ်ချစ်တာပဲကွယ်"

စသော မင်္ဂလာဦး၏ ဆွတ်ပျံ့ဖွယ် တေးဂီတသံစဉ်လေးများကို တင်အောင်နိုင်၏ နှုတ်ဖျားမှ တစ်လုံးတစ်ပါဒမျှ ထွက်ကျမလာခဲ့ဖူးပါဟေ့။

ရင်၌ တခြားသောသူ ပေါ်တွင် တိတ်တခိုး တိမ်းညွတ်ခြင်း ရှိခဲ့သည် မှန်သော်လည်း ယခုလို ခင်ပွန်းသည်ထံမှ ယုယကြင်နာခြင်းများ၊ ထုံမွှန်းသည့် မေတ္တာစကားလေးများ ကြားရပါလျှင်...

မေတ္တာ၏ တုံ့ပြန်ဆွဲငင်တတ်သော သဘောအရ၊ မိမိ၏ ခင်ပွန်း သည်ကို ချစ်လာကောင်း ချစ်လာနိုင်မည်ဖြစ်သော်လည်း ယခုမှ...

ဇနီးမောင်နှံအဖြစ်သို့ ရောက်နေရပြီဖြစ်သည့်တိုင် 'ချစ်' ဆိုသည့် စကားကို မကြားဖူးသောအရာ၊ မပြောစကောင်းသော ကိစ္စများထဲ၌ မေ့လျော့ပစ်ပယ်ထားရမည့်အဖြစ်ပါတကား...

× × × ×

အခန်း (၆)

စတ္တာမြို့ငြိမ်အိမ်တွင် ထမင်းဟင်း ချက်၍ မစားဖြစ်သည့် နေ့သာရှိသည်၊ ဖဝိုင်းမဖြစ်သည့်နေ့ဟူ၍ မရှိ။ ဖဝိုင်း၏ ထိပ်မှဘုရားစင်တွင် ပင့်ကူမျှင်များ ယှက်တွယ်နေသည်။ ဘုရားပန်းများက ခြောက်ကပ်၍ ရေမရှိသော ဖန်ညောင်ရေအိုးတွင် ကပ်တွယ်နေသည်ကိုဖြင့် မကြည့်ရက်နိုင်လွန်း၍ မနေမေ ဘုရားပန်း လဲမိသည်။ အိမ်မှကိစ္စ မလုပ်ရဟူသော တားမြစ်ချက်ကို ရိုးဖောက်မိသော်လည်း မည်သူကမျှ ကန့်ကွက် တားမြစ်ခြင်း မရှိပါ။ ဤ အိမ်တွင် ဘယ်သူမှ ဘုရားမရှိနိုးကြ၍ မနေမေမှာ ဘုရားစင်ရှေ့တွင်ထိုင်၍ မရှိခိုးရဲ၊ ကိုကိုနိုင် ပြန်မရောက်လာသေးသော ညဉ့်ဦးယံ ဗွင်သာ ကိုယ့် အိပ်ရာတွင်းမှ ရှိခိုးရသည့်အဖြစ်...

အသွင်မတူလိုက်လေခြင်း၊ ကနိမ့် အမေတို့ အိမ်ထောင်ပွဲ့စည်းပုံ၊ သားသမီးဆုံးမပုံ၊ စီးပွားရေးတည်ဆောက် စုဆောင်းပုံချင်းက ကွာခြားလှပါဘိ။

"ဒီနေ့ဝန်ကြီးရဲ့ ခယ်မ ကက်သလင်းထွန်းရင်လာဖို့ ဖိတ်ထားတယ်၊ ဝိုင်းမှာဝင်ထိုင်ဖို့ ဆွဲကြနော်... တင့်တင့် လှိုင်စင်ကျဖို့ ကိစ္စတစ်ခုအတွက် ကက်သလင်းကို ကပ်ရမှာ၊ ဝန်ကြီးက သူဇနီး ပြောတာထက် ခယ်မ စကားဆို ပိုပြီး အရေးထားတယ်၊ အဟက်...ဟက်... ဟဲ"

ကက်သလင်းဆိုသော အမျိုးသမီးကို စေတနာမပါရှိပါဘဲ နှင့် ပြုစုခဲ့လိုက်ကြသည်မှာ ဝိုင်းဝိုင်းကို လည်နေပေသည်။

ဤကက်သလင်း လာသည့်နေ့ကပင် ပြဿနာက စတင်ခဲ့သည်ဟု ဆိုလျှင်လည်း ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရော့ ရော့... အဲဒါတွေ မြန်မြန်ဝတ်ပြီး ဆင်းလာခဲ့၊ ကက်သလင်၊ ရောက်နေပြီ၊ ကြာကြာမနေနိုင်ဘူးတဲ့၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံနော်..."

ဒေါ်ခင်လေးတင်က မနုမေ၏ စိန်တစ်ဆင့်စာမှ လက်ကောက်နား ကပ်နှင့် လက်စွပ်ကို ထုတ်လာပေးရင်း သေပြေး ရှင်ပြေး ဆင်းပြေးသွား သည်။

မနုမေမှာ သူပါလာသမျှသော စိန်ရွှေထုပ်များကို ယောကျ်မက စိတ်ချရအောင်ဟု ဆိုကာ သူတို့အိမ်ခန်းတွင်းမှ မီးအာမခံသေတ္တာတွင် ထည့်ယူထားသည်။ ယခုမှထုတ်ပေးလာသဖြင့် တုန်ရီသော လက်များဖြင့် ဝတ်ပြီး အပေါ်ထပ်မှ သက်ဆင်းခဲ့ရသည်။ ဖဝိုင်းမှ မင်းကတော်တစ်စုက ကက်သလင်းနား မကပ်ရဲကြ၊ လှေကားဝမှ ချောင်းသူချောင်း၊ မဲသူမျှ လက်ခါသူခါနှင့် အလုပ်ရှုပ်နေကြသည်။

"ဒါ အန်တီတင့် ချွေးမပဲ ကက်သလင်း"

"အား... ဟောင်းဒူးယူဒူး"

ကက်သလင်းက လက်ကမ်းလာသည်။

လက်ဆွဲနှုတ်ဆက်ကြသည်ကို မြင်ဖူးသော်လည်း ရုတ်တရက်ကြီးမို့ လက်ပြန်၍ ပေးပြီးဆွဲကာ နှုတ်ဆက်ရမှ၌ကို မနုမေ မေ့လျော့နေမိသည် သူပြောလိုက်သည့် အင်္ဂလိပ်စကားကို ကြားသော်လည်း နားမလည်မိ၊ ကက်သလင်းက ကြောင်ကြောင်ကြီး ရပ်နေသော မနုမေကို ရှုတ်ချသော အကြည့်ဖြင့်ကြည့်ပြီး ဆိုဖာပေါ်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ထိုင် လိုက်သည်။ မျက်နှာကလည်း တင်းမာခက်ထန်လိုက်ပါဘိ။

"ထိုင်လေ... မနုမေ သူက မြန်မာသိပ်ဆန်လိုပါ ကက်သလင်း"

ဆိုဖာတစ်လုံးတွင် ထိုင်ပြီးနှင့်နေသော ကိုတင်အောင်ခိုင်က ဝင်ပြော လိုက်သည်။

"နေပါစေ... သွား ...အပေါ် ပြန်တက်တော့၊ ဆောရီး ကက်သလင်း ရယ်၊ တကယ် အဲ့တဲ့ တောသူ၊ အန်အက်ချူကိတ်တက်"

ကက်သလင်း၏ နှိမ့်ချသောအကြည့်၊ ဒေါ်ခင်လေးတင့်၏ ဒေါသဖြင့် တွန်းထုတ်နေသော အကြည့်မျှားသည် မနုမေ၏ ကိုယ်ခန္ဓာနှင့် အသည်း

နှလုံးတို့ကို ဖြတ်ဝိုင်းဖြို့ခွဲချလိုက်သည်သို့ပင် ရက်စက်လွန်း နာကျင်စရာ ကောင်းလွန်းသော အဖြစ်များပါတကား...

မနုမေ အပေါ်မတက်ဖြစ်၊ နောက်ဖေးဘက်သို့ ဖွတ်၍ ထွက်ပြေး မိသည်။ ခံစားချက်ပြင်းလွန်း၍ ရုတ်တရက်ပင်မငိုနိုင်၊ ခဏကြာမှသာ လူသူရှင်းလင်းနေသော နောက်ဖေးချောင် စတိုခန်း၏ထိပ်တွင် လှိုက်လှဲ နာကြည်းစွာ ငိုကြွေးနေမိသည်။ ရယ်မောသံ နှုတ်ဆက်သံ ကားထွက် သွားသံများကို ကြားရပြီးသည့်နောက်တွင်...

"မနုမေ"

သူ့အသံပါလား...

"တကယ်မလိုလားအပ်တဲ့ အဖြစ်ပါပဲ၊ ဝမ်းမနည်းပါနဲ့ဗျာ၊ မာမီဟာ သူ့အတွက် အခွင့်ရေးရမယ့် ကိစ္စဆိုရင် ဘာကိုမှမမှုကြည့်ဘူး၊ ဘယ်သူ့ကိုမှ မငဲ့ဘူး"

မနုမေ ငိုရှိုက်နေဆဲဖြစ်သော်လည်း သူဘက်မှ သူ့အတွက် ရပ်ပေး နေကြသောသူ... မနုမေ ချစ်သူက ပြေလည်နှစ်သိမ့်သော စကားများ ပြောကြားခြင်းခံနေရပြီမို့ ရင်မှာ အင်အားသစ်များ မွေးဖွားလာသည် သို့ပါပင်...

"ဒီကက်သလင်းဆိုတာ အလကားပါ၊ ဝန်ကြီးကတော်ရဲ့ ညီမ ဝမ်းကွဲ ပါ၊ တစ်ခုလပ် ပညာလည်းမတတ်ပါဘူး။ နည်းနည်းပါးပါး အင်္ဂလိပ် စကားပြောတတ်လို့ ပါတီတက် သံရုံးတွေသွားနဲ့ အလကား၊ အထင်ကြီး စရာ မိန်းမမျိုးမဟုတ်ဘူး၊ မာမီကတော့ ခိုင်းစရာရှိလို့ ကပ်နေတာ၊ ခုလည်း သူနဲ့ပါသွားပြီး ဒီအတွက် မနုမေ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ... မာမီ ကိုယ်စား ကျန်တော် တောင်းပန်ပါတယ်။ ကျန်တော့်အစ်ကိုလာရင်လည်း ကျန်တော်ပြောပြပါဦးမယ်"

"ဘာကိုပြောမှာလဲ... ဟင်"

"ဩော်... ဒီအဖြစ်အပျက်ကိုပေါ့၊ သူကပါ မနုမေကိုဝိုင်းပြီး နှစ်သိမ့် စေချင်လို့ပါ"

မနုမေ ခေါင်းမော့လာသည်။ မျက်ရည်များကြားမှ ရဲရဲတောင်းတင်း ကြည့်လိုက်ပြီးမှ ကိုတင်အောင်ခိုင်ကို...

www.burmeseclassic.com

"ဒီလိုပြောပြလို့များ မနုမေဘက်က သူ နာဖို့ဝေးလို့ အပြစ်တောင် အတင်ခံရဦးမှာပါရှင်၊ သူဟာ နုမေရဲ့ အပြစ်ကိုပဲ တနေ့တစ်မျိုးဖော်ပြပြီး နှိမ့်ချနေတဲ့ သူပါ"

"အို ... ကိုကိုဟာ မနုမေကို"

"တော်ပါတော့ ကိုတင်အောင်နိုင်ရယ် ... တော်ပါတော့ရှင်၊ ကျွန်မ တစ်ယောက်တည်း နေပါရစေ"

သူ မနာခံ၊ မနုမေ၏ဘေးမှ ကုလားထိုင်တွင်ဝင်၍ ထိုင်သည်။

"မနုမေ"

မနုမေက မထူး၊ သူကလည်း ရုတ်တရက် ဘာမှ ဆက်၍ မပြောလာသေး။ ငေးငိုင်၍ရှိနေရာမှ...

"ကျွန်တော်ဟာ အားလပ်နေသူမို့ မနုမေရဲ့အဖြစ်ကို အမြဲလို မြင်နေရပါတယ်။ လူကိုမြင်နေရတာထက် မနုမေရဲ့ ရင်ထဲက ဝေဒနာတွေကို မြင်နေရတာ ပိုပြီး ရင်နာရပါတယ်။ မနုမေရယ်"

ကိုယ့်ရင်မှ ဝေဒနာများ သူ့ပေါ်တွင် ကူးစက် ပြန့်ပွားသွားရပြီ ဆိုသောကြောင့် အကြင်နာကြည်လေးများဖြင့်ပင် သူ့ကို ကြည့်မိလေသလားမသိ၊ မမှတ်မိတော့။

"ဒီအိမ်မှာနေရတဲ့ မနုမေဟာ လုံးဝ မမျော်ပိုက်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်တို့ မိသားစုနဲ့ အသွင်မတူဘူးဆိုတာကိုလည်း မြင်နေရပါတယ်၊ ဒါထက်ဆိုးတာက ခင်ပွန်းသည်ဆီက မေတ္တာမရတဲ့ အဖြစ်ကြောင့် မနုမေ ဘယ်လိုခံစားနေရတယ် ဆိုတာကို ကျွန်တော် နားလည်ပါတယ် မနုမေရယ်"

"ကျွန်တော် နားလည်ပါတယ်" ဆိုသော ကိုတင်အောင်နိုင်၏ နားမလည်မှုကြောင့် မနုမေ ကြေကွဲစွာဖြင့်ပင် ရင်ထဲမှ ပြုံးလိုက်မိသည်။ လှောင်သရော်လိုက်မိသည်။

"မနုမေရဲ့ ရင်ထဲက ဝေဒနာတွေကို မြင်နေရပါတယ် ဆိုတဲ့ ကိုတင်အောင်နိုင်ရယ် ... ဝေဒနာဖွဲ့ လွဲမှားနေပါပြီကော ရှင်ရယ်"

"ကျွန်တော့်ကို ဘာများပြောချင်လဲဟင် ...မနုမေရဲ့ ရင်ထဲမှာ တစ်ခုခု ပြောနေလေသလား၊ ဒါမှမဟုတ် ပြောစရာတွေပြည့်သိပ်နေလေသလား

များ။ ကျွန်တော်သိပါရစေ ကျွန်တော်ကူညီပါရစေ... ကျွန်တော် ဘာများ လုပ်ပေးနိုင်ပါသလဲ ခင်ဗျာ"

ကိုတင်အောင်နိုင်၏ အနားတွင် ဆက်လက်၍ နေနိုင်စွမ်းမရှိတော့ ဝေဒနာတက်လာလျှင် ခက်ရပါတော့မည်။

ကိုတင်အောင်နိုင်၏ ဘက်ကမူ သူ့ရင်ခွင်သာ 'ကျွန်တော့်ရဲ့ မနုမေ' အဖြစ်နှင့် ခံစားနေရသည်။ မနုမေဘက်က သူ့အတွက် ခံစားမှု ဗလာဖြင့် ခင်ပွန်းသည်နှင့် မိမိဘဝ အတွက်သာ ရင်ဝေနာ ရှိနေလေမည်ဟု မှတ်ယူထားမည်သူ...

အခန်းထဲတွင် တစ်ယောက်တည်း အားပါးတရ ငိုချလိုက်မိသည်။ ဘယ်သူ့ကိုလက်ညှိုးညွှန်၍ အပြစ်တင်ရမည်မှန်းမသိ။ ကံကြမ္မာသည်သာ မနုမေ၏ ဘဝကို စေစားနေသူအဖြစ်နှင့် ရိုးမယ်ဖွဲ့ကာ ကဲ့ရဲ့ အပြစ်တင်စရာသာ ရှိပါတော့သည်။

ကိုတင်အောင်နိုင်သည် မြန်မာပြည်မှ ဘီအက်စ်စီ ဘွဲ့ရပြီး အင်္ဂလန်နိုင်ငံတွင် မဟာသိပ္ပံဘွဲ့ ရယူနိုင်ရန်အတွက် ကြိုးစားအားထုတ်နေဆဲ အချိန်ကာလဖြစ်၍ သူ အားလပ်နေသည်။

အလွယ်တကူရရှိနိုင်သော အလုပ်ဆယ်မျိုး မကသည်များကို သူ့ထက် ဒေါ်ခင်လေးတင့်က ဂုဏ်ယူဝင့်ကြွားစွာ ငြင်းပယ်နေတော့သည်။

"ကျေးဇူးတင်ပါတယ်၊ ဦးတင်ဦးတို့ ကုမ္ပဏီမှာ မန်နေဂျာ ခန့်ပါရစေ ဆိုတာ ... ဘဏ်နဲ့ အတွင်းဝန်ရုံး၊ သိပ္ပံဌာနတွေကလည်း သား အလုပ်ဝင်မယ်ဆိုရင် မငြင်းကြပါဘူး၊ ဒါပေမဲ့ တင့်တင့်ရဲ့ သားကို မာစတာ ဒီဂရီယူဖို့ အင်္ဂလန်ကို ပို့ဖို့ စီစဉ်ပြီးသား ဖြစ်နေလို့ပါ"

ဤစကားများကြောင့် မကြာမီမှာပင် ကိုတင်အောင်နိုင်တစ်ယောက် ဤအိမ်ကြီးမှ ထွက်ခွာသွားရတော့ပါလား... ဟူသော အသိဖြင့်...

"သူတစ်ယောက်ပဲ ဒီအိမ်မှာ ငါ့ကိုဂရုတစိုက် ဖေးဖေးမမ ရှိနေရှာတာ၊ သူ သွားမယ်ဆိုတော့"

"အို ... သွားပစေ၊ ... သွားပစေ ... သူရှိနေလေ ... ငါခံစားရလေပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အနီးဆုံးနေပြီး အဝေးဆုံး ဖြစ်နေရတဲ့အဖြစ်က ကြေကွဲစရာကောင်းလှပါတယ်၊ သူအမြန်ဆုံး ခွဲခွာသွားခြင်း

www.burmeseclassic.com

ဖြစ်ပါစေတော့"

သည်သို့နှင့်ပင်...

ရွှင်ပျ ကြည်နူးသော အပြုံး၊ လန်းဆန်း ကြည်လင်သော မျက်နှာထားလေးများကို မနေမေ၏ မျက်နှာပြင်တွင် ဘယ်သောအခါမှ မမြင်ရပါဘဲနှင့် ခတ္တာမြို့ပြင်တွင် မနေမေ တစ်ယောက် ရောက်နေရသည်မှာ ခြောက်လကျော်မျှ ကြာမြင့်ခဲ့ရပါပြီတည်း။

× × × ×

အခန်း (၇)

ခတ္တာမြို့ပြင်တွင် ပင်မ မိသားစုက လေးယောက်တည်းသာ ရှိသည်။ ဤအိမ်တွင် သူတို့ညီအစ်ကိုနှင့် မိခင်ဒေါ်ခင်လေးတင့် ဖခင် ဦးလှခိုင်တို့သာ ရှိကြသည်။ မိုးနိုသူက သူတို့မိသားစုထက် နှစ်ဆမျှ ရှိသည်။ ဦးလှခိုင်၏ အစ်မကြီးတစ်ယောက် ဒေါ်ခင်လေးတင့်၏ ညီမဝမ်းကွဲ တူမများ ကျောင်းထားပေးရသော တူလေးများနှင့် တအိမ်လုံး တရုန်းရုန်း တဝုန်းဝုန်းဖြင့် ထမင်းချက် ဒေါ်စိန်ခက်မှာ မီးဖိုချောင်မှ မထွက်ရဘဲ နေ့မီးနှင့်ညမီး ဆက်၍ နေရကြာသည်။

ဤနှစ်များအတွင်း၌ ဒေါ်ခင်လေးတင့်၏ ဩဇာအာဏာသည် လွှမ်းလွှမ်းတောက်ခဲ့ရပါ၏။ ခင်ပွန်းသည်နှင့် သားအငယ်က အေးဆေး တည်ငြိမ်သော်လည်း သားကြီးနှင့် ဒေါ်ခင်လေးတင့်က မဝင်ဖူးသည့်ပွဲမရှိ၊ မသိဖူးသော အရာရှိကြီးများ၊ အတွင်းဝန်များ ဝန်ကြီးများဟူ၍ မရှိသလောက် ရှားသည်။ ခင်ပွန်းသည်၏ အရှိန်အဝါကိုယူ၍ ရလိုက်သည့် အခွင့်အရေး ... ငွေကြေးသာမက ပစ္စည်းများစွာတို့သည် လက်ဆောင်ပဏ္ဏာအဖြစ်နှင့် ကားကြီး ကားငယ်များစွာနှင့် ရောက်ရောက်လာတတ်လေသည်သာ။ ရှေ့ဝိုင်းမှ ဝင်သလောက် နောက်ဝိုင်းတွင် အိမ်ရှင်မ၏ ကွပ်ကဲစီမံမှု မရှိ၍ ရေများ စီးဆင်းနေသည်သို့ပင် အကုန်အကျက တားမရအောင် များလှသည်။

ဤသည်များကို မနေမေ မြင်နေရ၍ အမေတို့ စည်းကမ်းနှင့် ကွာခြားလှလေခြင်း ဟူ၍ ဘာမှ ပြောဝံ့ ဆိုဝံ့ စီမံဝံ့သူမဟုတ်၍ အနေသာချည်းပါ။ စိတ်ကလည်းမပါ။ ကူညီပေးရန် စေတနာလည်းမရှိ၍ တစ်နေ့ တစ်နေ့လုံး

www.burmeseclassic.com

မိမိဝိုင် အိပ်ခန်းတွင်း၌သာ ကုန်ခဲလှသော အချိန်များကို ထိုင်၍ ဖြုန်းခဲ့ရရှာပေသည်။

ဤရှည်လျားလှသော နေ့များ ညများ၏ တစ်ခုသော ညဦးပိုင်းတွင်မှ ကိုတင်အောင်နိုင်တစ်ယောက် ပြန်ရောက်လာတော့သည်။ သူ့ကိုယ်က ရေမွှေးနံ့၊ စီးကရက်နံ့နှင့် အရက်နံ့များ စုပြုံရောထွေးနေပါ၏။ မနုမေ ပျို့အန်ချင်လာသည်။

သို့သော်လည်း မနေသာပါ။

ပြုစုနေကျအတိုင်း ဖိနပ်ကအစ ချွတ်ပေးပြီး အင်္ကျီများလဲလှယ်၍ သူနိုင်းသည့်အတိုင်း မျက်နှာသုတ်ပဝါကို ရေတွင်နှစ် ညှစ်ချပြီး မျက်နှာနှင့် လည်ကုပ်တစ်ဝိုက်ကို ပွတ်တိုက်ပေးရင်း...

"ဒီနေ့ ကိုကိုနိုင် စောစောပြန်လာမယ်ဆိုလို့ ..."

"ဘာလုပ်မလို့လဲ၊ မအား မအားပဲ"

"နုမေ ပြောထားတာကို ဘာမှ မစဉ်းစားပေးသေးဘူးနော် ကိုကိုနိုင်"

"ဘာကိုလဲ"

မနက်ပိုင်းဆီက အသေအချာ အလေးအနက်ထား၍ ပြောကြားခဲ့ပါလျက်နှင့် မေ့လျော့ရက်သောကိုကိုနိုင်ကို နာကြည်းစွာ ကြည့်လိုက်မိသည်။

"ပြောလေ... ဘာလဲလို့"

"နုမေ အမေတို့ဆီ ခဏာပြန်ပါရစေဆိုတဲ့ ကိစ္စလေ၊ ခွင့်ပြုမယ်ဆိုရင် လေယာဉ်လက်မှတ်ဖြစ်ဖြစ် ဝယ်ပြီး တင်ပေးပါလို့ မနက်က နုမေ ပြောလိုက်ပါတယ် ကိုကိုနိုင်"

"ဒီမှာ ဒီလောက် စတိုင်ကျကျ နေရတာများ တောကို ပြန်ချင်ရသေးလား၊ ဘာကိစ္စလဲ"

"ဪ... ကိုယ့်မိဘဆီ ကိစ္စရှိမှ ပြန်ရတော့မှာလား ရှင်"

အသံက အေးအေးနဲ့.နဲ့.လေး ဖြစ်ပါလျက်နှင့် ကိုတင်အောင်နိုင်၏ ဒေါသတရားကို နှိုးဆွသလို ဖြစ်ရသည်။ ပြဿနာက ထိုညက စခဲ့ရပါပြီတည်း။ မနုမေ၏ ဘဝ တစ်ဖြစ်လဲရသည်မှာလည်း ထိုညက စ၍ပါ။

ကိုတင်အောင်နိုင်က ဆိုက်စပ်သည်ဟူ၍ အကြောင်းပြုပြီး ဧည့်ခန်း

သွားရှိထိုင်နေသည်။ တဝီဝီမြည်နေသော ပန်ကာ၏ အောက်တွင် ကမ္ဘာမြေနှိန်းနေသည်။ မနုမေ မေးမြန်းထားသည့် ပြဿနာကို တိကျသော ဖြေကြားမှုများ မပေးသေးပါ၍...

"ကိုကိုနိုင်"

"ကိုကိုနိုင်"

အိပ်ပျော်နေသလားဟု ထင်၍ တီးတိုးလေး မရဲတရဲ ခေါ်မိသည်။ ချစ်ခြင်းကလည်း ညဉ့်ဆယ့်နှစ်နာရီကျော်ပေပြီ။ အပေါ်ထပ်ရှိ အိပ်ခန်းသီးသီးတွင်လည်း အိပ်ရာဝင်နေကြပါပြီ။ အိမ်ရှေ့ဘက်တွင် ဦးလှခိုင်နှင့် ခေါ်ခင်လေးတင့်တို့က တစ်ခန်း၊ လက်ယာဘက်တွင် မနုမေတို့ အခန်းနှင့် လက်ဝဲဘက်တွင် ကိုတင်အောင်နိုင်၏ သီးသန့်ခန်း ရှိပေသည်။ တိုက်ကြီးက ကြီးမား ကျယ်ဝန်း၍ အပေါ်ထပ်တွင် ရှိကြသော်လည်း သီးခြားစီ ကွာဝေးကြပါ၏။ သို့ပါသော်လည်း လူကြီးတွေများ နိုးလေမလားဟူ၍ မနုမေ အသံနိမ့်၍ မေးရသည်။

"ဟင်... ဘာပြောမလို့လဲ"

"နုမေ မေးထားတာ ဖြေပါဦး"

"ဘာကိုလဲ"

"ဩော်... နုမေ ရွာကို ခဏာပြန်ပါရစေဆိုတဲ့..."

"ဟာ ... အလကားအကြောင်းမရှိ အကြောင်းရှာလို့၊ ကိုယ်လည်း လိုက်မပို့အားသေးဘူး"

"ကိုကိုနိုင် မအားတာ နုမေသိပါတယ်၊ လိုက်လည်း မပို့ပါနဲ့၊ လေယာဉ်နဲ့ဖြစ်ဖြစ် ရထားနဲ့ဖြစ်ဖြစ် သွားပါ့မယ်၊ မန္တလေးက လာကြိုနိုင်းလည်း ဖြစ်ပါတယ် ကိုကိုနိုင်"

"ရှပ်တယ်ကွာ ... အဲဒီ ပြဿနာလောက်ကို မာမိနဲ့ ရှင်းစမ်းပါ"

"ဩော်... ကိုကိုနိုင်ရယ်၊ ကိုကိုနိုင်ဟာ နုမေအတွက် တာဝန်အရှိဆုံးလူပါ"

"တာဝန်ရှိတယ်ဆိုရင်လည်း ငါ ဆုံးဖြတ်တာကို မင်းနာခံ၊ မဖြန်နဲ့ သွားအိပ်ချိတ်ကွာ။ ဒီမှာ ခေါင်းရှုပ်ရတဲ့အထဲ"

ကိုတင်အောင်နိုင်က ဆိုဖာပေါ်မှ ပိုမို၍ ကိုယ်ကို လျှောချလိုက်

www.burmeseclassic.com

ပြီး မျက်စိစုံမှိတ်ထားလိုက်သည်။

တစ်ကြိမ်တစ်ခါမျှ မချစ်မြတ်နိုးခဲ့သည်မှန်သော်လည်း ကိုကိုနိုင်ကို မနေမေ မမုန်းခဲ့မိ၊ ယခုတစ်ကြိမ် သူအပြောနှင့် သူပုံစံကြောင့် မနေမေတွင် အင်အားနှင့်သတ္တိများသာရှိပါလျှင် ယခုပင် အမှုန့်ချေ၍ သတ်ပစ်မိပေလိမ့်မည်။

"ကိုကိုနိုင်"

အသံက မပျော့ပျောင်းတော့၊ သူလက်မောင်းကို လှုပ်ခါရင်း ခပ်မာမာခေါ်မိသည်။

"အဲမယ်... ဘာလဲ"

"ဒီလိုပဲ သူများသားသမီးကို တစ်သက်လုံး မတရားလုပ်ထား တော့မှာလား၊ ကိုယ့်မိဘဆီတောင် ကိုယ် ပြန်ခွင့်မရှိရတော့ဘူးလား။ ကိုကိုနိုင်ရဲ့...ဟင်"

"ဟာကွာ... သွားဆို သွားစမ်း၊ ငါလုပ်မိလိမ့်မယ်"

မနေမေ၏အသံက တုန်ရီနေသော်လည်း တိုးတိတ်ပါသည်။ ယင်းအသံ၏ နောက်ဝယ် ကိုတင်အောင်နိုင်က ဆိုဖာပေါ်မှ ဝုန်းခနဲ နေအောင် မတ်တတ်ထရပ်သည်။ ဒေါသသံကြီးနှင့်အတူ လက်ဖဲ့နှင့် ဖြတ်ရိုက်ရန် လက်ကို လွှဲယူပြီးမှ ရပ်တန့်သွားပါ၍...

"ရိုက်ပါရှင့်... သေအောင်သာသတ်ပစ်လိုက်ကြစမ်းပါ"

"ကဲ ...ကွာ"

"အား..."

စကားသံများ၊ အော်ဟစ်သံများ၊ လဲပြိုသံများက တစ်ပြိုင်တည်း လို ပေါ်လာသည်။ ဒေါ်ခင်လေးတင့်တို့သည်လည်းကောင်း၊ ကိုတင်အောင်နိုင်သည်လည်းကောင်း၊ အပေါ်ထပ်၏နောက်ဘက်ရှိ အိမ်သားများသည်လည်းကောင်း အပြေးအလွှား ရောက်လာခဲ့ကြသည်။

မနေမေမှာ ကိုတင်အောင်နိုင်၏ ရိုက်ချက်ကြောင့် နောက်သို့ လှန်လဲကျရာ၌ စားပွဲခုံငယ်လေးတစ်ခုပေါ်သို့ ကျပြီး စားပွဲရော လူ ကိုယ်ပါ ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းစွာ ရိုက်ခတ်မိခြင်း ဖြစ်ပေသည်။

"အမလေး... လေး ... ဘာဖြစ်ကြတာလဲ"

ဒေါ်ခင်လေးတင့်က ပြေးထွက်လာသည်။

"တင့်တင့် ... ထူလိုက်စမ်းပါဦး"

ဦးလှိုင်က ချွေးမကို မထိရဲ၍ ဇနီးသည်ကို အလန့်တကြား ပြောရင်း လက်ညှိုးညွှန်ပြသည်။

"သား ...သားကြီး ဘာဖြစ်တာလဲ"

"အလကား မာမီရယ်... သက်သက်လာပြီး ဂျီကျနေတယ်၊ မာမီချွေးတဲ့ချွေးမကတော့ စံပါပဲ၊ တောပြန်ချင်လို့တဲ့"

ဒေါ်ခင်လေးတင့်က လဲကျနေသောချွေးမကို အမှုမထား၊ သားကြီးထံမှ အဖြေကို တောင်းခံသည်။ ကိုတင်အောင်နိုင်က လဲကျနေသော မနေမေကို ကျောခိုင်းလိုက်သည်။

"ဟဲ့... ထူလိုက်ကြပါဦး"

ရုတ်တရက်မထနိုင်သေးသော မနေမေကို ကြင်နာစွာကြည့်ပြီး ဦးလှိုင်က ဝင်ပြောသည်။

"ကဲ... ကိုနိုင်၊ လူကြီးတန်မဲ့ ကလေးတွေကြားထဲ ဝင်မပါပါနဲ့၊ သွားမှာသွားစမ်းပါ"

ဇနီးသည်၏ သြဇာကို မလွန်ဆန်နိုင်သော လူအုပ်ကြီး ဦးလှိုင်မှာ ကုပ်ကုပ်ကလေး အခန်းတွင်းသို့ ဝင်သွားရသည်။

"ဟုတ်သားပဲ၊ ညီးကလည်း ကိုယ့်ယောကျ်ားမောသလား၊ ပန်းလာသလား နားမလည်ဘူး။ တောကို ဘာကိစ္စ ပြန်ချင်ရတာလဲ၊ မိုက်လည်း စည်းစိမ်အပြည့်နဲ့ ထားလျက်သားနဲ့"

လရာမှ ဖြည်းဖြည်းချင်း ထပြီး ကြမ်းပြင်တွင် ကျိုးကျိုးလေး ထိုင်နေသောမနေမေကို မဲ့မဲ့ရဲရဲ ကြည့်ရင်း ဒေါ်ခင်လေးတင့်က ခါးထောက်ပြီး အပေါ်စီးမှပြောကြားသည်။

ကိုတင်အောင်နိုင်က လဲကျနေဆဲ ခုံငယ်လေးကို ခြေဖြင့်ကန်ပစ်လိုက်ပြီး အိပ်ခန်းထဲသို့ဝင်သွားတော့သည်။ ကိုတင်အောင်နိုင် လျှောက်သွားသည်နှင့် နောက်ဖေးဆီမှ ဆွေတစ်ဇ မျိုးတစ်ဇ ကပ်ရပ်နေသူများမှာ အားလုံးဝင်ပြေးကုန်ကြတော့သည်။

ခြေရင်းဘက်အိပ်ခန်းဝတွင် ...သူ...

www.burmeseclassic.com

www.burmeseclassic.com

အခန်းနံရံကို ကျောပြင့်မှီကပ်ပြီး လက်ပိုက်လျက် မှောင်ရိပ်ကွယ်မှ မနမေ၏အဖြစ်ကို ငေးကြည့်နေရသည်။

"ညည်း တောမှာ နေရထိုင်ရတာနဲ့ ဒီမှာနဲ့များလည်း စာကြည့်စပါဦး၊ တကယ်ဖိမ်နဲ့ထားတာပဲ၊ ဒါများမှနာအံ့ထင်သေးလား၊ အေး... တစ်ခုတော့ရှိတယ်၊ ညည်းမှာ အဖော်ရယ်၊ အပေါင်းရယ်မရှိတော့ ဟုင်းဟုင်းပျင်းမယ်၊ ဒါဟာလည်း ကိုယ့်ရဲ့ ပျော့ညံ့အားနည်းချက်ပဲ ဆိုတာတော့ နားလည်ရမှာပေါ့။ တို့နဲ့ အထဲက်တန်းလာတွေထဲကို ဆွဲသွင်းလို့မှမရပဲ၊ ကဲ... ခုကိစ္စကိုတော့ ကျေအေးလိုက်ပါလို့ ပြောပါရစေ။ နာတာကျင်တာ ရှိရင်လည်း မနက်ဖြန်တော့ ဆရာဝန်ခေါ်ပြပေးမယ်၊ ခုတော့... သွားအိပ်တော့"

မနမေမှာ ခြေလေးကျွံ့ထိုင်ရင်း ကြမ်းပြင်တွင် လက်နှစ်ဖက် ထောက်ထားမိသည်ကို မရုပ်မိသေးပါဘဲနှင့် အပေါ်စီးမှ ဒေါ်ခင်လေး တင့်ကို မော့ကြည့်နေမိသည်။

"ကဲ... သွားအိပ်တော့လေ၊ ယောကျ်ားဆိုတာ ရှူးရှူး ရှားရှား ဖြစ်တတ်တာပဲ၊ ငြိုးလည်း ငြိုးတာပဲ၊ အိပ်တော့လေ... ဟုတ်လား"

"နံ...နမေ မအိပ်ချင်သေးလို့ပါရှင်"

"ဒါဖြင့်လည်း ဆိုဖာပေါ်တက်ထိုင်လေ၊ အိပ်ချင်တော့ ဝင်အိပ်ပေါ့။ ...ဟုတ်လား၊ မနက်ဖြန်ကျတော့ လိုတာလုပ်ပေးမယ်"

မနမေ ခေါင်းညိတ်ပြမိသည်။ ဒေါ်ခင်လေးတင့် သူ့အိပ်ခန်းသို့ ပြန်သွားခဲ့လေပြီ။ မနမေမှာ ခြေနှင့်လက်ကို ရုပ်ပြီး ကြမ်းပြင်ပေါ်၌ပင် ထိုင်နေမိသည်။ ဦးပေါ်တွင် မေးတင်၍ သွန်ကျလာသော မျက်ရည်များ ကြားမှ အသာလေး စောင်းငဲ့ ကြည့်မိသည်။

'သူ ရပ်နေဆဲပါလား'

မနမေ သူ့ကို ကျောခိုင်းပြီး ရှေ့သို့ တိုးရွေ့လိုက်သည်။ ဆိုဖာပေါ်တက်မထိုင်ဖြစ်၊ ထိုင်ချင်စိတ်လည်းမရှိ၊ ရွေ့လျားနိုင်သောအင်အားများလည်း ကုန်ခန်းပြီထင်ပါ၏။ မနမေမှာ ဆိုဖာလက်တန်းပေါ်သို့ လက်တင်၍ မျက်နှာမှောက်ချပြီး ကိုတ်၍ ရှိုက်ငိုနေရသည်။

ကိုနိုင် ဖြတ်ရိုက်ချလိုက်သည့် မျက်နှာဆိမှ ဒဏ်ရာထက် အသည်း

နှလုံးများ၏ အလယ်ဗဟိုဆီမှ ပိုမိုချဲ့လိုက်လဲစွာ နာကျင်လာမိပါသည်။ ဒီဘဝများသည်ပင်လျှင် မိမိကို ရိုက်၍ မဆုံးမခဲ့ဖူး။ အမေတို့ မြင်စမ်း စေချင်ပါဘိ၊ ရင်ကွဲ၍ လဲသေကြပါလိမ့်မည်။ တစ်ဦးတည်းသမီးလေး ကောင်းစားစေချင်စိတ်ဖြင့် စိန်ရွှေအပြည့်နှင့် ငရဲတံခါးကို ပို့ခဲ့ကြသော အမေတို့ရယ်။

မနမေ၏ကိုယ်လေး ဆတ်ခနဲ တုန်သွားမိသည်။

နူးညံ့သိမ်မွေသော ထိတွေ့မှုတစ်ခုက မနမေ၏ ကျောပြင်လေးပေါ်သို့ ရှုပ်တိုက်လာသည်။ ပခုံးစွန်းတွင် ရပ်တန့်သွားရာမှ...

"ငိုလိုက်ရတာ မောလှရောပေါ့ မနမေရယ်"

နားနားသို့ကပ်၍ ညင်သာတိုးတိတ်လွန်းသော လေသံလေးဖြင့် "သူ" ပြောကြားသည်။

"အိပ်လိုက်ပါတော့လား ဗျာ"

စကားသံနှင့်အတူ လေငွေ့နွေးက မနမေ၏ နားနှင့်ပါးပြင် တစ်ဝိုက်သို့ နုညက်စွာတိုးဝင်လာသည်။ မကြားသာရန် တီးတိုး ပြောရခြင်းအတွက် နီးကပ်လျက်ရှိရပါကြောင်း။

မနမေ ခေါင်းခါမိသည်။

"မနမေ သိပ်ငြိုး ရင်ပန်းနေပါဦးဗျာ၊ သွားနားလိုက်ပါတော့ သွားအိပ်လိုက်ပါတော့နော်"

မနမေက ခေါင်းခါရင်း သူ့ဘက်သို့ မျက်နှာလှည့်လိုက်မိသည် နှင့်ပြိုင်နှင်း၏ မီးရောင်မှိန်မှိန်လေးတွင် သူမျက်နှာကို မြင်ရသော်လည်း မသဲကွဲပါ။ မနမေ၏ မျက်ဝန်းမှ မျက်ရည်များကြောင့်မင် ထင်ပါ၏။

"ခုပဲ ရက်ရက်စက်စက် ရိုက်သွားသူရဲ့ ဘေးမှာ ကျွန်မဘယ်လို လုပ်ပြီး ဝင်အိပ်ရမှာလဲရှင်"

တုန်ခါနေသော အသံ လှိုင်းလေးများသည် မနမေ၏ မျက်ရည်စီးကြောင်းနှင့်အတူ မျောပါလာခဲ့သည်။

"မနမေရယ်"

ကိုတင်အောင်ခိုင်က မနမေ၏ ပခုံးစွန်းလေးနှစ်ဖက်ကို ဖိယူ မတတ် ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အံလေးများကြိတ်၍ ပြောရှာသည့် မျက်နှာချင်းက အနီးကပ်မို့...

www.burmeseclassic.com

"အို... သူ... သူမှာ မျက်ရည်တွေနဲ့ပါလား"

သူမျက်နှာပြင်ဆီသို့ မယုံနိုင်သော အံ့သြခြင်းများဖြင့် မနုမေမှာ မော့ကြည့်နေမိဆဲ...

"အပြင်ဘက် ခဏထွက်ကြရအောင်"

မနုမေ၏ လက်မောင်းပြည့်ပြည့် ညက်ညက်ကလေးကို မထူရင်း သူက အတိုးတိတ်ဆုံး လေသံနှင့်ဖြောသည်။

ရေပြင်အောက်တွင် မွန်းကျပ်စွာ နစ်မြုပ်နေဆဲ ကယ်တင် ဆယ်ယူသူ၏ တွဲခေါ်မှုကို မငြင်းပယ်နိုင်သည်သို့ပါပင်...

အင်အားမဲ့စွာဖြင့် နှဲ့မိရင်းများ ပါလာမိလေသလား။

အပြင်တွင် လံရောင်ပျော့ပျော့က မှုန်မှုန်လေး လင်းနေသည်။ ဝရန်တာဆီသို့ ဝိတောက်ရွက်များကြားမှ လရောင်က ကြိုးကြိုးကြားကြား ဖြာကျနေသည်။

ကိုတင်အောင်ခိုင်က တံခါးမကြီးကို ဖေဝိတ်လိုက်သည်။ မှန်ချပ်များကြားမှ အိမ်တွင်းသို့ လှမ်း၍ မြင်နေရသော်လည်း အသံများကိုမူ ကြားရန် ခက်ခဲလှပါမည်။

မနုမေသည် တဒင်္ဂအတွင်း မိမိ၏အဖြစ်ကို နားလည်စွာဖြင့် ဝရန်တာ၏ ထောင့်တွင် တောင့်တောင့်ကြီး ရပ်နေမိသည်။

"မနုမေ... ကျွန်တော့် မနုမေ အို ... ကျွန်တော့် မနုမေရယ်... ကျွန်တော်မမြင်ရက်တော့ဘူး၊ ထိန်းပေမယ့် မရတော့ဘူး၊ ကျွန်တော် ဟန်မဆောင်နိုင်တော့ဘူး မနုမေ"

မနုမေ၏ ရှေ့တည့်တည့်မှ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ရင်း မနုမေ၏ ရင်တည့်တည့်ပေါ်သို့ မျက်နှာအပ်၍ ... သွင်ဦသည်။

မနုမေ တောင့်ထားသည်၊ တင်းထားသည်။ အံကိုခဲ၍ မျက်စိစုံမှိတ်ပြီး အကြိုးမြင့်ဆုံး ထိန်းချုပ်ထားပါသေးသည်။

မရတော့...

သူ... ကိုတင်အောင်ခိုင်... မနုမေ၏ မေတ္တာဦးကို ပိုင်ဆိုင်ရယူပြီး နှင့်သူ၏ မျက်ရည်စက်များသည် မနုမေ၏ ရင်ပေါ်သို့ တစ်ပေါက်ချင်း ကျရာမှ၊ အသည်းနှလုံးသို့တိုင် စိမ့်ဝင်စီးဆင်းပါလေပြီ၊ ချစ်ဦးသူ၏ မျက်

ရည်ကြည် နွေးနွေးလေးများသည် မနုမေ၏ အသည်းနှင့် နှလုံးသား နုနုလေးများကို ညွတ်ပျောင်း... ယိမ်းနွဲ့စေခဲ့ပါပြီတည်း...

"သူ...သူ...သူ ...ရယ်"

အဆုံးစွန်သော အင်အားများဖြင့် သူ့ကိုပြန်လည်ဖက်တွယ်ရင်း ဆို့နှင့် ကျင်ခဲစွာ ခေါ်မိသည်။

ဘာမှ မပြောနိုင်ကြတော့၊ ရင်ထဲမှ အသိများစွာဖြင့်သာ အင်ကုန် အားကုန် ဖက်တွယ်ထားမိကြသည်။

လရောင်ကွက်ကွားအောက်မှ မျက်ရည်နစ်နေသော မနုမေ၏ မျက်နှာဖြူဖြူနုနုလေးနှင့် ဆတ်ဆတ်ခုန်နေသော နှုတ်ခမ်းပြည့်ပြည့်လေးများပေါ်သို့ အနမ်းများ ပြည့်သိပ် ဆင့်ကဲစွာ ကျရောက်လာသည်။

အသည်းနှလုံးများ လွင့်စဉ်ကြွေကျမတတ် ချိုမြိန်ယစ်မူးဖွယ် ကောင်းလှပါဘိ၊ အိမ်ထောင် သက်တမ်း ခြောက်လအတွင်း ယင်းအတွေ့ မျိုး၊ ယင်းခံစားမှုမျိုး တကြိမ်တစ်ခါသော်မှ မနုမေ မကြုံဆုံဖူးခဲ့ရ။

ကိုတင်အောင်ခိုင် ကိုယ်တိုင်လည်း လိုက်လိုက်ခုန်ခဲ့ရာ၌၊ လှုပ်ရှားတုန်ရီနေသော အထိတွေ့များဖြင့် တုံ့ပြန်နေရရှာသည်။ မနုမေထိုမှ သူ့မျက်နှာပြင်၌ မျက်ရည်များလည်း စွတ်စိုနေဆဲပါပင်။ လက်ရှိ အဖြစ်ကို နှစ်ယောက်လုံး တကယ့်မေ့နေသည်လား။ တမင် မေ့ထားကြသည်လား မသိ၊ ဘာကိုမှ သတိမရကြတော့။

နှစ်လရှည်ကြာစွာ ကွဲကွာရနေသော ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့ရသော အချစ်ညများလို၊ ဆွတ်ပျံ့မိန်းမောခြင်းများစွာဖြင့် ရင်ခုန်လွန်းလှပါဘိ၊ နိုးကြားလွယ်သော အိမ်ထောင်သည်မလေး မနုမေနှင့် ဆုံးရှုံးသွားသော မြတ်နိုးအပ်သည့် ရတနာလေးတစ်ပါးကို ပြန်လည် ပိုက်ထွေးခွင့်ရသော အချစ်၏ သားကောင်လေးကို တင်အောင်ခိုင်တို့၏ နွေဦးညဉ့်လယ်လရောင် မှိန်မှိန်လေးအောက်မှ မေတ္တာစောတ်လမ်းသည်...

အခန်းဆက်ကာ သံသရာရှည်ကြာစွာဖြင့် ဒုက္ခဝေနာကို ခံစားလာ့ တော့မည့် အဖြစ်ကို ဤအချစ်ဦးလေးများ၊ မတွေးနိုင်အားတော့ဘဲချ တကား...

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ဘခန်း (၈)

ကနီသည် ဘာမှပြောင်းလဲခြင်းမရှိပါ၊ ယခင်လိုပင် တည်ငြိမ်ခြင်း၊ ချမ်းငြိမ်းခြင်းများဖြင့် တန်ဆာဆင်လျက်ပါ။

အစက မိမိဓာတိုမြို့လေးသည် ဤမှု့ ဆွတ်ပျံ့သာမောဖွယ် သဘာဝအလှ တရားများနှင့် စုစည်းဖွဲ့တည်ထားသောအဖြစ်ကို မသိမှတ်မိခဲ့။

မာန်ဝင်ခြင်းမရှိသော ချင်းတွင်း ရေအလျဉ်သည် ညင်သာငြိမ့်လေးစွာဖြင့် စုန်ဆင်းစီးမျောသွားပေသည်။ ချင်းတွင်းတို့ ရေလျှံ၍ မာန်ဝင်သည့်အခါ၊ ထာဝရ ဖြတ်သန်းနေကျ မိတ်ဆွေရွာများ၊ လယ်ယာများကို ကရုဏာမထားတော့၊ တိုက်ဖြတ် ဖြိုဖျက် ဖြစ်တတ်သည်။ တောင်ကျရေ၏ စစ်ကူများနှင့်ပါ ပေါင်းဆုံမိလျှင်၊ ချင်းတွင်း၏ ဝဲယာကမ်းခြေတစ်လျှောက်၊ လျှမ်းလျှမ်းတောက် တန်ခိုးအာနုဘာဝများဖြင့် အုပ်စိုးဖြိုးဝေစေသည်။ မြေပြင်သည် ရေပြင်အောက်၌ ဝပ်စင်းရပါ၏။ မျက်စိတစ်ဆုံး ရေများဖုံးလွှမ်းသည့် အဖြစ်ဆိုးမျိုးနှင့် မကြာခဏ ကြုံကြရဖူးသော်လည်း...

ယခုအခါတွင် အပြစ်မဲ့စွာဖြင့် ညင်ညင်သာသာလေးစီးဆင်းနေပုံမှာ ချစ်စရာကောင်းလှပါပေသည်။ အကြေဆီမှ ပခုက္ကူနားတွင် ချင်းတွင်းသည် ရောဝတီနှင့် ပေါင်းဆုံကာ၊ ရန်ကုန်မည်သော မနုမေ အသည်းပြိုခဲ့ရာ နေရာအထိ သူ့ စီးဆင်းသွားလေမည် ဟူ၍ ချောက်ကမ်းပါးထိပ်မှ ရပ်ရင်း မနုမေ တွေးနေမိသည်။

ကျောက်ဆောင်မြင့်မြင့်ကြီးများ၊ စေတီဖွေးဖွေးအောက်မှ တောင်ကန်းသွယ်သွယ်များ၊ ကျွန်းပင်၊ သစ်ပင်များ၊ သစ်ဖောင်များ၊ အလယ်မှ ဝင်ထည်နေသော ချင်းတွင်းသည် တခြားသော မြစ်များထက် လှပခြင်း

ရှိမေသည်ဟု ကနီသူ မနုမေ ဝင်ကြား ဂုဏ်ယူစွာ တွေးမိပါသေးသည်။

'ကနီ' ၏ တစ်ဖက်ကမ်း 'ကနဲ' ဘက်ဆီမှ ကူးတို့ငှက် သမ္မန်လေးများ တီတိလှေလေးများကို ငေးကြည့်နေမိဆဲ။

"နုမေ ... သမီးလေး"

ညင်းပျောင်းသာယာသော အမေ၏ ကရုဏာသံ တိုးတိုးလေးကို မနုမေအနီးကပ်ကြားလိုက်ရသည်။

မိမိကို လိုက်လာခေါ်သည်အထင်နှင့် ထရန် ဟန်ပြင်နေမိသော မနုမေမှာ အမေ့အမူအရာကြောင့် ပြန်၍ငြိမ်နေရသည်။ အမေသည် မနုမေ၏ ဘေးတွင် လေးကန်စွာဝင်၍ ထိုင်သည်။

"သမီး"

"ရှင် အမေ ... အိမ်ပြန်ကြစို့လေ"

အမေက ခေါင်းယမ်းပြီး မနုမေကို မမြင်ဖူးသလိုငေးကြည့်နေပြီးမှ...

"သမီးကိုပြောချင်စရာ မေးချင်စရာရှိလို့ အမေလိုက်လာခဲ့တာ၊ အိမ်မှာဆို သမီးအဖေ ကြားမနိုးလို့"

ခတ္တာမြို့ငှက်နှင့်ပတ်သက်သော မေးခွန်းများမှလွဲလျှင် ဖြေချင်ပါသည်။ သို့ပါသော်လည်း အမေက...

"ခတ္တာမြို့ငှက် ပြန်မှာလှပြီ၊ သမီးဘာကြောင့် မပြန်ချင်တာလဲ ဆိုတာ အမေ့ကို အမှန်အတိုင်း ပြောပြစမ်းပါသမီးရယ်"

"အမှန်အတိုင်း"

မနုမေ၏ ရင်မှ ရွတ်ဆိုမိသည် မဖြစ်... ဘယ်နည်းနှင့်မှ မဖြစ်ပါ။ မိမိ၏ ရင်ထဲမှ လွှဲ၍ ဤပြဿနာ၏ တစ်စွန်းတစ်စကို ဤကမ္ဘာမြေပေါ်သို့ ကျ၍မဖြစ်၊ ကိုယ့်အပြစ်ကို ကိုယ်သာသိသော မနုမေက မျက်ရည်များ လိမ့်ကျလာသည်။

"သမီးငိုနေတာ ကြာကြာမြင်ရရင် အမေရင်ကွဲသေရလိမ့်မယ် သမီးရယ်၊ အမေ သိပါပြီ ...အမေ့သမီးလေး အဖြစ်ကို အမေနားလည်ပါပြီ"

အမေကိုယ်တိုင်ငိုသည်၊ အမေငိုသည့်အတွက်ရော အမေ့စကားအတွက်ပါ မနုမေ အလန့်တကြား ဖြစ်ရပါပြီ၊

"မငိုနဲ့အမေ မငိုပါနဲ့ အမေရဲ့... ပြီးတော့ သမီးအကြောင်းကို

www.burmeseclassic.com

သိတယ်မဟုတ်လား၊ ဘာကိုသိတာလဲ အမေဟင် ... အမေ ဘာကိုသိတာလဲ... ပြောစမ်းပါဦး အမေရဲ့"

"ငါ့သမီးလေးကို ဒင်းတို့ ရက်ရက်စက်စက် နှိပ်စက်လွတ်လိုက်ကြတယ် မဟုတ်လားဟင်... ယောကျ်ားက ရိုက်သလား... ယောကျ်ာမက အနှိုင်ကျင့်တယ် မဟုတ်လား၊ ငါ့သမီးကို အိမ်အလုပ်တွေ ရက်ရက်စက်စက် မနားရအောင် ခိုင်းကြတယ်မဟုတ်လားဟင် ... ပြီးတော့ သူသားကို မြှောက်ပေးပြီး ချွေးမကို နှိမ်ထားတယ် မဟုတ်လား"

မြန်မာအိမ်ထောင်ဖွဲ့စည်းမှု၏ နိယာမအတိုင်း ချွေးမနှင့် ယောကျ်ာမတို့၏ ဖြစ်လေ့ဖြစ်ထရှိသော ပဋိပက္ခများ၊ ရက်စက်မှုများကို အမေက ဖော်ကြူးနေလေပြီ။

"မဟုတ်ဘူးအမေ ...မဟုတ်ပါဘူး"

"အမေမယုံဘူး၊ ယောကျ်ားနဲ့ ယောကျ်ာမက နှိပ်စက်လို့သာ ငါ့သမီး စတ္တာမြို့ကို မပြန်ချင်တာ ဖြစ်ရမယ်"

"အမေထင်တာတွေ တစ်ခုမှ မဟုတ်ပါဘူး အမေရယ်... သူတို့တွေဟာ ရန်ကုန်မြို့ရဲ့ အာဏာပိုင်တွေအားလုံးလောက်နီးနီးနဲ့ ရင်းနှီးတယ်၊ ဂုဏ်တွေ အရှိန်အဝါတွေ၊ ဝင်ငွေတွေ အများကြီး ရှိသလို အခြေအရံတွေ မှီခိုသူတွေလည်း အားကြီးပဲ"

"ဟုတ်လား"

"အဲဒီလူတွေက သမီးကိုတောင် ပြုစုလုပ်ကိုင်ပေးနေကြလို့ သမီးမှာ မနေတတ်အောင်ပါ။ ခိုင်းဖို့ဝေးလို့ လုပ်စရာအလုပ် မရှိလွန်းလို့ တစ်နေ့တစ်နေ့ အညောင်းမိပြီး ချည့်သွားမှာတောင် စိုးရသေးတယ်"

"စားတော့ သောက်တော့ရော"

"အမလေး မပြောပါနဲ့တော့၊ လူနဲ့ အစားက မမျှဘူး...၊ ရလိုက်တဲ့ လက်ဆောင်တွေ ကြောင်အိမ်ထဲ ရေခဲသေတ္တာထဲမှာ စားစရာတွေအပြည့် ကျွေးလွန်းလို့ စိတ်တောင် ညစ်ရတယ်"

"ဒါဖြင့် ဘာလို့မပြန်ချင်တာလဲ ပြောစမ်းပါဦး၊ မပြန်ချင်ရတဲ့ အကြောင်းကို အမှန်အတိုင်း အမေ့ကို မြောပြစမ်းပါ သမီးရယ်"

မနုမေ ငြိမ်နေလေ... မနုမေ၏မိခင် ဒေါ်မွေးက အားမရလေပါ။

"သမီးယောကျ်ားနဲ့ သမီးရော သင့်သင့်မြတ်မြတ် ရှိကြရဲ့လား"

"ဒီလိုပါပဲ၊ သူက အလုပ်သိပ်များတာ၊ အိပ်ချိန်လောက်မှ ပြန်ရောက်တယ်"

"ရန်တွေ ဘာတွေရော ဖြစ်ကြသေးလား"

"ဟင့်အင်း... မဖြစ်ပါဘူး"

သည် ကနီသို့ မပြန်လာမီ ညက တစ်ချက်ဖြတ်အရိုက်ခံခဲ့ရသည့် အဖြစ်ကိုဖြင့် ထည့်၍မပြောတော့ပါ။

ထိုညလွန်မြောက်ပြီး နောက်တစ်နေ့တွင်ပင် ဒေါ်ခင်လေးတင့်က လိုက်လျောစွာ စီစဉ်ပေးမှုကြောင့် မနုမေတစ်ယောက် ကနီသို့ ခရောက်ခဲ့ရခြင်း ဖြစ်ပါ၏။

"ဒီအိမ်က ဒေါ်အေးမြင့်ကြီးကို လိုက်ပို့ခိုင်းပါ့မယ်၊ သားရဲ့ ကိုယ်စားလည်း မာမီကပဲ မနုမေကို တောင်းပန်ပါတယ်ကွယ်၊ သိပ်တော့ကြာကြာ မနေနဲ့ပေါ့၊ မနုမေရဲ့လက်ဝတ်လက်စားတွေတော့ ထားခဲ့မှ ကောင်းမယ် ထင်တယ်...။ ခဏတစ်ဖြုတ် သွားတာပဲ"

ဒေါ်ခင်လေးတင့်သည် သူရဖို့ လောဘတစ်ခုက လွဲလျှင် သိပ်ပြီး အဆိုးကြီးထဲက မဟုတ်ပါ။ ဆက်ဆံရေး ပြေလည်ပါ၏။ မှီခိုသူများပေါ်တွင် ညာတာတာတော်၍လည်း သူ့အိမ်တွင် အလှူအိမ်တမျှ ထာဝရ စည်းကားနေရခြင်းပါ။

ဒေါ်ခင်လေးတင့်၏ အစီအစဉ်ဖြင့် နောက်တစ်နေ့ညရထားနှင့်ပင် မနုမေ ဇာတိမြေသို့ ပြန်ခွင့်ရခဲ့ပါသည်။ ဘူတာရုံသို့ ကိုကိုနိုင်ကိုယ်တိုင်ပင် လိုက်ပို့ပါ၏။ အကြောကြီးမနေဘဲပြန်လာခဲ့ပါရန်နှင့် မနေ့ညက အဖြစ်ပျက်များပေါ်တွင် အမှတ်မထားဘဲ ခွင့်လွှတ်ပါရန် ကိုကိုနိုင်က တောင်းပန်သည်။

ကိုကိုနိုင်၏စကားများသည် ဝတ္တရားကျေ ပြောနေပေသည်။ ဒေါ်ခင်လေးတင့်က ပြောစေချင်သည့် စကားများကို ရွတ်ပြနေလေသလား မသိ၊ ရင်မမလာ၊ နှုတ်ကလာခြင်းသာဖြစ်ပေသည်ဟု မနုမေစိတ်မှာ အလိုက်နေရင်း သည်သို့သာထင်နေမိပါ၏။

သူကိုမူ တစ်နေ့လုံး မတွေ့ရတော့။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါသည်။ သူကိုမနမေလည်း မမြင်ရဲပါ။

ကနီဆို ပြန်ခွင့်ပြုလိုက်သော ဒေါ်ခင်လေးတင့်ကို ရှိခိုးချင်လောက် အောင်ပင် ကျေးဇူးတင်မိပါသည် မနမေအနေနှင့် ခတ္တာမြို့ရောက်တွင် သူနှင့် တွေ့မြင်ကြုံဆုံရမည့်အဖြစ်ကို မရင်ဆိုင်ရဲ၊

သည်သို့နှင့် မနမေ ကနီသို့ ရောက်နေသည်မှာ အရက်နှစ်ဆယ် ကျော်ခဲ့ပါပြီ။

ဒေါ်ခင်လေးတင့် ကိုယ်တိုင် မနမေအား ပြန်၍ပို့ပါရန် စာတစ်မျက်နှာ ရေးထား၍ အဖေနှင့် အမေထံ အကြောင်းကြားသည်။

"မေ...ပြန်လာခဲ့ပါ"
"ကိုကိုနိုင်"

ဟူသော ကြေးနန်းစာကိုလည်း မုံရွာရှိ အဘစ်မှတစ်ဆင့် မနမေ ရရှိခဲ့ပြီး ဖြစ်သော်လည်း ပြန်ရန် ဟန်ပင်မပြင်သေးသော သမီးလေးနားသို့ ဒေါ်မွေးက ကပ်၍ မေးနေခြင်း ဖြစ်ပါ၏။

"ကဲပါ...အမေရယ် ... အိမ်ပြန်ကြပါစို့။ ဒီတစ်ခါ ပြန်သွားရင်လည်း တော်တော်နဲ့ ပြန်လာရမှာ မဟုတ်လို့ သမီးမပြန်ပါရစေနဲ့ဦးနော်"

"အမေကလည်း ပြန်တောင် မလွတ်ရက်ပါဘူးအေ၊ ဒါပေမဲ့ ဟိုမှာလည်း ဒုက္ခမရောက်ဘူးဆိုရင်တော့ ကိုယ်လင်သားဆီ ပြန်ဖို့ အချိန်ရောက် နေပြီ သမီးနမေ"

အမေနှင့် မနမေတို့ စည်းကိုက်ထားကြသည်သို့ပင် သက်ပြင်းကို ပြိုင်တူချလိုက်မိကြသည်။

"ဩော်...ကြည့်စမ်း။။ စာလာလို့ အမေလာဝို့တာ၊ အထူကြီးပဲ သမီးယောကျ်ားဆီက ပို့လိုက်တာမှ "ခတ္တာမြို့"တဲ့ ရော့"

အမေပေးလာသော စာအိတ်ထူထူ ရှည်ရှည်ကြီးကို မနမေ ကိုင်ကြည့် ရင်း စဉ်းစားနေမိသည်။ မိမိ၏အမည်ကို လိပ်စာတပ်ထားပြီး အောက် ထောင့်၌မှ ခတ္တာမြို့ ဆိုသော်လည်း...

ကိုကိုနိုင်ထံမှစာ၊ မဖြစ်နိုင်။

"အမေအိမ်ပြန်နှင့်လေ ...သမီး ဒီစာဖတ်ပြီးမှ လိုက်လာခဲ့မယ်နော်"

စာအိတ်ထူကြီးကို ကိုင်ဆရင်း မနမေက အမေကို ပြန်နှင့်စေသည်။ မနမေ၏ရင်တွင် ဤစာနှင့် ပတ်သက်၍ သံသယ ဝင်လာမိသည်။ ဝင်လာသည့် သံသယအတိုင်းပင် စာကိုဖောက်ဖတ်မိသည့်အခါ၌...

တ္ထန်တော့်ရဲ့ မနမေရေ...

ခတ္တာမြို့ကို မနမေစွန့်ခွာသွားတာ ဒီနေ့ အရက်နှစ်ဆယ်တိတိ ရှိပါပြီ

တိတ်တခိုးစိတ်နဲ့ ကျွတ်ပြီး နေစဉ် မျှော်နေရသူက တ္ထန်တော်ပါ မနမေရယ်။

ဘယ်လို ဝဋ်ကြွေးများကြောင့် အနီးဆုံး နေရာကနေအဝေးကွာဆုံး အရပ်ကို ရောက်သွားရတာလဲမျာ။

တ္ထန်တော်ပြောချင်တာ အခုလက်ရှိကိစ္စကို မဟုတ်ပါဘူး။ အရင်က ပြဿနာကို ပြောတာပါ။ တ္ထန်တော် တင်အောင်ခိုင် အဖြစ်နဲ့ ကိုကိုကို မနမေလွယ်လွယ်ကူကူ လက်ခံခဲ့တဲ့ကိစ္စကို ရည်ညွှန်းတာပါ။ ဘယ်လိုမျာ ဖြစ်ကုန်ရပါလိမ့် မနမေရယ်။

တ္ထန်တော် နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီးကတည်းက မနမေဆီကို ပြေးလာခဲ့ဖို့ပါ။ ဒါပေမဲ့ မဟာသိပ္ပံဘွဲ့ ယူဖို့အတွက် အင်္ဂလန်နိုင်ငံကို ပညာတော်သင် လွှတ်ခွင့်ရဖို့အတွက် လုံးပန်းနေရတာနဲ့ တ္ထန်တော် အရောက်နောင်းခဲ့ရတာပါ။ ဒီခြေတစ်လှမ်းစာ နောက်ကျမှုဟာ တ္ထန်တော့် ဘဝအတွက် ဘယ်သောအခါမှ လိုက်မမီနိုင်လောက်တဲ့ နောက်ကျခြင်းမျိုး ဖြစ်ခဲ့ရပြီဆိုတာ မနမေ...ဉီ မင်္ဂလာအကြိုညက မြင်ရတော့မှ တ္ထန်တော် နားလည်ခဲ့ရတဲ့အဖြစ်ပါ။

မုံရွာက မနမေဆိုတာ ကနီက တ္ထန်တော့်ရဲ့ မနမေ ဖြစ်လိမ့်မယ်လို့ တ္ထန်တော်မထင်ခဲ့မိဘူး။ တ္ထန်တော်ဆိုတဲ့ကောင်က လည်း ကနီသူ မိန်းမ ချောလေး မနမေဆိုတာက လွဲလို့ ဘာမှ သိခွင့်မရဘဲ ခွဲခွာလာခဲ့ရတဲ့ အဖြစ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုကို့လက်ထပ်ပွဲကို လာရင်း ကနီကို ကျွန်တော်အရောက်လာခဲ့မယ်။ မနုမေကို မေတ္တာစကားဆိုမယ်။ ဘီလပ်က ပြန်လာတဲ့အထိ စောင့်ပါလို့ တောင်းပန်ထားမယ်။ နှစ်ကိုယ်သစ္စာတွေဆိုပြီး ကျွန်တော် ပညာရှဲတဲ့အခါမှာ တင့်တင့်တယ်တယ် လက်ထပ်ယူမယ်ဆိုတာ ကျွန်တော့်စိတ်ကူး မဟုတ်ဘူး မနုမေသန္နိဋ္ဌာန်ပါ၊ ခိုင်မာတဲ့ သစ္စာစကားပါ။

ဒါပေမဲ့ မနုမေရယ်။

မင်္ဂလာအကြိုညက မြင်လိုက်ရတော့ ကျွန်တော်ဖြင့် ရင်ကွဲမတတ်ပါပဲ၊ ဘယ်လိုမှ စွမ်းဆောင် ထုတ်နုတ်ယူလို့မရနိုင်တော့တဲ့ ရတနာ တစ်ပါး လို့ သိလာရတော့ ကျွန်တော်လေအို... ဒါတွေ ရေးနေရင် မဆုံးတော့ဘူး။

မနုမေ ယုံမလား။

မနုမေဟာ ကျွန်တော့်ရဲ့ အချစ်ဦးပါပဲ။ ကျောင်းစာနဲ့သာလုံးပန်းနေခဲ့တဲ့ ကျွန်တော့်ရင်မှာ အချစ်ဆိုတဲ့ အရာတစ်ခါမှ မခိုဝင်ဖူးသေးခဲ့တာ ပြောပါရစေ။ သစ္စာစကားအဖြစ်နဲ့ လေးလေးနက်နက် ပြောပါရစေ မနုမေရေ...

အမှတ်မထင် ဆုံလိုက်ရတဲ့ မနုမေကိုဖြင့် ကနီက ပြန်ကတည်းက ရင်ထဲမှာ စွဲလာခဲ့မိတဲ့ စိတ်ဟာ ကျွန်တော့်ရဲ့ ခန္ဓာကြွေတဲ့နေ့အထိ ဖြစ်မှာပါဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ်။

ကိုကို့ကို ကျွန်တော်အဖြစ်နဲ့ အလွယ်တကူ လက်ခံခဲ့တယ်ဆိုတာ ကျွန်တော်လည်း သိရပါပြီ မနုမေ...

မနုမေရဲ့ မျက်လုံးလေးတွေက ပြောပြတယ်။ မနုမေရဲ့ မဲ့နေတဲ့နှုတ်ခမ်းလေးတွေက အသိပေးတယ်။ အကြည့်ချင်းဆုံမိကြတဲ့အခါမျိုးမှာ စကားလုံးပေါင်း ကုဋေကုဋာ ရင်ထဲမှာပြောနေမိကြတယ်ဆိုတာ မြတ်နိုးနေကြတဲ့ အသည်းနှစ်မြှာချင်းမှာသိနားလည်ကြပါတယ် မနုမေရယ်။

"သဘော်ပေါ်မှာ မြင်ဖူးကြတယ်ဆိုပဲ"

ဆိုတဲ့ အပျိုဝိုင်းဆီမှ ကာလသားအုပ်များအကြားမှ ကြားခဲ့ရတဲ့စကားစုလေးဟာ ကျွန်တော့်ရဲ့ အသည်းထဲမှာ စူးနစ်ဝင်နေဆဲပါ အချစ် ရယ်။

ခရွတ်ခြုံငုံအိမ်ကို ရောက်လာတော့ မနုမေရဲ့မျက်ရည်စက်လေးတွေ အခန်းကျဉ်းလေးထဲမှာ အနေကျဉ်းနေရတဲ့ အဖြစ်တွေ ကိုကိုရဲ့ မထိမဲ့မြင် ပစ်ထားခံရပုံလေးတွေကို မြင်ရတော့ ကျွန်တော်လေ...

တော်ပါပြီ မနုမေရယ်။ စိတ်ထဲမှာ ကြိတ်ခဲထားရတာတွေများတော့ ပေါက်ကွဲခဲ့ကြရပါပြီ။ အဲဒီ 'အချစ်ညလေး'ကို ဇာတ်လိုက်ရင် မောင့်ရင်ထဲမှာ အေးငြိမ်းတာရော၊ ဆူဝေတာရော အိုကယ်စုံလို့ပဲ။ ရောထွေးနေတယ်။

"မနုမေလည်း ဒီလိုပဲ ရှိနေလေမလား...ဟင်"

ကျွန်တော် စာရေးရခြင်း အကြောင်းရင်းကတော့ ကျွန်တော်အင်္ဂလန်နိုင်ငံကို သွားရဖို့ သေချာသွားပါပြီ မနုမေ။

ဒါကြောင့် ကျွန်တော် မနုမေနဲ့ တွေ့ချင်တယ်။

တစ်အိမ်တည်းနေရပေမယ့် မနုမေနဲ့ ကျွန်တော်နဲ့ အဖြစ်ကကမ္ဘာတစ်ခုမက စကြဝဠာကြီးတစ်ခု ခြားနေသလို ကူးလူးယှက်သွယ်ဖို့ မလွယ်တဲ့ အဖြစ်မှန်း ကျွန်တော်ရော မနုမေရော သိကြပါတယ်နော်...

ဒါပေမဲ့ မနုမေအတွက်ဆိုရင် ကျွန်တော် စွန့်စားချင်လာတယ်။ စွန့်လွှတ်ရဲလာတယ်။

ဒီတော့...

ကျွန်တော် အင်္ဂလန်ကို ဘွဲ့ယူဖို့ မသွားဘဲငြင်းဆိုလိုက်ရမလားဟင်... မနုမေ။

ပြီးတော့ ငရဲဘုံ ကိုကို့ရင်ခွင်ထဲက မနုမေကို ကျွန်တော်အတင်းလုယူပြီး ထွက်ပြေးချင်မိတယ်။ မပြုထိုက် မလုပ်အပ်လွန်းတဲ့ပြစ်မှုကြီးကို ကျူးလွန်ရဲကြတယ် ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ရစရာမရှိ အော်ငိ ပြစ်တင်ကဲ့ရဲ့ကြမယ့် အသိုင်းအဝိုင်းတွေနဲ့ ဝေးရာကို ထွက်ပြေးကြရအောင်လားဟင်

www.burmeseclassic.com

www.burmeseclassic.com

မနုမေ... ကျွန်တော့် မနုမေ ဘယ်လို သဘောရလဲဗျာ။ မနုမေ ပေါ်မှာ ချစ်ရလွန်းတဲ့ မေတ္တာအင်အားတွေနဲ့ အရာအားလုံးကို ကျွန်တော် ရင်ဆိုင်မယ်။ မနုမေရော သတ္တိရှိရဲ့လား။ ကျွန်တော် မနုမေနဲ့ တွေ့ပါရစေ။ ခတ္တာမြို့ငယ်ကို မနုမေ ပြန်မလာရင် ကျွန်တော် ကနီကို လိုက်လာခဲ့မယ်။

ကျွန်တော့်ကို သိပ်ချစ်ရာတဲ့ မနုမေရဲ့ရင်မှာ ဘယ်လောက်များ ခံစားနေရသလဲ ဆိုတာတွေ ကျွန်တော် စဉ်းစားပြီး နားလည်ပြီး ပါပြီ။

ကျွန်တော်တို့ တစ်ခုခု ပြတ်သားကြရအောင်ပါ။ ဒါပါပဲ မနုမေ ရယ်၊ အကြောင်းမပြန်ရင်ဖြင့် မနုမေရှိရာကို ကျွန်တော် လိုက် လာခဲ့မှာ...

ချစ်ရလွန်းတဲ့
ကျွန်တော်တင်အောင်ခိုင်...

"ညြော်...သူ ...သူရယ် ... နုမေ ဘာလုပ်ရမလဲကွယ်.လဲသေဖို့ ပဲကောင်းတဲ့ အဖြစ်ပါလားရှင်"

သူကိုယ်စား သူစာလွှဲလေးများကို အသည်းနှလုံး ရှိသည့် နေရာတည့်တည့်သို့ ဖိကပ် ဖက်တွယ်ရင်းက မနုမေ သည်းထန်လှိုက်လှဲစွာ ငိုမိရပါပြီ။

ကနီသူ မိန်းမချောလေး မနုမေ၏ မျက်ရည်များသည် ချင်းတွင်း မြစ်နှင့်အပြိုင် တသွင်သွင်စီးဆင်းနေပါပြီတည်း။

× × × ×

"ကောင်မလေး ပြန်သွားပြီတောင် အောက်မေ့တာ...၊ ဦးလှခိုင် ကိုယ်တိုင် ငါ့ဆီအကြောင်းကြားတော့မှ နုမေ ဒီမှာ ရှိမှန်း ငါသိရတယ် ညည်းတို့လုပ်ပုံတွေဟာ မဟုတ်ဘူးနော် မယ်မွေး... ကလေးကို ပြန်ပို့စမ်း ဟိုမှာလည်း ဂရုတစိုက်ထားပါတယ်လို့ နုမေကိုယ်တိုင် ဝန်ခံနေပြီပဲ ...၊ ပြန်မပို့ ရင် ငါတို့ ခွေးဖြစ်ကုန်လိမ့်မယ်၊ ငါလည်း ရန်ကုန် ဆင်းဖို့ ကိစ္စ ရှိတယ်။ ငါကိုယ်တိုင် နုမေကို ခေါ်သွားမယ်...ကြားလား..."

အဘစ်၏ စကား။ အဘစ်၏ စီစဉ်ခေါ်ယူမှုဖြင့် မနုမေ တစ် ယောက် ခတ္တာမြို့ငယ်သို့ ပြန်လည်၍ရောက်ရှိခဲ့ရပါချေပြီ။

ခတ္တာမြို့ငယ်တွင် ယခင်ကထက် ပိုမို၍ ရွှမ်းထွေးနေပေသည်။

လူ အဝင်အထွက် များသည်၊ တယ်လီဖုန်းက ဆင့်ကာ ဆင့်ကာ လာသည်။ အိမ်ရှိလူများအားလုံး မီးလောင်ပြင်မှ မီးဘေးဒုက္ခသည်များလို ပြေးကြလွှားကြနှင့် မနားရ။

အားလုံး မငြိမ်းချမ်းသော်လည်း စီးပွားရေးကမူ တိုးတက်လိုက် သည့်ဖြစ်ခြင်း။ ရလိုက်သည့် လိုင်စင်များကလည်း တစ်ခုနှင့် တစ်ခု ဆက် နေသည်။ အိမ်တွင် ကုလားများ၊ တရုတ်များ ခြေရွှမ်နေကြသည်။ ကျပြီး သား လိုင်စင်များ ဝယ်ဖို့။

မနုမေ အိမ်ပြန်ဖို့သာ တစာစာနှင့် မှာခဲ့ကြသော်လည်း တကယ် တမ်း မနုမေ ပြန်ရောက်လာပြန်တော့လည်း မည်သူကမှ ဝမ်းသာအယ်လဲ ဆိုး၍ ကြိုကြသည်မဟုတ်ပါ။

"မေ သွားတုန်းက ကိုကိုနှိုင်ဖြင့် ပျင်းလို့"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရိုက်မိတဲ့အတွက် မေစိတ်ဆိုးပြေပြီလား"

ဟူသောစကားမျိုးလောက်ဖြင့်ပင် မနုမေကို ခင်ပွန်းသည်က မနှစ်သိမ့်ခဲ့။

သူ့ကို စောင့်၍ ထမင်းအတူစားရသော်လည်း၊ တစ်အိပ်ရာတည်း၊ အိပ်စက်ရပါသော်လည်း သူ့စိမ်းပြင်ပြင်လိုပင်ရှိနေရသည့်အဖြစ်။

မနုမေကိုယ်တိုင်ကလည်း သည်သို့နေရသည်ကိုပင် နှစ်ခြိုက်ပါသည်။ မိမိကို မြတ်နိုးသော သူ၊ မိမိကလည်း ချစ်၍မရသည့် သူနှင့် လုံးဝ စကားမပြောရသည့် အဖြစ်မျိုးကိုပင် လိုလားမိပါသည်။

"မိန်းကလေးက တော်သားပဲ။ ဟိုကောင်ရိုက်လို့ လဲသွားရတဲ့ အကြောင်း ထည့်မပြောဘူး ထင်တယ်၊ ဦးစံက ဘာမှကို ပြောမသွားရှာဘူး၊ သိခဲ့ရင်တော့ နေမှာမဟုတ်ဘူး၊ အနည်းဆုံး မလိမ္မာတာရှိရင် ဆုံးမပါလို့ကအစ မှာမှာပဲ... ပြောမှာပဲ"

"ကောင်မလေးက လိမ္မာပါတယ်"

"တင့်တင့် သားက ရှောင်ဖယ်ဖယ်နဲ့ကွယ်၊ ကြည့်ပြောပါဦး"

"အို ဒါတော့ သူမှ မချစ်ပဲ"

"မချစ်ပေမယ့် ကိုယ့်အိမ်ထောင်ဖက်ဖြစ်လာပြီပဲ၊ သားကြီး တင်အောင်နိုင်ကလည်း အငယ်ကောင်လို မဟုတ်ဘူး... သိပ်မျက်နှာမွှားတာ၊ သူ့ဘေးမှာ မိန်းကလေး တစ်ယောက်ယောက် အမြဲပါနေတာ တင့်တင့်လည်း အသိပဲ။ တော်ကြာ မတော်တာတွေ ဖြစ်သွားရင် မကောင်းဘူး။ မုဆွာက ဦးဘကွန့် မျက်နှာက ရှိသေးတယ်လေ"

"မတော်တာဆိုတာ သား အငယ်အနှောင်း ယူသွားမှာကို ပြောတာလား"

"ဒါပေါ့"

"အမလေးရှင်... ရယ်ချင်သေးတယ်၊ သားကြီး ဒီလောက် မဒေပါဘူး။ သူ သာယာမှု ရှာနေတာပါ။ ချည်ပြီး တုပ်ပြီး ကိစ္စမျိုး ဘယ်တော့မှ ဖြစ်မလာဘူး စိတ်ချ၊ သူက အပြင်မှာပဲမွေ့မယ်၊ အိမ်က မနုမေကိုတော့ မချစ်ရင်သာရှိရမယ်၊ ဘယ်တော့မှ မကွာဘူးတဲ့ ပြောပြီးပြီ။ အခုပါလာတဲ့ ပစ္စည်းအပြင် သူ့ဘကြီးလူပျိုကြီးနဲ့ သူမိဘရဲ့ အမွေတွေက ဒီကောင်မလေး

တစ်ယောက်တည်းရမှာ။ ရွှေတွင်းတစ်ခုတူးပြီးမှတော့ ဒီတွင်း မကောစေရပါဘူးရှင့်၊ ကောင်မလေး စိတ်ပျော်အောင် ထားပါမယ်။ ခက်တာက သူက အေးတိအေးစက်ကြီး.... သားက သူမချစ်တာလည်း မပြောနဲ့လေ... ဟဲ...ဟဲ။ ယောကျ်ားဆိုတာက ကိုယ်က ပူပေးမှ ...ဟော့ (တ်) ဖြစ်ပေးနိုင်တာတောင်မှ..."

မနုမေဆက်၍ နားမထောင်တော့ပါ။ မိမိ၏အကြောင်း ပြောနေသည်မှန်းသိ၍ အခန်းဝမှ ဖြတ်သွားရင်း နားထောင်နေမိခြင်း ဖြစ်ပါ၏။

ဒေါ်ခင်လေးတင့်နှင့် ကိုတင်အောင်နိုင်တို့၏ ရှုရှာ စက်ဆုပ်ဖွယ်ရာ အတိမမ္မာကို ကြားသိရခွင့်ရခဲ့ပါပြီ။

"မ...နု...မေ..."

ညင်သာသော တီးတိုးသံလေးက မနုမေ၏ နှလုံးသားကို ယိမ်းနွဲ့လှုပ်ရှားလာစေနိုင်သော အင်အားနှင့် ပြည့်နှဲ့ပါပေ၏။ မနုမေ၏နှောက်မှ "သူ..."...

"စာ... ကျွန်တော့်စာရလားဟင်"

မနုမေ သူ့ကိုမကြည့်ပါဘဲနှင့် ခေါင်းညိတ်ပြမိသည်။

"ကျွန်တော် စကားပြောချင်တယ်"

မနုမေ ခေါင်းခါပြမိသည်

မျက်ရည်လျှံသော မျက်ဝန်းများဖြင့် သူ့ကို မကြည့်ပါဘဲ ရုပ်တုတစ်ခုလို အကြည့်သေဖြင့် ငေးငိုင်နေမိသည်။ လူငြိမ်သော်လည်း မနုမေ၏ နှလုံးသားမှာဖြင့် လျှင်လှုပ်ရပါပြီ။ ပြင်းထန်သော အသည်းရင်ပြင်မှ ငလျင် လှိုင်းပါ။

"ကျွန်တော် သွားရတော့မယ်...၊ ကျွန်တော်နဲ့ မနုမေ တစ်ခုခု ပြတ်သားကြရအောင်ပါ... ဆွေးနွေးကြရအောင်ပါ မနုမေရယ်နော်..."

သူ့အသံက လှိုက်လှိုက်ခုန်နေသည်။ မနုမေနှင့် ပတ်သက်၍ သူ ပြင်းထန်စွာ ခံစားနေရပါကြောင်း အကြားအာရုံဖြင့်ပင် မနုမေ သိရပါပြီ။

"ကိုတင်အောင်ခိုင်"

"ဗျာ...မနုမေ"

"လွန်ခဲ့တဲ့ နွေဦးညက အဖြစ်ပျက်လေးကို ရှင်ရော ကျွန်မပါ

www.burmeseclassic.com

မေ့လိုက်ကြပါစို့ ရှင်ရယ်"

"ကျွန်တော်တော့ မေ့လို့မရနိုင်ပါဘူး မနုမေရယ်"

"မမေ့ချင်ဘူးဆိုပေမယ့် ကျွန်မတို့ မေ့ကိုမေ့ရမယ်၊ မတ်နဲ့မရိုးတို့ရဲ့ ကြိုးမားတဲ့ စည်းဘောင် တံတိုင်းကြီးကို အရှက်မဲ့စွာ ကျော်တက်နေလို့ မဖြစ်တော့ဘူး။ ပြီးတော့..."

ခြေသံလို ကြား၍ နှစ်ယောက်လုံး ကိုးကန်းတောင်းမှောက်ကြည့် ကြရသည်။ ဘယ်သူမှ မမြင်ရလေမှ...

"ပြီးတော့ ...ဆိုတာကို ဆက်ပါဦးမနုမေ"

"ပြီးတော့ ကျွန်မ ခင်ဗျာမြို့ငြင်ကို ပြန်လာတာ ကိုကိုနိုင်အတွက် ပြန်လာတာ၊ "သူ" နဲ့ ဆွေးနွေးဖို့ မဟုတ်ဖူး။ ကျွန်မကို စကား မပြောပါနဲ့ တော့ရှင်... သွားပါ"

"လောကမှာ ကိုယ့်ကိုယ်ကို ညာရတာလောက် ရင်နှင့်ကြေကွဲစရာ ကောင်းတာ မရှိပါဘူး မနုမေရယ်...၊ မညာချင်ပါနဲ့"

သူစကားက မနုမေ၏ နှလုံးသားဗဟိုပစ်မှတ်ကို တည့်တည့် ထိမှန်သွားသောလား အံကိုခဲလျက်က...

"ကျွန်မတို့ အဖြစ်ကို မမေ့နိုင်ရင် ရှင့်လောက် မိုက်တဲ့လူ ကမ္ဘာမှာမရှိဘူး"

ကိုတင်အောင်ခိုင်က ခံစားမှုပေါင်းစုံ ရောထွေးနေသည့် အကြည့်များဖြင့် မနုမေကို ငေးကြည့်နေဆဲမှာပင် မနုမေက...

"ကျွန်မ သိပ်ပြီးချစ်မြတ်နိုးရတဲ့သူဟာ ကိုယ့်အစ်ကိုရဲ့ မိန်းမကို ကြာခိုတဲ့ လူယုတ်မာတစ်ယောက် ဘယ်တော့မှ မဖြစ်စေရဘူး 'မဟာသိပ္ပံဘွဲ့ရှင်' ဘိလပ်ပြန် တစ်ယောက်သာ ဖြစ်စေရမယ်။ ထိုက်တန်တဲ့မိန်းမ တစ်ယောက်ကို တင့်တင့်တယ်တယ် လက်ထပ်စေရမယ်။ ဒါဟာ ကျွန်မရဲ့ အကြိုးမားဆုံး စေတနာဆန္ဒပါ ကိုတင်အောင်ခိုင်။ ဒီအတွက် လိုအပ်မယ်ဆိုရင် ကျွန်မရဲ့ဘဝ ကျွန်မရဲ့ အသက်နဲ့ ကျွန်မရဲ့ ကိုယ်ခန္ဓာကို စတေးခံရဲပါတယ်။ ဒီလောက်အထိအောင်ပဲ ပေးဆပ်ခွင့်ရချင်မိတယ်။ ဒါ...ဒါတွေဟာ နုမေရဲ့ နောက်ဆုံးအဖြေပါပဲရှင်"

သူ့ရှေ့မှ ဖြတ်ပြေးလာမိသည်။ လှောင်ချိုင့်သဖွယ် မိမိ၏ အခန်း

ထဲယ်လေးသို့ မနုမေ ပြေးဝင်လာမိသည်။ တံခါးကိုပိတ်ပြီးသော်လည်း တံခါးနားမှမခွာမိ။ အင်အားများ မရှိလေရော့သလား၊ ကုန်ခန်းလေပြီလား မသိ။

တံခါးရွက်များကို နဖူးနှင့် ရင်နှင့် ပွတ်သပ်ဖိကပ်ထားနေမိရာမှ တဖြည်းဖြည်းချင်း လျှော့ပြေလျက် ကြမ်းပြင်ပေါ်သို့ ဖြည်းညင်းစွာ ပုံ၍ ကျခဲ့ရရှာပါပြီတည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ကိုဝိုင်းလှိုင်းလေးမျှလောက်သာ လွှမ်ခတ်ခြင်း ဖြစ်ရမိပါ၏။

"ဟေး... မေသန္တာ၊ ယူလည်း ကိုတင်အောင်ခိုင်ကို ဝိုင်အောင် လှပ်နေ၊ တော်ကြာ ဘိုမဖြူဖြူလေး ချိုင်းကြားညှပ်ခေါ်လာဦးမယ်"

"တော်စမ်းပါ မာရီရယ်၊ နိုင်ငံခြားက ပြန်လာရင်တော့ မပြောတတ်ဘူး၊ ခုပဲအတိုင်းဆိုရင်တော့ ဘုန်းကြီးဝတ်မလား။ ဖိုးသူတော် ဖြစ်လားဘဲ ...အဟဲ...ဟဲ...ဟဲ"

ဟောဟိုမကြိမ် ဣန္ဒြေမရှဖြစ်နေကြသော အမျိုးသမီးများဝိုင်းမှ ဝေးရာသို့ ထွက်လာခဲ့ရပါ၏။

"မေ...ဒါ ကိုကိုနိုင်တို့ရုံးက..."

"ဒါက နိုင်ငံခြားရေးဝန်ကြီးရဲ့သား"

"လာပါဦး မေရေ... ဒီမှာ သံအမတ်ကြီးကတော်နဲ့ လာစကားပြောပါဦး"

စသည်ဖြင့် ပွဲထုတ်ပြန်တော့လည်း မနုမေ မနေသာ။

ရင်ထဲမှ မယုံပါဘဲနှင့် ပြုံးပြနေရသည်လည်း ပါးကြောများပင် ညောင်းလာမိသည်။ ဆူညံသောအသံများ အမွှေးနံ့ပေါင်းစုံများ၊ ရွှဲယှက်ခတ်နေသော မြင်ကွင်းများ၏အလယ်မှ မနုမေ ထွက်ပြေးချင်စိတ်ပေါက်လာသည်။ အနောက်တိုင်းဝတ်စုံ အပြာရောင်နှင့် မိမိရိုးရာသို့ မကြာခဏ လှမ်းကြည့်နေရာသော "သူ" ကိုတင်အောင်ခိုင်နှင့် အကြည့်ချင်း ဆုံမိသည်မှာလည်း မကြာခဏပင်။ ဆုံမိလေတိုင်း လွှမ်ရှား လွန်းရသည့် နလုံးသား၏ ဖောက်ကို မနုမေ မခံနိုင်တော့။

လက်ရှိအကျဉ်းအကျပ် အရွှဲအထွေးများကြားတွင် လူက ဟန်ဆောင်နိုင်နေခဲ့ပါသော်လည်း ဝေဒနာက မနေတော့၊ မီးရောင်စုံများ၊ စားသောက်ခုံများ၊ ဧည့်ပရိသတ်များသည် မနုမေ၏ အမြင်အာရုံ၌ တည့်မတ်စွာ မရှိကြတော့။ မြောက်တက်လာသည်။ ရွဲ့စောင်းယိမ်းထိုးလာသည်။ ရင်၌ လှိုက်တက်လာသည်။ အော့အန်ချင်စိတ်နှင့်အတူ မူးဝေနောက်ကျိလာသည့် ဝေဒနာကို မနုမေ မခံစားနိုင်တော့။

"အမလေး... မမ္မ လဲသွားပြီ"

အိမ်ဖော်မလေး၏ အသံကို ကြားလိုက်မိသည်။ မိမိ၏ အခန်းရှိရာသို့

အခန်း (၁၀)

ခြံထဲမှ တေးဂီတသံများ၊ ရယ်မောသံများ၊ နှုတ်ဆက်သံများ၊ အရက်ခွက်များ ထိပွတ်သံ ဇွန်းသံ ခက်ရင်းသံများက ပွက်ပွက်ညံနေသည်။

သန်ဘက်ခါ ညဦးတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရတော့မည့် အစိုးရပညာတော်သင် သိပ္ပံဘွဲ့ရှင်ဖြစ်တော့မည့် ကိုတင်အောင်ခိုင်အတွက် နှုတ်ဆက်ဧည့်ခံပွဲလေးဆိုမှ...

"အဲဒါ ကိုတင်အောင်နိုင်ရဲ့ မစွစ်ပဲ"

ဧည့်သည်များအကြား ရောနှောတိုးဝင်နေရမှိုက် မနုမေ ကြားလိုက်ရသဖြင့် ခြေလှမ်းတန့်သွားမိသည်။

"လှတော့လှသား...ဒါပေမဲ့ တောကိုက်ကြီးကမပျောက်ဘူး"

"ဝိုက်ဆံရှိတယ်လေ... တင့်တင့်တို့က နောက်ဆုံးပေါ် အင်္ဂျင်၊ လည်လိုက်တာမှမှတ်လို့"

"သူ့အမေပေးစားတာလည်း ယူတာပဲ၊ အက်စသာ့ဆီလည်း သွားလှုက်ပဲ... စံပဲ"

"အက်စသာ"

ကိုတင်အောင်နိုင်၏ ချစ်သူလေလား၊ ချစ်ဇနီးလေလား၀င်။ တစ်ခုခုသေချာသော်လည်း မနုမေ၏ရင်၌ တုန်ခိုက်ခြင်းမဖြစ်မိ ရင်၌သိုဝှက်၍ မြှတ်နိုးစွာချစ်အပ်သော ခင်ပွန်းသည်သာဆိုပါလျှင် မနုမေ၏ရင်၌ ပင်လယ်ပြင်လို လှိုင်းထန်မိလေမည်။

ယခုမူ ကိုကိုနိုင်သည် မနုမေ၏ချစ်သူ မဟုတ်မူ၍ ကန်ရေပြင်မှ

www.burmeseclassic.com

ပြေးလာမိဆဲ လမ်းတစ်ဝက်အရောက်၌ ထိုးလဲသွားရခြင်း ဖြစ်ပါ၏။

ပွေ့ကြထူကြ ဖေးမကြနှင့် မနုမေ၏ အခန်းသို့ အရောက်ပို့ပေးကြသည်။

"အစ်ကိုတင်အောင်နိုင်ကို သွားခေါ်ပေးရမလား ဟင် ...မမ"

"နေ...နေပစေ... နေပစေ...၊ သူတို့ နေကြပါစေကွယ်။ မမ အတွက်..."

စကားဟင် မဆက်နိုင်၊ လက်ဟန် ခြေဟန်နှင့်ပင် ပြယူရသည်။

ရင်းနှီးသော ဧည့်သည်များမှတစ်ပါး၊ ဂုဏ်ပြုထိုက်သော ဧည့်သည်များ၊ စဲသွားလေမှ မနုမေအပြင်းအထန်မူးဝေအော့အန်နေကြောင်း၊ ဒေါ်ခင်လေးတင့်တို့ သိကြရသည်။

"သားကြီးကလည်း ရဲမင်းကြီးသမီးတွေ လိုက်ပို့နေတယ်။ မဖြစ်ပါဘူး၊ ဒေါက်တာ အောင်သွင်ကို ဖုန်းဆက်ခေါ်မှပါပဲ"

မနုမေ၏ဖြူဖျော့နေသော အဖြစ်ကိုမြင်ရ၍-ဒေါ်ခင်လေးတင့် စိတ်ပူသွားသည်ထင်ပါ၏။ ဆရာဝန် အဖြစ်ခေါ်ပေးရသည် ဦးလှခိုင်ကိုယ်တိုင် အိပ်ခန်းတွင်း ဝင်ကြည့်ပေးပါ၏။ 'သူ' ကိုမူ မမြင်တွေ့ရ။

ဆရာဝန်က စမ်းသပ် ဆေးထိုး ဆေးပေး ညွှန်ကြားခြင်းများ ပြောဆို အပြီးတွင်...

"ကိစ္စမရှိပါဘူး ကောင်းသွားမှာပါ။ ကိုယ်ဝန်ရှိစမို့ပါ။ နှစ်လလောက်ပဲ ဖြစ်ပါလိမ့်မယ်"

"ကိုယ်ဝန်ရှိစမို့..."

မီးတောက်တစ်ခု ရင်သို့လာရောက် တောက်လောင်သည်သို့ပင် မနုမေ လောင်မြိုက်စွာ ခံစားလိုက်ရသည်။

ဦးလှခိုင် ဒေါ်ခင်လေးတင့်တို့၏ မျက်နှာတွင်မူ နှစ်သိမ့်သော အပြုံးများကို မြင်ရပါ၏။ မြေးဦးလေးတစ်ယောက် ဤမိသားစုတွင်းသို့ ဝင်ရောက်လာဦးရော့မည်ဟူသော မင်္ဂလာသတင်းကို သူတို့ ဝမ်းပန်း တသာ လက်ခံကြရှာပါ၏။

ဦးလှခိုင်ထွက်သွားပြီး ဒေါ်ခင်လေးတင့်ချည်းသာ မနုမေ၏ ခုတင်ဘေးတွင် ထိုင်စောင့်နေဆဲ ကိုတင်အောင်နိုင် ပြန်လာခဲ့သည်ရောက်ရှိလာသည်။

"သမီးမေ နေမကောင်းလို့ သားကြီးရဲ့၊ ခုပဲ ဒေါက်တာအောင်သွင် သွားတယ်၊ မနိုးရိမ်ရပါဘူးတဲ့။ ဟဲ...ဟဲ... မင်္ဂလာသတင်း သားရေ..."

"ဘာလဲ၊ မာမီ"

"ကိုယ်ဝန်ရှိနေပြီတဲ့ နှစ်လလောက်"

"ဘာ ...ဘာပြောတယ်"

ကိုတင်အောင်နိုင်၏ စကားသံကြောင့် ဒေါ်ခင်လေးတင့် စကားသံကိုသွားရသည်။ လူပါ တုန်သွားရှာပါ၏။ ကိုတင်အောင်နိုင်၏ အသံသည် ဒေါ်ခင်လေးတင့်ကိုသာ တုန်လှုပ်စေသည်မဟုတ်။ ဤကမ္ဘာကြီးတစ်ခုလုံးကိုပါ ဆွဲခါနိုင်လောက်အောင် တုန်ဟည်းနေပါပြီ။

"ဘာပြောတယ်၊ မနုမေမှာ ကိုယ်ဝန်ရှိတယ် ဟုတ်လား"

"အေးလေ မင်းကဘယ်လိုဖြစ်ရတာလဲ၊ အလန့်တကြား၊ ဒုက္ခပါပဲ"

"ဟုတ်တယ်၊ ဒုက္ခပဲ၊ မဟာ ဒုက္ခပဲ၊ အဲဒါ ကျွန်တော်နဲ့ ရတဲ့ကိုယ်ဝန် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"အမလေး ဘုရားသခင်ကယ်တော်မူပါ"

ဒေါ်ခင်လေးတင့် က ရင်ထဲ၌ ခရစ်ယာန် ဘာသာဝင်တစ်ယောက်လို ကိုင်တည်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ နှစ်လလောက်က ဆိုရင် ဖိုတောင်သေချာသေးတယ်"

"သားကြီး မင်းဘာတွေပြောနေတာလဲဟင် ဒီလောက်ရိုး၊ ဒီလောက်အေး..."

"အား.... ဟား...ဟား...တော်စမ်းပါ မာမီရယ်၊ အော်ရယ်ပစ်လိုက်ချင်တယ်၊ ဟုတ်တယ်၊ လိပ်အေးတယ်၊ ငှက်ပျောတုံးကို ဖက်အိပ်ရတာတောင် သူထက် နွေးနွေးပွေ့ ခဲထွေး ရှိဦးမှာ။ သားကို ခွင့်လွှတ်ပါမာမီ၊ ပြောပါရစေ၊ သူဟာ ဘာခံစားမှုမှ မရှိတဲ့ မိန်းမ၊ သူ့ဆီက ဘာတုံ့ပြန်မှုကိုမှ သား မရခဲ့ဘူး၊ သက်မဲ့တစ်ယောက်ကို ဆက်ဆံရသလိုပဲ၊ ဒါကြောင့် သားလည်း 'အက်စသာ' ဆီမှာပဲ အိပ်နေပြီး ညဉ့်နက်မှ ပြန်လာခဲ့တယ်"

"သား...သားကြီး"

"သားပြောရဲတယ် မာမီ၊ လက်ထပ်ပြီးစကတည်းက သူမှာ ပဒုံသန္ဓေ

www.burmeseclassic.com

မရနိုင်ခဲ့ပါဘူး ဒီဘက် နှစ်လပိုင်းမှာ ဆို ပိုပြီး သေချာသေးတယ်၊ ကဲ...မာမီ တစ်ခုခုစီစဉ်ပေးပါ။ ဒီကိုယ်ဝန်ဟာ သားနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်တာ ဒေသချာတယ်"

တစ်လောကလုံး ပြိုကျသွားမတတ် ကိုတင်အောင်နိုင်က ဆောင့်နင်း ပြီး အခန်းပြင်ဘက်သို့ ဒေါကြိုး မောကြိုးနှင့် ထွက်သွားတော့သည်။

"ခက်လိုက်ပါဘိကွယ်၊ ဘယ့်နယ့်ဟာတွေလဲ၊ ကဲ...သမီး မနမေ၊ သူကတော့ စွပ်စွဲသွားပြီ။ မာမီကို သမီးကရော ဘာပြောမလဲ"

"ကျွန်မ ...ကျွန်မ... ဘာမှ မပြောချင်တော့ပါဘူးရှင်၊ ဘာမှမပြောပါ ရစေနဲ့၊ မပြောပါရစေနဲ့"

× × × ×

ဇာခန်း (၁၁)

အရှိန်တော့ မိသေးသည်။

ညဉ့် ၁ နာရီမှလေယာဉ်ထွက်မည်ဆိုသော်လည်း ယနေ့ည ၁၀ နာရီ တွင် မင်္ဂလာဒုံသို့ အားလုံးသွားကြမည်။ သုံးလေးနှစ်မျှ ခွဲခွာရမည့် ကိုတင် အောင်နိုင်အတွက် မိသားစုများက လွမ်းဆွတ်ခြင်းနှင့်အတူ ဂုဏ်ယူခြင်း အပြည့်ဖြင့် လိုက်လံပို့ဆောင်ကြရမည့်အရှိန်တွင် နီးကပ်လာပါပြီ။

လိုက်ပို့မည့်ဧည့်သည်များ၊ နှုတ်ဆက်မည့် မိတ်ဆွေများက အောက် ထပ်တွင် ရှုပ်ရှက်ခပ်နေသည်။ ထိုင်စရာ မရှိတော့၍ ထမင်းစားခန်းမှ ကုလားထိုင်များပင် ဆွဲထုတ်လာကြရသည်။

ကိုတင်အောင်နိုင်မှာ အဝတ်အစားလဲလှယ်ရန် သူ့အခန်းထဲတွင် တစ်ယောက်တည်းရှိနေသည်။

ဦးလှနိုင်၊ ဒေါ်ခင်လေးတင့်နှင့် ကိုတင်အောင်နိုင်တို့မှာ ဧည့်သည်များ ကို စောင့်အောင် ဧည့်ခံနေရသည်နှင့်ပင် အကွက်မလည်နိုင်၊ မနမေ၏ ကိစ္စကို ထည့်သွင်း မစဉ်းစားအားကြ။ မနမေ ဆင်း၍ ဧည့်ခံရန်လည်း တယ်သူမှ မပြော။ နေကောင်းရဲလားလည်း မမေးအား။ မနမေ၏ပြဿနာ ကို နောက်ပိုင်းမှ ကိုတင်အောင်နိုင်၏ ကိစ္စပြီးမှသာ၊ ဖြေရှင်းယူကြမည် ဟူသော အတွေးများဖြင့် မနမေကိုလည်းကောင်း၊ သူ့ကိုယ်ဝန်ကိစ္စကို လည်းကောင်း ခေတ္တမျှ မေ့ထားကြချိန်၊ မအားလပ်ချိန်များအတွင်း...

"သူ သွားတော့မယ်"

"ငါ ဘာလုပ်ရမလဲ"

"ငါ ဘာလုပ်သင့်သလဲ"

www.burmeseclassic.com

www.burmeseclassic.com

"သူကို လွတ်လိုက်ရမလား"

"အဖြစ်မှန်ပြောပြီး ဆွဲထားရမလား"

"အို... မသိဘူး၊ မတွေးတတ်ဘူး၊ ငါဘာလုပ်ရပါ့မလဲနော်"

မနုမေမှာ အိပ်ရာခင်းများကို ကုတ်ခြစ် ဆုတ်ဆွဲ၍ မချိတင်ကဲ စဉ်းစားရင် လူးလိမ့်ရင်းဖြင့် ရင်ပွင့်မတတ် ငိုကြွေးနေရှာသည်။

"သူ ...သူကိုတော့ သွား... သွားပြောမှ"

မချင့်ချိန်နိုင်တော့ပါဘဲနှင့် ကိုတင်အောင်နိုင်၏ အခန်းရှေ့သို့ ရောက်လာခဲ့သည်။ တံခါးဖွင့်ထား၍ သူ့ကို နောက်ခိုင်းအနေထားနှင့် မြင်ရပါ၏။

မနုမေမှာ အခန်းတံခါးကိုကိုင်လျက် သူ့ကိုတွေတွေကြီး ငေးကြည့်နေမိသည်။ မျက်ရည်များကမူ စမ်းချောင်းငယ် နှစ်ခုလို သွယ်ပြိုင်၍ စီးဆင်းကျလာနေသည်။

"ဟင်... မနုမေ"

မနုမေ စကားမစနိုင်ခင် သူက အရင်စတင်မြင်သွားသည်။

မနုမေဆီ ပြေးလာပြီး မနုမေ၏ လက်ကလေးကို ရွရွလေး ဆုပ်ကိုင်ရင်း...

"အို... မနုမေငိုနေတယ်လား၊ကွယ်"

တိုးညင်းသော ကရုဏာသံလေးက မနုမေ၏ ရင်တွင်းသို့ စိမ့်ဖြာဝင်လာသည်။ ပို၍ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရပါပြီ။

"သိပ်ဝမ်းနည်းနေသလား အချစ်ရယ်၊ ကျွန်တော်တို့အဖြစ်ကလည်း တကယ်ပဲ ကြေကွဲစရာ ကောင်းလှပါတယ်လေ၊ အနိုးလေးနဲ့ အဝေးဆုံး၊ နေရာကို ရောက်သွားရတဲ့ အဖြစ်ပါ"

သူ့ရင်ခွင်မှာ မှီကပ်၍ ငိုမစ်လိုက်ချင်သော်လည်း မနုမေ တောင့်ထားနိုင်ပါသေးသည်။

"ဟိုညက နှစ်ယောက်လုံး ရင်ထဲရှိသမျှတွေ သည်ပိုး မထားနိုင်ဘဲ ပေါက်ကွဲသွားရပြီးတဲ့နောက်မှာ ... ဘာပဲဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်ပြီး မနုမေဆီ စာရေးခဲ့ပါတယ်။ ဒါပေမဲ့ မနုမေ ကျွန်တော့်ကို ဥပေက္ခာပြုနိုင်ခဲ့တယ်"

"သူ...ရယ်... နုမေ ...လေ"

"ဟုတ်ပါတယ်၊ မနုမေရင်ထဲက ခံစားနေရတာတွေကို ကျွန်တော်မြင်ပါတယ်ဗျာ၊ ဒါပေမဲ့ မနုမေဆုံးဖြတ်ပေးတာ မှန်ပါတယ်။ ခတ္တာမြို့ငှက် ပြန်လာခါစက မနုမေ ပြောကြားခဲ့တဲ့စကားတွေကို ကျွန်တော် အားလုံး သိမှတ်မိနေခဲ့ပါ မနုမေရယ်၊ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။ မနုမေ ဆုံးဖြတ်ပေးတဲ့အတိုင်း မနုမေဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ကျွန်တော် ထွက်သွားရတာပါဗျာ။

"မမေ့ချင်ဘူးဆိုပေမယ့် ကျွန်မတို့ မေ့ကိုမေ့ရမယ်"

"ကျွန်မသိပ်ပြီးချစ်မြတ်နိုးရတဲ့ လူတစ်ယောက်ဟာ ကိုယ့်အစ်ကိုရဲ့ မိန်းမကို ကြာခိုတဲ့ လူယုတ်မာတစ်ယောက် ဘယ်တော့မှ မဖြစ်စေရဘူး"

"ဘိလပ်ပြန် မဟာသိပ္ပံဘွဲ့ရှင် တစ်ယောက်သာ ဖြစ်စေရမယ်"

ပြောကြားခဲ့သော ကိုယ့်စကားများကို ကိုယ်တိုင်ပြန်လည်၍ ကြားလာမိသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူသွားပါစေတော့၊ စိတ်ဒုက္ခ ကင်းကင်းနဲ့ သွားနိုင်ပါစေတော့လေ"

"ပေါ်လာမယ့် ပြဿနာတွေ၊ ဖြစ်လာမယ့် ဒုက္ခတွေကို ငါတစ်ယောက် တည်းပဲ ခါးစည်းခံပါတော့မယ်"

"ကိုယ့်ချစ်သူအတွက် ကိုယ့်ဘက်က အနစ်နာခံနိုင်ခြင်းသည်သာ ချစ်မေတ္တာရဲ့ အကြီးမား‌ဆုံး ပြယုဂ်ပါ၊ အမြင့်မား‌ဆုံး မှတ်တိုင်ပါ"

"မနုမေရယ်"

သူ့အသံကြားလေမှ လက်ရှိနေရာကို အသိတရားကပြန်လည်ရောက်ရှိလာသည်။

"သူ့ကိုလာနှုတ်ဆက်တာပါ။ သွား... တော့... နော်"

မနုမေ၏ လက်ကလေးကို တင်းကျပ်စွာ ဆွဲယူလိုက်သည်။ မခွဲခွာရက်၊ မထားခဲ့ရက်သော်လည်း၊ စွန့်လွှတ်ကျောခိုင်းသွားရတော့မည့် အဖြစ်ကို သူလည်း ရင်နင့်စွာ နားလည်ရှာပါမည်။

"သား‌ရေ... သွား‌ဖို့သင့်ပြီ"

အောက်ထပ်မှ အသံကြောင့် သူက လက်ကို ဖြေလွှတ်လိုက်ရသည်။ မနုမေသည်လည်း သူ့အခန်းဘက်ဆီသို့ ပြန်ပြေးလာ၍ အခန်းဝတွင် ကျောမှီ၍ ရပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အခန်းနှင့် မနုမေ၏အခန်းက အလယ်တွင် စကြံလမ်းလို အခန်း၊ ကျယ်ကြီး ခြားနေသည်။ မနုမေ စောင့်မျှော်နေဆဲမှာပင် သူထွက်လာသည်။

မနုမေကို ဟိုမှာဘက်ခန်းထိပ်မှပင် ကြာမြင့်စွာ သူရပ်ကြည့်နေသည်။ နှစ်ဦးလုံး၏ ရင်တွင်းမှ အသည်းနှလုံးတို့သည်သာ ကွဲကြေတတ်သော အရာဆိုပါလျှင် ဤအချိန်ကပင် တစ်စစီ ဖြစ်ကုန်ပါလိမ့်မည်။

စိတ်ကိုတင်းလိုက်သည့် သဘောဖြင့် ကိုယ်ကိုတောင့်မတ်လိုက်ပြီး သူစတင်ခြေလှမ်းသည်။

"ညောင်... ထာဝရခွဲခွာရတော့မယ့် ပဏာမ ခြေလှမ်းများပါတကား"

ယင်းအသိက နှလုံးသားကို ထုနှက်လိုက်သည်သို့ပင် ဖျတ်ဖျတ်ခါ နာကျင်လှချည့်ရဲ့။

စိတ်တင်း၍ ဆင်းသွားရန် ဟန်ပြင်နေသော သူသည်လည်း လေကား၊ ထိပ်အရောက်တွင် မဆင်းနိုင်ရှာသေး၊ မနုမေရှိရာသို့ ဖြည်းညင်းစွာ လှည့်စောင်းကြည့်ရှာသည်။

မနုမေနည်းတူ သူလည်း ခံစားနေရရှာပါကြောင်း။ မနုမေ မြင်ရပါဖြို့ သူကကြည့်နေရာမှ ခေါင်းကို ငိုက်စိုက်ချလိုက်ပြီးမှ လေကားထစ်များကို တစ်ထစ်ချင်း နင်း၍ ဖြည်းဖြည်းချင်းဆင်းသွားခဲ့ပါပြီ။

"သူ... သူ... သွားပြီ"

ကျောခိုင်းသွားသော သူ့နောက်ပိုင်းကို ကြည့်နေရင်း သူ နှိမ့်ဝင်ယွောက်ကွယ်သွားခဲ့လေပြီ။

"သွားပြီ"

တစ်သက်တာ ဘယ်သောအခါမှ ပြန်လည်၍ မဆုံဆည်းနိုင်သည့် အဖြစ်မျိုးများဖြင့် သူခွဲခွာသွားလေပြီ။

နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းဆီမှ သိုဝှက်၍ ချစ်မြတ်နိုးခဲ့ရပါသော မနုမေ၏ 'သူ' ကို နောက်ဆုံး အကြိမ်အဖြစ်နှင့် မြင်တွေ့လိုက်ရခြင်းပါတကား...။

× × × ×

"ကဲ... ဒါဖြင့် ဒီဖြစ်အဖျက်ကိုတော့ ဝန်ခံတယ်ပေါ့... ဟုတ်လား ဟင် ... မနုမေ"

ခေါင်းငုံ၍ ကျဲ့ကျဲ့လေးထိုင်နေသော မနုမေခေါင်းညိတ်ပြလိုက်ရ၍ မျက်ရည်စက်လေးများ ကြွေကျကုန်သည်။

"အုံပါအေ... အာဂတောသူပဲ၊ မကြားဝံ့မနာသာ ဖြစ်မှ ဖြစ်ရလေ"

ဒေါ်ခင်လေးတင့်က ရင်ဘတ်ကြီး ဖြန်းခနဲ တီးရင်းက အသက်ရှူသံပြင်းပြင်းများ ကြားမှ ပြောကြားသည်။

"ဒီအဖြစ်မျိုးကို ဘယ်လင်သားကမှ လက်မခံနိုင်ဘူး...၊ မကြည်ဖြူနိုင်ဘူး... ပြီးတော့ ဆက်ပေါင်းနေဖို့လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တခြားကရလာတဲ့ သွေးကို တို့ခတ္တာမြို့ငှင် မိသားစု စာရင်းမှာ ဘယ်လိုလုပ်ပြီး သွင်းနိုင်မှာလဲ"

ဒေါ်ခင်လေးတင့်က သူ့ဒေါသသူ အတော်ချည်း ထိန်းနေပုံ ရသည်။ သူသဘောနှင့် သူ့ဒေါသအတိုင်းသာ ပြုမူစတမ်း ဆိုပါလျှင် သူ့ရှေ့မှ မနုမေ ကျည်က်၍ အမှုန့်ဖြစ်လောက်ပြီ။

"ညောင်... တခြားကသွေးကို တို့ခတ္တာမြို့ငှင် မိသားစုစာရင်းမှာ မသွင်းနိုင်ဘူးတဲ့"

"ကဲ... ပြောတော်မူစမ်းပါဦးအေ ... ဘယ်သူနဲ့ ဖြစ်လာခဲ့တာလဲ"

မနုမေ ငြိမ်နေသည်။

"ကဲ... ပြောစမ်းပါ။ အရှက်မရှိ ဖောက်ပြန်ခဲ့ပြီး ခုကျမှ ရှက်သလိုလို ကြောက်သလိုလို လုပ်မနေစမ်းပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"မပြောဘူး"

"ဘာ..."

"မပြောနိုင်ဘူး၊ ကျွန်မကို ရိုက်စစ်ရင်တောင် အသေခံသွားမယ်။ ဒီအဖြစ်အပျက်ကို ကျွန်မရဲ့အသက်နဲ့အမျှ ဘယ်သူ့ကိုမှ ဘယ်တော့မှ မပြောဘူး"

"သြော်...ဟော်...တော်တော်လည်း လာတဲ့ ကောင်မပဲ၊ တောပြန်တုန်းက ဖြစ်လာမှာပေါ့။ ကဲပါအေ... ထားစမ်းပါတော့၊ ငါသားကြီးပဲ ငါသနားလှတယ်၊ အမေရွေးပေးတဲ့ ချွေးမ ကျမှ ခွေးဇာတ်ခင်းပြီး ထွက်လာတယ်"

"ပြောပါစေတော့"

မိမိ၏ မေတ္တာတရား လေးနက်မှုသည် လောကအမြင်တွင် ခွေး၊ လောက်မှ အသုံးမကျသော အမှုကို ပြုခဲ့မိသူ... အကြီးမားဆုံး ဖောက်ပြန်ကျူးလွန်မှုကို ပြုခဲ့လေသူ... ရှိပါစေတော့၊ ငုံ၍သာ ခံရပါတော့မည်။

"ကဲ... ဒီမှာ"

ဒေါ်ခင်လေးတင့်က ခြေတစ်ချက် ဆောင့်နင်းပြီး အသံပြုလိုက်သည်။

"ငါသားကတော့ ညည်းလိုမိန်းမကို ဘယ်နည်းနဲ့မှ ဆက်ပြီး ပေါင်းမှာ မဟုတ်တော့ဘူး၊ ဒီတော့ ညည်းဘာလုပ်မလဲ"

"ညည်းသဘော ဘယ်လိုရှိသလဲ၊ ဘာလုပ်ချင်သလဲ၊ ဒါမှ မဟုတ် ငါဆုံးဖြတ်ပေးတာကို နာခံမလား"

"ကျွန်မ... ကျွန်မ... နာခံပါမယ်ရှင်"

အရှက်အကြောက် ကြီးလွန်းသော၊ မပြတ်သားသောမိန်းကလေး မနေမေ ဇေစပ်စဉ်က တိကျစွာ မစူးစမ်းမိဘဲ ယုံမှတ်လွယ်စွာ လက်ခံခဲ့ရာမှစသော ပြဿနာသည် အိမ်ထောင်ရှင်တစ်ယောက်ဘဝတွင် ထိန်းအပ်သိမ်းအပ်သည်ကို မထိန်းသိမ်း မဆင်ခြင်ပါဘဲနှင့် ချစ်မေတ္တာတရား တစ်ဖက်တည်း၏ နောက်ကိုသာ ကောက်ကောက်ပါ လိုက်ခဲ့မိရာမှ သာယာသော အတွေ့တွင် မေ့မြောခဲ့မိသော မိန်းမမိုက်ကလေး တစ်ယောက်၏ အပြန်လမ်းသည် ကြမ်းတမ်းသော ဆူးလွှမ်းလမ်းပေါ်သို့ တစ်သက်တာပတ်လုံး လျှောက်လှမ်းရတော့မည့် အဖြစ်ပါတကား။

"အေး... ဒါဖြင့်ရင် ခွင့်မလွှတ်နိုင်သော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခဲ့မိသူ ကျွန်မ နေမေက ကိုတင်အောင်နိုင်ကို တရားဝင် ကွာရှင်းခွင့်ပေးပါသည်ဆိုပြီး စာချုပ်မှာ လက်မှတ်ထိုးရမယ်။ ရုံးတက်ပြီး ကွာရမယ်"

"ဟုတ် ...ဟုတ်ကဲ့ပါရှင်"

"အေး... ပြောချင်တာကတော့ ပစ္စည်းကိစ္စပဲ၊ တို့မှာလည်း မင်္ဂလာဆောင်အတွက် လာရသွားရတာတွေ၊ ညည်းကို ကျွေးထားရတာတွေ၊ ဆင်ထားရတာတွေလည်း အတော်ကုန်သွားပါတယ်"

လူမှုရေးအရ မဆိုးလှသော်လည်း စီးပွားရေးဘက်တွင် လောဘသက္ကဿဝကြီးလှသော ဒေါ်ခင်လေးတင့်က စကားစလေပြီ။ မိမိကိုယ်ခန္ဓာထက် စိန်တစ်ဆင့်စာ ငွေတစ်သောင်းနှင့် ရွှေများစွာအပြင် အဘစ်၏ အမွေများကိုပါ မက်၍ မုဆွာမ ဝတ်လုံတော်ရ ဦးဘကွန့်မှတစ်ဆင့် မိမိတို့ ဆက်သွယ်ဝယ်ယူခဲ့သည့် အဖြစ်ကို မနေမေ ပြန်လည်သုံးသပ်မိပါသည်။

"ဒီတော့ ညည်းမှာလည်း အပြစ်ကြီးတယ်မဟုတ်လား၊ ညည်း အဝတ်အစားနဲ့ လမ်းစရိတ်လောက်ပဲယူပြီး ခတ္တာမြို့ငယ်ပေါ်က ဆင်းသွားစေချင်တယ်"

ဒေါ်ခင်လေးတင့်က စကားကို ခဏရပ်လိုက်ပြီးမှ...

"အေး ... ညည်းမိဘနဲ့ ဘကြီးတွေ လိုက်လာတောင်းရဲရင်လည်း တောင်းကြပစေပေါ့။ ညည်းအပြစ်ကို ပြောပြလိုက်မယ်။ ခေါင်းမော်ရဲဘဲ တိုက်ပေါ်က ဆင်းပြေးရမှာပေါ့၊ ဟုတ်ဘူးလား၊ ငါသား လူဖျို ပညာတတ် အတွင်းဝန်ကလေးတစ်ယောက် တစ်ခုလပ်ဖြစ်ရတဲ့အတွက်ရယ် ညည်းလို သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်ကြောင့် စိတ်ဒုက္ခရောက်ရတဲ့အတွက်တွေရယ်ကို ဒီပစ္စည်းလောက်တော့ လျော်ပေးသင့်ပါတယ်အေ၊ ဘယ့်နယ် သဘောရလဲ၊ ညည်းဘကြီးနဲ့ အမေအဖေတွေက ဘာပြောကြမယ် ထင်သလဲ"

သည်ခတ္တာမြို့ငယ်သို့ ရောက်စကပင် သိမ်းထားပေးမည်ဆိုက ပစ္စည်းအားလုံးကို ယောကျ်မ၏ လက်သို့ အပ်နှံခဲ့ရပြီးလေပြီ။ ယခုလို အမည်းစွန်းကြီးထင်လျက်နှင့် အိမ်ပေါ်က ဆင်းရမည့် အဖြစ်မျိုး မဆိုထားနှင့်၊ ရိုးရိုး

www.burmeseclassic.com

www.burmeseclassic.com

သားသား တောင်းလျှင်လည်း ရနိုင်ရန်လွယ်မည်မထင်။

"ပစ္စည်းကိစ္စတော့ ကျွန်မ ကျေနပ်ပါတယ်။ ပေးခဲ့ကြောင်း လက်မှတ်ထိုး ဆိုတောင် ထိုးပေးခဲ့ပါမယ်။ ကျွန်မရဲ့ အပြစ်အတွက် ဒီက စီစဉ်သလို လိုက်နာဆောင်ရွက်ပေးပြီးမှ ကျွန်မ ခတ္တာမြို့ငှက် စွန့်ခွာသွားပါမယ်ရှင့်"

"အေးပေါ့ ... ဒါရိုတာပေါ့"

"ပြီးတော့ ကျွန်မရဲ့ဘကြီးနဲ့ မိဘများကိုလည်း ဘယ်တော့မှ ခတ္တာမြို့မှာ မမြင်စေရပါဘူး စိတ်ချပါ။ ဒီပစ္စည်းတွေကိုလည်း ကျွန်မကို အပိုင်ပေးလိုက်ကြတာမို့၊ ကျွန်မပေးချင်တဲ့သူကိုပေးနိုင်ခွင့် ရှိပါတယ်၊ ကျွန်မပေးခဲ့ပါမယ်"

"ဒီလိုတစ်ခါတည်း ကိစ္စ ပြတ်သွားတယ်ဆိုရင် ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့... ကျွန်မကိုယ်တိုင်လည်း ဇာတိမြေနဲ့ မိဘတွေဆီကို မပြန်ပါဘူး၊ ခတ္တာမြို့မှာ မရှိတော့တဲ့အကြောင်း စာရေးပြီး အကြောင်းကြားလိုက်ပါမယ်"

"နို့ဘယ်သွားမှာလဲ၊ အဲဒီကလေးအဖေဆီကိုလား"

"မဟုတ်ပါဘူး၊ ကလေးအဖေဟာကျွန်မသွားနိုင်တဲ့ နေရာမှာ မရှိပါဘူး။ သူကအဲ့ဝေးကြီးမှာပါ၊ ကျွန်မခုလို ဒုက္ခတွေခံစားရလေ၊ သူ့ကို ချစ်မြတ်နိုးရာ ရောက်လေပါ။ ကျွန်မအနေနဲ့ ကျွန်မရင်ထဲက မျိုးကောင်းကောင်း သွေးလေးကို မွေးမွားဖို့ ဘဝရဲ့အားမာန်တွေ ရှိလာအောင် ကြိုးစားရပါဦးမယ်၊ မိခင်စိတ်နဲ့ ကြိုဆိုရပါမယ်။ ကလေးနဲ့ ကလေးရဲ့ အဖေအတွက် ကျွန်မရဲ့ဘဝကို ပျောက်ဆုံးခဲ့ပြီး ချစ်ကြောင်းပြပါ့မယ်။ ကဲ... ကျွန်မအတွက် စာချုပ်စာတမ်းဆိုတာသာ လုပ်ပါ။ ပြီးတာနဲ့ ချက်ချင်းပဲ ခတ္တာမြို့ငှက် အပြီးတိုင် စွန့်ခွာထွက်သွားပါမယ်။ ဒေါ်ခင်လေးတင့်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com

ဘခန်း (၁)

မြင့်မားမတ်စောက်သော 'ရွှေမြင်းဖြူဘုရား'၏ ကမ်းပါးထိပ်တွင် 'ခိုင်နွေဦး' ထိုင်နေမိသည်။

အောက်ခြေတွင် ချင်းတွင်းမြစ်သည် သေသေသပ်သပ်လေး ပြေးလွှားစီးဆင်းနေသော်လည်း လှပဆဲ၊ တည်ငြိမ်ဆဲ၊ ရင့်ကျက်ဆဲပါပင် ... ကနဲဘက် ကမ်းဆီမှ တံငါလှေများနှင့် သစ်ဖောင်မျှောသမားတို့သည် ချင်းတွင်း၏ ဖိုဖိုသူများဖြစ်ကြသည်။

ချင်းတွင်း၏ ဟိုဘက်ကမ်း 'ကနဲ' နှင့် သည်ဘက်ကမ်း 'ကနို' ဝန်းကျင်တွင် ထန်းတောများသည် မြင့်မတ်ဆဲ၊ တောင်ညိုများသည် မှိုင်းမှန်ဆဲ၊ သောင်ပြင်တွင် သစ်မာလုံးများ လျောင်းစက်ဆဲ၊ ချင်းတွင်းသည်လည်း စီးဆင်းမြဲပါတကား...

"ညော်... အနှစ်နှစ်ဆယ် ကျော်လာသည့်တိုင် ချင်းတွင်းသည် သူ့အဆင်းတန်ဆာများဖြင့် ပျိုမျစ်ဆဲ၊ လှပ်ရှားဆဲပါလား"

ခိုင်နွေဦးမှာ ငေးမောရင်း စဉ်းစားရင်းမှားဖြင့် နေရာမှထမိသည်။ ဝေးဝေးဆီမှ 'အညာကြီးဆန်' သတ်ဘတစ်စင်း စုန်လာနေပြီဖြစ်ကြောင်း ကိုလည်း မြင်တွေ့နေရပါ၏။ သင်္ဘောမီးခိုးလေးများက ကောင်းကင်ပေါ်သို့ လွှန်လူး မြင့်တက်သွားနေသည်။

"ဟေး ... ခိုင်နွေဦး ... ဘာလုပ်နေတာလဲ"

"အလကားပဲ၊ ပျင်းတာနဲ့"

ပျင်းရုံဖြင့် ဓဟုတ်ပါ၊ ကြံစည်စရာ လုပ်ဆောင်စရာများကြောင့် စိတ်ပျက်အားငယ်စွာဖြင့် ကမ်းပါးမှာ လာရပ်နေခဲ့ခြင်း ဖြစ်ပါ၏။

"တို့နှား... လာကူပါလား"

"အေး...အေး... လာခဲ့မယ်"

ငယ်သူငယ်ချင်း 'ဝင်းရီ'၏ ခေါ်ဆင့်မှုဖြင့် ခိုင်နွေဦးမှာ ပြေလျော်ရာ ရာမှ ကမ်းခြေသို့ ပြေးဆင်းလာခဲ့မိသည်။

"ဘာတွေစဉ်းစားနေတာလဲ ကြာလှပြီထိုင်နေတာ၊ နင့်ရည်းစားလေးမှာ ကျန်ခဲ့တယ်လား"

"ဝင်းရီကလည်းဟယ်... ငါ့မှာ ရည်းစားမရှိပါဘူး"

ဆိုက်ကပ်လာမည့် သင်္ဘောအမီ ရောင်းရန် မြေပဲလှော် ကန်တော့လေးများအတွင်းသို့ မြေပဲတောင့်နှစ်ဆယ်စီ ရေတွက်၍ ပိုင်းထည့်ပေးနေမိသည်။ ဝင်းရီ၏ စီးပွားရေးကို ပိုင်းကူနေမိခြင်းပါ။

"နင့် ကြည့်ရတာရည်းစားပူမိသလိုပဲ မြို့ငတွေတွေနဲ့"

"မဟုတ်ပါဘူး၊ တခြားကိစ္စပါ"

"ဘာလဲ ...ငါမသိရဘူးလား"

"သိရပါတယ်... ငါရန်ကုန်ကို သိပ်သွားချင်တယ်"

"ခိုင်နွေဦး ... နင့်အဖေ ရန်ကုန်မှာ ရှိတယ်နော်"

"အေး"

"နင့်တွေ့ဖူးလား"

"ဟင့်အင်း"

"မန္တလေး တက္ကသိုလ်မှာ ကျောင်းသွားတက်တုန်းကရော နင့်အဖေက နင့်လာမတွေ့ဘူးဘား"

"လာမတွေ့ပါဘူး ဝင်းရီရယ်"

"နင့်အဖေကို မမြင်ဖူးနော်"

"အင်း"

"နင်က ပညာတွေတတ်ပေမယ့် ကုသိုလ်မကောင်းဘူး၊ မိစုံ ဖစုံနဲ့ မနေရဘူး၊ တို့ကျတော့လည်း မိဘစုံရုံမဟုတ်ဘူး မောင်နှမတွေများလွန်းတော့ စားဖို့တောင်အနိုင်နိုင်၊ ပညာလည်းမတတ် ဆင်းကလည်း ဆင်းရဲ"

"ဝင်းရီရယ်... လောကမှာ မိသားစု စုံစုံညီညီ ကျန်းကျန်းမာမာ၊ ချစ်ချစ်ခင်ခင်နဲ့ နေရတာလောက် သာယာပြည့်စုံတာ ဘယ်မှာရှိပါမလဲဟာ"

www.burmeseclassic.com

"အေး ... နော်၊ နင်တို့သားအမိကို တို့တစ်မြို့လုံးက သနားကြ မေတ္တာရှိကြတာပါ၊ ဒေါ်လေးမနုမေဟာ.ရတော့ သူဌေးသား ပညာတတ် ပါပဲ။ ဒါပေမဲ့ အသွင်မတူလို့ ကွဲလာကြတယ်ဆို၊ တို့အမေက ပြောပြတယ်"

"အေး"

"ဒေါ်လေးမနုမေက နင့်လိုပဲ ငယ်ငယ်က သိပ်လှတာတဲ့၊ သူ့ ယောကျ်ားက ဘာလို့များ ပစ်လိုက်လဲမသိဘူးနော်၊ နင့်ကို ပြောမပြဘူး လား"

"မပြောပါဘူး ဝင်းရီရယ်"

ကောင်းသော ညာခြင်းပါ ... မပြောသင့် မပြောအပ်၍ ပြီးပြတ် အောင် ပြောလိုက်ရသော်လည်း ခုနလေးတင်ကပင် ချစ်မေမေ ဒေါ်နုမေ၏ မေတ္တာဇာတ်လမ်းလေးများကို နိုင်နွေဦး ပြန်လည်၍ သတိရနေမိဆဲပါပင်။

"နင် ကျောင်းဆက်တက်လို့ ရသေးတယ်ဆို"

"အေး"

"တက်မှာလား"

"မတက်တော့ပါဘူး၊ ငါ မဟာဝိဇ္ဇာဘွဲ့ ဆက်ပြီးမရချင်နေပါစေ၊ ငါ့ရည်ရွယ်ချက်ရှိတာလုပ်ရရင်တော်ပါပြီ"

"ဘာလဲ... ရန်ကုန်သွားချင်တယ်ဆိုတာလား"

"ဟုတ်တယ်"

"နင့်အဖေဆီ သွားချင်တာလား"

"အေးပေါ့"

"ရှိသေးလား"

"မပြောတတ်ဘူး ... ရှိမှရှိသေးရဲ့လား မသိဘူး"

"အေးပေါ့လေ... ဘာပဲဖြစ်ဖြစ် ကိုယ့်အဖေ အကြောင်းတော့ ကိုယ်သိချင်မှာပဲ၊ ငါနင့်ကို သနားပါတယ် နိုင်နွေဦးရယ်၊ ငါတတ်နိုင်တာ ဆိုရင် နိုင်းပေါ့ သူငယ်ချင်းရာ"

"ဒီရွာမှာ ငါအချစ်ဆုံးဟာ နင်ပဲဝင်းရီရယ်၊ နင့်ငါ့အမေကို နည်းနည်း ပါးပါး ဝိုင်းကူမပေးနိုင်ဘူးလား"

"ငါ ဘယ်သူ့မဆိုလုပ်ပေးနေကျပဲ၊ ပြီးတော့ ဒေါ်လေး မနုမေက

ကို့လိုစီးပွားရှာရတာမှ မဟုတ်ပဲ၊ အိမ်အလုပ်ပဲရှိတာ။ စိတ်ချ... နင့်သွား ပို့သွား။ ငါကြည့်လုပ်ပေးထားနှင့်ပါမယ်"

ချစ်မေမေဒေါ်နုမေ၏ အတွင်းပစ္စည်းများ ကုန်ခဲ့ပြီဆိုသော်လည်း အိတ်များထားရစ်ခဲ့သော ခြံမြေအမွေများဖြင့် စားသောက်နိုင်ရုံမက သမီး ကိုပင် မန္တလေးတက္ကသိုလ်မှ ဘွဲ့ရသည်အထိ ငွေပို့နိုင်ရာခဲ့သော မေမေ။

"သမီးကို ဒီအကြောင်းတွေပြောပြဖို့ သင့်မသင့် ချိန်ဆတာကြာခဲ့ပါပြီ၊ အမှန်တော့ မေမေရဲ့ သစ္စာဖျက် ဇာတ်လမ်းကို သမီးမကြားသိထိုက်မှန်း မသိမေသိပါတယ် နိုင်နွေဦး၊ ဒါပေမဲ့ မတော်လို့များ မေမေသေဆုံးသွား ရင်..."

"ဒီလိုမပြောပါနဲ့ မေမေရယ်"

"သခင်ရဆိုတာ ငယ်တယ်ကြီးတယ် အရွယ်မလိုက်ဘူးလေ သမီး၊ ဒါကြောင့် မေမေများသေဆုံးသွားခဲ့ရင် သမီးရဲ့မှတ်ပုံတင်မှာ ပါတဲ့အတိုင်း သမီးရဲ့ဖခင်ဟာ ဦးတင်အောင်နိုင် လို့ သိမှတ်နေမှာစိုးလို့ပါ"

အခြေခံပညာရေး အထက်တန်းအောင်၍ မန္တလေးတက္ကသိုလ်သို့ သွားခါနီးတွင်မှ မေမေ၏ ဇာတ်ကြောင်းပြန်ဇာတ်လမ်းလေး တစ်ပုဒ်နှင့် နိဂုံးစကားလေးများကို ကြားသိခွင့် ရလာခဲ့ရခြင်းပါ။

လေးနှစ်တာပတ်လုံး ဖခင်ကို မြင်တွေ့ချင်လွန်းသောစိတ်များဖြင့် သာ စာသင်နှစ်များကို ကုန်ဆုံးခဲ့ရသည်။

"ခတ္တာမြို့ကို သွားပါရစေ မေမေရယ်၊ ဖေဖေရဲ့ မျက်နှာကို မြင်လျှင်း ဒါငါ့အဖေပါလို့ သိခဲ့ရပြီးရင် သမီး မေမေ့ဆီပြန်လာခဲ့မှာပါနော်... မေမေ ရယ်... သမီးသွားပါရစေ"

ပထမတော့ မေမေက လုံးဝခွင့်မပြုခဲ့၊ တင်းမာနေဆဲပါပင်။ ဒုတိယ ဝိုင်းတွင် ဝမ်းနည်းစကားဆိုလာသည်။ နောက်ဆုံးတွင်မှ...

"အေးပေါ့လေ ... အတောင်စုံတော့ အမေ့အသိုက်အမြုံကို ခြေကန် ပြီး သွားကြည့်ဦးပေါ့"

ခွင့်ပြုသော်လည်း မကျေမနပ်နှင့်ပါ။ မတတ်နိုင်တော့ မေမေ့ကို နှစ် သိမ့်ခြင်းများစွာနှင့် တောင်းပန်အသနားခံပြီးပါပြီ။

နွေဦးတစ်ညတွင်ချစ်ခဲ့ရသော ကိုတင်အောင်ခိုင်ကို ရည်ညွှန်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ချစ်သမီးလေးအား 'ခိုင်နွေဦး' ဟူသော အမည်လေး ပေးထားရပါကြောင်း၊ ဟူသော...

မေမေ၏ခံယူချက်ကလေးကို သည်ပိုးဆောင်ယူလွှက်...

ချစ်ဖေဖေ ရှိနေမည်ဟူ၍ ယူဆရသော "ခတ္တာမြို့ဝင်"ဆီသို့ အရောက်သွားရန် ခိုင်နွေဦး သန္နိဋ္ဌာန်ချလိုက်ပြီးပါပြီ။

"အော်... ချစ်ဖေဖေသည်သာ ခတ္တာမြို့ဝင်မှာ ရှိနေနှင့်ပါစေ"

× × × ×

အခန်း (၂)

"ခတ္တာမြို့ဝင်"

ခြံထိပ်မှ စာတန်းသည် အိုမင်းခြင်း သရုပ်ကို ဆောင်နေပါ၏။ အမှတ်မထင်သွားလျှင် မြင်ပင်မမြင်ရတော့။ အနှစ်နှစ် အလလကပင် တက်နေသော ချေးများ၊ ရေညှိများဖြင့် ဝိတ်ဖုံးနေပါပြီ။ အုတ်တိုင်တွင် အင်္ကတေစလုံးဖြင့် ထွင်းထုထားခြင်း ဖြစ်၍ ဝိန်းဝိတ်နေလေပြီ။ ကျဆုံးခြင်း၏ သရုပ်ကို ပြနေခြင်းပါ။

သံချေးတက်နေသော သံတံခါး၏ အတွင်းဘက်ခြံဝင်းထဲတွင် မပြုပြင်သည်မှာ ကြာနေပြီဖြစ်သော ခြံမြေအတွင်းဝယ် ချုံနွယ်များ ပေလိမ်ယှက်ထွေးနေသည့် ဆေးရောင်မိန်နေသောတိုက်အိုကြီး၏ နံရံသည် ရေညှိများကြောင့် ညိုမှိုင်းနေပါ၏။

"ဩော်... အနှစ်နှစ်ဆယ်ကျော်ကာလက လျှမ်းလျှမ်းတောက်ခဲ့သော ခတ္တာမြို့ဝင်သည် ယခုအချိန်တွင် မှေးမှိန်ကျဆုံးခဲ့လေပြီတကား"

ဤသို့ မတောက်ပ၊ မတက်ကြွတော့သော ခတ္တာမြို့ဝင်သို့ ချဉ်းကပ်ဖွင့်ရန်ခိုင်ရန် ခိုင်နွေဦးတစ်ယောက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသည်။ အတန်တန် ကြိုးစားခဲ့ရသည်။ အခက်ခဲများစွာကို ကျော်လွှား ဖြတ်သန်းခဲ့ရသည်ပါ။

"ဒီအကြောင်းတွေကြားပြီးရင် ခတ္တာမြို့ဝင်ဆိုတာကို စိတ်နာသွားလိမ့်မယ်လို့ အမေ ထင်ခဲ့မိတယ်၊ ခုတော့ ငါ့သမီးက ခတ္တာမြို့ဝင်ကို ပြန်မှားချင်တယ်ဆိုတော့ အမေ ရင်ကျိုးရပြီပေါ့ကွယ်"

'ဒေါ်နုမေ' သည် သမီးလေး ခိုင်နွေဦး၏ ပခုံးကို ကိုင်တွယ်ရင်း

www.burmeseclassic.com

မျက်ရည်များ ကျလာရှာသည်။

"မဟုတ်သေးပါဘူး မေမေရယ်၊ မေမေ့ကို ပစ်ပယ်ပြီး ခတ္တာမြို့ငယ်ကို ချဉ်းကပ်မယ့် အပြုမူမျိုး မဟုတ်ပါဘူး။ သမီးကိုလည်း ခတ္တာမြို့ငယ်က ဝမ်းပန်းတသာနဲ့ ကြိုဆိုဖိတ်ခေါ်လိမ့်မယ်လို့ မထင်မိပါဘူး။ ခတ္တာမြို့ငယ်ထဲကို ဝင်ခွင့်ရခဲ့ရင်လည်း သမီးဟာ မေမေရဲ့ သမီးအဖြစ်နဲ့ အသိမခံပါဘူး၊ မေမေ"

"ဒါဖြင့် ဘာအဓိပ္ပာယ်နဲ့ ဘာသွားလုပ်မှာလဲ သမီးလေး ခိုင်နွေဦး"

"သြော်... မေ ...ပါ..."

မျက်ရည်များ စွတ်စိုနေသော ချစ်မေမေ၏ ပါးပြင် လျော့ရဲရဲလေးကို ခိုင်နွေဦး ပွတ်သပ်ပေးရင်းက...

"သမီးရဲ့ ဖေဖေဆိုတဲ့ ဦးတင်အောင်နိုင် ဆိုတာကို တွေ့ချင်လို့ပေါ့"

ဒေါ်နုမေက ဝမ်းမြောက်သော အကြည့်များဖြင့် ဖြည်းလေးစွာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"သမီး တွေ့ချင်တာကို အမေ အပြစ်မတင်ရက်ပါဘူး၊ ဒါပေမဲ့ ဒေါ်ခင်လေးတင့်က သိပ်ဆိုးတယ်၊ ပြီးတော့ သူ ... သူမှ ရှိပါမလား။ ခတ္တာမြို့ငယ်မှ ပြန်လာရဲလား၊ နိုင်ငံခြားမှာပဲ နေလိုက်ပြီလား မသိ"

"အဲဒါတွေ အားလုံးသိရဖို့ သမီးသွားချင်တာပါ မေမေ"

"တစ်ခုတော့ အမေမှာပါရစေ"

"ဟုတ်ကဲ့ မေမေ"

"သမီးဟာ သူသမီးပါလို့ သိကြတာနဲ့အမျှ အမေဟာ အင်မတန်မှ ယုတ်ညံ့တဲ့၊ ဖောက်ပြန်တဲ့ မိန်းမတစ်ယောက် ဖြစ်ပါတယ်လို့ ကြေညာလိုက်တာနဲ့ အတူတူပါပဲ ဆိုတာတော့ ငါ့သမီး ခိုင်နွေဦး စဉ်းစားဖို့ ကောင်းတယ်"

"မေမေရယ်..."

ချစ်လှစွာသော မေမေ့ကို ခိုင်နွေဦး လှမ်းဖက်လိုက်မိသည်။ မေမေ့ရင်မှာ မေတ္တာဝင်သည့်နေ့မစ၍ ထာဝရ ပူလောင်ဆွေးခဲ့ရရှာသော နှလုံးသားနေရာလေးကို ခိုင်နွေဦးက လက်နှင့်ဖိအပ်ရင်းက...

"မေမေ့ကို သမီးသိပ်နားလည်ပါတယ် မေမေ၊ မေမေ့ရဲ့ ပြောပြ

ကျက်အရ မေမေဟာ ဘယ်လောက်အထိ ခံစားခဲ့ရတယ်ဆိုတဲ့ မေမေရဲ့ ရင်တွင်း ဝေဒနာတွေကို တစ်ယောက်တည်း သိခွင့်ရတဲ့ သူဟာ မေမေ့ သမီးပါ ...။ မေမေ ဖောက်ပြန်တယ်လို့ သမီးမယူဆရက်ပါဘူး။ ရုက်တတ်ကြောက်တတ်ပြီး မပြတ်သားခဲ့တဲ့ အရိုးခံ တောနယ်သူလေး တစ်ယောက်ရဲ့ လူမြင်ကွင်းနောက်ကွယ်က မေတ္တာဇာတ်လမ်းလေးအကြောင်းကို ဒီကမ္ဘာပေါ်မှာ မေမေရယ် သမီးရယ်ကလွဲလို့ ဘယ်သူများ သိလို့လဲ မေမေ။ ဖေဖေကိုယ်တိုင်အောင် သိခွင့်မရတဲ့ ဇာတ်လမ်းပါ။ ဒီမှာ မေမေ..."

"အင်း..."

"မေမေဟာ ဦးတင်အောင်နိုင်ရဲ့ တရားဝင်ဇနီး။ လင်မယားချင်း မသင့်မြတ်လို့ ကွဲကွာလာခဲ့ကြတယ်။ မေမေပိုင် စိန်ရွှေရတနာတွေကို ခတ္တာမြို့ငယ်မှာ ထားခဲ့ရတယ်။ မေမေရဲ့ ရင်မှာ သမီးရတနာလေး ပါလာခဲ့တယ်။ အဲဒါဟာ ဒီကနိမြို့နဲ့ တကွ အားလုံးက သိထား လက်ခံထားကြတဲ့ ဖြစ်ရပ်ပါ။ တောသူမလေးရဲ့ စိန်ရွှေထုပ်ကိုယူပြီး ကွာရှင်း နှင်ထုတ်လိုက်ကြတယ်လို့ ခတ္တာမြို့ငယ်ကို အပြစ်မြင်ကြတယ်။ မေမေ့ကို သနားကြတယ်။ ဒီလိုပါနော် မေမေ"

ဒေါ်နုမေကို အားလုံးကပင် သည်သို့ မြင်ကြပါသည်။ ဒေါ်နုမေကို သနားခဲ့ကြလေ ခတ္တာမြို့ငယ်ကို မုန်းတီး စက်ဆုပ်ကြလေပါ။ ထိုစဉ်က မနုမေတစ်ယောက် ခတ္တာမြို့ငယ်၏ ကောင်းသတင်း ဆိုးသတင်းများကို ဘာမှ ကြားသိခွင့်မရတော့။ မဲ့ရွဲ့မှ မနုမေ၏ ဘဘဦးစီး သည်လည်း ကွယ်လွန်သွားခဲ့ပြီ... သူပိုင်စက်များလည်း ပြည်သူပိုင်အဖြစ် သိမ်းပိုက်ခြင်းခံရပြီးနောက် မနုမေတို့ ဓိသားစုသည် မဲ့ရွဲ့သို့ပင် အရောက်အပေါက် နည်းခဲ့ကြရသည်။

ဤသို့ဖြင့် ခတ္တာမြို့ငယ်နှင့် မနုမေတို့သည် သတင်းဖလှယ်မှုလုံးဝ မရှိတော့၊ ခတ္တာမြို့ငယ်နှင့် ဝေးလံလှသော အရပ်တွင်... သမီးငယ်ကို ရင်ခွင်ပိုက်လျက် နေ့စဉ်နှင့်အမျှ မျက်ရည်ကျခဲ့ရရှာသော မနုမေ။

ခတ္တာမြို့ငယ်မှအပြန်တွင် မနုမေတစ်ယောက် ကနိမြို့သို့ ကန့်မတ်ဖွာ ပြန်ရောက်လာခြင်းမဟုတ်ပါ။ အမေတို့ကို ဒုက္ခမပေးလိုတော့ပါ။ ဖြစ်လိုရာဖြစ်စေတော့ ဆိုပြီး သယ်နှံးကျွန်းရှိ အဖေ့နှမဝမ်းကွဲ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင် ခေတ္တခိုလှုံနေခိုက်...

"နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း"

ဟူသော သတင်းစာမှ ကြော်ငြာကြောင့် အမေတို့ အပြေးအလွှား လိုက်လာ၍ ရှာဖွေကြသည်။ မနမေခိုလှုံနေသော အိမ်ကလည်း အကြောင်း ကြားလိုက်ပြီးဖြစ်၍ အမေတို့နှင့် အလွယ်တကူ ဆုံခဲ့ရသည်။ ခတ္တာမြို့ငယ် သို့ပင် မရောက်ဖြစ်တော့။

"အမေရယ်... သမီးပြန်မလိုက်ပါရစေနဲ့တော့၊ နမေထိုက်နဲ့ နမေက ခံပါရစေ... မပြန်ချင်ဘူး... သမီးရှက်တယ်၊ သမီးကို စွန့်လွှတ် လိုက်ကြပါတော့၊ ကိုယ့်မိုက်ပြစ်နဲ့ ကိုယ်ခံပါ့မယ်... အမေတို့ကို ဒုက္ခ မပေးပါရစေနဲ့၊ ပြီးတော့ ခတ္တာမြို့ငယ်ကိုလည်း မဆက်သွယ်ကြပါနဲ့လို့ သမီး ရှိုက်ပြီး တောင်းပန်ပါတယ်။ သမီး ပစ္စည်းတွေပေးခဲ့ရတာကိုလည်း အမေ ရယ် ဘယ်လိုမှ မအောက်မေ့ပါနဲ့တော့၊ သမီးနဲ့အတူ အဲဒီပစ္စည်းတွေကိုပါ စွန့်လွှတ်လိုက်ပါတော့နော် အမေရယ်"

"မတောင်းပါဘူး သမီးလေးရယ်၊ စိတ်ချပါ အမေတို့ သံသန်သန် စင်စင် ရှာဖွေထားတဲ့ ပစ္စည်းတွေပါ။ ဒင်းတို့စားထိုက်ရင် စားကြပေါ့၊ ငါသမီးနုနုထွတ်ထွတ် ရိုးရိုးသားသားလေးကို မတရားနှင်ထုတ်ကြတဲ့ဟာ တွေ ပျော်နိုင်ကြပါစေ။ ငါ့သမီး ပူသလို ဒင်းတို့မပူကြပါစေနဲ့"

အမေက ဒေါသရဲသောမတ္တာများ ပေးပို့နေလေပြီ။

"ဒီမှာ ပစ္စည်းဆိုတာ သခ်ါရပါသမီးရယ်၊ ဒါအတွက် မပူပါနဲ့ အမေရဲ့တစ်ယောက်တည်းသမီးလေးကို အမေသေမှ စွန့်လွှတ်သွားနိုင်မှာ ပေါ့၊ ဖြစ်မှဖြစ်ရလေ...မင်းနဲ့သမီးလေး၊ ငါ့သမီးလေး စိတ်ချမ်းသာအောင် ထားမယ်လို့ သမီးအဖေကပါ ငိုပြီး ပြောခဲ့ဖူးတယ်။ သမီးအဘစံဆိုရင် တက်တခေါက်ခေါက်နဲ့။ ကဲ... ငါ့သမီး ဘာလုပ်ချင်သလဲ၊ ရွာမပြန်ချင် ရင် ဘယ်မှာနေချင်သလဲ၊ အကောင်းဆုံးဆရာဝန်နဲ့ ငါ့မြေးလေးကို မွေးယူ မယ်၊ မင်းနဲ့ သမီးလေး နမေ မငိုပါနဲ့ကွယ်"

တိုင်းတာနိုင်ခြင်းထက် ဟိုမှာဘက်ရောက်အောင် ကျယ်ပြန့်လှပါ သော မိဘတို့၏ မေတ္တာစွမ်းအင်များဖြင့် မျက်ရည်ပင်လယ်တွင်းမှ မနမေ ကို ဆယ်ယူခဲ့ကြသည်။ ယခင်ကထက် နှစ်ဆမက ပြုစုယုယခဲ့ကြသည်။

မိရွေ့မျိုးများနှင့်တကွ ရပ်ရွာ၏ ကရုဏာတရားများကိုပါ မနမေ ပိုင်ဆိုင် ခွင့် ရရှိခဲ့သည်။

သည်သို့ဖြင့် လိုက်မမီနိုင်အောင် ကုန်မြန်လွယ်သော အချိန်တို့ကို ဖြတ်သန်းခဲ့ရာမှ ကနီသို့ မနမေ ရောက်ပြီး ခုနစ်လ မြောက်တွင်...

"သမီးလေး"

မွေးဖွားပြီးသည်နှင့် မနမေမှာ သမီးငယ်လေးကို ရင်ခွင်မှာ ပိုက်ထွေးထားရင်းက...

နွေဦးမှာ စခဲ့ ဆုံးခဲ့ရတဲ့ ငါတို့ရဲ့ ဇာတ်လမ်းလေးကို အမှတ်ရတဲ့ အနေနဲ့ သူ့အဖေနာမည်လည်း ပါရအောင်...

"ခိုင်နွေဦး"

အမေ မည်သည့် အမည်ကို ခိုင်နွေဦး မြတ်နိုးစွာ ခံယူခဲ့ပါသည်။

အဖေ့သွေးကြောင့်လေလားမသိ၊ ခိုင်နွေဦးသည် ဒေါ်နမေလို အရုက်ကြောက်ကြီးသူ မပြတ်သားသူ မဟုတ်၊ ဆုံးဖြတ်ရဲ၍ ပွဲဝင်တင့်မည့် သတ္တိရှိသော မိန်းကလေးတစ်ယောက် အဖြစ်နှင့် မွေးဖွားလာခဲ့သည်။

ခိုင်နွေဦး၏ ပထမဝိုင်း ဘဝစာမျက်နှာများကို လှန်ကြည့်မည် ဆိုလျှင် ဆန်းသစ်မှုများကို တွေ့ရမည် မဟုတ်ပါ။ ရုပ်လှသည်၊ ဖျတ်လတ် သွက်လက်သည်၊ စာတော်သည် စသော မှတ်ချက်များနှင့် အတူ သာမန် စွမ်းဆောင်ချက်မျိုးလောက်ကိုသာ တွေ့မြင်နိုင်ပါလိမ့်မည်။

ခိုင်နွေဦး၏ ဘဝစသည်က ခတ္တာမြို့ငှက်ပျောဝင်နိုင်ရန် ကြိုးစားခြင်း၏ နောက်ပိုင်းများတွင်သာ ဖြစ်ပါသည်။

အခြေခံပညာရေးအထက်တန်းမအောင်မြင်မီက သည်အကြောင်း ကို မပူဆာသေး။ အထူးကြိုးစားအားထုတ်ခဲ့သည်။ နှစ်ချင်းပေါက်ပင် အောင်မြင်ပြီးသည်နှင့် မန္တလေးတက္ကသိုလ်တွင် မြန်မာစာအဓိကနှင့် ဝိဇ္ဇာ တွဲ့ ရပြီးသည်အထိ ပညာသင်ပြီးသည့်နောက်တွင်...

"မေမေရယ် သမီးဟာ မန္တလေး တက္ကသိုလ်မှာ အလုပ်ရလျက်သား နဲ့ ငြင်းလိုက်တဲ့အတွက် သမီးကို ခွင့်လွှတ်ပါ မေမေ၊ ဒါပေမဲ့ သမီး ရန်ကုန်ကိုပဲ သွားပါရစေ။ သမီးသူငယ်ချင်း 'စန်းစန်းသီ' ရဲ့ အမေ ဒေါ်စိန် ပြိုင်'က မုံရွာနဲ့ရန်ကုန် ချည်ထုပ်တွေ ကုန်ကူးနေတယ်လေ၊ အဲဒီ ဒေါ်စိန်

www.burmeseclassic.com

မြို့ငှဲ့ရဲ့ ညီမက ကမာရွတ်မှာရှိတယ်။ သူ့စီစဉ်ပေးမယ်တဲ့၊ ကမာရွတ်မှာ ဘော်ဒါ ဆောင်တွေအများကြီးပဲ၊ အဲဒီကိုသွားပါရစေ မမမေရယ်၊ ခွင့်ပြုပါ"

ခတ္တာမြို့ငှဲ့နှင့် နီးစပ်ခွင့်ရအောင် ပကာမအနေနှင့် မမေမေထံ ခွင့်ပန်ရသည်ကပင် လွယ်ကူခဲ့သည် မဟုတ်ပါ။ နောက်ဆုံးမျက်ရည် စက်လက်နှင့် ကျန်ရစ်ခဲ့ရာသော ချစ်မမေမေကို ကန်တော့ပြီး ဇွတ်ပင် ထွက်လာခဲ့မိတော့သည်။

"ခွင့်လွှတ်ပါ မမေမေရယ်၊ သမီးရဲ့ ဘဝက တစ်ခြမ်းပဲလိုဖြစ်နေလို့ပါ။ သမီးရဲ့ဖေဖေဆိုတဲ့သူကို မြင်တွေ့ချင်လွန်းလို့ပါ"

× × × ×

ရန်ကုန်ရောက်စ ပထမလက ခိုင်နွေဦးမှာ ရှိသမျှအားမာန်မှားကို လျှော့ပြီး ကနိသို့ ပြန်ရန်ပင်စိတ်ကူးလာမိသည်။ အားငယ်လိုက်ရသည့်ဖြစ်ခြင်း။

ခတ္တာမြို့ငှဲ့ခြံကြီးရှေ့သို့ အခေါက်ခေါက် ရောက်ခဲ့ပါသော်လည်း ဝင်ခွင့်ရရန် ခိုင်နွေဦးတွင် ဘာသက်သေခံချက်မျှမပါ။ အိမ်ထဲမှထွက်လာသူ၊ ဝင်သွားသူများကိုလည်း မမြင်တွေ့ခဲ့၊ တစ်နေကုန် ထိုင်၍ကြည့်နေလျှင်ဖြင့် မြင်ရနိုး ထင်သော်လည်း မိန်းမသားငယ် တစ်ယောက်တည်း သူများခြံရှေ့တွင် အချိန်ကြာမြင့်စွာ ရပ်စောင့်နေ၍လည်း ဖြစ်နိုင်သော ကိစ္စမဟုတ်ပါပေ။

သည်သို့နှင့် နှစ်လလွန်မြောက်ပြီးနောက် ဒုတိယနွေတွင် သူငယ်ချင်း စန်းစန်းသီက ကရင်ဗမာကပြားအမျိုးသမီးတစ်ဦးကို ခိုင်နွေဦးထံသို့ ခေါ်ဆောင်လာခဲ့သည်။

"သူက ခတ္တာမြို့ငှဲ့မှာအလုပ်လုပ်နေတဲ့ ဆရာမစော့နန်းအေးပဲ ခိုင်နွေဦး"

ဟူ၍ မိတ်ဆက်ပေးလာသည်။ ခတ္တာမြို့ငှဲ့ကို ချဉ်းကပ်ရန် အတွက် ပထမဆုံးရရှိသော အဆက်အသွယ် ဖြစ်ပါ၍ ခိုင်နွေဦးမှာ ရင်

လှုပ် လှုပ်ခုန်နေမိသည်။

"စော်နန်းအေး" ဆိုသောအမျိုးသမီးသည် မျက်နှာပြောင်ပြောင်၊ အရောင်ကောက်၍ မျက်လုံးများက စဉ်းလဲခြင်းအသွင်ကို မဆောင်သည့် ကြင်နာတရားနည်းသော မိန်းမတစ်မျိုး ဖြစ်ကြောင်း ခိုင်နွေဦး အကဲခတ်မိသည်။

"ကျွန်မ... ကျွန်မလည်း ခတ္တာမြို့ငှဲ့မှာ အလုပ်တစ်နေရာလောက်များ ရမလားလို့ရှင့်၊ ဘာပဲလုပ်ရလုပ်ရပါ"

စော်နန်းအေးက ခိုင်နွေဦးကို အသေအချာ အကဲခတ်လိုက်ပြီး...

"ဘာကြောင့် ဒီလိုအိမ်မျိုးမှာ လုပ်ချင်ရတာလဲ"

"ရှင့်..."

ခိုင်နွေဦး ကြောင်နေမိသည်။ အပြင်လူတစ်ယောက် ကျေနပ်လောက်အောင် အဖြေပေးစရာ ခိုင်နွေဦးတွင်မရှိ၊

"ညည်း... ခတ္တာမြို့ငှဲ့မှာမှလယ်မဟုတ်ပါဘူး။ သူက ငွေသိပ်လိုနေလို့ အလုပ်လုပ်ချင်လို့ပါ။ စန်းက မမစော်နန်းအေးနဲ့သိတယ်၊ ပြောကြည့်ပါလားဆိုပြီး ခေါ်လာတာပါ"

စန်းစန်းသီက ပါးနပ်သည်။ ကနိမြို့သူချင်းမို့ ခတ္တာမြို့ငှဲ့၏ မိသားစုဝင်ဟု သူသိပြီးသား။ ဒေါ်နုမေ၏ မေတ္တာတော်လမ်းကိုသာ သူမ သိခြင်းဖြစ်ပါ၏။ စန်းစန်းသီ၏ ပါးနပ်သော စကားများကြောင့် စော်နန်းအေးက...

"ဒီကလည်း ဒီအိမ်မျိုးစိတ်ပျက်နေတာနဲ့အတော်ပဲ။ လူစားရှာမရသေးလို့သာ သည်းခံနေရတာ၊ ရှင်လည်းစိတ်ပျက်မှာ အမှန်ပါဘဲ။ ဒါပေမဲ့ တစ်လလောက် အရင်စမ်းကြည့်ပါဦးလား"

စော်နန်းအေး၏စကားကို စေတနာစကားဟုထင်မှတ်မိ၍...

"ဟာ...မစမ်းပါဘူး၊ ရှင့် တစ်ခါတည်းဝင်ချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအိမ်မှာ အလုပ်ရရင် ကျွန်မ မထွက်တော့ပါဘူးရှင့်"

သည်စကားကြားရတော့မှ စော်နန်းအေးက အပြုံးရိပ်သန်းလာသည်။ ခတ္တာမြို့ငှဲ့၏ မိသားစုဝင်ဖြစ်လိမ့်မည်ဟုလည်း ခိုင်နွေဦးအပေါ်

www.burmeseclassic.com

www.burmeseclassic.com

ထင်မြင်မိမည်မဟုတ်ပေ။

"ဒါဖြင့် ဒီလိုလုပ်လေ၊ ကိုယ်ဖယ်ပေးမယ်။ လခတွေ ဘာတွေတော့ သူတို့နဲ့ ကြည့်ပြောပါ။ ကိုယ်ဖယ်ပေးခဲ့တေတစ်ရာပေးမလား"

ခိုင်နွေဦးကို စေတနာရှိညလိုလိုနှင့် ခတ္တာမြိုင်တွင် ဘယ်လောက်အလုပ်ဝင်ချင်စိတ်ရှိနေကြောင်း သူသွေးတိုးစမ်းလိုက်ပြီးမှ စကားစသည်။ ခိုင်နွေဦးမှာ ဤအမျိုးသမီး၏ ပက်စက်သော ပရိယာယ်ကို ရုံမှန်းမသော်လည်း မတတ်သာ၍

"ကောင်းပါ့၊ ပေးပါ့မယ်။ ဒါပေမဲ့ ခတ္တာမြိုင်က ကျွန်မကို အလုပ်ခန့်ပြီဆိုမှ ပေးမယ်နော်"

"ကောင်းပြီ၊ ဒါဖြင့် မနက်ဖြန်ကျရင် ခတ္တာမြိုင်ကို လာခဲ့ပေတော့"

"ဩော်... နေပါဦး။ မမစောနန်းအေးရဲ့ အလုပ်က ဘာလဲဟင်"

"လူစဉ်မမီတဲ့ ကလေးတယောက်ကို ကြည့်ပေး၊ ပြုစုပေးရတယ်၊ စာသင်ပေးရတယ်"

× × × ×

အခန်း (၃)

"ခတ္တာမြိုင်' ဟူသော ကျဆုံးခြင်းသရုပ်ကို ဆောင်နေသည့် ခြံဝင်းကြီးကို မျှော်ငေးကြည့်ရင်းက ခိုင်နွေဦး ပြန်လှန်စဉ်းစားနေမိခြင်း ဖြစ်ပါ၏။

"ဆရာမ စောနန်းအေး လွှတ်လိုက်တာလား"

"ဟုတ်... ဟုတ်ပါတယ်ရှင်"

"လာ...ဒါဖြင့်"

အမျိုးသမီးကြီးက ရှေ့မှ ဦးဆောင်သွားနှင့်သည်။ တကယ်တမ်း ခတ္တာမြိုင်ကို ခြေချရပြီးဆိုတော့လည်း ခိုင်နွေဦး၏ ရင်မှာ လှိုက်လှိုက်နဲနဲလာသည်။

မြက်ရိုင်းများဖြင့် ယှက်လိမ်နေသော ခြံဝင်းရှုပ်ရှုပ်ထွေးထွေးကြီးကို ပြုတ်ကျော်ပြီးသည်နှင့် တိုက်အိုကြီးတွင်းသို့ လှမ်းဝင်ခဲ့သည်။

အိမ်ဖော်ဖြစ်ပုံရသော အမျိုးသမီးကြီးသည် ခိုင်နွေဦးကို ပေါက်ပြုနေသော ဆိုဖာဟောင်းကြီးပေါ်တွင် ထိုင်နေစေသည်။

"ခဏနေဦး၊ အဘွားကြီးသွားခေါ်လိုက်ဦးမယ်"

ဧည့်ခန်းရှေ့မှ ကျွန်းလေကားကြီးပေါ်သို့ ထိုအမျိုးသမီး တက်သွားတော့သည်။

တစ်အိမ်လုံး ပကတိငြိမ်သက်တိတ်ဆိတ် နေပေသည်။ လှပ်လှပ်ခုန်နေသော ရင်အစုံဖြင့် ခိုင်နွေဦးမှာ မြင်နိုင်သမျှတို့ကို ငေးငဲကြည့်မိသည်။

"ဖေဖေ... ဖေဖေရှိနေပါစေ"

ခတ္တာမြိုင်၏ အကြောင်းကို တစ်လုံးတစ်ပါဒမျှ မသိရပါဘဲ ခိုင်နွေဦး ဝင်ခွင့်ရလာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စောနန်းအေးသည် ခတ္တာမြို့ဝင်၏ ပြဿနာများကို မေးစမ်းရန် သူ့ကို မပြောချင်။ သူလိုချင်သည်က ငွေတစ်ရာသာ၊ ယနေ့လည်း သူရှိနေမည်လာခဲ့ပါဟု ဆိုသော်လည်း သူရှိနေပုံမရ။ ပြောတော့ထားခဲ့သား...

"ကြီးကြီးတင့်က အောက်မဆင်းနိုင်လို့ အိမ်ပေါ်တက်ခဲ့ပါတဲ့"

ကြီးကြီးတင့် ဆိုသည်မှာ ဒေါ်ခင်လေးတင့်ပင် ဖြစ်ရလေမည်။

နိုင်နွေဦးမှာ ကျွန်းလေကားကြီး၏ လက်ကိုင်ကို ခိုင်ခိုင်ကိုင်ပြီး တက်လာခဲ့ရသည်။

'ဩော်... ငါ့အမေ အသည်းကြွေခဲ့ရတဲ့ နေရာပါလား'

'ဆုံးရှုံးခြင်းများစွာနဲ့ ရွှန့်ရချွာခဲ့ရတဲ့ ခတ္တာမြို့ဝင်အိမ်ကြီးပါလား'

ဟူသော အသိများဖြင့် တစ်ခန်းလုံးသို့ လှည့်ဝေ့ကြည့်နေမိသည်။

"လာ... လာ... ဆင်းရတက်ရတာ မောလွန်းလို့ကွယ်"

ဘုရားခန်းဆီမှ အသံကြောင့် အေးတိုက် ဖြစ်နေသော နိုင်နွေဦး လှည့်ကြည့်မိသည်။

"ဒေါ်ခင်လေးတင့်"

တစ်ခွိန်က ချစ်မမေ ဒေါ်နမေ၏ ပစ္စည်းများကို ယူထားလိုက်သည့် မှန်သော်လည်း ဇာတ်ထဲမှ ယောကျ်မများလို ရက်စက်ယုတ်မာခဲ့သည့် မဟုတ်ပါ။ မေမေ၏ ဖောက်ပြန်မှုကိုပင် ထိန်ချန် လျှို့ဝှက်ပေးထားရှာသော်သူ၊ အများအမြင်မှာ ဆိုးဝါးလှသော ယောကျ်မဟု ထင်ကြသော်လည်း မေမေ၏ ပြဿနာကို ပုံးကွယ်ပေးထားခြင်းကပင်လျှင် ဒေါ်ခင်လေးတင့်၏ စိတ်ထားမြင့်မြတ်မှုကို ဖော်ကျူးနေခဲ့သည်ဟု နိုင်နွေဦး ထင်မိခဲ့ရံမက...

'ဒါ...ဒါ... ငါ့ရဲ့ အဘွားအရင်းပါလား' ဟူသော ဒေသစိတ်ဖြင့် အိုမင်း မစွမ်း ဖြစ်နေရှာသော ဒေါ်ခင်လေးတင့်ကို နိုင်နွေဦး လေးစား ချစ်ကြည်စိတ်ဖြင့် ကြည့်မိသည်။

ကိုယ်ခန္ဓာဝဝကြီးကို နိုင်နင်းပုံမရတော့။ ဆေးဝါးများ လိမ်းထား သော ဒူးကို ဖော်ထားသည်။ အသက်ကြီးရင့်ပြီး ဝမြှိုးသူတို့ ဖြစ်လေ့ရှိသော ရောဂါတစ်ခုပင်။

"ဒီမိန်းကလေး ကြည့်ရတာ တို့အသိထဲက တစ်ယောက်ယောက်နဲ့

တူသလိုပဲ"

ပထမဆုံး မှတ်ချက်ကြောင့် နိုင်နွေဦး လန့်ဖျပ်သွားမိသည်။ နိုင်နွေဦးက မိခင်ဖြစ်သူ ဒေါ်နုမေထက် ဝိုမို၍ နုနယ် ချောမောသော်လည်း မိခင်နှင့် များစွာ ဆင်တူသည်။ နှစ်ယောက်ယှဉ်ထိုင်နေလျှင် သားအမိမှန်း မပြောဘဲနှင့် သိနိုင်သည်။

"အလုပ်ကတော့ နည်းနည်းသိမ်ငယ်တယ်လို့ ပြောရင်လည်း ရပေမဲ့ပေါ့၊ မိန်းကလေးလို ဖြူဖြူရှုလှလှ ငယ်ငယ်လေးတွေ စိတ်ရှည်မယ့် အလုပ်မျိုး မဟုတ်ဘူး ထင်တယ်ကွယ်"

"ကျွန်မကို နှစ်ခြိုက်လို့ ခန့်မယ်ဆိုရင်တော့ ကျွန်မအနေနဲ့ ဘာမှ ငြင်းဆန်စရာမရှိပါဘူး။ သိမ်ငယ်တယ်လည်းသဘောမထားပါဘူး။ ကျွန်မ လုပ်ပါ့မယ်။ ကျွန်မအနေနဲ့ ဒီလို လူကောင်းသူကောင်းအိမ်မှာ မှီခိုနေထိုင်ခွင့်ရရင်ပဲ ကျွန်မအတွက် ပြေလည်လှပါပြီ မေမေကြီးရယ်"

"အေးကွယ်... ဘာကြောင့်မှန်းမသိဘူး၊ မိန်းကလေးကို မြင်တာနဲ့ သနားစိတ်ဝင်မိတယ်"

သွေးက စကားပြောကြလေပြီ။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ဖြစ်နိုင်ရင် အလုပ်ခန့်ပါလို့ ခွင့်တောင်းပါရစေရှင်"

ဤခတ္တာမြို့သို့ ခြေချပြီးသည်နှင့် ပြန်လည် ထွက်ခွာသွားရမည့် အဖြစ်မျိုး ရောက်ရှိမှာ စိုးလွန်း၍ ဇွတ်တိုး ပြောမိရသည်။

"မိန်းကလေး လုပ်နိုင်မယ်ဆိုရင်တော့ မေမေကြီးတို့က ခန့်ဖို့ အသင့်ပါပဲ၊ ဒီကလေးအတွက် တစ်ယောက်ယောက် အနားမှာ အမြဲရှိနေရမှာ အိမ်မှာကလည်း ဘယ်သူမှ မအားကြဘူး။ မေမေကြီးဆိုလည်း လူက ကျန်းမာပေမယ့် ဒူးနာရောဂါကြောင့် မထနိုင် မကြွနိုင်တာ ကြာပြီ"

"ဟုတ်ကဲ့... ကျွန်မတာဝန်ကျေအောင် ထမ်းဆောင်ပါမယ်ရှင်၊ ဒါနဲ့ ကျွန်မ ကြည့်ရမယ့် ကလေးက ဘယ်အရွယ်ပါလဲ"

"ဆယ်နှစ်သမီးလေး... အကြောသေရောဂါကြောင့် လမ်းမလျှောက်နိုင်ဘူး။ ဦးနှောက်ဘာဏ်လည်းချို့တဲ့နေတယ်။ သူ့ကို အစားအစာ ကျွေးမွေးတာကအစ။ ကြည့်ပေးပြီး စာလည်း နည်းနည်းချင်း သင်ပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

သူစကား ဆုံးသည်နှင့် ဒေါ်ခင်လေးတင့်၏ မျက်နှာကို မော့ကြည့်ပြီး အရဲစွန့်၍ ခိုင်နွေဦး မေးလိုက်မိသည်။

"အဲ...အဲဒီကလေးက မေမေကြီးနဲ့ ဘယ်လို တော်ပါသလဲရှင်"

"မေမေကြီး မြေးလေးပါ ...သားအငယ်ရဲ့ သမီးလေး"

"အင်..."

ခိုင်နွေဦး ရင်လှပ်ခါသွားမိရာက အာမေဋိတ်သံလေးတစ်လုံးပင် ထွက်ကျသွားမိသည်။

"ညီမလေး... ညီမလေး... ငဲ့ညှာမ အရင်းလေးကို ပြုစုရမှာပါလား"

"ဒါနဲ့ မိန်းကလေးနာမည်က ဘယ်သူတဲ့လဲ"

"ခိုင်... ခိုင်နွေဦးပါရှင်"

"ဩော် ခိုင်နွေဦးတဲ့လား ပညာကရော"

သူများအိမ်တွင် အိမ်ဖော်လုပ်မည့် အမျိုးသမီးငယ်၏ အမည်က သားနားလွန်းနေပါ၍ ဒေါ်ခင်လေးတင့်က သံသယစိတ်ဖြင့် ပညာရေးကိုပါ ထည့်မေးလာသည်။

"ကျွန်မ ... ကျွန်မ...ခုနစ်တန်းအောင်ပါတယ်"

"မိဘတွေကရော"

"တောမှာပါ"

"ဘာလုပ်ကိုင်ကြသလဲ"

'လယ်... လယ်လုပ်ပါတယ်"

လယ်တောသူရုပ် မပေါက်လွန်းသော ခိုင်နွေဦးကို ကြည့်ပြီး...

"အခုတောက လာတာလား"

"မဟုတ်ပါဘူးရှင့် ရန်ကုန်က အဒေါ်အိမ်မှာပါ၊ သူတို့ကလည်း မချောင်လည်လို့"

"ဩော်... ဩော်... ဟုတ်တယ်၊ ငွေရေးကြေးရေးက ဘယ်သူမှ သိပ်ချောင်လည်ကြတယ် မဟုတ်လှဘူး၊ ဒီမှာ"

"ဟုတ်ကဲ့ရှင်"

"မေမေကြီးကတော့မင်းကိုမြင်မြင်ချင်းပဲ နှစ်ခြိုက်သဘောကျနေမိပြီ၊ ခိုင်နွေဦးအနေနဲ့သာ ဒီအလုပ်ကို လက်ခံနိုင် လက်မခံနိုင် စဉ်းစား ဖို့ပဲရှိပါတယ်၊ ကလေးကိုလည်း ကြည့်ကြည့်ပါဦးလေ"

"ဟုတ်ကဲ့... ဟုတ်ကဲ့... ကျေးဇူးတင်လိုက်တာမေမေကြီးရယ်"

"သူဆရာမ စောနန်းအေးကတော့ မနေ့ကပဲ သူကိုယ်စား တစ်ယောက် သာပါလိမ့်မယ်ဆိုပြီး အလုပ်ထွက်သွားပြီ မြေးလေးကို မေမေကြီး ကိုယ်တိုင် ပြုစုရလို့ ဒုးတွေနာနေတာသာကြည့်"

"ဟုတ်ကဲ့...ကျွန်မဘာတွေ လုပ်ရမယ်ဆိုတာသာ ညွှန်ကြားပါရှင်"

"ဒီလိုလေ အစစ်းသုံးရက်နေကြည့် ဖြစ်မယ်ဆိုရင် ဆက်နေဟုတ်ပြီ လား။ ခိုင်နွေဦးလို ကြင်နာတတ်မယ့် မိန်းကလေးမျိုးကို နှင်းဆီလေး အဖေကလည်း သဘောကျမှာပါ"

"နှင်းဆီလေးဆိုတာ ခုပြုစုရမယ့် ကလေးပေါ့နော် သူအဖေဆိုတာက ရော"

"သူအဖေက ကြီးကြီးရဲ့သားငယ် ဦးတင်အောင်ခိုင်ရယ်ပါ။ ကဲကဲ မလှမြင့်နဲ့ နှင်းဆီရဲ့ အခန်းကို လိုက်သွားပါ ခိုင်နွေဦး"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ပိုင်းတွင် ညီမလေး နှင်းဆီ အိပ်ပျော်နေခိုက် ညောင်းလွန်းလှ၍ ခြေထဲသို့ ဆင်းခဲ့မိသည်။ ရှုပ်ပွေနေသော ခြံကျယ်ကြီး၏ နောက်ဘက်ဆီသို့ လျှောက်လာမိစဉ်...

'ဂီတာသံပါလား'

တိုးညင်းစွာ တီးခတ်နေသော ဂီတသံစဉ်များလာရာအရပ်ကို ခိုင်နွေဦး ကြည့်လိုက်မိသည်။

'လူငယ်လေးတစ်ယောက်ပါလား ... ချောချောလေး'

နားရွက်ပေါ်၌ ဆံပင်ကောက်ကောက်လေးများ ဝေ့ဝဲပြီး ငုံ့နေသော ကောင်လေးတစ်ယောက်ကို ဘေးတိုက်အနေထားနှင့် မြင်ရသည်။

ရွက်ခြောက်ကြွေများပေါ်မှ ခြေသံကြောင့် သူလှည့်ကြည့်လိုက်သည်။ အသက်က ဆယ့်ရှစ် ဆယ့်ကိုးရွယ်။ မျက်နှာဖြူဖြူပြုပုန နာတံပေါ်ပေါ် မျက်လုံးတောက်တောက် မေးချွန်းချွန်းလေးနှင့်။

"ဘယ်သွားမလို့လဲ"

ခြံလမ်းဆုံးနေပြီဖြစ်၍ သူက အရင်စပြီး မေးလိုက်သည်။ ခိုင်နွေဦး ဘယ်သူဆိုသည်ကို သူ သိပုံမရသေး။

"ညောင်းလို့ လမ်းလျှောက်ရင်းနဲ့ ဂီတာတီးသံလေး ကြားလို့ လာကြည့်တာ"

"ခင်ဗျားက ဒီအိမ်လာလည်တဲ့ ဒေါ်အက်စသာရဲ့ ဧည့်သည်လား။ အိမ်ထဲသွားလေ"

"ဒါမောင်ကရော ဒီအိမ်သားပဲလား"

"ခင်ဗျာ"

"ဩော်... ဒီအိမ်ကြီးမှာ နေတာလား လို့"

"ဟုတ်တယ်လေ"

"ဒါဖြင့် မမဦးက မင်းတို့အိမ်က အလုပ်သမား တစ်ယောက်ပါ။ တစ်နေ့ကမှ ရောက်လာတာပါ"

"ဩော်...ဟုတ်ပြီ၊ မေမေပြောသဲ့ ကြားလိုက်တယ်။ ညီမလေးနှင်းဆီအတွက် ဆရာမအသစ်တစ်ယောက် ငှားတယ်ဆိုတာ"

"ဟုတ်တယ်... ဟုတ်တယ်... အဲဒါမမဦးပဲပေါ့"

အခန်း (၄)

ခတ္တာမြို့ငယ်သို့ရောက်ပြီးနောက် တတိယမြောက်နေ့အထိ ဖခင်ဖြစ်သူကို ခိုင်နွေဦး မမြင်ရသေး။

အလုပ်ဝင်သည့်နေ့မှစ၍ ညီမလေး နှင်းဆီ၏ အခန်းတွင်း၌သာ အမြဲနီးကပ်နေမိသည်။ အပြင်သို့လည်း မထွက်ချင်၊ ကြီးမားကျယ်ဝန်း လှသော အိမ်အိုကြီး အတွင်း၌ အိမ်သူအိမ်သားများစွာ ပျံ့စည်းနေထိုင်ကြကြောင်းကိုသာ ခိုင်နွေဦး သိရသည်။ လူပေါင်းစုံနှင့် မဆုံမိသေး။

ပထမဆုံး ခိုင်နွေဦးဆီသို့ ရောက်လာသူက 'ဒေါ်စောနန္ဒာ' နှင်းဆီ၏ မိခင် ဖေဖေဦးတင်အောင်ခိုင်၏ ဇနီး။

ရုပ်-မြန်မာကပြားဖြစ်၍ ချောမွေ့ လှပလှသည်။ မျက်နှာလေးကိုက သနားစရာ၊ ကြည်ညိုစရာ။ သူက ဘဏ်တွင် မန်နေဂျာဖြစ်၍ အလုပ်ရှိန်များလှသည်။ ဒုက္ခိတ သမီးငယ်လေးကို မပြုစုအား။ သည်အတွက် ခိုင်နွေဦးကို ငှားရသည်။

ဒုတိယ လာရောက် တွေ့ဆုံသူက 'ဒေါ်အက်(စ)သာ'။ ဦးတင်အောင်၏ ခိုင်၏ ဒုတိယ ဇနီး။ ဤအမျိုးသမီးကို မြင်သည်နှင့်ပင် ခိုင်နွေဦး မနှစ်ခြိုက်မိ။ စဉ်းလဲသော အကြည့်များဖြင့် မိမိကို လာရောက်စပ်စုသူဟု ခိုင်နွေဦး မြင်မိသည်။

ဦးတင်အောင်နိုင်ကိုမူ အဝေးကပင် နှစ်ကြိုက် မြင်ဖူးလိုက်သည်။

ဤခတ္တာမြို့ငယ်မိသားစု၏ ခေါင်းဆောင် ဦးလှနိုင် တစ်ယောက် ကွယ်လွန်ပြီးနောက် လူသစ်မိသားစု များစွာ တိုးလာသည်။ တစ်ဦးစီ၏ အကြောင်းများကိုမူ ခိုင်နွေဦး မသိရသေး။

www.burmeseclassic.com

www.burmeseclassic.com

"မမဦးတဲ့လား"

"ဟုတ်တယ်...ဒါနဲ့ စောစောက ငါမောင်ပြောတဲ့အထဲမှာ ညီမလေး နှင်းဆီဆိုတော့ ငါမောင်က နှင်းဆီရဲ့အစ်ကိုလား၊ အရင်းလား ဟုတ်လား၊ ဟင်"

ခိုင်နွေဦးမျှော်လင့်ခြင်းကြီးစွာဖြင့် မေးလိုက်မိသည် မျှော်လင့်သည့် အတိုင်းပင်။

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်က နှင်းဆီထက်အကြီးပါ။ ဒေါ်စော နန္ဒာရဲ့သားပါ"

"ဟာ... ဟာ... အမလေး။ ဒီအရွယ် မောင်လေး ရှိနေတယ်လား ဝမ်းသာလိုက်တာကွယ်"

ခိုင်နွေဦး သတိလက်လွတ်သွားမိသည် ဝမ်းသာရခြင်းအရှိန်အဟုန်က ဆင်ခြင်ထိန်းချုပ်နိုင်ခြင်း ကင်းစေသည်။ မောင်လေး၏ ပခုံးကိုပင် ဆုပ်ကိုင် လှုပ်ခါရင်း ပြောမိလျက်သားဖြစ်သွားရသည်။

မောင်လေးမှာ မတွေးတတ်သလို ကြောင်ငေးငေးလေး ကြည့်နေလေမှ ခိုင်နွေဦး သတိပြန်ဝင်လာသည်။ လက်ကို ရုပ်လိုက်ရသည်။

"ဆောရီးနော်... နှင်းဆီလေးကို ကိုယ့်ညီမ အရင်းလေးလို ချစ်နေမိလို့ မောင်လေးကိုမြင်တော့လည်း ကိုယ့်မောင်အရင်းလေးကို တွေ့ရသလို ဝမ်းသာသွားမိလို့ပါကွယ်"

ခိုင်နွေဦး ကြေကြေလည်လည် တောင်းပန်တော့မှ သူပြုံးလာသည်။

"ရပါတယ်... ဒီအိမ်မှာ ကျွန်တော့်ကို ဘယ်သူကမှ အရေးလုပ်ကြတာ မဟုတ်လို့ မမဦးက အခုလို အရေးတယူနွှဲတ်ဆက်လာတာကို အံ့သြနေမိလို့ပါ"

"ဒီအိမ်မှာဘယ်သူကမှ အရေးတယူမလုပ်ကြဘူး ဟုတ်လား ဖေဖေကရော"

တစ်သက်လုံး ဖေဖေ မခေါ်ခဲ့ရဖူးခဲ့၍ ခေါ်ချင်လွန်း၍ လျှာယားနေသော ခိုင်နွေဦးက ရောပြီး ပြောလိုက်မိသည်။

"ကျွန်တော့်ကို ဆိုးလို့တဲ့လေ၊ ဖေဖေကတော့ အေးအေးနေတတ်တယ်၊ အလုပ်လည်း များတယ်၊ ကျွန်တော်နဲ့ ဖေဖေက သိပ်ပြဿနာ

မရှိကြပါဘူး။ မရှိအောင်လည်း နေကြပါတယ်"

"ဒါဖြင့် ဘယ်သူနဲ့ ပြဿနာရှိတာလဲ"

"ဖေဖေကလွဲလို့ အားလုံးနဲ့ပဲ"

"ဩော်... မောင်လေးရယ်"

ရင်ထဲမှ လိုက်လဲဝေါ်မွတ်စွာပင် 'မောင်လေး' ဟူ၍ ခေါ်လိုက်မိသည်။

"မမဦးရဲ့ အကြည့်က ကြင်နာသလိုပဲနော်။ ကျွန်တော်လည်း မမဦးကို မြင်မြင်ချင်း လေးစားသွားမိပြီဗျာ"

ဒေါ်ခင်လေးတင့်နှင့် ဆုံစဉ်ကလိုပင် သွေးက ပြောပြန်လေပြီ။

"မောင်လေး... မောင်လေးနာမည် ဘယ်သူလဲဟင်"

"နိုင်း"

"ဘာ... နိုင်း ဟုတ်လား"

"ဟုတ်တယ် မေမေက မောမြေကို အမှတ်တရ ဖြစ်အောင် နိုင်းလို့တဲ့ အမြဲခေါ်တယ်...၊ ကျွန်တော့်နာမည်ကတော့... နိုင်းလွမ်းဝေ"

"နိုင်းလွမ်းဝေလား၊ လွမ်းဝေလား"

"မလုပ်ပါနဲ့ မလွမ်းပါရစေနဲ့ မမဦးရယ်၊ လွမ်းပါ... ဒါပေမဲ့ မေမေခေါ်သလို 'နိုင်း'လို့ပဲခေါ်ပါလား။ မေမေရဲ့ကရုဏာသံလေးမျိုး ဒုတိယအနေနဲ့ ကြားချင်မိလို့ပါ မမဦး"

"ခေါ်မယ်နိုင်း... ခေါ်မယ်၊ ဒေါ်စောနန္ဒာရဲ့ မေတ္တာမျိုး မဖိတောင် အနိုးကပ်ဆုံးဖြစ်အောင် မမဦးလေ... မောင်လေးပေါ်မှာ စေတနာ ထားပါမယ်ကွယ်"

"အင်း... အဲဒီလိုလေးပြောပြီး ခဏလေးနဲ့ ဒီအိမ်က ပြန်ထွက်သွားမှာလားဗျာ"

ခိုင်နွေဦး ခေါင်းကို သွက်သွက်ခါ၍ ပြလိုက်ပြီး...

"မသွားဘူး မောင်လေး၊ မမဟာ မောင်လေးရဲ့ ထာဝရမမ ဖြစ်အောင် ကြိုးစားပါ့မယ်... လက်တွေ့ပြပါမယ်ကွယ်"

"ကြားရတာတော့ ဝမ်းသာစရာပဲ။ ဟုတ်မဟုတ် ဆိုတာတော့ အချိန်က ဆုံးဖြတ်ပေးပါလိမ့်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

မှန်ပေသည်။ နိုင်းအနေနှင့် ခိုင်နွေဦး၏ ပြောစကားများမှာ ယုံသင့်သည့် ဟိုမှာဘက် ဖြစ်သင့်သည်ထက် ကျော်လွန်ထွက်နေသော စကား၊ မျိုးဖို့ သူမယုံရဲသည်ကို အပြစ်မဆိုသာ၊ မိန်းကလေးတစ်ယောက် ဘက်မှ လိုက်လျောလွန်းသော စကားမျိုးဖြစ်နေသော်လည်း ခိုင်နွေဦးဘက်ကမူ ကိုယ့် မောင်လေး အရင်းခေါက်ခေါက် တစ်ယောက်နှင့် တွေ့လိုက်ရ၍ ထိန်းသိမ်းဆင်ခြင်လိုစိတ် မရှိသော ဝမ်းသာခြင်းမျိုးကို ခံစားလိုက်ရ၍ပါ။

"ဒါနဲ့ မမဦးရဲ့ နာမည် အပြည့်အစုံက ဘယ်သူလဲဟင်... ပြီးတော့ ဒီနာနီအလုပ်မျိုးကိုမှ ဒီလိုရုပ်မျိုးနဲ့ လာလုပ်တယ်ဆိုတာ မယုံနိုင်စရာပဲ"

"မမဦးရဲ့ နာမည်အပြည့်အစုံက ခိုင်နွေဦးပါ"

"ခိုင်နွေဦး ... တယ်ကဗျာဆန်တဲ့နာမည်ပါလား မမဦးရဲ့"

"မမဦးရဲ့မေမေက သူချစ်သူကို အမှတ်တရ ဖြစ်အောင် နွေဦးဆိုတဲ့ရာသီနဲ့ သူချစ်သူအမည် အဲ..."

ခိုင်နွေဦး ရှေ့မဆက်ရဲတော့ လောကြီးသွားမိသည့်အတွက် စကားကို ပြန်ဖာရသည်။

"ဒီလိုရုပ်မျိုးနဲ့လို့ ပြောတော့ ဘာလဲ မမဦးက လှလို့လား... ဟုတ်လားဟင်... နိုင်း"

"ကျွန်တော်မြင်ဖူးတဲ့ မိန်းမတွေထဲမှာတော့ မမဦးဟာ အလှဆုံးပဲ"

"လခရမှ မုန့်ဝယ်ကျွေးဦးမယ် ထားပါတော့။ နိုင်းပြောသလို လှပေမယ့် ပိုက်ဆံမှမရှိဘဲ၊ သူများအိမ်မှာ လာအလုပ်လုပ်ရတာပေါ့ကွာ"

"တခြားအိမ်မျိုးမှာလုပ်ရင် ကောင်းမယ် မမဦး၊ ဒီအိမ်မျိုးမှ လာပြီး လုပ်ရသလား"

"ဟင်... ဘာတွေလုပ်နေလို့လဲ"

"ကျွန်တော် မပြောချင်ဘူး"

"မမဦးကို မြင်မြင်ချင်းခင်တယ်ဆို၊ ထွက်သင့်ရင်လည်း ထွက်ရအောင် မမဦးကို ကြိုပြီး ပြောပြထားပါလား နိုင်းရယ်နော်..."

"ထွက်သင့်ရင်လည်း" ဆိုသည်မှာ ကာကွယ်၍ ပြောသည့်စကားပါ။ ခိုင်နွေဦး သန့်ဘာန်နှင့် ရောက်လာခဲ့သူပါ။ ခတ္တာမြို့ငိုကို ခြေချပြီးလေမှ

ယ်နည်းနှင့်မှ နောက်ကြောင်း ပြန်မလှည့်တော့ပါ။

"ဒီမှာ ... အဲဒီအမျိုးသမီးကြီးက လောကမှာ ဘာမကောင်းတာသလဲ၊ အဲဒါတွေအကုန်လုံး သူလုပ်တယ်"

"ဟင်..."

"မမဦးဒီမှာ ဆက်နေရင် ပိုပြီးသိလာမှာပါ"

"သူ့ခင်ပွန်းက ဦးတင်အောင်နိုင်နော်"

"ဟုတ်တယ်၊ ဒေါ်အက်စသာက ဒုတိယမိန်းမ"

"သြော်... သြော်... သူ့ယောကျ်ားက မပြောဘူးတဲ့လား ကွယ်"

"သူ့ယောကျ်ားကလည်း ကောင်းမှမကောင်းပဲ"

"ဟယ်... ကိုယ့်ဘကြီးကို ဒီလိုပဲ ပြောရသလား နိုင်းရယ်"

နိုင်းက မထီတထီလေး ရယ်လိုက်သည်။ ဦးတင်အောင်နိုင်နှင့် သူနှင့် တူဝရီးချင်းဖြစ်သော်လည်း ပြေလည်မှု မရှိကြကြောင်း သိသာနိုင်ပါပြီ။

"ဒါနဲ့ မောင်လေး ဘယ်နှတန်းရောက်ပြီလဲဟင်"

"တန်းကုန်ပြီ ...နေစရာကျောင်းမရှိတော့ဘူး"

"ဘယ်လိုလဲကွယ်"

"ဟုတ်တယ်... ဆယ်တန်း အခါခါကျလို့"

"အို... ငယ်ငယ်လေး ရှိသေးတာ၊ ကျောင်းဆက်တက်ဦးမပေါ့ နိုင်းရယ်"

"အ...ဟား... တော်ပါပြီဗျာ"

နိုင်းက လက်ညှိုးနှင့် လက်ခလယ် ကြားတွင် ပယ်လယ်ထရမ်(မ)လေး ညှပ်လျက်က လက်ဝါးကုပ်ပြသည်။ သူလက်တွင်းမှ ဂီတာတီးခတ်ရသည့် ပန်းနရောင် တြိဂံပုံ ပယ်လယ်တရမ်(မ)လေးကို ခိုင်နွေဦး ငေးကြည့်နေမိသည်။ ခတ္တာမြို့ငိမိသားစု၏ ဖွဲ့စည်းပုံ ဖရိုဖရဲများကို တစ်ခဏ်းတစ်စ မြင်ရရဲ့ဖြင့်ပင် ရင်လေး လာမိသည်။

မိမိကသာ နိုင်းကို မောင်လေးအရင်း အဖြစ်နှင့် သိခွင့်ပြုခွင့်ရနေပြီ

www.burmeseclassic.com

ဖြစ်သော်လည်း နိုင်းကမူ နိုင်နွဲဦးကို ယခုမှ မြင်ဖူးသော သူစိမ်းတစ်ရုံ အမျိုးသမီး တစ်ယောက်အဖြစ်နှင့်သာ သူသိထားသည်။ မိမိအဝန်းနှင့် နိုင်း၏ ကိုယ်ရေးကိုယ်တာများကို ချက်ချင်းကြီး ဦးဆောင် ညွှန်ကြားဝန်ကြီး မဖြစ်သေးပေ။

"မမဦး"

"ဟင်..."

"ဒီအိမ်မှာ ဘာရည်ရွယ်ချက်နဲ့ အလုပ်လာလုပ်တာလဲ ဟင်"

"ဆို... နိုင်း ဘယ်လိုမေးလိုက်တာလဲ"

မလုံမလဲနှင့် နိုင်းကို အကဲခတ်သလို ကြည့်ရင်း ပြောလိုက်မိသည်။

"ကျွန်တော်မေးတာ ဖြေစမ်းပါ၊ ဘာလာလုပ်တာလဲလို့"

"ဝိုက်ဆံ လာရှာတာပေါ့၊ နေဖို့ စားဖို့ ရတယ်၊ တစ်လတစ်ရာရတယ်... ဒီအတွက်ပါ။ မမဦးက ဆင်းရဲတယ်လေ။ ဒီအလုပ်ကလေး ရတာ ဝမ်းသာနေရတယ်"

"တခြားမှာ ရှာလို့ မဖြစ်ဘူးလား၊ ဒီအိမ်မှာ မလုပ်စေချင်လို့"

"ဖြစ်လို့ပါနိုင်းရယ်... မမဦးက ခုနစ်တန်းလောက်ပဲ တတ်တာ ဘယ်မှာ ဘာအလုပ်ရမှာလဲ ဒါကြောင့်ပါ။ ဒီမှာ မမဦးပြောမယ်... ဒီအိမ်မှာ ပြဿနာတွေ ဒုက္ခတွေတွေ့လာခဲ့ရင် နိုင်းက မမဦးကို ကူညီနိုင်မှာလား"

"သူတို့နဲ့ပတ်သက်တဲ့ ကိစ္စဆိုရင် ကျွန်တော် ဘာမှ လုပ်မပေးချင်ဘူး"

"မမဦးတစ်ယောက်တည်းရဲ့ ကိုယ်ရေးကိုယ်တာဆိုရင်ရော"

"ဒါဆိုရတယ်"

"ဒီလောက် ပြောမော်ရရင်ပဲ မမဦး ဝမ်းသာလှပါပြီ နိုင်းရယ် မောင်လေး မမဦးကို ရင်းရင်းနှီးနှီးနေပါနော်။ ညီမလေး နှင်းဆီ နီးလာမှာ စိုးလို့ မမဦး သွားပြန်ကြည့်လိုက်ဦးမယ် ဟုတ်လား မောင်လေးနော်"

နိုင်နွဲဦး၏ရင်မှာ ချမ်းမြေ့ရပါဘိခြင်း။ ကိုယ့်မောင်လေး အရင်းနှင့် ဆုံးတွေ့ခွင့်ရခဲ့ပြီ ကိုယ့်ညီမလေး အရင်းကို ပြုစုခွင့် ရခဲ့ပြီး မကြာမီမှာပင်

ဖေဆိုသောသူကို မြင်တွေ့ခွင့်ရပေဦးတော့မည်။

သားအဓိနှစ်ယောက်တည်း ခြောက်သွေ့စွာ နေလာခဲ့ရရာမှ ယခုလို ငင်လေး ညီမလေးဘွားဘွား ဖေဖေ စသူတို့နှင့် ဆုံတွေ့ခွင့်ရခဲ့ပြီဖြစ်၍...

အနှစ်နှစ် အလလက မျှော်မှန်းခဲ့ ကြိုးစားခဲ့သော နိုင်နွဲဦး၏ ဆန္ဒ ပြည့်ဝရပါပြီတည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ခန်း(၅)

"ဖေဖေ"

ရင်ထဲမှ လှိုက်လှိုက်လဲလဲ ခေါ်လိုက်မိသည်။ ခုံညားဖြူဖွေးသော ဥပဓိရုပ်ရှိသူ အမျိုးသားကြီး၏လက်မှ သားရေသေတ္တာကို ဆွဲယူရင်း နီးကပ်စွာ ကြည့်မိသည်။ အနှစ်နှစ်ဆယ်ကျော်ပတ်လုံး ယခုတစ်ကြိမ်သာ ဖခင်ဆိုသူကို မြင်ရပါ၍ ကျပ်ခဲလှိုက်တက်လာမိသည်။ ဖခင်ကြီး၏ မျက်နှာကိုလည်း ကြည်ညိုမြတ်နိုးစွာ ကြည့်ပြီးမှ သူ၏ ခရီးဆောင် သားရေအိတ်ကို အပေါ်ထပ်သို့ သယ်တင်ယူလာမိသည်။

"သူလေးက ဘယ်သူလဲ စောနန္ဒာ"

ဖခင်၏ ကရုဏာသံနှောသော အပြောကြောင့် ရင်ထဲ၌ စိမ့်အေးသွား ရပါ၏။

"သမီးလေး နှင်းဆီအတွက်ပါ။ စောနန်းအေးက ထွက်သွားပြီလေ"

"အင်း... အင်း... မိန်းကလေးရုပ်ရည်လေးက သနားကမား၊ နဲ့ သိမ်သိမ်မွေ့မွေ့လေးပဲ၊ သူ စိတ်ချမ်းသာပါစေ စောနန္ဒာ"

"ဟုတ်ကဲ့ပါကို့ကို"

တတိယအကြိမ်အဖြစ် သွေးစကားပြောသံ ကြားရပြန်ပါပြီ။ နိုင်နွေဦး ခတ္တာမြို့သို့ လာလိုခြင်း၏ အဓိက အကြောင်းရာမှာ ဖခင်ကြီးကို မြင်လို တွေ့လိုခြင်းသာဖြစ်ပါသည်။ တကယ်တမ်း ရင်ဆိုင်တွေ့လိုက်ရသည့် အခါတွင်လည်း မူးမေ့၍ လဲကျမတတ် ရင်များလှုပ်လှုပ်ခုန်မိသည်။

"ဩော်...သည်ဖခင်ကြီး၊ ကနိမ့ ချစ်မေမေ၊ မောင်လေးနိုင်း။ ဦး မလေး နှင်းဆီတို့နှင့် သိုက်သိုက်ဝန်းဝန်း နေချင်လှပါရဲ့ကွယ်။ သို့ပါသော်

လည်း ပြဒါးနဲ့ သံနဲ့ ရောမရသော သဘောအရလို ဒီတစ်သက်မှာတော့ နိုင်းစန်းစည်းလုံးလို့ မရနိုင်တော့မယ့် အဖြစ်ပါလားနော်"

"ဆရာမ... ဆရာမ..."

ကိုယ့်အခန်းတွင်းသို့ ပြန်ရောက်လာသည့်တိုင် တွေးနေမိဆဲတွင် နှင်းဆီလေး၏ခေါ်သံကြောင့်...

"ဟင် ... ဘာလိုလဲ၊ ဘာလုပ်မလို့လဲဟင်"

နှင်းဆီက လက်ကမ်း၍ ခေါ်ပြီး ဘာမှ မပြောသဖြင့်...

"ပြောလေ... ညီမလေး။ ဖြီးတော့ မမဦးကို ဆရာမလို့ မခေါ်ရဘူး လို့ ပြောထားသားနဲ့၊ ကဲပြောစမ်းပါဦး ဘာလုပ်ချင်လို့လဲ ညီမလေး"

"နှင်းဆီနဲ့ မြွေလေ့ကား ကစားမယ်ဆို"

"အဲ... ဟုတ်တယ်၊ ကစားမယ်၊ ဒီတစ်ခါ နိုင်သူက တစ်မတ်ပေးကြေး ကွာ၊ အလကား ကစားရတာ ဖျင်းတယ်"

"အဲ... ဟဲ...ဟဲ... နှင်းဆီက နိုင်မှာ၊ မမဆီက နိုင်တာတွေ စုထား တယ်... ဖျော်တယ်ဟေ့"

"ဩော်... ဒီမှာ ညီမလေး ကစားနေတုန်း အလုပ်ထလုပ်ရရင် ဖျင်း စရာကြီးကွာ။ ကိုကိုးတစ်ခွက်နဲ့ ငါးကြီးဆီနှစ်လုံး သောက်ရမယ်"

"ဟင်... သောက်ချင်ဘူး"

"အေး... ဒါဖြင့် တို့လည်း မကစားဘူး"

နိုင်နွေဦးက သူ့အမူအရာလေးအတိုင်း တံ့ပြန်လိုက်သည့်အခါ နှင်းဆီ မှာ အားရပါးရယ်မောပြီး...

"အဲ...သောက်မယ်... သောက်မယ်"

နိုင်နွေဦးက အသံမြည်သော ငါးရုပ်ကလေးနှင့် နှင်းဆီ၏ ရင်ဘတ် ပေါ်သို့ နှစ်ချက်ဆင့်၍ တို့လိုက်ပြီး ကိုကိုးတစ်ခွက် ဖျော်နေသည်။ နှင်းဆီ မှာ ခုတင်ပေါ်တွင် မြွေရုပ်ကတ်ပြား အန်စာတုံးလေးများကို ချပြီး ပျော်ရွှင် စွာ စောင့်စားနေရှာပါ၏။

ညင်သာသော ထိတွေ့မှုက ပခုံးစွန်းလေးပေါ်သို့ ကျရောက်လာ သဖြင့် နိုင်နွေဦး လှည့်ကြည့်မိသည်။

"ဒေါ်စောနန္ဒာ"

www.burmeseclassic.com

www.burmeseclassic.com

သူမျက်နှာကပြုံးနေသော်လည်း သူမျက်ဝန်းဝယ် မျက်ရည်ကြည်များ လှုပ်ခဲနေပေသည်။

"သမီးလေးခမျာ ဒီလိုပျော်ရွှင်မှု မရတာ ကြာလှပါပြီ ခိုင်နွေဦးရယ်၊ နှင်းဆီလေးဟာ ခိုင်နွေဦးပေါ်မှာ တကယ်ပဲ သံယောဇဉ် ရှိနေရှာပါကြောင်း သူ့ဘဝရဲ့ မရဖူးတဲ့ ပျော်ရွှင်မှုလေးများကို ခိုင်နွေဦး ပေးစွမ်းနိုင်ပါပေတယ်။ ခိုင်နွေဦးကို မမစောနန္ဒာ ကျေးဇူးသိစိတ်ရပါတယ်ကွယ်"

"ရပါတယ်ရှင်... ဒီအိမ်မှာ နေခွင့် အလုပ်လုပ်ခွင့်ရတဲ့အတွက် ကျွန်မက ကျေးဇူးတင်လှပါပြီ။ ပြီးတော့ နှင်းဆီလေးကို ကျွန်မတကယ် သွေး သားစိတ်နဲ့ချစ်ပြီး ပြုစုနေတာပါရှင်"

"မြင်တာနဲ့သိပါတယ်၊ ဒီအတွက် မမနန္ဒာမှာ ဝမ်းသာလှပေမယ့် ဝမ်းနည်းရတဲ့အဖြစ်တွေ မမနန္ဒမှာ..."

"အို... ဘာ...ဘာဖြစ်လို့လဲရှင်"

ဆို့နင့်ကြေကွဲစွာပြောကြားရင်း စကားမဆက်နိုင်ပါဘဲနှင့် တီးတိုးလေး ငိုရှိုက်လာပါ၍ ခိုင်နွေဦးမှာ ဘာပြော၍ ဘာလုပ်ရမည်မှန်း မသိတတ်နိုင်အောင်ပါ။

"မမနန္ဒာမှာ ချစ်မြတ်နိုးစရာ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်ပဲရှိပါတယ် သားကြီးနိုင်းကလည်း အားလုံးပေါ် မကျေနပ်ဘဲ ထင်ရာလုပ်နေတယ်။ သမီးလေးကလည်း မြင်တဲ့အတိုင်း၊ ခင်ပွန်းသည်က ဆိုလည်း မမနန္ဒာပေါ်မှာ သစ္စာရှိပေမယ့် မေတ္တာစေတနာမှာ နည်းပါးလှတယ်။ ခင်ပွန်းသည်တစ်ယောက်ရဲ့ ဘောင်ကတော့ကျော်ပြီး မမနန္ဒာ့ပေါ် မရက်စက်ပါဘူး။ ဒါပေမဲ့... မမနန္ဒာမနေချင်လွန်းတဲ့ ဒီခတ္တာမြို့ငြင်ကနေပြီး သူ့ကိုခွဲထွက်ဖို့ ပြောလို့ကိုမရဘူး၊ မမနန္ဒာမှာ ဘယ်လောက် စိတ်ဆင်းရဲရလဲ ခိုင်နွေဦးရယ်၊ တစ်နေ့ တစ်နေ့..."

လက်ဝဲးထဲသို့ မျက်နှာအပ်ပြီးငိုလိုက်သဖြင့် နောက်ထပ် စကားလုံးများ ထွက်မလာတော့။ ခိုင်နွေဦးမှာ ငိုမဲ့မဲ့လေးဖြစ်သွားရှာသော နှင်းဆီလေး၏ အခြေအနေကြောင့်...

"ကျေးဇူးပြုပြီး အငိုတိတ်ပါတော့ မမနန္ဒာ။ နှင်းဆီလေး ဆီကို ဝမ်းနည်းအားငယ်စိတ်တွေ ရောက်ကုန်ပါ့မယ် မမနန္ဒာရယ်..."

သည်တော့မှ သူသတိရမာန်ရှိသည်။ မိခင်တို့၏မေတ္တာဖြင့် ကိုယ့်ရင်မှ ပူမှုကို သမီးလေးထံ မကူးပြန့်စေရန် အတွက် သူမျက်ရည်ကို သုတ်လိမ်း သမီးလေးကို ချက်ချင်းပြုံးပြလိုက်ရသည်။

ဆောက်တည်ထားရသော အပြုံးမျက်နှာနှင့် မျက်ရည်စလေးများကို ပွတ်ပြီးမြင်လိုက်ရ၍ ခိုင်နွေဦး၏ ရင်မှာဆို့နင့်သွားမိသည်။

"ကဲ...သမီးလေး ကစား... ကစား၊ ဒီမမကိုတော့ သမီး ချစ်သလားဟင်"

"ချစ်တယ်...ပျော်တယ်၊ ဟိုဆရာမက သမီးကို လိမ်လိမ်ဆွဲတယ်"

ဒေါ်စောနန္ဒာက ဘာမှမပြောဘဲ သမီးလေးကို တစ်ချက်နမ်းလိုက်သည်။ ခုတင်ပေါ်မှ ဆင်းလိုက်ပြီးမှ ...

"မမစောနန္ဒာရဲ့ ဘဝမှာ ချစ်မြတ်နိုးရတဲ့လူ လေးယောက်ရှိတယ်။ ပေမဲ့ အဲဒီလေးယောက်လုံးက မမစောနန္ဒာအတွက် ဖြစ်မလာကြဘူး၊ ဘာကြောင့် ဘဝဆိုတာ တုံ့ပြန်ရယူနိုင်ခြင်းမျှား မရှိတော့ဘူးလားလို့တောင် ထင်မိတယ်။ မမရဲ့ဘဝက ထာဝရ ပေးဆပ်နေရတဲ့ဘဝပါ။ ကဲ... ခိုင်နွေဦး မမ ညနေပိုင်း ကျူရှင်တွေလက်ခံထားတာ သွားပြလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ နှင်းဆီလေးအတွက် စိတ်ချပါ...မမစောနန္ဒာ"

"ကျေးဇူးပါပဲ ညီမလေးရယ်... ကျေးဇူးပါပဲ၊ သွားမယ်နော်"

အခန်းဝအထိ ဒေါ်စောနန္ဒာနှင့် လိုက်သွားမိသည်။ သူက အပြင်ရောက်ပြီး ဟိုဟိုသည်သည် ကြည့်ပြီးမှ ခိုင်နွေဦး ဘက်လှည့်ကာ...

"ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာ အစစအရာရာ သတိထားနေရင် မမှားဘူး ခိုင်နွေဦး၊ ခုတလော သူတို့ခြေရှုပ်နေကြတယ်"

ပြောပြီးသည်နှင့် သူထွက်သွားတော့သည်။

"သူတို့ ... သူတို့ဆိုတာ ဘယ်သူကိုများ သူရည်ညွှန်းသွားပါလိမ့်၊ ကားတွေများခြေရှုပ်နေကြပါလိမ့်"

ပြီးတော့ ဒေါ်စောနန္ဒာရဲ့ ချစ်ရသူက သုံးယောက်ပါပဲနဲ့ သူပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com

အထဲမှာ တစ်ယောက်ပိုပြီး လေးယောက်ဖြစ်နေရပါလိမ့် သူမိသားစုအ
ချစ်စရာအပိုတစ်ယောက်က ဘယ်သူပါလိမ့်။

ပဟေဠိဆန်လွန်းသော ဒေါ်စောနန္ဒာ၏ အကြောင်းကို တွေး
နိုင်နွေဦး ကျန်ရစ်ခဲ့ရသည်။

× × × ×

ကဇန်း (၆)

ခြံထဲမှ ရော်ရွက်ဝါလေး၏ ဘဝကျဆုံးခြင်းများကို မူနဝါးဝေသီစွာ မြင်ရသည်။ ရွက်ကြွေလေးများ၏ နောက်ဆုံးငိုညည်းသံ တဖျောက် မျောက်ကို ကြားနေရပါ၏။

"ခြံထဲက ဂီတာသံပါလား။ ညဉ့်ဆယ်နာရီကျော်နေပြီ။ မောင်လေးနိုင်း မအိပ်သေးဘဲကိုး"

ယင်းအသီများဖြင့် အမှောင်တွင်းမှ ဂီတသံစဉ်လိုင်းလေးများ လွန့် လူးလာရာ အရပ်ကိုငေးမျှော်၍ မောင်လေးနိုင်းထံသို့ 'စိတ်ဓရီးသည်' အဖြစ်နှင့် နိုင်နွေဦး ရောက်သွားနေမိသည်။

"ဟင့်အင်းကွယ်... မကောင်းဘူး။ အဟက်ဟက်... ဟင်း... ဟင်း၊ သူများတွေသိကုန်လိမ့်မယ်"

တိုးညင်းသော ရယ်မောသံတွင် ရာဂသံများ လွှမ်းနေသော အမျိုး သမီးတစ်ယောက်၏အသံ၊ အမျိုးသားအသံကို လုံးထွေးပြီး ကြားရသည်။ စံကားလုံးမကွဲ၊ လိုက်မောသံနှင့် ရောထွေးထွက်လာသည်။

ပထမ အေးစိမ့်သလို ကြက်သီးများဖြန်းလာသည်။ ပြီးမှ တစ်ကိုယ် လုံး ရှိန်းမြူနွေးသော ခံစားမှုများကို နိုင်နွေဦး ခံစားရသည်။ ရှက်ကြောက် လွန်းသော ဝေဒနာပါ။

ခြေမကိုင်မိ လက်မကိုင်မိ။ ဘာလုပ်ရမှန်းမသိဘဲနှင့် အထဲဝင်လာ ရသည်။ အခန်းထဲရှိ ကိုယ့်သောက်ရေအိုးမှ ရေတစ်ခွက် သောက်ပြီးသည့် တိုင် ရင်ကမငြိမ်ချင်သေး။

"ဒေါက်...ဒေါက်... ဒေါက်"

www.burmeseclassic.com

www.burmeseclassic.com

"အမလေး"

တံခါးခေါက်သံကြောင့် အကျယ်ကြီး မအော်မြစ်အောင် ပါးစပ်ကို ပိတ်ထားလိုက်ရပြီးမှ ...

"ဘယ်... ဘယ်သူလဲဟင်"

ကလေးလည်းနိုးမှာစိုး၊ ကြောက်လန့်စိတ်ကလည်း မပြယ်သေးပါ၍ တုန်တုန်ယင်ယင်နှင့် တိုးတိုးလေး မေးလိုက်မိသည်။

"အက်စသာပါ"

သည်ခတ္တာမြို့ငှာတွင် အလည်ပတ် အရွှမ်းထွေးဆုံးအမျိုးသမီး ဦးတင်အောင်နိုင်၏ဇနီး။

"ဘာ... ဘာကိစ္စလဲရှင်"

"တံခါးခဏဖွင့်စမ်းပါ"

အမိန့်သံပါနေ၍နိုင်နွေဦး မနေသာတော့။ တံခါးဖွင့်ပေးလိုက်ရသည်။

"ဒီအခန်းထဲမှာ ထွေးငယ်ရှိသလား"

"ရှင်... ဘယ်က ထွေးငယ်လဲ၊ ဘယ်သူမှ မရှိပါဘူး"

"မညာနဲ့နော်... အက်စသာတို့ကမရဘူး"

ပိုင်စိုးပိုင်နင်းဝင်လာရုံမက ပြောပုံ ဆိုပုံကလည်း ရင့်သီးလွန်းပါ၍...

"အို ... ကျွန်မက ဘာကိစ္စ ညာရမှာလဲ၊ ကလေးနိုးသွားပဲမယ်ရှင့်"

"ဒီအရွှမ်းမလေးပဲ တစ်အိမ်လုံး ဝိုင်းအရေးလုပ်နေကြတာပဲ"

ရိုက်နှက်ဆောင့်ကန်ပစ်ချင်လောက်အောင်ပင် အက်စသာ ဆိုသူ အမျိုးသမီးကို မုန်းတီးစိတ်နှင့် နိုင်နွေဦး ကြည့်နေမိသည်။

သူမက... ခုတင်အောက် ပီရိဘေးများကိုပါလိုက်လံကြည့်ရှုသည်။ ထွေးငယ်ဆိုသူကို ရှာဖွေသည်၊ သူအားမရသေး၊ စိတ်မချသေးဟန်ဖြင့် မီးချောင်းကြီးကို ဖွင့်ချလိုက်သည်။

တဖျပ်ဖျပ်လင်းပြီးမှ ဝင်းထိန်သွားတော့သည်။ နှင်းဆီလေး လူးလွန့်သွား၍ နိုင်နွေဦးက အနီးမှ ယပ်တောင်လေးဖြင့် မျက်နှာနေရာကို ကာပေးလိုက်ရသည်။ မျက်နှာပေါ်တွင်အရိပ်ကလေးတင်၍ ဆက်လက် အိပ်စက်နိုင်အောင်ပါ...

နိုင်နွေဦး၏ အပြုအမူကို အက်စသာက အမြင့်ကပ်သော အကြည့်

များဖြင့် ကြည့်ပြီး၊ အခိုင်းအစေ တစ်ယောက်နှင့် ဘက်ပြိုင် စကားမပြော လိုတော့ဟန် မျက်နှာထားများဖြင့် ထွက်သွားတော့သည်။

"ဂျွန်း"

ဆိုသော တံခါးပိတ်သံကြောင့် နိုင်နွေဦးမှာ လူးလွန့်လာသော နှင်းဆီလေး၏ တင်ပါးလေးကို ပုတ်၍ စုပ်သပ် ပေးသော်လည်း မရတော့၊ ထိန်ထိန်လင်းနေသော အလင်းရောင်က နှင်းဆီ၏ အာရုံကြောများကို နိုးထစေသည်။

"ဒီကလေးအတွက် အရေးကြီးဆုံးသော အိပ်ရေးဝဖို့ပဲ၊ အိပ်ရေးမဝတူး... အိပ်ပျော်နေရာက လန့်နိုးသွားမယ်ဆိုရင် အကြောတွေဆွဲမယ်၊ စာကံတဲ့အထိဖြစ်နိုင်တယ်၊ အိပ်ရေးဝဖို့ အထူးသတိထားပါ"

ဆရာဝန်က ကလေးထိန်းသစ် နိုင်နွေဦးအား မှာကြားခဲ့သော စကားများ...

"နှင်းဆီ ညီမလေး ပြန်အိပ် ပြန်အိပ် မမထမ်းလျှောက်မယ်နော်၊ ညီမလေး... လာ လာ"

အနှုးညှဲ အညှာသာဆုံးသော ကိုင်တွယ်မှုများဖြင့် နှင်းဆီလေးကို ပွေ့ယူပြီး ပခုံးပေါ် ထမ်း၍ လမ်းလျှောက်ရင်း မီးချောင်းကို ပိတ်လိုက်သည်။ နှင်းဆီ၏ ကျောလေးကို ပွတ်၍ ကိုယ်ကို နွဲ့ယမ်းရင်း လမ်းလျှောက် သိပ်ရသည်။

"ကလေးရဲ့ ရင်တွေခုန်လိုက်တာ၊ ဘာမှမဖြစ်ပါစေနဲ့၊ ညီမလေး နေကောင်းပါစေ။ ပြန်အိပ်နိုင်ပါစေ"

နိုင်နွေဦး ဆွေးများပြန်လာသည်။ မောပန်းစိုးရိမ်လွန်းရ၍ပါ... ခဏမျှ ပုံစံမပျက် လျှောက်ပြီးသည့် အခါ၊ နှင်းဆီ၏ ရင်ခုန်နှုန်းလေးများ လျော့လာသည်။ သို့ပါသော်လည်း...

"အိပ်ချင်တော့ဘူး၊ ရေသောက်မယ်"

အားလျော့ရပါပြီ၊ ရေတိုက် ဆီးတည်ပြီးသည်နှင့် နှင်းဆီ ပွေ့တော့သည်။ စားမယ်၊ စားမယ်နှင့် တော်တော်နှင့် အိပ်ပျော်မည့်ဟန်မရှိတော့ပါချေ။

နိုင်နွေဦးမှာ အက်စသာဆိုသူ အမျိုးသမီးကို ကျိန်းသေချင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနှင့် အင်္ဂလိပ်သွေးက လေးပုံတစ်ပုံစီ။ မြန်မာသွေးကတစ်ဝက် ရောစပ်ထားသည်ဆိုသော ဤအမျိုးသမီး၏ ချောလှပုံက စောနမှာလို ရင်အေးဖွယ် မကောင်း... ယူလောင်သော အလှများကို ပိုင်ဆိုင်၍ ကောက်ကျစ်စဉ်းလဲသောစိတ်၊ ဝန်တိုခြင်း၊ တစ်ဖက်သားကို နှိမ့်ချလိုခြင်း စသော စိတ်ထားများ ဝန်းရံနေလေသော မိန်းမ...

"မမဦးဆီ၊ ဘတနိုင် မလာဘူးလား"

ဦးတင်အောင်နိုင်ကို ရည်ညွှန်းသည်ဖို့

"ဟင် မလာပါဘူး နှင်းဆီရဲ့ ဘာဖြစ်လို့ လဲ"

"ဦးဦးသိန်းရော လာဘူးလား"

"ဘယ်သူလဲ ဦးဦးသိန်းဆိုတာ မလာပါဘူး။ ဘာဖြစ်လို့လဲနှင်းဆီ"

"ဆရာမ စောနန်းအေးဆီတော့ လာတယ်၊ ပြီးရင် နှင်းဆီကို အတင်း အိပ်ခိုင်းတယ်၊ မျက်လုံးဖွင့်ရင် သတ်မယ်တဲ့"

"ဟင်"

"ပြီးတော့ ဒီမှာပဲ ဆရာမ စောနန်းအေးနဲ့ အိပ်တယ်။ ပြီးတော့"

"အို..."

"အက်စသာလည်း ဦးဦးသိန်းနဲ့ ဒီမှာလာအိပ်တာပဲ"

နိုင်နွေဦး ဆက်မကြားရဲတော့၊ ဆက်ရှုလည်း မမေးချင်တော့ပါ။

ဦးဦးသိန်းဆိုသောသူကို ကြုံတင်သိထားရန်လိုပြီဟု နိုင်နွေဦး နားလည်လာရသည်။ 'အငယ်ထွေး' ဆိုသော အမည်သစ်ကိုလည်း ယနေ့ကြားသိခဲ့ရပြီ။ ဤခရွာမြို့ငှာ ပဟေဠိများ၏ အဖြေကို ရှာဖွေ နားလည်ထားဖို့ လိုသည်။ နိုင်နွေဦး အနေနှင့် ဤ အခန်းလေးအတွင်း၌ လုံခြုံစိတ်ချရသည်ဟု အေးအေးနေ၍ မဖြစ်တော့...

လူမှုရေးဖောက်ပြန်မှုများ ရှိနေပြီဖြစ်၍ ကလေးထိန်းမလေး နိုင်နွေဦးအတွက် အန္တရာယ်သည် အချိန်မရွေး လာရောက်လည်ပတ်လိမ့်မည်ဖြစ်ကြောင်း ကြိုတင် တွက်ဆထားရပေတော့မည်။

စောစောက ရမ္မက်လိုင်းများလွန်သံရှင် အမျိုးသမီး မည်သူဖြစ်မည်ကိုလည်း သတိထားသင့်ပါသေးသည်။

"ဆရာမ"

"ဟင်..."

ခါတိုင်းဆရာမ ခေါ်လေတိုင်း ပြုံပြုံပြင်ခိုင်းသော်လည်း ယခု မပြော တော့ပါ၊ နှင်းဆီသည် 'ကိုယ်ရည်ကိုယ်သွေး ချို့တဲ့သူ' ဖြစ်၍ သူ့အသက် သန်စွမ်းထဲ ဝင်နေပြီဖြစ်သော်လည်း အသိဉာဏ်က တစ်ဝက်မျှလောက် ရှိသေးသည်။ လူနွှာပါ မထွားကျိုင်းလှပါ။ လူတွဲမပါဘဲနှင့်လည်း မစိုးမလွှားက်နိုင်ရှာ၊ သနားစရာ ဘဝလေးနှင့် ညီမထွေးကို အကြင်နာ ပြသော နိုင်နွေဦးပါ...

"အဲ...ဒီနေရာက နာတယ်"

"ဟင်...ဟုတ်လား ...ဘာများဖြစ်လို့ပါလိမ့်"

သူ့ရင်ဘတ်ကို နှိပ်၍ပြောလိုက်သဖြင့် နိုင်နွေဦး လန့်သွားမိသည်။

"ဟား...ဟား...အလကား"

သူရယ်မောပုံကတစ်မျိုး၊ သာမန်မဟုတ်ပါ...

"ဒီလိုမပြောရဘူးလေ ညီမလေး... တကယ်မဖြစ်တဲ့စကားကို မပြော ရဘူး။ ဘယ်တော့မှ မပြောရဘူးနော် မှတ်ထား"

"အင်း...အင်း"

"အဲ... ဟုတ်ပြီ... အဲဒီလိုမှတ်ပြီးရင် တကယ်ဖြစ်တာကိုတော့ ပြော ရမယ်နော် ဟုတ်လား၊ တကယ်ဖြစ်တာကိုလည်း မပြောဘဲ မနေရဘူး နော်၊ နှင်းဆီလေး ကြားလား"

နှင်းဆီက မျက်လုံးလေး အထက်လှန်ပြီး စဉ်းစားသလို လုပ်နေသည်။ နှင်းဆီမှာ သာမာန်အသိဉာဏ်မျိုးထက် နှံ့နဲ့နေသော်လည်း ရူးသွပ်နေသူ မဟုတ်ပေ၊ အားလုံးကိုသိသည်။ သူ့အသက်နှင့် လိုက်မီအောင် ဉာဏ်မရှိခြင်းသာ ဖြစ်ပါ၏။ နှင်းဆီက...

"အန်တီအက်စသာကတော့ မပြောရဘူးတဲ့"

"ဟင်... ဘာကိုမပြောရတာလဲ"

နှင်းဆီ ငြိမ်နေသည်။ အက်စတာသည် နှင်းဆီလေးကို ဘာများ နှုတ် ဆိတ်ထားပါလိမ့်၊ ချော့၍မေးရသည်။ မေးမှကို ဖြစ်တော့မည်။

"ဒီမှာနှင်းဆီ အက်စသာ့ကိုချစ်လား၊ မမဦးကိုချစ်လား"

နှင်းဆီက နှုတ်နှင့်မဖြေ၊ နိုင်နွေဦးကို လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ဒါဖြင့် မမဦးကို ပြောပြရမှာပေါ့။ ပြောပါဦး အက်စသာက ဘာပြောလဲဟင်"

"ပြောရင် ဆေးတွေ အများကြီး အထိုးခံရပြီး သေတတ်တယ်တဲ့"

"တောက်"

ခိုင်နွေဦးမှာ မကျေမချမ်းဖြင့် တက်ခေါက်လိုက်မိသည်။ နှင်းဆီကို မဟုတ်ပါ။ ဒီလောက် ကျန်းမာခြင်း ချို့တဲ့ပြီး ဆေးထိုးရမည်ကို ကြောက်လွန်းရှာသော ကလေးကိုမှ ခြောက်ရက်ကြလေခြင်း။

ခိုင်နွေဦးမှာ ဘ၀ကိစ္စကို မေ့သလိုလုပ်ပြီး တခြား သူပျော်ရွှင်စရာလေးများကို ဖန်တီးပေးပြီးမှ မရရအောင် မေးမိရာတွင်...

"အက်စသာကပြောတယ်၊ အစ်ကိုလွမ်းဝေက နင့်ကို ဒုက္ခပေးလိမ့်မယ်တဲ့"

"ဟင်"

"ဟုတ်တယ်၊ တုတ်နဲ့ရိုက်မယ်၊ တွန်းချမယ်၊ ချောက်ပြလိမ့်မယ်တဲ့"

"ဟုတ်တယ်..."

"အဲဒီလိုလုပ်ရင် နင့်အစ်ကိုလုပ်တာလို့ အော်နော်၊ ဒါမှ တို့က ရိုက်မယ်တဲ့... ငါပြောတယ်လို့ ပြောရင် အသေပဲ... မပြောရင် ချောကလက် အမြဲ ကျွေးမယ်တဲ့"

ခိုင်နွေဦးမှာ ကလေးကို အလန့်တကြား ဖက်တွယ်ထားလိုက်မိသည် ရင်ခွင်တွင်းမှာ အပ်ထားမိသည်။ စိတ်တွင်လည်း...

"ညီမလေး ... ညီမလေးမှာ အန္တရာယ်တွေ ဝိုင်းနေပါလားကွယ်၊ ဒီကလေးလည်းတစ်ခုခုဖြစ်၊ သူ့ အစ်ကိုလည်းအပြစ်ရ၊ အို... ဘာတွေလဲ သူတို့ဘယ်လို အကျိုးခံစားစရာများ ရှိလို့လဲကွယ်"

ညီမလေးဆွတ်သာမက စိတ်မချဖွယ်ရာ နောက်တစ်ယောက် ရှိလာပြန်သည်။ သူကတော့...

"ခိုင်းလွမ်းဝေ... သို့မဟုတ် ခိုင်း... မောင်လေးခိုင်း"

× × × ×

အခန်း (၇)

"ခိုင်း မောင်လေး"

"ခိုင်းလည်း မမဦးနဲ့ တွေ့ချင်နေတာနဲ့အတော်ပဲ လာထိုင်... မမဦး"

"ဆိုပါဦး၊ ရှင်တွေ့ချင်တဲ့ ကိစ္စကို"

"ကိစ္စမရှိပါဘူး"

"ဟင်... ဒါနဲ့ တွေ့ချင်တယ်ဆို"

"အင်းလေ... တွေ့ချင်တယ်ပဲ ပြောတာ၊ ကိစ္စရှိတယ်လို့မှ ပြောတာမဟုတ်ပဲ"

"တွေ့ချင်ရတဲ့အကြောင်း ရှိရဦးမှာပေါ့ကွ"

"တွေ့ချင်တဲ့အကြောင်းကလား ... မမဦးနဲ့ စကားပြောချင်နေတဲ့ အကြောင်းပဲ"

"စကားပြောချင်တာ ဘာအကြောင်းလဲ"

"စကားပြောချင်တာ တွေ့ချင်လို့၊ တွေ့ချင်တာ စကားပြောချင်လို့"

"ဟွန်..."

"မမဦးနဲ့ စကားပြောနေရရင် သမ္မာရာအကြောင်းပဲဖြစ်ဖြစ် မီးတောင်အကြောင်းပဲ ဖြစ်ဖြစ်...။ တံတောင်အကြောင်းပဲ ဖြစ်ဖြစ်..."

"တော်စမ်းပါ ခိုင်းရယ်၊ ဟိုနေ့ကရော ဟိုးနေ့တွေကရော မောင်လေးနဲ့ မမဦး စကားပြောနေကြရင် မျက်လုံးတွေအများကြီးက စောင့်ကြည့်နေကြတယ် မဟုတ်လား၊ကွယ်"

"ခိုင်းလိုပဲ ဘယ်သူကိုမှ ဂရုမစိုက်စမ်းပါနဲ့ မမဦးရယ်"

"ခိုင်းကတော့ ဟုတ်တာပေါ့၊ မမဦးကတော့ ခိုင်းတို့ရဲ့ အလုပ်သမား

www.burmeseclassic.com

ကလေးထိန်းမဟုတ်လား၊ မရဲဘူးပေါ့ကွယ်၊ ခုတောင် မေမေကြီး ဒေါ်မရီ လေးတင့်က သူစောင့်နေမယ်။ နှင်းဆီအိပ်တုန်း အညောင်းပြေ သွား၊ပါ ဆိုလို့ ခြံထဲဆင်းခဲ့ရတာ"

"အဲဒီ အဘွားကြီးက အရိုက်ကြီး၊ နေရာတကာ လိုက်ရှုပ်နေတယ်"

"ဟဲ့... နိုင်း... ကိုယ့်အဘွားကို ဒီလိုပဲ ပြောရသလား ကွယ်"

"ဟုတ်တယ်... ဘာတွေမှန်းလည်း မသိဘူး၊ အားလုံးကိုကျွန်တော် မကြည်ပါဘူး၊ အားလုံးကလည်း နိုင်းကိုမုန်းကြတယ်"

"မဟုတ်သေးဘူး နိုင်း... နိုင်းနဲ့ အိမ်သားတွေကြားမှာ ကွာဟမှုလေး ရှိနေပြီ၊ ဒီအရွယ်ဟာ ဒီလိုပဲ ကိုယ့်ကိုအုပ်ချုပ်သူပေါ် အမြဲမကျေနပ် ဖြစ်လေ့ ရှိကြတယ်။ ဆန္ဒများတဲ့အရွယ်ကို ဆန္ဒကုန် လိုက်မဖြည့်နိုင်ရင် အပြစ်မြင်ကြရော။ ဒီအချိန်မျိုးမှာ မိဘနဲ့သားသမီး နားလည်မှုရှိကြဖို့ လို တယ်။ မိဘဘက်ကလည်း လည်ပတ်သုံးစွဲနိုင်တဲ့ငွေကြေးပမာဏက ဘယ် လောက်ပဲရှိတယ်၊ ဘာတွေကုန်တယ်ဆိုတာကို အမှန်အတိုင်း ပြောပြသင့် တယ်။ နားလည်စေသင့်တယ်"

"တော်ပါတော့ဟာ... မမဦးရဲ့ အဘိမမ္ဘာက တခြား အိမ်ထောင်စု တွေနဲ့သာ သက်ဆိုင်မှာပါ။ အမေ ကိုယ်တိုင် မချစ်ဘဲ ပစ်ထားတဲ့ သား၊ တစ်ယောက်အတွက် သူကဘာတွေ စာရင်း တွက်ပြနေမှာလဲ၊ ပြီးတော့ လည်း...

"မဟုတ်ဘူးနိုင်း... မဟုတ်သေးဘူးကွယ်။ မမစောနန္ဒာဟာ တကယ် သနားစရာကောင်းတဲ့ မိန်းမတစ်ယောက်ပါ။ သူ နိုင်းကို သိပ်ချစ်ရှာ ပါတယ်။ ဒါနဲ့ဖေဖေနဲ့ရော"

"ကျွန်တော်နဲ့ သိပ်ပြီး မျက်နှာချင်းမဆိုင်လှပါဘူး"

နှိုင်းနွေဦး ဘုရားတမိသည်။ ခတ္တာမြို့ငယ်အိမ်ကြီးပေါ်မှ မိသားစု ဖွဲ့စည်း ပုံများသည် ရင်သပ်ရှုမောအဲ့သြကုန်နိုင်ဖွယ်ထဲကပါလား။

"မနေ့ကပဲ ထွေးငယ်ငယ်နဲ့ ပြဿနာဖြစ်ကြသေးတယ်"

"ဟင် ...ထွေးငယ်ငယ် ဟုတ်လား၊ အဲဒါ ဘယ်သူလဲဟင်... မမဦး၊ မေးမလို့"

"ဒေါ်အက်စသာရဲ့တူမ"

"ဟုတ်လား... တစ်နေ့ညကတောင် နှင်းဆီအိပ်နေမှ ညကြီး သန်း ခေါင် မမဦးရဲ့ အခန်းတံခါးခေါက်ပြီး ထွေးငယ်ဆိုတာကို လာရှာသေး တယ်။ မမဦးတော့ အဲဒီမိန်းမကို ဘယ်လိုရေစက်လဲ မသိဘူး၊ မြင်တာနဲ့မုန်း တီးတယ်"

"သူကို လူတိုင်းမုန်းတာပဲ၊ ဒါပေမဲ့ လူတိုင်းက သူ့ကို ကြောက်ကြရ တယ်။ သူက ဒီခတ္တာမြို့ငယ်ရဲ့ အရှင်သခင်မကြီးလေ ဒီအိမ်ကြီး လည်ပတ်မှု အတွက် သူပဲ ဖန်တီးပေးနေရတာ။ မေမေတို့က လခပေးရုံပဲ"

"ဟုတ်လား"

"နေပါဦး... ထွေးငယ်ကို မမဦးအခန်း ဘာလို့ လာရှာရတာလဲ၊ ဦး အောင်နိုင်ရဲ့အခန်းမှာ ရှိမှာပေါ့"

"ဟဲ့..."

"ဟုတ်တယ်... ဒီလူကြီးက သိပ်အလွတ်ပေးတာ မဟုတ်ဘူး။ ဒေါ်အက်စသာကလည်း သူတို့မ ဈေးရတုန်း ဒီလူကြီးနဲ့ မပေးချင်သေး တူးပေါ့"

"အို... ဘယ်လိုဟာတွေလဲ နိုင်းရယ်"

"မမဦးနဲ့ တွေ့စက ကျွန်တော် ပြောဖူးတယ် မဟုတ်လား...၊ မကောင်းတာမှန်ရင် ဒေါ်အက်စတာတို့က အကုန်လုပ်တယ်လို့။ သူတို့မ ဆို ခေါ်လာတာပဲ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ဒီလိုပဲ ခတာခတာခေါ် လာတာပဲ။ ပြီးတော့ ဖိုလ်ချုပ်ဈေးမှာ..."

"တော်... တော်တော့ နိုင်း၊ မမဦးနဲ့ မောင်လေးနဲ့ပြောလို့ကောင်းတဲ့ အပိုင်း မဟုတ်တော့ဘူး၊ သူများ အကြောင်းတွေ အသာထားလိုက်ကွယ်။ နိုင်းရဲ့ရှေ့ရေး မမဦးရဲ့ အကြောင်း ဒါတွေပဲ ပြောကြရအောင်ပါနော်"

နှုတ်ပိတ်လိုက်ရသော်လည်း ရင်ထဲ၌မူ ဒေါ်အက်စသာဆိုသူ၏ အသက်မွေးမှုကို ရင်မနေမိသည်။ နိုင်းထင်မြင်နေသလောက် ဆိုးဆိုးရွားရွား အဖြစ်များလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ မုန်းသူအပေါ် တွင် ဘာလုပ် လုပ် အပြစ်မြင်နေသည့် သဘောများလား၊ ဟုလည်း အက်စသာဘက်က သက်သက်ညာညာ တွေးမိပါသည်။

"မမဦး မောင်မောင်သိန်းကိုတော့ သတိထားနော်။ လမ်းစားတုန်း

www.burmeseclassic.com

က သူ မမဦးကိုပဲ လိုက်ကြည့်နေတယ်။ ဒီလူက အလကား..."

"မောင်မောင်သိန်းဆိုတာ ဘယ်သူလဲ နိုင်း"

"မိုးကုတ်ကတဲ့။ ဒေါ်အက်စသာ့မောင်တဲ့။ ထောတော့ ထောတယ်"

"အက်စတာလည်း ဦးဦးသိန်းနဲ့ ဒီမှာလာအိပ်တာပဲ"

နှင်းဆီလေးရဲ့ အသံကို ပြန်လည်ကြားယောင်လာမိသည်။ ဦးတင်အောင်နိုင်နှင့် ဒေါ်အက်စသာတို့၏ အိမ်ထောင်ရေး ဖောက်ပြန်မှုကြီးက ကြက်သီးထဖွယ်ရာပါပင်။ နိုင်နွေဦး ကြားခဲ့ရသော အသံများမှာ ထွေးငယ်နှင့် ဦးတင်အောင်နိုင်၊ သို့မဟုတ် မောင်မောင်သိန်းတို့သာ ဖြစ်ဖွယ်ရာရှိသည်။ ထွေးငယ်၏အခန်းတွင် ထွေးငယ်ကို မတွေ့ရသည်နှင့် ထိုညက ဒေါ်အက်စသာ လာ၍ ရှာခြင်းဖြစ်ကြောင်း နိုင်နွေဦး တွေးမိလာရသည်။ စောနှန်းအေးရှိစဉ်က သည်အခန်းတွင် စတည်းချနေကျ ဖြစ်ပေလိမ့်မည်။

"ကျွန်တော့် အကြောင်းက ပြောစရာမရှိလှပါဘူး။ မမဦး အကြောင်းပဲ ကျွန်တော်က နားထောင်ချင်တာ"

"မမဦးအကြောင်းက ဝါကျတစ်ကြောင်းစာလောက်ပဲရှိတာ နိုင်းရဲ့။ ဓိဘတွေက တောမှာ၊ ဆင်းရဲတယ်။ မမဦးကို အဒေါ်က ခေါ်လာပြီး အခုလို ကလေးထိန်းအဖြစ်နဲ့ အလုပ်သွင်းပေးတယ် ဒါပဲ"

"တောသူနာမည်က နိုင်နွေဦးတဲ့လား"

နိုင်းပြောမှ ပြန်လည်၍ သုံးသပ်လာမိသည်။ မိမိ၏အမည်ကို ပြောင်း၊ ပစ်ရန် သတိမရမိ။ ဖခင်၏ အမည်နေရာမှ 'နိုင်' တစ်လုံးကို ခဲဖျက်နှင့် ဖျက်ခဲ့၍ ကွက်နေလေသည်။ မတတ်နိုင်တော့၊ နောက်ဝိုင်းကျမှပဲ လ-ဝ-က ရုံးနှင့် ရှင်းချင်လည်း ရှင်းရပါစေတော့ လောလောဆယ် ဧည့်စာရင်း တိုင်ပြီး နေရမည်ဖို့ အဖေအမည် 'ဦးတင်အောင်' အဖြစ်နှင့် ခတ္တာမြို့ရှင်သို့ ဝင်ခဲ့ပြီးပါပြီ။ ဧည့်စာရင်း တိုင်ခဲ့ပြီးပါပြီ။

ယခု နိုင်း၏ သံသယစကားကို မည်သို့ ချေပရမည်မှန်း မသိနိုင်အောင် ရှိရ၍ ဘာမှ မပြောတော့ပါဘဲနှင့် စကားလွှဲရသည်။

"နိုင်းကို မမဦး အလေးအနက် ထားပြီးစကားပြောချင်တယ်"

"ပြောပါ"

"နိုင်းတို့အရွယ်က ရည်ရွယ်ချက်တစ်ခုခုကို ဦးတည်ပြီး လှုပ်ရှား

သင့်တဲ့အရွယ်ပါ နိုင်း"

"ကျောင်းနေဖို့ တရားဟောတော့မယ်လား မမဦး"

"ဟုတ်တယ် ... အဓိကကတော့ ကျောင်းနေဖို့ပဲ၊ ဒါမှမဟုတ်လို့ ကိုးတက်မယ့် အလုပ်တစ်ခုခုကို လုပ်စေချင်တယ်ဆိုလည်း ကြိုးစားလုပ်ကိုင်နေသင့်ပြီ နိုင်း။ ပြီးတော့ အလုပ်တစ်ဖက်နဲ့ စာမေးပွဲလည်း ဆက်ဖြေပေါ့"

နိုင်းက လှလှပပလေး ရယ်မောလိုက်သည်။

"မမဦးရဲ့ စေတနာကို နိုင်းက လေးစားတာလား"

"မဟုတ်ရပါဘူးဗျာ။ မမဦး စေတနာတွေက တစ်ပတ်လျှော်ပါဦး။ အလုပ်လည်း လုပ်ရမယ် ကျောင်းလည်းနေရမယ်ဆိုတော့ အဟဲ... မေကျာ ဘွတမ်(မ) ခေတ် ရောက်ပြီလေ။ တစ်ခုကောင်းပဲပေါ့"

"နိုင်းရယ်... နိုင်းရဲ့ ရှေ့ရေးအတွက် မမဦး သိပ်ရင်လေးတာပဲ၊ မောင်လေးနဲ့ညီမလေးအကြောင်းကို တွေးလိုက်မိရင် အိပ်လို့တောင် မပျော်နိုင်အောင်ပါပဲကွယ်"

"တကယ်ပဲလားဗျာ"

"တကယ်ပါနိုင်း"

"ဘာဖြစ်လို့ ဒီလောက် နိုင်းတို့အတွက် စိတ်ပင်ပန်းခံနေရတာတဲ့လဲ မမဦးရဲ့"

"ချစ်လို့ပေါ့ကွယ်၊ မောင်လေးနိုင်းကို သိပ်ချစ်လို့ပေါ့"

"ဗျာ ..."

"ဟင်..."

ကိုယ့်အဓိပ္ပာယ်အကျယ်ကို သူ မသိမြင်နိုင်သေးခင် စကားပြောလောသွားမိခြင်းအတွက် နိုင်နွေဦးမှာ နှဖူတွင် ခြေကျဲ မိသူလို လမ်းမှန် ပြန်ရောက်ရန် ခက်ခဲစွာ ရုန်းကန်ရပါပြီ။

"ဟုတ်တယ် နိုင်း...၊ နိုင်းကိုလည်း ချစ်တယ်... နှင်းဆီကိုလည်း ချစ်တယ်၊ အဲဒီမေတ္တာနှစ်ခုဟာ အတူတူပဲ။ သားချင်းမဲ့ တစ်ကောင်ကြွက် မမဦးဟာ နိုင်းနဲ့ နှင်းဆီကို အရင်းအချာ မောင် ညီမလေးတွေအဖြစ်နဲ့ သံယောဇဉ်တွယ်နေမိပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲ ပြောပြောပါ... မေတ္တာဆိုတာ တွယ်ငြိခြင်းပါ မမဦးရဲ့၊ မမဦးဘက်က ဘာတွေပဲ သရုပ်ခွဲပြနေပါစေ၊ ကျွန်တော်ကတော့ မမဦးကို ထူးထူးခြားခြား တွယ်ငြိနေမိပါပြီ။ ကဲ...ကဲ... တရားတွေ ဆက်ပေး စမ်းပါဦးဗျ"

"တော်ပြီ နိုင်းရယ်"

ရင်ထဲမှာ လေးလံတင်းကျပ်လာ၍ နိုင်းဘေးမှ ထရန် ဟန်ပြင်မိသည်။ နိုင်းက နိုင်နွေဦး၏ လက်မောင်းအိအိလေးထဲသို့ သွေလက်ချောင်းလေးများ နစ်ဝင်သွားအောင် ဖျစ်ညှစ်ဆုပ်ကိုင်၍ ပြန်ထိုင်စေသည်။

"ဒီမှာ နိုင်းပြောမယ်"

နိုင်းက တစ်ခါတစ်ရံ ကျွန်တော်၊ တစ်ခါတစ်ရံ နိုင်းဟူသော သုံးနှုန်း သည်။ သူကပင် ဆက်ပါ၏။

"မမဦးက မောင်လေးနိုင်း ဆိုတာကို ပညာတတ်ကြီး ဖြစ်စေချင် တယ်။ ဦးတော့ စီးပွားရေးလုပ်ငန်းကောင်းတစ်ခုကို ပိုင်ဆိုင်စေချင်တယ် ဒီလို မဟုတ်လား"

"စေတနာရဲ့ အဓိပ္ပာယ်ဟာ ကောင်းစားတာကို မြင်လိုခြင်းပါနိုင်း"

"မြေပိုင်ရှင်ကြီး တစ်ယောက်ရော မဖြစ်စေချင်ဘူးလား ဟင် မမဦး"

"မြန်မာပြည်ကို ဝယ်မလို့လား"

"ဟာ ... မမဦးတောင် ဟာသတွေလုပ်လာပြီ။ ဒီမှာ တကယ်ပေ တာပါ"

"မြေပိုင်ရှင်သူဌေးကြီး ဦးလွှမ်းဝေ ဖြစ်စေချင်ပါသတဲ့ရှင်"

"ဒါဖြင့် ပိုင်လိုက်တော့မယ်၊ ကျွန်တော့်မှာ မြေဖက နှစ်ဆယ်ကျော် ပိုင်ဆိုင်ပါတယ် မမဦး။ သနပ်ဖက်ခြံတွေပါ၊ နိုင်းရဲ့ ဦးရီးဖွန်မိုင်းက ကြီးကြပ်ပေးနေပါတယ်။ နိုင်းက စီးပွားရေးကို သိပ်ငြီး စိတ်မဝင်စားသေး လို့ ဒီရန်ကုန်မှာ လာ'လိမ့်' နေတာပါ မမဦးရဲ့၊ နိုင်းမှာ ခြံနဲ့တိုက်နဲ့ မြေပိုင်နဲ့၊ လုပ်ငန်းနဲ့ပါ။ ပူမနေစမ်းပါနဲ့ မမဦးရာ"

"တကယ်... ဘယ်မှာလဲဟင်"

"တောင်ကြီးမှာ"

"ဝမ်းသာလိုက်တာနိုင်းရယ်၊ တို့များ သူဌေးအစ်မ ဖြစ်ရချည်သေးရဲ့ ပေါ့နော်"

နိုင်းက ဘာမှ မပြော၊ အပြုံးလွင်လွင်ဖြင့်သာ နိုင်နွေဦးကို ကြည့်နေ သည်။

"နိုင်း..."

"ဟင်..."

"မမစောနန္ဒာဟာ ဒီလိုပစ္စည်းတွေပိုင်ဆိုင်လျက်သားနဲ့ သူ့ ကြည့်ရ တာ ချို့ငဲ့နေသလိုပဲကွယ်"

"အဲဒါတွေက မေမေနဲ့မဆိုင်ဘူး၊ နိုင်းအတွက်ပဲသုံးရမယ်ဆိုပြီး ဖိုင်းရဲ့ဦးရီးက ပေးထားခဲ့တာတွေ"

"သြော်...သြော်"

နိုင်း... လေလွင့်နေသည့် ကိစ္စတွင် ငွေကြေး သုံးစွဲနိုင်မှုလည်း ငါး ဆယ်ရာခိုင်နှုန်းမျှ ပါဝင်နေပါလိမ့်မည်။

"အေးလေ... ဘာပဲ ဖြစ်ဖြစ်ပေါ့ မမဦး အနေနဲ့ ကတော့ နိုင်းပေါ်မှာ သံယောဇဉ်ကြီးနေမိပြီ၊ ရှေ့ရေးကိုတွေးပြီး ပူနေမိပြီ ဒါကြောင့်ပါကွယ်"

"မေမေက မမဦးကို မပြောဘူးလား"

"ဘာကိုလဲနိုင်း"

"နိုင်း... ဘာလုပ်ချင်သလဲ မေးကြည့်ပါ၊ လိမ္မာအောင် ဝိုင်းပြီး ဆုံးမပေးပါ။ အမေကို ချစ်တတ်လာအောင် ပြောပေးပါ ဆိုတာတွေပေါ့"

"သြော်... နိုင်းရယ်၊ မပြောပါဘူးကွယ်"

နိုင်နွေဦး လိမ်ညာလိုက်ရသည်။

ညွှဉ်ဦးယဲရောက်တိုင်း ဒေါ်စောနန္ဒာက နိုင်နွေဦး၏ အခန်းသို့ လာရောက်၍ သမီးလေးကို တွေ့နေကျ၊ သမီးကိုမွေ့ချိုရင်းက မျက်ရည် လေးဝဲဝဲဖြင့် နိုင်းက နိုင်နွေဦးကို ခင်မင်နေပါ၍ ဆုံးမပေးပါရန် အတန်တန် ပြောကြားရှာခဲ့ပြီး ဖြစ်ပါသည်။

မိခင်နှင့် သားတို့ကြားမှ အောင်သွယ်စကားများကိုလည်း ပြောကြား မပေးလိုတော့ပါ။ မိမိနှင့်လည်း မေတ္တာစကား သံယောဇဉ်စကားများကို မပြောကြားလိုတော့ပါ၍...

"ဒီအိမ်က လူတွေအကြောင်း မမဦး ပြည့်ပြည့်စုံစုံ သိချင်တယ် ဖိုင်းရယ်"

www.burmeseclassic.com

"ကျွန်တော်က တစ်ယောက်မှကို ကြည့်မရဘူး"

"ဟုတ်ပါတယ်... အကြောင်းရာလေးလောက် သိချင်တာပါ"

"သူတို့နဲ့ကင်းကင်းနေတယ်၊ ကိုယ့်ဟာကိုယ်လိမ့်နေပေမယ့် သူတို့ဘာတွေလုပ်နေတယ်ဆိုတာ နိုင်းသိပါတယ်"

"အဲဒါတွေ မမဦး သိထားပါရစေလားနိုင်း"

"ပထမဦးဆုံးက အဘွားကြီး ဒေါ်ခင်လေးတင့်။ သူဟာ အထုပ်တစ်ထုပ်ကို ပိုက်ပြီး မလွဲမသွေ ကျရောက်လာတော့မယ့် အန္တရာယ်ကို ကြောက်ရွံ့နေရတဲ့အဘွားကြီး"

"ဟင်... ဘာအထုပ်ကိုပိုက်ပြီး ဘာအန္တရာယ်ကို ကြောက်တာလဲ နိုင်းရယ် သိချင်လိုက်တာ"

"အထုပ်ကတော့ အတွင်းပစ္စည်းတဲ့၊ ဒါပေမဲ့ အဲဒါက ထိပ်တန်း လျှို့ဝှက်ပဲ။ အားလုံးအသိကတော့ အဘွားကြီးမှာ ဖြူခါပြာခါကျ နေပြီပဲ"

"နိုင်းက ဘယ်လိုသိလဲ"

"သိပါတယ် မေမေသိသလောက် နိုင်းသိရတာပဲ၊ မေမေနဲ့တော့ အဘွားကြီးက ကြည်တယ်လေ"

"ထားပါတော့ အန္တရာယ်ဆိုတာက ဘယ်က လာမှာမို့လဲ"

"ရှင်းရှင်းကြီးပဲမမဦးရာ၊ အက်စသာတို့ လင်မယားက ဒီအိမ်ကြီးကို အပိုင်စီးပြီး အဘွားကြီးအပါအဝင် အားလုံးလွှင့်သွားအောင် တိုက်ထုတ်နေတာပဲ ကြည့်ပါလား။ အိမ်မှာဆို သူတို့ကြိုက်တဲ့လူမှ ငှားရတယ်။ နှင်းဆီလေးအတွက် မမဦးကို အဘွားကြီးက ငှားလိုက်တာကိုလည်း သူတို့ကျေနပ်ကြပုံ မရဘူး။ ဒါကြောင့် မမဦးမနေနိုင်အောင် တွေ့တိုင်း ကောနေကြတာ"

"ကောရံဆို တော်ပါရဲ့ မမဦးတောင် ကြောက်လာပြီ နိုင်းရယ်"

"နိုင်းကိုတော့ ဖြုတ်ကြပါတယ်။ မုန်းလည်း မုန်းကြပါတယ်။ စိတ်ချ။ နိုင်း မမဦးကို မျက်ခြည်မပြတ် ကြည့်နေတာပါ"

"ကျေးဇူးတင်ပါတယ် နိုင်းရယ်၊ မမဦးလည်း အမြဲတမ်း သတိရှိရှိနဲ့ နေနေပါတယ်။ ညတိုင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်လို့ ခေါင်းကိုက် ရောဂါတောင် စွဲချင်နေပြီ။

"အမှန်တော့ ဒီအိမ်မှာ မမဦးလောက် လှတဲ့ မိန်းမတစ်ယောက် သာပြီး အလုပ် မလုပ်သင့်ဘူး။ ဖြစ်နိုင်ရင် ခုပဲ အလုပ်က ထွက်သွားပါတော့လို့ ပြောလိုက်ချင်တယ်၊ ဒါပေမဲ့ ခုတော့ မပြောနိုင်တော့ဘူး မမဦးရေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"နိုင်းကိုယ်တိုင်က မမဦး ပြန်သွားမှာကို သိပ်နှိုးရိမ်နေမိပါပြီ မမဦး"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတာဝန်က ကလေးထိန်းဖို့ပါပဲ၊ ကျေးဇူးပြုပြီး ကျွန်မ သွားပါရစေတော့ရှင်"

"စကားပြောပုံကလည်း ဖိုင်နယ် ကျောင်းသူ တစ်ယောက်ရဲ့ လေသံပဲ"

ခိုင်နွေဦးမှာ ဤအကျဉ်းကျပ်မှ လွတ်မြောက်ရန် အတွက် မြေကိုလျှိုးကိုပျံနိုင်သည့် တန်ခိုးသတ္တိများ ရလိုလှပါဘိ။

"နာမည်ကလည်း ခိုင်နွေဦးတဲ့ ထားပါတော့ဗျာ။ ခိုင်နွေဦး ကြည့်ရတာ အင်မတန် ပါးနပ်မယ့် ကွက်ကျော်မြင်မယ့် မိန်းကလေးမျိုးပါ။ ကြောင့် ခိုင်နွေဦးအကျိုးရှိမယ့် ကိစ္စတစ်ခုအတွက် ကျွန်တော် နည်းနည်း ဆွေးနွေးချင်ပါတယ်"

"ကျွန်မလခနဲ့ပဲ လုံလောက်နေပါပြီ၊ နေပါစေရှင်"

"အဲဒီလုံလောက်တဲ့လခမျိုး တစ်ချိန်တည်း တစ်ထိုင်တည်းနဲ့ တစ်သက်စာ လောက်ရမယ့် လုပ်ငန်းမျိုး ဆိုရင်ကော ခိုင်နွေဦး စိတ်မဝင်စားဘူးလား"

ခိုင်နွေဦးမှာ မောင်မောင်သိန်း၏ မျက်နှာကို ယခုမှ မော့ကြည့်လိုက်မိသည်။ အသက် သုံးဆယ်ကျော်၊ ရုပ်ရည် မခေလှသော်လည်း လည်ပတ်လှုပ်ရှားသည့် အမျိုးသားတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသော သူ့မျက်လုံးများဖြင့် ခိုင်နွေဦးကို စိုက်ကြည့်နေသည်။

"ငါ့ကို ထွေးငယ်ဆိုတဲ့ မိန်းကလေးလို ဘဝကို ရောင်းစားကြမှာလား။ ဘာလုပ်ခိုင်းချင်တာလဲ၊ အပြတ်ချပြီး လှည့်သွားခြင်းထက် ဘာလဲဆိုတာ သိရရင် ပိုကောင်းမယ်၊ ငါသိက္ခာကို စော်ကားလာရင်တော့..."

တစ်ခုခုတော့ပြန်မိမည်။ ဘယ်လိုတော့ပြန်ဖြစ်မည်ဟု ကိုယ့်စိတ်ကို ကိုယ် မနှိုင်ပါ။

"ဆိုပါဦးရှင့်၊ ဘာကိစ္စလဲ"

"ခိုင်နွေဦး စိတ်ဝင်စားလာပြီလား"

"ပြောပါ"

"အဓိပ္ပာယ် မရှိတဲ့အလုပ် မျှော်လင့်စရာ ဘာမှ မရှိတဲ့အလုပ်ကို လုပ်နေမယ့်အစား တစ်ချက်တည်းနဲ့ တစ်ကွက်ကောင်းသိုက်မယ့် အလုပ်

ဇာခန်း (၈)

"သိတယ်မဟုတ်လား။ ကျွန်တော် မောင်မောင်သိန်းလေ'

ဧတ်စားနေသော သိတယ်မဟုတ်လားနှင့် ခိုင်နွေဦးနားသို့ ရောက်လာလေသော အက်စတာ၏မောင် ဆိုသောသူ...

"ဆရာမကို ကျွန်တော် မြင်ဖူးတယ်"

"ဟင်...ရှင်"

နှလုံးသားများ ပြုတ်ကျသွားပြီ ထင်မိသည်။ မိမိဘယ်သူဆိုသည်ကို စောစီးစွာ သိကုန်ကြလေပြီလား။

"ဒါပေမဲ့ ဘယ်နေရာမှာလဲဆိုတာ စဉ်းစားလို့ မရသေးဘူး။ ဆရာမ ကြည့်ရတာ ကျွန်တော့်ကို လန့်နေသလိုပဲ ဟဲ...ဟဲ... မလန့်ပါနဲ့ဗျာ တစ်အိမ်တည်းသားတွေချည်းပဲ၊ အို ... နေပါဦးလေ"

ခိုင်နွေဦးရှေ့မှ သူဆီးကာ၍ ရပ်လိုက်သည်။ ထွက်လမ်း ပိတ်နေသဖြင့် သည်တိုင်း ဆက်၍ရပ်နေရပါ၏။

"ဆရာမက နှင်းဆီလေးကို ဇတ်တော် ချစ်တယ်နော်။ သိပ်ဂရုစိုက်တာပဲ"

"ဝတ္တရားကြောင့်ပါ"

"ခိုင်နွေဦးကြည့်ရတာ နာနီတစ်ယောက်အဖြစ် သရုပ်ဆောင်နေတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်လိုပဲ၊ သဘာဝတော့ကျပါရဲ့၊ ဒါပေမဲ့ လမိုင်း မကပ်ပါဘူးဗျာ၊ သိပ်ချောလွန်းနေတယ်"

"ကျွန်မ သွားပါရစေတော့ရှင့်၊ ကလေးငိုနေတော့မယ်"

"နေပါဦး၊ နည်းနည်း ဆွေးနွေးချင်စရာလေး ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

မျိုး လုပ်ကြရအောင်လားဗျာ"

"ဘာမှန်းမသိဘဲနဲ့ ကျွန်မကဘယ်လိုလုပ်ပြီး ကတိပေးရမှာလဲရှင့်၊ တစ်ခုတော့ရှိပါတယ် ဦးမောင်မောင်သိန်း ကျွန်မဟာ ဆင်းရဲပေမယ့် ကောင်းဖခင်သားသမီးပါ"

"တစ်လွဲမတွေးပါနဲ့ဗျာ၊ မဲ့တစ်ပေါက်မစွန်းစေရပါဘူး"

"ဒါဖြင့် ဘာလုပ်ရမှာလဲ၊ ငွေဘယ်လောက်ရမှာလဲ၊ ပြောပါဦး"

"အင်း... ဒီလိုမှပေါ့"

သူက လက်ဖျောက်တစ်ချက် တီးပြီး ပြောလိုက်သည်။ သူသည် စကားများ၍ ဘဲကိစ္စမဆို အလောတကြီး ဆောင်ရွက်တတ်ပုံရပါ၏။

ခိုင်နွေဦးအနေနှင့် ကိုယ့်မိသားစု၏ အနာဂတ်ကို ကြိုတင်ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် မောင်မောင်သိန်း၏ ကမ်းလှမ်းလာသောစကားကို လက်ခံနေမိခြင်းပါ။

"မောင်မောင်..."

အောင်မြင် လွှမ်းမိုးသော အသံကြောင့် ခိုင်နွေဦး နှင့် မောင်မောင်သိန်းတို့ ပြုံရင်တူ ကြည့်လိုက်မိကြသည်။ ရောက်လာသူက အက်စသာ။

"လာလေ၊ သွားကြမယ်"

"နေပါဦးမမရဲ့၊ ဒီမှာ..."

"မောင်မောင် မင်းဟာ ငါးစာကိုသာ မြင်တတ်တဲ့ကောင်ပဲ၊ သူကို ဘယ်တော့မှ စည်းရုံးယူလို့မရဘူးဆိုတာ မင်းနားမလည်ပဲကိုး။ ဒီမှာ မောင်မောင်၊ ခိုင်နွေဦးဟာ ဘယ်သူလဲ ဘယ်ကလာသလဲဆိုတာကို တို့များအရင်သိပြီးမှ သူ့ကိုချဉ်းကပ်လို့ ဖြစ်မယ်၊ နားလည်လား၊ လာ... သွားကြမယ်"

"ခိုင်နွေဦးဟာ ဘယ်သူလဲ"

"ဘယ်က လာသလဲ"

မောင်မောင်သိန်း လိုလိုနှင့် မိမိကို ပြောကြားသွားသော စကားများ ပါလား။

"ဘုရား... ဘုရား... ငါဟာ ဦးတင်အောင်ခိုင်၊ အဲ... မဟုတ်ပါဘူး၊ ဦးတင်အောင်နိုင်ရဲ့သမီးလို့များ သူတို့သိသွားကြရင်..."

ခိုင်နွေဦးက ဆက်မတွေးချင်တော့။ ကိုယ်ခင်းခဲ့သည့်ဇာတ်က တက်ပြီ။ ယုက်လိမ်ကောက်ကွေ့လာပြီ။ ဇာတ်ကို ဘယ်လိုချလို့ အရှုပ် ကို ဘယ်လို ဖြေရပါ့မလဲ။

သည်သို့ ဇာတ်မျိုး၊ ဇာတ်နိုး၊ ဇာတ်ပို့ ဇာတ်ပြီးများကို မစဉ်းစားနှင့်ဦး။

'ဇာတ်လမ်း၏ ရည်ရွယ်ချက်က ဘာလဲ'

ယင်းမေးခွန်းကြောင့် ခိုင်နွေဦး၏ ရင်မှာ ဖိုလိုက်တက်လာသည်။

'ဟုတ်တယ်၊ ငါခတ္တာမြို့ငှါကို ဘာရည်ရွယ်ချက်နဲ့ရောက်လာတာလဲ'

ဖေဖေ့ကို မြင်တွေ့လိုစိတ်ပြင်းပြမှုနှင့် မိသားစု ဆိုသည်နှင့် တွေ့ခြင်း။

ယခု တွေ့ရပြီ၊ မြင်ရပြီ၊ ဆုံရပါပြီ၊ ချစ်ခင်ရပြီးပါပြီ၊

'ရှေ့ဆက်ဘာလုပ်မလဲ၊ မမေ ကိုပစ်ထားပြီး တစ်သက်လုံး ဒီလိုပဲ နေသွားမလား။ မနေနိုင်ဘူး'

'ဒီလိုလည်း မပစ်နိုင်တော့ဘူး။ ဖေဖေဆိုတာကို ဖွင့်ပြောမှ ဇာတ်ကရှုပ်လာတော့မယ်၊ ငါစိတ်လိုက်မာန်ပါနဲ့ ခတ္တာမြို့ငထဲကို ဝင်လာခဲ့မိတာ မှားပြီလား။ မေမေ တားပါလျက်နဲ့ ဇွတ်ထွက်ခဲ့မိတဲ့ငါ ဘာလုပ်ရမလဲ၊ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲကွယ်'

ဇာတ်၏ ရည်ရွယ်ချက်ပျောက်နေပြီ။ အဆုံးမသတ်နိုင်သော ဇာတ်လမ်းတစ်ပုဒ်ကို မိမိ ခင်းကျင်းပြသနေမိပါလား ဟူ၍ ခိုင်နွေဦး ပထမဦးဆုံး တွေးလာခဲ့မိပါပြီ။

"မမဦး ...ဟား... ဟား ... အရုပ်ကြီး၊ အရုပ်ကြီး"

နှင်းဆီလေးက လက်ညှိုးထိုး၍ ရယ်မောလေမှ ခိုင်နွေဦး သတိပြန်ဝင်လာမိသည်။ အပူပေွးများကြောင့် ရုပ်ငေးနေမိသော မိမိမှာ လုံးဝ လူစိမ်းမိ၍ နှင်းဆီလေး၏ အမြင်တွင် အရုပ်တစ်ရုပ်ပမာ ထင်စရာ ဖြစ်သွားခဲ့လေပြီ။

"နှင်းဆီ ညီမလေးရယ်"

ကြောက်လန့်စရာတစ်ခုနှင့် ကြုံတွေ့လိုက်ရသည်သို့ပင် ခိုင်နွေဦးမှ နှင်းဆီလေးကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"မမဦး၊ ဘွားဘွားက ဒီမှာ နေတော့ဘူး"

"ဟင်... ဘယ်မှာ နေလဲ"

"ဘုရားဆီမှာ"

"ဘယ်လို..."

"ဒီလို သမီးရေ..."

နှင်းဆီလေး၏ စကားမရေရလည်မှုကို ဒေါ်ခင်လေးတင့်က ရှင်းပြရန် အတွက် နိဒါန်းပျိုးရင်း ကွတ်တက်ကြီးနှင့် အခန်းတွင်း ငင်လာသည်။

"အရင်တုန်းက စောနန်းအေးက နည်းနည်းမှ စိတ်မချရလို့ မေမေ့ကြီးက နှင်းဆီနားမှာစောင့်နေရတယ်။ ဆေးနဲ့ အစာနဲ့ ကိုယ်တိုင်ကျွေးတယ်"

"ဟုတ်ကဲ့"

"ခုတော့ သမီးခိုင်နွေဦးရဲ့ စေတနာ မေတ္တာနဲ့ ကလေးအပေါ်ပြုစုယုယမှုကို မြင်ရတော့မေမေကြီးစိတ်ချပြီ။ ဒါကြောင့် ဘုရားရှေ့မှာ အဓိဋ္ဌာန် ပုတီးစိပ်နိုင်ပြီ။ ဘုရားသွားရှိခိုးလိုက်ဦးမယ်ဆိုပြီး မြေးလေး နှင်းဆီကို ပြောပြောသွားလို့ သူက သူနားလည်သလောက်လေးနဲ့ နိုင်နွေဦးကို ပြန်ပြောပြရတာ"

"ဩော်... ဟော်... မသိပါဘူး၊ သူဘာပြောမှန်းကို အဓိပ္ပာယ် ဖော်မရလို့ မေမေကြီးရဲ့"

"အေး... ဒါထားဦး၊ ခုနဟိုကောင်က ဘာတွေပြောသွားတာလဲ"

နိုင်နွေဦးမှာ အပြောရခက်နေသဖြင့် ရုတ်တရက် စကားသံက ထွက်မလာ...။

"မြင်မြင်ချင်း ကိုယ့်သွေး ကိုယ့်မြေးလေးလို့ အောက်မေ့လို့ သတိပေးချင်တဲ့စိတ်နဲ့ မေးကြည့်တာနော် ... စိတ်မဆိုးပါနဲ့ကွယ်"

သူတစ်ပါးကိစ္စကို မေးမိလေခြင်း ဟူသော နောင်တစိတ်များ ဖြစ်ထွန်းသွားသလို ဒေါ်ခင်လေးတင့်က ဆိုလိုက်သည်။

"မဟုတ်ဘူး... မေမေကြီး မဟုတ်ပါဘူးရှင့် ... သူပြောသွားတဲ့ အဓိပ္ပာယ်တွေကို ကျွန်မကိုယ်တိုင် ဘာမှ နားမလည်နိုင်လို့ မေမေကြီးကို ဘယ်လို ပြန်ပြောရမလဲလို့ စဉ်းစားနေမိတာပါ"

ဒေါ်ခင်လေးတင့်က နားလည်ခွင့်လွှတ်သော အမူအရာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ လက်တွင်းမှ စိပ်ပုတီးကို စိပ်လျက်နှင့် နိုင်နွေဦး ပြောလျှင်လည်း နားဆင်မည်။ မပြောလျှင်လည်း ရှိစေတော့ ဟူသော ဓမ္မယာများဖြင့် ငြိမ်းအေးစွာ နေရာသည်။

"ခုန ကိုမောင်မောင်သိန်းဆိုတဲ့လူ ပြောသွားတဲ့ အထဲမှာ အဓိပ္ပာယ်ကောက်လို့ ရသလောက် ကျွန်မပြန်ပြောပါ့မယ် မေမေကြီး"

"အင်း... အင်း"

"တစ်ချို့တည်း တစ်ထိုင်တည်းနဲ့ တစ်သက်စာလောက် ရမယ့်လခမျိုး မလိုချင်ဘူးလားတဲ့၊ ပြီးတော့ အဓိပ္ပာယ်မဲ့တဲ့ အလုပ်မျိုးကို လုပ်နေမယ့်အစား တစ်ချက်တည်းနဲ့ တစ်သက်စာဖူလုံမယ့် လုပ်ငန်းမျိုးကို စိတ်မဝင်စားဘူးလားတဲ့"

"အလိုလေးတော်"

"ဟုတ်တယ်၊ သူဟာ ကျွန်မကို တစ်နေရာရာမှာ အသုံးချပြီး ငွေနှင့်လောက်အောင် ပေးခိုင်းမယ် ဆိုတဲ့ သဘောမျိုးပဲထင်ပါရဲ့နော်"

"ဒါပေါ့... သိပ်ဟုတ်တာပေါ့... ဘာများ၊ ခိုင်းချင်လို့လဲ ဆက်ပြောပါဦး၊ ဘာတဲ့လဲ"

"အဲဒါနဲ့ မဦးကမေးနေတုန်း ဒေါ်အက်စသာ ပြန်ခေါ်သွားတယ်။ ကျွန်မနဲ့ ဆွေးနွေးနေတာကို မကြိုက်တဲ့ပုံစံပဲ"

နိုင်နွေဦး သည်မျှလောက်သာ ပြောသည်။ နိုင်နွေဦးပေါ်တွင် သံသယဝင်သည့် စကားမျိုး ဒေါ်အက်စသာပြောကြားသွားသည်ကို ထည့်၍ မပြောတော့ပါ။ ဒေါ်ခင်လေးတင့်ကိုယ်တိုင် မိမိပေါ်တွင် သံသယဝင်သွားမည်ကို နိုင်နွေဦး စိုးရွံ့မိလှသည်။

"ခက်တယ်၊ ဒီအိမ်မှာ မောင်မောင်သိန်း ဆိုတဲ့ကောင်ရောက်လာထဲက မွှေတော့တာပဲ"

"အဲဒါ ဒေါ်အက်စသာရဲ့ မောင်နော်"

"ပြောတာပဲ... နေပဲ ထိုင်ပုံကလည်း မြင်တဲ့အတိုင်းပဲ။ သားကြီးဟာ အရင်တုန်းကတော့ သူလောက် ပြတ်သားတာ၊ သူလောက် လည်ပတ်တာ မရှိဘူးလို့ ဟစ်ကြွေးခဲ့သူပဲ။ ခုတော့လည်း အရက်သောက်ဖို့လောက်ပဲ

www.burmeseclassic.com

သိတော့တယ်။ သူမိန်းမလည်း နေချင်တဲ့လူနဲ့နေ၊ ဖြစ်ချင်တိုင်း ဖြစ်လည်း သူသဘောအတိုင်း နေနဲ့ မြင်ရ၊ တွေ့ရတာများ စိတ်မချမ်းသာလိုက်တာ၊ ဒါပေမဲ့ မေမေကြီးရဲ့ သြစာ ခတ္တာမြို့ပြင်မှာ မရှိတော့ဘူးကွယ်။ ဟိုတုန်း ကတော့ ခတ္တာမြို့ပြင်ရဲ့ အရှင်သခင်ဟာ မေမေကြီးပါ"

အနှစ် နှစ်ဆယ်ကျော် ကာလဆီမှ ဝန်ကြီး၏ အတွင်းဝန်ကတော် ဒေါ်ခင်လေးတင့် ဘဝက ခတ္တာမြို့ပြင်တွင် တောက်ပခဲ့သော ဘုန်းသမ္ပတ္တိ အရိန်အဝါအကြောင်းကို မေမေဒေါ်နုမေ ပြောပြထားချက်အရ ခိုင်နွဲ့ဦး အလုံးစုံသိပြီးပါပြီ။

"အင်း ခုတော့ ငယ်ငယ်ကသုံးခဲ့ ဖြုန်းခဲ့ မြောက်ပင့်သူတွေကို ဇပါ။ ကမ်းခဲ့မိတော့ 'အိုစာ' ဆိုတာ မရှိတဲ့ဘဝကို ရောက်နေပြီးမှ မိုခိုသူဖြစ်ရတော့ မျက်နှာငယ်တာပေါ့ သမီးရယ်"

"ဒီအိမ်မှာ ဦးတင်အောင်ခိုင်နဲ့ ဒေါ်စောနန္ဒာတို့ဟာ အရိန်အဝါ လျော့နည်းနေသလိုပဲနော် မေမေကြီး"

သွေးတိုးစမ်း၍ ခိုင်နွဲ့ဦး မေးကြည့်လိုက်မိသည်။

"လျော့နည်းဆို ငွေပေါ့ကွယ်၊ သားလေးဟာ ကဲကိုမကောင်းရှာဘူး။ ပညာတော်သလောက် ဘာပဲလုပ်လုပ် မအောင်မြင်ရှာပါဘူး။ သူသမီး၊ ငယ်က မမာသည်ဆိုတော့ နယ်မပြောင်းနိုင်ဘူး။ ဒါကြောင့် အခုထိ ကထိကပဲ ရှိသေးတယ်။ စောနန္ဒာကလည်း ဘဏ်မှာ လက်ထောက်မန်နေဂျာဖြစ်ပြီးမှ သူတို့တစ်ဖွဲ့လုံး အမှားတစ်ခုကိုလုပ်မိလို့ ရာထူးချခံရပြီး ငွေတွေ လျော်ရတယ်လေ။ ဒါတောင် သူတို့အရာရှိက ကောင်းလို့ မဟုတ်ရင် အလုပ်ပြုတ်မလား၊ ထောင်ကျမလားပဲ"

"ဒါနဲ့ ခိုင်းကတော့ သူတို့အမေဘက်မှာ မြေဝိုင်တွေ လုပ်ငန်းတွေ ရှိတယ်ဆို"

"အလကားပါ။ သူ့ဘကြီးရဲ့လက်ထဲမှာပဲ၊ ခိုင်းလွမ်းဝေ တက္ကသိုလ်ရောက်မှ ထောက်ပံ့မယ်တဲ့။ အခု သူတို့ တစ်ပြားမှ မရပါဘူး"

"ဟုတ်ကဲ့ ဒေါ်စောနန္ဒာတို့အကြောင်း ဆက်ပါဦး မေမေကြီးရယ်"

"ဆက်ရရင်တော့ သူတို့လင်မယားရတဲ့ဝင်ငွေက တစ်ထောင်ကျော်လေးပဲရှိတယ်။ လွမ်းဝေဆိုတဲ့ကောင်က တစ်လ သုံးရာလောက် သုံးပစ်

တယ်၊ ပြီးတော့ ဒီက သမီးနှင်းဆီလေးစရိတ်က ခိုင်နွဲ့ဦးသိတဲ့အတိုင်းပဲ၊ ဆရာဝန်ခ၊ ဆေးဖိုးဝါးခနဲ့ သူ့ဓာတ်စာဖိုးတွေနဲ့ ပေါင်းလိုက်ရင် လတိုင်းငါးရာအောက် မလျှိုဘူး။ ဒီကလေးနှစ်ယောက်နဲ့ပဲ သူတို့ရာတာ ကုန်သလောက် နီးနေပြီ၊ အိမ်စရိတ်ကို သူတို့လေးယောက်စာ ပေးနိုင်တာက သုံးရတည်း။ သူတို့နှစ်ယောက်မှာ အင်မတန်မြို့ခြံကြရတာပါကွယ်"

"ကျွန်မအတွက် နေစရိတ်စား၊ စရိတ်ကလည်း ပိုလာပြန်ရော"

"ဒါကတော့ ခိုင်နွဲ့ဦး မငှားလည်း တစ်ယောက်ယောက်တော့ ငှားထားရမှာပဲ။ သူ့အမေခမျာလည်း ရုံးဆင်းရင် စာရင်းကိုင်ကျောင်းပြေးလုပ်ရရှာသေးတယ်။ ဒီကလေးမွေးကတည်းက ကုန်လိုက်တဲ့ငွေတွေ၊ ဆရာမတွေဆိုလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းတာပဲ။ တချို့လည်း စိတ်ဖျက်လို့၊ တချို့လည်း အက်စသာတို့ကိုကြောက်လို့"

"ဒါနဲ့ စောနန်းအေးကရော ဒီအိမ်မှာ အလုပ်လုပ်တာ အကြာကြီးပဲလား"

"မကြာဘူး သုံးလပဲ လုပ်သွားတယ်။ နောက်ပိုင်းမှာ အက်စသာတို့၊ မောင်မောင်သိန်းတို့နဲ့ သူနဲ့ ရင်းနှီးသွားတယ်။ ဒါနဲ့ မေမေကြီးလည်း စိတ်မချဘဲ ကလေးနားကကို မခွာတော့ဘူး။ ဒီမှာတင် စိတ်ကျဉ်းကျပ်ပြီး သူ အလုပ်ထွက်ဖြစ်သွားတာပါကဲ့။ မောင်မောင်သိန်းနဲ့ သူနဲ့လည်း ပထမပိုင်း ပြေလည်ကြပြီး နောက်ပိုင်းမှာ သိပ်မတည့်ကြဘူး ထင်တယ် ပြဿနာတက်ကြသဲ ကြားတယ်"

"အြော်... ဒါဖြင့် ဒီခတ္တာမြို့ပြင်ရဲ့ လည်ပတ်မှုငွေကြေးပမာဏကို တာဝန်ယူရသူက ဦးတင်အောင်နိုင်တို့ပေါ့နော်မေမေကြီး"

"အင်း ... တင်အောင်နိုင်ဆိုတာထက် အက်စသာဆိုရင်ပိုမှန်ပါလိမ့်မယ်။ သားကြီးက သိပ်မိုက်တယ်။ အမြဲပဲ သူထင်တာ သူလုပ်တတ်တယ်မိန်းမလိုက်စားတတ်တယ်။ အဲဒီလိုစိတ်ရှိလို့လည်း အက်စသာလို လေလွင့်နေတဲ့ မိန်းမတစ်ယောက်နဲ့ အတည်တကျ ဖြစ်သွားရတာပဲ။ သားကြီးလည်း အိမ်ထောင်ရေး ကံမကောင်းရှာဘူး။ ပထမမိန်းမတုန်းကလည်း..."

ဒေါ်ခင်လေးတင့်က စကားမဆက်ဘဲ ငြိမ်သွားသည်။ ခိုင်နွဲ့ဦးမှာ မိခင်နှင့် တိုက်ရိုက်သက်ဆိုင်နေသည့်စကားမို့ ဒေါ်ခင်လေးတင့်တို့ဘက်မှ

www.burmeseclassic.com

ဘယ်သို့သော အဘောထားများ ရှိနေကြသည်ကို သိလိုလွန်းစိတ်ဖြင့်...

"ဟင်... ဦးတင်အောင်နိုင်က ပထမအိမ်ထောင် ရှိသေးတယ်လား"

"ရှိတယ်... မနေမေတဲ့။ သိပ်ချောတာပဲ။ ဒါပေမဲ့ သူတို့ချင်းအဆက်မပြေကြဘူး။ ကွဲသွားတယ်။ မိန်းကလေးက တောပြန်သွားတယ်"

ဘာများဆက်ဦးမည်လဲဟု စောင့်စားနေသော်လည်း ဘာမှ ဆက်မလာပါ။ မမေမေ၏ ဂုဏ်သိက္ခာကို ဆယ်၍ ပြောပေးရသော ဘွားအေကြီး၊ ဒေါ်ခင်လေးတင့်ကို နိုင်နွေဦးမှာ ချစ်ကြည်ညိုစိတ်ဖြင့် စိုက်ကြည့်နေမိသည်။

ဖြစ်နိုင်ပါလျှင် ကျွန်မဟာ မမေမေကြီး၏ မြေးပါဟူ၍ ဇာတ်စုံခင်းပြလိုက်ချင်ပါပြီ။ ချစ်လှစွာသော မမေမေ၏ ဂုဏ်သိက္ခာပါမက ဖေဖေ၏ လက်ရှိအိမ်ထောင်ရေးကိုပါ ထိခိုက်လာနိုင်သည့်ကိစ္စ။ တက္ကသိုလ်မှ ဆရာတစ်ယောက်ဖြစ်ပါလျက် ဂုဏ်သိက္ခာကျဆင်းစရာ အမည်းစွန်းကြီးနှင့် အကြောင်းအရာများကို မပေါ်လွင်စေရာ့တော့ပါ။

"ဩော်... ငါအဖြစ်နယ်၊ ဒီလိုပဲ ရာသက်ပန်ဘဝပျောက်ဆုံးခဲ့ရတော့မယ်ထင်ပါရဲ့ကွယ်"

အဖေအမည်ခံသူက ဘကြီးအရင်း၊ ဖခင်စစ်ကိုလည်း တွေ့ရပြီ။ တစ်အိမ်တည်းမှာနေခွင့်ရခဲ့ပြီ။ သို့စဉ်လျက် ဖွင့်ပြော၍ မဖြစ်နိုင်သည့် အဖြစ်ပါလားကွယ်။

"ကဲ... ဓနစကားပြန်ဆက်ရရင် ဒီအိမ်ကြီးရဲ့စရိတ်ဟာ တစ်လကို လေးထောင်ကျော်တယ်။ ဒါတောင် မြင်တဲ့အတိုင်း အိမ်နဲ့ ခြံဆို ဒီလိုပဲ ပစ်ထားရတာယ်။ စားစရိတ်နဲ့ ကားစရိတ်ပေါ့"

"ဟုတ်တယ်... အိမ်သားတွေကလည်း အများကြီးပဲကို၊ အမြဲဆယ်ယောက်ကျော်တယ်။ စားစရိတ်ကလည်း မနည်းဘူး"

"ဒါတင်မဟုတ်ဘူး။ ဒီခြံရဲ့အတိုးငွေ တစ်လတစ်ထောင်ကိုလည်း သူတို့ပဲ ဆပ်ပေးနေတယ်"

"ရှင်..."

"အင်း... မမေမေကြီးရဲ့ ခင်ပွန်းလက်ထက်ကတည်းကပါ။ သူဝန်ကြီးသာ အာဏာလျှောသွားတယ်။ မမေမေကြီးတို့ဓရိတ်က ချို့လို့ မရဘူး။

ဒါကြောင့် တစ်နေ့တခြား ကြွေးတွေပိုပြီး ခြံကိုပေါင်ထားရတဲ့အဖြစ်ရောက်တာပါပဲ"

မမေမေကြီးက သက်ပြင်းချ၍ နိုင်နွေဦးပါ ရောယောင်ပြီး ရင်လေးစွာ သက်ပြင်းချမိသည်။

"ဒီတော့ ဒီအိမ်အတွက် အခွန်အခ တယ်လိုဖုန်းခပါမကျန် အက်စသာက ဖြစ်သလို ရှာကြံပြီး တာဝန်ယူနေရှာပါတယ်။ ဒါကြောင့် သူသြစာထက်နေတာပေါ့။ သားကြီးကဆို အစိုးရ အလုပ်က ထွက်လိုက်ပြီး အက်စသာရဲ့ ညွှန်ကြားချက်နဲ့ အလုပ်လုပ်နေတယ်။ ရှုပ်နေကြတာပဲ။ မမေမေကြီး ရင်လေးပါတယ်။ ဒါပေမဲ့ သိမ်ငယ်နေတဲ့ သားငယ်တို့ မိသားစု နေရာကြပါစေ စားရကြပါစေဆိုတဲ့စိတ်နဲ့ အက်စသာတို့နဲ့ ပြဿနာမဖြစ်အောင် ရှောင်နေခဲ့ရတာပါ။ အဲဒီလိုရေငုံနေလေ အက်စသာတို့ဘုန်း မိုးသို့ချုန်းလေပေါ့"

နိုင်နွေဦး၏ ရင်ခွင်ထဲ၌ ပွေ့ချီထားသော နှင်းဆီလေးကို ဒေါ်ခင်လေးတင့်က ကြာမြင့်စွာ ကြည့်ပြီးမှ...

"အင်း... ဒီမမာသည် မြေးလေးအတွက် မမေမေကြီး... အင်မတန်မှ ကြောင့်ကြမိတယ်။ သူမလေးရဲ့ ရှေ့ရေး၊ သူဘဝလမ်းတည်ရေးအတွက် မမေမေကြီးဟာ သူမိသားစုထက်တောင် ပိုပြီး ပူပန်နေမိသလားပဲ။ ဒါကို သားကြီးရော အက်စသာပါ မကျေနပ်ကြဘူး။ မြေးလေးနှင်းဆီအတွက် မမေမေကြီး စီစဉ်ထားတာတွေကို သူတို့လုံးဝမနှစ်မြို့ကြဘူး။ ဒါပေမဲ့ ဖွင့်တော့ မပြောကြပါဘူး။ အင်း ...ဒုက္ခ ...ဒုက္ခ... ဒါကြောင့် အရိယာသူတော်စဉ်များ ဘဝ ဖြစ်ရမှာကို ကြောက်ကြတာပဲ။ မမေမေကြီးလည်း ယေဘုယ်က တရားမရသမျှ၊ ခုတော့ရပါပြီ မြေးလေးနှင်းဆီအတွက်သာ သံယောဇဉ် အဖြတ်ရခက်နေတယ်ကွယ်... ဓိဘာကလည်း ရင်အုပ်မကွာ မနေနိုင်ကြဘူး။ စီးပွားရေး ရှာရသေးတယ်၊ ဒါကြောင့် မမေမေကြီးကပဲ နှင်းဆီအတွက် တာဝန်ယူထားရသလို ဖြစ်နေတာပေါ့။ ခုတော့ နိုင်နွေဦးက သွေးသားရဲ့ ကြင်နာမှုမျိုးနဲ့ ယုယတာကို တွေ့နေရတော့ မမေမေကြီး စိတ်ချမ်းမြေ့မိတယ်။ နိုင်နွေဦးကိုလည်း ကျေးဇူးတင်လို့ မဆုံးနိုင်တော့ပါဘူး။ ကဲ...ကဲ...သိပ်... သိပ်... မြေးလေး အိပ်တော့မယ်... မမေမေကြီး

www.burmeseclassic.com

လည်း သွားလိုက်ဦးမယ်နော် ခိုင်နွေဦး"

"ဟုတ်ကဲ့ပါ မေမေကြီး"

"ခတ္တာမြိုင်ရဲ့ကျဆုံးခန်းနဲ့ လက်ရှိရှုပ်ထွေးမှုတွေကို မေမေကြီး ရင်မှင့်မိတာနဲ့ ခိုင်နွေဦး စိတ်ညစ်သွားပြီလားကွယ်"

"မညစ်ပါဘူး မေမေကြီး။ မညစ်ပါဘူးရှင်။ ခတ္တာမြိုင်ရဲ့ ဒုက္ခတွေ သုခတွေကို မျှဝေခံစားလိုတဲ့ ခတ္တာမြိုင်ရဲ့ မိသားစုဝင် တစ်ယောက်ပါ။ မေမေကြီးရဲ့ မြေးဦးမလေးပါရှင်"

တရွေ့ရွေ့ ထွက်သွားသော ဒေါ်ခင်လေးတင့်၏ နောက်ကျောပိုင်းကို ကြည့်ရင်း ရင်တွင်းမှ ပြောကြားနေသော ခိုင်နွေဦး၏ စကားများ။

× × × ×

ကဒန်း (၉)

ထိုနေ့ညက အချိန်လွန်မှ ခိုင်နွေဦး ထမင်းစားရပါ၏။ နှင်းဆီဖျားနေ၍ ဆရာဝန်ခေါ်ထားရသည်။ ဆရာဝန်လာပြီးမှ ထမင်းစားတော့မည်ဟု စောင့်ရင်း စောင့်ရင်းဖြင့် နောက်ကျခဲ့ရသည်။ ဆရာဝန်ပြန်သွားတော့ တစ်နာရီကျော်ပေပြီ။ ဆေးထိုးရသဖြင့် ငိုနေသော နှင်းဆီကို ချော့မော့သိပ်ရသေးသည်။ ကလေးအိပ်မှ စားရသဖြင့် နှစ်နာရီပင် ထိုးခါနီးလေပြီ။

"ဆာလိုက်တာဗျာ၊ ထမင်းမြန်မြန်ထည့်ပေးစမ်းပါ"

ထမင်းချက်ခန်းတွင်းမှ နိုင်း၏အသံကို ထမင်းစားခန်းမှ ခိုင်နွေဦး ကြားနေရသည်။

"အချိန်လည်း ကြည့်ပါဦးရှင့်၊ တစ်နေလုံး ထမင်းထည့်ကျွေးနေရတာနဲ့ပဲ အချိန်ကုန်တာပဲ၊ ဒီမှာ ထမင်းအိုးကိုကြည့်သွား ပြောင်နေပြီ၊ မရှိတော့ဘူး"

"အိမ်သားတစ်ယောက်အတွက် ထမင်းတစ်နပ်စာဟာ အမြဲရှိနေရမှာ ပေါ့ဗျ"

"ကြောင်... ဟော်... မင်းအမေ လောက်ငအောင် ပေးနိုင်လို့လား... မမအက်စသာတစ်ယောက်တည်း"

စားဖိုမှူး ဒေါ်လှမြင့်၏ ရင့်သီးသော စကားများမဆုံးမီ ဆောင့်နင်းထွက်သွားသံကို ကြားလိုက်ရသည်။ ဒေါသကို ထိန်းချုပ်ဟန်ဖြင့် ခိုင်းဘာမှ ပြန်မပြောဘဲ ထွက်သွားရှာလေပြီ။

ခိုင်နွေဦးမှာ လက်ပေကိုပင် မဆေးနိုင်အားပါဘဲနှင့် ငိုင်းရှိနေရာသို့ လိုက်လာခဲ့မိသည်။ ပြတင်း၏ရှေ့တွင် ခိုင်းတစ်ယောက် တောင့်တောင့်

www.burmeseclassic.com

www.burmeseclassic.com

ကြီး ရပ်နေသဖြင့် ခိုင်နွေဦးက ခိုင်း၏လက်မောင်းလေးကို ဆွဲကိုင်၍...။

"မောင်လေး... လာ...လာ...မမဦးဆီမှာ ထမင်းတွေ အများကြီး ထည့်ထားတယ်"

ခိုင်းက ဘာမှ ပြန်မပြော။ လှည့်လည်းမကြည့်၊ လက်ကိုသာ ညင်သာစွာ ပြန်ရုန်းသည်။

"လာစမ်းပါ ခိုင်းရယ်၊ လာစမ်းပါကွယ်... မမဦး ဝယ်ပြီ... ထမင်းတွေ အများကြီး ရှိသေးတယ်"

အမှန်က ခိုင်နွေဦးစားခါစပါ။ ဆက်၍မစားလိုတော့ပါ။ ချစ်လှစွာသော မောင်လေး စားမည် ဆိုလျှင် သူ လျှော့၍ စားပါမည်။

ခိုင်နွေဦးမှာ ခေါ်မရသဖြင့် ခိုင်း၏ အနားသို့ ဝိုမိုတိုးကပ်သွားပြီး ပခုံးကို ဆွဲလှည့်လိုက်မိသည်။

"ဟင်... မောင်... မောင်လေးရယ်"

ခိုင်းမျက်နှာမှာ မျက်ရည်တွေနဲ့ပါလား။

"ဖြစ်မှဖြစ်ရလေ ကလေးရယ်...၊ မမဦး စိတ်မကောင်းလိုက်တာကွယ်"

ခိုင်းက သူလက်နှစ်ဖက်ကို ယှက်ဖိပွတ်လိမ်ရင်းက အံတင်းတင်းကြိတ်ပြီး ပြောရှာသည်။ ခိုင်း၏ လိုတိုသံပါနေသော အသံနှင့် ကျိတ်မနိုင် ခဲမရဟန်ပန်များ၊ မျက်ရည်စလေးများကို မြင်ရသော ခိုင်နွေဦး မှာ ခိုင်းနှင့် ထပ်တူလို ခံစားလိုက်ရသည်။ မောင်လေးခိုင်း၏အဖြစ်ကို ရင်နှင့်ဖွယ်တွေ့လာ ရ၍ ခိုင်နွေဦး၏ မျက်ဝန်းအစုံမှာပင် မျက်ရည်များ သီဝှေ့လာမိသည်။

ခိုင်းနားမှ ခွာလာခဲ့မိသည်။

လက်ကလေး လိမ်ယှက်လျှက် ... နှုတ်ခမ်းလေးသာ မဲ့၍ ကျိတ်ခဲစွာ ငိုရှိုက်နေရှာသော ခိုင်း၏ အသွင်ကို မြင်ရသော ခိုင်နွေဦးမှာ ရင်နှင့်လွန်းလှပါပြီ။

"ဒီအိမ်မှာ မျက်နှာငယ်လှချည်လား မောင်လေးရယ်...ငုံမောင်လေး အဖြစ်ကို မမဦးမကြည့်ရက်တော့ပါဘူး"

ရင်တွင်းမှ ငိုညည်းမိရင်း ခိုင်နွေဦးမှာ ထမင်းစားခန်းသို့ ပြန်လာသည်။

စားလက်စ ထမင်းနှင့် ဇလုံထဲမှ ထမင်းခဲတို့ကို ပေါင်း၍ ကုလားဟင်းကိုပါ သွန်ထည့်လိုက်ပြီး ရောရှေ့ နယ်လိုက်သည်။ ငါးပိချက်ကိုမူ ဘေးခဲ့ ပုံရသည်။ ခေါ်အက်စသာတို့က သည်ဟင်းရံလောက်နှင့် စားမည် မထင်။ ကလေးထိန်းကို ကျွေးသော ဟင်းလျာတစ်မျိုးဖြစ်ပါလေမည်။ ရှိပါစေတော့။

"ဝယ်ပြီလား ဆရာမ"

ထမင်းပန်းကန်နှင့် ဟင်းပန်းကန်တို့ကို သွားဆေးနေစဉ် ခေါ်လှမြင့်က မေးသည်။

"မဝယေးပါဘူး။ ကလေးနို့မှာစိုးလို့ အခန်းထဲမှာ သွားစားမလို့ ဇလုံထဲမှာ နယ်ထားပါတယ်"

ပန်းကန်များသိမ်းပြီးသည်နှင့် ထမင်းပန်းကန်တွင် ဇွန်းတစ်ချောင်းတစ်၍ ခိုင်းဆီသို့ ခိုင်နွေဦး ထွက်လာသည်။

"ခိုင်း... မောင်လေး... လာဦး၊ မမဦးအခန်းထဲကို ပြောစရာရှိလို့"

သူလက်မောင်းကိုဆွဲပြီး တိုးတိုးလေးကပ်၍ ခေါ်လိုက်ရသည်။ ခိုင်းက မျက်ရည်စလေးများကို သူလက်ခုံဖြင့် ဆောင့်ထုတ်လိုက်သည်။ တမ်းနည်းခြင်းနှင့်အတူ ဒေါသများ၊ မခံချင်စိတ်များကိုလည်း ဒွန်တွဲ၍ ခံစားနေရရှာသည်။

မငြင်းဘဲလိုက်လာ၍ တော်ပါသေးသည်။ အခန်းတွင်း၌ နှင်းဆီလေးနှစ်ခြိုက်စွာအိပ်ပျော်နေဆဲပင်။ ဆရာဝန်ဆေးတွင် အိပ်ဆေးပါပါ၍ သူကြာမြင့်စွာ အိပ်ပျော်နေပါလိမ့်မည်။ ခိုင်းကို ခုံလေးတွင်ထိုင်စေပြီး ခိုင်းမျက်နှာပြင်မှ မျက်ရည်စများကို ယုယစွာ သုတ်ပေးမိသည်။

"မမဦးကို ချစ်ရင် မမဦးစိတ်မကောင်းအောင် မလုပ်ပဲနဲ့ နော်... ခိုင်း၊ ရော့... ဒါလေး စားလိုက်စမ်းပါကွယ်"

ဇွန်းတပ်ပြီသား ထမင်းလုံးကို ခိုင်းနားသို့ တိုးပေးမိသည်။ ခိုင်းက အလွန်အမင်းအံ့သြသွားသော အမူအရာလေးနှင့် ခိုင်နွေဦးကို ငေးကြည့်ပြီး မှ...

"ကျွန်တော် စားချင်စိတ်လည်း မရှိတော့ပါဘူးဗျာ"

"မငြင်းပါနဲ့ မောင်လေးရယ်။ ရော့ကွယ်၊ ဟစမ်းပါ"

www.burmeseclassic.com

နှင်းဆီလေးကို အစောကျွေးသည်သို့ပင် စေတနာ ပြည့်သော ချော့မော့မှုများဖြင့် စိုင်းကို ဖွန်းဖြင့် ထမင်းခွံ့ပေးမိသည်။

စိုင်းမငြင်းတော့၊ ထမင်းတစ်လုတ် စားပြီးမှ သူလက်နှင့်သူ ယူစား သည်။

ဆာလောင်မွတ်သိပ်တတ်သော အရွယ်လေးအတွက် ထမင်းအဆင် သင့်မရှိသော အဖြစ်နှင့် နေနေရရှာသော မောင်လေးစိုင်း၏ဘဝအတွက် ခိုင်နွေဦး၏ရင်ထဲတွင် နင့်နင့်နဲနဲ သနားနေမိတော့သည်။

"စားလေစိုင်း... ကုန်အောင်စားလိုက်လေ"

"တော်ပြီ ...ဝပါပြီ၊ မမဦး"

"ဒါဖြင့် ...ရော့...ရေသောက်"

အခန်းတွင်းရှိ ရေအိုးမှ ရေတစ်ဖန်ခွက် ခပ်ပေးမိသည်။ စိုင်းမှာ အဆာလည်းပြေ ဒေါသလည်း ပြေသွားပုံရသည်။ သူမျက်နှာလေး လန်း ဆန်းလာပါ၏။

"မောင်လေး ...တကယ် ဝပြီနော်"

"အင်း..."

နှင်းဆီရှိုးမှာစိုး၍ လေသံတိုးနှင့် ပြောကြရသည်။ စိုင်းက ရေသောက် ရင်း ဖြေသည်။

"ဒါဖြင့် ကျန်တာလေး မမဦး စားလိုက်တော့မယ်နော်"

ထမင်းမဝသေးသော ခိုင်နွေဦးမှာ စိုင်း ကျန်သော ထမင်း လေး ငါးဇွန်းစာကို ဆက်၍စားနေမိသည်။ စိုင်းမှာ ခိုင်နွေဦးကို မျက်တောင် ခပ်ဖို့ပင် မေ့လျော့နေလောက်အောင် ကြောင်ငေးကြည့်နေပြီးမှ...

"ဟာ ...ကျွန်တော်ဝင်လာတုန်းက မမဦးထမင်းစားနေတာပဲကြည့် စမ်းပါဦးဗျာ၊ ဒါ... မမဦးမစား ဘဲနဲ့ စိုင်းကို ကျွေးတာ မဟုတ်လားဟင် မမဦး"

"ရှူး ...တိုးတိုး... တိုညီမလေး နိုးသွားပါ့မယ်ကွယ်"

စိုင်း... စိတ်မကောင်း ဖြစ်သွားသလောက် ခိုင်နွေဦးမှာ ကြည်နူးဝမ်း သာမဆုံးနိုင်အောင်ပါ။ ချစ်လှစွာသော မောင်လေးနှင့် ချစ်ညီမလေးတို့မှာ ခိုင်နွေဦး၏ မေတ္တာစေတနာရိပ်အောက်တွင် ရောက်နေခွင့်ရပါပြီ။ အခန်း

တစ်ခုအတွင်း၌ အရင်းအချာ မောင်နှမ သုံးယောက်။

"မမဦး... မမဦးရယ်။ စိုင်းပေါ်မှာ စေတနာထားနိုင်လှချည်လား ဗျ" စိုင်းကတစ်ခါ မျက်ရည်ဝဲပြန်ပါပြီ။

"စိုင်းပေါ်မှာ မမဦးဘာကြောင့် ဒီလောက် စေတနာထားနိုင်တယ် ဆိုတာ တစ်နေ့ကျရင်တော့ စိုင်း သိလာခွင့်ရမှာပါကွာ"

"ဘာပြောတယ် မမဦး၊ ဘာကြောင့် စေတနာထားတယ် ဟုတ်လား။ ဘာကြောင့်လဲဟင် မမဦး၊ ဘာကြောင့်လဲဗျာ။ ခုပဲ သိစမ်းပါရစေလား မမဦးရယ်"

"စိုင်းက မြေပိုင်ရှင်ကြီးဆို... စိုင်း မွေးလာမယ့် ကလေးတွေ ကျရင် သူဌေးကြီး စိုင်းရဲ့အိမ်မှာ ကလေးထိန်းခွင့် ရအောင်ပေါ့၊ လခများများ ပေးအောင်လို့ပေါ့"

"မဟုတ်ဘူး... မမဦးညာတာ"

"တော်စမ်းပါ စိုင်းရယ်၊ စေတနာရှိတယ်ဆိုတာ ချစ်လို့ပေါ့ ကိုယ့် မောင်လေးကို သနားလို့ပေါ့"

ကိုယ့်ဘက်က ကိုယ့်အဓိပ္ပာယ်နှင့် ကိုယ်ပြောပြီး စိုင်းနှင့် နီးနီး ကပ်ကပ် နေမိသည်။ စိုင်းမှာ ခိုင်နွေဦး၏ လက်မောင်းနှစ်ဖက်ကို သူလက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ခိုင်နွေဦး၏ မျက်နှာမှာ အဖြေရှာသလို နီးကပ်စွာ ကြည့်နေတော့သည်။

"ဖယ်စမ်းစိုင်း... ပြီးရင် အပြင်သွားတော့ တော်ကြာ သူတို့တွေ မြင်သွားရင် မကောင်းဘူး"

"မသွားဘူးဗျာ ... မြင်စရာ ဘယ်သူမှလည်း မရှိဘူး၊ စိုင်းတို့ကိုလည်း ဘယ်သူကမှ အရေးစိုက်ပြီး ကြည့်မနေကြပါဘူး။ ကြည့်လည်း စိုင်းလွန်မင်းဝေတို့က ဂရုမစိုက်သေးထဲက"

"အဲဒါတွေကြောင့် နင်နဲ့ တစ်အိမ်သားလုံးနဲ့ မတည့်တာ"

"မမဦးနဲ့တော့ ဘာလို့တည့်လဲ၊ မမဦးလို ဘယ်သူကမှ ကျွန်တော်ကို မေတ္တာမရှိကြပဲ"

"အဲဒီကောင်လေးကလည်း တစ်မျိုးလေးပါပဲ၊ စိုင်းကြောင့်ခက်သေး ကယ်။ ဒီမောင်နဲ့၊ ဒီညီမအတွက် ရင်လေးလွန်းလို့ တစ်ခါတလေတော့

www.burmeseclassic.com

လည်း တွေးမိလာတယ် မဆုံဖြစ်မိရင် အကောင်းသားလို့"

ခိုင်ဇွေဦးက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောသလို နိဂုံးကလည်း သူ့အဓိပ္ပာယ်နှင့်သူ ပြောနေပြန်သည်။

"ဘယ်သူကမှ မလိုလားလို့ ဒီကောင်ကလည်း တောင်ကြီးပြန်ကော့ မလို့ပါ။ ဒါပေမဲ့ ဒီအိမ်ကို မမဦးရောက်လာတော့ ကျွန်တော့်အတွက် ကယ်တင်ဖို့ ရောက်လာတဲ့ အလှနတ်ဘုရားလို့ စိတ်ထဲမှာ ကိုးကွယ် မြတ်နိုးနေချင်မိတယ်။ အဲဒါကြောင့် မသွားနိုင်ဘဲ ဖြစ်နေရတာပါဗျာ"

ခိုင်ဇွေဦး ထိတ်လန့်စွာ တွေးရပါပြီ။

မြတ်စွာဘုရား... မိုးကြိုးတော့ ပစ်ခံရတော့မယ် ထင်ပါရဲ့"

× × × ×

ဘခန်း (၁၀)

ကိုမောင်မောင်သိန်းနှင့် ဒေါ်အက်စသာတို့ ဒီတစ်ခေါက် ထိပြီဟု မြင်ရုံနှင့် သိနိုင်သည်။

"ဒီလုပ်ငန်းကို တော်ကြပါတော့လို့ အစောကြီးကတည်းက ပြောထားပါပဲ၊ ခုတော့ပစ္စည်းပဲပါသွားလို့ တော်သေးတာပေါ့။ လူပါ မိသွားရင်တော့ သွားပြီ။ အပေါင်းအသင်းထဲ မျက်နှာပြရဲစရာတောင် မရှိတော့ဘူး"

"အောင်မယ် ကြီးကြီးကျယ်ကျယ် အပေါင်းအသင်းထဲမျက်နှာ ပြရဲရောမရှိရအောင် ကိုကိုတို့က ဘာဂုဏ်ဥစ္စာတွေရှိနေလို့လဲ။ ဒီမှာ စိတ်ညစ်ရဲ့အဲ့အထဲ ကိုကိုဟာ အခွိန်တန် အရက်သောက်၊ မိန်းမလိုက်နေတာ ဘယ်သူ့ကြောင့် ငွေတွေနဲ့လည်း ကိုယ်က သောက်ပြားမှ မရှာနိုင်ဘဲနဲ့၊ အေးအေးနေပါ၊ ဝင်မပြောပါနဲ့"

အမျိုးကောင်းသမီးတစ်ယောက် မဟုတ်သော ဒေါ်အက်စသာက ယုတ်မာစွာ ပြောဆိုသည်။ အလုပ်ကိုင် မရှိပါဘဲနှင့် အရက်၏ ကျေးကျွန်ဆိုး ရောက်နေပြီ ဖြစ်သော ဦးတင်အောင်နိုင် ဘာမှ ပြန်မပြောရဲရွာ...

"ဒီက မောင်မောင်ပစ္စည်းတွေလည်း ငွေအရင်းနှီးထဲ ပါကုန်ပြီ.. သူ့ခမျာ ကျွန်ဝယ်ရာ အဆစ်ပါ ရှိတာလေးတွေ ကုန်ပြီ၊ တကတဲ့ကြီးတော်တစ်အိမ်လုံး ဝိုင်းပြီး မြို့ဆို့ နွတုတ်နေကြတာ"

ဒေါ်အက်စသာ၏ ရင့်သီးသော စကားသံများနှင့်အတူ ဘာတွေဆောင့်လွှတ်ပစ်သည်မသိ ဝုန်းဒိုင်းသံများ ညံနေသည်။ တစ်အိမ်လုံး တုတ်တုတ်မှု့ မလှုပ်ရဲကြ။ ဦးတင်အောင်နိုင်၏ အသံလည်း လုံးဝမကြားရတော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အက်စသာက ငိုသေးသည်။

ချော့နေသူက မောင်မောင်သိန်း။

ဦးတင်အောင်နိုင်က ရေခဲသေတ္တာဖွင့်၍ ရေခဲနှင့်အရက်များယူပြီး ထမင်းစားခန်းဆီသို့ ထွက်သွားတော့သည်။ သူ့ဘဝက သည်မျှနှင့် ပြီးပြည့်စုံပြီ။

ဒေါ်အက်စသာ၏ လက်ရုံးတော် စားဖိုမှူး ဒေါ်လှမြင့်က သူ့သခင်မ စိတ်ပင်ပန်းနေသည်ဆိုပြီး လိမ္မော်ရည်အေးတစ်ခွက်ကို ဖျော်တိုက်ဝံ့ပေသည်။

ဤအခြင်းအရာများကို နိုင်နွေဦးနှင့်အတူ အပေါ်ထပ်ဘုရားခန်းမှ မေမေကြီးသည်လည်းကောင်း၊ စာကြည့်ခန်းမှ ဖေဖေဦးတင်အောင်နိုင်သည်လည်းကောင်း၊ မြင်တွေ့ကြားသိကြပါလျက်နှင့် ဘာတစ်လုံးမျှ ဝင်မပြောရဲကြသည့် အဖြစ်ပါလား။

ခတ္တာမြို့ဟူသော အိမ်ကြီး၏အောက်တွင် ဖွဲ့စည်းစွာ နေလိုသော ဒေါ်ခင်လေးတင့်၏ ဆန္ဒကြောင့် အားလုံးသည်ခံ ကျိတ်မှိတ်နေကြရဟန်တူပါသည်။

လောကဓံ၏ အလှည့်အပြောင်းများနှင့် ကံတရား၏ ဆန်းကြယ်ပုံများသည် တရားကျစရာကောင်းလှပါချေသည်။

တစ်ချိန်က မင်းကတော်ကြီးဘဝနှင့် လျှမ်းလျှမ်းတောက်ခဲ့သော ဒေါ်ခင်လေးတင့်တွင် သားတစ်ယောက်က အတွင်းဝန်ကလေး။ သား တစ်ယောက်က နိုင်ငံခြားပြန်ဘဝများဖြင့် ဝင့်ထည်မောကြွားနိုင်ခဲ့ရာမှ...

ယခုအခါတွင် ခင်ပွန်းသည်က ဆုံး၊ ငွေကြေးများ မကျန်ရစ်တော့ ပဲဝိုင်းများနှင့် မော်ကြွားမှုတွင် ကုန်ဆုံးခဲ့လေပြီ။ သားကြီးကလည်း တာဝန်မှ ရပ်စဲခံခဲ့ရသည်။ တခြားလုပ်ငန်းလည်း ရှာမလုပ်တော့၊ အရက်၏ဝါးမျိုခြင်းကို ဦးတင်အောင်နိုင် ခံနေရလေပြီ။

ဦးတင်အောင်နိုင်မှာလည်း တည်ကြည် သိက္ခာရှိသော တတ္တသိုလ်၏ ဆရာဘဝနှင့် ပညာများ မျှဝေနိုင်ခဲ့သော်လည်း ရရှိသော လစာက ယနေ့ စားဝတ်နေရေးနှင့် မမှီလုံနိုင်တော့။ ဒေါ်စောနန္ဒာခမျာ အလုပ်နှစ်ခုလုပ်ရရှာသည်။ သားကြီး နိုင်းအတွက်ကလည်း ကုန်။ သမီးလေး နှင်းဆီ

အတွက်ကလည်း ငွေနှင့် အသက်ကို ချိန်ဆ၍ ကုသနေရသည့်အဖြစ်။

အင်္ဂလန်ပြန် မဟာသိပ္ပံဘွဲ့ရှင်နှင့် အလုပ်နှစ်ခုကို ကြိုးစားအားထုတ်၍ လုပ်နေရသော ဝါကီဇ္ဇ ဝိဇ္ဇာဘွဲ့ရ လခစား ဇနီးမောင်နှံတို့အတွက် စားဝတ်နေရေး ကျပ်တည်းနေသော်လည်း ...

အပျော်ဘဝထဲမှ ပျက်လုနီးနေသော အမျိုးသမီးတစ်ယောက် ဘဝမှ အိမ်ထောင်အတည်တကျထားရှိပြီး ယနေ့ ခေတ် ရေစီးကြောင်းနှင့် အတူ စီးမျောလိုက်ပါလျက် စီးပွား ရှာဖွေရာမှ...

သုံးနိုင် ဖြုန်းနိုင် တစ်အိမ်လုံးကို ကျွေးမွေးနိုင်၍ ခတ္တာမြို့၏ အရှင်သခင်မ အဖြစ်နှင့် အာဏာရနေပြီ ဖြစ်သော ဒေါ်အက်စသာ။

ဒေါ်အက်စသာနှင့် ကိုမောင်မောင်သိန်းတို့ ကားတစ်စင်းဖြင့် အပြင်သို့ ထွက်သွားကြလေမှ နိုင်နွေဦးအသက် ရှူမဝံလေသလားပင် ရင်ထဲ၌ မောဟိုက် နွမ်းလျကျန်ရစ်မိသည်။

"သူတို့အစား မောလိုက်ပါဘိ"

အဖိုးတန် ပစ္စည်းများ အသိမ်းခံလိုက်ပြီ ထင်ပါ၏။ မောင်ခိုပစ္စည်း ဖြစ်ကြောင်း မေးနေစရာပင် မလို။ ဆုံးရှုံးသွားသည့် ပစ္စည်းများ ပြန်ရာကို အစားထိုးရန် ဒေါ်အက်စသာ ဘာပဲလုပ်ရလုပ်ရ ဝန်လေးမည့်သူ မဟုတ်ကြောင်း နိုင်နွေဦး သိနားလည်မိသည်။ မိန်းကလေးများကိုပင် ရောင်းဝယ် ဖောက်ကားရဲသော ဒေါ်အက်စသာအတွက် ဘာမှ မလုပ်ရဲစရာမရှိနိုင်တော့ပါ။

နှင်းဆီလေး အိပ်နေသဖြင့် အပေါ်ထပ်၏ စာကြည့်ခန်းတွင်း၌ရှိနေသော ဦးတင်အောင်နိုင်ကို မြင်သာနိုင်သည့်နေရာက နိုင်နွေဦး လှမ်းကြည့်နေမိသည်။

"ဖေဖေ"

နောက်ကျောဝိုင်းကို ကြည့်ပြီး ရင်ထဲမှ ချစ်ကြည်ညိုစွာ ခေါ်လိုက်မိသည်။

မေတ္တာ၏ စွမ်းအားသဘောကြောင့်များလားမသိ ဖေဖေက နိုင်နွေဦး ရှိရာဘက်သို့ လည်ပြန် လှည့်ကြည့်လိုက်သည်။

"ဘာပြောချင်လို့လဲ မိန်းကလေး ... လာလေ"

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက ညင်သာ နူးညံ့စွာ နိုင်နွေဦးကို စကားပြောသည်။ နိုင်နွေဦးမှာ ရင်ခဲ့ခဲ့ လူးလွန့်သွားမိ၍ စကားမပြန်နိုင်၊ ခေါင်းခါပြမိသည်။

"ဒီစာကြည့်ခန်းထဲက ဖုန်တွေကို ရှင်းပေးထားတယ်ဆို...၊ မေမေက ပြောတယ်"

"ဟုတ်... ဟုတ်ကဲ့"

"ကျေးဇူးတင်ပါတယ်ကွယ်"

နိုင်နွေဦးမှာ ဘာမှ မပြောနိုင်၊ ချစ်ဖေဖေကိုသာ အခန်းဝမှ ငေးမောလျက် ရပ်ကြည့်နေမိဆဲဖြစ်သည်။

'ဖေဖေရယ်... သမီးဟာ ဖေဖေ့သမီးပါ။ အဖေနဲ့ သမီး ဖြစ်ပါတယ်ရယ်လို့ ဒီတစ်သက်မှာ ပွင့်လင်းခွင့်မှ ရနိုင်ပါတော့မလား၇င်'

မိခင်ကြီး၏ သိကွာကို ဆယ်ရခြင်းအား ဖြင့်လည်းကောင်း၊ မိခင်၏ အမှာစကားကို နာကြားလိုက်နာရခြင်းအား ဖြင့်လည်းကောင်း နှုတ်ဆိုင်းနေရ၍ ရင်ထဲမှာ ပွင့်ထွက်မတတ်ခံစားရပါပြီ။

"စာဖတ်ချင်ရင်တော့ ဦးလေးရဲ့ စာကြည့်ခန်းထဲက စာအုပ်တွေ ခွင့်မတောင်းဘဲ ယူဖတ်နိုင်ပါတယ်။ ဝတ္ထုဟောင်းလေးတွေလည်း ရှိပါတယ်"

"ဦးလေးတဲ့"

ရင်ထဲမှာ နာကျင်မိသလို ရှိသော်လည်း သည်လိုသာပြောရမည့် အခြေနေပါလား၊ဟူ၍ နိုင်နွေဦး ဖြေရသည်။

"ဟုတ်ကဲ့... ဒီလိုခွင့်ပေးရင် ယူဖတ်ပါရစေ။ ပြီးရင် ပြန်ထားပါ့မယ်"

"စာဖတ်ဝါသနာပါတယ်လား"

"ဟုတ်ကဲ့ပါ"

"အေး... ဒီအိမ်ရောက်ကတည်းက ဦးလေးလည်း မင်းကို စိတ်ဝင်စားလို့ ကြည့်နေမိတယ်။ စိတ်ထဲမှာလည်း ကိုယ့်တူမလေးလို ကိုယ့်တပည့်မလေးလို စာနာစိတ်ရှိနေမိတယ်။ အခိုက်လှည့်မသင့်လို့ ဒီအလုပ်မျိုး ဝင်လုပ်နေရတယ်ဆိုတာ ဦးလေး အကဲခတ်မိပါတယ်။ မိန်းကလေးရဲ့ စရိုက်ဟာ မိကောင်းဖခင် သားသမီးတစ်ယောက်ဆိုတာမြင်တာနဲ့ သိနိုင်

ပါတယ်။ လောကကြီးမှာ ဆင်းရဲတာ ချမ်းသာတာထက် ကိုယ်ကျင့်တရားကောင်းဖို့က ပိုပြီး အရေးကြီးပါတယ်။ မိန်းကလေးရဲ့ သိမ်မွေ့မှုကို ဦးလေးလေးစားပါတယ်။ သမီးလေးအပေါ်မှာ စေတနာထားလို့လည်း ကျေးဇူးအထူးတင်နေမိပါတယ်ဆိုတဲ့အကြောင်း တစ်ခါတည်း ပြောလိုက်ပါရစေကွယ်"

ရှည်လျားသောဖခင်ကြီး၏ စကားမဆုံးမီကပင် မျက်ရည်နှစ်သွယ် စီးဆင်းနေခဲ့ပါပြီ။

"မိန်းကလေးရဲ့ စရိုက်ဟာ မိကောင်းဖခင် သားသမီး တစ်ယောက် ဆိုတာ"

ဆိုသည့်နေရာအရောက်တွင် နိုင်နွေဦးရင်ခွင် လှိုက်လှိုက်လှဲလဲ ခံစားလာမိရသည်။ ကျဉ်ခဲ့စေတတ်သော အရာနှင့် ထိတွေ့ခြင်း ခံလိုက်ရသည်သို့ ရှိမိသည်လောက်သာ သိမှတ်လိုက်မိသည်။ ကိုယ့်မျက်ဝန်းမှ မျက်ရည်များ ကျလာသည်ကိုပင် နိုင်နွေဦးမသိ ရှိတော့...

"အို... ဘာလို့ငိုရတာလဲကွယ်... ဦးလေးရဲ့စကားမှာ အမှားစာစစ်ခဲ့တစ်ရာပါသွားလို့လား"

နိုင်နွေဦး မော့ကြည့်ရင်း ခေါင်းခါရမ်းပြမိသည်။

"ဘာဖြစ်လို့လဲ ကလေး"

သည်အမေးကြောင့် ဆွတ်ပျံ့ခြင်း ခံစားမှုလေး နည်းနည်းတွင်ကြေကွဲမှုများကိုပါ တစ်ပြိုင်တည်း ခံစားလာရသည်။ ခံစားမှု ပြင်းလေ မျက်ရည်များက သွယ်စီးလေပင်...

"သြော်ကွယ် ...ဦးလေး ပြောမိတာနဲ့ စိတ်မကောင်းစရာတောင် ဖြစ်နေပါပြီ"

"မ...မဟုတ်ပါဘူး...ဖေ...ဦး...ဦးလေးရယ်"

"ဒါဖြင့် ကလေးက ဘာကိုစမ်းနည်းသွားရတာလဲ"

"သြော် ...ကျွန်မ... ကျွန်မရဲ့ အဖေကို သတိရသွားမိလို့ပါရှင်"

"မိန်းကလေးမှာ အဖေမရှိဘူးလား"

"ရှိ...ရှိပါတယ်"

"သြော်...သြော်... အခုဘယ်မှာလဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ရှင်..."

"အခု မင်းအဖေက ဘယ်မှာလဲဟင်"

"ကျွန်မ... ကျွန်မ အဖေလား"

"အင်းပေါ့"

နိုင်နွေဦး၏ နှုတ်ခမ်းလေးများ ဆတ်ဆတ်ခုန်နေသည်။ ပူနွေးသော ရွေးများဖိုပြန်လာသည့် မျက်ရည်များက အဆက်မပြတ်...

"မိန်းကလေးစိတ်ထဲမှာ ပြောစရာ စကားတွေအများကြီးပဲ ရှိနေလိမ့်မယ်။ ဒါပေမဲ့ ဒါတွေဟာ ဝမ်းနည်းစရာတွေ ဖြစ်နေလိမ့်မယ် ဆိုတာ ဦးလေးနားလည်ပါပြီ ကလေး... မင်းသိပ်ခံစားနေရပုံရတယ်။ ဝမ်းနည်းပါတယ်ကွယ်။ မေးမိတဲ့ ဦးလေးကို ခွင့်လွှတ်ပါ။ ကဲ...ကဲ သွား သွား မင်းအခန်းမှာ ပြန်နားနေလိုက်ဦးနော်"

နာခံလိုစိတ်များဖြင့်သာ ဖခင်၏အနားမှ ထွက်လာခဲ့ရသည်။ ခြေများပင် မလှမ်းချင်၊ ဖြစ်နိုင်ပါလျှင် ဖခင်၏ ခြေအစုံကို ဖက်ပြီး တစ်သက်ပတ်လုံး ခံစားမျှော်လင့်နေခဲ့ရသည့် မိမိ၏ အဖြစ်နှင့်မတွေ့ တရား ကြီးမားလွန်းသော်လည်း ကံတရား၏ ငြိုငြင်မှုကို ခံစားနေရသော မိခင်ကြီး၏ တိတ်တခိုးခံစားရပုံလေးများကို ဇာတ်စုံ ခင်းပစ်လိုက် ချင်မိပါသည်။

အကြောင်းကံက မလှ၊ အခြေနေက မပေးတော့ပါ။ ဖခင်ထံမှ ဆုတ်ခွာလာခဲ့ရသော ခြေတစ်လှမ်းသည် တစ်ယူဇနာဆိုသည်မျှလောက် ခရီးရောက်မည်ထင်ပါ၏။

ဖခင်ကြီးနှင့် နီးရာမှ ဝေး၍ ...ဝေး၍ သာ၍ဝေးကွာစွာ ခွဲခွာခဲ့ရ ပါပြီတည်း...

BURMESE CLASSIC .com

× × × ×

ဇာခန်း (၁၀)

"နှင်းဆီ ...ညီမလေး ...အဲဒီမှာပဲထိုင်နေခဲ့နော်... မမဦး မုန့်သွားယူဦးမယ် ဟုတ်လား"

ခြံတွင်းအပင်မှ အုန်းသီးခြောက်တစ်လုံးကို ဘယ်သူမှ မသုံး၍ နိုင်နွေဦးက ဒေါ်လှမြင့်ထံ ခွင့်ပန်၍ တောင်းယူခဲ့သည်။ ယင်းအုန်းသီးကို ကိုယ်တိုင်ခြစ်ညှစ်ပြီး ကန်ဇွန်းဥလေးနှင့် သာကူကို့သည်။ ယနေ့ ဒေါ်ခင်လေးတင့် ဥပုသ်စောင့်၍ တရားကျောင်းမသွားမီ အုန်းနို့သာကူပူပူလေး တိုက်ကျွေးသည်။ ကျန်တာ ညီမလေးအတွက် မြေးအဘွားနှစ်ယောက် မြှိန်ရှက်စွာ စားသောက်ကြပါ၍ နိုင်နွေဦး ကြည်နူးမဆုံးမိ။ ညီမလေး ထပ်ယူချင်သည်ဆို၍ အိုးထဲမှ ကျန်ရှိသည်များကို ခပ်ယူရန် နိုင်နွေဦး ဆင်းလာခဲ့မိသည်။

ဖြစ်နိုင်ပါလျှင် ဖေဖေ့အတွက်ရော မောင်လေးနိုင်းနှင့် ဒေါ်စောနန္ဒာတို့အတွက်ပါ လုပ်ပေးချင်လှသော်လည်း အခွင့်အရေးက မပေး၊ ကိုယ့်ပစ္စည်း ကိုယ့်အိမ်ရာ မဟုတ်ပါ၍ စေတနာ ရှိသလောက် အရာမရောက်နိုင်ပါ။

မီးဖိုခန်းမှ သာကူကို့ ဇွန်းလေးကို ထည့်ပြီး နိုင်နွေဦးပြန်ထွက်လာခဲ့သည်။ အိမ်တွင် ဘယ်သူမှမရှိ တိတ်ခြောက်နေပေသည်။

နှင်းဆီကို ဘုရားခန်းရှေ့ ကုလားထိုင်ပေါ်တွင် တင်ထားခဲ့သည်။ ကိစ္စမရှိ၊ နှင်းဆီက သိပ်ကြောက်တတ်သည်။ ထားသည့်နေရာတွင် နေသည့်ကလေး၊ လူတွဲရှိမှ သွက်သွက်လျှောက်နိုင်သည်။

နိုင်နွေဦးမှာ အောက်ထပ်ခန်းမကို ဖြတ်ပြီး ... လှေကားရင်းနားသို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်ခါနီးတွင် အပေါ်ထပ်ဆီမှ နှင်းဆီလေး၏ ငယ်သံပါအောင် အော်လိုက်သော အသံနှင့် ပြေးလွှားသံ၊ တွန်းတိုက်သံများကြားလိုက် ရပြီးသည်နှင့်...

"မမဦး ...လာပါဟာ...အား"

"ဒုန်း...ဒုန်း...ဒုန်း"

ဆိုသောအသံများကို တစ်ဆက်တည်း တစ်ချိန်တည်းမှာ ကြားလိုက်ရသည်။

လျှင်လိုက်သည့် ခိုင်နွေဦး...

သာကူပန်းကန်ကို လွှင့်ပေါက်ပစ်လိုက်ပြီး လှေကားတစ်ဆစ်ချိုးကို ခုန်တက်၍ ဒူးထောက်ပြီး ဖမ်းလိုက်သည်။

လိမ့်ကျလာသော နှင်းဆီလေးကို မိမိရင် ပွေ့ယူနိုင်ခဲ့သည်။ သို့ပါသော်လည်း...

"အမလေး... လာကြပါဦး"

နှင်းဆီ၏ ကိုယ်လေးမှာ ဆတ်ဆတ်တုန်လျက် မျက်ဖြူလန်ပြီး မေ့မြောလျက် တက်သွားတော့သည်။

ခိုင်နွေဦး၏ အော်သံကြောင့် ပထမဆုံး ရောက်လာ သူက ကိုမောင်မောင်သိန်း...

ပြီးတော့ မေမေကြီး၏ တူမတစ်ယောက်နှင့် အိမ်စေမိန်းကလေး နောက်ဆုံးမှ ဒေါ်လှမြင့် ပြေးလာသည်။

"ကိုမောင်မောင်သိန်းရယ် လုပ်ပါဦး၊ ကျွန်မညီမလေးကို ကယ်ပါဦးရှင်"

"ဘာလုပ်မရလဲ၊ ဆရာဝန်ခေါ်မှထင်တယ်"

"ညီမလေး...နှင်းဆီ...ညီမလေးရဲ့"

ခိုင်နွေဦး ရူးမတတ် ပူပန်မိသည်။ ကလေးကို ပွေ့လျက်... ပရိဒေဝစိတ်ကို အတတ်နိုင်ဆုံး ဖယ်ထုတ်ပစ်ရသည်။

"ဆရာဝန်ခေါ်လို့ သူလာရမယ့်အချိန်နဲ့"

"ဆေးရုံကိုသွားရင် ဒီအချိန်လောက် ကြာလိမ့်မယ်"

ယင်းသို့ ဖြောင့်မှန်စွာ တွေးတောမိလာသောအခါ...

"ဆေးရုံကိုပို့ပေးပါရှင်... ကလေးဆေးရုံကို အမြန်ဆုံး ပို့ပေးပါနော် ကိုမောင်မောင်သိန်း"

ကူညီရှာပါသည်။ ချက်ချင်းပင် ခိုင်နွေဦးတို့ ကားပေါ် ရောက်ခဲ့ကြသည်။ ကားစက်နှိုးရှု ထွက်ခါနီးဆဲဆဲတွင်မှ ...

"မောင်မောင်"

ဒေါ်အက်စသာ၏အသံနှင့် အိပ်ရာမှထလာဟန်...

"ကျွန်မတို့ကို သနားပါရှင်...၊ မဆင်းပါနဲ့တော့... မောင်းပေးပါ။ ဆေးရုံကို မြန်မြန်မောင်းပေးပါရှင်"

ဒေါ်အက်စသာ... ဘာပြောချင်သည်ဖြင့် မသိတော့...၊ ကိုမောင်မောင်သိန်းက ခိုင်နွေဦး၏ ပူပန်လွန်းရခြင်း အဖြစ်နှင့် ကလေး၏ ဝေဒနာကို စာနာစွာဖြင့် မရပ်နားဘဲ ကားစ၊ ထွက်သည်။

"မောင်မောင်...မောင်မောင်"

ခြံဝထွက်ခါနီးမှ ကားဘရိတ်ကို နင်းလိုက်ပြီး နောက်ကြည့်မှန်ကို ကိုမောင်မောင်သိန်းကြည့်သည်။

"မမ ဘာများ ပြောမလို့လဲ မသိဘူး... လိုက်ချင်တယ်ထင်တယ်"

"ဒီမှာ ကိုမောင်မောင်သိန်း ကလေးကို ကြည့်စမ်းပါရှင်...နှုတ်ခမ်းမှာလည်း သွေးတွေနဲ့ မေမြောလည်း နေပါတယ်၊ ရှင့်ရင်ထဲမှာ ရက်စက်ယုတ်မာတဲ့စိတ်မျိုး ရှိနေတယ်လို့... ကျွန်မ မမြင်တွေ့မသိမှတ်ပါရစေနဲ့၊ ဒေါ်အက်စသာမှာ ဘာကိစ္စမှ ရှိမှာမဟုတ်ပါဘူး။ ကျွန်မလည်း ကိုမောင်မောင်သိန်း ကျေးဇူးကို တစ်သက်လုံး သိမှတ်နေပါ့မယ်။ ကဲပါရှင်... ကျွန်မစကားတွေ နားဝင်ပါတော့ ... မောင်းပါတော့"

မျက်ရည်များနှင့် စကားသံ တုန်တုန်လေးများ ရောယှက်ထွက်လာသော မိန်းမချောလေး ခိုင်နွေဦး၏ တောင်းပန်မှုများကို ကိုမောင်မောင်သိန်း အမှန်ပင် နာနှံ့ဝင်သွားခဲ့ပါပြီ။

ဒေါ်အက်စသာကို လှည့်မကြည့်တော့။ ကားရှိန်နှုန်း မြှင့်လျက် မဝေးလှသော ကလေးဆေးရုံဆီသို့...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ပေးချင်တဲ့ အပြစ်ကိုသာ ပေးကြပါတော့ရှင် ...ကျွန်မ အပြစ်ပါ... ကျွန်မအပြစ်ပါ"

"မငိုပါနဲ့ မမဦးရာ ... မမဦးဒီလောက် ဂရုစိုက်တာ နိုင်းတို့ အားလုံး သိကြတာပဲ"

"မဟုတ်တော့ဘူး နိုင်းရယ်၊ မမဦးမှာ တာဝန်ရှိတယ်။ အပြစ်ရှိတယ်။ ကလေးကို တစ်ယောက်တည်း ထားခဲ့မိပါတယ်"

နိုင်နွေဦးမှာ မရပ်တည်နိုင်တော့။ ဆေးရုံ၏ ကြမ်းပြင်တွင် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ကိုက်၍ ကြေကွဲစွာ ငိုရှိုက်မိသည်။

ညီမလေးနှင်းဆီမှ ကလေးဆေးရုံ၏ အရေးတကြီး လူနာခန်းတွင် အောက်စီဂျင် ဓာတ်ငွေ့များကို ရှူပျိုက်လျက် သတိမေ့မြောနေဆဲပါပင်။ အခြေအနေက အလယ်လိုင်းတွင် ရှိသည်။ လူနာ၏အသက်ကို စိတ်ချစွာ ရယူနိုင်ပါပြီဟု ဝန်မခံဝံ့သေးသော အခြေအနေတွင် ရှိနေကြောင်း ဆရာဝန်၏ ညွှန်ကြားချက်ကြောင့် နိုင်နွေဦး ရင်ကွဲမတတ် ပူပန်မိသည်။

ဒေါ်အက်စသာ ခန လာကြည့်ပြီး ပြန်သွားသည်။ ကျွန်မိသားစုအားလုံးရှိကြပါ၏။ မေမေကြီးနှင့် ဦးတင်အောင်နိုင်၊ ဖေဖေတို့မိသားစု အားလုံးနှင်းဆီ၏ ခုတင်ဘေးတွင်။

ပူပန်စိတ်များ များနေကြ၍လား မသိ။ မေမေကြီး ဒေါ်ခင်လေးတင့်နှင့် ဒေါ်စောနန္ဒာတို့က နိုင်နွေဦးကို နှစ်သိမ့်မှုမပေးနိုင်ကြ။

"မင်းမှာ အပြစ်မရှိပါဘူးကွယ်... မငိုပါနဲ့"

ပခုံးစွန်းလေးကို ပုတ်ခတ်လျက် ခွင့်လွှတ်ရင်း နှစ်သိမ့်ရှာလေသူက ဖေဖေ ... နိုင်နွေဦး၏ဖေဖေ ဦးတင်အောင်နိုင်။

"ကလေးရဲ့စေတနာကို တို့များ နားလည်ကြပါတယ်။ မတော်တဆ ဖြစ်ရတဲ့ကိစ္စပဲ"

"ဟုတ်ပါတယ်... မမဦးရယ် မငိုပါနဲ့တော့ ပင်ပန်းလှပြီ... နိုင်း မကြည့်ရက်ဘူး"

ဘေးအမြင်တွင် ကာယကံရှင်မဟုတ်သော နိုင်နွေဦး သည်မျှ ငိုနေဖို့ မသင့်...၊ စိတ်ကိုထိန်းချုပ်၍ အားလုံး၏ ညွှန်ကြားမှုကို နာခံရန် နိုင်နွေဦး စောင့်ဆိုင်းနေရသည်။

ကလေးပါရဂူဆရာဝန်ကြီးကိုယ်တိုင် လာကြည့်၍ ညွှန်ကြားမှု ပေးသည်။ ကလေးဆေးရုံ၏ ကုသမှုသည် မိခင်စိတ် မိခင်မေတ္တာမျိုးများဖြင့် ကုသနေကြကြောင်း နိုင်နွေဦး မြင်ရပါပြီ။ ဆရာဝန်နှင့်ဆရာမများ တကယ်ပင်ပန်းခဲ့ပြီး တကယ်စေတနာထားကြကြောင်း အားကိုးစွာတွေ့ရပါပြီ။

"အောင်စီဂျင် ဖြုတ်လိုက်တော့၊ အသက်ရှူမှန်လာပါပြီ... မပူရတော့ပါဘူး။ အခြေအနေက တဖြည်းဖြည်းချင်း ကောင်းလာတယ်၊ အားရစရာပါဘဲ၊ ဆေးရုံမှာတော့ ထားရလိမ့်ဦးမယ်၊ တစ်ယောက်စောင့်ပါ၊ အားလုံး ပြန်နိုင်ကြပါပြီ"

နိုင်နွေဦးစောင့်ချင်ပါသည်။ သို့သော်လည်း တာဝန်ပေးအပ်ခြင်းမခံရ မိခင်ကိုယ်တိုင် ညစောင့် အိပ်မည်ဆိုသဖြင့်သာ နိုင်နွေဦးပြန်ခဲ့သည်။ နည်းနည်းလေးမှ စိတ်မချမိ၊ ရင်၌ လှပ်ရှားစွာ ပူပန်နေမိဆဲပါ။ မျက်ရည်လည်ရွဲနှင့် နိုင်နွေဦးပြန်ခါနီးတွင် ဒေါ်စောနန္ဒာက...

"စိတ်မကောင်းမဖြစ်ပါနဲ့၊ နိုင်နွေဦးရဲ့ အမှားကိုလည်း ခွင့်လွှတ်ပါတယ်။ ကဲ...ပြန်ကြတော့"

"နိုင်နွေဦးရဲ့ အမှား"

ယင်းစကားကိုသာ ထပ်ကာထပ်ကာ ပြန်ကြားနေမိသည်။ မေမေကြီး နိုင်းနှင့် နိုင်နွေဦးတို့ သုံးဦး ကားနှင့် ပြန်လာခဲ့ကြရသည်။ မေမေကြီးကရော မောင်လေးနိုင်းကပါ ကလေးအခြေနေက စိတ်ချရပြီဖို့ စိတ်အေးအေး ထားပါရန်ပင် တရားချလာကြသည်။

"နိုင်နွေဦးရဲ့အမှား"

"မမှားဘူး... မမှားဘူး၊ ကလေးနဲ့ပတ်သက်လို့ ကျွန်မလုံးဝ မမှားပါဘူးရှင်၊ လူတွဲပါမှ လမ်းလျှောက်နိုင်တဲ့ ကလေးတစ်ယောက်ကို ထိုင်နိုင်းထားခဲ့တာ မမှားပါဘူး။ သူဟာ သွားရင်းလာရင်း ဆော့ကစားရင်း လိမ့်ကျနိုင်လောက်တဲ့ အင်အား မရှိဘူး။ မဆော့နိုင် မသွားနိုင်တဲ့ ကလေးတစ်ယောက်ပါ"

ထိုနေ့ တစ်ညလုံး နိုင်နွေဦး မအိပ်နိုင်တော့၊ ညစာလည်း မစားဖြစ်။ ကလေးကိုထားခဲ့သည့်နေရာနှင့် လှေကားမှ လိမ့်ကျသွားသည့်အဖြစ်များ

www.burmeseclassic.com

www.burmeseclassic.com

ကို ချင့်နှိုင်းတွေးကြည့်နေမိသည်။ နေရာအကွာအဝေးကိုလည်း တွက်ချက်ကြည့်မိသည်။ ကြာမြင့်စွာ စစ်ဆေးကြည့်ရှုနေမိသည်။

"တစ်ခုတစ်ခု မဖြစ်ပါဘဲနှင့် နှင်းဆီလေး ထထွက်ပြေးစရာ အကြောင်းမရှိ"

ဖျတ်လတ် သွက်လက်စွာ ထွက်ပြေးနိုင်သည့် ကလေးလည်း မဟုတ်။ ဒယီးဒယိုင် ဟိုကိုင်သည်ကိုင်နှင့် ထွက်ပြေးရခြင်းသာ ဖြစ်လေမည်။ လှေကားမှ လိမ့်ကျလောက်အောင် ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ခေါ်ခဲ့သည်မှာလည်း အကြောင်းရှိရပါလိမ့်မည်။

'တစ်ယောက်ယောက်က ခြိမ်းခြောက်ပြီး ကလေးကို တမင်လိမ့်ကျအောင် လုပ်တာပဲဖြစ်ရမယ်'

နှင်းဆီလေး အော်ဟစ် အကူညီတောင်းရှိန်က ပြေးသံ၊ လွှားသံ တွန်းတိုက်သံများကို ခိုင်နွေဦး အသေအချာပြန်၍ စဉ်းစားကြည့်မိသည်။

'ကလေးတစ်ယောက်တည်း ပြေးလွှားသံမဟုတ်'

လူကြီးတစ်ယောက်ယောက်၏ ခြေသံပါ ရောယှက်နေသဖြင့်သာ ကျယ်လောင်စွာ ကြားနိုင်ကြောင်း ခိုင်နွေဦး တွေးနိုင်လာပါပြီ။

'ဒီလောက်အပြစ်မဲ့တဲ့ မမာသည် ကလေးငယ် တစ်ယောက်ကို ဘယ်သူကများ ရက်ရက်စက်စက် သေကြောင်းကြံစည်ကြပါလိမ့်'

'နှင်းဆီလေးကို ဘယ်သူကများသေစေချင်ပါလိမ့်'

'ဘာအကြောင်းကြောင့်များ သတ်ပစ်ချင်ကြပါလိမ့်'

ထိုအချိန်က အိမ်တွင် ဒေါ်အက်စသာတို့ တစ်အုပ်စုလုံး ရှိနေကြပေသည်။

× × × ×

နှင်းဆီလေး ဆေးရုံမှဆင်းခွင့်ရချိန်တွင် အိမ်၌ မောင်လေးခိုင်းလွှမ်းဝေ မရှိတော့။

သူ တောင်ကြီးသို့ပြန်သွားသည်။

ဒေါ်အက်စသာနှင့် ကိုမောင်မောင်သိန်းတို့လည်း သူတို့၏ မှောင်ခိုပစ္စည်းများအဖမ်းခံရမှုနှင့် ဟိုလိုက်သည်လိုက် လိုက်နေကြသည်။ ပစ္စည်းအသိမ်းခံရသည်က တောင်ကြီး-မန္တလေးလမ်း မှာလိုလို သဲသဲသာ ခိုင်နွေဦးတို့ ကြားရသည်။ အတိကျသိခွင့်မရခဲ့ပါပေ။

ဒေါ်ခင်လေးတင့်က...

"သူတို့နှစ်ယောက်က နောက်ကနေ ငွေပေးပြီး သူ့လူယုံတွေကို ခိုင်းတာတဲ့။ အခုလို မတော်တဆမိသွားရင်လည်း သူတို့က ငွေဆုံးရုံပဲ။ လူတော့ အဖမ်းမခံရဘူးပေါ့။ အက်စသာရော၊ မောင်မောင်သိန်းရော သိပ်လည်ကြတယ်။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ကင်းကြပါစေလို့ မေမေကြီးဆုတောင်းပါတယ်"

"ဟုတ်ကဲ့ပါမေမေကြီး၊ ဒီအိမ်ရဲ့စရိတ်ကိုလည်း သူတို့ကအများဆုံးတာဝန်ယူနေတယ်ဆိုတော့ ဒီလိုပဲဖြစ်ပါစေလေ"

အိမ်ပေါ်ထပ်တွင် မေမေကြီး၊ ဒေါ်ခင်လေးတင့်၊ နှင်းဆီလေးနှင့် ခိုင်နွေဦးတို့သာရှိကြသည်။ ဒေါ်အက်စသာတို့မရှိကြ။ အောက်ထပ်တွင် ဒေါ်လှမြင့်နှင့် အိမ်ဖော်နှစ်ယောက်၊ ဒေါ်ခင်လေးတင့်၏ ဆွေမျိုး အပျိုကြီး တစ်ဦးနှင့် ဦးတင်အောင်နိုင် တစ်ယောက် အရက်နာရောဂါနှင့် အိပ်ရာထဲတွင် အိပ်နေပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

အိမ်တွင် စိုင်းမရှိ၍ ရင်ထဲခဲ့ဟာနေမိသည်။

"ငါမြေး နေကောင်းလား"

"ကောင်းတယ်ဘွားဘွား၊ အိပ်ချင်ပြီ၊ မမဦးပွေ့သိပ်ပါ"

ကလေးကိုထိုင်လျက်ကပင် ရင်ခွင်ထဲ၌ပွေ့သိပ်လိုက်ရသည်။ မကြာမီမှာပင် နှင်းဆီလေး နှစ်မြှုပ်စွာ အိပ်မျော်သွားတော့သည်။ အရပ်အမောင်း၊ ရော ကိုယ်လုံးကိုယ်ထည်ပါ သေးကွေးကြဲလှသောနှင်းဆီမှာ ဆေးရုံကဆင်းမှ နည်းနည်းဝလာသည်။

"ငါ့မြေးလေးအတွက် မှုလိုက်ရတာ၊ အခု ဆေးရုံကဆင်းမှ ကျန်းမာရေးပိုကောင်းလာသလိုပဲ"

"ဟုတ်ကဲ့... မေမေကြီး၊ ဦးနောက်နဲ့ အာရုံကြောဌာနကိုလည်းပို့လိုအပ်တဲ့ဆေးတွေနဲ့ ပြည့်ပြည့်ဝဝ ကုသရလို့ ညီမလေးအခြေအနေ တို့၊ တက်လာတာကို မဦး ဝမ်းသာလို့မဆုံးပါဘူး။ မပြောကောင်းပြောကောင်း၊ တစ်ခုခုများ ဖြစ်သွားရင်တော့ တစ်သက်လုံး ရင်ကွဲလို့ဆုံးတော့မှာ မဟုတ်ပါဘူး မေမေကြီးရယ်"

"အားလုံးက ခွင့်လွှတ်ပြီးသားပါ ခိုင်နွေဦး၊ မတော်တဆဖြစ်ရတဲ့ ကိစ္စပဲကွယ်"

"မတော်တဆ"

"ဟုတ်ပါတယ်၊ ပေါ်လျော့မှုလို့မထင်ကြပါဘူး"

"မတော်တဆဆိုတာလည်း ပေါ်လျော့မှုထဲမှာ အကြုံးဝင်ပါတယ်လေ။ ဒီမှာမေမေကြီး ... ဘယ်သူမှ မရှိတုန်း မေးပါရစေနော်။ နှင်းဆီလေး လိမ်ကျမှုမှာ တကယ်ပဲ မတော်တဆ ဖြစ်ရတယ်လို့ မေမေကြီး ထင်နေသလားဟင်"

"ခိုင်နွေဦးမေးပုံဆန်းတယ်၊ မေမေကြီးနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ ခိုင်နွေဦး"

"အဲဒီလို ပွင့်ပွင့်လင်းလင်း ဆွေးနွေးရမယ်ဆိုရင်တော့ ညီမလေး နှင်းဆီလိမ်ကျတာ သွေးရိုးသားရိုးနဲ့ မင်တော်တဆလိမ်ကျတာမဟုတ်ပါဘူး မေမေကြီး"

"ဟင်... ဘယ်လို"

"ကလေးက သူလိမ်မကျမိုက ကိစ္စတွေကို ဘာမှမေးလို့မရပေမယ့် ကျွန်မ အသေအချာ သုံးသပ် တွေးခေါ်ကြည့်ပြီးပါပြီ။ ကလေးလိမ်ကျရတာ တစ်စုံတစ်ယောက်ရဲ့ပယောဂပါ"

"ဟုတ်ပါ့မလားကွယ်"

'အပြစ်မဲ့တဲ့ ဝေဒနာသည် ကလေးတစ်ယောကကို ဘာဖြစ်လို့များ ကျေပေးရက်ကြတာလဲလို့ စဉ်းစားလို့မရပေမယ့် ကလေးကို သေကြောင်းကြံတာတော့ အမှန်ပါပဲမေမေကြီး"

"မြတ်စွာဘုရား"

ဒေါ်ခင်လေးတင့် မျက်လုံးအပြူသားနှင့် ဘရားတရားသည်။

"ကလေးဟာ ထိုင်ခိုင်းထားရင် ဘယ်တော့မှ မထတတ်တဲ့ကလေးပါ။ အဲဒီနေ့က ကလေးက ထပြေးလို့ တိုက်ခိုက်သံနဲ့ ငယ်သံပါအောင် အော်ခေါ်သံအပြင် အင်အားကြီးတဲ့ လူကြီးခြေသံ တစ်စုံပါ ရောနှောနေပါတယ်။ ကလေးတစ်ယောက်တည်း ပြေးလွှားသံဟာ ဒီလောက် မကျယ်လောင်ပါဘူး။ သေချာပါတယ် မေမေကြီး၊ တစ်စုံတစ်ယောက်က ခြောက်လှန့်လိုက်လို့ ကလေးကို လေ့ကားက လိမ့်ကျသေအောင် ကြိုဆောင်လိုက်လို့ အခုလို ဖြစ်ရတာ သေချာပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ခုပဲသိချင်ပါတယ်"

"ဘာလဲ"

"ဒီကလေးကို ဘယ်လိုအကြောင်းကြောင့်များ ဘယ်သူက သေစေချင်ရတာလဲ...လို့"

"ဟင်း..."

ဒေါ်ခင်လေးတင့်မှာ သူ့ကိုမယ်ဝဝကြီးကို အရှဉ်ကြုံးပြတ်သလို ကုလားထိုင်ပေါ်သို့ ပစ်မှီချလိုက်ပြီး မျက်စိစုံမှိတ်၍ ရင်ကိုဖိထားနေသည်။

ဖိထားသော သူ့ရင်တွင်းဝယ် ခိုင်နွေဦး မသိမြင်နိုင်သော ပြဿနာများစွာရှိပေလိမ့်မည်သာ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

ပြဿနာ ရှင်းစရာများ ရှိနေ၍ မမေမေ
တောင်ကြီးသို့ အမြန်လိုက်လာပါ။
ညီမလေး နှင်းဆီကိုလည်း ခေါ်ခြင်း
အောင် ခေါ်ခဲ့ပါ။

စိုင်းလွှမ်းဝေ

ကြေးနန်းစာကိုဖတ်အပြီးတွင် ဒေါ်စောနန္ဒာက ခိုင်နွေဦး၏ ဆန္ဒကို ယူသည်။

"ဘယ်လိုသဘောရသလဲ မဦး"

"နှင်းဆီ လိုက်ရင် မဦးလည်း လိုက်မှဖြစ်မယ်လား"

"ဒါပေါ့ကွယ်"

ခိုင်နွေဦး စဉ်းစားရပါပြီ။

ပထမဆုံး အနေနှင့် ဤအိမ်သို့ ပြန်မလာလိုတော့ပါဟု ဆိုသော မောင်လေးစိုင်းကို တွေ့ဆုံလိုစိတ်ဖြင့် လိုက်သွားချင်ပါသည်။

ဒုတိယက ညီမလေးနှင်းဆီကို သူမိခင်ရင်းနှင့် ထည့်လိုက်ရမည်ကို ပင် စိတ်မချနိုင်။ ကလေး၏ 'အထာ'ကို မိမိကသာ လက်ပွန်းတတီး နေ၍ ပိုသိသည်ဟု ခိုင်နွေဦး ခံယူထားမိသည်။

တတိယအချက်ကမှ မရောက်မူးသော စိုင်းတို့ရဲ့ မောမြေကို ရောက် မူးချင်စိတ်ရှိမိသည်။

သို့ပါသော်လည်း...

ခိုင်နွေဦးမှာ ကလေးထိန်းမ အဖြစ်နှင့်လိုက်ပါရမည်ဖို့ သူတို့ပြန်ပါမှ ပြန်ခွင့်ရမည်။ ကိုယ့်သဘောနှင့်ပြန်၍မဖြစ်။ ယင်းသို့ဆိုပါလျှင် ကနီရှိ ချစ်မမေမေ ဒေါ်နုမေနှင့် အလှမ်းက ပို၍ သာ၍ ဝေးကွာရတော့မည်။

"ဖြစ်ပုံမလား"

"ဖြစ်ပါတယ်၊ သမီးလေးပါမယ် ဆိုရင်တော့ ခိုင်နွေဦးပါမှ မမ စောနန္ဒာလည်း လိုက်ရဲမှာပေါ့ကွယ်၊ သမီးလေးကို သူ့အဘိုးက တွေ့ချင် တယ် ထင်ပါရဲ့"

"တောင်ကြီးမှာ နှင်းဆီရဲ့အဘိုးလည်း ရှိသေးတယ်လား၊ရှင်"

"ရှိတယ်... မမနန္ဒာရဲ့ အဖေက နောက်ဇနီးနဲ့"

"ဩော်... ဩော်..."

"ကဲပါ ခိုင်နွေဦးရယ် ... သမီးလေးကို ငဲ့ညှာသောအားဖြင့် လိုက်ခဲ့ ပေးပါလို့နော်"

"ဆရာဝန်နဲ့ တိုင်ပင်ပါဦး"

"ဟုတ်တယ်... သူ့အခြေအနေတိုးတက်လာတုန်း စိတ်ပြောင်းလဲမယ့် နေရာ ခေါ်သွားပေးပါလို့ ပြောတယ်။ ဒါပေမဲ့ ပင်ပင်ပန်းပန်းနဲ့ ထိတ် လန့်စရာမဖြစ်စေရဘူးတဲ့"

"ဟုတ်ကဲ့... သွားခါနီးရင်တော့ ဒေါက်တာ တင်ဦးရဲ့ ညွှန်ကြားမှုကို ယူပါဦးနော်... မမစောနန္ဒာ"

"ကောင်းပါပြီ ခိုင်နွေဦး လိုက်မှာမဟုတ်လားဟင် ... လိုက်နိုင်မှာ ပါနော်"

ထိုခရီးသို့လိုက်လာဖြစ်ခဲ့ခြင်းသည် ခိုင်နွေဦးအတွက် ဘဝလမ်းခွဲ အဖြစ်နှင့် အသစ်သော ဘဝတစ်ခုကို စရမည့်ခရီးမှန်း ခိုင်နွေဦး မသိတတ် နိုင်ရှာခဲ့ပါ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

မသွားဖြစ်မီ အစီအစဉ်များစွာ လုပ်ရသေးသည်။ ခွင့်ခဏပန်၍ ကမာရွတ်သို့ တိတ်တခိုးပြန်ရသေးသည်။ ကနီရှိ ချစ်မေမေအတွက် ငွေနှင့် စာရွက်စာတစ်စောင်။ စားစရာနှင့် ပါတိတ်လုံချည်တစ်ထည်ဝယ်၍ ကန်တော့ပါကြောင်းနှင့် မတ္တရာမီတွင် ပြန်ရောက်လာမည်ဖြစ်ကြောင်းများကို အသေးစိတ်ရေး၍ ချွေးသိပ်စေခဲ့ရပါ၏။

"ရထား လက်မှတ်တော့ ရလာခဲ့ပြီ၊ အပ်ပါးကလပ်(စ်) ကပဲ၊ ကျော်... ဒီမှာ ခိုင်နွေဦးရဲ့ မှတ်ပုံတင်"

ရင်မ၊ နေရာမှ ငြိမ်းအေးစွာ ပြန်ရ၍ သက်ပြင်းချနိုင်ခဲ့ပါပြီ။

ခိုင်နွေဦး၏မှတ်ပုံတင်တွင် အဘအမည်က ဦးတင်အောင်နိုင် ကို 'နိုင်' ဖျက်ထားသော်လည်း မသေသပ်။ အရာက ထင်၍ကျန်နေရစ်သည်။

ဇာတိက ကနီ။

ဤမှတ်ပုံတင်ကို ကြည့်လျှင် မိမိ၏ဇာတိရပ်များ ဘွားဘွားပေါ်ရလေမလား၊ ဖိုးရွှဲနေမိရာမှ ယခုလို အေးဆေးစွာ ပြန်ရလာသဖြင့် ခိုင်နွေဦးမှာ ကြည်နူးမဆုံးပါ။ တိတ်တခိုး ပြုံးနိုင်ပါပြီ။

အားလုံးပြေပြေလည်လည်ပါပင်။ နှင်းဆီလေးသည် ပြုံးပြုံးရွှင်ရွှင်နှင့် ခရီးထွက်ရမည်ကို ပျော်နေဟန်ရှိပါ၏။ မေမေကြီး ဒေါ်ခင်လေးတင့်ကမူ မျက်ရည်စက်လက်နှင့် အမြဲနှုပြန်လာကြပါရန် အတန်တန်မှာကြားရသည်။

ဘူတာရုံသို့မူ ဖေဖေဦးတင်အောင်နိုင် တစ်ယောက်တည်းသာလိုက်ပို့မည်သူ ရှိပါ၏။ ဇနီးနှင့် သမီးဖြစ်သူအစာ အသေးစိတ် ဂရုတစိုက် မှာကြား နေရှာသည်။

နောက်ဆုံး ရထားထွက်ခွာခါနီးတွင်မူ ခိုင်နွေဦး၏ ပခုံးကို မိမိရရ ဆုပ်ကိုင်လျက် ဦးတင်အောင်နိုင်က...

"ဘာအဓိပ္ပာယ်... ဘယ်လိုရည်ရွယ်ချက်နဲ့မျှား ခတ္တာမြို့ကို ရောက်လာရတာလဲ ငါ့တူမရယ်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

မောမြေ...

နိုင်းတို့ရဲ့ မောရွှမ်းမြေ...

မြင့်မားမတ်စောက်သော တောင်စောင်းကြီးများ၊ စိမ်းစိုညိုမောင်းသော တောင်တန်းကြီးများ။ မည်းမောင်နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ စသည်တို့ကို အတန်တန် ဖြတ်ကျော်ခဲ့ပြီး ခါမှ တစ်နေ့တစ်ညခရီး ပြီးဆုံးသည်။

ရွှေညောင်ဘူတာသို့ ဆိုက်ရောက်ခဲ့ပါပြီ...

ဤဘူတာမှ ကားစီးလျှက် ခရီးဆက်ပါမှ တောင်ကြီးမြို့သို့ ဆိုက်ရောက်နိုင်ပါမည်။

ဩော်... ဒီရထားလမ်းကိုများ ရှေ့ဆက် ဖောက်လုပ်ပြီး တောင်ကြီး အရောက် ခိုင်နွေဦးအပါအဝင် ခရီးသည်များ အားလုံးကို သယ်ဆောင်သွား၊ နိုင်ခွင့် ဘယ်သောအခွိန်မျိုးကမှ ရရှိနိုင်မည်ကို မမျှော်မှန်းတတ်၊ မောရွှမ်း ပြည်နယ်သွား ခရီးသည်များအားလုံးပင် ခိုင်နွေဦးနှင့် ဆန္ဒတူရှိနေကြပါလိမ့်မည်။

ဒေါ်စောနန္ဒာက အကြိုကားကို ရှာသည်။ ခိုင်နွေဦးမှာ မရောက်ဖူးသော ခရီး၊ မသိဖူးသော သူများကိုတွေ့ရမည်မို့ စိတ်မှာ မတက်ကြွမိ၊ ကလေးကို ပွေ့ပိုက်လျက် ရထားတွဲခန်းထဲမှာပင်ရှိနေဆဲ...

"မမဦး... မမဦးရယ်... တကယ်ပါလာတယ်နော်၊ နိုင်းမျော်လိုက် ရတာမျာ... ဆုတောင်းလိုက်ရတာ"

"နိုင်း... မောင်လေး... ဝိန်သွားလိုက်တာကွယ်"

"မမဦးကို အောက်မေ့လို့"

"ဒါဖြင့် ပြန်လာပါလား။ အလကားး"

"ဟဲ...ဟဲ"

"နိုင်း ဒီမှာညီမလေးလေ"

"နှင်းဆီနေကောင်းလား ညီမလေး"

နွမ်းလျနေသော နှင်းဆီက အစ်ကိုကို မြင်၍ ဝမ်းသာဝမ်းနည်းသော အားမှုလေး ရောထွေးသော မျက်နှာထားနှင့် ပြုံးပြရှာသည်။

ဒေါ်စောနန္ဒာက ရထား၏ အပြင်တွင် လာကြိုသော ရှမ်းအမျိုးသားများနှင့် အစီအစဉ်များ ပြောဆိုနေကြဟန် ရှိပါ၏။

"ကျွန်တော် အတွေ့ချင်ဆုံးလူဟာ မမဦးပဲ၊ နှင်းဆီကို ခေါ်လာရင် မမဦးပါ လာမယ်ဆိုပြီး ကျွန်တော်တွေးလိုက်တာ သိပ်မှန်နေပြီဗျ"

"နှင်းဆီကို လိုက်ခဲ့ဖို့ခေါ်တာ သူ့အဘိုး မဟုတ်ဘူးလား"

"ဒီက ဘိုးဘိုးကြီး"

နိုင်းက ရင်ကော့၍ သူ့ရင်ဘတ်ကို လက်မနှင့် ညွှန်ပြရင်း ပြောသည်။

နိုင်း၏ အဖြေကြောင့် ခိုင်နွေဦး စိတ်ညစ်ညူး သွားလိုက်ရသည့် ပြစ်ခြင်း။

"ဒုက္ခပါပဲ နိုင်းရယ်၊ မင်းဟာ ထင်တာတွေကို တကယ်လုပ်တဲ့ကလေးပဲ"

"ကျွန်တော် မမဦးကို သိပ်တွေ့ချင်တော့ ဉာဏ်ဆင်ရတာပေါ့"

"အင်း... ကလေးလည်းပင်ပန်း ... မမဦးမှာလည်း မျက်နှာစိမ်းတွေကြားမှာ. ကလေးထိန်း မိန်းမအဖြစ်နဲ့ ဘယ်လောက်အနေကျဉ်းရမလဲနိုင်း၊ ပြစ်နိုင်ရင် ဒီကတောင်လှည့်ပြန်ချင်ပါပြီ"

"မမဦးရယ်၊ နိုင်းရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ မမဦးသိရင်ဒီလိုပြောရက်မှာမဟုတ်ဘူး"

"တော်ပြီ နိုင်း ... မင်း ကို မမဦးပြောစရာ ရှိတယ်။ အားလုံးအတွက် သိသိပ်ထားရမှာဖြစ်ပေမယ့် မင်းအတွက်တော့ ဖွင့်ပြောမှကို ဖြစ်တော့မယ် မမဦးနဲ့ နိုင်းနဲ့ ဘယ်လိုပတ်သက်တယ် ဆိုတာ အမြန်ဆုံး ဖွင့်ပြောမှကို ဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ မမဦး ဟင် ...ဘာကိုလဲဗျာ"

"အကြာကြီး ရှင်းပြရမယ့် ကိစ္စပဲ နိုင်း... ကဲလာ ဟိုမှာ မမဇော နန္ဒာ ခေါ်နေပြီ၊ တောင်ကြီးရောက်ရင် အေးဆေးလွတ်လပ်မယ့် နေရာကို ခေါ်သွားပေး၊ ဟုတ်လား မမဦး မင်းကို ပြောပြမှကို ဖြစ်တော့မယ် နိုင်၊"

× × × ×

"မမဦးက အေးဆေးလွတ်လပ်မယ့် နေရာ ဆိုလို့ ကျွန်တော်ဒီ 'ရပ်တော်မူဘုရားကြီးတောင်ပေါ်' ကို ခေါ်လာခဲ့တာပဲ၊ ဘာများ ပြောစရာ ရှိလို့လဲဟင် မမဦး"

တောင်ကြီးမြို့၏ အံသာယာဆုံး တောင်ကုန်းတစ်ခုဖြစ်သော 'ရပ်တော်မူ ဘုရားကြီး' နှင့် 'ဆုတောင်းပြည့်စေတီ' တို့ တည်ရှိရာ တောင်ထွဋ်တစ်ခုပေါ်သို့ နိုင်းက ဦးနွေဦးကို ခေါ်လာခဲ့သည်။

သဘာဝ၏ လှပသော အရာအားလုံး ဤတောင်ကုန်း၏ ဝန်းကျင်တွင် စုစည်းတည်ရှိနေကြပေသည်၊ ဆည်းဆာ၏ နေခြည်နု ရွှေဝါရောင်က စိမ်းစိုနေသော ထင်းရှူးရွက် မွန်မွန်လေးကြားမှာ ဖြာကျနေသည်၊ အောက်ခြေဆီမှ ကသစ်ပင်ကြီးများနှင့် သစ်တော်ပင်တန်းဆီ၌ နေရောင်ခြည် ရှပ်သိမ်းလေပြိုမှို့ ညိုမှိုင်း စိမ်းမြနေပေသည်။

တောင်ကြီးမြို့၏ အပေါ်စီး ရွှေခင်းနှင့် 'ဝါးပြားရွာလေး'ကို ဝဲကြည့် နိုင်ပြီး ကောင်းကင်ပြာနှင့် ထိစပ်မတတ် မြင့်မားသော 'မြစိမ်းတောင်ရိုး' နှင့် 'ဆင်တဲ' နေရာများကို ဆွတ်ပျံ့ဖွယ် မြင်နေရသည်။ လတ်ဆတ် သန့်ရှင်းလွန်းသော လေက ဦးနွေဦး၏ ရင်တွင်းသို့တိုင် စိမ့်မြချမ်းအေး စေသည်။

"မမဦးပြောမယ်ဆို.. ပြောစရာရှိတယ်ဆို ဘာတွေ ငေးနေတာလဲ မမဦးရယ်... တောင်ပေါ်ကိုရောက်နေတဲ့ ဆည်းဆာရဲ့ အောက်က မမဦး ရဲ့ အလှကို ကျွန်တော်နဲ့အတူ ဘယ်အနုပညာရှင်ကမှ ဖော်ကြွေးနိုင်မှာ မဟုတ်ပါဘူး။ မမဦးရယ်... ဘာကြောင့် ဒီလောက်လှရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"နိုင်း"

"မမဉီးခေါ်ပုံကြီးကလည်း ဒေါ်သသင့်လိုက်တာ"

"အေး... ပြောစရာရှိတာ ပြောရတော့မယ်။ နိုင်း ရှမ်းပြည်နယ် ရောက်လာပြီး နောက်မှာ မမဉီးဆီစာတွေဆက်တိုက်ရောက်လာခဲ့တယ်။ ဒီထဲမှာလည်း ခုလိုပဲ နိုင်းပြောချင်တာတွေ တွေ့ကရာတွေ လျှောက်ရေးထားတာပဲ"

"တကယ့်ခံစားချက် အစစ်တွေပါပဲ မမဉီး"

"ဆက်မပြောနဲ့တော့ နိုင်း၊ မမဉီး မကြားရဲဘူး၊ နိုင်းရှိနေတဲ့ မောင်မြို့ကို စွန့်စားပြီး လိုက်လာခဲ့ရတဲ့အထဲမှာ နိုင်းကို ဖွင့်ပြောမှ. ရှင်းပြမှ ပြီးစီတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်က အဓိကပါပဲ"

"ဒါနဲ့ ငါ့မောင်လေးကို အောက်မေ့လိုက်ရတာဆို ... မနေ့ကပြောတော့"

"ဟုတ်တယ်၊ သိပ်အောက်မေ့တယ်။ နိုင်းကို မမဉီး သိပ်ချစ်တယ်... နိုင်းမရှိတော့ ရင်ထဲမှာကို ဟာပြီးကျန်နေရစ်တယ်။ မင်းထွက်သွားတဲ့နေ့က မမဉီး မျက်ရည်ကျမိတယ်သိရဲ့လား။ အဲဒါတွေ ဘာလို့ ဖြစ်နေရသလဲ သိလားဟင် ...နိုင်း"

"ချစ်လို့နေမှာပေါ့"

"ဟုတ်တယ် ... ချစ်ပါတယ်ဆို၊ ဘာကြောင့် ချစ်ရသလဲဆိုတာရော သိရဲ့လား"

"မမဉီးပြောမှ သိမှာပေါ့"

"အေး... ပြောမယ်...၊ မောင်နှမဆို... မောင်နှမ အရင်းခေါက်ခေါက်ဆို သိရဲ့လား"

"ဟင်...ဗျာ...ဘာ... ဘာပြောတယ် မမဉီး"

"နိုင်းနဲ့ မမဉီးနဲ့ဟာ မောင်နှမအရင်းပဲ မောင်လေး...။ ဒါကြောင့် မောင်လေးနဲ့ ညီမလေးတွေကို မမဉီး ဒီလောက်သံယောဇဉ်တွယ်နေမိရတာပေါ့။ ပြီးတော့ မမဉီး ခတ္တာမြို့ကို လိမ်ညာပြီး ရောက်လာခဲ့ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဖေဖေ့ကို တွေ့ချင်လို့"

"ဖေဖေ... ဖေဖေဆိုတာ ဘယ်သူလဲ၊ ပြီးတော့ မမဉီးက လိမ်ညာ

ပြီး ရောက်လာတယ်...အို... ဘာတွေလဲ မမဉီးရယ်၊ ကျွန်တော် နားရှင်းအောင် ပြောပြစမ်းပါတော့"

နိုင်းက အရင်လို တပ်မက်သောအကြည့်မျှား၊ သာယာသောထိတွေ့မှုများဖြင့် မဟုတ်တော့ဘဲ ခိုင်နွေဦး၏ လက်ခုံလေးကို လေးစားရိုကျိုးစွာ ကိုင်တွယ်ရင်း မျက်နှာငယ်လေးနှင့် မေးရှာသည်။

"လိမ်ညာတယ်ဆိုတာကတော့ မမဉီးကို ကလေးထိန်းအဖြစ်နဲ့ ခန့်အပ်ခဲ့နိုင်းစေရအောင် ခနစ်တန်းသာ အောင်တယ်။ သိပ်ဆင်းရဲတယ်လို့ ပြောခဲ့ရတယ်။ တကယ်တော့ မချမ်းသာပေမယ့် သူများရဲ့ အခိုင်းစေဖြစ်လောက်အောင်တော့ မနိမ့်ကျသေးပါဘူး...။ ပြီးတော့ မမဉီး မန္တလေးကတ္တသိုလ်က ဘွဲ့ရပြီးပြီ"

"ဟာ... မမဉီးရာ"

"အေး ဒါတွေကို ကွယ်ဝှက်ပြီး ကိုယ့်ဘဝကို ဖျောက်ပြီး အခိုင်းစေအဖြစ်နဲ့ ရောက်လာခဲ့ရတဲ့ မမဉီးရဲ့ သံယောဇဉ်နဲ့ မေတ္တာတရားတွေ တယ်လောက်မြင့်မားတယ်ဆိုတာ ငါ့မောင်လေး ချင့်တွက်ကြည့်ပါ"

"နေပါဦး... မေဖေဆိုတာက ဦးတင်အောင်ခိုင်လား... မမဉီးအဖေလား ဟုတ်လားဟင်"

"ဘယ်သူကိုမှ နိုင်းကတစ်ဆင့် မပြောပါဘူးလို့ ကတိပေးပါနော် နိုင်းရယ်၊ မမဉီးမေမေကို ပေးပြီးသားကတိကို ဖျက်ပြီး နိုင်းကိုပြောပြရမှာပါ ဒီလိုမှ နိုင်းကိုမပြောရင် မဖြစ်တော့တဲ့ အခြေအနေပါဆိုတာ နိုင်းရောမမဉီးရော နားလည်သင့်ကြပါပြီ"

"ဟုတ်... ဟုတ်ကဲ့ပြောပါ မမဉီး"

"မမဉီးရဲ့ မေမေဟာ ဒေါ်နုမေပါ။ နိုင်း ဒီဇာတ်လမ်းကို ကြားသိပြီးဖြစ်မှာပါ"

"နိုင်းဘာမှ မသိပါဘူး မမဉီး"

"ဒီလိုပါ မမဉီးရဲ့ မေမေလက်ထပ်ရသူဟာ ဦးတင်အောင်နိုင်၊ ဒါပေမဲ့ တကယ့်ချစ်သူက မောင်လေးဖေဖေဦးတင်အောင်နိုင်ပါ"

"ဟာ...မမဉီး"

"နေအုံးနိုင်း... ဇာတ်ရည်လည်အောင် မမဉီး ပြောပြဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

မေမေရဲ့အဖြစ်ဟာ အများအမြင်မှာတော့ အင်မတန်မှ ဖောက်ပြန်ယုတ်မာတဲ့ ပြဿနာကြီးပဲပေါ့နိုင်း။ ဒါပေမဲ့ မမဦးရဲ့မေမေဟာ အင်မတန်မှ ရိုးသားတဲ့၊ အရှက်အကြောက်ကြီးတဲ့၊ မပြတ်သားတဲ့ မိန်းမတစ်ယောက်ပါ။ ဦးတော့... မေတ္တာတရားကိုလည်း သိပ်ပြီးတန်ဖိုးထားလိုက်မိလို့ ဒီလိုဖြစ်ခဲ့ သွားရတဲ့အဖြစ်ပါ။ ကိုယ့်မောင်ရှေ့မှာ မရှက်စတမ်းပြောရမယ် ဆိုရင်တော့ မေမေဟာ ဦးတင်အောင်နိုင်နဲ့ တရားဝင်လက်ထပ်ထားပေမယ့် တကယ်တော့ မမဦးဟာ ဦးတင်အောင်နိုင်ရဲ့ သမီးမဟုတ်ဘူး။ နွေဦးတစ်ညမှာ မထင်မှတ် မမျှော်လင့်ဘဲ ချစ်သူနှစ်ဦး ဆုံတွေ့ရာက ရလာတဲ့ သမီးပါ။ မမဦးဟာ ဦးတင်အောင်ခိုင်ရဲ့သမီးရင်းပါ စိုင်း"

"အို... မမဦး သိပ်အံ့သြစရာကောင်းပါလားဗျာ"

"ဟုတ်ပါတယ်နိုင်း။ ဒီအဖြစ်အပျက်ကို မမဦးနဲ့ မေမေက လွဲပြီး တတိယမြောက် သိသူဟာ အခုမောင်လေးစိုင်းပါပဲ"

"မမဦးရဲ့ဖေဖေ ဦးတင်အောင်နိုင်လည်း မသိဘူးလား"

"ဟုတ်တယ်၊ ဖေဖေကိုယ်တိုင်လည်း မသိသေးပါဘူးနိုင်း"

"သိပ်အံ့သြဖို့ကောင်းတာပဲ၊ ပြီးတော့ သိပ်ပြီး ဝမ်းသာစရာ ကောင်းတဲ့အဖြစ်ပါပဲလား မမဦးရေ"

"ဟုတ်တာပေါ့ မောင်လေးရယ်။ တို့မောင်နှမချင်း ခုလိုအရွယ်မှတွေ့ရပေမယ့် သွေးဆိုတဲ့စိတ်နဲ့ မမဦးကတော့ ချစ်လိုက်ရတာ။ နိုင်းကရောဟင်... နိုင်းကရော"

စိုင်းကပြုံးနေသည်။

နွေဦး လက်များကို ကြေမွမတတ် သူ့လက်များနှင့် ဖျစ်ညှစ်ရင်း နိုင်းက နွေဦး၏ မျက်နှာကို တည်တည့်ကြည့်သည်။ နိုင်း၏ အပြုံးက တောက်ပနေဆဲ... ဆန်းသစ်နေမြဲပို့...

"ဘာပြုံးနေတာလဲ မောင်လေးရဲ့"

"မမဦး"

"ဟင်"

"မမဦး အံ့သြစရာပြောသလို နိုင်းကလည်း အံ့သြစရာ ပြောရဦးမယ်"

"ပြော... ပြော"

"မမဦးထင်နေသလို နိုင်းနဲ့ မမဦးဟာ မောင်နှမ မဟုတ်ဘူး၊ ဘာမှ တော်ဘူး မမဦး"

"အို..."

နိုင်းစကားကြောင့် အလန့်တကြားပင် လက်များကို နုတ်ယူလိုက်မိသည်။

"ဟုတ်တယ်၊ နိုင်းဟာ မေမေဒေါစောနန္ဒာရဲ့ သားသာဖြစ်ပါတယ် မမဦး နိုင်းရဲ့ဖေဖေဟာ ရှမ်းအမျိုးသားစစ်စစ်ပါ။ နိုင်းဆယ့်နှစ်နှစ်သားကျမှ မေမေက ဦးတင်အောင်ခိုင်နဲ့ သက်ထပ်တာ"

"ဟာ..."

"ဒီအကြောင်းတွေ ခတ္တာမြို့ငှာမှာ မမဦး မသိခဲ့ဘူးလား၊ ဘယ်သူကမှ ပြောမပြခဲ့ဘူးလားဟင်မမဦး"

နွေဦး ခေါင်းရမ်းပြမိသည်။

"ဟုတ်ပါရဲ့ နိုင်းကိုယ်တိုင်လည်း မမဦးကို ပြောမပြမိခဲ့ပဲကို၊ နိုင်းဆိုတဲ့ကောင်ရဲ့ပြဿနာကို ခတ္တာမြို့မှာ ဘယ်သူတစ်ယောက်ကမှ စိတ်မဝင်စားခဲ့ကြဘူးလေ။ ဒီမှာ မမဦး..."

မဋ္ဌသကလို ရှာပါးလွန်းသောနတ်ပန်းမျိုး၊ အနောရဇလို စိမ်းမြအေးကြည်လွန်းသော ရေအိုင်မျိုး ရှိနေပေသည်ဟူသော အသိများဖြင့်...

မြင့်မားသီခေါင်သော တောင်ထွဋ်တောင်ပေါ်သို့ ခက်ခဲပင်ပန်းစွာ လှမ်းတက်လာခဲ့ရာမှ ရေကြည်နေရာက်၍ ပန်းပွေက်ရသည့် အဖြစ်မျိုးနှင့် ကြုံကြိုက်ရသည်သို့ပင်။

နွေဦး၏ရင်ဘို ခံစားရပါပြီ။

"မမဦး..."

နွေဦးမထူးနိုင်တော့၊ မြစိမ်းတောင်ကြီးလောက် မြင့်မားသော မျှော်လင့်ချက်ကြီးတစ်ခုလုံးဆုံးရှုံးရပါပေါ့လား ဟူသောအသိမျိုးဖြင့် ရင်ဘို ရှုက်ရှုံသည်လည်းရှိသည်။ ဝမ်းနည်းသည်လည်းရှိသည်။ အဖိုးတန် ရတနာတစ်ပါး ဆုံးရှုံးရသည်သို့လည်းခံစားရပါသည်။

"မမဦး"

"မမဦးတို့ ပြန်ကြပါစို့ နိုင်းလွမ်းဝေ"

www.burmeseclassic.com

www.burmeseclassic.com

"မမဦးရယ်... ကျွန်တော့် ပေါ်မှာ ထားဖိတဲ့ မေတ္တာတရား သံယော ဇဉ်တွေ၊ စေတနာတွေ အားလုံးကို ခဏအတွင်းမှာပဲပြန်ရပ်သိမ်းတော့မှာ လားဗျာ"

မသိပါ... နိုင်နွေဦးကိုယ်တိုင်လည်း နိုင်း၏အမေးကို ဖြေနိုင်စွမ်း မရှိပါ။

"နေပါဦး မမဦး... နေပါဦးဗျာ။ မမဦးမှာ ပြောစရာတွေ ပြီးဆုံးသွား ပေမယ့် နိုင်းမှာ ပြောစရာတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ မမဦးရယ်"

စိမ်းသွားသော ခိုင်နွေဦး၏ အမူရာကြောင့် နိုင်းက ယခင်လို ထိတွေ့ ကိုင်တွယ်ခြင်း မပြုရဲတော့။ ခွဲခွာလွမ်းထွက်ရန် ခြေလှမ်းပြင်နေသော ခိုင်နွေဦး၏ မျက်နှာစာဘက်မှ ရပ်လျက် ဆီးကာထားသည်။

"ဒီမှာ မမဦး"

တင်းကျပ်နေသော ရင်မှ အနိုင်အခဲများကို သက်ပြင်းအဖြစ်နှုတ် လွှင့်ထုတ်သော်လည်း မပြေသော ခိုင်နွေဦး...

"နိုင်းဘက်က ဖြစ်ချင်တာလေးတွေကို ပြောပါရစေ၊ ပြီးတော့မှ မမဦးရဲ့ ကိုယ်ဝိုင်ဆန္ဒနဲ့ ဆုံးဖြတ်ပါလေနော်မမဦး"

ခိုင်နွေဦးခေါင်းညိတ်ပြမိသည်။

"နိုင်းငယ်ငယ်ကတည်းက နိုင်းရဲ့ဖေဖေဆုံးတော့ မေမေဟာ နိုင်းရဲ့တစ်ဦးတည်းသော အချစ်ဆုံးဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ မေမေက လက်ထပ်လိုက်တော့ နိုင်းလေ သတ်သေ ပစ်လိုက်ချင်တယ်။ သိပ်ဝမ်းနည်းခဲ့ရပါတယ်။ မေမေ့ပေါ်မှာလည်း အချစ်လျော့ခဲ့တယ်။ မေမေကလည်း နိုင်းကို မချစ်လို့သာ လက်ထပ်လိုက်တာပေါ့"

"ဒီလို တစ်ယူသန်မခွဲပါနဲ့လား၊ သူမှာလည်း သူ့အကြောင်းနဲ့သူ ရှိပါ လိမ့်မယ်လေ"

"ဒါပေါ့ သူ့အကြောင်းကိုသာ သူငဲ့တဲ့အတွက် ကျွန်တော်တစ်သက်လုံး မျက်နှာငယ်ငယ်နဲ့ သူများအိမ်မှာ နေခဲ့ရတယ်။ ဒါက အဓိက မဟုတ်ပါဘူး ပဏာမပျိုးရတဲ့ အကြောင်းလေးပါ မမဦး"

နိုင်းက သူ့ကို ကြည့်မနေသော ခိုင်နွေဦး၏မျက်နှာလေးကို ငေးကြည့်

နေရင်းက ဆက်လက်ပြောကြားသည်။

"ဆိုလိုချင်တာ နိုင်းမှာ မေတ္တာငတ်မွတ်နေရတဲ့ ဘဝပါ။ သူစိမ်း တစ်ရဲဆဲတွေရဲ့ အလယ်မှာ မျက်နှာငယ်နေရတဲ့အဖြစ်ပါ၊ မမဦးလည်း မြင် ပါတယ်လေ၊ တစ်ခါက ထမင်းမစားရလို့ မမဦးနဲ့ ကျွေးခဲ့တာလေးကို ဧဏာဧဏာသတိရကြည်နူးနေမိဆဲပါ။ အဲဒီလို ကျွန်တော့်ပေါ်မှာ ကျရောက် လာမယ့် မေတ္တာတရား ရှားပါးသွေ့ခြောက်နေတဲ့အချိန်မှာ မမဦး ရောက် လာခဲ့တယ်။

"မမဦးက နိုင်းကို စေတနာတွေ၊ မေတ္တာ၊ ယုယမှုလေးတွေ ပေးတယ်၊ အဲဒီအချိန်ကစပြီး နိုင်းရဲ့ဘဝ စ, လာသလိုပဲ၊ အဓိပ္ပာယ်ရှိလာသလိုပဲ၊ ကိုယ့်ဘဝ ဘိုပြည်လာတော့ သာယာမိတယ်၊ ကြည်နူးမိပါတယ် မမဦး။ အဲဒီလိုပဲ ထာဝရ ကြည်နူးမှုရအောင် ဆိုတဲ့စိတ်နဲ့ နိုင်းရဲ့ဘဝကို လှုပ်ရှား ဖို့ ဒီမောမြေကိုရောက်လာခဲ့ရတာပါ။ ဒီမှာ နိုင်းအဖေဘက်က နိုင်းအတွက် အမွေရတဲ့ ခြံမြေတွေကို နိုင်းဦးစီးလုပ်မယ်။ စီးပွားရှာမယ်။ ပြီးရင် မမဦးကို ချစ်ခွင့်ပန်ပြီး လက်ထပ်ယူမယ်ဆိုတဲ့ သံမဏိရည်ရွယ်ချက်နဲ့၊ နိုင်း ပြန်လာ ခဲ့တာပါ မမဦး"

ခိုင်နွေဦး စကားတစ်လုံးမှ ဝင်မပြောဖြစ်၊ ပြောစရာလည်း မရှိပါ။ နိုင်းကသာ...

"မမဦးသာ မေတ္တာတွေ၊ ကြင်နာမှုတွေ အများကြီး ပေးနိုင်စွမ်းတဲ့၊ သာမန်ကလေးထိန်း မိန်းမတစ်ယောက်လို့ နိုင်းမှတ်ယူခဲ့မိပါတယ်။ ခု တော့ မမဦးဟာ ဘွဲ့ရပြီးသား ပညာရှင်တစ်ယောက်ဖြစ်နေတယ်ဆိုတော့ နိုင်းနဲ့များ သိပ်ဝေးသွားရပြီလားဗျာ"

နိုင်း၏အသံက ရင်မှလာကြောင်း သိသာသည်။ လှိုက်လှဲနေသည်။

"မှောင်လွန်းတဲ့ နိုင်းရဲ့ဘဝအတွက် မမဦးဟာ နေမင်းပါ လမင်းပါ။ မျှော်လင့်ချက်ဆိုတဲ့ ဘဝအဓိပ္ပာယ်တွေ ပြည့်နှဲလာအောင် ထွန်းလင်း ပေးတဲ့ ကျွန်တော့်ကိုးကွယ်ရာပါ မမဦးရယ်။ နိုင်းဘဝပြန်ပြီး မှောင်မကျ ပါရစေနဲ့၊ နိုင်းဆီမှာ ပေးအပ်ပြီးတဲ့ မမဦးရဲ့ မေတ္တာတရားတွေကို ပြန်ပြီး မရုပ်သိမ်းသွားလိုက်ပါနဲ့တော့ မမရယ်နော်"

ခိုင်နွေဦး ဘေးတိုက် အနေအထား ဖြစ်အောင် လှည့်လိုက်ရသည်

www.burmeseclassic.com

လေနှင့်အတူ နှလုံးသားက ဖျတ်ဖျတ်ခါ လှုပ်ရှားလာရပါ၏။

"မမဦးကိုလေ... နိုင်း၊ သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်၊ နိုင်းရင်ထဲက ဝေဒနာလေးတွေကို မမဦး စာနာပါဗျာ။ မပြန်ပါနဲ့တော့နော်...မမဦး"

ကွယ်ပုက်ရန် ကြိုးစားနေသော နိုင်နွေဦး၏မျက်နှာလေးကို နိုင်းက စောင်းငဲ့လိုက်ကြည့်ရင်း ပြောနေသည်။

"ပြန်ကြစို့ တော်ပြီကွယ်"

"နိုင်းအတွက် အဖြေတစ်ခုခုတော့ ပေးခဲ့ပါဦး မမဦးရယ်။ နိုင်းရင်ထဲမှာ နိုးရိမ်စိတ်တွေနဲ့ ဆူဝေနေလိုပါ"

"နိုင်းဟာ မမဦးရဲ့ မောင်လေး မဟုတ်တော့ဘူးဆိုတဲ့ အတွက် မမဦးရဲ့ လည်ဆွဲရတနာလေး ဆုံးရှုံးသွားရသလို မမဦး နှမြောတသနေမိတယ် နိုင်းလွမ်းဝေ၊ မင်းတောင်းတဲ့ အဖြေမျိုးဆိုတာက အချိန်ယူ စဉ်းစားတွက်ချက်ဖြီးမှ အဖြေထွက်နိုင်တဲ့ ပုစ္ဆာမျိုးပါ။ မမဦးကို အချိန်ပေးပါ နိုင်းလွမ်းပေ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောပါရစေ"

မမဦး... ဘာပြောမှာလဲဟင် ... ပြောပါ။ ပြောပါဗျာ"

နိုင်းက အားတက်သရောနှင့် လောလောဆောဆော ပြောလိုက်သည်။

"မမဦးအတွက် အများကြီး မျှော်လင့်မထားနဲ့၊ စိတ်ကိုလျှော့ထားပါ နိုင်းလွမ်းဝေ"

"မမဦး..."

"ဟင်..."

"မမဦးရဲ့ ပဏာမစကားက နိုင်းရင်ကွဲရစေမယ့်ဇာတ်လမ်းရဲ့ နိဒါန်းများလား မမဦးရယ်။ ရင်ထဲက ခံစားမှုတွေကို စကားလုံးနဲ့ ပုံဖော်လို့ မရနိုင်လို့ပါ။ မမဦးရယ်၊ မမဦးသာ နိုင်းကို ဥပက္ခာပြုသွားမယ်ဆိုရင် နိုင်းသေမှာဗျ"

နိုင်း... အသံက တုန်နေသော်လည်း မာကျောလာသည်။ မျက်ရည်များ သီဝေလာသည်။ နိုင်နွေဦးက နိုင်း၏အဖြစ်ကို တည်ငြိမ်စွာ ကြည့်ရင်း...

"မသေပါဘူးနိုင်းရယ်၊ ဓိန်းမတစ်ယောက်ကို ချစ်လွန်းလို့ သေသွားတယ်ဆိုတာ မင်းတို့ယောကျ်ားလောကမှာ မရှိသေးပါဘူး နိုင်း၊ အဆိပ်သင့်ချိန်မို့ ဒီလိုထင်နေတာပါ။ နောင်တော့လည်း တဖြည်းဖြည်း သွေးအေးသွားပါလိမ့်မယ် ကဲ... ပြန်ကြစို့"

"မပြန်ရဘူး မမဦး၊ ကျွန်တော် မမဦးကို မခွဲနိုင်ဘူး၊ ဘယ်နည်းနဲ့ ဖြစ်ဖြစ် မမဦးကို ပိုင်ဆိုင်ချင်တယ်"

"ခက်ပါလား နိုင်း။ မတ္တာ တရားဆိုတာ သူ့အလိုအလျောက် ရောက်လာပါစေ။ ဒီလိုမျိုး မမဦးကို ရယူနိုင်ဖို့ မကြိုးစားနဲ့နိုင်း၊ မမဦး နိုင်းကို မုန်းသွားမှာပေါ့။ ဒီမှာ..."

နိုင်းက မြင်နေကျ ပေကပ်ကပ် ပုံစံမျိုးဖြင့် ခေါင်းငုံ့ထားသည်။ နိုင်နွေဦးကပင်...

"တကယ်လို့ မမဦးအနေနဲ့ နိုင်းပေါ်မှာ မေတ္တာတွေ ဖျဝေနိုင်တယ်ထားဦး၊ ဒီမောမြေမှာ မမဦး မနေနိုင်ပါဘူး နိုင်း၊ မမဦးရဲ့ မေမေရိုရာအညာမြေကို မမဦး မလွမ်းသွေးပြန်ရမှာပါ။ အကောင်းဆုံးကတော့ မမဦးနဲ့ နိုင်းနဲ့ စောစောကပဲ လမ်းခွဲကြ..."

"တော်...တော်... မမဦး၊ ဘာလဲ မမဦးက နိုင်းကိုချစ်ရင်မောမြေမှာ နေရမယ် ထင်နေသလား၊ ဟုတ်လား၊ ဟင်... မမဦးက ပြန်မချစ်တောင် နိုင်းရဲ့အချစ်ကို မမဦး လက်ခံစမ်းပါဗျာ၊ မောမြေမှာနေဖို့ မလိုပါဘူး မမဦးရဲ့၊ အညာမြေမကလို့ ငရဲပြည်မှာနေရင်လည်း နိုင်းလိုက်ခဲ့မှာပဲ"

နိုင်း၏ ဆန္ဒစောသော အပြောလေးကြောင့် မပြုံးလိုက်မိအောင် မနည်းသတိထားရင်း နိုင်နွေဦးက...

"ကဲ... နိုင်း၊ မမဦးဘယ်မှ ထွက်ပြေးလို့မရဘူး၊ နိုင်းတို့အိမ်ကိုပဲ ပြန်လိုက်ရမှာ၊ မမဦးဟာ ကလေးထိန်းမိန်းမတစ်ယောက်ဆိုတာ နိုင်းမေ့သွားပြီလား။ နောက်ကျလို့ မကောင်းဘူးလေ၊ ပြန်ကြပါစို့နော်"

နိုင်နွေဦး၏ ပျော့ပျောင်းပြေပြစ်သော အပြောများကြောင့် နိုင်းလွမ်းဝေက နာခံစွာပင် ပြန်လှည့်ရှာပါသည်။

ဆုတောင်းပြည့်စေတီဘက်သို့ မသွားဖြစ်တော့။ ဆုတောင်းစရာ

www.burmeseclassic.com

www.burmeseclassic.com

လည်း မရှိပါသေး၊ ရပ်တော်မူဘုရား၏ ကျောက်စရစ်လမ်း ကြမ်းကြမ်း၊ လေးပေါ်မှ ယိုင်နဲ့ရွာ နင်းလျှောက်လာသော ခိုင်နွေဦးကို ဖေးမလျက်။

ချစ်မြတ်နိုးသော အကြည့်လေးများ မျှော်လင့်တောင်းပန်သော မျက်နှာထားလေးများနှင့် ခိုင်နွေဦး၏ဘေးမှ စိုင်း။

× × × ×

အခန်း (၃)

ရောက်စက ခရီးပန်း၍ နွမ်းပြီး ကိုယ်တစ်ရက်ပူသည်မှလွဲ၍ နင်းဆီလေး ရွှင်ရွင်လန်းလန်း ရှိသည်။ တောင်ကြီးမြို့ ရောက်မှ ဝိုမို၍ ကျန်းမာသာသည်။

ခတ္တာမြို့ငှာတွင် လှေကားပေါ်မှ လိမ့်ကျပြီး တစ်လမျှလောက် အပြင်းထန် ကုသရပြီး နောက်ပိုင်းတွင် နှင်းဆီလေး၏ ကျန်းမာရေး အခြေအနေမှာ အားရဖွယ်ကောင်းလောက်အောင် တိုးတက်လာပါ၏။

ဦးနောက်နှင့် အာရုံကြော ရောဂါဆိုသည်မှာလည်း ဆန်းသားပါလား ဟု ခိုင်နွေဦး တွေးမိလာသည်။ ညီမလေး နှင်းဆီသည် ခိုင်နွေဦးကိုယ်တိုင် ဒိုက်ပျိုးယူယထားသော တကယ့် ပန်းနှင်းဆီလေး တစ်ပွင့်ပါ။

"မမဦး၊ နှင်းဆီ စာတွေ့ရပြီ"

"အေး ...သိပ်ဟုတ်တာပဲ၊ ကဲ ... ဆိုပြစမ်းပါဦး"

"ကျွေးမွေးသုတ်သင် သက်ဆုံးပင်။ ချစ်ခင်ရာပေ တို့မေမေ၊ ငယ်စဉ်ကလေ စည်းကမ်းပြ ဆုံးမခဲ့ပေ တို့မေမေ၊

"ကိစ္စများဖျင် ပေါ်ပေါက်လျှင် စီရင်တတ်ပေ တို့ဖေဖေ"

"တော်....တော်...တော်တော့ညီမလေး၊ ဒီပြင်ကဗျာဆိုပါ"

"ဘာဖြစ်လို့လဲ မမဦး"

"ဘာမှမဖြစ်ပါဘူး၊ ဟို ... ဘယ်သွားနေလဲ မရှေဖဆိုနော် ညီမလေး"

နှင်းဆီလေး ဆက်လက်ရွတ်ဆိုနေသည်ကို ခိုင်နွေဦးမကြားတော့သက်ထင်ရှား ရှိကြပါလျက် မိဘဆိုသည်နှင့် အလှမ်းကွာဝေး လွန်းနေရသော မိမိ၏အဖြစ်ကို တွေးမိလေ ရင်နှင့်ရလေပါ။

www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဖခင်ဆိုသူကို တွေ့ချင်ဇောကြီးလွန်းစွာဖြင့် မိခင်တာ မြစ်နေသည့်ကြား၊က ခတ္တာမြို့ငှာသို့ အရောက်လာခဲ့မိသည်။ ဖခင်ကိုပြ ရသည်။ သွေးသားများနှင့် နီးစပ်ခဲ့ရသည်။ သို့သော်လည်း မိမိ၏ဘဝကို တင်ပြရဲသည်မဟုတ်ပါ၍ သည်တိုင်းနေရာမှ ရုတ်ရှည်ကြာခဲ့ရလေပြီ။

မိမိ၏လုပ်ဆောင်ချက်သည် အဓိပ္ပာယ်မဲ့၍ နေပြီဖြစ်ကြောင်း ဦ နွေဦး သိနား၊လည်ပါသော်လည်း လက်ရှိအဖြစ်မှ ရုန်းထွက်၍မရအော တုပ်နှောင် ချုပ်ကိုင်ထား၊ကြသည်က သံယောဇဉ်ကြိုး၊များ။

နိုင်း မည်သော မောင်လေးကို ကိုယ့်မောင်အရင်းလေး ထင်မိရာမှ နှစ်နှစ်ကာကာ လိုက်လှုပ်လှဲလှဲ ချစ်ခဲ့မိသည်။ သို့ပါသော်လည်း...

နိုင်းလွမ်းဝေသည် သူ့စိမ်းပြင်ပြင်ဖြစ်နေခဲ့သည်။ မိမိအား ချစ်ပြီး သော မေတ္တာလေး၊များ ပြန်လည်ရုပ်သိမ်းသွား၍ တောင်းပန်ရင်း ချစ်ခွင့်ပန် စကား၊ကို နိုင်းဆိုထား မေးထား၊သည်။

"ညော်... နိုင်းရယ် မင်းလေးကို ချစ်တဲ့လှယ်သင့်သလား၊ဆိုတဲ့ အဖြေကို မစဉ်းစား၊နိုင်ခင်မှာ မမဉီးအနေနဲ့ နိုင်းပေါ်မှာ ထား၊ရှိပြီး သော မေတ္တာစေတနာတွေ သဒ္ဓါတရား၊တွေကို ပြန်ပြီး ရုပ်သိမ်းနိုင်မှာလား။ ပေ အပ်မြဲဖြစ်မှာလား၊ဆိုတာကို အရင်စဉ်းစား၊ရပါလိမ့်မယ်"

နိုင်နွေဦးမှာ မရေရာလွန်းသော မိမိ၏လက်ရှိအခြေအနေကို မျက်ရည် ဝန်း၊များ မျက်ရည်ကြည်လေး၊များ ရစ်ဆိုင်းရင်း တွေး၊နေမိ၏။

"အစ်မလေးရယ်၊ ထမင်းကျန် ဟင်းကျန်လေး နည်းနည်းလောက် စွန့်ကျဲပါခင်ဗျာ"

ခြံဝမှာ သူတောင်းစား၊တစ်ယောက်၊ ပိတ်ထား၊သော ခြံတံခါး၊ကြား၊မှ လက်လှမ်းလှုပ်လျက် သနား၊စဖွယ် တောင်း၊ခံလာသည်။ ညစ်ထေးထေး အင်္ကျီ နှင့် ပုဆိုး၊စုတ်တစ်ထည်ကို ခပ်အုပ်အုပ် ဇခါင်းပေါင်း၊ထား၏။

"ကျွန်မ ဧည့်သည်ရှိပါရှင်၊ သွား၊ပါဦးတော့"

"ဒါဖြင့်လည်း ရေလေး၊ တစ်ခွက်လောက် တိုက်ပါခင်ဗျာ၊ ဆာသွန်းလို့ ပါ"

နိုင်နွေဦး သနား၊သွား၊မိသည်။ နှင်းဆီကို မထား၊ခဲ့ရဲ၊ အိမ်ထဲကို ခေါ် လာပြီး၊မှ ရေတစ်ခွက် သွား၊ခပ်ယူလာသည်။ သော့ခတ် မထား၊သော

သစ်သား ခြံဝင်းတံခါး၏ ကွက်ကို ဖြုတ်လိုက်ပြီး...

"ဒီမှာ ရော့ ကျွန်မက ဧည့်သည်ဖို့ ထမင်းတော့ ယူပြီး မလူရဲလို့ပါရှင်၊ ဟင်း... ငွေတစ်ကျပ်။ တစ်ခုခုဝယ်စား၊ပါနော်"

သနား၊တတ်သော နိုင်နွေဦးက ရေနှင့် ငွေတစ်ကျပ်ကို တစ်ချိန်တည်း ပေး၊လိုက်သည်။ ကြိုလိုနေသော လက်ဖြင့်လှမ်းယူ၍ ရေသောက်သည်။

"လူငယ်လေးတစ်ယောက်ပဲ၊ ဝိန်ခြောက်လို့"

သူတောင်းစား ရေသောက်နေသည်ကို အကဲခတ် စောင့်ကြည့်၍ နိုင်နွေဦး တွေး၊နေမိသည်။

ရေသောက်ပြီး နိုင်နွေဦး၏ ငွေတစ်ကျပ်ကို ကိုင်၍ သူ တုန်တုန် ယင်ယင်နှင့် နိုင်နွေဦးကို ကြည့်နေသည်။

"ရေခွက်ပေးလေ...သွား၊တော့နော်"

"ခင်ဗျား... ခင်ဗျား၊မှာ ဘာအပြစ်ရှိလို့လဲ"

"ရှင်...ဘာ... ဘာပြောတယ်"

"အစ်မက သိပ်လှတယ်ဗျာ၊ ပြီး၊တော့ စေတနာလည်း ကောင်းတယ်။ ကျွန်တော် ငွေတစ်ထောင် မယူချင်တော့ဘူး၊ ဆေး၊မရလည်း နေပါစေ တော့"

"အို... ရှင် ဘာတွေ ပြော၊နေတာလဲ"

"ကျွန်တော် ဆေး၊သမား၊ပါ၊ ငွေပြတ်နေလို့ ဘာပဲလုပ်ရ လုပ်ရ ငွေရမယ်ဆိုရင် လုပ်ဖို့ပါပဲ၊ ဒါပေမဲ့ အစ်မကို ကျွန်တော် သနား၊သွား၊ပြီ ငွေတစ်ထောင်မရချင်လည်း နေပစေတော့၊ အစ်မကို ကျွန်တော်မသတ် ချက်တော့ဘူး"

"ဟင်... ဘာ...ရှင် ဘာတွေပြော၊နေတာလဲ"

"ကျွန်တော့်ကို လူတစ်စုက အစ်မကို ဓား၊နဲ့ထိုး၊ခဲ့ ငွေတစ်ထောင် ပေး၊မယ်တဲ့၊ အစ်မရဲ့ စေတနာနဲ့ ငွေတစ်ကျပ်ကိုပဲ ယူပြီး ကျွန်တော် သွား၊တော့မယ်"

"အို... နေပါဦး၊ ရှင်ပြော၊တာတွေ ကျွန်မ ဘာမှနား၊မလည်ဘူး၊ ရှင် လူမှား၊နေပြီလား"

"မမှား၊ဘူး၊ အစ်မကို သူတို့ ပြလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတွေလဲ။ ဘယ်ကလဲ ဟင်"

"ကျွန်တော် တကယ်မသိပါဘူး အစ်မ၊ ဆေးပြတ်နေတုန်း လာမိပဲ့ကြတာ၊ ဘယ်သူတွေက ဘာဖြစ်လို့ ခိုင်းတယ်ဆိုတာကျွန်တော် မသိဘူး။ တကယ်လည်း ကျွန်တော် လူမသတ်ရဲပါဘူး အစ်မသတိနဲ့ နေနော်၊ ကျွန်တော်သွားပြီ"

ခိုင်နွေဦး မျက်စိအောက်မှ ကိုယ်ရောင်ဖျောက်သွားသလို ချက်ချင်း သူ ပျောက်သွားသည်။

ခိုင်နွေဦး၏ရင်မှာ ကြောက်လန့်စိတ် မဝင်မိပါ။ ဘယ်လိုပါလိမ့် ဟူသော အံ့သြစိတ်နှင့်သာ မယုံနိုင်အောင် ရှိနေရသည်

"မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ ဒီမောမြေမှာ ငါ့ကို ဘယ်သူက သိမှာလဲ၊ ဒီကောင် ဆေးပေါက်ပြီး လျှောက်ပြောနေတာ ဖြစ်ရမယ်။ ရုပ်ကို ဖိုးရွှပဲ"

ပေါ့ပေါ့လေးတွေး၍ တံခါးပြန်ပိတ်ပြီး ခိုင်နွေဦး အိမ်ထဲသို့ ပြန်ဝင်လာခဲ့မိသည်။

အိမ်ထဲတွင် ဘယ်သူမှ မရှိကြ၊ ခိုင်းနှင့် ဒေါ်စောနန္ဒာတို့ အောင်ပန်းပို့သို့ ဧည့်ဆင်းသွားကြသည်။ ညနေဝိုင်းမှာ သူတို့ ပြန်လာကြပါမည်။

ညနေစောင်းတွင် အိပ်ရာထဲ၌လှဲနေမိသော ခိုင်နွေဦးထံသို့...

"ခိုင်နွေဦးနေလို့မကောင်းရဲ့လား မျက်နှာညှိုးနေလို့"

"ဘာလုပ်ပေးရမလဲ၊ ဘာဖြစ်စေချင်သလဲ မမဦး ပြောပါ"

ဒေါ်စောနန္ဒာ၏ စကားအဆုံးတွင် ခိုင်းက မရဲတရဲနှင့် ကပ်၍ မေးရသည်။

ခိုင်နွေဦး ပြန်မပြောဖြစ်ပါ၊ အခြေအမြစ်မရှိသောစကားများ ဖြစ်၍ ဒီအတိုင်းပင် မျိုသိပ်ထားလိုက်မိသည်။

"ခိုင်နွေဦးရောက်လာတာ မမနန္ဒာအဖို့ သိပ်ပြီး အဆင်ပြေတာပဲ ညီမရယ်။ သမီးလေးကိုလည်း စိတ်ချရ၊ ရစရာရှိတာတွေလည်း ရှင်းလင်းပြီးပါပြီ"

"ဒါဖြင့် ရန်ကုန် ဘယ်တော့လောက် ပြန်မှာလဲဟင်... မမစောနန္ဒာ"

ခိုင်နွေဦးက အားတက်သရော မေးမိသည်။ စောစောဆီမှ နှင်းဆီ

လေးရွတ်ဖတ်သော ကဗျာကြောင့် မမေမှကိုလည်း သည်နေ့ အလွမ်းကြီးမိုးနေမိသည်။ မမေမနှင့် ဝေးလံလွန်းနေရသည့် အဖြစ်ကိုလည်း ရင်မှာ ဝင်မကျသလိုဖြစ်နေရပါ၏။ ဒေါ်စောနန္ဒာ၏အဖြေက ခိုင်နွေဦးအတွက် အားရစရာ မကောင်းပါ။

"ခွင့်ကုန်အောင်တော့ နေပါရစေဦးနော်"

သူ့ခွင့်က တစ်လဖြစ်သည်။ ယခုမှ တစ်ပတ်ကျော်လေး ရှိသေးသည်။ ထူးတော့၍ ဘာမှ မပြောတော့ပါဘဲနှင့် ခိုင်နွေဦး ငြိမ်နေလိုက်မိပါ၏။

"မမနန္ဒာရဲ့ပထမခင်ပွန်း ဦးလွမ်းဝေရဲ့ အဖေဟာ သူသားအတွက် မွေတွေအများကြီးထားခဲ့ပေးတယ်။ ဒါပေမဲ့ မမနန္ဒတော့ သုံးခွင့် ရှိဘူးတဲ့"

"ခိုင်းတို့ဗေဖေ သေတာကြာပြီလားဟင်"

"ကြာပြီပဲဆိုပါတော့"

"အခု အမွေတွေဆိုတာကရော"

"မမစောနန္ဒာရဲ့မိဘတွေဝိုင်တဲ့ ခြံမြေလေးတစ်ကွက် ရှိသေးတယ်။ အောင်ပန်းမှာ၊ အဲဒါလည်း ပြန်ရပြီဆိုပါတော့။ လက်ရှိကျူးကျော်နေသူကဖယ်ပေးဖို့ ဒီနေ့ပဲ သဘောတူလိုက်ပါပြီ။ အဲဒါလေးကိုရောင်းရပြီး ကုတ္တဒွေနဲ့ အရင်းအနှီးမတည်ပြီး ခိုင်းကို ပွဲရုံလုပ်ငန်းဖြစ်စေ၊ မြေမြေလုပ်ငန်းဖြစ်စေ ဦးစီးပြီးလုပ်ခိုင်းမလို့၊ ဒီက ဦးရီးခွန်မိုင်းက ဦးစီးပေးမယ်လေ"

"ဦးရီးခွန်မိုင်းက ခိုင်းဖေဖေရဲ့ အစ်ကိုကြီးနော်"

"ဟုတ်တယ်... ဒီတစ်ယောက်ပဲရှိတယ်။ သူက အိမ်ထောင်ပျက်သွားတယ်။ သားသမီးမရတူး။ ခိုင်းကို သိပ်ချစ်တယ်။ ကျောင်းမနေနဲ့ရုံးလည်း ဦးရီးဆီမှာ ပြန်လာနေပြီး အလုပ်ကိုင်ဦးစီးလုပ်ဖို့ ပြောနေရတယ်။ ခိုင်နွေဦးလည်း ဝိုင်းပြောပေးပါဦးနော်၊ သားလေးက ခိုင်နွေဦးကို သိပ်ပြီးလေးစားချစ်ခင်ရှာပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ။ ညီမကိုယ်တိုင်လည်း သူ့ကို အခြေတကျနဲ့ စီးပွားရေးကဏ္ဍကို ဦးဆောင်နိုင်မယ့်သူတစ်ယောက် တကယ်ပဲဖြစ်စေချင်လှပါတယ်ရှင်"

ခိုင်းနှင့်ပတ်သက်၍ ရင်၌ စေတနာများစွာ ရှိနေသပါလား ဟူ၍

www.burmeseclassic.com

ခိုင်နွေဦး ကိုယ်တိုင်ပင် မသုံးသပ်မိပါဘဲနှင့် အလွယ်တကူ ပြောလိုက်နိုင်ခြင်းဖြစ်ပါ၏။

"ဦးရီးခွန်းမိုင်း"

တည်ကြည်ခဲ့ညားသော မျက်နှာထားနှင့် အလုပ်နှင့် လက်နှင့် မပြတ်အောင် နေတတ်ရာသော ရှမ်းအမျိုးသားကြီးတစ်ဦးပါ။

"စောစောက သူတောင်းစားယောင်ဆောင်သူရဲ့ စကားတွေဟာ အမှန်တွေပဲလား၊ ဦးရီးခွန်မိုင်းနဲ့များ ပတ်သက်နေလေသလား။ ငါ့ကို ဘာမှမဆိုင်ပါဘဲနဲ့ ဘယ်နယ်ကြောင့်များ ငုံကို လာပြီးပတ်သက်ရပါလိမ့်"

"မဟုတ်နိုင်ပါဘူးထင်ပါရဲ့၊ မဖြစ်နိုင်ဘူးထင်ပါရဲ့ကွယ်"

အဖြေတွေးလေးများ တွေးမိသော်လည်း ထိုတစ်နေ့လုံး ရင်ဖို့လေးလံနေမိဆဲပါ။

နိုင်းလွမ်းဝေသည်မှ မြင်သာသောနေရာမှ မကြည့်ရဲကြည့်ရဲ အကြည့်လေးများ။ မပြောတုံပြောဝံသောစကားသံလေးများဖြင့် မဝံ့မရဲနှင့် ခိုင်နွေဦး ထံ ရစ်ဝဲချဉ်းကပ်၍နေရာပါသတည်း။

× × × ×

ဇာခန်း (၄)

"မမဦးရယ်။ နိုင်းကို အလုပ်အကိုင်အတည်တကျနဲ့ ကြီးပွားချမ်းသာစေချင်တယ်ဆို"

"အင်းပေါ့"

"ခုလို မပြတ်မသားကြီးနဲ့ မမဦးပြန်သွားမယ် ဆိုရင် နိုင်းအလုပ်လုပ်နိုင်ဖို့ ဝေးလို့ အိပ်နိုင်စားနိုင်မှာ တောင်မဟုတ်ပါဘူး မမဦးရယ်"

"တော်စမ်းပါ ဖိုးသဲရယ်"

"မမဦးဟာလေ ကျွန်တော့်ပေါ်မှာ ဘယ်တော့မှ အလေးအနက် မထားဘူးဗျာ၊ ကျွန်တော့်ကတော့ ချစ်လိုက်ရတာ ရင်ကွဲတော့မယ်"

"မင်း မမဦးကို ဒီစကားတွေပြောချင်လို့ တမင်လှည့်ပတ် ခေါ်လာတာ မဟုတ်လား"

"ဒီမြို့ပြင်က ထင်းရှူးတောလေးဟာ ဘယ်လောက်သာယာလဲ မမဦးရယ်။ ချစ်သူတို့ရဲ့ ရယ်မောသံလေးတွေနဲ့သာ စည်ဝေစေသင့်ပါတယ်ဗျာ၊ နိုင်းမျက်ရည်ကြွေတာကို မမဦး မြင်ချင်သလား ပြော"

"တော်ကွယ် ... နိုင်းက သိပ်နလွန်းတယ်... မမဦးလေ . . မင်းပေါ်မှာ မမုန်းနိုင်ဘူး၊ မုန်းစရာအကြောင်းလည်း မရှိပါဘူး။ ဒီကိုလိုက်လာတဲ့ မမဦးကို နိုင်း သိပ်ဂရုစိုက်တာ မမဦးကျေးဇူးတင်လှပါတယ်။ နိုင်းပေါ်မှာ ထားရှိပြီးသား မေတ္တာစေတနာတွေကိုလည်း ပြန်ပြီး မနှတ်ယူလိုပါဘူး ...ဒါပေမဲ့..."

"ဟာဗျာ... မဆက်နဲ့ဗျာ"

"ဆက်ရမယ်နိုင်း၊ ဒါပေမဲ့ မမဦး ထားခဲ့တဲ့ မေတ္တာတရားဟာ

www.burmeseclassic.com

www.burmeseclassic.com

သန့်စင်တဲ့ အဖြူရောင်မေတ္တာပါ။ ခုလည်း ဒီတိုင်းပဲ ရှိနေဆဲပါ။ လွဲပြောင်း ပြီး မချစ်နိုင်ပါဘူးဗိုင်း၊ ခွင့်လွှတ်ပါကွယ်"

"ဘာဖြစ်လို့လဲ မမဦးရယ်။ ဘာတွေကများ ဆီးတားနေလို့လဲဟင်"

"ဘဝပျောက်နေတဲ့ မမဦးဟာ ကိုယ့်ဘဝမှန် လမ်းထဲကို မကြာမီ ပြန်ဝင်သွားရမှာပါဗိုင်း၊ ဒါဆို ဗိုင်းနဲ့ မမဦး သိပ်ပြီး ဝေးကွာသွားရပါလိမ့်မယ်။ ပြီးတော့ ခတ္တာမြို့ငြင်က အပြန်မှာ ချစ်သူကောင်လေး တစ်ယောက် ပြန်ပါလာတဲ့အဖြစ်မျိုးနဲ့ မမဦး မေမှေကို မရင်ဆိုင်ရဲဘူး။ ပြီးတော့ ဗိုင်း၊ ဘက်ကလည်း ခုလို အမွေတွေရပြီးရင်... အို ... ပြောချင်တာတွေက အများကြီး တွေးမိတာတွေက တစ်ပုံကြီးပါဗိုင်း၊ ဒါတွေမပြောပါရစေနဲ့တော့၊ မမဦးပြောချင်တာက ဆန်းပြားတဲ့မေတ္တာမျိုး မမဦးဆီက ဗိုင်း၊ မမျှော်လင့်ပါနဲ့ကွယ်။ ပူလောင်လှပါတယ်။ မမဦးရဲ့သီတာရေစင်လို မေတ္တာမျိုးကိုပဲ ဗိုင်းခံယူပါနော်"

"မဟုတ်သေးဘူး မမဦးရယ်...၊ ဘယ်လို မေတ္တာမျိုးနဲ့ပဲ ဖြစ်ဖြစ် ဗိုင်းရင်ထဲမှာ မမဦးကို ဝိုင်ဆိုင်ရယူချင်တယ်။ မမဦးနဲ့ ခွဲခွာဝေးကွာရမယ့်အဖြစ်မျိုးကို ဗိုင်း မရင်ဆိုင်ရဲဘူးဗျာ"

"တော်ပါတော့ ဗိုင်းရယ်"

"မတော်ပါရစေနဲ့ မမဦး၊ ဒီမှာ မမဦးကိုသာ ဗိုင်းဝိုင်ဆိုင်ခွင့်ရရင်လေ ကမ္ဘာပေါ်မှာ အကြီးမားဆုံး အင်အားကို ဝိုင်ဆိုင်ရယူနိုင်ပြီလို့ ဗိုင်းခံယူပါ့မယ် မမဦး။ အလုပ်တွေ ကြိုးစားလုပ်ပါ့မယ်။ မမဦးအတွက် ဆိုတဲ့ စေတနာ ဆန္ဒတွေနဲ့ ဗိုင်းလေ... ကြိုးစားပြစမ်းပါရစေလား ဗိုင်းရဲ့ ချစ် မမဦးရယ်"

"ဒီမှာစိုင်း ...မိန်းမတစ်ယောက်ပေါ်မှာ မူတည်ပြီး ကိုယ့်ဘဝကို လှုပ်ရှားရမယ်ဆိုတာမျိုးကတော့ မဟုတ်သေးဘူးကွဲ့။ ချစ်တယ် မုန်းတယ် ဆိုတဲ့ နှလုံးသား ခံစားမှုက တစ်ဝိုင်းပဲ။ ကိုယ့်ဘဝရဲ့ တိုးတက် ကြီးပွားရာကို ရှာကြံဖို့က တစ်ဝိုင်း၊ ကဏ္ဍာခွဲထားသင့်တယ်"

"မမဦးရဲ့ စကားမျိုးက ကျောင်းသင်ခန်းစာ ပို့ချချက်ကဏ္ဍာမှာဆိုရင် အောင်မြင်မှာပဲ။ ချစ်တယ်ဆိုတဲ့ ခံစားမှုရှိနေတဲ့ နှလုံးသားနဲ့ ခန္ဓာကိုယ်ကို ဘယ်လို သရုပ်ခွဲလို့ ရနိုင်မှာလဲ မမဦးရယ်။ မေတ္တာရဲ့ စွမ်းအင်ဟာ လူသား အားလုံးဖန်တီးနိုင်တဲ့ စွမ်းအင်များထက် ၁၀လွန်တယ်ဆိုတာ မမဦးလက်

ခံပါ။ ဒီစွမ်းအင်တွေရဲ့ တွန်းအားနဲ့ ဆောင်ရွက်ပါမှ အရာအားလုံး အောင်မြင်နိုင်မယ်ဆိုတာလဲ မမဦး နားလည်သင့်ပါတယ်လေ"

လေးနက် တည်ငြိမ်သော အသံနှင့် ပြောနေသော စိုင်းကို ခိုင်နွေဦး သည်မကြည့်မိတော့။ ဘေးတိုက် အနေထားနှင့်သာ ပခုံးချင်းယှဉ်၍ လျှောက်လာခဲ့မိသည်။ ချစ်သူတို့ရဲ့ လမ်းလေး... 'လာဗား(စ)လိန်း' ကို ကျော်ဖြတ်ခဲ့ကြပြီ။

အိလျှောလျှောလေး ဖြစ်နေသော ထင်းရှူးခွက်ခြောက်ကြေ သည်သွယ်သွယ်များပေါ်မှ ဖြတ်လျှောက်လာရသည်။ စိုင်းက သူ့လက်တွင်း မှ လက်ပစ်ဗုံးနှင့်တူသော ထင်းရှူးသီးခြောက်လေးများကို ဖဲခြွေ ပစ် ပါတ်ရင်း လိုက်ပါလာသည်။

"ရှိ..."

ဆိုသော အသံကို တစ်ချက် ကြားရသည်။ 'ဗိုင်း' ဆိုသော အသံကိုပါ တစ်ဆက်တည်း၊ တစ်ချိန်တည်း ကြားလိုက်ရပြီးသည်...

"အား... ဘာပါလိမ့်"

"ဟာ ... မမဦး"

သေးငယ်စူးရှသော တွန်းအား တစ်ခုက ခိုင်နွေဦး၏ လက်မောင်းကို အရှိန်ပြင်းစွာ တွန်းတိုက် ဖြတ်မောက်သွားသည်။

မီးစတစ်ခုနှင့် ထိုးလိုက်သလို ပူလွန်းသွားပါ၍ ဝေဒနာလာရာ ဒေသကို ဘယ်လက်နှင့် ဖိအုပ်လိုက်ရသည်။ ကိုယ်ကပါ မဟန့်နိုင် ယိုင်လဲ၍ စိုင်းဘက်သို့ကျသည်။ စိုင်းက ဖက်တွယ်ရင်း အလန့်တကြား အော်လိုက်သည်။

"အာ...သွေး...သွေးတွေနဲ့ အို...မမဦးရယ် ဒုက္ခပါပဲ။ မမဦး... မမဦးရယ်"

စိုးရိမ်ထိတ်လန့်လွန်းသောကြောင့် စိုင်းအသံက တုန်ခါနေသည်။

"သေနတ်... သေနတ်နဲ့ပစ်လိုက်တာလား"

"ဟုတ်တယ်... ဟုတ်တယ်၊ သွေးတွေ သိပ်ကျလာပြီ မမဦးရဲ့ ဖြစ် တော့ဘူး... လာ...လာ"

အင်အားပြည့်သော စိုင်းက သေးသွယ်သော ခိုင်နွေဦးကို ကလေး ငယ် တစ်ယောက်လို ပွေ့ချီ၍ ဆင်ခြေလျှောအတိုင်း ကျစ်ကားရှိရာသို့

www.burmeseclassic.com

အတင်း ပြေးဆင်းသည်။

အခြေအနေကို မသုံးသပ်တတ်တော့။ လန့်ကြောက်လွန်းသောစိတ် မပြေမီမှာပင် နာကျင်သော ဝေဒနာက စ, လာသည်။ လက်မောင်၊ တစ်ခုလုံးပြုတ်ကျမတတ် ပူလောင် နာကျင်လှပါပြီ။

"မမဦး ...မှမဦး သတိရတယ်နော်၊ ဖိုင်းကိုမှီထားပါ"

နိုင်းက ကားကို အပြင်းမောင်းရင်း စောင်းငဲ့ကြည့်ပြီး... ပြောရှာသည်။ ခိုင်နွေဦးမှာ...

"သိပ်နာလှပြီ နိုင်းရယ်"

"ရောက်တော့မယ်၊ ခဏလေး... ခဏလေးပါ မမဦးရယ်"

အကြည့်များ ဝေသီနေသည့် ကြားက နိုင်းမျက်ဝန်းမှ မျက်ရည်စများကို ခိုင်နွေဦး မြင်ရသည်။ ခံစားရသူထက်ပင် ပိုမိုတုန်ယင်နေရှာသော နိုင်း။

"စေတနာမွန်ဆေးတိုက်"

နိုင်းက ကားကို ဖြစ်သလို ထိုးရပ်လိုက်ပြီး ကားပေါ်မှ ခုန်ဆင်းသည်။ တစ်ပတ်ပြေးကွေ့ပြီး ခိုင်နွေဦးကို ပွေ့ယူသည်။

"ရတယ်နိုင်း... ရတယ်"

အားခဲ၍ လှမ်းရသည်။ နိုင်းကို ပွေ့မယူစေသော်လည်း ကိုယ့်အင်အားနှင့် မလှမ်းနိုင်ပါ။ နိုင်းကို အားကုန်မှီမှီဖက်တွယ်လျက် ဆေးတိုက်ပေါ်သို့ တက်ခဲ့ရသည်။

"ဒေါက်တာမျိုးမွန်... လုပ်ပါဦး... မြန်မြန် ကြည့်ပေးပါဦးဗျာ၊ ကျွန်တော့်မမ"

နိုင်းက မဆက်နိုင်တော့၊ အသံများ တိမ်ဝင်သွားရှာပြီ...၊ နိုင်း၏ ခံစားချက် ပြင်းထန်နေသည်ကို နာကျင်နေသည့် ကြားမှပင် ခိုင်နွေဦး သနားလာမိသည်။

"စိုးရိမ်စရာတော့ မရှိပါဘူး...၊ ဘိပေမဲ့ ဒဏ်ရာကတော့ နည်းနည်း များတယ်။ နိုင်းလွမ်းဝေ ... မင်း ဒီလောက် စိတ်ပူနေရင် မကြည့်နဲ့၊ အပြင်မှာသွားနေ"

"ဟင့်အင်းဗျာ၊ ကျွန်တော် စိတ်မချဘူး"

"ဒဏ်ရာရှင်ထက် မင်းနှလုံးခမ်းတွေက ပိုပြီးဖြူနေပါလားကွ ဟော..."

နိုင်းနှင့် ခင်မင်သော ဒေါက်တာမျိုးမွန်က လှောင်နေသေးသည်။

ဆဲရာဝန် ဆိုသည်မှာ သွေးတို့ ဒဏ်ရာတို့နှင့် ရောထွေးနေ၍ မဆန်းပြားတော့ပါ၊ ခိုင်နွေဦးတို့ နာကျင်ကြောက်လန့်နေသလောက် ဒေါက်တာ မျိုးမွန်က တည်ငြိမ်အေးဆေးစွာ ဒဏ်ရာကို သုတ်သင် ချုပ်လုပ်ဆေးထည့်သည်။ ချွေးသီးချွေးပေါက်များကျလာရင်း အော်နေသော ခိုင်နွေဦး၏ အသံမှာ သူနှင့်မဆိုင်သလိုပင် လက်တွန့်ခြင်းမရှိ တိကျစွာကုသသည်။

"ပွိုင့်တူးတူး သေနတ်ဒဏ်ရာပါပဲ၊ တောပစ်ထွက်တဲ့ လူရဲ့ သေနတ်များ မတော်တဆ ထိလာခဲ့သလား။ ဘယ်မှာဖြစ်တာလဲ"

ဆေးထည့်ခြင်း ပြီးဆုံး၍ ဆေးတစ်လုံး ထိုးပေးရင်းက အနီးမှ နိုင်းကို ဒေါက်တာ မျိုးမွန်က မေးလိုက်သည်။

"ဘယ်ကလာ... တောင်ကြီးကောလိပ် အလွန်လေးတင်မှာ ဘာတောကောင်မှ မရှိဘူး။ မတော်တဆမဖြစ်နိုင်ဘူး။ ကျွန်တော့်ကိုလား မမဦးကိုလား သက်သက်လိုက်ချောင်းပစ်တာဖြစ်ရမယ်။ တော်ပါသေးရဲ့ ဗျာ လက်မောင်း ထိပေလို့"

"နှစ်နေရာထိတာကွ နိုင်းလွမ်းဝေရ"

"ဟင်...နှ... နှစ်နေရာ ဟုတ်လား"

"အေး ...မင်းအမျိုးသမီးလက်မောင်းကတစ်နေရာ၊ မင်းအသည်းမှာက တစ်နေရာ ...ဟား...ဟား"

"ဟာဗျာ ဒေါက်တာကလည်း ဒါ ...ဒါ ကျွန်တော့်"

"အေးပါသိပါတယ်၊ ကဲ... မင်းတို့ ရဲမှာ အမှုဖွင့်ချင်လည်း ဖွင့်လေ၊ ဆေးအစီရင်ခံစာ ရေးပေးလိုက်မယ် ဟုတ်လား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဒါနဲ့ ဘယ်လောက်ကျလဲဆရာ"

"ခုနေ ငါသူဌေးဖြစ်အောင် တောင်းလည်း မင်းပေးမှာပဲ၊ မင်းမျက်နှာက ဖော်ပြနေပြီဖိုင်း။ ကဲ...ဒီမှာ တစ်ပြားမှပေးစရာ မလိုပါဘူးကွာ။ မှင်းဦးရီး ဦးခွန်မိုင်း တောပစ်ထွက်တဲ့အခါ ဆတ်ရခဲ့ရင် ချီတစ်ခုလောက် လိုရွင်တယ် ဒါပဲ။ ကဲ...သွားကြတော့၊ မနက်ဖြန်ဆေးလာထုသွပါဦးနော်။ သိပ်နာရင် ဒီဆေးတစ်ပြားသောက်၊ ကဲ... ကဲ... ပြန်နိုင်ကြပါပြီဗျို့..."

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"ကျွန်တော့်ကိုလူတစ်စုက အစ်မကိုဓားနဲ့ထိုးခဲ့ ငွေတစ်ထောင်ပေးမယ်တဲ့"

"ဘယ်သူတွေက ဘာဖြစ်လို့ ခိုင်းတယ်ဆိုတာ ကျွန်တော်မသိဘူး။ တကယ်လည်း ကျွန်တော် လူမသတ်ရဲပါဘူး။ အစ်မ သတိနဲ့ နေနော်"

သူတောင်းစားယောင် ဆောင်လာသော ဆေးသမား၏ စကားကို ခိုင်နွေဦး အမှတ်မထားခဲ့မိ၊ ခိုင်းကိုပင် ပြန်၍မပြောဖြစ်ခဲ့။ မဆီလျော်လွန်းသော ကိစ္စ၊ မဖြစ်နိုင်လွန်းသော အကြောင်းတစ်ခုအဖြစ်နှင့် ခိုင်နွေဦး ဥပက္ခာ ပြုခဲ့မိသည်။

ယခုမူ...

မိမိကို အမှန်တကယ်ပင် သေကြောင်း ကြံစည်လိုစိတ်နှင့် လိုက်လံ ချောင်းမြောင်း၍ ပို့ဂုဏ်တူးတူးသေနတ်နှင့် ပစ်ခတ်ခြင်း ခံခဲ့ရလေပြီတည်း။

"ငါ့ကို ဘယ်သူတွေက ဘာအတွက်များ သတ်ပစ်ချင်လောက်အောင် မုန်းတီးနေကြပါလိမ့်။ အတွေးရ ခက်လိုက်ပါဘိကွယ်"

ခိုင်းကမနေ၊ ရဲဘွားနတွင် တိုင်ချက်သွားဖွင့်သည်။ မည်သူက ပစ်ခတ်သည်ဟု ထင်ပါသလဲ၊ ဆိုသော မေးခွန်းများကို ခိုင်နွေဦး မဖြေနိုင်ခဲ့ကိုယ်တိုင် သိချင်နေသော မေးခွန်းသာ ဖြစ်ပါကြောင်း။ ပြန်၍ပြောမိခဲ့သည်။ သေနတ်ပစ်ခဲ့ရပြီးမှ ခိုင်နွေဦး မအိပ်နိုင် မစားနိုင် ကလေးကိုမကြည့်ရှု နိုင်လောက်အောင်ပင် အိပ်ရာထဲ လဲရင်းက အထပ်ထပ် အတန်တန် စဉ်းစားခဲ့ပါသည်။ အဖြေ မပေါ်ခဲ့ပါ။ မိမိကိုသတ်ပစ်ရန် ကြံစည်နေကြသည် ဆိုသည်ကို တကယ်ခံခဲ့ရသော်လည်း စိတ်ထဲမှ မယုံကြည်လက်မခံ နိုင်

သလို ရှိနေမိဆဲပါပင်။ မတွေးတတ်တော့ ခိုင်နွေဦး ဉာဏ်ဖြင့် လိုက် မမီတော့။

"မမဦး နိုးနေပြီလား"

"ဘာတွေလုပ်လာပြန်ပြီလဲ နိုင်းရယ်"

"မမဦး သောက်ဖို့ နိုင်းကိုယ်တိုင် ကျိုလာခဲ့တာ"

နိုင်း၏ ယုယကြင်နာမှုများက လွန်ကဲလွန်းလှပါသည်။ ခိုင်နွေဦး ရုက်မိသော်လည်း ဦးရီးခွန်မိုင်းက မဆိုင်သလိုနေ၍ ဒေါ်စောနန္ဒာက နှင်းဆီလေးကို ကြည့်ရှုပေးရင်း အဝေးမှာသာနေကြသည်။ နိုင်းဒီလောက် ပြုစုနေသည်ကို လုံးဝ မတားမြစ်ကြ။

"မမဦး သောက်နော်"

နိုင်းက နို့ပန်းကန်ကို ခိုင်နွေဦး၏ နှုတ်ခမ်းဝမှာတေ့ပေးသည်။

"လူကနေကောင်းပါတယ် နိုင်း၊ လက်တစ်ဖက်က လူပ်မရတော့ တာမှ မလုပ်နိုင်ဘဲ လူမမာကြီးလိုလဲနေရတာ အားနာလှပြီကွယ်၊ မောင်လေးနိုင်း ပင်ပင်ပန်းပန်း ပြုစုနေရတာကိုလည်း မမဦး အားနာလာပြီ"

"မမဦး အားနာတယ်ဆိုတော့ ကျွန်တော်က ရယ်ချင်တယ်"

"အို... ဘာဖြစ်လို့လဲ"

"သူများက တပင်တပန်း လုပ်ပေးမှ အားနာတယ် ဆိုတာရှိသင့်တာ။ နိုင်းက ပင်ပန်းဖို့ဝေးလို့ မမဦးကိုပြုစုပြီး မမဦး အနားမှ နေခွင့်ရလို့ ပျော်လိုက်တာမှ ရင်ထဲမှာ အသည်းလေးတွေ က နေကြတယ်"

"နိုင်းကလည်းလေ"

ခိုင်နွေဦးမှာ နိုင်း၏ နှာနို့နွေးနွေးလေးကို သောက်ပြီးမှ နိုင်း၏ အဖြစ်ကို ကြင်နာစွာ ကြည့်နေမိပြီးမှ...

"နိုင်း... မောင်လေး"

"ဗျာ...မမဦး"

"မမဦးကို ခုလိုသေနတ်နဲ့ လိုက်ပစ်တဲ့ကိစ္စမှာ မမဦးစဉ်းစားလို့ရတာ တစ်ခုတော့ရှိတယ်"

"ဟင်... ဟုတ်လား၊ ဘာများစဉ်းစားလို့ရလဲမမဦး"

"နိုင်းနဲ့မမဦးနဲ့တွဲနေတဲ့ ကိစ္စကို ခွဲပစ်ချင်တဲ့ အကြောင်းပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို မမဦးပြောတာ နိုင်းနားမရှင်းဘူး"

"ဒီမောမြေမှာ နိုင်းနဲ့ မမဦးနဲ့ တတွဲတွဲ ဖြစ်နေကြတာကို မရှုစိမ့်တဲ့သူ ရှိရမယ်နိုင်း၊ မမဦးနဲ့ နိုင်းနဲ့ နီးစပ် လက်ထပ်သွားမယ့် အဖြစ်မျိုးကို မလိုလားလို့ပဲဖြစ်မယ်လို့ မမဦးထင်မိတယ်။ နိုင်းမှာ ချစ်သူရှိပြီးသားလား။ ဒါမှမဟုတ် နိုင်းနဲ့ လက်ဆက်ပေးဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးဘက်ကလား ဒါမှမဟုတ်ရင် မမဦးလို ကလေးထိန်း မိန်းမတစ်ယောက်နဲ့ ရာသွားမှာကို နိုးရိမ်လွန်းတဲ့ နိုင်းရဲ့ အမျိုးထဲက တစ်ယောက်ယောက်ပဲလား လို့ မမဦး ထင်မိတယ်နိုင်း"

နိုင်းက ခိုင်နွေဦး၏ ခုတင်ဘေးတွင် ဝင်ထိုင်ပြီးမှ ခေါင်းရမ်းရှ...

"မမဦးပြောတာ ဖြစ်နိုင်တဲ့ကိစ္စမျိုးပါပဲ၊ ဒါပေမဲ့ နိုင်းမှာ အဲ ပြဿနာတစ်ခုမှ မရှိပါဘူး မမဦး"

"စဉ်းစားပါဦး နိုင်း"

"နိုင်းဟာ ငယ်ငယ်ကတည်းက မေမေနဲ့ နေရတာပဲ၊ ကျောင်းပိတ်မှ ခဏ တောင်ကြီးပြန်ရတာပါ။ နိုင်းရဲ့ ချစ်သူ၊ သို့မဟုတ် နိုင်းကို သမက်ဖမ်း မယ့်လူဆိုလို့ ဒီမောမြေမှာ တစ်ယောက်တလေမှကို မရှိပါဘူးဗျာ... တကယ့်ကိုပါ။ မမဦး မယုံရင် ဦးရီးခွန်မိုင်းကို မေးကြည့်ပါ"

"ဦးရီးခွန်မိုင်းကရော မမဦးကို အာထင်သေးမှာပဲ ထင်တယ်နော်။ သူကရော နိုင်း မမဦးနား ဒီလောက်ကပ်နေတာ ဘာမှ မပြောဘူးလား၊ ဟင်"

"မပြောပါဘူး မမဦးရဲ့။ ဦးရီးခွန်မိုင်းက နိုင်းကို သိပ်မိန်းမရစေချင်တာ"

"ဒါပေမဲ့ ထိုက်တန်မယ်လို့ထင်တဲ့ မိန်းမမျိုးကိုသာ ရစေချင်မှာပါ နိုင်းရယ်"

"မဟုတ်ဘူး မမဦး... ဦးရီးခွန်မိုင်းက တကယ်ပြတ်တယ် ယောကျ်ားဆိုတာ ကိုယ်က ရှာကျွေးရမှာ... မိန်းမရွေးနေစရာ မလိုဘူး။ ချစ်တာတွေ့ရင် ကောက်သာယူတဲ့။ သူကလေ မမဦးနဲ့ နိုင်းနဲ့ကို သိပ်သဘောတူနေတာ"

"ဟုတ်ပါ့မလား နိုင်းရယ်"

"အို ...ဟုတ်ကို ဟုတ်တယ် မမဦး ဦးရီးခွန်းမိုင်းအတွက်တော့ နိုင်းကယ့်ကို တာဝန်ယူရဲတယ်။ သိပ်ပြီး သဘောထားပြည့်ဝတဲ့ အဘိုးကြီး"

"နိုင်း..."

"ဗျာ...မမဦး"

"ဒါဖြင့် မမဦးကို ဒီမောမြေမှာ သက်မဲ့အဖြစ်နဲ့သာ ထာဝရ နေစေချင်တဲ့သူဟာ ဘယ်သူများလဲ နိုင်းရယ် ...နိုင်းပြီး စဉ်းစားပေးပါဦး"

"မရှိပါဘူး မမဦး ...လုံးဝ မရှိပါဘူး။ နိုင်း စဉ်းစားရုံ မဟုတ်ဘူး သိစမ်းပြီးပြီ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါကြောင့် မတော်တဆ ထိခိုက်မှု အဖြစ်နဲ့သာ မမဦး လက်ခံလိုက်ပါတော့နော်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မမဦး အမြဲပဲ စိတ်လေးနေမိပါတယ် နိုင်း"

"မေ့လိုက်ပါတော့ မမဦးရယ်။ နိုင်းလေ... ခုမှဘဲ ရယ်နိုင်တော့တယ်။ ဖြစ်တဲ့နေ့တုန်းကများဆိုရင် စိတ်ပူလွန်းလို့ ရင်ကွဲရတော့မယ်။ မမဦးသာ တစ်ခုခု ဖြစ်သွားရင် နိုင်းကြောင့်လည်းဖြစ်တော့ နိုင်းလေ ... အို... မပြောတော့ဘူးဗျာ ပြောရင် သဲတယ် ချွဲတယ်နဲ့ အပြောခံရဦးမယ်"

"တကယ်ရော ချွဲတာပဲ မဟုတ်ဘူးလား"

"ရင်ခွဲပြလိုက်ချင်တယ် မမဦးရဲ့"

"မလုပ်ပါနဲ့၊ မကြည့်ရဲပါဘူး"

"နိုင်း မေတ္တာကို မမဦး ဘယ်တော့များမှ နားလည်မှာလဲဗျာ"

နိုင်းက ခိုင်နွေဦး၏လက်ခုံကို ဖွဖွလေးကိုင်ရင်းက မချိတင်ကဲ ဟန်လေးနှင့် ပြောရှာသည်။

နိုင်း၏ အဖြစ်၊ နိုင်း၏ အပြောကို ခိုင်နွေဦး ပြောခဲ့သလို ချွဲခြင်းသဲခြင်း မဟုတ်ကြောင်း ခိုင်နွေဦး သိနားလည်ပါသည်။ ရင်ထဲမှ ခံစားရခြင်းထက် ထက်ဝက်မျှလောက်ပင် စကားလုံးများက ဖြစ်ထွန်းလာခြင်း မရှိပါကြောင်း လည်း ခိုင်နွေဦး ယုံကြည်မိပါပြီ။

မိမိပေါ် တွင် မေတ္တာများစွာနှင့် ပွဲ့စည်းထားရှာသော နိုင်း၏ မျက်နှာနုနုလေးကို ခိုင်နွေဦး ငေးကြည့်နေမိသည်။

သနားကြင်နာရခြင်းနှင့်အတူ နိုင်းကို ခွဲခွာရမည့် အဖြစ်မျိုး မရင်ဆိုင်ရဲတော့ကြောင်းကိုလည်း ခိုင်နွေဦး ကိုယ်တိုင် ခံစားလာရပြီ။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာ၏ စွမ်းအင်ဟူသည် အခက်ခဲများစွာကို တွန်းလှန်နိုင်သည့် သဘော ရှိကြောင်းကိုလည်း ခိုင်နွေဦး အားကိုးစွာ လက်ခံလာရပါပြီ။

ကိုယ့်ကို ချစ်တတ်ရှာလွန်းသော နိုင်း၏ လက်ကို တွဲလျက် အရာရာကို ရင်ဆိုင်ပစ်ချင်သော သတ္တိထူးများလည်း ခိုင်နွေဦး၏နှလုံးသားမှာ ဖြစ်ထွန်းလာရပြီမို့...

"နိုင်း..."

"ခင်ဗျာ"

"မမဦးလေ... ဒီကနေ ရန်ကုန်ပြန်သွားပြီးရင် ကနီကိုပြန်လိုက်ဦးမယ်...၊ မေမေ့ကိုလည်း အောက်မေ့လှပါပြီ...၊ ပြီးတော့..."

"ရင်ဆိုင်ကာမှ ရင်ဆိုင်ရရော...နိုင်း မကြားရဲတဲ့ စကားတွေကို မမဦး ဘာလို့ ပြောချင်နေရတာလဲဗျာ"

"မမဦး ပြောတာကို နားထောင်ပါဦးလား နိုင်းရယ်"

"ပြောပါ"

"ပြီးတော့... တစ်ကွဲစီ နေရချိန်တွေမှာ ကြိုးစားကြရအောင်ပါလေ။ မမဦးလည်း မေမေ့ကို တောင်းပန်ရင်း ပြောပြမယ်။ နိုင်းကလည်း ဒီမှာ အလုပ်တွေ ကြိုးစားပြီး နေနော်"

"မမဦး... ဘာကို ပြောတာလဲ"

"မသိဘူးလား နိုင်းရယ်"

"ဘာကို သိရမှာလဲ မမဦးရဲ့"

"မမဦး မပြောရဲဘူးကွာ"

"ဘာကို မပြောရဲတာလဲ ဟင်... မမဦး"

ကြိုးသူမို့ တည်ငြိမ်ရင့်ကျက်ပါသည် ဆိုသော်လည်း နှလုံးသား ခံစား မှုမှာဖြင့် ခိုင်နွေဦးလည်း နိုင်းလိုပါ။

"ပြောလေ... မမဦး ဘာကို မပြောရဲတာလဲလို့"

နိုင်းက ခိုင်နွေဦး၏ ပခုံးကို ကိုင်၍ မျက်နှာချင်းဆိုင် ထ၍ မေးရာသည်။

"နိုင်းကို မမဦး သိပ်သနားတာဘဲ"

"ဟာ...ဟာ...မမဦးရယ်"

"ပြီးတော့ နိုင်းထက် မလျော့တဲ့ မေတ္တာတွေနဲ့"

"အို ... မမဦး... ဆက်... ဆက်ပြောလေဗျာ"

"ပြောရဲတော့ဘူး"

"နိုင်းထက် မလျော့တဲ့ မေတ္တာတွေနဲ့ နိုင်းကို ချစ်တယ်လား။ ဟုတ်လား ဟင်... ဟုတ်လား မမဦး"

"ဟင်... ခေါင်းညိတ်ပြရုံနဲ့ အားမရဘူး။ ပြော...ပြော...ပါးစပ်က ပြောရမယ်"

"မဆိုးနဲ့ကွယ်"

ယင်းစကားစုလေးကို နိုင်း၏ ရင်ခွင်မှာ မျက်နှာအပ်ရင်း ပြောရသည်။ ရှက်လိုက်သည်ဖြစ်ခြင်း။

"ဟား... သိပ်ပျော်ရပြီဗျာ"

သူပြောသည်ထက်ပင် သာလွန်၍ပျော်နေရှာကြောင်း နိုင်း၏ အမူအရာလေးက ပြနေပေသည်။ ခိုင်နွေဦး၏ ပခုံးကို ကိုင်ထားရာက ဆုပ်ညှစ်လိုက်ပြီး မျက်နှာကို မော့လှန်ချလိုက်သည်။ အသက်ကို ရှိုက်သွင်းပြီးမှ အားပါးတရ ရယ်မောချ...

"အာ...အာ..."

နိုင်း၏တစ်ကိုယ်လုံး ပြိုလဲလာမှုကြောင့် ခိုင်နွေဦးရော နိုင်းပါ နှတ်ပေါ်သို့ လုံးထွေးကျသွားရသည်။

"နိုင်း...ဖယ်... လက်နာလှပြီ"

"ဟာ... ဟုတ်ပါရဲ့ ...ဟုတ်ပါရဲ့၊ မမဦး လက်အနာမှ မကျက်သေးဘဲ။ နာသွားလား... သိပ်နာသွားလား ဟင် မမဦး"

"နာတာပေါ့.. သိပ်နာတာပေါ့"

နိုင်းက ပေါ့ပါးစွာခုန်ထပြီး ခိုင်နွေဦးကို ပွေ့ယူလိုက်သည်။ ပခုံးစွန်းနေရောကို နိုင်းပါးစပ်နှင့်ငုံ၍ အာဇွေနွေးနွေးလေးပေးပြီးမှ ခိုင်နွေဦး၏ မျက်နှာလှလှလေးကို နိုင်းလက်ဖြင့် ပင့်ယူလိုက်သည်။

"နာသေးလား ဟင်"

"နာသေးတာပဲ"

"ဟုတ်လို့လား မမဦးရဲ့၊ နာတဲ့မျက်နှာလေးကလည်း ပြုံးလို့"

www.burmeseclassic.com

www.burmeseclassic.com

သည်တော့လည်း ရုက်ပြုံးလေးများအဖြစ် ပြောင်းလဲရင်း ချစ်သော နိုင်း၏ ရင်ခွင်ထက်မှာ မျက်နှာအပ်ထားလိုက်ရပါသည်။

"အို... နိုင်းလောက် ပျော်စရာကောင်းတဲ့လူသား ဒီကမ္ဘာပေါ်မှာ ရှိပါဦးမလားဟင် မမဦး"

နိုင်နွေဦး နိုင်း၏ရင်ခွင်မှာ ကပ်တွယ်လျှက် ငြိမ်သက်နေမိသည်။ မလွှဲရှားရဲသလိုလည်း ရှိရပါ၏။

"ချစ်တယ် မမဦးရာ၊ သိပ်ချစ်တာပဲဗျာ"

ညက်ညက်ကြေမတတ် နိုင်နွေဦး၏ကိုယ်လုံးလေးကို အင်နှင့်အား နှင့် နိုင်းက ဖက်ထားသည်။

"နိုင်း... လွှတ်တော့ကွယ်"

"ဟင့်အင်းဗျာ"

"မမဦးကို ငဲ့ညှာပါနိုင်း၊ မမစောနေ့ခွာတို့မြင်ရင်မကောင်းဘူးကွယ်"

သည်တော့မှ ဖြေလျှော့ပေးသည်။ ပုံမှန်နေရာမှာ ထိုင်ဖြစ်အောင် နိုင်းကိုမှီတွယ်၍ထရသည်။ နိုင်း၏ မြတ်နိုးဖွယ်အကြည့်လေးများ၊ ရင်ခုန်ဖွယ်ယုယမှုလေးများကို နိုင်နွေဦး ကြည်ကြည်နူးနူးခံစားမိပါသည်။

"မမဦး... မမဦး နိုင်းကို ပြန်ချစ်တယ်နော်၊ မမျှော်ရဲခဲ့ပါဘူးဗျာ၊ ဘာဖြစ်လို့ ပြန်ချစ်တာလဲဟင်၊ သနားလို့လား... ဟုတ်လားဟင်"

"ဟုတ်တယ်...များပြီလားတော့မသိဘူး၊ သနားစိတ်က ရင်ထဲမှာ ပြည့်လွှမ်းတော့ ပေါက်ကွဲထွက်လာတယ် ထင်ပါရဲ့လေ။ ဒါပေမဲ့ ရင်ထဲမှာတုန်းက သနားစိတ်၊ ဖွင့်ခွဲထွက်လာတော့ချစ်စိတ်"

"ပြောတတ်လိုက်တဲ့ မမဦး၊ ဒီမှာဘာလဲ၊ နိုင်းကိုချစ်မိတာ များပြီလား၊ လို့လည်း ထင်နေမိတယ်လား... ဟုတ်လားဟင်"

"ဒါပေါ့နိုင်း၊ မတူညီတဲ့ကိန်းနှစ်ခုကို ရောနှောဖို့ ဆုံးဖြတ်မိတာ မိုက်မဲရာကျနေပြီလား၊ပဲ"

"ဒီမှာ... ဒီလောက်ချော၊ ဒီလောက်လှပြီး ဒီလောက်ချစ်စရာ ကောင်းတဲ့ ရုပ်လေးတစ်ယောက်ကို ချစ်ရတာ ဘယ်ကများရမှာလဲ၊ မှန်တယ် ... အပြတ်မှန်တယ် မမဦးရဲ့"

နိုင်းက သူမမျက်နှာကို လက်မနှင့် ညွှန့်ပြရင်းက ပြုံးစစနှင့် ပြောသည်။

ကြောင်... အချစ်ရည်လူး၍ ကြည်နူးမြူးရွှင်နေသော နိုင်း၏ မျက်နှာလေးကို နိုင်နွေဦးလည်း ကြည့်မဝနိုင်အောင်ပါ။

"မမဦး"

"နိုင်းကို တကယ်ချစ်ရဲ့လား"

"မေးနေရသေးလား နိုင်းရယ်"

"ဒါဖြင့် ချစ်တယ်ပေါ့"

"အင်းပေါ့"

"ဒါဆို မမဦးမပြန်ရဘူး၊ နိုင်းကိုထားရစ်ခဲ့ပြီး ပြန်မသွားပါနဲ့နော် မမဦးရယ်"

"တစ်ခါတည်းနေလို့ ဘယ်မှာဖြစ်ဦးမှာလဲ နိုင်းရယ်"

"ရန်ကုန်ကိုပြန်မှာလား၊ ကနီကိုပြန်မှာလား"

"ရန်ကုန်ကိုဆင်းပြီးရင် ကနီကိုခဏပြန်တက်ဦးမှ"

"ဒါဆို နိုင်းလည်းလိုက်ခဲ့မယ်"

"ဟဲ့... အို... ဘယ်ဖြစ်မှာလဲ"

"ဒါဖြင့် မမဦးဟာက ဘာလဲဗျ"

"ဘာကို ဘာရမှာလဲ"

"ချစ်တယ်လည်း ဆိုသေးတယ်။ ခွဲသွားမယ်ဆိုတော့ ဘာအဓိပ္ပာယ်လဲ မမဦးရဲ့ ...မပေါက်နဲ့ဗျာ"

"ပေါက်တာကဖြင့် သူ။ ချစ်တယ်လို့ပြောမိတာနဲ့ တစ်ခါတည်း သိမ်းပိုက်ခွင့်ရှိရရောတဲ့လား။ ကဲ...ဒါဖြင့် ပြောပြီးသားစကား ပြန်ယူရမလား ...ပြော"

"ဒါမျိုးမရဘူး၊ ဒီကောင်ကမြန်တယ်။ ချက်ချင်း အသည်းထဲမှာသိမ်းထားပြီးပြီ။ ရင်ခွဲရံရောက်မှ ထုတ်ယူလို့ ရတော့မယ်"

"ကြည့်ပါဦး... ပြောပုံက မဲ့မဲ့ရဲ့ရဲ့နဲ့။ ရုပ်ရှင်ရိုက်နေတဲ့ အိုက်တင်မျိုးနဲ့။ လက်ဟန်ခြေဟန်က ပါသေးတယ်။ သွားတော့စိုင်း..."

"မသွားပါဘူး... မမဦး ပွေ့ထုတ်နိုင်မှ ဟောဒီ အခန်းထဲကသွားမယ်"

"မဆိုးနဲ့နော် နိုင်း။ မမဦးလူကြီးတွေကို ကြောက်တယ်...သိလား"

"ဟား... ဟား ထွက်များလည်း ကြည့်စမ်းပါဦး။ ဦးရီးရော မမေမေပါ

www.burmeseclassic.com

အောင်သပြေသွားကြတယ်။ မေမေ့မောင်ဝမ်းကွဲ ဝိုလ်ကြီးနိုင်းခမ်းနော်၏ ဒီမှာ ဒီအိမ်ကြီးထဲမှာ မမဦးနဲ့နိုင်းနဲ့ နှစ်ယောက်တည်း"

"သွား"

ခိုင်နွေဦး၏ မျက်စိရှေ့မှာ နိုင်းထောင်ထားသော လက်နှစ်ချောင်းကို တွန်းပုတ်ပစ်လိုက်မိသည်။ သိပ်ဆိုးတဲ့ကောင်လေး နိုင်းလွမ်းဝေ။

နိုင်းတို့ရဲ့ မောမြေမှာ အနမ်းပန်းလေးတွေကုန်ရောက်ပွင့်ဝေဖြာသော နွေလေးတစ်နွေ။

× × × ×

"စိန်ကျောက်သူ ဦးသြလက်ထက်က ကဝိလက္ခာ ကျမ်းမှာ 'တကောင် တည်ပ၊ မောကိုးထပ၊ သောင်သုပ်ရှမ်းနေရာ'လို့တွေ့ရတယ်။ အဲဒီကျမ်းကို 'ဘဘဒု'ခုနှစ်မှာ ပြုစုပြီးစီးတယ်ဆိုတော့ ခုဆိုရင် နှစ်ပေါင်း '၂၂၆'နှစ်ကြာပြီပေါ့။ ဒီအရင်ကတော့ မသိဘူး။ ဦးရီးခွန်မိုင်း မှတ်မိသလောက်တော့ အဲဒီ နှစ်နှစ်ရာကျော်ကတည်းက ဒီရှမ်းပြည်နယ်ကို 'မော'လို့ တင်စားထားတာတွေ့ရပါတယ် မနိုင်ဦး"

ဦးရီးခွန်မိုင်းက ရှင်းပြပါ၏။ ခိုင်နွေဦး၏အမည်ကို နွေတစ်လုံးဖြတ်၍ ပြောလေ့ရှိသည်။

"ဒီမောရှမ်းပြည်နယ်ဟာ မြန်မာပြည်ရဲ့ ပြည်နယ်များထဲမှာ အကြီးဆုံးဖြစ်ပြီး ဧရိယာစတုရန်း မိုင်ပေါင်း ၆၁၀၉၀ ရှိတယ်။ လူဦးရေအားဖြင့်တော့ ၂၅ သန်းနီးပါးရှိလို့ ပြည်နယ်များထဲမှာ ရှမ်းပြည်နယ်ဟာလူဦးရေအများဆုံးဖြစ်တယ်။ ဘူမိဗေဒသဘောအရဆိုရင်လည်း ဒီရှမ်းပြည်နယ်ရဲ့ အောက်ခံကျောက်လွှာများဟာ မြန်မာနိုင်ငံတစ်ခုလုံးရဲ့ ရှေးအကျဆုံးကျောက်လွှာများဖြစ်ကြောင်းကိုလည်း တွေ့ရှိရလို့ တွင်းထွက်သယံဇာတပစ္စည်းများပေါကြွယ်ဝပါတယ်"

"ပြီးတော့ မြန်မာပြည်ရဲ့ အလှပဆုံးနေရာဖြစ်ကြောင်းကိုလည်း အားလုံးနဲ့အတူ မဦး ထောက်ခံ ညွှန်ပြလိုပါတယ်ရှင်..."

"ဟုတ်တယ် ရှမ်းပြည်နယ်ဟာလှတယ်။ ရှမ်းလူမျိုးများနဲ့ ရှမ်းလူမျိုးစုဝင်များဟာ ရိုးသားတယ်။ သစ္စာရှိကြတယ်။ ဦးရီးခွန်မိုင်းတော့ ရှုခင်းအမျိုးသားတစ်ယောက် ဖြစ်ရတာကို ဂုဏ်ယူပါတယ်။ ခုလို အင်းလေး၊ ညောင်ရွှေဘက် ရောက်တုန်း ဦးရီးခွန်မိုင်းမှတ်သားထားတာလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com

ဝဟုသုရအောင် ပြောပြဦးမယ်"

"အင်းလေးရောက် မမဦး တစ်ယောက်ရဲ့ အဖြစ်ဟာ မလွယ်ပါလား..."

ဦးရိုးခွန်မိုင်းစကားအဆုံးတွင် မန္တလေးရောက် ရှမ်းတစ်ယောက် အလိုက်အတိုင်း နိုင်းကဆိုပြီး နောက်ဘက်မှ လက်ခါပြနေသည်။ ဦးရိုးခွန်မိုင်း၏ စကားကို မကြားနာလိုသလို လောင်နေသည့် သဘော။

နိုင်နွေဦးကဖြင့် အားနာစိတ်ဖြင့်...

"ဟုတ်ကဲ့ ...ဦးရိုးခွန်မိုင်း ပြောပါရှင်..."

"ရှမ်းဆိုတာ ပါဠိက လာတဲ့ ပါဠိမျက်စကားတစ်ခုပဲ။ ရှမ်းရှမ်း တောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ယူထားတာပါ။ ရှမ်းလို ရှမ်းကို 'တိုင်း' လို့ ခေါ်ပါတယ်။ အဲဒီ တိုင်းဆိုတဲ့ အဓိပ္ပာယ်ဟာလည်း တောက်ပခြင်း၊ ပြည့်ဝခြင်းပါပဲလို့ နိုင်ငံတော်က ထုတ်တဲ့ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာ ဓလေ့ စာအုပ်ထဲမှာ ပါရှိတယ်။ ပြီး 'မော' ဆိုတာက 'မင်း' လို့ အဓိပ္ပာယ်ရတယ် မနိုင်ဦး...ဒါကြောင့် မော်ကိုးပြည်ထောင်ဆိုတာ ရှမ်းကိုးမြို့ကို မင်းများနဲ့ တည်ထောင်အုပ်ချုပ်တာကို ဆိုလိုတာပါ"

"ဟုတ်ကဲ့..."

"ရှေးကုန်းက 'ရွှေလီမြစ်ဝှမ်း' တစ်လျှောက်မှာ မောကိုးပြည်ထောင် တည်ထောင်နေခဲ့ကြတဲ့ မြို့တွေကတော့ မိုးကောင်း၊ မိုးညှင်း၊ သောင်သွပ်၊ ညောင်ရွေ့၊ သိန္နီ၊ အုန်းပေါက် (သီပေါ)၊ မိုးမိတ်၊ မိုးနဲ့၊ မိုးပဲ ဆိုတဲ့မြို့ကြီးကိုးမြို့နဲ့ အရံမြို့ပေါင်း ကိုးဆယ့်ကိုးမြို့ တည်ထောင်ထားကြတယ်လို့ သိခဲ့ရတယ်။ အခု အင်းလေးကတော့ မနိုင်နွေဦး သိပြီးသားဖြစ်မှာပါ။ အလောင်းစည်သူမင်း ဖောင်နဲ့ရောက်လာပြီး ဖောင်တော်ဦးဘုရား တည်ထားကိုးကွယ်ခဲ့တယ်။ အဲဒီမှာပါလာတဲ့ ထားဝယ်သား အမှုထမ်းတွေကို ထားရစ်ခဲ့ရာက ပေါက်ပွားလာကြတာပါ။ ထားဝယ် စကားနဲ့ အင်းသား စကားတွေ့ရဲ့အသံလှယ်ပုံချင်းသိပ်တူနေတာကိုလည်း တွေ့ကြရ ပါတယ်"

နိုင်နွေဦးတို့ စီးလာသော ပဲခူးပ်မှာ ညောင်ရွှေမြို့နားသို့ ပြန်လည်နီးကပ်လာပါပြီ။ တောင်များပတ်လည်၏ အလယ်တွင် ကျယ်ဝန်းသော ရေပြာကန်ကြီးတစ်ခု တည်ရှိနေသည်ကိုက သဘာဝအားဖြင့် လှပလွန်းနေပေသည်။ ရေတွင် နေသော အင်းသားတို့၏ အားမာန်ကိုလည်း နိုင်နွေဦး ချီးမွမ်းမဆုံးမိပါ...။

ကျွန်းမျောများကို အကွက်ချ ဖြတ်တောက်ပြီး ရေပေါ်နိုက်ခင်း လှပကိုင်ကြခြင်းများ၊ ကမ္ဘာပေါ်တွင် အထူးဆန်းဆုံး ဖြစ်သော လေ့ကို ခြေထောက်နှင့်လေ့ကိုခတ်ခြင်းနှင့် အမြင့်ဆုံး တိုးတက်ခဲ့သော ရက်ကန်းလှပငန်းများသည် အင်းလေး၏ လှပဖွယ် ချီးကျူးဖွယ် ဂုဏ်ယူဖွယ် ကဏ္ဍများဖြစ်ပါ၏။

နိုင်နွေဦးတို့အဖွဲ့တွင် နှင်းဆီလေးမပါ။ ခရီးကြမ်း၍ ပင်ပန်းမှာစိုး၍ ထားခဲ့ရသည်။ တောင်ကြီးမြို့တွင် ဒေါ်စောနန္ဒာ၏ မိခင်ရင်းရှိနေပါသေးသည်။ နှင်းဆီလေးသည် သူ့အဘွားနှင့် သူ့သွေးသားရင်းများနှင့် ပျော်မွေ့နေလေပြီ။

နိုင်း၏ ဆော်သြမှုကြောင့် နိုင်နွေဦးကို လိုက်ပို့ခြင်းပါ။ ဒေါ်စောနန္ဒာကလည်း မရောက်တာကြာပြီဖြစ်သော အင်းလေးသို့ လာလို၍ သူညီမဝမ်းကွဲတစ်ယောက် နိုင်းနှင့် နိုင်နွေဦး ဦးရိုးခွန်မိုင်းတို့ ငါးယောက်ပဲရှိပ်တစ်စီးကို သုံးရာငါးဆယ်ပေး၍ စီးခဲ့ရခြင်းဖြစ်ပါ၏။

"မမဦး...ဦးရိုးက လေရှည်တယ်ဗျာ။ နိုင်းနားမှာပဲ နေစမ်းပါ"

"ဪ ခြွေရရနေစမ်းပါ နိုင်းရယ်... မမဦး မမစောနန္ဒာကို ရှက်တယ်ကွယ်"

"သူတို့တွေနားပဲ ကပ်နေ၊ ဝေးနေတော့ ဒီကကောင်က အောင်းမေ့လှပြီဗျ"

"မဝိုနဲ့တူတူသွားနေရတာကို"

နိုင်းက မျက်နှာတကယ် ညိုသွားရှာသည်။ နိုင်းသည် နိုင်နွေဦးကို ရင်ထဲ ထည့်ထားလို့ရရင် ထည့်ထားချင်လောက်အောင်ပင် မခွဲခွာချင်သော မေတ္တာမျိုးဖြင့် ချစ်မြတ်နိုးလှပါကြောင်း နိုင်နွေဦး သိပါသည်။ ကြည်နူးရပါသည်။ မကျေချမ်းသည့် ကိစ္စလေးများတွင် 'ဒီကကောင်' ဆိုသည့် နာမ်စား သုံးပုံလေးက ချစ်စဖွယ်လေးပါ။

ယခု သူ မကျေနပ်မတတ်နိုင်ပါ။ ချော့ချင်လှသော်လည်း အခြေအနေကမပေး၍ အကြည့်လေးများနှင့်သာ နိုင်းကို နှစ်သိမ့်ရပါ၏။

www.burmeseclassic.com

အင်းထဲမှ အပြန်တွင် မဟာရာဇာ ညောင်ရွှေစော်ဘွားကြီး ဆာဗပ်မောင် တည်ထားကိုးကွယ်သော 'ရတနာမာန်အောင်ဘုရား' နှင့် 'ညောင်ရွှေဟော်' ကို ဝင်ကြည့်ကြရန်လည်း အစီအစဉ်ရှိပါ၏။ ဤခရီးကိုဦးဆောင်လာသူ ဦးရီးခွန်မိုင်းက လမ်းလျှောက်လာရင်း ရှင်းပြရှာပါ၏။

ရှမ်းပြည်နယ်မှာ ရှမ်းစကားအသုံးများပြီး ရှမ်းအမျိုးသားတွေက လူများစုဖြစ်လို့သာ ရှမ်းပြည်နယ်လို့ သတ်မှတ်ရပေမယ့် အမှန်မှာတော့ လူမျိုးပေါင်းစုံ ဖွဲ့စည်းနေထိုင်ခဲ့ကြတာပါ။ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ ခနု၊ ပဒေါင်း၊ ယင်းကြား၊ ယင်းနက်နဲ့ ယွန်းအနွယ်ဝင်များ စတဲ့လူမျိုး ၂၇ မျိုးက စည်း လုံး ဆက်သွယ်မှုရှိကြပြီး ဆက်သွယ်မှု ပြတ်လပ်တဲ့ နေရာတွေ မှာ 'အခေါ်'၊ 'အပယ်'၊ 'ခမှူ' စတဲ့ လူမျိုးစုလေးတွေလည်း ဟိုတစ်စု ဒီတစ်စု နေကြတာ ၃၂ မျိုးအထိ ရေတွက်လို့ရပါတယ် မခိုင်ဦး"

"ဩော်... အများကြီးပါလား၊ ဘာသာစကားကတော့ ကွဲပြားမယ်နော်"

"ဟုတ်ပါတယ်။ ကွဲပြားတယ်ဆိုပေမယ့် ရှမ်းဘာသာနဲ့ ရောပြီး ပြောရတဲ့ ဘာသာစကားတွေများပါတယ်"

"ဒါနဲ့ ရှမ်းနာမည်တွေရှေ့မှာ တချို့ကလည်း 'စော'၊ တချို့ကလည်း 'စဝ်'၊ ပြီးတော့ 'ခိုင်း' ဆိုတဲ့ အမည်တွေဟာ ကိုယ်မှည့်ချင်သလို မှည့်ကြတာမျိုးလား"

"မဟုတ်ပါဘူး။ 'စော'ဆိုတာကတော့ 'စဝ်'ကိုခေါ်တာပါ။ 'စော'နဲ့ 'စဝ်'နဲ့ ကြားထဲက အသံထွက်ပေါ့။ အဲဒါကတော့ မင်းမျိုး စော်ဘွားမျိုးတွေရဲ့ ရှေ့ကသာ စဝ် တပ်ခေါ်ရပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ပေါင်းရင် အက်စ်၊ အေ၊ အို (Sao)ပါ"

"ဩော်...ဟုတ်ပါပြီ။ ရှင်းပါပြီ... အရပ်သားတွေကျတော့ရော"

"အရပ်သား မပြောခင် ဦးရီးရဲ့အမည် ခွန်မိုင်းဟာ မွန်ကြီးမတ်ကြီးမျိုးဖြစ်ပါတယ်။ အဲဒီလိုမွန်းမတ်မျိုးနွယ်နာမည်ရဲ့ ရှေ့မှာမှ 'ခွန်' ဆိုတာသုံးရတာပါ"

"ဟာ ဒါဆို ဦးရီးခွန်မိုင်းက မွန်ကြီးမတ်ကြီးမျိုးပေါ့နော်"

"ကြာရောပေါ့ အရင်တုန်းက အမွေအနှစ်လေးတွေပါ ။ ရှမ်းအမျိုး

းအားလုံး အတူတူပါပဲ"

"ဟုတ်ကဲ့ နာမည်အကြောင်းဆက်ပါဦး"

"အဲ... အရပ်သားအခေါ်အဝေါ်ကျတော့၊ ယောကျ်ားလေး ကလေးဝမ်းကို 'အိုက်' ကိုရင်ဝတ်အရွယ်ကို 'ဆန်' 'ဆန်နဲ့' 'ဆွန်'ရဲ့ ကြားထဲက သုံး"

"ဟုတ်ကဲ့ ဆွန်နဲ့စတဲ့ နာမည်ကြားဖူးပါတယ်။ စတီရီယို တေးရေးသူး 'ဆွန်ကျဲအို"

"ဟုတ်မှာပေါ့။ အဲ... လူပျိုဖြစ်လာမှ ဟောဒီက မခိုင်ဦးရဲ့ မောင်ကို ခေါ်သလို ခိုင်း"

"ဟုတ်တယ် မမဦး လူပျိုဆို 'ခိုင်း'... မိန်းမရပြီးရင် 'ခိုင်း"

"ဟုတ်လို့လား ... ဒါဖြင့် ခိုင်း မိန်းမရရင် 'ခိုင်းလွမ်းဝေ' လို့ခေါ်ရမှာလား"

"ဟုတ်တယ်၊ ခေါ်ရဲ့မဟုတ်ဘူး၊ ခိုင်းပေတော့"

"ခိုင်းနော်... လူကြီးတွေကို သက်သက်လိုက်လောင်နေတယ်"

"အခိုင်းခံချင်လှပြီ"

"တော်"

ချစ်မျက်စောင်းလေးများသာ ပေးပြီး ဦးရီးနှင့်အတူ 'ရတနာမာန်အောင်ဘုရား' ပရဝုဏ်တွင်း သို့ ဝင်ရောက်ဖူးမြော်ခဲ့ရပါသည်။ စေတီတွင်းဆင်းတုတော်များနှင့် လက်ရာမြောက်လှသော အနုစိပ် ကနတ်ပန်းနွယ်လေးများကို အင်္ဂတေသစ်သားများပေါ်၌ အထပ်ထပ် အသွယ်သွယ် နုနယ်လေး ထွင်းထုထားပုံမှာ ကြည့်မဝစရာပါ။ မြန်မာ့အနုပညာလက်ရာတော်ယူစရာပါ။ ဘေးပတ်လည်ရှိပြတိုက်တွင် 'ဆာစဝ်မောင်' ၏မြေးစဝ်မြဖုံး' လှူဒါန်းသော ပစ္စည်းများနှင့် အခြားသော စော်ဘွားတို့၏အသုံးအဆောင်များ၊ ဆန်းပြားသောပစ္စည်းများကိုလည်း မြင်တွေ့ကြည့်ရှုခဲ့ရပါသည်။

"ခိုင်းသာ စော်ဘွားကြီးဖြစ်ရင် မမဦးတစ်ယောက်တည်းကိုပဲ၊ မြောက်နှန်း မိဖုရားအဖြစ်နဲ့ မဟာဒေဝီမြောက်မယ်သိရဲ့လား"

ညောင်ရွှေဟော်...ကြီးကို ညွှန်ရှု ခိုင်းက ကပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"တောင်နန်းစံကဘယ်သူတင်မှာမို့ မမဦးကမြောက်နန်းစံ ဖြစ်ရမှာလဲနိုင်းရဲ့"

"စော်ဘွားဆိုတာ မြန်မာဘုရင်နဲ့ဆန့်ကျင်ဘက် ...နေဝင်ဘုရင် မမဦးရဲ့ မြောက်နန်းစံမိဖုရားကသာ မဟာဒေဝီဖြစ်ရတာ၊ ဒီမှာ နိုင်းရဲ့ ဟော်မှာ မံမဦးလွဲပြီး ဘယ်မိန်းမမှ အမှုမထမ်းစေရဘူး သိလား"

"ရှုမ်းမလေးတွေ သိပ်ချောလို့ စိတ်မထိန်းနိုင်ဘဲ စော်ဘွားကြီး အပြတ် ရှိတ်မိမှာစိုးလို့လား"

"ဒီကကောင် ခုတောင် စိတ်မထိန်းနိုင်တော့ဘူးနော် ဟင်း"

"သွားစမ်းပါ"

လူကြီးတွေ မမြင်ကွယ်ရာမှာ နိုင်းခါးကိုဆွဲလိမ်ပြီး တွန်းလွှတ်ရသည်။ မနာအောင်ပါ။

"ဒီဟော်နန်းကြီးကို 'ဆာ' ဘွဲ့ရ စော်ဘွားကြီး 'စဝ်စောမောင်' တည်ဆောက်ခဲ့တာပဲ ဒီဟော်မပြီးမီ နှတ်ထွာစံခဲ့တယ်။ သူက မြန်မာသက္ကရာဇ် '၁၂၅၉' ခုနှစ်က စပြီး အနှစ်သုံးဆယ် အုပ်ချုပ်သွားခဲ့တယ်။ ညောင်ရွှေစော်ဘွားပေါင်း '၃၃' ဆက် အုပ်ချုပ်ခဲ့တဲ့ အနက်မှာ သူက '၃၂' ဆက်မြောက်ပဲ"

"ဟုတ်ကဲ့ ပထမဆုံး အုပ်ချုပ်သူက 'ဆီဆိုင်' နောက်ဆုံးက ညောင်ရွှေစော်ဘွားကြီး 'စဝ်ရွှေသိုက်' လို့ ဟိုမှာ ရေးထားတယ်နော်"

နိုင်နွေဦးက ညီလာခံခန်းမမှ မှတ်တမ်း၊ တင်ထားသော စာတမ်းကို ညွှန်ပြရင်းပြောမိသည်။

ပဒေသရာဇ်တို့ ကြီးစိုးစဉ်က ရှမ်းပြည်နယ်ကြီးတစ်ခုလုံး၏ မွန်မြတ်မှု ဆိုသည့် ရတနာပစ္စည်းအလှအပများစုဝေးရာ 'ဟော်'။

ခုံညားသော ကျွန်းတိုင်ကြီးများ ကြီးမားကျယ်ဝန်းလှသော အဆောက်အဆောင်အခန်းများ၊ မိဖုရားများစွာတို့ နေထိုင် စံစားရာ အခန်းများနဲ့ ဖွဲ့စည်းထားပေသည်။

ကျယ်ဝန်းလှသော မျက်နှာစာ 'ကန်တော့ခံအဆောင်' မှ ထွက်ပြီး 'ပင်လုံစာချုပ်' လက်မှတ်ရေးထိုးရန် စည်းဝေးတိုင်ပင်သည့် ညီလာခံနှစ်ကို ကြည့်ရှုရသည်။ စော်ဘွားကြီးဆာစဝ်မောင်၏ ပန်းချီကားကြီး ဝိုလ်ချုပ်

အောင်ဆန်းနှင့် တိုင်ပင်ဆွေးနွေးခန်းပန်းချီကြီးများကို ချိတ်ဆွဲထားပါ၏။ ဟာဒေဝီမြောက်နန်း မိဖုရားဆောင်မှ အထက်သုံးထပ်တွင် ဥပုသ်စောင့်သည့် ဘုရားကန်တော့ဆောင်ကိုပါ မြင်ရပါ၏။ ယခု ဤ 'ဟော်' ကြီးကို ဝန်ဆိုင်ရာမှ ဂရုဘရိုက်ပြုပြင် ထိန်းသိမ်းနေကြပါသည်။

နောင်လာ နောက်သား တိုင်းရင်းသားများ အနေနှင့် မဖျက်မစီးရန် အထူးဂရုစိုက်၍ ထိန်းသိမ်းထားသင့်လှပါသည်ဟု နိုင်နွေဦး တွေးမိတာပါသည်။

"အဘိုးကြီး လေရှည်နေတာနဲ့ ဒီကကောင် အခန်းတောင် မရောက်တော့ဘူး"

"ဩော်... ရှမ်းပြည်နယ် မရောက်ဖူးတဲ့ မမဦးကို ဇာတ်သုတ်ဖြစ်ဖို့ ပြောပြနေတာ၊ နိုင်း ဒီလိုမလုပ်နဲ့ကွယ် ရိပ်မိကုန်ကြလိမ့်မယ်"

"ရိပ်မိပစေ...နိုင်းနဲ့ နှစ်ယောက်တည်း လာလည်မလို့ဟာ အလကားကောက်လာကြတယ် အမွှိက်တွေ"

"ဟဲ့ နိုင်း..."

"ဟုတ်တယ်... မမဦးနဲ့ ပြောစရာတွေ ဆွေးနွေးစရာတွေ ရှိသေးတယ်။ ဒီက ပြန်ရင် အိမ်မဝင်သေးဘူးနော်"

"အို... ဘယ်ဖြစ်မလဲ နှင်းဆီတာဝန်က ရှိသေးတယ်။ လက်နာကျသွားပြီပဲ မမဦး ထိန်းပေးဦးမှပေါ့ နိုင်းရဲ့"

"မရဘူးဟာ... နိုင်းရဲ့ ဘော်ဒါနှစ်ယောက်ကို တောင်လေးလုံးကွာမှာ ခေါ်ပြီး နိုင်းတို့ ဆက်လိမ့်ကြမယ်... မမေမေတို့ကို ထားခဲ့မယ်"

"အို ... ဘယ်ဖြစ်မှာလဲနိုင်း"

"သိပ်ဖြစ်ပေါ့ အချစ်ရဲ့"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ဇပေရယ်(လ်)× ခရမ်းပြာရောင်ပွင့်လေးတွေ××
မြေပေါ်မှာ ပြန့်လိုက်နေ××
နူတ်ဆက်တဲ့ အနမ်း××
အလွမ်းတေး မျက်ရည်××
တရေးရေး နိုးကြားလာချိန်မယ်××
ဟောဒီ နွေပဲ××

"နိုင်းရဲ့ ဘော်ဒါ နှစ်ပွေ... နိုင်းဆိုင်မောင်ရဲ့ သီချင်း ဟစ်နေကြပြီ"

"မမဦး ရွာက်တယ်ကွယ်"

"နိုင်းရဲ့ ဘော်ဒါတွေပဲ... ဝိုင်ပါတယ်"

"ရည်းစားစကားချိန်းပြောတာ ဂိတာကြိုးတီးနေတော့ မလွန်ဘူးလား ...လို့"

"မလွန်ပါဘူး၊ နိုင်းတို့ မောမြေက ချစ်သူလေးတွေဆိုရင် ခွင့်လွှတ်တတ်... စာနာတတ်ကြပါတယ်၊ နိုင်းတို့လို အတွဲတွေ ပြည့်လို့ပါ မမဦးရဲ့"

"ဩော်... မမဦးရဲ့ အမြစ်က ချစ်သူနဲ့ ပျော်ဖော်ရွှင်လွင် ချိန်းတွေ့နိုင်တဲ့ ကျောင်းသူလေးတွေရဲ့ လွပ်လပ်မှုမျိုးမှ မရှိနိုင်တာပဲ နိုင်းရယ်"

"ဒါတွေမပြောနဲ့ မမဦးရာ၊ နိုင်းသူငယ်ချင်းတွေ ဆိုနေတဲ့ တေးကကောင်းတယ်နော်... မမဦး"

"ဟုတ်တယ် ... မမဦးလည်း ကြိုက်ပါတယ်။ ဟိုရှေ့မှာ ကြည့်စမ်းပါဦး နိုင်းရယ်... စိန်ပန်းပြောလေးတွေ ကြေနေလိုက်တာ မြေမှာ ခရမ်းပြာရောင်လေး ခြယ်ထားသလိုပဲနော်၊ စိန်ပန်းပြာရယ်... ချယ်ရီရယ်... ငှပန်းရောင်ရယ်... ပြီးတော့ ထင်းရှူးနဲ့ ပင်စိမ်းပင် ပုပုဝိုင်းဝိုင်းလေးတွေဟာ ဒီမောရှမ်းမြေရဲ့ အလှတန်ဆောင်လေးတွေပါပဲလား နိုင်းရယ်"

"အလှကို မြင်တတ်တဲ့ ချစ်မမဦးရယ်... နိုင်းရော မလှဘူးလား ... ဟင်"

"ချစ်သူရဲ့ မျက်နှာဟာ အရာအားလုံးထက် အလှဆုံးပဲပေါ့ နိုင်းရယ်"

"သိပ်ဟုတ်တာပဲ မမဦး၊ ဒီနေ့ မမဦး သိပ်လှတယ်ဗျာ၊ ခရမ်းပြာရောင်လေး ဆင်တူနဲ့ မောင် ကြည့်မဝတဲ့ နိုင်းရဲ့ ချစ်မမဦး"

"နိုင်းရဲ့ ချစ်မမဦးတဲ့လား"

အခန်း (၇)

တစ်ခ်ျိန်က လွမ်းစေတီကို ငုံ၍ ပြန်လည်တည်ထားသော ဆုတောင်းပြည့် ဘုရားတွင် နိုင်နွေဦးတို့ ချစ်ဆုပန်ခြွေနေမိကြသည်။

တောင်ပေါ်မြို့၏ တောင်ထွဋ် တစ်ခုပေါ်မှို့ လတ်ဆတ်သန့်ရှင်းလွန်းသော လေက နိုင်နွေဦး၏ ဆယ်ဦးစလေးများ လည်စီးပဝါလေးနှင့် ထိုအနားစလေးများကို တဖျတ်ဖျတ် လှုးလွှင့်နေစေသည်။

နိုင်း၏ ဆံပင်ရှည် သွယ်သွယ်လေးများနှင့် ကားနေသော ဘောင်းဘီထိပ်များမှာသည်လည်း လေကြောင့် လွှင့်မျောလွှက်ပါ။ နိုင်း၏ ဝါရင်သော အသားရောင်နှင့် အဝါရောင်ကွက်ကင်၊ အညိုရင့်ရောင် ဘောင်းဘီတို့က လိုက်ဖက်လှသည်။ ရှည်သွယ်မြင့်မတ်သော အရပ်နှင့် ကြည့်လဲ့သော မျက်လုံးများဖြင့် နိုင်းက ဝိုလှနေသည်ဟု နိုင်နွေဦး ထင်မိသည်။

နိုင်နွေဦးသည်လည်း ခရမ်းပြာရောင် ဝတ်စုံဆင်တူနှင့် နှစ်ရွှေလေးလှနေပါ၏။

ချစ်သူ နှစ်ဦးလုံး အနာဂတ်ကို ဖျောက်ထားကြရသည်။ လက်ရှိဇာတ်တွင် ပျော်မွေ့မှုလေးများကို အနာဂတ်မှိုင်းဖြင့် မည်စွန်းစေချင်၍ပါ။

နိုင်းက တက်ကြွနေသော်လည်း နိုင်နွေဦးအဖို့ ပန်းမိသော ဆုများကို ပင် အားမရိုမိပါ။ ပြည့်နိုင်ပါ့မလား ဟူသော သံသယများဖြင့် ဝမ်းတွာဦးချုပ်မှ ဘုရားရင်ပြင်ဆီသို့ လာခဲ့ရသည်။

ရင်ခုန်သံလေး×× အသည်းနွေးနွေးမှာ××
တမြည်းမြည်း××နိုးကြားလာချိန်မယ်××
ဟောဒီ နွေပဲ××

www.burmeseclassic.com

"ဟုတ်တယ်၊ အချစ်ဆုံး အချစ်ဦး ... အချစ်ဦး... မမဦး ပါတဲ့ဗျာ... ဟော... သီချင်းသံကို နားထောင်စမ်း ... မမဦး။ ဧပရယ်(လ်) ခရမ်းပြာ ရောင်ပွင့်လေးတွေ မြေပေါ်မှာ ပြန့်လို့ကျဲနေ... တဲ့၊ ပြီးတော့ နှုတ်ဆက်တဲ့ အနမ်း... နှုတ်ဆက်တဲ့ အနမ်း"

"ဖောက်လာပြီ... သွား"

"မပေးဘူးလား"

"အနမ်းကိုတော့ လက်ဆောင်မကမ်းနိုင်ဘူး နိုင်း၊ ဒါပေမဲ့ နှုတ်ဆက်ကြရမှာတော့ အမှန်ပဲ"

"နိုင်း မမဦးကို ဘာပြောထားလဲ"

"ဘယ်နယ်လုပ်မလဲ နိုင်း"

"ဘယ်နယ်မှ မလုပ်နဲ့၊ မမဦး မပြန်ရဘူးလို့ နိုင်းပြောထားပြီးပြီ၊ ဒါပဲ ပြန်ရဲရင်ပြန် ၊ ပြဿနာတက်မှာပဲ၊ နိုင်း မမဦးကို လုံးဝမခွဲနိုင်တော့ဘူး"

"ဒီလိုဇွတ်လုပ်လို့ဖြစ်မလား နိုင်း၊ မမဦး ရန်ကုန်မပြန်ဘဲ နေလို့ရော ဖြစ်မလား"

"ပြန်လို့ မဖြစ်ရင် ပြန်လေ၊ နိုင်းလည်း လိုက်ခဲ့ပါမယ်ဆိုမှ..."

"ဒီမှာ လုပ်ငန်းကိုင်ငန်းလုပ်ကြဖို့ ဦးရီးခွန်မိုင်းနဲ့ စီစဉ်ကြပြီးမှပဲ နိုင်းရယ်၊ နိုင်းပြန်လိုက်လို့ ဘယ်ဖြစ်မှာလဲ၊ ပြီးတော့ နိုင်း ဟိုမှာနေရတာလည်း မျက်နှာငယ်လှပါတယ်လေ"

"ဒါဖြင့် နိုင်းဘာလုပ်ရမှာလဲ မမဦးရဲ့"

"မွဲရုံနဲ့ ဖိုက်ပျိုးရေး လုပ်ငန်းကို ဦးရီးခွန်မိုင်းနဲ့ တွဲလုပ်ပေါ့နိုင်း"

"မမဦးက ပြန်မယ်လား"

"မပြန်ချင်ပါဘူး။ ဒါပေမဲ့ ပြန်ရမယ်"

"ဒါဖြင့် ဘယ်တော့ပြန်လာမှာလဲ"

"ရန်ကုန် ပြန်ပြီးရင် ကနီ ပြန်တော့မယ်၊ မမဦး ကိစ္စကို ဘယ်လို ဆက်ပြီး ဆောင်ရွက်ရမယ်ဆိုတာတောင် မတွေးတတ်နိုင်အောင်ပါပဲ နိုင်းရယ်...။ ပြီးတော့ မေမေနဲ့ တွေ့ပြီးရင်လည်း နိုင်းဆီကို ပြန်လာနိုင်ဖို့ အတော် ကြိုးစားရလိမ့်ဦးမယ်။ လွယ်တော့ မလွယ်လှဘူးလေ"

ခိုင်နွေဦး စကားဆုံးသည်နှင့် နိုင်းက ဆတ်ခနဲ ထိုင်ရာမှ ထလိုက်

သည်။ တောင်စောင်းထိပ်မှ စိန်ပန်းပြာ ပင်စည်ကို လက်တစ်ဖက်ဖြင့် ထောက်ကန်ထားပြီး လက်တစ်ဖက်က ခါးထောက်ထားသည်။ ခြေတစ်ဖက်ကို ညွတ်ခွေလျက် ခေါင်းငုံ့နေသောနိုင်း။

"မမဦးကို စိတ်ဆိုးသွားတယ်လားနိုင်း"

သူလက်မောင်းကလေးကို ကိုင်တွယ်၍ မေးမိသော်လည်း နိုင်းက လှည့်မကြည့်တော့။ ခဏကြာသည့်တိုင် လှည့်ကြည့်မလာနိုင်ပါ၍...

"မဆိုးပါနဲ့ကွာ ... မမဦးကို လှည့်ကြည့်ပါဦး"

သူမျက်နှာစာဘက်ကို သွား၍ မရနိုင်သဖြင့် နိုင်း၏ ပခုံးကို ခိုင်နွေဦး ဆွဲလှည့်ယူလိုက်ရသည်။

"အို... နိုင်းရယ်"

နှလုံးသားပေါ်သို့ အရှိန်ပြင်းသော နာကျင်စေမှုတစ်ခု ကျရောက်လာသလိုပါ။

"နိုင်း ငိုနေပါလား"

ယင်းအသိဖြင့် နိုင်းကို ထိုင်စေရသည်။ မျက်ရည်စီးကြောင်းများကို တို့သုတ်ပေးမိသည်။

"မမဦးနဲ့ပတ်သက်ပြီး နိုင်း ဒီလောက်တောင် လှုပ်ရှားတယ်လားကွယ်"

"မမဦးရယ်... နိုင်းကိုခွဲမသွားပါနဲ့"

"နိုင်း... မမဦးရဲ့ မောင်လေးရယ်"

ဖက်တွယ်မိကြသည်။ နိုင်း၏ မျက်ရည်စီးများသည် ခိုင်နွေဦး၏ ပါးပြင်သို့ စိုလူးရလေပြီ။

"မမဦးတို့နှစ်ယောက် အမြန်ဆုံးနီးရအောင် အကောင်းဆုံးနည်းလမ်းကို ရှာကြံကြရအောင်ပါနော် နိုင်း"

"မမဦး"

"ဟင်"

"နိုင်းကို နှစ်သိမ့်ပြီး မမဦးပြန်သွားမှာပဲမဟုတ်လား ဟင်"

"ဩော်... နိုင်းရယ်၊ မင်းလေး မျက်ရည်ကျတာကို မမဦး ခံနိုင်ရည် မရှိတော့လောက်အောင်ပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် မမဦးမပြန်နဲ့တော့နော်"

စိုင်းဇော်မျက်နှာနနုလေးကို ခိုင်နွေဦးကြည့်မိသည်။ မျက်ရည်လှယ်သော ကောင်လေးတစ်ယောက်အဖြစ်နှင့် ခိုင်နွေဦး မမြင်ရက်ပါ။ သူဘဝတွင် မိခင်ဆိုသည်ကိုလည်း စိတ်နှာစိတ်ဖြင့် ချစ်ခဲ့ရဟန်သည်။ ပထွေးဇော်အသိုင်းအဝန်းတွင်း၌ မေတ္တာရည် ငတ်မွတ်ခဲ့ရသူ စိုင်းပါ။

ခိုင်နွေဦးနှင့် ကြုံတွေ့လာရချိန်တွင် ခိုင်နွေဦးက မောင်လေးအရင်းအထင်ဖြင့် ချစ်ကြင်နာမှုများစွာကို ပေးဆက်မိသည်။ စိုင်းအဖို့ အသက်နှင့်အမျှ မရဖူးခဲ့ရဟန်သော မေတ္တာမျိုးကို ခိုင်နွေဦးထံမှ ရရှိလာခဲ့ရ၍ မမဦးဆိုသော မိန်းမသားတစ်ယောက်ကို အစွဲကြီးစွဲလမ်း မိရဟန်သည်။

ခိုင်နွေဦး၏အချစ်ကို ဖြုံပိုင်ဆိုင်ခွင့်ရသည့်နေ့က မှတ်တမ်းတင်နိုင်ခြင်းထက် ဟိမဝန္တာရောက်အောင် သူပျော်ခဲ့ရဟန်သည်ကို ခိုင်နွေဦးအမြင်။ ယခု သူမျက်ရည်ကျနေသည်မှာ တကယ်ခံစားနေရဟန်သည်ဟု ခိုင်နွေဦး ယုံမှတ်မိလေ ရင်နာရလေပါ။

"နော်... မမဦး၊ မပြန်တော့ဘူးမဟုတ်လား၊ဟင်"

မျှော်လင့်ခြင်းကြီးစွာဖြင့် ခိုင်နွေဦးမျက်နှာကို မော့ကြည့်ရင်း မေးရာသည်။

"စိုင်း... မောင်လေး"

"မမဦးရဲ့ အဖြေကို စိုင်းစောင့်နေပါတယ်"

"မမဦးရဲ့ ဘဝမှာ ငဲ့ညာရမယ့် မေမေဟာ ရှိမနေဘူးဆိုရင် စိုင်းဆန္ဒအားလုံးကို ပေးဆပ် ဖြည့်စွမ်းပေးလိုက်ချင်ပါရဲ့ကွယ်။ စိုင်း ဝိုတာကို မမဦး မကြည့်ရက်ပါဘူး၊ ဒါပေမဲ့ မမဦးရဲ့ ဘဝမှာ ငဲ့ညာစရာလူ တစ်ဦးရှိနေသေး လို့ပါ၊ မမဦးအချစ်ရယ်ကွယ်"

"စိုင်းဝိုနေတာကို မကြည့်ရက်ဘူးလည်း ဆိုသေးတယ်၊ စိုင်းထက် ဝိုပြီး ငဲ့ညာရမယ့်သူဆီကို ပြန်တော့မှာမဟုတ်လား မမဦး၊ စိုင်းကတော့ မမဦးထက် အရေးကြီးတဲ့သူ။ ချစ်မေတ္တာ ဝိုကဲစရာကိစ္စ ဘာမှ မရှိပါဘူး ဗျာ။ နောက်ဆုံးတော့ မမဦးရယ်၊ စိုင်းဘဝရဲ့ စိတ်ချမ်းသာမှု မချမ်းသာမှု ဆိုတာ မမဦးပေါ်မှာ မူတည်နေပါတယ်။ စိုင်းကို သိပ်ပြီး ကြိုးစားစေချင်တယ်။ တိုးတက်စေချင်တယ်ဆိုတဲ့ မမဦးရဲ့ ဆုံးဖြတ်မှုဟာ စိုင်းဘဝရဲ့ အဖြေပါ"

ချစ်ဦးသူနှစ်ယောက်၏ ချစ်ခရီး ပထမပိုင်းနွေရက်များတွင် ရင်ပန်းစရာများ၊ မျက်ရည်စများဖြင့် မမဲ့စည်းစကောင်းသော အရာများပါ။

"စိုင်း... မမဦးရဲ့ မောင်လေးစိုင်း၊ ဒီမှာ ဒီဘက် လှည့်စမ်းပါဦး"

"စိုင်းမျက်ရည်စကို မမဦးမမြင်ရက်ဘူးဆို"

"ကဲပါ... ဒီမှာ မမဦး ဆုံးဖြတ်တာကို နားထောင်စမ်းပါဦး"

"ပြောပါ မမဦး၊ စိုင်းနားထောင်နေပါတယ်"

"မမဦးလည်း စိုင်းလိုပဲ။ စိုင်းကိုမခွဲချင်ပါဘူး... မခွဲနိုင်ပါဘူး၊ ဒါပေမဲ့..."

"ဒါပေမဲ့ ပြန်သွားမှာမဟုတ်လား"

"ဒီလိုပါစိုင်း... မမဦး မေမေ့ဆီ မပြန်လို့ ဘယ်နည်းနဲ့မှ မဖြစ်လို့ပါကွယ်။ ဓတ္တာမြို့ရဲ့ ကိစ္စတွေကို ချန်လှပ်လိုက်လို့ ရပါတယ်။ မေမေ့ဆီကိုတော့ ပြန်ဦးမှဖြစ်မယ်။ မေမေဟာ ချစ်မေတ္တာတရားအကြောင်းကို နားလည်ပြီးသား အမျိုးသမီးမို့ မမဦးတို့ရဲ့ အဖြစ်ကို စာနာခွင့်လွှတ်မှာပါ။ စိုင်းနဲ့ မမဦးတို့ရဲ့ ချစ်နေခြင်းကိုလည်း မေမေ ကြည့်ဖြူလာအောင် ရအောင် မမဦး ပြောခဲ့ပါ့မယ်"

"အဲဒီလိုပြောပြီးရင်..."

"မမဦး ပြန်လာခဲ့ပါ့မယ်"

"ဟာ ...တကယ်"

စိုင်း ပြုံးသွားပုံလေးက ရင်နွေးစရာကောင်းလှပါသည်။

"စိုင်းကို မမဦး တစ်ဆက်တည်း တောင်းပန်ပါရစေ"

"ဘာများလဲ မမဦးရဲ့"

"မမဦးရဲ့ မေမေဟာ သူဘဝမှာ မမဦးကိုပဲ တွယ်တာ မှီခိုစရာရှိပါတယ် စိုင်း၊ ဒါကြောင့် မမဦးနဲ့ စိုင်းနဲ့တူတူ နေကြပြီးရင် မေမေ့ကို ခေါ်ထားပါရစေ။ မေမေ့အတွက် စိုင်းတာဝန် မကြီးစေရပါဘူး။ မမဦးကိုယ်တိုင်လည်း အလုပ်တစ်ခုခု လုပ်ပါ့မယ်နော်"

"အမလေး မမဦးရယ်၊ တကယ်...တကယ် မမဦး ပြန်လာမှာလား၊ စိုင်းဆီ တကယ်လာနေမှာလား၊ဟင်"

"ပြောပြီးကော... မေမေ့ကိုပါ စိုင်း ကြည့်ဖြူနိုင်မယ် ဆိုရင်တော့"

www.burmeseclassic.com

www.burmeseclassic.com

"မမဦးအမေ ပါမလာရင်တောင် ဦးကလိုက်မခေါ်လို့ကို မဖြစ်ဘူး၊ မမဦးရေ"

"အံမယ်"

"တကယ်... ဦးတို့ ကလေးတွေ တစ်ပြုံကြီး မွေးလာရင် ယောကျ်မကြီးကိုပဲ ထိန်းခိုင်းရမှာ။ ဒါမှ ဦးနဲ့ မမဦးတို့ လွတ်လွတ်လပ်လပ်"

"သွား... မဟုတ်တာတွေ သိပ်ပြောတာပဲ"

"ဒီထက်ဟုတ်ရဦးမလား၊ ကလေးရရင်"

"ဦး တော်တော့၊ ကြည့် ခုတော့လည်း ပြုံးဖြဲဖြဲနဲ့၊ ငိုပါဦးလား ခုနလို"

"ရွေရတဲ့ မျက်နှာလေ"

သူမျက်နှာကို လက်ညှိုးညွှန်၍ ဦးကပြောသည်။

"မွှေရတဲ့ မျက်နှာလို့သာ ကြားဖူးပါတယ်"

"မြိုက ရွေလောက်မှ အဖိုးမတန်ပဲ။ ဒီကကောင်က ရွေထက်မက အဖိုးတန်တဲ့ ရတနာတွေ ရနေပြီလေဗျာ၊ ညော်... ဒီမှာ မမဦး"

"အင်း"

"မေမေ သန်ဘက်ခါ ပြန်တော့မှာတဲ့"

"ဟုတ်တုယ်လေ"

"ဒါဆို စန်းဒေး... စန်းဒေးသွား... မန်းဒေး ၊ ကျုံစဒေး၊ ဝက်နက်စဒေး"

ဦးက ဆက်လက် ရေတွက်ပြီး စနေတွင် အဆုံးသတ်၍ လက်ခုန်ခြေချောင်း ချိုးထားရင်း၊

"ဒါဆို ခုနစ်ရက်ကြာမှ မမဦး ဦးဆီ ပြန်ရောက်လာနိုင်မယ်။ အကြာကြီး ပါလား မမဦးရယ်"

ခိုင်ရွှေဦး ရယ်မောမိသည်။

"ညော် ဦးရယ်၊ တကယ့် ကလေးတွက်ကို တွက်နေတာပါပဲလား။ ရန်ကုန်ကနေ ကနီနဲ့ အသွားအပြန်က ငါးရက်၊ ရှမ်းပြည်နယ်နဲ့ ရန်ကုန်က ခုနစ်ရက်တဲ့။ ခက်ပါလား။"

"လေယာဉ်ပျံနဲ့ ပြန်ခဲ့ပါ မမဦး"

"ကနီရောက်ပါပြီတဲ့ အမေရေ... ယောကျ်ားယူဖို့ ပြန်လိုက်ဦးမယ်လို့ ပြောပြီး ပြန်ချလာလို့ ဖြစ်မလား ဦးရယ်... ဆွေးနွေး တိုင်ပင်ဦးမှပေါ့။ ရန်ကုန် ရောက်ရောက်ချင်းလည်း ပြန်ထွက်လို့ မရသေးပါဘူး"

"ဒါဖြင့် ဘယ်လောက်တောင် စောင့်ရမှာလဲ"

"သုံးလလောက်ပေါ့"

"ဒါဖြင့် ခုကို မပြန်ရဘူးဗျာ ကဲ..."

"အို... ဦး"

ရုန်းမထွက်နိုင်သော ချုပ်ကိုင်မှုများဖြင့် ဦး၏ ရင်ခွင်ရောက် ခိုင်နွေဦး။

"ဦး... မဆိုးနဲ့ကွာ၊ ကဲ ဘယ်လောက် နေရမှာလဲ ပြော"

"ခုနစ်ရက်ပါဆို"

"ရမလား... မဟုတ်နိုင်တာတွေ"

"ဒါဖြင့် အကောင်းပြော၊ သုံးလ ကြာရအောင် နိုင်ငံခြား သွားတာမှ မဟုတ်တာ"

"ကဲ...ကဲ ... တစ်လ...တစ်လ"

"ကြာတယ်ဗျာ မရဘူး"

"ဒီလောက်အချိန်မရဘဲနဲ့တော့ မမဦး ဦးဆီကိုပြန်လာဖို့ စီစဉ်ချိန် တယ်ရှိပုံမလဲကွယ်၊ မမဦး ဦးကို ညာပြီးတော့လည်း မသွားချင်ဘူး"

"တကယ်မညာနဲ့နော်၊ မမဦး တကယ် ပြန်လာမှာလား ဟင်..."

"မမဦး ကတိတည်ပါတယ်ဦး၊ ပြီးတော့ မမဦးကိုယ်တိုင်လည်း ဦးကို သိပ်ချစ်ပါတယ်ကွယ်။ ကြာရှည်ခွဲမနေနိုင်ပါဘူး"

"မမဦး... ဦးအချစ် မမဦးရယ်၊ ဦးကို အကြာကြီး ခွဲမသွားပါနဲ့နော်"

"တစ်သက်တာ အတူနေရဖို့ တစ်လလောက်တော့ သည်းခံစောင့်နေပါ မောင်လေး"

"စိတ်ထဲမှာ တစ်လဆိုတာ အကြာကြီးပဲလို့ ထင်နေမိတယ် မမဦးရယ်။ ဒါပေမဲ့ မမဦးပြောသလို တစ်သက်တာ အတူနေရမှာ ဆိုတော့လည်း ဒီလိုတဲ့ ဦး သည်းခံစောင့်ရမှာပဲပေါ့။ ဒါပေမဲ့ စက္ကန့်တိုင်း ဦးရင်ထဲမှာ မမဦးကို မျှော်နေမိမှာပါ အချစ်ရယ်။ ဦးအဖြစ်ကို စာနာငဲ့ ညှာပြီး မမဦး တစ်လကြာရင် ဆက်ဆက် ပြန်လာပါနော်"

www.burmeseclassic.com

www.burmeseclassic.com

နိုင်း၏ လက်ခံလေးကို နှုတ်ခမ်းဖြင့် ငုံမွှေးရင်း နိုင်နွေဦး ခေါင်းညိတ်ပြမိသည်။

ဝေးဝေးဆီမှ နိုင်း၏ သူငယ်ချင်းများသည်...

× မပြန်နဲ့ဦး×× မပြန်နဲ့ဦးကွယ်× နေပါဦးလို့ ×× မပြောတောင်မှ ×× နားလည်တယ်×

ကိုယ်လည်း ဘယ်ခွဲရက်မှာလဲ × × တွေ့မြင်ချစ်စ အချိန်မှာ× ပြန်ခါသွားရင်×× ခုလို ×× နောက်တစ်ခါ မတွေ့မှာ×× ကိုနိုးတယ်× နေချင်ပေမယ့်လည်းကွယ်××

မနေနိုင်တော့ဘူး× အချစ်ရယ်××

× × × ×

ဖက်တွယ်ထားကြသော ချစ်ဦးသူနှစ်ယောက်၏ ကိုယ်ပေါ်သို့ စိန်ပန်းပြာပွင့်ကြွေလေးများက နူတ်ဆက်သော အနမ်းလေးများဖြင့် ထိတွေ့လာကြသည်။

စိမ့်မြသော မောမြေမြှင့်၏ လေးနှအေးသည် ချစ်သူနှစ်ဦး ကြားမှ ဖြတ်သန်းသွားနိုင်ခဲ့၊ ကွေ့ဝိုက်လျှက် ဆက်လက်ခရီးနှင်ရသည်။

နှုတ်ဆက်တဲ့အနမ်း၊ အလွမ်းတေးသံလေးများနဲ့ ချစ်သူတို့ရဲ့ မျက်ရည်စက်လေးများသည် ခရမ်းပြာရောင်ပွင့်ကြွေတောမှာ ရောနှောယှက်ထွေးခဲ့ရသော မောမြေမြှင့်၏ ဆည်းဆာဦး နေ့လေးတစ်နေ့။

× × × ×

အခန်း (၈)

"နိုင်း... မင်းတို့ တောင်ပေါ်မှာ စကားပြောနေကြတုန်းက ဘဲနှစ်ကြိမ်လောင်လည်လည်နဲ့ ရောက်လာတယ်၊ မင်းတို့ကိုပဲ ရှုနေလို့၊ တို့က ဖိုက်မယ့်ပုံပြမှ ဖြုန်းသွားကြတယ်... ဆင်းပြေးရော"

အောင်ပွဲခံ အပြန်လမ်းမို့ အားလုံး ရှင်ပြုံးနေကြဆဲ နိုင်း၏ သူငယ်ချင်း 'နိုင်းမြတ်တည်'၏ စကားကို အားလုံးက ပေါ်ပေါ်တင် သဘောထား၍ ရယ်မောကြသော်လည်း ခိုင်နွေဦး မရယ်နိုင်ခဲ့။

"နိုင်း"

နိုင်နွေဦး၏ပခုံးကို ဖက်လျက် တောင်ခြေသို့ ဆင်းသက်လာသော နိုင်းကို နိုင်နွေဦးက တိုးတိုးလေးခေါ်ရင်း မော့ကြည့်မိသည်။

"သိပ်ချစ်တာပဲ မမဦးရယ်"

"နေစမ်းပါဦး...၊ စောစောက ရောက်လာတယ်ဆိုတဲ့ လူနှစ်ယောက်ဟာ မမဦးကို အန္တရာယ်ပေးဖို့များ ထပ်ပြီး ရောက်လာကြတာလားဟင်"

"မဖြစ်နိုင်ပါဘူး၊ ခုတွဲတွေကို ထမင်းထုပ်နဲ့လိုက်ချောင်းတဲ့ ကောင်တွေ ပြည့်လို့ပါ၊ ဘာမှ ကြောက်စရာမလိုဘူး၊ နိုင်းရဲ့ ဘော်ဒါတွေ အများကြီး ပါပါတယ်"

"မဟုတ်သေးဘူး နိုင်း... ဒီမောမြေမှာ တစ်ခုတစ်ယောက်ရဲ့ ဆန္ဒနဲ့ မမဦးကို အန္တရာယ်ပေးကြမယ့် လူတစ်စုတော့ရှိနေပြီ နိုင်း"

"အရင် သေနတ်ပစ်ခံရတာ မတော်တဆ တိုက်ဆိုင်မှုသာဖြစ်မှာပါ မမဦးရယ် ဒီလောက်လှတဲ့ မမဦးလိုမိန်းမကို အသိညဏ်ရှိတဲ့ သတ္တဝါဆိုရင် အန္တရာယ် ပေးရက်မှာ မဟုတ်ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပေးမှာနဲ့ လုတာနဲ့ ဘာဆိုင်လို့လဲ နိုင်းရယ်၊ ဒီမှာ မမဦးတွေ၊ မိလာတာရှိတယ်။ နိုင်းနဲ့ မမဦးနဲ့ ချစ်နေကြတာကို မကျေနပ်တဲ့ အသိုင်း၊ အဝိုင်း ရှိနေပါပြီ နိုင်းရဲ့၊ ထပ်ပြီးစဉ်းစားစမ်းပါဦး။ နိုင်းက အမွေ တွေရလာမယ့် မြေပိုင်ရှင်ကြီးဆို"

"အဲဒါ မဖြစ်နိုင်ပါဘူး ဆိုမှ မမဦးကလည်း နိုင်းက တောင်ကြီးသားဆိုပေမယ့် ရန်ကုန်မှာ အနေများတာ မမဦးလည်း အသိပဲ။ ကျောင်းပိတ်မှသာ ဦးရီးခွန်မိုင်း မှာလွှန်းလို့ ပြန်ပြန်လာတာ"

"ဦးရီးခွန်မိုင်း..."

နိုင်နွေဦး နှုတ်မှရေရွတ်လိုက်မိခြင်း ဖြစ်ပါ၏။ နိုင်နွေဦးတို့သည် ရပ်တော်မူဘုရားကြီးဘေးမှ ပတ်ကွေ့၍ ဆင်းလာခဲ့ကြသည်။ သစ်တော်ပင်၊ ထင်းရှူးနှင့် စိန်ပန်းပြာပင်များ၏ အရိပ်အောက်တွင် တော စံပယ်ပင်လေးများက ပွင့်ဝေနေကြသည်။

ဘုရားပရဝုဏ်မှ ဆရာတော်က 'မနုတ်လဲရ' ဟု အဓိန့်ထုတ်ထား၊ သော ကသစ်ပင်များကြောင့်လည်း တောင်၏ အလှက ပိုမို၍ ဝင့်ထည်ပေပါ၏။

အောက်ခြေများတွင် မြန်မာ့ သွေးချင်းတို့၏ ဇာတိမာန်ကို ရွှဲရွှဲစို့ဆွဲပြခဲ့သော 'ဝန်းသိစော်ဘွားကြီး ဦးအောင်မြတ်၏ အုတ်ဂူ' ကိုမြင်ရသည်။ တဲအိမ်များနှင့် နီးစပ်လွန်းနေ၍ သည်ထက်ပိုပြီး ထိုက်တန်သော ဗိမာန်လေး တစ်ခုနှင့် ဂုဏ်ပြုထားအပ်လှပါသည်ဟု စိတ်ညစ်လာသော နိုင်နွေဦးက ကြားဖြတ်တွေးလိုက်မိပါသေးသည်။

"ဦးရီးခွန်မိုင်းဆိုပြီး မမဦး ဘာဖြတ်ပြောမလို့လဲလို့ နိုင်း စောင့်နေတာ"

"ဟုတ်ပါရဲ့၊ မမဦးပြောမလို့၊ အတွေးတွေက လွှင့်ပြန်သွားမိလို့ပါ။ ဒီမှာနိုင်း၊ ဦးရီးခွန်မိုင်းဟာ သေဆုံးသွားတဲ့ နိုင်းရဲ့ ဖေဖေ 'ဦးခွန်တုန်း' ရဲ့ အစ်ကိုအရင်းဟုတ်ရဲ့လား"

"ဟုတ်ပါတယ်မမဦးရဲ့၊ သူတို့ညီအစ်ကိုအရင်း နှစ်ယောက်တည်း ရှိကြတာ"

"ခု နိုင်းရမယ့် မြေအမွေဆိုတာက သူတို့ညီအစ်ကိုဝိုင်လားဟင်"

"မဟုတ်ဘူး မမဦးရဲ့၊ နိုင်းရဲ့အဖေက ငွေရှာ သိပ်တော်တာ။ ပွဲရုံတွေ၊ ခြံတွေ၊ မြေတွေ ပိုင်အောင် လုပ်နိုင်တယ်။ ဦးရီးခွန်မိုင်းက နောက်ခံ ကူညီပေးရုံပဲ။ သူ့ကိုလခနဲ့ ထားတာ၊ နောက်တော့ ဖေဖေက တောသွားတယ်၊ ကျဆုံးတယ်လို့ သတင်းကြားရတယ်။ မေမေက နောက် အိမ်ထောင် ပြုတော့ ဖေဖေ့ဆန္ဒအတိုင်း ဒီအမွေတွေကို နိုင်းအတွက် ဦးရီးခွန်မိုင်းက ထိန်းပေးထားရတာ"

"မမဦး ရှင်းရှင်းပဲမေးပါရစေတော့နိုင်း"

"မေးပါ မမဦးရဲ့"

"အဲဒီ အမွေတွေလွဲပေးရမှာကို ဦးရီးခွန်မိုင်းက ကျေကျေနပ်နပ် ရှိရဲ့လားဟင်"

"ကျေနပ်ပါတယ် မမဦးရဲ့၊ သူမှာလည်း နိုင်းက လွဲလို့ တွယ်တာရမယ့်သူ မရှိတာ။ သူ နိုင်းနဲ့မခွဲဘဲ တစ်စီးပွားတည်းနေမှာပါ။ ဘာဖြစ်လို့လဲဦး"

"ဘာမှမဖြစ်တော့ပါဘူး နိုင်းရယ်၊ လာ... နိုင်းမြတ်တည်တို့ မိအောင် ဖြန်ဆင်းကြစို့၊ နောက်ကျလှပြီ၊ အိမ်ပြန်ချင်လှပြီ၊ မမစောနန္ဒာနဲ့ နှင်းဆီးဝေး မျှော်လှရောမယ်"

"မမဦးကို ဘုရားတွေလိုက်ပို့ဦးမယ် ဆိုတော့ မမေမေကလည်း ကျေကျေနပ်နပ်ပဲ လွှတ်လိုက်တာပါ၊ အဘွားကြီးရိပ်မိရောပေါ့၊ မမဦးယောကျ်မကြီးက ဇေပါ"

"တော်စမ်းပါနိုင်းရယ်၊ မမစောနန္ဒာကို မမဦး သိပ်ရှက်နေမိတယ်။ သားငယ်ငယ်လေးကို မုန့်တွေပေးပြီး ကြိုက်တယ်ဆိုတာမျိုးလို ထင်ရင် ဒုက္ခဘဲ"

"မုန့်တွေမပေးရတဲ့ အကြောင်နာတွေပေးပြီး ကြိုက်တာပါလို့ အပြန်မှာ ပြောသွားပေါ့"

"အံမယ်... တယ်တတ်၊ ဒီကစပြီး ကြိုက်စောကျနေတာပဲ။ အသားလိုက်တာ"

"အကြောင်နာတွေ အရင်စပေးတာမဟုတ်ဘူးလား၊ ပြော"

"ဒါက ကိုယ့်မောင်လေးအရင်းထင်မိလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲ... ဒီကကောင်က ရလာတဲ့အကြောင်နာတွေကို ရင်ထဲမှာ စုစုထ
လိုက်တာ အခဲကြီးဖြစ်နေပြီ၊ စမ်းကြည့်စမ်း မမဦး"

"အဓိပ္ပာယ်မဲ့တဲ့အပိုစကားတွေ သိပ်ပြောတာပဲ၊ ကဲပါ... လာ
မြန်မြန်"

"ချစ်သူနှုတ်ကပြောတဲ့စကားလောက် အဓိပ္ပာယ်ပြည့်တာ ဘယ်ရှိ
မလဲ ဓိန်းကလေးရဲ့၊ ခက်သေးတယ်"

"ငရဲရယ် ကြီးလိုက်စမ်းပါ။ ဟောဒီ ကောင်လေးကို"

"ဟား...ဟား...ပြောတာလေးက ချစ်စရာ ကောင်းလိုက်တာဗျာ
လာ...ငရဲကြီးရှစ်ထပ်ကို မမဦးနဲ့ တူတူဖြတ်သွားမယ်ဗျာ"

"အာ...အာ... ဖြည်းဖြည်းသွားပါနိုင်းရဲ့၊ သေတော့မှာပဲ၊ အမယ်
လေး..."

တောင်ဆင်းဆင်ခြေလျှောကို တအားတွဲ၍ ပြေးဆင်းသွားသော ဖိုး
၏ နောက်က လိုက်ခဲ့ရသော နိုင်နွေဦးမှာ အရှိန်နှင့် ခြေချော်ကျခဲ့ရပါ၏။
လျှင်လိုက်သည့် တောင်ပေါ်သားလေး နိုင်။

သူချစ်မမဦးကို မြေပြင်သို့ အကျမခံ၊ ပြုံလဲလာသော နိုင်နွေဦးကို
မွေ့ရိုရင်း ဆက်လက်ပြေးဆင်းသည်။

တောင်ပေါ်မြေမှ အပြန်လမ်းတွင် လန်းဆန်းကြည်မွေ့ဖွယ်ရာ
အပြောလေးများ၊ အပြုံးလေးများ၊ အကြည့်လေးများဖြင့် အသည်းနှေးဇနီ
လေးမှာ ရင်ခုန်နှုန်းမြန်စွာဖြင့် ပြန်လာခဲ့ကြသော...

နိုင်းနှင့် သူချစ်သူ မမဦး။

× × × ×

အခန်း (၉)

ခိုင်နွေဦး ခတ္တာမြို့ရောက်သို့ ဒုတိယအကြိမ် ပြန်လည် ဝင်ရောက်ခဲ့ရပြန်ပါပြီ
ခတ္တာမြို့ရောင်သည် ပို၍ပို၍ အိမ်းလာခဲ့သည်။ သာ၍သာ၍ ညှိုးနွမ်းလာ
လေပြီ။

ဒေါ်ခင်လေးတင့် အိပ်ရာထဲ လဲနေရသည်။ ဝလွန်းသော သူ့ခန္ဓာ
ကိုယ်ကို သူမသယ်နိုင်အောင် ဒူးနာရောဂါက ပိုမိုဖိစီးလာရုံမက သွေးရိုးရိုး
ဆက်ကာ နလုံးရောဂါက အရှိန်မရွေး အတက်(က်) ရနိုင်ကြောင်း စိတ်
ကောင်းစွာ ကြားသိခဲ့ရပါသော်လည်း...

သူချစ်လှစွာသော မြေးလေးနှင့်ဆိုနှင့် အေးဆေးတည်ငြိမ်သော
ဘဝမငယ် စောနန္ဒာတို့ ပြန်လည်ရောက်ရှိလာခြင်းအတွက် သူဝမ်းသာ
အားတက်နေပေသည်။ သူမသိနိုင်သော မြေးကြီး နိုင်နွေဦး၏ လက်ကို
ကိုင်၍လည်း ဝမ်းသာကြောင်း ပြရှာပါသည်။

ဒီဓိကရေစီခေတ် အရင်းရှင်စနစ်လက်ထက်က လှုမ်းလှုမ်းတောက်
ခဲ့မောက် မော်ကြွားခဲ့သော ဦးတင်အောင်နိုင်၏ အဖြစ်က ရစရာမရှိ
အောင် ဆုံးရှုံးခဲ့ရလေပြီ။

အရက်သည် သူဘဝကို အုပ်စိုး လွှမ်းမိုး သွားခဲ့လေပြီ...၊

အရက်နှင့်သာ အချိန်ပြည့် ဖက်တွယ်နေခဲ့သော ဦးတင်အောင်နိုင်အပို
လူမှန်းမသိ ညမရှိ... ဦးနောက်ပင် ထိခိုက်၍ လက်ခြေတို့ ထာဝရတုန်ယင်
နေလေပြီ။

သူချစ်ဇနီး ဒေါ်အက်စသာသည် သူ့မောင်ဆိုသော ကိုမောင်မောင်
သိန်းနှင့် ခြောင်ပင် အတူပေါင်းသင်းနေသည့် အဖြစ်ကို ဦးတင်အောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့ သိရှိသော်လည်း ပြောဆိုဟန့်တားနိုင်သော အင်အားများ မရှိတော့...၊ အရက်ရလျှင် သူ့ဘဝအားလုံး ပြည့်စုံနေသော အဖြစ်ပါ။ သုံးမရသော ဘဝ၊ နှားဖြစ်နေရသော သားကြီး၏ ဘဝကို မြင်တွေ့နေရသော ဒေါ်ခင်လေးတင့်အဖို့ ဝေဒနာမတိုးခဲနိုင်ရိုးလား။

"ခိုင်နွေဦး နားပြီးရင် စကြည့်ခန်းထဲကို ခဏလာခဲ့ပါ... ဆွေးဝန်း စရာလေးရှိလို့"

ဖေဖေကိုယ်တိုင် အခန်းဝမှ လာခေါ်ချိန်တွင် ခိုင်နွေဦးနှင့် အတူ မမစောနန္ဒာရော နှင်းဆီလေးပါ ရှိနေကြပါ၏။

ခရီးရောက်မဆိုက် ကြားရသော ဖေဖေ့စကားအတွက် ခိုင်နွေဦး၊ အဝတ်အမြန်လဲပြီး...

"မမစောနန္ဒာ... မဦး ခဏသွားလိုက်ဦးမယ်နော်"

"သွား... သွား... အဘွားကြီးကိစ္စ တိုင်ပင်မလို့ ထင်ပါရဲ့...။

သမီးလေးလည်း နေကောင်းနေသားပဲ"

မိုင်းနှင့် ဆုံစဉ်ကထက် မလျော့နည်းသော လှုပ်ရှားမှုမျိုးများ ခိုင်နွေဦး၏ရင်မှာ ဖြစ်တွန်းနေရသည်။ ခဲစားမှုချင်း မတူပါ ဆိုသော်လည်း နှလုံးခုန်နှုန်းချင်းက ညီမျှလောက်ပါသည်။

"ထိုင် ကလေး"

စကြည့်ခန်းထောင့်မှ ကုလားထိုင် တစ်ခုကို ညွှန်ပြပြီး ခိုင်နွေဦးနှုတ် မလှမ်းမကမ်း ကုလားထိုင်တွင် ဖေဖေဝင်ထိုင်သည်။

ဖေဖေ၏ မျက်နှာသည် ထာဝရ ငြိမ်းအေးနေပေသည်။ ဖေဖေ၏ ဆံပင်တွင် အဖြူမျှင်များ ရောယှက်နေသည်ကပင် ဖေဖေ၏ ရင့်ကျက်မှုကို ပြနေသလိုပါ။

ဖေဖေသည် တက္ကသိုလ်မှ စာသင်ကောင်းသော ဆရာတစ်ယောက် တပည့်များ၏ ချစ်ကြည်ညိုမှုကို ခံယူနိုင်ခဲ့သောသူ၊ မိခင်ပေါ်တွင် ယုယဝတ်ကျိုးနွံသော သားမယား ပေါ်တွင် ချစ်ကြင်နာစိတ်ဖြင့် တာဝန်ကျေပွန်ပြီး၊ သမီးငယ်အတွက် ဖခင်ကောင်းတစ်ဦး။

ဘယ်ရွထောင့်က ကြည့်ကြည့် ချစ်ကြည်ညိုစရာ ဖခင်၏ မျက်နှာကို ခိုင်နွေဦး ငေးမောကြည့်နေမိ၏။

"ခိုင်နွေဦးဟာ လေးစားယုံကြည်ထိုက်စရာမိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ စပြီးမြင်ကတည်းက ဦးလေးအကဲခတ်မိပါတယ်"

"ဦးလေးကိုလည်း ယုံကြည်ပါ...၊ ဒါကြောင့် တို့များ ပွင့်ပွင့်လင်းလင်း ပဲ ဆွေးနွေးကြရအောင်ပါနော်"

"ဘာ ...ဘာကိုလဲရှင်"

"ခိုင်နွေဦးဟာ ခတ္တာမြို့ရဲ့ သွေးသားရင်းဆိုတာ ဦးလေးသိပြီးပါပြီကွယ်"

"ရှင်"

"မင်းမှာ ကောက်ကျစ်တဲ့ ရည်ရွယ်ချက် မရှိဘူး၊ မေတ္တာနဲ့ ရောက်လာတာဘဲလို့ ဦးလေး ယုံကြည်ပြီးသားပါ။ ဒါပေမဲ့ ဘာလို့ အမှန်ကို မပြောတဲ့ ခတ္တာမြို့ထဲ ဝင်လာရတာလဲလို့ ဦးလေးသိပါရစေ... ပြီးတော့"

ဦးတင်အောင်ခိုင်က စကားကို ခဏဖြတ်ထားပြီး ပြတင်းမှ ကျော်လျက် အဝေးသို့လှမ်းမျှော်ကြည့်ရာက...

"ပြီးတော့ ကလေးရဲ့ မေမေရော ရှိသေးလား"

"ရှိ... ရှိပါတယ်"

"ကလေး ထွက်လာတုန်းက သူကျန်းကျန်းမာမာပဲလားကွယ်"

"ဟုတ်... ဟုတ်ကဲ့"

ဖခင်ရင်း ကိုယ်တိုင်က မိခင်အကြောင်း မေးလာပြီမို့ ခိုင်နွေဦး မထိန်းနိုင်တော့ မျက်ရည်များက သွယ်ကျလာခဲ့သည်။

"မနုမေဟာ ဒီခတ္တာမြို့ငယ်က စွဲစိမ်စွဲပြီး နှင်လွှတ်လိုက်သလို သစ္စာမဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်နိုင်ဘူးဆိုတာ ဦးလေးယုံကြည်ပြီးသားပါကွယ်။ မနုမေကို မလိုချင်လို့ အကွက်ဆင်ပြီး ဖယ်ထုတ်လိုက်ကြတယ်ဆိုတာ ဦးလေး အင်္ဂလန်က ပြန်လာကတည်းက သိခဲ့ပါတယ်၊ ဒါပေမဲ့ ကိုယ့်အစ်ကို့ရဲ့ ပိုင်နိုင်သော စီစဉ်မှုမို့ ဘာမှ ဝင်ပြောခွင့် မရှိနိုင်တဲ့ နေလာခဲ့ရတာ ဒီနေ့ထိပါပဲ"

ခိုင်နွေဦး၏ရှိုက်သံ ထိန်းမရတော့... ဦးတင်အောင်ခိုင်၏ စကားနောက်မှ တစ်ချက်ချင်း လိုက်၍ လွှင့်ပျံတွက်လာနေပါ၏။

"တောင်ကြီးသွားဖို့အတွက် ရထားလက်မှတ် ယူတော့မှ ကလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

မှတ်ပုံတင်ကို ကြည့်မိတယ်။ အဖအမည် ဖျက်ထားပေမယ့် ဦးတင်အောင်နိုင် ဆိုတာ ပေါ်နေတယ်၊ မှတ်ပုံတင်ခဲ့ရာဌာနက 'ကနိုမြို့' ဆိုတော့မှ ဦးလေး လုံးလုံးလျားလျား သိနားလည်လာခဲ့ရတော့တယ်"

"ဘာ... ဘာကို နားလည်တာလဲရှင်"

"ဒီနေ့ ခေတ် ပြင်ဆင်မှုလေးကို ဖယ်လိုက်ရင် ကလေးဟာ ဟိုး... အနှစ် နှစ်ဆယ်ကျော်က မနမေ ပြန်ဖြစ်သွားပါပြီ သိပ်တူတယ်။ ခိုင်နွေဦး၊ မေမေရဲ့ ရုပ်အတိုင်းပဲ နနုလှလှလေး...၊ အဲဒါကြောင့်မို့ မင်းဟာ ကိုယ့်သွေးသားဆိုတာ သိလာနိုင်ခွင့် ရခဲ့တာပေါ့"

"ရှင်... ကိုယ့်သွေးသား"

"ဟုတ်တယ်လေ၊ ကလေးဟာ မနမေနဲ့ ကိုကို ဦးတင်အောင်နိုင်တို့ရဲ့ သမီးရင်းလေ၊ ခတ္တာမြို့ရဲ့ မိသားစု ဦးလေးရဲ့ တူမအရင်းလေးဆိုတာ"

"အို..."

ဟန့်တားသလို လန့်အော်လိုက်မိပါသည်။ ချာချာလည်သွားသော ခေါင်းကိုလည်း နှိပ်ကိုင်ထားရပါ၏။ ရင်ထဲမှာ လှိုက်လဲသော ကြေကွဲခြင်းများ ခိုင်နွေဦး သည်းထန်စွာ ငိုကြွေးမိပါပြီ။

'ဖေဖေ... ဖေဖေရယ်၊ သမီး ဘယ်ကစပြီး ဘာတွေ ပြောရမှာလဲ။ အို... ဖေဖေ့ကို သမီးမပြောရဲဘူး၊ ကြောက်တယ်။ ရှက်လည်းရှက်တယ်။ ဖေဖေသိလာပါတော့၊ တွေးယူ လာနိုင်ပါစေတော့။ သမီးဟာ ဖေဖေ့သမီးလေးပါ ဆိုတာ ဖေဖေ့ဘာသာ သိမလာနိုင်ဘူးလား ဖေဖေရယ်'

ကြေကွဲခြင်းများစွာဖြင့် ရှိုက်ငိုမိပါသည်။

"တိတ်ပါကလေးရယ်၊ တိတ်ပါ။ ဦးလေးမကြည့်ရက်ပါဘူး။ မင်းရဲ့ ဖေဖေကတော့ အရက်ယစ်ထုတ်ကြီး ဖြစ်နေပြီ။ ဒီတော့ ဦးလေးကိုပဲ အဖေလိုသဘောထားပြီး ပြောပါ တိုင်ပင်ပါ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီခတ္တာမြို့ကို ရောက်လာခဲ့တာလဲဟင်"

"ရှင်..."

"ဒီခတ္တာမြို့ကို ကလေးဘာလို့ချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ရဲရဲပြောပါခိုင်နွေဦး၊ ဦးလေးကူညီမယ်"

"ကျွန်...ကျွန်မ ဘာဆိုဘာမှ မလို့ချင်ပါဘူးရှင်။ အဓိက ရောက်လာခြင်း အကြောင်းရင်းက"

"ပြော ... ပြောလေ၊ ဆက်ပြောပါ"

"ဖေ... ဖေဖေ့ကို တွေ့ချင်လို့ပါ"

ဖခင်၏မျက်နှာကို တည့်တည့်ကြည့်ရင်းက ခိုင်နွေဦး ပြောလိုက်မိသည်။

"အေးလေ၊ ဝမ်းနည်းစရာပဲကွယ်။ ကိုကို့အဖြစ်က တကယ် ရင်နာစရာပဲ။ အလုပ်အကိုင်နဲ့ အိမ်ထောင်ရေး အဆင်မပြေလေ၊ အရက်ဖိသောက်လေ လုပ်ရာက ခုလိုဘဝ ရောက်ရတာပါပဲ။ ကိုယ့်ဖခင်ကို ခုလို စွန့်စဲနဲ့ မြင်ရတော့ ကလေး ဝမ်းနည်းမယ်ဆိုလည်း ဝမ်းနည်းစရာပါပဲလေ"

သမီးတစ်ယောက်အနေနှင့် မိမိကို မမွေးမွားမီ ကာလက ဖခင်နှင့် မိခင်တို့၏ နွေဦးညမေတ္တာဇောတ်လမ်းလေးကို ဘယ်လို ပြော၍ ထွက်ပါ့မလဲ။ မရဲသော စိတ်ဖြင့် ခိုင်နွေဦး ရင်ပွင့်ကွဲမတတ် ဆက်လက်၍ မြို့ကိုတ်ထားရသည်ပါ။

"မငိုပါနဲ့ ကလေးရယ်... ခုဆိုရန်မှာ မေမေကလည်း မကျန်းမာ၊ ကိုကိုလည်း အသိဉာဏ် မမှန်တဲ့ အချိန်၊ ပြီးတော့ အက်စသာနဲ့ မောင်မောင်သိန်းကလည်း သိပ်ပြီး ခြေရှုပ်နေကြတယ်။ ဒါကြောင့် ခိုင်နွေဦးဟာ ခတ္တာမြို့ငှ ဒေါ်ခင်လေးတင့်ရဲ့ မြေးအရင်းပါလို့ အခုလောလောဆယ် မကြေညာနိုင်သေးပေမယ့် ခိုင်နွေဦး နောက်တစ်ခေါက် ပြန်ရောက်ခဲ့ရင်တော့ ခတ္တာမြို့ငှ ရဲ့ ကောင်းမွေကို ဆက်ခံရမယ့် မြေးဦးမလေး အဖြစ်နဲ့ ကြွေနိုင်ရအောင် ဦးလေး ဒီကနေ အားလုံး စီစဉ်ထားနှင့်ပါမယ်ကွယ်။ ခုတော့ ကလေး ကနိုမြို့ကို ပြန်ရပေလိမ့်ဦးမယ်"

"ဟင်... ဘာ...ဘာဖြစ်လို့လဲရှင်"

"ခိုင်နွေဦးတို့ပြန်မလာခင် တစ်ပတ်လောက်က ကမာရွတ်က ခိုင်နွေဦးရဲ့ အဒေါ်ဆိုတာ ရောက်လာတယ်။ ဦးလေးနဲ့တွေ့လို့ ဒီကြေးနန်းစာလေး ပေးသွားတယ် ရော..."

ခိုင်နွေဦး ...မင်းအမေ နေမတောင်းမှီ အမြန် ပြန်လာပါ။

ဆရာ ဦးသောင်းငွေ

www.burmeseclassic.com

www.burmeseclassic.com

"အို...ဘုရားကယ်ပါ။ မေမေ...မေမေ နေကောင်းပါစေ၊ သမီးပါ၊ ထားခဲ့မိတယ်... ဒုက္ခပါပဲ"

"သိပ်စိတ်မလှုပ်ရှားပါနဲ့ ကလေးရယ်။ နောက်ထပ်လည်း ဘာမှ ဘ ကြောင်း ထပ်မကြားတော့ နည်းနည်းပါးပါး နေမကောင်းတာမျိုး ဖြစ်မှာ ပါ။ အခု ဘာလုပ်ချင်သလဲဟင်"

"ကျွန်မ ...ချက်... ချက်ချင်းပြန်ချင်တယ်"

"ကောင်းပြီ ဦးလေး စီစဉ်ပေးပါ့မယ်၊ ကဲကဲ... ပြန်ဖို့ သွားပြီး စီစဉ် လိုက်ဦးလေ၊ သိပ်မငိုပါနဲ့ ကလေးရယ်"

မျက်ရည်စက်လက်နှင့် ခိုင်နွေဦးမှာ မိဘများအတွက် ခံစားချက် လွန်ကဲစိတ်ဖြင့် အခန်းတွင်းမှ ဒရောသောပါ၊ ထွက်ရန် ဟန်ပြင်မိဆဲ...

"ညော်...ခိုင်နွေဦး ကလေးရဲ့ ဖေဖေကို မှင့်ပြောပြချင်သေးလား။ မေမေ့ကိုရော.သိစေချင်သလား၊ ဦးလေး ပြောပေးရမလားကွယ်"

"နေ... နေပါစေတော့... ဘယ်သူ့ကိုမှလည်း မတွေ့.ချင်တော့ပါဘူး။ ဘယ်သူ့ကိုမှလည်း မသိစေချင်တော့ပါဘူး။ ဘာမှအောင်မြင်အောင် မစွမ်း ဆောင်နိုင်ပါဘဲနဲ့ ခစ္စာမြို့ကို ခွဲခွာပြီးလာရာလမ်းအတိုင်း ပြန်သွားရပါ စေတော့မယ်ရှင်"

× × × ×

အခန်း (၁၀)

"ညော်...စောနှန်းအေးတုန်းကလို သံယောဇဉ်မတွယ်မိဘဲနဲ့ ခွဲခွာ သွားရရင်ပဲ အကောင်းသားကွယ်၊ ခုတော့ ခိုင်နွေဦးကို မေမေကြီးတို့ လွှမ်းကျန်ရစ်ရပြီ"

"မဦးလည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ ပြန်ရမှာပါ မေမေကြီးရယ်"

"အေးကွယ်... မြေးလေးနှင်းဆီ ခိုင်နွေဦးကို လွှမ်းနေရှာမှာပဲ၊ နှင်း ဆီဟာ မေမေကြီးရဲ့အသက်ပါပဲ။ မေမေကြီးတို့ မျိုးရိုးအမွေကို ဆက်ခံမယ့် တစ်ယောက်တည်းသော မြေးမလေးကျမှ ခုလို မစွမ်းမသန်လေးဖြစ် နေရတာ မေမေကြီး ရင်ကွဲလို့ မဆုံးနိုင်အောင်ပါပဲ ခိုင်နွေဦးရယ်"

"ညီမလေး နှင်းဆီရဲ့ အခြေအနေဟာ အထူးတိုးတက်လာပါပြီ မေမေကြီး အကြောအားနည်းလို့ လမ်းသွက်သွက် မလျှောက်နိုင်သေးတာ က လွဲရင် သူ့ရဲ့ အသိဉာဏ်တွေဟာ အများကြီး တိုးတက်လာပါတယ်။ စာသင်ချင်တဲ့စိတ်၊ ကဗျာရွတ်ချင်တဲ့ စိတ်လေးတွေလည်း ရှိပါတယ်။ သူစိတ်ရှုပ် သွားမယ့် ပုစ္ဆာမျိုးတွေ၊ စာအရှည်ကြီး ကျက်ခိုင်းမူတွေ မဖြစ် စေချင်ဘူး၊ နှင်းဆီကို နားလည်ဖို့၊ နှင်းဆီကို ကိုင်တွယ်တတ်ဖို့ သိပ်ပြီး လိုပါတယ်"

"အင်း... မေမေကြီးရဲ့ ရောဂါက မသေးဘူး၊ ဒါပေမဲ့ နှင်းဆီကို စိတ်မချတဲ့စိတ်ကြောင့် မသေနိုင်သေးတာ ထင်ပါရဲ့ကွယ်။ ဖြစ်နိုင်ရင် ခိုင်နွေဦးကို မေမေကြီး အပ်ခဲ့ပါရစေ။ ဒီအိမ်ကထွက်သွားရင် ငြိုးရော သဘောမျိုးနဲ့ ဥပေက္ခာမပြုလိုက်ပါနဲ့လား ခိုင်နွေဦး"

"စိတ်ချပါ...ဒါကိုတော့ စိတ်ချပါ၊ နှင်းဆီလေးကို ဘယ်တော့မှ

www.burmeseclassic.com

"ဟာ... တယ်ပြီး အကြံပက်စက်ကြပါလား။ ဒီလောက် မမာသည်ကလေးတစ်ယောက်ကို ရက်ရက်စက်စက် လုပ်ရက်ကြတယ်နော်၊ မလှမြင့်တာလည်း နောင်တရပြီး ဝန်ခံသွားတယ်လား။ သူ ဘာကြောင့် အလုပ်ကထွက်သွားတာလဲ ဟင်... မေမေကြီး"

"သူတို့ချင်း မတည့်လို့ပေါ့၊ နောင်တရပြီး ပြောသွားတာ မဟုတ်ဘူး ခိုင်နွေဦး ချောက်တွန်းသွားတာ၊ အက်စသာကို ဒုက္ခပေးသွားချင်တဲ့သဘောနဲ့ ပြောသွားတာ"

"ဒါအမှန်ပဲဆိုရင် ဒီတိုင်းခံနေလို့ မဖြစ်ဘူး ဒေမေကြီးရဲ့။ နောက်တစ်ခါထပ်ပြီး ကြံစည်ရင် မခက်ပါလား၊ နေပါဦး ဒီကလေးလေးကို ဘာကြောင့် ဒီလောက်သေစေချင်နေရတာလဲ မေမေကြီးရယ်"

"နှင်းဆီလေးကို သေစေချင်တဲ့ အကြောင်းကတော့ မေမေကြီးမှာ စိန်တစ်ထုပ်ရှိသေးတယ်။ ဘယ်လောက်ပဲမွဲမွဲ ဒါကိုတော့ ဘယ်တော့မှ မသုံးဘူးလို့ သန္နိဋ္ဌာန်ချမှတ်ပြီး မေမေကြီး ခြစ်ခြေပ်ထုပ်ထားတာ၊ အဲဒါကို လိုချင်လို့ပါပဲ ခိုင်နွေဦး"

"ဩော်... ဖြစ်မှ ဖြစ်ရလေ၊ နှင်းဆီလေးသေဆုံးခဲ့ရင်တော့ ဒေါ်အက်စသာက သူ့ရမှာမို့လို့လား"

"အင်း... သူပဲရနိုင်စရာအကြောင်းရှိတယ်ပေါ့။ မေမေကြီး ပိုင်တဲ့ နားကပ်တစ်ရံက လွဲရင် အားလုံးသူ့ယောကျ်ားပိုင်ဆိုင်ထိုက်တဲ့ ပစ္စည်းတွေချည်းပဲကို"

"ဦးတင်အောင်ခိုင်နဲ့ရော မဆိုင်နိုင်ဘူးလားဟင်"

ဝင်ငွေရှိသော်လည်း ပိုလျှံခြင်းမရှိရှာသော ဖေဖေ့အတွက်ရစေချင်သော စေတနာနှင့် ဝင်မေးမိပါသည်။

"အင်း သားလေးအတွက်မတော့ ဒီခြံတစ်ဝက်ကိုပဲရနိုင်ပါလိမ့်မယ်။ မေမေကြီးလက်ထဲက ပစ္စည်းက သားကြီးရဲ့ပစ္စည်းဆိုလည်း မမှားပါဘူး။

"ဘယ်လိုပါလိမ့်ရှင်"

"ဒီလိုကွယ် သားကြီးမှာ ပထမအိမ်ထောင်ရှိတယ်၊ သူတို့ချင်းအဆင်မပြေဘဲ ကွဲကြတော့ ဆွေးမရဲ့ ပစ္စည်းထုပ်က မေမေကြီးဆီမှာ ကျန်ရစ်တယ်။ နောက်ဆုံးက မနေမေတဲ့ အဲဒီ မနေမေရဲ့ စိန်တစ်ဆင့်စာ

လျစ်လျူရှုမထားရက်ပါဘူး မေမေကြီး...၊ ခိုင်နွေဦး အသက်ရှင်နေသမျှ နှင်းဆီကို အတတ်နိုင်ဆုံး ကြည့်ပေးပါ့မယ်လို့ ကတိပြုပါတယ် မေမေကြီး"

ကိုယ့်ညီမအရင်းလေးအပြင် ခိုင်းနှင့်ပါ ပတ်သက်လာရဦးမည်ဖို့ ခိုင်နွေဦး ရဲတံစွာ အာမခံပုံ၊

"အင်း... မေမေကြီးမှာလည်း ဒီမြေးလေးအတွက် အစစ စီစဉ်ထားလို့ ဆွေးမကြီးက မုန်းလှပြီ။ သားကြီးရဲ့ အဖြစ်ကိုများ တွေးလိုက်ရင် ရင်နာလွန်းလို့ အိပ်မပျော်နိုင်အောင်ပါပဲ ခိုင်နွေဦးရယ်"

"အသက်ကြီးလာလို့ ကျန်းမာရေးချို့တဲ့ရတဲ့အထဲ ဒီစိတ်သောကတွေပါ ဖိစီးခံနေရင် မေမေကြီး ဝိုင်ဦးဆိုးမှာပေါ့။ တရားတွေလည်း သိနေသား... ကျင့်ကြံနေသားနဲ့ မေမေကြီးရယ် စိတ်ကို လျှော့လိုက်ပါတော့နော်"

"အင်း... စိတ်လျှော့ဆိုပေမယ့် မြင်နေ ကြားနေရတော့လည်း ခက်တယ်ကွယ်"

"ဘာပဲဖြစ်ဖြစ် မေမေကြီးချစ်တဲ့ မြေးလေးနှင်းဆီ ကျန်းမာလာတာကိုပဲ တွေးပြီး ဝိတ်ဖြစ်လိုက်ပေါ့"

"အင်း...သူလိမ်ကျတုန်းကများ မေမေကြီးကိုယ်တိုင်တောင် အသက်ပါရော မှတ်တာ၊ မေမေကြီး မရှိတုန်း ဖြစ်လို့သာပေါ့"

"ဒီအကြောင်းတွေးလိုက်တိုင်း စိတ်ထဲမှာ မကောင်းမိပါဘူး မေမေကြီးရယ် တာဝန်ရှိနေချိန်မှာ ဖြစ်ရတော့ တာဝန်ပေါ့လျော့သလို ဖြစ်သွားရပါတယ်"

"မဟုတ်ဘူး၊ ဒီအကြောင်းကို ခိုင်နွေဦး မသိသေးပဲကိုး"

"ဘာများလဲ မေမေကြီးရယ်"

"သမီးလေး နှင်းဆီကို သတ်ပစ်ရင် လက်သည်ပေါ်မှာစိုးလို့ သူ့ဘာသာသူ လိမ့်ကျပြီး သေသွားရအောင် တမင်လုပ်ကြတာ"

"အို... ဘယ်သူက လုပ်တာလဲ၊ မေမေကြီး ဘယ်လိုလုပ်ပြီး သိသလဲ ဟင်"

"မလှမြင့်ပေါ့... အလုပ်က မထွက်ခင် သူကိုယ်တိုင် ဝန်ခံသွားတယ်လေ"

www.burmeseclassic.com

"အို..."

ခိုင်နွေဦးမှာ ပါးစပ်ကို လှမ်းပိတ်ထားလိုက်ရသည်။ မအော်ဖြစ်၊ မပြောဖြစ်အောင် မနည်းထိန်းသိမ်းလိုက်ရပါသည်။

ဒေမေသည် စိန်တစ်ထုပ်နှင့် ဘဝတစ်ခုကို ရင်းပြီး ဖေဖေ၏ ချစ်မေတ္တာလေး တဒဂ်ကို လဲလှယ်ယူခဲ့ရပါလား။

"ဒါပေမဲ့ သားကြီးအက်စသာကို အိမ်ပေါ်ခေါ်တင်လာကတည်းက မေမေကြီး တစ်ခါမှ ထုတ်မပေးဘူး၊ မပြတော့ဘူး။ ဒါပေမဲ့ သူယောကျ်ား၊ ကတော့ပြောပြမှုးမှာပေါ့။ မကြာခင်ကတော့ မေမေကြီးက ကြေညာလိုက်တယ်။ ဒီခြံကိုတော့ ညီကိုနှစ်ယောက် ခွဲယူကြ၊ ငါ့ရဲ့ရှိသမျှ အတွင်းပစ္စည်းလေးတော့ မြေးလေးနှင်းဆီအတွက် ထားရစ်ခဲ့မယ်လို့"

"ဩော်... ဒါကို မကြေမချမ်းဖြစ်ပြီး ကလေးကို သေစေအောင် ရက်စက်လိုက်ကြတာ"

"ဟုတ်တယ်၊ အက်စသာရဲ့ ညွှန်ကြားမှုကြောင့် လုပ်ရတာပါလို့ မလှမြင့်က ဝန်ခံတယ်"

"ဘယ်လိုလုပ်တာတဲ့လဲ မေမေကြီးရယ်"

"အဝတ်အစဲကြီးခြုံပြီး ကလေးကို လှန်ထုတ်တယ်။ လေကားဘက် ရောက်အောင်ပေါ့၊ ဒါပေမဲ့ သမီးဆီးဖမ်းနိုင်ခဲ့တယ်ဆို... ဒါကြောင့် နှင်းဆီလေး ခုလိုချမ်းသာရာရတဲ့အတွက် ခိုင်နွေဦးကို မေမေကြီး လိုက်လိုက်လဲလဲပဲ ကျေးဇူးတင်နေပါတယ်။ မကြာခင်လည်း ပြန်လာပါနော်၊ ခိုင်နွေဦး မေမေနေကောင်းတာနဲ့ ချက်ချင်းပြန်လာပါကွယ် နှင်းဆီလေးကို သနားပါ"

"ကြိုးစားပါမယ် မေမေကြီး ဒါနဲ့နေပါဦး၊ ဒေါ်အက်စသာတို့ကို ဒီလို ပဲ ကြည့်နေကြတော့မလား"

ကိုယ့်မိသားစုကို တိုက်ခိုက်နေသော အမျိုးသမီးအတွက် ရတက် မအေးနိုင်သောမေးခွန်းကို ခိုင်နွေဦးမေးမိသည်။

"မလှမြင့်က သူတို့အကြောင်းတွေ ပြောပြီး ထွက်သွားကတည်းက ခုချိန်ထိ အိမ်မှာမရှိကြဘူး"

"အခု ဒေါ်အက်စသာနဲ့ ကိုမောင်မောင်သိန်းတို့ မရှိကြဘူးလား"

"ရှမ်းပြည်နယ်သွားတယ်။ တောင်ကြီးမှာ သူတို့ရဲ့ မှောင်ခိုပစ္စည်းတွေ အသိမ်းခံရတဲ့ ကိစ္စကို လိုက်သွားကြတာ ခုထိပြန်မလာကြသေးဘူးလေ"

"တောင်ကြီးမှာ ... ဟုတ်လား"

"ဟုတ်တယ်၊ ကျွဲငှက်တဲ့အထိသွားကြမယ်ဆိုလား၀ါ"

ကိုမောင်မောင်သိန်းနှင့် ဒေါ်အက်စသာတို့ တောင်ကြီးတွင် ရှိနေသည်ဆိုခြင်းအတွက် ခိုင်နွေဦး၏အတွေးအာရုံ၀ယ် စဉ်းစားစရာများစွာ ပေါ်လာခဲ့ရပါပြီ။

ခိုင်နွေဦး၏ ဘိုးဘွားများနှင့် အဘိုးလေး ဦးစံတို့၏ သန့်စင်သော ချစ်ခြင်းမေတ္တာဖွေစုဆောင်းခြင်းများဖြင့် ရရှိလာသော စိန်ထုပ်တစ်ထုပ်အတွက်နှင့် ယခုချိန်တွင်...

ခတ္တာမြို့ငှင်၌ စဉ်းလဲသော လုပ်ကြံမှုများ၊ လောဘများ၊ ဒေါသများ၊ အာယာတများတို့ ဖြစ်ထွန်းနေလေပြီတည်း။

ခိုင်နွေဦးမှာ ဒေါ်ခင်လေးတင့်ကို နှုတ်ဆက်ပြီး အပေါ်ထပ်မှ ဆင်းသက်လာခဲ့မိသည်။

ဦးတင်အောင်နိုင်သည် ဟောင်းနွမ်းနေသော စားပွဲတစ်လုံးပေါ်တွင် အရက်ပုလင်းနှင့် ဖန်ခွက်တစ်ခုနှင့် ဖေဖေထွက် သုံးနှစ်မျှ ကြီးသည်ထိုသော်လည်း ဆယ်နှစ်မက ကွာခြားလောက်အောင် အိုမင်းရင့်ရော်နေလေပြီ၊ ကြုံလိုသော ကိုယ်ခန္ဓာနှင့် အရောင်မွဲသော မျက်ဝန်းများကတွေးခေါ် မြော်မြင်နိုင်စွမ်း အားရှိပုံ မရတော့။ စိတ်ရောဂါကို ဆေးရုံတွင် အရက်တက်ဖြတ်ပြီး ပြတ်သွားမှ ပြန်သောက်သည့်အတွက် ယခုလို သုံးမရသော ဘဝသို့ ရောက်ခဲ့ရပေသည်ဟု ခိုင်နွေဦး သိခဲ့ရသည်။

"ဩော်... ကိုယ့်မိန်းမတစ်ယောက်လုံး သူ့မောင့်ဆိုသူနဲ့ ပေါင်းသင်းနေတာကိုတောင် ဟန့်တားနိုင်စွမ်းအား မရှိတော့လောက်အောင် အံရက်ရဲ့ အကျိုးကျေးဇူးဘဝကို ရောက်နေရပါပေါ့လား ဘဘကြီး ဦးတင်အောင်နိုင်ရယ်"

ယင်းသို့ တွေးပြီးမှ ဦးတင်အောင်နိုင်၏ အနီးမှဖဲကြိုးထွက်ရွာသို့ မီးဖိုချောင်ထဲသို့ ဝင်လာခဲ့မိသည်။ မီးဖိုခန်းကို အုပ်ချုပ်ခန့်ခွဲသော ဒေါ်လှမြင့်မရှိတော့။ သူထွက်သွားသဖြင့် ယခင်က ဗာဟီရ လုပ်ရသော မသန်း

www.burmeseclassic.com

www.burmeseclassic.com

ခင်မှာ ရာထူးတက်ခဲ့သည့် စားဖိုမှူးဖြစ်လေပြီ၊ မသန်းခင်နှင့် နိုင်နွေဦးက ငြေလည်သည်။ နိုင်နွေဦးက ခွင့်ယူ၍ ဓဏ်ပြန်မည့်အကြောင်း ပြောမှ နှုတ်ဆက်ရင်း မသန်းခင်ထံမှ သူသိသမျှ စကားများကို နှိုက်ယူနိုင်ခဲ့သည်။ ဂိမိနှင့်ပတ်သက်သော ဒေါ်အက်စသာတို့၏ လှုပ်ရှားမှုအပိုင်းကို ဖြစ်ပါ၏။

"သူတို့က လူကိုမြင်ရင် မကောင်းထင်နေကြတာ မခိုင်နွေဦး ဘယ်လောက် အေးသလဲ၊ ဒါတောင်သူတို့က ဘယ်လိုပြောတယ်မှတ်လဲ"

"ဘယ်လိုပြောလို့လဲ"

"ဘကြီး ဦးတင်အောင်နိုင်ရဲ့ အမြောင်မယားကမွေးတဲ့သမီး ဆိုလား၊ ပဲ ပြောနေကြတယ်"

"ဟင်... ပြော...ဆက်ပြောပါဦး မသန်းခင်ရယ်၊ မသန်းခင်သိသလောက် နိုင်နွေဦး သိပါရစေလား၊ရှင်"

"နိုင်နွေဦးက မဟုတ်ဘူး မဟုတ်လား"

"မဟုတ်ရပါဘူး"

"ဘကြီးရဲ့ ပထမမိန်းမက လင်ငယ်နေသွားတယ် ဆိုလားပဲ ပြောနေကြတယ်"

မေမေ၏အဖြစ်ကို အများ၏အမြင်စကားနှင့် ကြားရသောအခါ ရင်ထဲ၌ နာကျင်လှိုက်လဲလာမိသည်။

"အဲ... အဲဒီမိန်းမကလား၊ တခြားမိန်းမကလား မသိပါဘူး မွေးတဲ့သမီးက ဒီကိုညာရောက်လာပြီး အမွေတောင်းမယ်လို့တောင် နိုင်နွေဦးကို မကောင်းထင်နေကြတာ"

နိုင်နွေဦးမှာ မျက်စိစုံမှိတ်ပြီး လက်နှစ်ဖက်ယှက်လျက် သူ့ရင်ကို ဖက်ဖိရင်း မသန်းခင်၏စကားများကို ဆက်လက်ကြားနာရပါ၏။

"ကိုမောင်မောင်သိန်းရဲ့ တပည့်တွေတောင် စုံစမ်းနိုင်းနေတာ ကျွန်မ ကြားတယ်။ နိုင်နွေဦးဆိုတာ ဘယ်သူလဲ၊ ဘယ်ကလာသလဲပေါ့။ သူတို့က နိုင်နွေဦးကို ဘာလို့ မယုံကြတာလဲ မသိဘူး။ ကလေးထိန်းမလေးတစ်ယောက်က သိပ်လှနေလို့ဖြစ်မှာပေါ့နော်"

မသန်းခင်၏ အခြားသောစကားများကို နိုင်နွေဦး ဆက်လက်၍ မနာကြားနိုင်တော့။

"ဟုတ်ပြီ...ဟုတ်ပါပြီ၊ ငါဘယ်သူလဲဆိုတာ သူတို့သိသွားကြပါပြီ ဒါကြောင့် ... ဒါကြောင့်"

"တောင်ကြီးမှာ ငှဲကို နှစ်ခါတောင်လုပ်ကြံခံရတာ သူတို့ လက်ချက်ပဲ"

"ဒေါ်အက်စသာနဲ့ ကိုမောင်မောင်သိန်းတို့ရဲ့ ကြံစည်အားထုတ်မှုကပါ။ ကံကောင်းလွန်းလို့သာ ငါအလက်ဘေးက သီသီ လေးလွတ်ခဲ့ရတာပါလား"

ညည်း...ကျဆုံးနေတဲ့ ဓတ္တာမြို့ငှက်ရဲ့ အတွင်းပိုင်းမှာ ကောက်ကျစ်စဉ်းလဲခြင်းနဲ့ လှိုဏ်ဂူကြွေစည်ခြင်းတွေ အများကြီးပါလား။ ဖေဖေနဲ့ မမ စောနန္ဒာကို သတိပေးပြီး ငါ အမြန်ဆုံး မေမေ့ဆီကိုပြန်မှသာ ဒီအန္တရာယ် အသွယ်သွယ်က လွတ်ကင်းခွင့်ရနိုင်တော့မှာပါ။

"မေမေသာ ချမ်းသာပါစေ... ကျန်းမာပါစေ"

× × × ×

တစ်လတစ်ရာဟူသော ခြေးနဲ့စာမှ ရရှိသည့်ငွေနှင့် ဖေဖေ့အတွက် လုံချည်တစ်ထည် ခြောက်ဆယ်နှင့် နှစ်ဆယ့်ငါးကျပ်တန် မန္တလေးဖိနပ်တစ်ရံကိုဝယ်ပြီး ဖေဖေ့ရှေ့မှာချမိသည်။

"ပြန်ခါနီး သမီးကန်တော့ခဲ့ပါတယ်"

အရဲစွန့်ပြီး သမီးဟူ၍ ထည့်ပြောလိုက်မိသည်။ ဖေဖေက နက်နဲစွာ တွေးမနေရှာပါ။ တူမဖြစ်သူတို့သည်လည်း ဘကြီး၊ ဦးလေးစသူတို့အား သမီးဟူသော နာမ်စားကိုသုံးတတ်ကြသည်ပဲ။

"လက်အုပ်မိုက်ကန်တော့လည်း ငြိုးတာပဲကွယ်။ ဘာလို့ပစ္စည်းတွေဝယ်လာရတာလဲ"

"သမီးစိတ်ချမ်းသာအောင် လက်ခံပါနော်"

"အေး... အေး ကောင်းပါပြီကွယ်။ သမီးရဲ့ဖေဖေနဲ့ မေမေကြီးရော နှုတ်ဆက်ပြီးပြီလား"

www.burmeseclassic.com

"ဟုတ်ကဲ့ ... ကန်တော့ခဲ့ပြီးပါပြီ"

"အေးကွယ်...ခတ္တာမြို့ဝင်ဟာ ခိုင်နွေဦးအတွက် အမြဲတံခါးဖွင့်ထား၊ ဘယ်လို ပြောလိုက်ပါရစေ။ ဒါနဲ့ အဲဒီအကြောင်းတွေကို သမီးဖေဖေနဲ့ မေမေကြီးကို ဦးလေး ပြောထားနှင့်ရမလား ခိုင်နွေဦး"

"ဟာ...ဟာ မပြောပါနဲ့ရှင်၊ ကျေးဇူးပြုပြီး ဘာမှမပြောလိုက်ပါနဲ့ဦး။ နော်။ ကနီရောက်ပြီးရင် သမီး စာတစ်စောင်ရေးလိုက်ပါ့မယ်။ အဲဒီတော့မှ ပြောသင့်တယ်ထင်ရင် ပြောပြပါနော်"

"ခိုင်နွေဦးရဲ့ မေမေ့ဆီက ခွင့်ပြုချက်ယူရဦးမယ်လား"

"ဒါလည်း ပါပါတယ်လို့ပဲ ပြောရမှာပဲ၊ အို... သမီးဆီက စာမဖတ်ရ မချင်း ဒီအကြောင်းတွေကို ဦး... ဦးလေးရဲ့ စိတ်ထဲကလွဲလို့ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ သမီးကို ကတိမပေးလိုက်နိုင်ဘူးလားဟင်"

"ပေးနိုင်ပါတယ်... ပေးနိုင်ပါတယ်၊ သမီး စိတ်ချပါကွယ်။ ဦးလေး ဟာ ဆရာတစ်ယောက်ပါ။ သစ္စာကတိကို အမြဲတည်အောင်နေပါတယ်"

"ကောင်းပါပြီ ဒါဖြင့် သမီးကိုခွင့်ပြုပါတော့"

မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် တို့သုတ်သိမ်းဆည်းပြီးမှ နေရာမှ ထရသည်။ မန္တလေးရထားဆင်းရန် အားလုံး အဆင်သင့်ဖြစ်ပါပြီ။

"ခိုင်နွေဦး"

ဖေဖေ၏အသံတိုးတိုးညည်းလေးကြောင့် ခိုင်နွေဦး နောက်ပြန် လှည့်ကြည့်ရပါသည်။

"မနုမေကို ပြောလိုက်ပါကွယ်"

"ရှင်..."

"အမြန်ကျန်းမာပါစေလို့ ဦးလေးက ဆုတောင်းမေတ္တာ ပို့လိုက်ပါ တယ်... လို့"

သြော်... ခတ္တာမြို့ဝင်ကို မေမေ ခဲ့ရောထွက်သွားရစဉ်ကလည်း မျက်ရည် စက်များစွာကို ကြွေချရစ်ခဲ့ရသည်ပါ။

ယခု ခိုင်နွေဦးသည်လည်း...

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

'ပန်းဝါ' အညာကြီးဆန် သဘော်သည် ချင်းတွင်းကို ဆန်၍ တက်နေပါပြီ။

မုံရွာမြို့မှ နံနက် ၈ နာရီတွင် ထွက်၍ နေခြည်နဦး၏အောက်တွင် ချင်းတွင်းသည် သူ့အဖြိုအရံ အလှအပများစွာဖြင့် လှချင်တိုင်း လှနေပေသည်။

မုံရွာ၏ တစ်ဖက်ကမ်းတွင် ဖိုးဝန်းတောင်တန်းနှင့် ကြေးစင်တောင်များကို မှိုင်းပျပျမှန်ဝေစွာ မြင်ရပါ၏။ ကျောက်မျက်တောင်ပေါ်မှ စေတီနှင့် ရွှေတောင်ဦးဘုရားမှာ သပ္ပာယ်လွန်း၍ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါ၏။ ဤမှာဘက်တွင် ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ပုလဲ-ဂန့်ဂေါလမ်း ဖောက်လုပ်နေရာ၊ ပုလဲမြို့နယ်များ ရှိပေသည်။ မုံရွာနှင့် တစ်ဖက်ကမ်းထဲတွင်မူ စည်ကားသော 'အလုံမြို့'ကို မြင်တိသန်းလာရပါ၏။

မြန်မာ့ရတနာ သစ်များစွာကို ဖောင်ဆက်များဖြင့် မျှောချလာသည့် ရှုခင်းမှာ ချင်းတွင်း၏အလှတန်ဆာတစ်ခုပါပင်။

ဖောင်များပေါ်မှ အစောင့်တဲလေးများ၊ သောင်ပြင်စပ်မှ တဲငါတဲလေးများဆီမှ ရေလုပ်သားများ၏ ဘဝပမ်းရုပ်များကို တွေးတောရင်း ခိုင်နွေဦးမှာ ပန်းဝါ၏ အဆန်လမ်းအတိုင်း လိုက်ပါလာခဲ့ရသည်။

'ချိုင်ဒင်ပေါက်ရွာ'တွင် ခဏရပ်ပြီး လှပလွန်းသော 'ရွှေစာရေး' နေရာကို ဖြတ်သန်းသည်။ ချင်းတွင်းမြစ်ရိုး တစ်လျှောက်တွင် ရွှေစာရေးသည် နာမည်ကျော် 'ဝဲ' တစ်ခုဖြစ်ပါ၏။ သစ်ဖောင်လုပ်သားများသည် 'ရွှေစာရေးဝဲ' နှင့် မိပါက အကြောကြီး ဖောင်နှင့်အတူ ဝဲလှည့်နေပြီးမှ

စိုးစိုးနစ်မြုပ်ကြရသည်။ ဖောင်ပေါင်းများစွာ အသက်ပေါင်းများစွာ ပျက်စီးခဲ့ရဖူးသော နေရာ။

မြစ်ကျဉ်းသောနေရာဖြစ်သော်လည်း ကမ်းနှစ်ဖက်မှ ကျောက်ဆောင်များမှာ လှပလွန်းလှသည်။ ဧရာဝတီ လှသည်မှန်သော်လည်း နီးကပ်လွန်းသော ကျောက်ဆောင်နှစ်ခု မျက်နှာချင်း ဆိုင်နေသည့် နေရာမျိုးမရှိပါ၍ ချင်းတွင်း၏အလှကို မမီပါ။

နက်ချောကောက်ပြောင်သော ကျောက်ဆောင်များ၏ ထိပ်ဆီမှ စေတီဖြူဖြူလေးများကို ဖူးမြော်ရသည်မှာ လှိုက်လှဲစွာ ကြည်နူးစရာကောင်းလှပါပေသည်။

'အိုင်ဝေါင်ရွာ'တွင် ရပ်ပြီးနောက်တွင် 'ကနီမြို့' မှိုင်းပျပျမှန်ဝေဝေလေးကို ဝေးလံသော ချင်းတွင်း မြစ်ကြောပေါ်မှ မြင်လိုက်ရပါပြီ။

"ညော်... လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် ကာလဆီက ဒီမြစ်ကြောပေါ်မှာပဲ မေမေနဲ့ ဖေဖေတို့ရဲ့ မေတ္တာဇာတ်လမ်းက စခဲ့ကြတယ်"

"ဘယ်လိုကဲ့ကြမ္မာတွေကြောင့်များ ချစ်သူနှစ်ဦး အသက်နှင့်အမျှ ဆုံဆည်းခွင့်မရကြပါလိမ့်နော်"

"ဖိုင်းရဲ့ ချစ်မမဦးလို့ ဆိုခဲ့တဲ့ ချစ်ရလွန်းသော ချစ်ဦးသူ ဖိုင်းနဲ့ဖြင့် ဒီလိုအဖြစ်မျိုးနဲ့ မကြုံရပါစေနဲ့သား ဘုရား"

"ဖိုင်း... မမဦးချစ်တဲ့ မောင်လေးဖိုင်းရေ... မမဦးလေ ဖိုင်းနဲ့ ဝေးလံလွန်းတဲ့ ချင်းတွင်းမြစ်ကြောပေါ်မှာရှိနေပေမယ့် ဖိုင်းဟာ မမဦးရဲ့ ရင်ထဲမှာ မမဦးနဲ့အတူ ပါရှိလာပါတယ် မောင်လေးရယ်..."

"ဟိုး တောင်ပေါ်က လွမ်းစေတီဖြူဖြူလေးမှာ ဖိုင်းနဲ့မမဦးတို့ ဖြောင့်ဖြူးသာယာစွာ ပေါင်းဖက်ရပါစေလို့ မမဦး ဆုတောင်းလိုက်မယ်နော် ဖိုင်း"

"ထာဝရ ရင်ထဲမှာ ဖိုင်းပါ" ဟူသော ခံယူချက်များဖြင့် ဇာတိမြေသို့ ပြန်လာခဲ့ရပြီးဖြစ်သော ခိုင်နွေဦးမှာ...

"ဒေါ်နုမေ သက်သာပါတယ်"

ဟူသော သတင်းစကားများ မနှလေးကတည်းကပင် ကြားသိလာခဲ့ရ၍ ရင်အေးငြိမ်းစွာ ပြန်လာနိုင်ခဲ့ခြင်းဖြစ်ပါ၏။

သုံးနာရီခွဲတိတိတွင် 'ကနီမြို့'သို့ ဆိုက်ရောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

အညာကြီးဆန် ပန်းဝါ သဘော်ဘာ ဖြူဖြူဖြူကြီးကမူ ချွင်းတွင်းအထဲ၊ ဟုမွှလင်း အရောက် ဆက်လက်၍ ချီတက်သွားပါချေပြီ။

ညောင်... ဓတ္တာမြို့ငမ် ရည်ရွယ်ချက် မအောင်မြင်ပါဘဲနှင့်ပြန်လာခဲ့ရသော ခိုင်နွေဦးမှာ မွေးစာတိမြေသို့ ပြန်လည်၍ ခြေချခဲ့ရပါပြီတကား။

× × × ×

အခန်း (၂)

'ငါ မမှာပါဘူး၊ ညည်းဆရာ ကိုသောင်းဌေက မနေနိုင် မထိုင်နိုင် သံကြိုး ရိုက်မှာတာ၊ ဘာမှာဖို့လိုလဲအေ ... မအေက တစ်ယောက်တည်း ဆင်းဆင်းရဲရဲနဲ့...၊ ဟိုမှာက သူဌေးတွေ မဟုတ်လား"

"မဟုတ်ရပါဘူး မေမေရယ်"

"ညည်းအဘွားတွေ... အဖေတွေက လက်ခံတယ် ဆိုရင်လည်း နေလေ၊ သူတို့က အမျိုးမြင့်မြတ်တယ်။ ချမ်းသာကြတယ် မဟုတ်လား၊ ဒီ မအေကတော့ ဂုဏ်မရှိ စည်းစိမ်မရှိနဲ့ကို...။ ငါ သေတာတောင် ပြန်မလာပါနဲ့ ရပါတယ်"

"မေမေရယ်... တော်ပါတော့"

"ဟင်း ... မအေကတော့ သမီးလေးရဲ့ အတွက်ပဲ အသက်ရှင်နေခဲ့တာ၊ ငါဘဝတစ်လျှောက်လုံး အခိုင်နှိပ်ပြည့် ငါသမီးအတွက်ဆိုပြီး နေခဲ့တယ်။ ကောလိပ်ကျောင်းတက်ချင်လှရဲ့ဆိုလို့ ငါမှာ မရှိ ရှိတာလေးနဲ့ ကြံဖန်ထားပေးခဲ့တယ်၊ ဘွဲ့လည်းရရော မအေကို ခြေစုံကန်ပြီး ဖအေ့အိမ်ကို သွားသတဲ့ရှင်"

"သမီးမှားပါတယ် မေမေရယ်၊ ဓတ္တာမြို့ငမ်ကို သွားခဲ့မိတာ တကယ်ပဲ သမီးမှားခဲ့မိမှန်း သိပါပြီ မေမေရယ်၊ သမီးရဲ့ မိုက်ပြစ်တွေကို ခွင့်လွှတ်ပါ။ သမီးကို စိတ်မနာလိုက်ပါနဲ့ မေမေရယ်။ သမီးလေ မေမေ့ကို ရှိခိုးပြီး တောင်းပန်ပါတယ် မေမေရယ်။ ကြေပါ ... ခွင့်လွှတ်ပါ... သမီးကို သနားပါနော် မေမေ"

မျက်ရည်လည်ရွဲနှင့် အသည်းခိုက်စေသော စကားများဖြင့် တောင်းပန်နေရှာသော ချစ်သမီးလေး၏အဖြစ်ကို ဒေါ်နုမေ ကြည့်ရက်တော့ဟန် မတူ။

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ... တိတ်ပါ ငိမနေပါနဲ့ အဘွားတွေ အဖေတွေက ဘာတွေမျာ၊ ဆိုးမြွင့်လိုက်သလဲ"

ခိုင်နွေဦး ခေါင်းခါ၍ မျက်ရည်သုတ်ရင်း ရှိုက်နေမိပါသေးသည်။

"သမီးကိုရော သူတို့က လက်ခဲကြဲရဲ့လား၊ ဒေါ်ခင်လေးတင့်ဟာ အင်မတန်မှ ဘဝင်မြင့်တဲ့ အဆင့်ခွဲတဲ့ လောဘသက္ကာယကြီးတဲ့ အမျိုး သမီးပဲ"

"မေမေ"

"ဟင်..."

"ခတ္တာမြို့ငှက်ကို မသွားခင် မေမေတောင်းတဲ့ ကတိကို သမီး ပေးခဲ့သားပဲ မေမေရဲ့၊ အဲဒီကတိအတိုင်း ခတ္တာမြို့ငှက်ရဲ့ မိသားစုဝင်တစ်ယောက်ပါလို့ သမီး ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး မေမေ"

သူတို့နည်းနှင့် သူတို့သိခဲ့ကြသော ဒေါ်အက်စသာနှင့် ဖေဖေတို့၏ အကြောင်းများကိုမူ မေမေ့ကို ပြန်ပြောင်း မပြောပြလိုတော့ပါ။

"မေမေ... ခတ္တာမြို့ငှက်ဟာ မေမေရောက်ခဲ့တဲ့ ခတ္တာမြို့ငှက်နဲ့ ဘာမှ မဆိုင်တော့လောက်အောင်ကို ကျဆုံးနေပါပြီ မေမေရယ်။ ဒေါ်ခင်လေး တင့်ဆိုရင်လည်း လောဘသက္ကာယနဲ့ မာန်မာန လုံးဝ ကင်းစင်ပြီး တရား ဓမ္မနဲ့ မွေ့လျော်နေတဲ့ မမာသည် အဘွားကြီး တစ်ယောက်ဖြစ်နေခဲ့ပါပြီ"

"အင်း... လောကမှ တရားရဲ့ အလှည့်အပြောင်းများဟာ အင်မတန်မှ ကြောက်စရာကောင်းလှပါလား။ ဘိုနဲ့ ဟိုညီအစ်ကိုရော..."

မေမေသည် ဖေဖေ၏ သတင်းစကားများကို ကြားသိလိုစိတ် ရှိပါသေးကြောင်း ခိုင်နွေဦး မြင်တွေ့ရပါပြီ။

"ဦးတင်အောင်နိုင်ကတော့ ဟိုတုန်းက မေမေပြောဖူးတဲ့ ဒေါ်အက်စသာနဲ့ ပေါင်းနေပါတယ်။ ဒါပေမဲ့ အရက်သမားကြီးလုံးလုံး ဖြစ်နေပါပြီ၊ ဘာမှ မစွမ်းဆောင်နိုင်တော့ပါဘူး။ ဒေါ်အက်စသာကလည်း သိပ် ဖောက်ပြန်တာပဲ"

"အင်း..."

"ဟို... ဟိုလေ ... ဖေဖေကတော့ ဒေါ်စောနန္ဒာဆိုတဲ့ ရှမ်းအမျိုး သမီး တစ်ယောက်နဲ့ လက်ဆက်ထားတယ်။ သူတို့က မွေးတဲ့ ကလေးကို သမီးကြည့်ပေးရတာပါမေမေ၊ စာထဲမှာတော့ သမီးလုပ်ရတဲ့ အလုပ် အကြောင်းနဲ့ ကျန်းမာကြောင်း စိတ်မပူဖို့ အကြောင်းလောက်သာ ထည့်

ရေးခဲ့ရပါတယ်။ သမီးမှာတော့ လျှို့ဝှက်လိုက်ရတာ၊ ဒါပေမဲ့ သိသင့် သလောက်တော့ သိကုန်ကြပါပြီ"

"ဘာကိုလဲ"

"ဒီလိုပါ မေမေ၊ သမီးကို သူသမီးမှန်းမသိဘဲ သူ့အစ်ကိုသမီးအဖြစ်နဲ့ သိနေတဲ့ သူကတော့ ဖေဖေ ဦးတင်အောင်ခိုင်ပါပဲ"

ဖေဖေ ဦးတင်အောင်ခိုင်နှင့် ဆွေးနွေးပြောဆိုခဲ့ရပုံများကို ခိုင်နွေဦး အသေးစိတ်ပြောပြမိသည်။

တောင်ကြီးသို့ လိုက်သွားပြီး အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပုံများ၊ ခိုင်းလွှမ်းဝေမည်သော ကောင်လေး တစ်ယောက်နှင့် အသည်းနှင့်အောင် ချစ်ခဲ့ရပုံများကိုမူ ခိုင်နွေဦး ချန်လှပ်ထားခဲ့မိသည်။ ကခြားသော အကြောင်း အရာများကို စေ့စေ့စုံစုံ အသေးစိတ် ပြောပြအပြီးတွင်မှ...

"ဖေဖေကလေ သမီးကို သူသမီးမှန်းမသိဘဲ မေမေရဲ့သမီး အဖြစ်နဲ့ သာ သိပြီး အမှာစကား ပါးလိုက်သေးတယ်မေမေ"

"ဘာများတဲ့လဲ သမီးရယ်"

"မနုမေကို ပြောလိုက်ပါကွယ်တဲ့ အမြန် ကျန်းမာပါစေလို့ ဦးလေးက ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်လို့ ပြောလိုက်၊ မှာလိုက်ပါတယ် မေမေ"

"အင်း... သူ...သူရော၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိရဲ့လား ကွယ်..."

"ဟုတ်ကဲ့၊ ရှိ... ရှိပါတယ်မေမေ"

မေမေသည် တည်ငြိမ်သောအကြည့်များဖြင့် ငေးနေသည်။ မေမေ၏ အတွေးများသည် နှစ်များစွာကို ကျော်ဖြတ်လျက် ဟိုမှာဘက်၏ နှစ်ဦးဝိုင်း ဆီသို့ ရောက်ရှိသွားပါလိမ့်မည်။

နှုတ်ခမ်းလေးတင်းတင်းစေ့ပြီး ယဲ့ယဲ့လေး ပြုံးလာသော မေမေ၊ ချစ် မေမေ ဒေါ်နုမေ၏ မှန်ဖိုင်းစ မျက်ဝန်းအစုံဝယ် မျက်ရည်စလေးများနှင့် ကြည်လဲ့လို့ပါလား။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ဖေဖေ...

သုံးလကျော်မျှ ကြုံတွေ့နေထိုင်ခဲ့ရစဉ်က ခေါ်ခွင့်မရခဲ့သမျှ အခုမှပဲ သမီးခေါ်ပါရစေတော့ဖေဖေ။

ခိုင်နွေဦးဆိုတဲ့ သမီးဟာ ဖေဖေရဲ့ သမီးအရင်း ခေါက်ခေါက်ပါ ဖေဖေရယ်၊ ဖေဖေတော့ သိပ်အံ့သြသွားမှာပဲနော်။

နွေဦးတစ်ညမှာ ဖေဖေနဲ့ မေမေနဲ့ ဆုံခဲ့ကြတယ်နော်။ ခွင့်လွှတ်ပါ ဖေဖေ၊ သမီးပြောပါရစေ၊ အဲဒီလို နွေဦးတစ်ညမှာ မေတ္တာမျှခဲ့ရာက ဖြစ်တည်လာတဲ့ ဖေဖေ့ရဲ့ ရင်သွေးအစစ်ပါ။

ဒါကို သက်သေပြစရာလိုမယ် မထင်ပါဘူးနော်...၊ဖေဖေ ကိုယ်တိုင် ခတ္တာမြို့ငယ်မှာ သိပြီးသားပါ...။ ဦးတင်အောင်နိုင်ရဲ့ ဇနီးဟာ သူ လျစ်လျူရှု ဥပေက္ခာပြုထားတဲ့ အချိန်တွင်းမှာ တစ်စုံတစ်ယောက်နဲ့ ဖောက်ပြန်မှု ပေါ်ပေါက်လာကြောင်း အခိုင်အမာ တွေ့ရလို့ ကွာရှင်း ပြတ်စဲခဲ့ကြတယ်ဆိုတဲ့ အကြောင်းလေ။

အဲဒီတစ်စုံတစ်ယောက်ဟာ ဖေဖေပါ။

ဒီအကြောင်းအရာတွေကို မေမေဟာ သူ့အသက်နဲ့အမျှ ထိန်ချန်ဝှက်သိပြီး သူတစ်ယောက်တည်း မချိမဆန့်ကျိတ်မှိတ်ခံစားသွားမယ်လို့ ဆုံးဖြတ်ထားခဲ့သူပါ။ ခံလည်း ခံစားနေရရှာဆဲပါ။

မေမေ့ရင်ထဲမှာ အကျိတ်အခဲ တစ်ခုနဲ့ ထာဝရ လွမ်းဆွေး

နေရ ရှာတယ်လို့ သမီး သတိထားမိတတ်လာတဲ့ အချိန်ဟာ မကြာလှသေးပါဘူး ဖေဖေ၊ သမီး တက္ကသိုလ်ရောက်စ နှစ်မျှား ဆီကပါ။ သမီး က ဝိဇ္ဇာဘွဲ့ကို မန္တလေးတက္ကသိုလ်က ရခဲ့ပြီး ပါပြီ။

မေမေ့ကို မေးလွန်းတော့မှ မေမေကလည်း ပြောပြရှာပါတယ်။ အဖေအစစ်အမှန်ကို သိပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒလည်း မေမေ့ဆီမှာ ရှိဟန်တူပါရဲ့။

နွေဦးတစ်ညမှာ ချစ်လှစွာသော ကိုတင်အောင်ခိုင်ဆိုတဲ့ သူနဲ့ ဆုံ တွေ့ခဲ့ရပုံလေးတွေကို မှတ်တမ်းတင်လိုစိတ်နဲ့ ဖေဖေ မေမေတို့ရဲ့ သမီးကို 'ခိုင်နွေဦး'လို့ တွင်စေခဲ့တာပါတဲ့ ဖေဖေ။

သမီးဟာ သမီးရဲ့ တစ်ခြမ်းပဲနေတဲ့ဘဝကို ပြည့်ပြည့်ဖုံဖုံ သိလာရ ပြီးတဲ့ နောက်ပိုင်းမှာ တားဆီးမရတဲ့ ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာခဲ့ပါ တယ်။

အဲဒါကတော့ ဖေဖေ့ကို တွေ့ချင်လွန်းတဲ့ စိတ်ဝေဒနာ ပါဖေဖေ။

မေမေတားပါလျက်နဲ့ သမီးဇွတ်တွက်လာခဲ့မိပါတယ်။ ခတ္တာမြို့ငယ်ကို ချဉ်းကပ်နိုင်ဖို့ အတော်ကြီး ကြုံးစားပြီးမှ ခတ္တာမြို့ငယ်ရဲ့ အိမ်စေ ကလေးထိန်းမလေးအဖြစ် အောက်ခြေက နေပြီး ဝင်ခွင့်ရခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ဖေဖေ့ကို ချစ်ကြည်ညိုစိတ်၊ ကိုယ့်ညီမလေးကို သနားစိတ်၊ မေမေကြီးကို သံယောဇဉ်စိတ်တွေနဲ့ ဖေဖေရယ် သမီး ဘယ်လောက် အပင်ပန်းခံပြီး လုပ်ပေးခဲ့ပါတယ်ဆိုတာ ဖေဖေ့အမြင်ပါနော်။

ဒါပေမဲ့ ခတ္တာမြို့ငယ်ကနေပြီး ဘာမှ အောင်မြင်မှုမရခဲ့ဘဲနဲ့ သမီး ဇာတိမြေ မေမေ့ဆီကို ပြန်လာခဲ့ရပါပြီ။

မအောင်မြင်ဘူးဆိုတဲ့ အကြောင်းရဲ့ အဓိကကတော့ ဖေဖေ့ကို 'ဖေဖေ ပါရယ်လို့ ခေါ်ခွင့်ရအောင် သမီး မစွမ်းဆောင်နိုင်ခဲ့လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

သမီးရှက်တယ် ဖေဖေရဲ့၊ ပြီးတော့ ကြောက်လည်း ကြောက်တယ်။ ဒါကြောင့် ခတ္တာမြို့ငှဲ့ တောင်ကြီးမှာ သုံးလကျော် ကြာခဲ့တဲ့ သမီးရဲ့ ခရီးဟာ အချည်းနှီး ဖြစ်ခဲ့ရပါတယ်။

သမီး နိုင်နွေဦးဆိုတာ ဖေဖေရဲ့ သမီးပါဆိုတာ ဖေဖေ လက်ခံနိုင်ရဲ့ လားဟင်။

သမီး အခုပြောချင်တာကတော့ မေမေ့အကြောင်းပါပဲ။

အများအမြင်မှာ မေမေဟာ အယုတ်နိမ့်ဆုံး မိန်းမတစ်ယောက်လို့ ဖြစ်ချင် ဖြစ်နေမှာပါ။ ခတ္တာမြို့ငှဲ့ရဲ့ အမြင်မှာလည်း မေမေက ဝန်ခံခဲ့တဲ့ အတိုင်း ကိုယ့်လင်သားရှိပါလျက်နဲ့ ဖောက်ပြန်ခဲ့တဲ့ မိန်းမတစ်ယောက် အနေနဲ့ ခေါင်းငုံ့အရှုံးပေးပြီး မျက်ရည်စက်လက်နဲ့ ထွက်ခွာလာခဲ့ရတာပါ။

ဒါပေမဲ့ ဖေဖေရယ်...

မေမေဟာ မေတ္တာတရား အမြင့်မားဆုံး မိန်းမ၊ သူချစ်သူပေါ်မှာ သစ္စာအရှိဆုံး၊ အငဲ့ညှာဆုံး မိန်းမတစ်ယောက်ပါ ဆိုတာတော့ ဖေဖေ လက်ခံပါရှင်။ မေမေဟာ ဖေဖေရဲ့ အောင်မြင်စေမှု၊ သိက္ခာကြီးမြင့်စေမှုများကို သူ့ရဲ့ စိန်ရွှေရတနာ၊ သူ့ရဲ့ အရှက်၊ သူ့ရဲ့ဘဝ၊ သူ့ရဲ့ အသည်းနှလုံးများနဲ့၊ လဲလှယ်ပေးခဲ့တဲ့ မိန်းမပါ။

အနှစ်နှစ်ဆယ်ကျော်တိုင် ခိုင်မြဲတဲ့မေမေ့ရဲ့ မေတ္တာတရားနဲ့ စောင့်စည်းထိန်းချုပ်မှုများကို ဖေဖေလက်ခံတယ်၊ ခိုင်နွေဦးဆိုတဲ့သမီးကို 'သမီး' အဖြစ်နဲ့ ဖေဖေ သတ်မှတ်နိုင်တယ် ဆိုရင်ဖြင့်...

ဖေဖေရယ်... သမီးတို့ သားအမိဆီကို တစ်ကြောင်း တစ်ပါဒ လေးဖြစ်ဖြစ်၊ စာပြန်ကြားပါ။

ခတ္တာမြို့ငှဲ့မှာ ဖေဖေနဲ့ နှစ်ယောက်တည်း ဆုံခွင့်ရစဉ်က မျက်ရည်တွေကျပြီး သမီးဘယ်လောက် သည်းခံပြီး ခံစားခဲ့ရပါတယ် ဆိုတာတွေ ဖေဖေပြန်တွေးကြည့်ပါ။ ဖေဖေရယ် ရေးရင်းတောင် သမီးငိုနေမိပါပြီ၊ ဖေဖေရဲ့ ပြန်စာကို သမီးသိပ်ပြီး

မျှော်လင့်ခြင်း ကြီးနေမိပါတယ်။

မေမေလည်း နေမကောင်းဘူး ဖေဖေ၊ ဆရာဝန်က ဆေးရုံတက်ခိုင်း နေပါတယ်၊ ခုတော့ အိမ်မှာပါပဲ။

သမီးစာတွေ ရှည်နေပြီ ဖေဖေ၊ အမှားပါရင် သမီးကို ခွင့်လွှတ်ပါနော်။

အနှစ်နှစ်ဆယ်ကျော်ကြာမှ တွေ့ခွင့်ရတဲ့ ဖေဖေ့ကို ချစ်ကြည်ညို့လွန်းစိတ်နဲ့ သမီးအမြဲပဲ ရှိနိုးကန်တော့နေမိပါတယ် ဖေဖေ။

တစ်ခြမ်းပဲ ဘဝနဲ့ ဖခင်ရဲ့ မေတ္တာကို မရရှိခဲ့ဖူးတဲ့ သမီးလေးအတွက် မေတ္တာရည်ပါမယ့် ဖေဖေ့ရဲ့ စာလွှာလေး တစ်စောင်ကို မျှော်လင့်ခြင်း ကြီးစွာနဲ့ စောင့်မျှော်နေမိဆဲ...။

ဖေဖေရဲ့ ချစ်သမီးဖြစ်ခွင့်ရလိုလှတဲ့
'နိုင်နွေဦး'

www.burmeseclassic.com

www.burmeseclassic.com

ကနီမြို့၏ တစ်ဦးတည်းသော ဆရာဝန်'ဒေါက်တာ ဇင်ထွန်း' ကို တွေ့လေးတစား နှုတ်ဆက်ပြီးမှ နိုင်နွေဦးဆေးရုံမှ ပြန်လာခဲ့ရသည်။

မေမေ့ကို ဆေးရုံတင်ထားခဲ့သည်မှာ ဆယ်ရက်တိတိရှိပါပြီ။ ဆရာဝန်ကလည်း စေတနာနှင့် မြို့ကြီးပြကြီးတွင် သွားရောက်ကုစေချင်၊ မေမေကလည်း မသွားလိုဟု အကြောက်အကန် ငြင်းဆန်နေပါ၍ ခက်လှပါသည်။

ခွဲစိတ်ကုသရသော အဖြစ်ကို မေမေကြောက်လန့်ရုံ တစ်ခုတည်းဖြင့် မဟုတ်ပါ။ မေမေနှင့် ခိုင်နွေဦးတွင် အိမ်ပိုင်တစ်လုံး ရှိသည်မှလွဲ၍ ပစ္စည်းဥစ္စာ စုဆောင်းထားနိုင်ခြင်းမရှိ၊ မေမေ့မောင်ဝမ်းကွဲများ လှပ်ကိုင်ပေးသော ခြံမှရရှိသည့် ဝင်ငွေလေး အနည်းငယ်သာရှိ၍ မေမေ့ဘဝနေခြင်းလည်း ဖြစ်ပါမည်။

ခိုင်နွေဦးမှာ ထမင်းချိုင့်ဆွဲလျက် ဆေးရုံထဲမှ ထွက်လာခဲ့မိသည်။ အနိမ့်အမြင့် အချိုင့်အဝှမ်းလေးများ ထူပြောသော ကနီလမ်းပေါ်မှ လျှောက်လာခဲ့ရသည်။ အထက်တန်းကျောင်းဘက်မှ ဖြတ်ပြီးလာခဲ့ရင်း ချင်းတွင်းမြစ်၏ ဟိုမှာဘက် ကနီမြို့၏ မြောက်ဘက်ကမ်းရိုး 'ကနဲ' ကို လှမ်းငေးနေမိသည်။ ရင်ထဲတွင် ချစ်မေမေအတွက် သောကများစွာနှင့် လာခဲ့ရသော်လည်း ကနဲ၏ နောက်ဘက်ဝေးဝေးဆီမှ မှိုင်းညို့ညို့ တောင်တန်းများကို မြင်လိုက်ရသည့်ခဏ၌...

"နိုင်း... ချစ်ရလွန်းတဲ့မောင်လေးနိုင်း"

တောင်တန်းမြင်ရသည်နှင့် မောရှမ်းမြေကို တမ်းတလာမိသည်။

"ငါ နိုင်းနဲ့ခွဲလာတယ် အရက်နှစ်ဆယ်ကျော်သွားပြီ၊ တစ်လပြည့်ရင် ပြန်လာခဲ့မယ်ဆိုလို့ သူရက်တွေ ရေတွက်ပြီး ငါ့ကို မျှော်နေရှာမှာပဲ"

"နိုင်းရယ် နိုင်းလေး မမဦးကို သိပ်ချစ်တယ်ဆိုတာ မမဦး သိပါရဲ့ကွယ်။ မခွဲနိုင်ရာတာကိုလည်း မမဦးအမြင်ပါ၊ အခြေအနေများ ပေးခဲ့ရင် ဟောဒီတောတွေ ဟိုကတောင်တွေကို ကျော်ဖြတ်ပြီး ပြေးလာခဲ့ချင်ပါရဲ့ အချစ်ရယ်"

"ခုတော့ အခြေအနေက မပေးတော့ဘူးကွယ် မေမေ့ကို ပစ်ပြီး မမဦး နိုင်းဆီ လာလို့မဖြစ်တော့ဘူး၊ နိုင်းလေး သိပ်များလွမ်းနေမလား။ မမဦးကို

အခန်း (၄)

"ရောဂါက နိုးရိမ်ရလောက်အောင် အခြေအနေက မဆိုးသေးပါဘူး။ ဒါပေမဲ့ ဒီမှာ ဒီတိုင်း ထားလို့တော့ မကောင်းဘူး ကြာရင်ပိုဖြိုးဆိုးလာနိုင်ပါတယ်"

"ဒါဖြင့် ဘာလုပ်ရမလဲ ဒေါက်တာရယ်"

"ဒေါ်နုမေကို မန္တလေးဖြစ်ဖြစ်၊ ရန်ကုန်ဖြစ်ဖြစ် သွားပြီး ဆေးရုံတင်ဖို့ သင့်တယ် ထင်ပါတယ်။ သူ့ကျောက်ကပ်က မကောင်းတော့ဘူး။ ဒါကြောင့် ဆီး ဒီလောက် ခုက္ခပေးနေတာပါ။ ကျောက်ကပ်တစ်လုံး ထုတ်ပစ်သင့်ရင်လည်း ထုတ်ပစ်ရလိမ့်မယ်၊ ဒါတော့ သမားတော်ကြီးတွေက ဆုံးဖြတ်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ မေမေက သိပ်ခက်တာပဲ။ သူမြို့ကလွဲလို့ ဘယ်မှာမှ သွားပြီး မကုဘူးတဲ့၊ သေလည်း ဒီမှာပဲ သေချင်တယ်လို့ ပြောနေတယ်"

ကနီမြို့သူမြို့သားတွေဟာ ကိုယ့်မြို့ကို ကိုယ်သံယောဇဉ်ကြီးတတ်ကြတာတော့ သိပ်ချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ ရောဂါဖြစ်လာရင် သင့်တော်ရာမှာ ကုရမှာပေါ့လေ၊ ဒီဆေးရုံက မြို့နယ်ဆေးရုံခွဲလေးဆိုတော့ ဆေးဝါးကိရိယာ မစုံလင်လှတာ နိုင်နွေဦး အသိပဲ၊ အေးလေ တိုင်ပင် ကြည့်ကြဦးပေါ့။ ဒီဆေးရုံမှာ ရှိနေစဉ်အတွင်းတော့ ကျွန်တော် အစွမ်း၊ ကုန် ကြည့်ရှုစောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်လှပါတယ်ဆရာရယ်၊ ဆရာ့စေတနာကို ကျွန်မသဘောပေါက် နားလည်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကောက်နေမှာလား လူဆိုးလေးရယ်"

နိုင်းဆီကို စာအရှည်ကြီးရေးပြီး နှစ်သိမ့်ရမယ်၊ တောင်းပန်လိုက်မယ် ဟူသော အတွေးများနှင့် နိုင်နွေဦးမှာ ချင်းတွင်းမြစ် ကမ်းပါးနားရှိ အိမ်ဆီသို့ ပြန်လာခဲ့ရသည်။

"နိုင်နွေဦး ဆေးရုံက ပြန်လာတာလား"

"ဟုတ်ကဲ့... ကြီးကြီးညွှန့်"

"အေး... အေး၊ မြန်မြန်သွား၊ အိမ်မှာ ဓည့်သည်ရောက်နေတယ်"

"ဟင် ... ဘယ်က ဓည့်သည်လဲ ကြီးကြီးညွှန့်"

"မင်ပြောတတ်ဘူး၊ နိုင်နွေဦးတို့အိမ် မေးလို့ ညွှန်လိုက်တယ်၊ ခုန သင်္ဘောနဲ့ရောက်လာတာ"

တစ်ဖက်ခြံမှ ကြီးကြီးညွှန့်၏ စကားကြောင့် ပြေးမတက် နိုင်နွေဦး ပြန်လာခဲ့ရသည်။ ဘယ်သူပါလိမ့်ဟူသော သိလိုစေဖြင့်ပါ။

"ခုလေးတင်တွေးလာခဲ့တယ် နိုင်းများလား"

ယင်းသို့သော မျှော်လင့်ချက်လေးများဖြင့် ခြေတံရှည်အိမ်၏ လှေကားထစ်များကို နင်း၍ တက်လာမိသည်။

အိမ်၏အပေါ်ထပ် ခေါင်းရင်းတွင် ထိုင်စောင့်နေသော ဓည့်သည်ကို မြင်လိုက်ရလျှင်ပင် နိုင်နွေဦး၏တစ်ကိုယ်လုံး မြောက်ကြွသွားပြီထင်မိသည်။ ခြေနှင့်မြေ လွတ်သွားလောက်အောင် ဝမ်းသာခြင်းအရှိန်အဟုန် ကြီးမားစွာဖြင့် လက်တွင်းမှ ထမင်းချိုင့်ကိုပစ်ချ၍ ပြေးသွားရင်း...

"ဟာ...ဖေဖေ"

"အို... ဖေဖေလိုက်လာတယ်"

တအားပြေးဖက်မည့်ဟန်ပြင်ပြီးမှ အနီးအရောက်တွင် ကိုယ်ရှိန်သတ်၍ ရပ်လိုက်မိသည်။ ဖေဖေ့ဘက်က ဘယ်သို့သော သဘောနှင့် လိုက်လာခြင်း ပါဟူသော သံသယစိတ်လေးများ ဖြတ်သန်းသွား၍ပါ။

"သမီး...ဖေဖေ့သမီးကြီးစာရလို့ ဖေဖေလိုက်လာတာ"

"အာ... အမလေး ဖေဖေရယ်"

နိုင်နွေဦးမှာ ဖင်၏ရှေ့တွင် ခွေးထောက် ထိုင်ချလိုက်ပြီး ခြေအစုံကို အားကုန်ဖက်တွယ်ထားလိုက်မိသည်။

"သမီး... သမီးမေမေရော"

"မေမေ... မေမေ ဆေးရုံမှာဖေဖေ"

"အို... သူသိပ်နေမကောင်းဘူးလားကွယ်"

ဖေဖေ့ကို နိုင်နွေဦးအဖြေမပေးနိုင်တော့။

"ဟင်... သမီးကြီး ငိုနေတယ်လား။ ထ...ထ ဒီမှာထိုင်ရအောင်ပါ သမီး"

တသိမ့်သိမ့်ရှိုက်ငိုနေသော နိုင်နွေဦးကို ဦးတင်အောင်ခိုင်က မ,ယူ၍ အိမ်မပေါ်တွင် ထိုင်စေသည်။

"ဘာဖြစ်လို့လဲသမီး၊ မနေမအခြေနေ သိပ်ဆိုးနေသလားဟင်"

"ဟင့်အင်း... ဟင့်အင်း ဖေဖေ၊ မေမေ အခုနေကောင်းပါတယ်"

"ဘာဖြစ်လို့ ဒီလောက် ငိုနေတာလဲသမီး၊ ဝမ်းနည်းသွားလို့ လား ဟင်"

"သမီး ဝမ်းလည်း နည်းတယ်... ဝမ်းလည်း သာတယ်၊ အို... ဖေဖေရယ်။ သမီးမျှော်လင့်တောင့်တခဲ့ရတဲ့ အချိန်တွေကြာလှပါပြီ။ ခုမှ... ခုမှ ပြည့်တော့တယ်... သမီးကို ဖေဖေ့သမီးအဖြစ် သတ်မှတ်တယ်လား ဖေဖေရယ်..."

"သမီးကြီး စာရပြီးတဲ့ ညက ဖေဖေ မအိပ်နိုင်ဘူး... ဟိုမှာ နည်းနည်း စီစဉ်ပြီး ဖေဖေ့ဖွန့်ထွက်လာခဲ့တယ်။ သမီးတို့ သားအမိကို ဖေဖေ သိပ်သနားကြင်နာရပါတယ်။ သမီးဟာ ဖေဖေ့သမီးဦး ဆိုတာလည်း အကြွင်းမဲ့ယုံပြီးပါပြီ သမီး... သြော်... မနေမေရယ် မှည့်တတ်လိုက်တာ 'နိုင်နွေဦး' တဲ့"

နိုင်နွေဦး၏ ရင်မှာတြောင်းဆန်နေမိသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး စွမ်းအင်တစ်ခုကို ရင်ထဲထည့်ထားခွင့် ရသည်ထက်ပင် ကဲလိမ့်ဦးမည် ထင်မိသည်။ ဖေဖေရောက်ရှိလာခြင်းအတွက် ဝမ်းသာအားတက်လို့ရသည့်ဖြစ်ခြင်းများကွယ်...

"သြော်... ဖေဖေ... ဖေဖေ ထမင်းစားဖို့ သမီးပြင်ဆင်လိုက်ဦးမယ် နော် ... ဖေဖေဆာနေရောပေါ့၊ စောစောကတည်းကသာ သိခွင့်ရရင် မနက်ကြီးကတည်းက သမီး သင်္ဘောဆိပ်က ကြိုနေမိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

"သမီး"

"ရှင်... ဖေဖေ"

"ဖေဖေ မဆာဘူး၊ ဖေဖေ့အတွက်ဘာမှ ဟာဝန်မထား၊ ဖေဖေဖြစ်သလိုစားနိုင်ပါတယ်၊ သမီးမေမေနဲ့ ဖေဖေတွေ့ခွင့်ရနိုင်မလား၊ ဆေးရုံပိတ်ပြီလား"

"ရတယ်ဖေဖေ၊ ဆေးရုံက ရပါတယ်။ အခု သွားမလား ဟင်..."

"အေး... သွားလိုက်ရအောင် သမီးရယ်... ဖေဖေ သူ့ကို သိပ်တွေ့ချင်တယ်ကွယ်"

× × × ×

မေမေ မျက်ရည်စများကို ဖေဖေသုတ်ပေးနေရှိန်တွင် နိုင်နွေဦး အခန်းပြင်သို့ ထွက်လာခဲ့မိသည်။

နိုင်နွေဦး ဖေဖေထံ စာရှည်ကြီးတစ်စောင် ရေးခဲ့သည်ကိုလည်း မေမေ မသိပါ။ ဖေဖေ ယခုလိုမမျှော်လင့် မထင်မှတ်မိပါဘဲနှင့် ရောက်ရှိလာသည့်အတွက် နိုင်နွေဦး၏ စိတ်ကို မနည်းတည်ငြိမ်အောင် ကြိုးစားပြီးမှ မေမေထံသို့ အရင်ဦးဆုံး သွားတွေ့ရသည်။ ဖေဖေထံသို့ စာရေးခဲ့ဖွင့်ပြောခဲ့မိသည့်အကြောင်းနှင့် သမီး၏ စာရလျှင်ပင် ကြီးမားသော သံယောဇဉ် မေတ္တာများဖြင့် ဖေဖေလိုက်လာခဲ့ရမှာသည့် အကြောင်းများကို အကျဉ်းရုံးရှင်း အလွန်ပြေပြစ်အောင် မေမေအား နိုင်နွေဦး ပြောပြရပါ၏။

"အို... သူ... လိုက်လာတယ်လား"

မေမေသည်လည်း နိုင်နွေဦးလိုပင် လှုပ်ရှားသွားရှာသည်။ 'သူ' ဟူသော မေမေ ဒေါ်နေမေ၏ ရင်ထဲမှ ထာဝရ ချစ်သူကို တွေ့ဆုံရန် မေမေလည်း ဆန္ဒ ရှိရှာပါသည်။

"နေကောင်းရဲ့လား မနုမေရယ်၊ သမီးကြီး စာရလို့ လိုက်လာခဲ့တာပါ"

ညင်သာချိုသိမ့်သော လေသံဖြင့် မေမေ၏ ခုတင်နားမှာ ဖေဖေကပ်

၍ မေးသည်။ ကြွေလိုရင့်ရော်နေသော မေမေ့၏ လက်ကလေးကို အားပေးစိတ်နှင့် ဖေဖေဆုပ်ကိုင်ချိန်တွင် မေမေ မျက်ရည်များကျလာတော့သည်။

"ဦးကြော်... အသက်လေးဆယ်ကျော် အိုမင်း ရင့်ရော်နေသည့်တိုင် မိန်းမသားတို့၏ နှလုံးသားတွင် ချစ်မြတ်နိုးခြင်း မေတ္တာနှင့် ပတ်သက်၍ လှုပ်ရှားရဆဲပါတကား"

ဆေးရုံခန်း၏ အပြင်မှာ နိုင်နွေဦး တွေးနေမိသည် ရင်၌မှု ကြည်နူးရခြင်း ပီတိအဟုန်ကြောင့် ခိုက်ခိုက်တုန်၍ နေပေသည်။ ချစ်ကြည်ညို ဖွယ်ရာ ဖေဖေ့ကို မြတ်နိုးကိုးကွယ်ခွင့် ရရှိသော အဖြစ်ကိုလည်း ဝမ်းမြောက်မဆုံးပါ။ ထို့ထက်ပိုကဲလျက်...

အသည်းနှိက်အောင် ချစ်ခဲ့ရသော ချစ်ဦးသူ၏ မျက်နှာကို ဂဲ့ဝဲ့စွာပင် ကြည့်ခွင့်မရခဲ့ဘူးသော ချစ်မေမေ၏ ထာဝရ ပူလောင်နေရဆဲ အသည်းရင်ပြင်ကို ဖေဖေ၏ ရင့်ကျက်ငြိမ်းအေးသော မေတ္တာဖြင့် စိုပြည်ခွင့်ရရှိလာနိုင်အောင် စွမ်းဆောင်ကြိုးပမ်းနိုင်ပါလားဟူသော အသိက နိုင်နွေဦး၏ ရင်ကို လှုပ်လှုပ်ခုန်အောင် ဝမ်းသာ ကြည်နူးခြင်းများစွာ ဂင်ကြွးနေမိပါတော့သည်။

"သမီး လာလေ"

ဖေဖေကိုယ်တိုင် အခန်းဝမှ ထွက်ခေါ်လေမှ နိုင်နွေဦး ပြန်ဝင်လာခဲ့ရသည်။

"သမီးနဲ့ အဖေလည်း သိန္ဓင့်ရကြပြီ၊ ကျွန်မကိုလည်း သူလာကြည့်ပေးတယ်။ ကျွန်မသေမှော်ပါပြီရှင်၊ ကျွန်မလေ..."

"မငိုပါနဲ့တော့ မေမေရယ်"

"ဟုတ်ပါတယ် မနုမေ... မငိုနဲ့နော်"

မေမေက စီးဆင်းလာဆဲ မျက်ရည်များနှင့် စကားဆက်သည်။

"မမာနေတဲ့ ကျွန်မရဲ့ ဘေးမှာ ကျွန်မရဲ့ သမီးနဲ့ သူကို ယှဉ်တွဲပြီး တွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိပါဘူး"

"ခုလို ယှဉ်ပြီးမြင်ရတော့ မနုမေ ဝမ်းမသာဘူးလား ဟင်"

"ဝမ်းသာလွန်းလို့ ရင်ထဲမှာ ဆို့တက်နေပါတယ်... ဒါကြောင့် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်တွေ ကျလာမိတာပါ။ အဖေကို ရအောင် ခေါ်ပေးနိုင်တဲ့ သမီးကိုလည်း မေမေ ချီးမွမ်းမိပါတယ်။ ပြီးတော့ ကျွန်မဆီရောက်အောင် လိုက်လာတဲ့ သူ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ ဘယ်လောက် ခံစားခဲ့ရတယ်၊ ဒီသမီးလေး လူလားမြောက်အောင် အမေတစ်ယောက်အနေနဲ့ ဘယ်လောက် ရုန်းကန်ခဲ့ရတယ်ဆိုတာတွေတော့ တွေးသာကြည့်ပါတော့လေ။ ပြောမပြလိုတော့ပါဘူး"

"ကျွန်တော် နားလည်ပါတယ်... တွေးမိပါတယ်... စာနာမိပါတယ် မနုမေရယ်။ ကျွန်တော်ရော မနုမေပါ သစ္စာဖျက်ကြတာ မဟုတ်ခဲ့ကြပါဘူးလေ...။ ဒါပေမဲ့ ကံကြမ္မာက ကျွန်တော်တို့ မိသားစုကို မျက်နှာသာမပေးလို့ အမျိုးမျိုးလွဲချော်မှုတွေ ဖြစ်ခဲ့ရတာကိုတော့ မနုမေ စိတ်ဖြေပါတော့လေ"

"ဟုတ်ကဲ့... ဘယ်သူမပြု မိမိမှုမို့ တရားနဲ့ ဖြေသိမ့်နိုင်ခဲ့ပါပြီ။ ခုလို သူ ရောက်လာတဲ့အတွက် သမီးလေးကို စိတ်ချ လက်ချ ကျွန်မ ဘဝကူးသွားနိုင်တာပေါ့လေ"

"မေမေရယ်... ဒီလိုမပြောပါနဲ့"

"ဟုတ်ပါတယ် မနုမေ၊ မနုမေရဲ့ ဝေဒနာတွေ ပျောက်ကင်းအောင် ကျွန်တော် ရှေ့ဆောင် ကုသပေးပါ့မယ်။ မနုမေ အားမငယ်ပါနဲ့နော်"

မေမွေထံမှာ အချိန်ကြာညောင်းစွာ နေခဲ့ကြပြီးမှ သားအဖနှစ်ယောက် အိမ်သို့ ပြန်လာခဲ့ကြရပါသည်။ ညစဉ် မေမွေကို ခိုင်နွေဦး စောင့်နေကျပါ။ ယနေ့ညဖြင့် ဖေဖေနှင့် စကားပြောချင်လှ၍ ကြီးကြီးညွှန့်ကိုပင် သွားစောင့်နေခိုင်းရပါသည်။ အိမ်စောင့် မောင်ဝမ်းကွဲလေး တိုးအောင်၏ အကူအညီဖြင့် ဖေဖေ့အတွက် ညစာကို ဖွယ်ဖွယ်ရာရာ စီမံပေးနိုင်ခဲ့ပါသည်။

ထိုနေ့ညက ဖေဖေနှင့် သန်းခေါင်ကျော်သည့်တိုင် ထိုင်၍ စကားပြောနေမိကြပါသည်။

နှင်းဆီလေး ကျန်းမာရေးကောင်းပါသည်ဆိုသော သတင်း စကားမှလွဲ၍ ဓတ္တာမြို့၏အကြောင်းများက တစ်ခုမှ မကောင်းခဲ့ပါ။

ဒေါ်ခင်လေးတင့်၏ နှလုံးရောဂါမှာ တနေ့တခြား အခြေအနေ ဆိုးရွားလာပြီ အတတ်နိုင်ဆုံး အကောင်းဆုံး ပြုစုပါမှ နှစ်အနည်းငယ်သာ အသက်ရှည်နိုင်တော့မည့်အကြောင်းနှင့်...

ဓတ္တာမြို့ခြံဝင်းကြီးနှင့် ဒေါ်ခင်လေးတင့်၏ လက်မှ စိန်ထုပ်ကို လိုချင်လောဘဖြင့် တိုက်နေကြသော ဒေါ်အက်စသာနှင့် ကိုမောင်မောင်သိန်းတို့ တောင်ကြီးမှ အဆင်းလမ်းတွင် ကားမှောက်၍ ကိုမောင်မောင်သိန်း သေဆုံးသွားသည်။ ဒေါ်အက်စသာက ဆေးရုံမှာ အတွင်းလူနာ၊ ကုသပျောက်ကင်းပါလျှင်လည်း ဘိန်းဖြူအပါအဝင် မှောင်ခိုပစ္စည်းများ လက်ဝယ်ရှိမှုဖြင့် တရားဥပဒေနှင့် ရင်ဆိုင်ရပေဦးမည်။ အနည်းဆုံး ထောင်ဒဏ် ခုနစ်နှစ် ခံစားရမည်က သေချာနေလေပြီ။

နှင်းဆီလေးကို အိမ်ပေါ်မှ လိမ့်ကျ၍ သေအောင် ကြံဆောင်ပြီး ခိုင်နွေဦးသည် ဒေါ်ခင်လေးတင့်၏မြေး၊ သူ့ခင်ပွန်း ဦးတင်အောင်နိုင်၏ ပထမအိမ်ထောင်မှ သမီးဟူ၍ မရမက သိနိုင်အောင် ကြိုးစားခဲ့ကြပြီး တောင်ကြီးတွင် ခိုင်နွေဦးကို နှစ်ကြိမ်တိုင် သေကြောင်းကြံစည်ခဲ့ကြသော ဒေါ်အက်စသာနှင့် ကိုမောင်မောင်သိန်းတို့၏ သွားရာလမ်းက ကြမ်းတမ်းကြောက်မက်ဖွယ် ကောင်းလှပါချေသည်တည်း။

"သမီးကြီး ခိုင်နွေဦး"

"ရှင် ဖေဖေ"

"သမီးကြီး ပြောပြတဲ့ သမီးမေမေရဲ့ ဇာတ်ကြောင်းစုံကို ဖေဖေသိရပါပြီ။ ဒါဆိုရင် မေမွေ လက်ထက က စိန်ထုပ်ဟာ သမီးတို့ သားအမိသားပြန်ရထိုက်တဲ့ ပစ္စည်းတွေပါလား"

"အို... ဖေဖေရယ်... မဟုတ်ဘူး၊ သမီးလိုချင်လို့ ဒီလိုပြောပြတာ မဟုတ်ရပါဘူး ဖေဖေ။ သမီးတို့ သားအမိ နှစ်ယောက်လုံး ဖေဖေ့ရဲ့ မေတ္တာတစ်ခုကလွဲပြီး ဓတ္တာမြို့ငကနေ ဘာမှ မမျှော်လင့်ပါဘူး ဖေဖေရယ်"

"ဖေဖေနားလည်တယ်သမီး၊ ဒါပေမဲ့ သစ္စာရှိ ရှေးလူကြီးတွေရဲ့ နိယာမတရားအတိုင်း ဥစ္စာရင်းမှန်ရင် ပြန်ရရမှာပေါ့။ မေမွေကို ဖေဖေ့အကြောင်းစုံ ပြောပြပါ့မယ်။ မေမေကလည်း သမီးပြန်သွားကတည်းက တဖွဖွ ပြောနေရှာတယ်။ သူမြေးကြီးလို့များ သိရင် ဘယ်လောက် ဝမ်းသာရှာလိုက်မလဲနော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့ ဖေဖေရယ်၊ မေမေကြီးကို သမီး သိပ်သနားတာပဲ၊ ပြုစုပေးချင်လိုက်တာ၊ ဒါပေမဲ့ မေမေကလည်း ဒီမှာ မမာနေတော့"

"အေးပေါ့သမီးရယ်၊ အားလုံးပြေလည်စည်းလုံးခွင့်ရအောင် ဖေဖေကြိုးစားပါ့မယ်။ စောနနှာဟာလည်း သိပ်ပြီး အေးငြိမ်းတဲ့ မိန်းမပါ။ ဖေဖေနဲ့ သမီးရဲ့ မေမေတို့ဟာလည်း တရားဓမ္မနဲ့ မွေ့လျော်ရမယ့် အရွယ် မျိုးတွေမို့ သန်စင်မွန်မြတ်တဲ့ မေတ္တာနဲ့ ဖေးမကြတော့မှာပါ"

ဖေဖေ စည်းလုံးချင်သည်ထက် လွန်ကဲရသူက ခိုင်နွေဦးပါ။ ဖိုင်းနဝ် ချစ်မြတ်နိုးနေနှင့်ပြီး၍ လူကြီးချင်း စည်းလုံး ကြည်ဖြူမှုများ ရလျှင် လောကဓာ၏ အပျော်ချင်ရဆုံး လူများစာရင်းတွင် ခိုင်နွေဦး ဝင်ပါလိမ့်မည်။

ခိုင်နွေဦး၏ ဦးတည်နေသော ရှေ့လမ်းခရီးမှာ သာယာညက်ညော်၍ တင့်မော်လှပနေမည်သာတည်း။

ကနီမြို့တွင် နှစ်နေ့နှင့် သုံးညမျှ ဖေဖေနေထိုင် သွားသည်။ သည် ရက်ပိုင်းများအတွင်းတွင် ဖေဖေကိုယ်တိုင် မေမေ့ကို အရေးတယူ ဂရုတစိုက် ပြုစုဖေးမရှာပါ၏။ အစ်ကိုကြီးတစ်ယောက်မှသည် နှမထွေးလေး တစ်ယောက်အား ကြင်နာယုယပဲ့မျိုးအဖြစ်နှင့် မြင်ရသည်မှာ ရင်ငြိမ်း အေးဖွယ်ရာ ရှိလှပါပေသည်။

မေတ္တာတရား လေးနက်ခိုင်မာလွန်းသော ဖေဖေနှင့် မေမေတို့၏ အဖြစ်ကို ခိုင်နွေဦး ရင်နှင့်စွာမြင်တွေ့ရပါပြီ။ မေမေ၏ ဆက်လက် ဆေးကုသရေးကို ဖေဖေနောက်တစ်ခေါက်ပြန်လာပြီး စီစဉ်ပေးပါမည်ဟု ကတိ ပြုသွားရှာသည်။

သဘော်ထွက်ခါနီးအထိ ဖေဖေ့နား၌ ခိုင်နွေဦးမရှာ...၊ သက်သာနေသော မေမေ့ကို ဆေးရုံတွင်ထားခဲ့ပြီး သဘော်ထွက်ပြီးမှသာ ပြန်လာခဲ့တော့သည်။ ဖေဖေ့သဘော် ပြန်ထွက်သွားသည့်နောက်မှ လှိုင်းလုံးများနှင့်အတူ ခိုင်နွေဦး၏ ရင်ခွဲ ခြောင်းဆန်လှည့်ဝေနေမိတော့သည်။

"သမီးရဲ့မေမေ့ကို ဂရုစိုက်ပါနော်၊ သူ့ရောဂါက မသေးလှဘူး၊ ဟိုမှာ စီစဉ်ပေးခဲ့ပြီး ဖေဖေပြန်လာခဲ့မယ်။ အမြန်ဆုံးပြန်လာနိုင်အောင် ကြိုးစားမယ်။ ဖေဖေပြန်လာမှ မနုမေရဲ့ ခွဲစိတ်ကုသမှုအတွက် စီစဉ်ကြမယ်လေ သမီးနော်"

နောက်ဆုံးမှာကြားသွားသော စကားများကို ရင်ထဲတွင် ခိုင်နွေဦး တတ်ဖတ်နေမိသည်။

"ညည်း... ဘယ်လိုဝင့်ကြွေးများကြောင့် အမိရယ်၊ အဖရယ်၊ မိသားစုရယ်ဆိုပြီး သမီးမှာ စည်းစည်းလုံးလုံး နေခွင့် မရနိုင်တာလဲရှင်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

မေမေ့၏ရောဂါမှာ ဆိုးရွားလာသည် မဟုတ်ပါသော်လည်း သက်သာလာခြင်းမရှိ။

ရောဂါက နိုးရိမ်လောက်အောင် ဖောက်ပြန်ခြင်း မရှိသော်လည်း မေမေ့၏ အင်အားများကမူ တစ်နေ့တခြား ယုတ်လျော့လာသည်။ ခိုင်နွေဦး စိတ်မကောင်း ဖြစ်ရဆုံးက တနေ့တခြား မေမေ အစားလျော့လာခြင်းပင် ဖြစ်ပါ၏။

ယနေ့လည်း ကြက်စွပ်ပြုတ်ရည်ကိုသာ သောက်သည်။ ထမင်းကို တို့ရုံလေး စားလိုက်ပါ၏။ အရာမယွင်းသော ထမင်းချိုင့်လေးကို ချွေပြီး စိတ်မကောင်းစွာဖြင့် နိုင်နွေဦး ဆေးရုံမှ အိမ်သို့ ပြန်လာခဲ့သည်။

"မမဦး"

"ဟင်..."

"ဘာကြောင်ကြည့်နေတာလဲ မမဦး"

"ဟယ်... နိုင်း"

"မမဦး သိပ်ဆိုးတယ်။ ကတိုလည်း မတည်ဘူး"

"ဟင် ... ဘယ်လိုလုပ်ပြီး လိုက်လာတာလဲ နိုင်းရယ်၊ ဘယ်တုန်းက ရောက်လဲ၊ ဘာလာလုပ်တာလဲဟင်"

"ဘာလာလုပ်ရမလဲ၊ မမဦးဆီလာတာပေါ့ဟု၊ ဒီကကောင်က မျှော်ရလွန်းလို့ သေတော့မယ်၊ တစ်လပြည့်အောင် စောင့်လိုက်ရတာ၊ တစ်လပြည့်တော့လည်း ရောက်မလာဘူး"

"ကဲ... ကဲ... လာ လာ... မမဦးတို့အိမ်ပေါ်ကို သွားကြမယ် ပြီးမှ

ဦး ကြိုက်သလို ရန်တွေ့ ဟုတ်လား"

မကြေမချမ်း မချင့်မရဲ ဖြစ်နေသော နိုင်းကို အိမ်ပေါ်သို့ တက်စေပါသည်။ ဘာပဲဖြစ်ဖြစ် မောရှမ်းမြေဆီမှ ဝေးလံလှသော ကနိုဖြို့သို့ ကိုယ်တိုင် လိုက်လာရသော ချစ်ရလွန်းသူ နိုင်း၏ မေတ္တာ ကြီးမြင့်မှုကို နိုင်နွေဦး ခံယူရပါပြီ။

ကိုယ်ချစ်ရသူက ကိုယ့်ပေါ် ဘယ်လောက် ချစ်မြတ်နိုးကြောင်း မြင်သိရသောအခါများတွင် ပုံစံတင်ပြစရာမရှိသော ကြည်နူးခြင်းမျိုးကို ဖြစ်တတ်ပေသည်။

"နိုင်းရယ်.. မမဦးဆီ အရောက်လိုက်လာတယ်လားကွယ်...၊ နိုင်း နည်းနည်းပဲနိုသွားတယ်နော်"

"ဟုတ်တယ်၊ မမဦးလည်း နည်းနည်းပိန်သွားတယ်"

"မေမေ နေမကောင်းလို့နိုင်း၊ ဆေးရုံတင်ထားရတယ်။ နေ့ရောညရော ပြုစုနေရလို့"

"ဒါဖြင့် မမဦးပိန်တာ နိုင်းကိုလွမ်းလို့ မဟုတ်ဘူးပေါ့လေ၊ ဟုတ်လား"

"ပိန်တာချင်းတောင် ကြေးတိုက်နေရသလား လူဆိုးလေးရယ်၊ မမဦးရင်ထဲမှာလည်း အချိန်ပြည့် နိုင်းပါပဲရှင်"

"နိုင်းရဲ့ ချစ်မမဦးရယ်၊ လွမ်းလိုက်ရတာ မျှော်လိုက်ရတာတွေ..."

"အို...နိုင်း"

မကျေနပ်သော်လည်း မရုန်းကန်မိပါ။ နိုင်း၏ အလွမ်းပြေ အနမ်းလေးများ ပြီးဆုံးသည်အထိ အလိုလိုက်နေမိသည်။

"ကျေနပ်တော့ကွယ်"

"မမဦး"

"ဟင်..."

"ဘာလို့ နိုင်းကိုမစ်သွားရတာလဲဗျာ"

"ဒီမှာ နိုင်း မမဦးပြောမယ်၊ ကနိုဟာ မမဦးမိခင် ဇာတိမြေ ဒီမှာဆိုရင် အားလုံးသိနေကြတာ နိုင်းလိုက်လာတာကို မမဦးရဲ့ မောင်လေးလို့ ပြောထားမှ ဖြစ်မယ်။ ဒီတော့ အနေထိုင် ဆင်ခြင်ပါနိုင်းရယ် သူများတွေမြင်

www.burmeseclassic.com

ရင်မကောင်းဘူး၊ ဟိုဘက်တိုး..."

"လုပ်ပြီဗျာ...မျှင်းကြောင်းတွေ တားပြီ။ မောင်နှမတွေဘာတွေ လုပ်မနေနဲ့၊ မမဦးမပါရင် ဟောဒီမြို့က နိုင်းမပြန်ဘူး"

"အို... ဘယ်ဖြစ်မှာလည်း နိုင်းရဲ့၊ မေမေလည်း နေမကောင်းဘူး။ မမဦးပဲပြုစုမယ့်လူရှိတာ"

"နေလေ ပြုစုပါ။ လိုက်နိုင်တော့မှ လိုက်ပေါ့။ မမဦး လိုက်နိုင်တဲ့နေ့မှ နိုင်းပြန်မယ်"

"ရော... ခက်ပါလား"

"မခက်နဲ့လေ... နိုင်းကို ဘာပြောသွားလဲ၊ တစ်လပြည့်ရင် ပြန်လာမယ်ဆို"

"ဒါပေမဲ့ အခြေအနေကမှ မပေးဘဲ နိုင်း၊ ဒီမှာ မမဦးရဲ့ မေမေက မမာနေဘူးပဲ၊ ဆေးရုံမှာ ဘယ်လိုလုပ်ပြီး ထားရစ်ခဲ့လို့ ဖြစ်မှာလဲ။ ပြီးတော့လည်း နိုင်းနဲ့ လိုက်ဖို့က ဘယ်ရက်မှန်းမှ မသိနိုင်တာ၊ နိုင်း ဘယ်လိုလုပ်ပြီး အကြာကြီး စောင့်နေလို့ ဖြစ်မှာလဲကွယ်"

"ဒီမှာ မမဦး"

"ဟင်..."

"မမဦး... နိုင်းကို ညာပြီး ချစ်သွားတာလား၊ တကယ်ချစ်သွားတာလား... ပြော"

"သြော်... နိုင်းရယ်...၊ အချစ်ဆိုတာ အရုပ်လေးနဲ့ ကစားတာမှ မဟုတ်တာ။ အသည်းနဲ့ နှလုံးသားနဲ့ ရင်းပြီး လူပ်ရှားရတာမျိုးပါ။ ပြီးတော့ မမဦးတို့ မိန်းမသားတွေဘက်က ညာပြီး ချစ်တယ်ဆိုတာ မရှိဖူးပါဘူး"

"ဒါဖြင့် တကယ်ချစ်တယ်ပေါ့"

"ချစ်ပါတယ် နိုင်း၊ မမဦး မင်းလေးကို တကယ်ချစ်တာပါကွယ်"

"ဒါဆို ပြီးပြည့်စုံနေပြီပဲ၊ မမဦးရဲ့၊ တကယ်ချစ်ရင် ကိုယ့်ချစ်သူ ဒီလောက် ခံစားနေရတာကို မမဦး ကြည့်ရက်သလား၊ တကယ်ရက်စက်တာက မမဦးပါ"

"ပြန်မလာနိုင်တာလေးနဲ့ မမဦးကို ဒီလောက် အပြစ်တွေ ပုံမချပါနဲ့ နိုင်း၊ သရုပ်မှန်အောင် တွေးစမ်းပါ နိုင်းရယ်... မရွှးစမ်းပါနဲ့"

"ဟုတ်တယ် ရွှးတယ်၊ ကျွန်တော်ဟာ မမဦးကို ချစ်တဲ့ စိတ်ကြောင့် ရွှးရတော့မယ်"

နိုင်းက အဓိပ္ပာယ်မဲ့ ရမ်းသည်။ တန်းလျားပေါ်မှ သူလက်ဆွဲအိတ်ကို တန်ချပစ်လိုက်သည်။

"ဒီမယ်မမဦး၊ ခင်ဗျားလိုက်မလားမလိုက်ဘူးလားပြောဗျာ"

"နိုင်းနော်... လာပြီး မရမ်းကားနဲ့"

"ကျုပ်မေးတာ ပြောပါ"

"မလိုက်ဘူး... မလိုက်နိုင်ဘူး၊ ကြေးစားမိန်းမမှ မင်းခေါ်တိုင်း လိုက်မှာပေါ့။ ဒီအရပ်မှာ ငါသိက္ခာကို လာမစော်ကားနဲ့ နိုင်း၊ သွား... မင်းပြန်သွား"

နိုင်းက ခဲတန်းလျားပေါ်သို့ လက်ဝါးနှင့် တအား ရိုက်ချလိုက်သည်။ ကြီးစွာသော နာကျင်ခြင်းကို သူခံစားရရှာမည်။ လက်ထောက်ထားခြင်းက ပုံမပျက်၊ ကိုယ်ကို ကိုင်းညွတ်လျက် ခေါင်းကို ဖိုက်ငုံထားသည်။ ဘာမှ ပြန်မပြောတော့။

နိုင်နွေဦးလည်း ဒေါသဖြစ်ဖြစ်နှင့် ဘာမှ ဆက်မပြောဘိ၊ သည်တိုင်း ကြည့်နေသည်။ နိုင်းကို ဘေးတိုက် မြင်ရပါ၏။ လက်မောင်းနှင့် လက်ပြင်တာ သူမျက်နှာကို ကွယ်နေသည်။

ခဲတန်းလျားပေါ်သို့ နိုင်း၏ မျက်ရည်စက်များက တစ်ပေါက်ချင်း ကြွေဆင်းလာသည်။

ကိုယ့်အတွက် ကိုယ်ချစ်သူသည် တကယ် လှိုက်လှိုက်လဲလဲ ခံစားနေရရှာပါလားဟူသော အသိကြောင့် နိုင်နွေဦး၏ ရင်မှ ဒေါသတရားများ ထွက်ပြေးကုန်ပါပြီ။ ကရုဏာများက နေရာစား ဝင်လာပါ၏။

နိုင်းကို ပေးခဲ့သည့် ကတိအတိုင်း တလပြည့်သွားလေပြီဟုပင် နိုင်နွေဦး သတိမရရှိခဲ့သည်က အမှန်ပါ။ ဖေဖေ လာသည်နှင့် မေမေပို၍ မကျန်းမာလာသည်နှင့် နိုင်နွေဦးမှာ ရှုပ်ထွေးနေမိသည်။ ဓိဘာအတွက် အလေးသာသွားသည်ဟုပင် ပြောရပါမည်။

နိုင်းဘက်ကမူ...

တစ်လပြည့်အောင် သူခမျာ မနည်းအောင့်အည်း၍ စောင့်နေရရှာပေ

www.burmeseclassic.com

www.burmeseclassic.com

မည်။ ယနေ့သည် တစ်လနှင့် ဆယ်ရက် ပြည့်မြောက်ပေပြီ။ ချစ်ဇော်ဟုန် ကြီးမားစွာဖြင့် လိုက်လာရှာသော နိုင်း။

နိုင်နွေဦးက ဘယ်နည်းနှင့်မှ မလိုက်နိုင်သေးကြောင်း ပြန်ကြား၊ ချက်သည် သူ၏ ကြီးမားသော မျှော်လင့်ချက်ကို ဖျက်ဖြိုပစ်ခဲ့သည်။ ထိုအတွက် ခံစားချက်ကြီးလွန်းရာက ပေါက်ကွဲထွက်လာသည်ဟု နိုင်နွေဦး၊ နိုင်း၏ချစ်တတ်သော နှလုံးသားကို မြင်နိုင်ပါပြီ။

"နိုင်း... မောင်လေး"

ငိုရှိုက်နေသော နိုင်း၏ ကျောပြင်လေးပေါ်သို့ လက်တင်ပြီး ခေါ်ပါသည်။

နိုင်းက လက်ထောက်ရာမှ ကျောဆန့်ရပ်သည်။ နှိမြန်းသော မျက်ဝန်း၊ ဝယ် မျက်ရည်စများ ပြည့်လျှမ်းလျက်နှင့်ပါ။ နိုင်နွေဦးကို ကြည့်နေရာက လဲကျလာသလို တအား လှမ်းဖက်လိုက်ပြီး နိုင်နွေဦး၏ရင်ကို သူနှုမ်း နှင့် ဖိကပ်လျက် ဖက်တွယ်ထားရင်းက...

"မမဦး... နိုင်း သိပ်ချစ်ရတဲ့ မမဦးရယ်။ နိုင်းကို နှင်မလွှတ်ပါနဲ့နော်"

"ဩော်... နိုင်းရယ်"

နိုင်နွေဦးသည်လည်း ပြန်လည်၍ ဖက်တွယ်ထားမိတော့ပါပြီ။

"မငိုပါနဲ့ မောင်လေးရယ်။ မမဦးနဲ့ ဆုံရတုန်း ပျော်ပျော်ရွှင်ရွှင် နေရအောင်ပါ။ မမဦးတို့နှစ်ယောက် တိုင်ပင်ပြီး တစ်နည်းနည်း စီစဉ်ကြ သေးတာပေါ့နော်ကွယ်"

"တကယ်လား မမဦး"

"တကယ်ပါ နိုင်း၊ နိုင်းချစ်တဲ့ မေတ္တာထက် မလျော့နည်းတဲ့ မေတ္တာ မမဦးရဲ့ ရင်မှာ ရှိပါတယ် နိုင်းရယ်၊ ကဲပါ မောပါဦး၊ ကလေးလေးလို ဖွေ့ မှထင်ပါရဲ့၊ မုန့်ကျွေးပါမယ်... မငိုပါနဲ့ရှင်"

"မုန့်မစားချင်ပါဘူး၊ မမဦးကိုပဲ စားချင်တယ်"

"ဟဲ့..."

"တကယ်... တကယ်ပါ။ ချစ်လွန်းလို့ မချင့်မရဲ ဖြစ်တာမျိုးပါ။ ဒီမှာ မမဦး"

"ဟင်..."

"ဒါ မမဦးတို့ အိမ်နော်"

"ဘာလဲ စုတ်လို့လား"

"မဟုတ်ပါဘူး၊ စုတ်တာ မစုတ်တာ အရေးမကြီးဘူး၊ ယောကျ်မကြီး ဆေးရုံမှာဆိုတော့ နိုင်းနဲ့ မမဦးနဲ့ နှစ်ယောက်တည်းပေါ့၊ အပြတ်မိတယ် ဟာ"

"အံမယ် ... ရမယ်အားကြီး၊ မမဦးရဲ့ မောင်တွေ အစ်ကိုတွေ လာ စောင့်ပေးနေတာ ငါးယောက်တောင်"

"ယောက်ဖ ငါးယောက်ကို နိုင်းက တစ်ယောက်တည်း အပြတ်ခဲ့ လွှတ်မယ်လေ၊ ဒီလို... ဒီလို..."

နိုင်းက ကရာတေး လက်စွမ်းပြလိုက်သေးသည်။ နိုင်းနှင့်အတူ နိုင် နွေဦးပါ ရယ်မောမိပါ၏။ ချစ်သူတို့၏ စိတ်အလျှည်သည် ကြည်ချင်ချက်ချင်း ငိုချင်ချက်ချင်းပါတကား။

"မမဦး"

"ဟင်..."

"နိုင်း ဘာမှ မစားခဲ့ရသေးဘူး၊ ဆာတယ်"

"ဟုတ်ပါရဲ့... မွေနေလိုက်တာ၊ သူ သည်းနေတာနဲ့ အစားကျွေး ဖို့တောင် သတိမရနိုင်အောင်ပါပဲ၊ ဟင်းတော့ သိပ်မကောင်းဘူး။ ဘဲဥ လေး နည်းနည်းထပ်ကြော်လိုက်ဦးမယ်၊ နေဦးနော် မမဦး သွားစီစဉ် လိုက်ဦးမယ်"

"မရဘူး။ မီးဖိုချောင်ထဲလည်း လိုက်ခဲ့မှာပဲ"

ကြည်နူးစွာ ရယ်မောရင်း နိုင်း၏ လက်ကိုဆွဲလျက် နောက်ဖေးဘက် သို့ ဝင်ခဲ့ရပါ၏။

"ဒီမှာ မမဦး၊ ဘာတွေမှ လုပ်မနေနဲ့ ခတ္တာမြို့ရှင်မှာတုန်းက မမဦး ထမင်းကို ဇလုံနဲ့၊ နယ်ပေးပါရောလား နိုင်းငိုနေတုန်းကလေ၊ အင်း... အဲဒီ လို ခဲ့ကျွေး"

"နိုင်းဟာလေ... မမဦးပေါ်မှာ အဲဒီလိုပဲ တစ်သက်လုံး ဆိုးနဲ့ အနိုင် ယူနေတော့မှာပဲ၊ အလိုလိုက်နေရတာကိုပဲ မမဦးလည်း ကြည်နူးနေမိ ပါတယ် အချစ်ရယ်။ကဲ...လာ...လာ"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကုန်းတော်ပေါ်လိုက်ဖို့ လိုက်ဦးမယ်နော်မေမေ"

"အေး... အေး"

မေမေခေါ်နေမေက သံသယကင်းရှင်းစွာဖြင့် နိုင်နွေဦးတို့ကို လွှတ်လိုက်ရသည်။

နိုင်းလွမ်းဝေနှင့် နိုင်နွေဦးတို့သည် ဆေးရုံမှ ထွက်လွှက်တရားရိပ်သာနှင့် ရွှေစည်းခုံစေတီတည်ရှိရာ တောင်ကုန်းမြင့်လေးပေါ်သို့ တက်လာခဲ့ကြသည်။

ရင်ပြင်နှစ်ဆင့်တွင် ဒဟပ်ပင်နှင့် တမာပင်များ စိမ့်ဝေနေသည်။

"ဟိုအရှေ့ဘက်မှာ ရွှောင်းနော် မမဦး သစ်လုံးတွေလည်း သဲသောင်ပေါ်မှာ တောတန်းစိမ်းမြမြလေးနဲ့ လှလိုက်တာ"

"ဟုတ်တယ်နိုင်း၊ မိုးအခါမှာဆိုရင် ဟိုးက တောင်တန်းတွေဆီက တောင်ကျရေတွေ ဆင်းလာပြီဆိုရင် ရေစီးသိပ်သန်တာပဲ။ ဒီရွှောင်းလေးဟာ ချင်းတွင်းမြစ်ထဲကို ပေါင်းဆုံတယ်။ အဲဒီသစ်တွေကတော့ သစ်မာတွေ များတယ်၊ ချင်းတွင်းမြစ်အတိုင်း စုန်မျှောဖို့ပါ"

"ဟောဒီ ရွှောင်းလေးက နိုင်း... ဟိုမြစ်ကြီးက မမဦး ၊ ပြီးတော့ ပေါင်းဆုံမယ်"

"ဟုတ်တယ် ...တို့က ချင်းတွင်းမြစ်ကြီးလောက် မတွေ့ဘူးတယ်။ နိုင်းမတွေ့ရသေးတာက ရွှောင်းငယ်လေးလောက်ပဲ"

"မမဦးနော်"

"ဟေ့ ဟိုမှာ ဘုန်းကြီးတွေနဲ့"

"ဘယ်သူက အချစ်ကြီးလဲဆိုတာ ရှင်းနေပါပြီ မမဦးရယ်၊ ဘယ်သူက မခွဲနိုင်သလဲ ဘယ်သူကပစ်ထားနိုင်သလဲပြော"

"လက်ကိုလွှတ်စမ်းပါ။ မောင်နှမလို ပြောထားတာ ကူးဖြေရရ နေစမ်းပါ"

"မမဦးကလည်းဗျာ"

"မဆိုးစမ်းပါနဲ့ နိုင်းရယ်။ ဟိုမှာကြည့်စမ်း မမဦးတို့ရဲ့ ကနိုးဖြူလေးက ဘယ်လောက်လှလဲ၊ ဆေးရုံလေးက တောင်ခြေမှာ ဝပ်နေတယ်။ ဟိုမှာ အထကကျောင်းနဲ့၊ ဝိုဝေါင်တွေ။ အဲဒီဘက်က ပြီးရင် မြစ်ကမ်းပါးထိပ်က

အခန်း (၆)

"မေမေ နေသာရဲ့လား"

"အေး ဒီညနေ နည်းနည်းနေကောင်းပါတယ်။ သူက ဘယ်သူလဲ သမီး"

နိုင်နွေဦးဘေးမှ နိုင်းကို လက်ညှိုးညွှန်လျှက် ဒေါ်နုမေက ပြောသည်။

"သူနာမည်က နိုင်းလွမ်းဝေတဲ့မေမေ၊ သမီးရဲ့မောင်လေးပါ ဖေဖေရဲ့သား"

"ဩော်... ဩော်... သူ လွှတ်လိုက်တာလား"

"ဟုတ် ဟုတ်ကဲ့ ခင်ဗျ"

ခြေထောက်နှင့် နိုင်းခြေခုံကို ကုပ်ပြီး နိုင်နွေဦး အချက်ပေးလေမှ နိုင်းက ရောချလိုက်ရသည်။

"အင်း...သူသားက ဒီအရွယ်တောင် ရှိပြီလား"

နိုင်နွေဦးထက် ငါးနှစ်ငယ်သော နိုင်းကို မေမေက ကြည့်၍ ပြောသည်။ နိုင်နွေဦးနှင့် နိုင်းက မလှုမလဲနှင့်...

"သူပြန်လာမယ်ပြောသွားတယ်"

"ဟုတ်တယ်မေမေ... ဖေဖေလာဖို့ပဲ၊ မေမေကြီးကလည်း မှုမှာနေတယ်၊ အလုပ်တွေလည်း ပိနေလို့ မေမေ့ကို စိတ်မချလို့ သူ့သားကို အရင်လွှတ်လိုက်တာ"

"အဟင်း... ဟုတ်ပါတယ်ခင်ဗျ"

နိုင်းက မျက်နှာပိုးမသေ။

"မေမေ နေသာရင် ကြီးကြီးညွှန့်လည်း ရှိသားပဲ၊ သမီးမောင်လေးကို

www.burmeseclassic.com

ဘုရားကိုသွားရအောင် သိပ်ပြီး လှပသာယာတာပဲနိုင်းရဲ့"

"စကားလွဲမပစ်စမ်းပါနဲ့ မမဦးရဲ့၊ ဒီမှာ နိုင်းပြောမယ်"

"ပြောပါရှင်... ပြောပါ"

"ဦးရီးခွန်မိုင်းနဲ့ နိုင်းနဲ့ အလုပ်တွေ အားလုံး တွဲလုပ်နေပြီ မမဦးရဲ့"

"ဪ... ဦးရီးခွန်မိုင်းဆိုမှ မမဦးလေ အပြစ်မဲ့တဲ့ ဦးရီးကိုတောင် တလွဲထင်ခဲ့မိသေးတယ်"

"ဘာကိုလဲ"

"ဘာမှ မဟုတ်တော့ပါဘူး"

"သိပါတယ် ဒေါ်အက်စသာတို့ ကိစ္စမဟုတ်လား"

"ဪ... ဟုတ်သားပဲ၊ နိုင်းက ရန်ကုန် ဆင်းသေးတာပဲ သိလာခဲ့မှာပေါ့"

"မမဦးများ စတွာမြို့ငှာမှာ ရှိနေမလားလို့ ပြန်ကြည့်ရသေးတာပေါ့။ ဒီမှာ နိုင်း ဆက်ပြောဦးမယ်"

စိမ့်မြအေးချမ်းသော သစ်ပင်များရှိရာ တောင်ကုန်းလေးမှ ဆင်းသက်လာခဲ့မိကြသည်။ ကနီမြို့ကို ဖြတ်လျက် 'ရွှေမြင်းမြို့တောင်' ရှိရာသို့ လျှောက်လာကြရင်း နိုင်းက ပြောလာခြင်း ဖြစ်ပါ၏။

"ဦးရီးက နိုင်းကို သိပ်ချစ်တာ အလုပ်တွေကို ဦးစီးပြီး လုပ်စေချင်လွန်းလို့ ပူးကပ်လက်ထပ်ပြီးကို သင်ပေးနေရှာတယ်။ နိုင်းကလည်း သိပ်ကြိုးစားနေတာ မမဦးရဲ့၊ မမဦးပြန်လာရင် စီးပွားရှာတတ်တဲ့ ခင်ပွန်းသည် ဦးစိုင်းလှမ်းဝေအဖြစ်နဲ့ မမဦး အားကိုးထိုက်အောင်လို့"

"ယုံပါတယ် ... နိုင်းရယ်"

နိုင်းတို့ တောင်ကြိုးမြို့မှာ တင့်တင့်တယ်တယ် နေနိုင်မှာပါ မမဦး။ လုပ်ငန်း မချဲ့နဲ့ဦး။ နိုင်းပိုင်တဲ့ ခြံတွေကထွက်တဲ့ ပစ္စည်းတွေကိုက မနည်းပါဘူး မမဦးကိုလေ နိုင်းသိပ်ပြီးချမ်းချမ်းသာသာ ထားချင်တယ်။ မြတ်မြတ်နိုးနိုး ချစ်မယ်။ ဒါကြောင့် နိုင်းသိပ်ကြိုးစားနေတာမမဦးရဲ့"

"စေတနာရှင်လေးနိုင်း မမဦး အားကိုးပါသတဲ့ရှင်ရယ်"

"တကယ်ပြောတာ မမဦးရဲ့ အလုပ်ချည်း ဖိလုပ်လွန်းလို့ နိုင်းဘော်ဒါတွေကတောင် နိုင်းကို မကြည်ကြဘူး၊ သူတို့လို ဆေးသမားဖြစ်သွားမှာ

းလို့ နိုင်းရှောင်နေတယ်။ ဂိတာတီးရင်တောင် အဖွဲ့နဲ့ မတီးတော့ဘူး"

"မမဦးပေါ် ထားရှိတဲ့ နိုင်းရဲ့ စေတနာ မေတ္တာနဲ့ ရည်မှန်းချက်ကြီးမားမှုကို မမဦး ဂုဏ်ယူမိပါတယ်။ ကိုယ့်ချစ်သူက ကိုယ့်ပေါ် သိပ်ပြီး ချစ်မြတ်နိုးတယ်ဆိုတာလောက် ဝမ်းသာကြည်နူးစရာကောင်းတဲ့အရာ ကမ္ဘာမှာ မရှိနိုင်ပါဘူးနိုင်း"

"ဒါပေမဲ့ မမဦးရောက်မလာတော့ နိုင်းသိပ်ပြီး စိတ်မောတ်ကျတယ်ဟာ... မမဦးအနားမှာရှိနေရင် နိုင်းလေ အို... အားလုံး ကြိုးစားပြချင်ပါတယ် မမဦးရယ်။ ဒါကြောင့် နိုင်းနဲ့ တစ်ခါတည်း လိုက်ခဲ့ပါနော်၊ နိုင်းတစ်ယောက်တည်း ပြန်မသွားချင်ဘူးဗျာ"

"အခြေအနေကမှ မပေးသေးဘဲ နိုင်းရယ် မမဦးလည်း နိုင်းကို သိပ်ချစ်တော့ မခွဲချင်ပါဘူး။ မခွဲရက်ပါဘူး။ ဒါပေမဲ့ ကဲပါလေ၊ ဒီပြဿနာနောက်မှ ဆက်ဆွေးနွေးကြတာပေါ့...နိုင်းရောက်လာလို့ ဝမ်းသာလွန်းနေရတဲ့ မမဦးရဲ့ ရင်ထဲက ပီတိကမ္ဘာလေးပြိုသွားမှာ နိုးမိတယ်။ မမဦးရဲ့ အချစ်မျက်နှာလေး ညိုသွားမှာလည်း နိုးမိတယ်ကွယ် ကြည့်စမ်းပါဦး နိုင်းရယ်၊ ချင်းတွင်းဟာ ဘယ်လောက်လှသလဲနော်"

နိုင်နွေဦးမှာ နိုင်း၏ပခုံးလေးကို နဲ့ဖိပြီး ကွေ့ဝိုက်စီးဆင်းနေသော ချင်းတွင်းကို လက်ညှိုးညွှန်ပြနေမိသည်။

အပြေအလွှာ မရှိဘဲနှင့် ချင်းတွင်း၏ မျက်နှာစာဘက်မှ ကြည့်လျှင် တည့်တည့်ကြီး မတ်စောက်နေသော ကမ်းပါးယံကြီးမှာ မြင့်မားလှ၍ ငေးကြည့်လျှင် အသည်းယားစရာ ကောင်းလောက်အောင် နက်ရှိုင်းနေပေသည်။

မြင်းမြို့ရှင်၏ နတ်ကွန်းကို တခမ်းတနားတွေ့ရသည်။ မြင်းမြို့ရှင်ကျသေသည်ကို အစွဲပြုထားသည်ဟု ဆိုပါ၏။ ၁၂၉၀ ပြည့်နှစ်တွင် အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ထားသည့် ရွှေမြင်းမြို့ဘုရားနှင့် ဘုရား ပရဝုဏ်ကိုလည်း ကြည်ညိုဆွတ်ပျံ့ဖွယ်ရာ မြင်ရပါ၏။

နတ်ကွန်းစောင့်အိုးကြီးမှတစ်ပါး ဘုရားပေါ်တွင် လူသူများ ရှင်းလင်း နေသည်။

ပခုက္ကူအထက်တွင် မိခင်ရေဝတီနှင့် ပေါင်းဆုံရန်အကွက် အထက်

www.burmeseclassic.com

www.burmeseclassic.com

နာဂ၊ ခန္ဓိ၊ ဟုမွလင်းစသော အရပ်များဆီမှ စုန်ဆင်းလာသော ချင်းတွင်း မြစ်သည် ကနီ မြစ်ကမ်းပါးကို နှုတ်ဆက်ထိတွေ့လျက် ဆက်လက် စုန်ဆင်းသွားတော့သည့် ခရီးသည် ချင်းတွင်းကို ချစ်သူနှစ်ဦး ကြည်နူးစိတ်ဖြင့် ငေးမောနေမိကြသည်။ ထန်းတောများ၊ တမာပင်များကို ဖြတ်တိုက်လာသော လေညင်းနက သင်းမြ စိမ့်အေး နေချိန်ဝယ်။

"နိုင်းရဲ့ ချစ်မမဦး"

ပခုံးပေါ်တွင် မှီနွဲ့ထားသော နိုင်နွေဦး၏ နှုမ်းပြင် ဆံယဉ်စနေရာလေးကို နိုင်းက သူ့ပါးနှင့် ဖိအပ်ပွတ်တိုက်ရင်း...ညင်သာတိုးတိတ်စွာ ခေါ်လိုက်သည်။

"နိုင်း... မောင်လေး"

"မမဦး မလိုက်ခဲ့နိုင်ရင်လည်း နိုင်းကိုနှင်မလွှတ်လိုက်နဲ့ဦးနော်"

"အင်းပါ"

"နှစ်ယောက်လုံးဆွေးရမယ့် အဖြစ်ကို မမဦး မဖန်တီးလိုက်ပါနဲ့နော်... နိုင်းရဲ့ ဘဝဟာ မမဦးရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်နေပါတယ်ဆိုတာ မမဦး အမြဲသတိရစမ်းပါ"

"နားလည်ပါတယ် နိုင်း... နိုင်း မမဦးကို ဘယ်ထိအောင် ချစ်တယ်၊ ဘယ်လောက်စေတနာ ကြီးမားတယ်။ ဘယ်လို မျှော်လင့်ချက် မြင့်မားတယ် ဆိုတာတွေကို မမဦး ကြည်ကြည်နူးနူးသိရှုပါပြီ အချစ်ရယ်။ မမဦး ကိုယ်တိုင်လည်းလေ နိုင်းကို သိပ်ချစ်တာပဲ နိုင်းဟာ မမဦးရဲ့ အချစ်ဦးပါ။ တစ်သက်တာလုံး အချစ်ရဆုံးသော တစ်ယောက်တည်းသော ချစ်သူဟာ နိုင်းပါပဲကွယ်"

ပြင်ပဌာနမှို့ နိုင်းက ထိန်းချုပ်ထားရဟန် ရှိသော်လည်း... မချင့်မရဲ စိတ်လေးဖြင့် နစ်နစ်နဲနဲ ဖက်ထားရှာသည်။

"မမဦး"

"ဒီည မမဦးက ဆေးရုံမှာ အိပ်ရမှာလား"

"အင်းပေါ့"

"အိမ်မှာပဲ အိပ်ပါမှာ... နိုင်းနဲ့ အတူတူ"

"ဘာပြောတယ်"

"ဘာ... ဟာ ... ကန်တော့ ကန်တော့၊ နိုင်းက မမဦးနဲ့ ခုလိုပဲ ထိုင်စကားပြောနေရရင် သိပ်လှတဲ့မမဦးရဲ့ မျက်နှာကို ကြည့်နေရရင် ကျေပြီလှပါပြီ။ ဒါကိုပြောတာပါ မမဦးရဲ့ အိမ်မှာလည်း ချာတိတ်လေး တစ်ယောက်ပဲ အိပ်တာကို ညာတယ်"

နိုင်နွေဦး ပြုံးနေရသည်။

"နော်... မမဦးနော်... အိမ်မှာပဲ အိပ်ပါဗျာ၊ နိုင်းတစ်ယောက်တည်း မနေချင်ဘူး၊ မခွဲချင်ဘူး"

"မဖြစ်လို့ပါနိုင်းရယ်"

"ဒါဖြင့် နိုင်းလည်း မမဦးနဲ့ ဆေးရုံလိုက်အိပ်မယ်လေ"

"ဟဲ့...ညော်...ဘယ်ဖြစ်မှာလဲ"

"ဟင်... မမဦးကလည်း ဖြစ်တာကို မရှိဘူး၊ မရဘူးဗျာ ကြည့်နေရရင် တော်ပြီ၊ ဘယ်ဖြစ်ဖြစ် လိုက်ကပ်နေမှာဘဲ"

"ကလေးဆိုးလေး ကျနေတာပဲ၊ အဲဒီကောင်လေး လုပ်တာနဲ့ ဘင်္ဂလားက မောင်နှမဆိုတာ သိကုန်တော့မှာပဲ၊ မဆိုးနဲ့ အချစ်ရယ်၊ နိုင်းနဲ့ မမဦးနဲ့ ထမင်းတူတူစားပြီးမှ မမဦး သွားမယ်။ ပြီးတော့ မနက်အစောကြီး ပြန်လာမယ်နော်"

"ညကျ ဆေးရုံလိုက်လာမှာပဲ"

"အဲဒီလိုဇွတ်မလုပ်နဲ့ နိုင်းရယ် မမဦးကို မသနားဘူးလား... တော်ကြာ မေမေသိသွားရင် အခက်ပဲ"

"ကဲ...ကဲ အဲဒီမျက်နှာလှလှလေးတော့ မဲ့မသွားပါနဲ့ဗျာ၊ မလိုက်နဲ့ဆို မလိုက်ပါဘူး၊ ဒီမှာ မမဦး"

"ဟင်"

"ဟောဒီကမ်းပါးကြီးပေါ်က ခုန်ချရဲလား"

"မဟုတ်တာ ဘယ်ခုန်ချရဲပါ့မလဲ"

"နိုင်းနဲ့တူတူဆိုရင်ရော"

"အရူးလေးရယ်... အရူးတွေးတွေ့ မတွေးစမ်းပါနဲ့ ခုန်ချလို့ ဘာအဓိပ္ပာယ်ရှိမှာလဲ"

"ဟုတ်ပါတယ်၊ မမဦးကတော့ နိုင်းနဲ့ ပတ်သက်လာရင် အမြဲတမ်း

www.burmeseclassic.com

အဓိပ္ပာယ်ရှိမှ အဖြေထွက်မှ ဒီကကောင်ကတော့ မမဉီးနဲ့ ပတ်သက်လာရင် မရဘူး။ သေရဲတယ်၊ သတ်ရဲတယ်။ ရူးရူးဒိုက်ဒိုက်ကို ချစ်ပစ်လိုက်မှာပဲသိလား"

"ကြည့်၊ ပြောရင်းနဲ့ မကြည်တော်မူပြန်ဘူး။ အဆိုးလေး ထ၊ ပြန်မယ်၊ နိုင်းစားဖို့ မမဉီးကိုယ်တိုင်ဟင်းတွေချက်ထားတယ်လေ"

"မပြန်ချင်သေးဘူး ဗျာ"

"မမဉီးပေါ်မှာ အမြဲပဲဆိုးနဲ့ နိုင်ပါစေ၊ ထာဝရ အလိုလိုက်ပါမယ်။ ဘိ ပေမဲ့ မမဉီးရဲ့ရင် မီးတောက်အောင်တော့ နိုင်းက ဝေနာတွေ မပေး ရက်ပါနဲ့နော်"

"မပေးရက်ပါဘူး အသက်ရယ်။ မမဉီး မျက်နှာလေးညိုနေတာ ကိုတောင် မကြည့်ရက်တဲ့နိုင်းပါဗျာ။ မမဉီးကို နိုင်း ဘယ်လို ချစ်မှန်းမသိဘူး၊ နိုင်းလောက် ကိုယ့်ချစ်သူပေါ်မှာ ချစ်တဲ့ကောင် ဒီကမ္ဘာမှာ မရှိဘူး"

"သူများတွေကလည်း ဒီလိုပဲထင်ကြမှာပေါ်"

"မမဉီးက မယုံဘူးလား"

"ယုံပါတယ်၊ ယုံပါတယ်၊ ကဲ... ပြန်ကြပါစို့နော်"

"ဟင့်အင်းမျာ၊ နေဦးမယ်"

"ကြည့်..."

"လက်ဆောင်တစ်ခုပေးမှ"

"လုပ်ပြီ၊ ဘာလဲ"

နိုင်းက သူနမူးကို လက်ညှိုးနှင့် တို့ထောက်ပြသည်။

"သွား..."

"မသွားပါဘူး၊ ထိုင်နေမှာပဲ"

နိုင်းနမူးပြင် ညက်ညက်လေးပေါ်သို့ အနမ်းလေး တစ်ရှိက်အပြန်ဆုံး ကျရောက်စေပြီးမှ ကမ်းပါးရံပေါ်က ပြန်ဆင်းခွင့်ရသည်။

"တော်... မမဉီးပေါ်မှာ အမြဲပဲ ဆိုးနဲ့ အနိုင်ယူတတ်တဲ့ တောင်ပေါ် သားလေး နိုင်းရယ်"

× × × ×

အခန်း (၇)

"ကဲ... မရွှေနိုင်နွေဦး ဒီနားလာစမ်းပါဦး"

ဆေးရုံခုတင်ပေါ်မှ မေမေ ဒေါ်မေနုက သူနားသို့ကပ်၍ ထိုင်စေသည်။

မေမေ့မျက်နှာတွင် ဒေါသအရောင်များလွှမ်းနေသည်။ စိတ်လှုပ်ရှားခြင်းဖြစ်နေပုံ ရပါ၏။ မေမေ၏ ဒေါသဖြစ်ပေါ်လာရာအကြောင်း ရင်းမြစ်ကို ရိပ်မိစပြုလာသော နိုင်နွေဦးမှာ ရင်ထိပ်ရပ်ပြီ။

"ဘာဖြစ်လို့လဲ မေမေကြီး"

"ဘာဖြစ်ရမှာလဲ ဆေးရုံပေါ်မှာရောက်နေတဲ့ အမေကို သေခါနီးမှာ အရှက်ခွဲတာလား"

"မေမေရယ်"

"ကိုယ့်မြို့က ကျဉ်းကျဉ်းလေး နေပုံထိုင်ပုံက မဟုတ်တော့ အကုန် လုံး သိကြပြီ"

"ရှင်..."

"ဒီကောင်ကိုညည်းအဖေရဲ့သားဆိုပြီး ငါကိုလိမ်လိုက်သေး၊ လိုက်လာခဲ့လို့ နင်မှာတာမဟုတ်လား"

"မ... မဟုတ်ရပါဘူး မေမေရယ် သူဟာသူလိုက်လာတာပါ"

"ဘယ်ကအကောင်လဲ။ ဘောင်းဘီပွနဲ့၊ ဆံပင်ရှည်နဲ့ ညည်းထက် သည်း ငယ်တယ် အဲဒါဘယ်ကကောင်လဲဟင်"

"ဖေ... ဖေဖေရဲ့သားပါ"

"ဟင်...ခုထိညာတုန်းလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟို... ညာတာမဟုတ်ပါဘူး မမေမေရယ် ဖေဖေရဲ့ ဇနီး ဒေါ်စောနန္ဒာ ဘက်ကပါတဲ့သားပါ"

"ဒါဖြင့် ရန်ကုန်မှာကတည်းက နေမျင်သလိုနေလာခဲ့ကြပြီပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ မမေမေရယ်။ သမီးခတ္တာမြို့ငှာမှာနေတုန်းက မကြိုက်ရသေးပါဘူး"

"ဒါဖြင့် ခုမှ ဒီခေါ်ကြိုက်တာလား"

"မဟုတ်ပါဘူး မမေမေရယ်"

"ခုမှ မျက်ရည်ကျမနေပါနဲ့၊ ငါ့သမီးလိမ္မာလှပါတယ်ဆိုပြီး ဖအေဆိုလွှတ်လိုက်ပါတယ်။ သောက်ရှက်ကွဲအောင်လုပ်လာတယ်"

"သမီး တောင်းပန်ပါတယ် မမေမေရယ်။ သမီးကို ခွင့်လွှတ်ပါ။ ပြီးတော့ နိုင်းဟာ လူကောင်းလေးပါ။ တောင်ကြီးမှာ သူ့ဝိုင် မြေတွေ၊ ပွဲရုံတွေနဲ့ပါ မမေမေ"

"အထင်ကြီးလှချည့်လား မခိုင်နွေဦးရယ်၊ ဒီလို လမ်းသရဲပုံစံနဲ့ ညည်း ထက်ငယ်တဲ့ကောင်လေးက ညည်းကို အတည်ယူမယ်မျှား ထင်နေသလား, ဟင်"

"အဲဒါတော့ မဟုတ်ပါဘူး မမေမေရယ်။ နိုင်းဟာ သမီးပေါ်မှာ..."

"တော်စမ်း မိန်းမတစ်ယောက်ဟာ မချစ်သင့် မချစ်အပ်တဲ့ သူကို ချစ်မိရင် တစ်သက်လုံး မျက်ရည်နဲ့ပဲနေရမယ် မှတ်ပါ"

သူကိုယ်တွေ့နှင့်ယှဉ်၍ မေမေက နိုင်းကိုစိတ်မချနေခြင်းပါ။

"ဒီမှာ သမီး..."

"ဟုတ်ကဲ့၊ ပြောပါမေမေ၊ သမီးနားထောင်နေပါတယ်"

"ဒီကောင်က ဘယ်လိုအမျိုးအနွယ်မှန်းလည်း မသိဘူး၊ အသက်လည်း ငယ်တယ်၊ ပုံစံကိုလည်း ငါမကြိုက်ဘူး"

"မမေမေရယ်၊ နိုင်းကို တစ်လွဲမထင်ပါနဲ့၊ သူဟာ..."

"တော်... တော် ... နိုင်နွေဦး ညည်း နှစ်လမ်းကိုပဲ ရွေး"

"ဘာကိုလဲ မေမေ"

"ငါ့ကို ပြုစုပြီး နေမှာဆိုရင် ကောင်လေးကို အမြန်ဆုံး ပြန်ခိုင်းလိုက်"

"အို ... မမေမေရယ်"

"အေး... ဒါမှမဟုတ်လို့ ငါ့ကားကိုနား မထောင်နိုင်ပါဘူး ဆိုရင်တော့ ရပါတယ်၊ ငါကို ထားရစ်ခဲ့ပါ၊ ညည်း လိုက်သာသွားတော့၊ ဒီမြို့မှာတော့ ငါ ရှက်လှပါတယ် နိုင်နွေဦးရယ်"

နိုင်း၏အဖြစ်သည်းမှု၊ ကဲ့ပြုမှုလေးများကို တစ်ယောက်ယောက်က မြင်သိကြပေမည်။ ဆေးရုံပေါ်မှ ကြားသိရသော မေမေ၏ ဆုံးဖြတ်ချက်သည် ပြတ်သားလှချေသည်တကား။

မမေ့ကို ဘာမှလျှောက်လဲခွင့်မရတော့။

မမေ့ကို ဖြတ်မလား။

နိုင်းကိုဖြတ်ရမလား။

မမေ့ကို ထားရစ်ခဲ့ရမလား။

နိုင်းကို အပြီးပြတ် နှင်လွှတ်လိုက်ရမလား။

နိုင်နွေဦးအတွက် အရွေးခက်လှသော လမ်းနှစ်သွယ်၏ အလယ်မှာ ပါတကား။

× × × ×

"ဟာ... မမဦး ငိုလာတယ်။ ဘာ... ဘာဖြစ်လို့ဗျာ၊ မငိုပါနဲ့ မမဦးရယ်...နိုင်း ဘာလုပ်ပေးရမလဲ၊ မမဦးဘာဖြစ်လာလဲ"

"နိုင်း... မောင်လေးရယ်"

နိုးရိမ်ခြင်းကြီးစွာဖြင့် မေးခွန်းများစွာကို မေးလာသော ချစ်သူ၏ ရင်ခွင်မှာ မျက်နှာအပ်၍ နိုင်နွေဦးအား ပါးတရိုမိသည်။

"ဘာဖြစ်လို့လဲ မမဦး ဟင်... ပြောပါဦး၊ နိုင်းကို ပြောပါဦး မမဦးရဲ့"

နိုင်နွေဦးတစ်ယောက်တည်းသာ ကျိတ်၍ ဆုံးဖြတ်ရမည့် ပြဿနာပါ၊ နိုင်းကို အသိပေး၍ မဖြစ်၊ ဝေဒနာလည်း မပေးချင်ပါ နိုင်းလေး စိတ်ခွန်းသာပါစေတော့...။

"မမေ... မမေ သိပ်ပြီး မသက်သာလို့ပါ နိုင်းရယ်"

ပြောမိပြောရာပြောချလိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား မမဦး၊ မငိုပါနဲ့ဗျာ... ဦးချွင်လာပြီ။ မမဦး ဘာလုပ်ချင်သလဲ ဟင်... ဦးကူညီပေးပါ့မယ်။ ဟို... စိတ်မဆိုးနဲ့နော် မမဦး၊ ဦးဆီမှာ ငွေလည်း ပါလာပါတယ်။ မမဦး ယူသုံးပါနော်။ စိတ်အားမငယ်ပါနဲ့ မမဦးရယ်။ ယောကျ်ားမကြိုးကို ဦးပါ ဝိုင်းပြီး ပြုစုပေးမှာပေါ့။ မငိုပါနဲ့အသက်ရယ် တိတ်တော့နော်... မငိုပါနဲ့တော့နော်"

ခိုင်နွေဦး၏ မျက်ရည်စလေးများကို သုတ်သိမ်းပြီး ထွေးထွေးပိုက်ပိုက် ယုယ နှစ်သိမ့်ရှာသည်။

ရင်ထဲမှာ အပူမီးကြီးသော်လည်း ဦးကို အရှိန်မဟပ်စေလိုပါ။

"ဆေးရုံက အပြန် ဝမ်းနည်းလာတာနဲ့ ဆာလှချော့ပေါ့၊ မမဦး ထမင်းပြင်လိုက်တော့မယ်နော်"

"နေပါဦး... မမဦး ဆာမှ စားပါ့မယ်။ ဦးထားသော ခေါင်းကိုက် နေမလားပဲ၊ မျက်နှာလေးကို နီလို...၊ မမဦး ဦး နှိပ်ပေးရမလား ဟင်"

"နေပါစေ ဦးရယ်... မခိုင်းရက်ပါဘူး"

"ဒီလို ဘယ်ဟုတ်မလဲ မမဦးရဲ့ မမဦးအတွက်ဆိုရင် ဦး ဘာဘဲ ဖြစ်ဖြစ် လုပ်ပေးရဲပါတယ်။ မမဦးနဲ့ တူတူနေရရင်ပြီးရော၊ ဦး ဘာမဆိုလုပ်ပေးမှာပဲ၊ မမဦး မပင်ပန်းစေရပါဘူးဗျာ"

"အော်... မမဦးကို ချစ်တတ်လိုက်တဲ့ ဦးရယ်"

× × × ×

မမဦး သိပ်ချစ်ရတဲ့ ဦးရယ်...

မမဦး ငိုနေတာ ဦးကို ချစ်လွန်းလို့ပါ၊ မခွဲနိုင်လွန်းလို့ပါ၊ မခွဲရက်လွန်းလို့ပါ။

ဒါပေမဲ့ ဦးရယ်...

အမေတစ်ရ သမီးတစ်ခုဘဝနဲ့ အသက်နဲ့ အမျှ နေလာခဲ့ကြရတဲ့ မမဦးအဖို့ အသက် အန္တရာယ် ဦးရိမ်နေရပြီ ဖြစ်တဲ့ မေမေရဲ့ နောက်ဆုံး အချိန်လေးမှာ ဦး ချစ်တဲ့ မမဦးဟာ သူ မိခင်နားမှာပဲ ရှိနေသင့်တယ်ကွယ်

ဦး စောင့်နေလို့လည်း မမဦး မလိုက်ခဲ့နိုင်သေးဘူး။ ဒီမှာ ဦး ဆက် နေလို့လည်း မသင့်တော်တော့ဘူး၊ အချစ်ရယ်။ မမဦးကို ဝဲညာပါ၊ နားလည်ပါနော်။

"ဦး ပြန်နှင့်တော့ကွယ်"

အချိန်ခါသတ်မှတ်လို့တော့ မရဘူး ဦး။ ဒါပေမဲ့ ဦးက မမဦးပေါ်မှာ သစ္စာရှိရှိနဲ့ စောင့်နေမယ်ဆိုရင်တော့ အခြေနေပေးတာနဲ့ မမဦးလေ ဦးဆီ ပြေးလာခဲ့ပါ့မယ် အချစ်ရယ်နော်။

မမဦး လိုက်လာနိုင်ဖို့ဆိုတာက မြန်ချင်လည်း မြန်မယ် အချိန်များစွာ နှစ်နဲ့ ချီပြီး ကြာချင်လည်း ကြာလိမ့်မယ်။

ဒါကြောင့် မမဦးကို သိပ်မျှော်မနေနဲ့တော့ ဦး။ အချစ် ရင်ပန်းမှာစိုးလို့ပါ။

ပြန်လည် ဆုံစည်းဖို့ အချိန် အကန့်အသတ်မရှိဘဲ မမဦးနဲ့ခွဲပြီး ပြန်သွားရမယ့် ဦးကို မမဦး ရင်မဆိုင်ရဲဘူး မောင်လေးဦးရေ။

ဒါကြောင့် မမဦးက အရင် ခရီးထွက်သွားနှင့်ပါပြီ။

ဦး ပြန်တော့နော်...။

'အမြင့်မား ဆုံးသော
ချစ်ခြင်းများဖြင့်'
"ဦး၏ ချစ်မမဦး"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

"သူ ပြန်သွားပါပြီ မေမေ"

"သမီး ဘယ်လိုပြောလိုက်လဲ"

"သူ မနိုးခင် စာပဲ ရေးပြီး ထားခဲ့တယ်၊ သမီးက ခရီးထွက်သွားပြီ ဆိုပြီး ကြိုးကြိုးညွှန့်တို့အိမ်မှာပဲ ပုန်းနေပါတယ်"

"အင်း..."

နိုင်းနှင့် ပတ်သက်၍ မေမေနှင့် သည်စကားမျှလောက်သာ ပြောဖြစ်ကြသည်။ နောက်ဝိုင်းရက်များတွင်လည်း မေမေက မမေး၊ ခိုင်နွေဦး ကလည်း မပြောတော့။

"မောင်လေး နိုင်း ဘယ်လောက်များ ခံစားသွားရရှာမလဲ ဆိုတာ မမြင်ပေမယ့် မမဦးသိပါတယ်။ အချစ်ရဲ့ ရင်ငြိမ်းသာပါစေ။ ဖြစ်နိုင်ရင် မမဦးတစ်ယောက်တည်း စုစည်းပြီ ခံစားပေးလိုက်ချင်ပါရဲ့ရှင်"

ရင်မှာ ရွတ်ဆို မြည်တမ်းရင် မေမေ့ကို ယခင်လိုပင် ပြုစုနေရပါ၏။

နောက်ဝိုင်း ရက်များတွင် နိုင်းနှင့် သွားလာခဲ့ဖူးသော ရွှေမြင်းပြု တောင်ထိပ်ပေါ်တွင် မကြာခဏ ခိုင်နွေဦး သွားထိုင်နေမိသည်။ နိုင်းကို လွမ်းရလွန်းသော စိတ်က ရင်နှင့် မဆံ့တော့၊ မျက်ရည်များအဖြစ်နှင့် ပြုဆင်းလာခဲ့တော့သည်။

နိုင်း၏ အပြုံးလေးများ၊ အပြောလေးများ၊ အသံလေးများ၊ ဟန်လေးများက ယခုပင် ထိတွေ့နေသလို ခိုင်နွေဦး အနစ်စိတ် ပြန်လည် စဉ်းစား နေမိတော့သည်။

"လွမ်းတယ်နိုင်းရယ်၊ မမဦး မောင်လေးကို သိပ်လွမ်းတာပဲကွယ်"

"ဒါကြောင့် ... နိုင်းတို့ ... မောသို့ ... အလွမ်းပြေ ... ခရီး အဖြစ်နဲ့ မမဦးလေ ပြေးပြီးလိုက်ခဲ့ချင်ပါရဲ့၊ ခုနေ နိုင်း ဘယ်လိုနေရှာမလဲကွယ်"

× × × ×

အချိန်တို့သာ တရွေ့ရွေ့ ကုန်လာသည်။ မေမေ၏ရောဂါက သက်သာလာခြင်းမရှိ။

မေမေ့အတွက် စိုးရိမ်ပူပန်ရသောစိတ် ။ ချစ်ရလွန်းသော နိုင်းကို လွမ်းဆွတ် တသရသော စိတ်များသည် ခိုင်နွေဦး၏ ရုပ်ခန္ဓာကိုပါ ညှိုးလျော့ နွမ်းရိစေခဲ့ပါပြီ။

ကိုယ့်ဘက်က ဘာမှ ထူးခြားမလာဘဲနှင့် စာလည်း မရေးချင်၊ ရေးပြီးသား စာများမှ နိုင်းကို အောက်မေ့လုပါကြောင်း။ အဖွဲ့အနွဲ့များ ကိုလည်း နိုင်းထံမပို့ဖြစ်တော့၊ နိုင်းဆီကမူ သူ့ဘယ်သို့ရှိနေပါကြောင်း၊ သူ့ကိုယ်စား စာလွှာလေးများ ရောက်လာခဲ့လေမလားဟူ၍ ခိုင်နွေဦး မျှော်လင့်တမ်းတရသည်က နေ့စဉ်နှင့်အမျှပါ။ သို့သော်လည်း နိုင်းထံမှ ဘာမှ ရောက်မလာခဲ့။

"သမီး... နိုင်နွေဦး"

"မေမေ... ဘာလုပ်ချင်လဲဟင်"

"ငါ့သမီးကြည့်ရတာ ... သိပ်နွမ်းနေတာပဲ"

"မဟုတ်ပါဘူးမေမေ... ညက အိပ်ပျော်ပြီး ဒီမနက် ရေမချိုး ရသေးလို့ပါ"

"ငါ့သမီးရင်ထဲက စိတ်တွေနွမ်းလျနေရတဲ့ အဖြစ်ကို မေမေနားလည် ပါတယ်။ ဒီမှာသမီး"

"ဟုတ်ကဲ့... မေမေ"

"မိဘဆိုတာကတော့ ကိုယ့်သားသမီး ကောင်းစားတာမြင်ချင်၊ တွေ့ ချင်ကြတာ ဓမ္မတာပါပဲ သမီး၊ ဒါ့ကြောင့် ဒီကောင်လေးနဲ့ဆိုရင် ငါ့သမီး တစ်သက်လုံး အနိုင်ယူခံနေရမယ့် အဖြစ်မျိုးနဲ့ ကြုံတွေ့ရမယ်ထင်ပြီး မေမေ ခွဲခိုင်းလိုက်တာပါ။ ဒီအတွက်ငါ့သမီး စိတ်သိပ်ထိခိုက်နေတယ်

www.burmeseclassic.com

ဆိုတာ မေမေမြင်ရပါ့ပြီ"

"မဟုတ်ပါဘူး မေမေရယ်... မေမေ့ကို ပိုပြီး အလေးသာတဲ့စိတ်နဲ့ သမီး သူ့ကို ပြန်ခိုင်းလိုက်တာပါ။ မေမေ့နားမှာပဲ သမီးနေမှာပါ မေမေ"

"အင်း... မေမေ့အဖြစ်ကိုကြည့်လေ၊ တစ်ချိန်က မိဘတွေက ကောင်းစားစေချင်စိတ်နဲ့စီစဉ်ခဲ့ကြပေမယ့် အလွဲလွဲအချော်ချော်တွေဖြစ်ပြီး မေမေ့မှာ တစ်သက်လုံး စိတ်ဒုက္ခနဲ့ နေခဲ့ရတယ်။ အဲဒါတွေကို တွေးပြီး မေမေစဉ်းစားပါဦး သမီး"

"ဘာကိုလဲ သမီး"

"ခေတ်ကပြောင်းလာပြီ၊ လူငယ်တွေ အတွေးအခေါ် ရင့်သန်လာပါပြီ။ ငါ့သမီးဟာ လိမ္မာတယ်၊ ဘွဲ့ရပြီးပြီ။ မေမေ့တုန်းကလို မပြတ်မသား မလိမ်မမာ မဖြစ်နိုင်တော့ပါဘူး။ သမီးရွေးထားတဲ့ ချစ်သူဟာလည်း မေမေ့အမြင်မှိုးအတိုင်း ဖြစ်ချင်မှ ဖြစ်မှာပါ။ ငါ့သမီးလေး စိတ်ပင်ပန်းနေတာကို မေမေ မကြည့်ရက်တော့ဘူး၊ ဒါကြောင့် မျှော်လင့်ချက် ကုန်ဆုံးနေတဲ့ မေမေ့ကို ဖေးမနေမယ့်အစား သမီး စိတ်ချမ်းသာရာ ရနိုင်မယ့် သမီးရဲ့ ချစ်သူဆီကိုသာလိုက်ချင် လိုက်သွားတော့၊ မေမေ ခွင့်ပြုပါတယ်"

နိုင်နွေဦးမှာ ချစ်မေမေ၏ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး မေမေ၏ အင်အားမဲ့ လက်ကလေး တစ်ဖက်ကို ဆွဲယူပွေ့ပိုက်လိုက်ပြီးမှ ပါးနှင့် အပ်ထားမိသည်။

"သမီးလေးပေါ်မှာ မေတ္တာတွေ ထားနိုင်လှချည်လား မေမေရယ်။ မသွားဘူး... သမီးမသွားပါဘူး၊ သမီးရင်ကွဲလို့ လဲသေသွားပါစေ၊ မေမေ့ကို ပစ်မထားခဲ့ရက်ပါဘူး။ မေမေ့ဘဝမှာ သမီးတစ်ယောက်သာ ပြုစုမယ့်သူ ရှိတယ်ဆိုတာ သမီးနားလည်ပါတယ် မေမေ။ မေမေ့ကို ထားရစ်ခဲ့ပြီး သမီး မသွားရက်ပါဘူး မေမေရယ်၊ သမီးစိတ်ကိုသမီးဖြေပြီး စိတ်ချမ်းသာအောင် နေပါ့မယ်"

"သမီးလေး ငိုနေသလား"

"ခွင့်လွှတ်ပါမေမေ... သမီးမငိုတော့ပါဘူး"

မျက်ရည်များ ကုန်စင်အောင် သုတ်ပစ်ပြီး ပြုံးပြရပါသေးသည်။

စကားလေးပြောသည်နှင့်ပင် မောဟိုက်နေသော ဒေါ်နုမေမှာ နိုင်နွေဦး၏ ဟန်ဆောင်ပြုံးလေးအတွက် ရင်နင့်သွားရတာဟန်ဖြင့် သမီး၏ ပါးလေးကို ကိုင်တွယ်လာသည်။

"မေမေ... မေမေသာ နေကောင်းအောင် ကြိုးစား ပါ...ဒါတွေမေ့ပစ်လိုက်၊ သမီးလည်း မေ့နိုင်အောင် ကြိုးစားပါ့မယ် မေမေ"

"အင်း... မေမေ့အခြေအနေကတော့ ပိုပြီးထူးခြားမလာတာ မေမေသိပါတယ် သမီး...၂ ဒါနဲ့ သမီး ဖေဖေဆီက စာလာသေးလား"

"လူကိုယ်တိုင်လာမှာဖို့ စာမရေးသေးတာ ထင်ပါရဲ့ မေမေ"

"အင်း... သူလည်း မအားဘူး ထင်ပါရဲ့လေ"

"မန္တလေးဆေးရုံကို တက်ဖို့တော့ သမီး တတ်နိုင်ပါတယ်မေမေ။ ဖေဖေ့ကိုမစောင့်ဘဲ သမီးတို့သားအမိ ဆင်းကြရရင် မကောင်းဘူးလားဟင်"

မေမေက အားလျော့စွာ ခေါင်းခါသည်။

"နေပစေတော့။ ကိုယ့်အရပ် ကိုယ့်ဒေသ ကိုယ့်မိဘခေါင်းချရာနေရာမှာဘဲ မေမေသေပါစေသမီး၊ ဒါပေမဲ့ သူရောက်လာပြီး စီစဉ်ပေးမယ်ဆိုရင်တော့ မေမေကြည့်စဉ်းစားပါ့မယ်။ ငါ့သမီးလေးကိုတော့ မေမေ ဒီထက် ပိုပြီး ဒုက္ခမပေးပါရစေနဲ့တော့..."

"မဟုတ်ဘူး... မဟုတ်ပါဘူး မေမေရယ်၊ မေမေမသေနိုင်ပါဘူး၊ မေမေ မသေရဘူး၊ အားတင်းပါ၊ သမီး တစ်ယောက်တည်း ကျန်နေရမယ့် အဖြစ်ကို မေမေသနားပါ...အားတင်းထားစမ်းပါမေမေရယ် ...နော်။ သမီးလေး မေမေ့ကို အစွမ်းကုန် ကုမယ်။ အစွမ်းကုန် ပြုစုမယ်"

နိုင်နွေဦး၏ စိတ်နှလုံး ဒုံးဒုံးချလိုက်ရပါပြီ။ မိခင်ကြီးကိုသာ ပြောခဲ့သည့်အတိုင်း အားသွန်ခွန်စိုက်ပြုစုပါတော့မည်။ မေမေ၏ ဝေဒနာ တိုးလာမှုကိုလည်း ဆရာဝန်နှင့် အသေအချာ တိုင်ပင်ပါမည်။ ရှိပစ္စည်းလေးများကိုလည်း ရောင်းချရပါဦးမည်။ ဒီနောက် လုပ်စရာတစ်ခုလည်း ရှိပါသေးသည်။

ဖေဖေထံ အကြောင်းစုံ စာရေး၍ မေမေကိုယ်တိုင်က မျှော်နေကျပါကြောင်း၊ ဖေဖေလာမှ စီစဉ်ရပါမည့် အကြောင်းများ ထည့်သွင်းရေးသားပါမည်။

www.burmeseclassic.com

www.burmeseclassic.com

သည်သို့ မိခင်အတွက် ကိုယ့်ဘဝကို ပေးအပ်ထားရချိန်တွင် မဝမ့သော်လည်း နိုင်းကိုဖြင့် ခတ္တခဏာ ဥပေက္ခာပြုထားရပါဦးမည်။

"နိုင်းရေ... မေမေကလည်း ခွင့်ပြုနေပါပြီ။ မေမေကျန်းမာပြီး အခွင့်သာတဲ့ တချိန်ချိန်မှာ မမဦးလေ နိုင်းဆီကို အမြန်ဆုံး ပြေးလာခဲ့ပါ့မယ်နော် ...ကွယ်"

× × × ×

စာခန်း (၉)

"သမီးရဲ့ မေမေကြီး ဆေးရုံမှာ မျှော်လင့်ချက်
မရှိတော့ဘူး။ ဒါကြောင့် ဖေဖေချက်ချင်းမလာနိုင်သေးပါ"
ဦးတင်အောင်နိုင်

ယနေ့ကြေးနန်းဌာန၏ ကမောက်ကမ ဖြစ်ပုံများ ...ဤပထမ ကြေးနန်းစာက ဆယ့်နှစ်ရက်ကြာမှ ရောက်ရှိလာပြီး ဒုတိယ ကြေးနန်းစာက သုံးရက်အကြာတွင် ရောက်ရှိလာခဲ့သည်။

ဒုတိယရိုက်သည့် ကြေးနန်းစာက ပထမနေ့တွင် ရရှိပြီး ပထမ ရိုက်လိုက်သည့် ကြေးနန်းစာက ဒုတိယနေ့တွင် ရရှိပါ၏။ နှစ်ရက်ဆက်၍ နှစ်စောင်ရရှိသော်လည်း ပြောင်းပြန် ရောက်ရှိလာသည်။ ဒုတိယ ကြေးနန်းစာတွင်...

"ဒေါ်ခင်လေးတင့် ဆုံးပြီ...ဖြစ်နိုင်လျှင်
သမီးကြီးလာခဲ့စေချင်တယ်"

ဖေဖေ

ကြေးနန်းစာက သည်မျှသာ ဖြစ်ပါ၏။ ကနီနှင့် ရန်ကုန်ခရီးက နီးလှသည်မဟုတ်၊ မုဆွာကားမီပါမှ နေ့ချင်းပေါက် မန္တလေးရောက်ပြီး ရန်ကုန်ဆင်းလျှင် နှစ်ရက်ကြာမည်။ အဆင်မပြေလျှင်လည်း သုံးရက်ကြာပါ မည်။ သံကြိုးစာက သုံးရက် အချိန်ယူထားသေးသည်။

ယခုဆို ရက်လည်ပြီးလောက်ပါပြီ။

ကြေးနန်းနှင့် တယ်လီဖုန်းဌာနများသည် လူမှုရေးကိစ္စများကို

www.burmeseclassic.com

အား‌ကိုး၍ ရစေချင်မိပါသည်။ ကနီတွင် တယ်လီဖုန်း ဌာနမရှိသေး၊ သတိ ဆိုင်ရာသို့ တောင်းဆို တင်ပြထား‌ဆဲ အချိန်တွင် ကြေးနန်း‌က နောက်ကျ လှသည်။

"ညြော်... မေမေကြီးရယ်၊ သမီး‌ကို သူ့မြေးကြီးပါရယ်လို့မှ သိမသွား နိုင်ပါလား"

ခိုင်နွေဦး မျက်ရည်ကျမိပါသည်။ ပြောခွင့် မရသော်လည်း အနီး‌ကပ် ပြုစုခွင့်ရခဲ့သော မေမေကြီး‌ပေါ်တွင် ခိုင်နွေဦး သံယောဇဉ်တွယ်နေမိသည် က အမှန်ပါ။

ဖေဖေလာစေချင်သော်လည်း ခိုင်နွေဦး‌မသွား‌နိုင်တော့ပါ။

မေမေ၏အခြေနေသည်လည်း ပို၍ပို၍ ဆိုး‌ရွား‌နေခဲ့ပါပြီ။

"ခွဲစိတ်ကုသမှုမခံယူရင်တော့ ဒီရောဂါဟာ မလွယ်တော့ဘူး ခိုင်နွေဦး ခုတောင် ဒေါ်နုမေရဲ့ အခြေနေဟာ စိုးရိမ်စရာဖြစ်နေပြီ"

ဆရာဝန်၏ အခန်း‌တွင်း၌ပင် ခိုင်နွေဦး ထိုင်ငိုမိပါသည်။

သမီး‌ကိုလည်း ဒုက္ခမပေး‌ရက်၊ သူချစ်သူ‌ကိုလည်း မျှော်လင့်နေရာ သော ဒေါ်နုမေမှာ သက်သာရာရမည့်နေရာ‌ကိုပင်မသွား‌ရက်နိုင်ရှာ။ ကိုယ် မြေမှာပင် သေလိုပါသည်ဆိုသော ခိုင်နွေဦး၏ ချစ်လှစွာသောမေမေ ဒေါ်နုမေသည်...

နွေတစ်ညဦး‌တွင်...

အသည်းနှလုံး‌တမျှ သူချစ်လှသော သမီး ခိုင်နွေဦးနှင့် 'သူ' ဆိုသော သူ့ချစ်သူနှင့် သူ သံယောဇဉ်ကြီး‌သော သူ့ဇာတိမြေတို့ကို အပြီး‌တိုင် စွန့်လွှတ် ခဲ့ရသွား‌ရှာလေပြီတကား။

× × × ×

"ဖေဖေရယ် ခုမပဲလာတော့တယ်လား၊ မေမေ... မေမေလေ ဖေဖေ့ကို မျှော်... မျှော်ရင်း..."

ခိုင်နွေဦး စကား‌မဆက်နိုင်တော့၊ မေမေ့ အုတ်ဂူလေး‌ဘေး‌တွင် ယိုင် လဲကျသွား‌မတတ်ဖြစ်ရပါပြီ။ ဖေဖေက ဖေး‌ထား၍သာပါ။

"ညြော်... သေတဲ့အထိ ကဲ့ဆိုးသွား‌ရှာတဲ့ မနုမေရယ်။ မေမေ သေတဲ့ ရက်နဲ့မှ တိုက်ဆိုင်ပြီး ဖြစ်ရတယ်လို့ကွယ်"

ဖေဖေ့ မျက်နှာတွင်လည်း မျက်ရည်များ‌နှင့်ပါ။

ရင်ထဲတွင်မူ ဤမျက်ရည်စလေး‌များ‌ထက် အဆပေါင်း‌များစွာ ခံစား နေရ‌ရှာပါကြောင်း ဖေဖေ၏မျက်နှာက ဖော်ပြနေပါ၏။ ဖေဖေ့မျက်ဝန်း များ နီမြန်း‌နေသည်။ ဆံကိုကြိတ်ခဲ‌ထား‌ရှာသည်။

"မေမေ့တစ်ယောက်တည်း‌ကိုသာ အား‌ထား တွယ်တာနေရတဲ့ သမီး‌ကို ထား‌ရစ်ခဲ့တဲ့မေမေရယ်။ သမီး‌ကန်တော့ပါတယ်"

မေမေ့ဂူလေး‌ကို ကန်တော့ပြီး‌မှ သား‌အဖနှစ်ယောက် ပြန်လာခဲ့ ကြသည်။ တစ်ယောက်၏ပရိဒေဝ‌ကို တစ်ယောက်က ဖေး‌မကြလျက်နှင့် ပါ။

သူ့‌ကိုစောင့်မျှော်ရင်း သေဆုံး‌သွား‌ရသည့် အဖြစ်‌ကို ဖေဖေယူကြုံး မရနိုင်ပါဟု တဖွဖွပြော‌ရင်း၊ ပြောတိုင်း‌မျက်ရည်ကျလာ‌ရှာသော‌ဖေဖေ့‌ကို နောက်ဆုံး‌တော့ ခိုင်နွေဦး‌ကပင် ပြန်လည်ဖျောင်း‌ဖျ‌ရတော့သည်။

ဖေဖေရောက်ပြီး နောက်တစ်ရက်မြောက်တွင်...

"ဖေဖေလည်း ကြာရှည်မနေနိုင်ဘူး‌သမီး၊ အက်စသာ ထောင်မကျ ဘူး၊ လွတ်လာတယ်။ ဘာကြောင့်လဲတော့ မသိဘူး။ ကိုကိုလည်း အခု အရက်ဖြတ်ရာက ဆင်း‌လာပြီ၊ စိတ်ရောဂါကုဆေး‌ရုံရဲ့ အရက်ဖြတ်၊ ဘိန်းဖြူဖြတ်တာ သိပ်အောင်မြင်နေတယ်"

"ဟင်... ဒါဖြင့် မမစောနန္ဒာနဲ့နင်းဆီလေး‌ပဲကျန်ခဲ့သလား။ နိုင်း... နိုင်း‌ရောဖေဖေ"

"နိုင်လွမ်း‌ဝေတော့ တောင်ကြီး‌မှာပဲ"

"ညြော်..."

"နန္ဒာနဲ့သမီး‌ကို နန္ဒာအစ်ကိုကြီး‌အိမ် ခေါ်ထား‌ခဲ့တယ် သမီး၊ မေမေ ကျန်ခဲ့တဲ့ပစ္စည်း‌နဲ့ခြံကြီး‌ကို အက်စသာ မျက်စိသိပ်ကျနေတယ်။ သူတောင်း ဆိုလာပြီး အဲဒါတွေ ရှင်း‌လင်း‌ဖို့ ကိစ္စကလည်း ရှိသေး‌လို့ ဖေဖေပြန်ရမယ် သမီး"

"အင်း‌လေ... ဟုတ်တာပေါ့၊ သမီး‌တောင် စိတ်မုန်မိပါတယ်။ ဒေါ်အက်

www.burmeseclassic.com

www.burmeseclassic.com

စသာရဲ့ ရန်ကလည်း ကြောက်စရာပါဖေဖေရယ်"

"ဒီတစ်ခါ သူအဖမ်းခံရပြီးမှ ငြိမ်နေတယ်သမီးရဲ့၊ အိမ်ထဲမှာပဲ"

"တော်သေးတာပေါ့၊ ဒါဖြင့် ဖေဖေမနက်ဖြန် သင်္ဘောနဲ့ပဲ ပြန်မလား"

"သမီး အဆင်သင့်ဖြစ်ရင် သွားကြမယ်လေ"

"ဘာကိုလဲ ဖေဖေ"

"သမီးဖေဖေနဲ့လိုက်ခဲ့ဖို့လေ"

"ဟင်"

"တစ်ယောက်တည်း ဒီမှာ ဘယ်လိုလုပ်နေမလဲ သမီး၊ စောနနှာကလည်း သမီးကိုချစ်ပြီးသားပါ။ ညီမလေးလည်း သမီးကို မျှော်နေရှာတယ်"

"ဒါနဲ့... မေမေကြီးရောသိသွားလားဖေဖေ"

"သိတာပေါ့၊ မေမေဟာ သမီးကို သိပ်ပြီးတွေ့ချင်ရှာတယ်။ ဒီမှာ မနေမေကလည်း လက်လွှတ်လို့ မရတဲ့ အချိန်မို့ ဖေဖေ တမင်မမှာတာ၊ ကဲ... သမီး ဖေဖေနဲ့တစ်ခါတည်း လိုက်ခဲ့မယ်မဟုတ်လား"

ခိုင်နွေဦးမှာ ဖခင်ကြီး၏မျက်နှာကို မငဲ့မရဲကြည့်ရင်းက... ဖေဖေ၊ ဖေဖေလည်း ဟိုမှာ ဒေါ်အက်စသာတို့နဲ့ ရှင်းပါဦး။ သမီးလည်း ဒီမှာ မေမေထားရစ်ခဲ့တဲ့ အိမ်လေး ခြံလေးတွေကို ရောင်းချလိုက်ဦးမယ်လေ"

"ဒီကိစ္စတွေက နောက်မှဆောင်ရွက်လည်း ရသားပဲသမီးရဲ့၊ သမီး တစ်ယောက်တည်း ဖေဖေစိတ်မချဘူးကွယ်"

"ခွင့်လွှတ်ပါဖေဖေ၊ သမီးရဲ့ ဆွေမျိုး ညီအစ်ကိုမောင်နှမဝမ်းကွဲတွေလည်း ရှိကြပါတယ်။ သူတို့ကညီလို့ မေမေ့ ဈာပနလည်း သိုက်မြှုပ်စည်ကားပါတယ်၊ ဒီကနိမြို့မှာတော့ ဖေဖေ သမီးကို စိတ်ချပါ။ ကိစ္စပြီးရင် သမီးလိုက်လာခဲ့ပါမယ်ဖေဖေ"

ဖခင်ကြီးကို တောင်းတောင်းပန်ပန်ပြော၍ နေရစ်ခဲ့ရသည်။

ကိုယ့်အကြောင်းနှင့်ကိုယ် လိုက်မသွားနိုင်ခဲ့သော်လည်း ဖေဖေပြန်သည့်နေ့က ဝမ်းနည်းအားငယ်စိတ်ဖြင့် ခိုင်နွေဦး ကြေကွဲစွာ သင်္ဘောဆိပ်မှာ ငိုရှိုက်မိပါသည်။

ဖေဖေ့ကိုပြောလိုက်သည့်အတိုင်း ခတ္တာမြို့၏ကိစ္စအဝဝကို ရှင်းလင်းစေချင်၍လည်း မဟုတ်ပါ။

သည်မြေမှာနေပြီး အိမ်နှင့်ခြံများ ရောင်းချချင်၍လည်း မဟုတ်ပါ။ ကြည့်ရှုစောင့်ရှောက်ပေးမည့် ဆွေမျိုးများလည်းရှိကြပါသည်။ လောလော ဆယ်လည်း ခိုင်နွေဦး ငွေမလိုသေးပါ။ မေမေနေသွားခဲ့သော ဘိုးဘွားပိုင် အိမ်ကို ခြံကိုလည်း ချက်ချင်းကြီး မရောင်းချလိုသေးပါ...

ဖေဖေ့ကို အကြောင်းပြမိသည့် မလိုက်နိုင်သော ကိစ္စများဆိုသည်မှာ အမှန်တကယ် တစ်ခုမှ မဟုတ်၊ ဖေဖေနှင့်အတူ ခိုင်နွေဦး မလိုက်နိုင်သည့် အကြောင်းရင်းက...

"ခိုင်းတို့...မော...သို့... သွားမလို့"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သာစည်ကို ကျော်ဖြတ်ပြီး ၂၂ မိုင်ကွာ ယင်းမာပင်တွင် ခဏတာ နား သည်။ ဘုရားငါးဆူရှိ ယင်းမာပင် စသောနေရာများကို ကျော်လွန်ပြီး သည်နှင့် မြေပြန့်မြေ ဆုံးတော့သည်။ တောင်တက်လမ်း စခဲ့ပါပြီ...

ကနီမှ မုရွာသို့အလာ သင်္ဘောအရောက် နောက်ကျပါ၍ မုရွာတွင် တစ်ည၊ နောက်တစ်နေ့ 'အောင်စကြာ'ကားနှင့် အစောကြီး လိုက်လာပြီး မန္တလေးတွင် နေ့ဝက်နှင့်တစ်ည နားရသေးသည်။ နောက်တစ်နေ့ နံနက် အရုဏ်တွင် 'သံလွင်-မန်း' အမြန်ကားကြီးဖြင့် မန္တလေးမှသည် မိုင်းရှိနေရာ တောင်ကြီးမြို့သို့ ခရီးဆက်၍ လာခဲ့ရသူက မိုင်းရဲ့ ချစ်မမ မိုင်နွေဦး"

"မိုင်းတစ်ယောက် ဘယ်လောက်များ ဝမ်းသာ သွားရွာမလဲကွယ်"

တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်လွှက် ရေ ကြောင်း ခရီး ကုန်းကြောင်းခရီးများဖြင့် ချစ်သူရှိရာသို့ မျှော်လင့်အားကိုး ခြင်းကြီးစွာဖြင့် ခိုင်နွေဦး လိုက်လာနေခြင်းပါ...

မိုင်းနှင့်ခွဲရသည့် အဆိုးနိမ့်ကချည်း သုံးလနီးပါးရှိခဲ့ပြီ။ သည်အတွင်း ဘာအဆက်အသွယ်မှ မရခဲ့ကြ။ သို့ပါသော်လည်း တစ်ယောက်နှင့် တစ်ယောက် တစ်ဦးနှင့်တစ်ဦး နားလည်မှုဖြင့် ရှိကြသည်ဟု ခိုင်နွေဦး ယုံကြည်ပြီးသားပါ။

အခြေနေမပေးလို့ ရောက်မလာနိုင်ခဲ့သော်လည်း ခိုင်နွေဦး၏ ရင်ထဲ တွင် နေ့စဉ်နှင့်အမျှ တသ သတိရပြီး၊ မေတ္တာကြီးမြင့်စွာဖြင့် သစ္စာထား လျက်ပါ။

မိုင်းဘက်ကလည်း သည်သို့ပင် ရှိရှာလေမည်။ တွေ့စဉ်းတွင် မိုင်း

၏မူအတိုင်း 'ဒီကကောင်က' ဟူသောအပြောလေးများဖြင့် သူ့ မဦးပေါ်တွင် ဆိုးနွဲ့အနိုင်ယူပေလိမ့်ဦးမည်။ အလိုလိုက်နေရသည်ကိုပင် ကြည်နူး နေမိသော ခိုင်နွေဦးရယ်ပါ။

"တောင်ကြီးမြို့"

"ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၇၁၂"

ကလောမှထွက်ခဲ့ပြီး အောင်ပန်း၊ ဟဲဟိုး၊ တောင်လေးလုံး၊ အောင် သပြေ စသော မြေများကို ဖြတ်ကျော်လာခဲ့သည်ကိုပင် ခိုင်နွေဦး အမှတ် မထားမိတော့ ကားခေါ်ရာသို့သာ ငေးမောရင်း လိုက်လာမိသည်။

တောင်ကြီးမြို့ဟူသော စာတမ်းကို မြင်ရလေမှ ခိုင်နွေဦး လှုပ်ရှား လာမိသည်။ နက်ရှိုင်းသော ချောက်ကမ်းပါးများ မတ်စောက်သော တောင် ထွဋ်များ စိမ်းညို့နေသော တောတန်းများကို ဖြတ်ကျော် လွန်မြောက်ခဲ့ပြီး လေ ပြီ။

သံလွင်-မန်း ဘတ်စကားကြီးသည် တောင်ကြီးမြို့သို့ တည်ကြည် ငြိမ်သက်စွာ ဝင်ရောက်ခဲ့ပါပြီ။

"ကျေးဇူးပြုပြီး ကျွန်မကို ဦးခွန်မိုင်းရဲ့ အိမ်ကို ပို့ပေးပါရှင် ကျွန်မ တစ်ယောက်တည်း မှောင်နေပြီမို့ပါ"

"ရပါတယ်ခင်ဗျ"

ထုံးစံမဟုတ်သော်လည်း အမျိုးသမီး တစ်ယောက်တည်းမို့ သူတို့ စာနာစွာ လိုက်ပို့ကြရှာပါသည်။

"ဧည့်သည် ထင်တယ်"

"ဟုတ်ပါတယ်၊ ဦးရိုးခွန်မိုင်း၊ မဦးပါ။ မိုင်နွေဦးပါ တဲ့ခါးဖွင့်ပါဦး"

သေတ္တာနှင့် လက်ဆွဲခြင်းကို မြေပြင်မှာ ချပြီး သံတံခါးဝမှ ကျွန်မ လှမ်းအော်မိသည်။ မိုင်းများပြေးလာလေမလားဟူ၍...

"ဟယ် ... မိန်းကလေး ရောက်လာပြီ"

အထင်များခံရသော်လည်း အပြစ်မဲ့ရှာသည့် ဦးရိုးခွန်မိုင်းက အားရ ဝမ်းသာဟန်နှင့် တံခါးပြေးဖွင့်သည်။ မိုင်းကိုမမြင်ရ၍ ခိုင်နွေဦး ရင်ထိတ် စွာနှင့်ပင်...

"ဦးရိုးခွန်မိုင်း... မိုင်း... မိုင်းရောဟင်"

www.burmeseclassic.com

www.burmeseclassic.com

"ရှိပါတယ် မိန်းကလေး"

"ခု သူဘယ်မှာလဲဟင် အိမ်ထဲမှာပဲလား"

"ဟုတ်ပါတယ်"

"သူ ... သူတစ်ယောက်တည်းပဲ ရှိရဲ့လား၌"

ဦးရိုးခွန်မိုင်း၏ အဖြေက အင်အားမဲ့သလို လေသံဖျော့နေသည်။

"တစ်ခုံတစ်ယောက်နှင့်များ"

ဟူသော ဖြစ်တတ်သည့် သဘောကို ရုတ်ခြည်းဆင်ခြင်လာမိ၍ ခိုင်နွေဦး အံ့အားတကော မေးမိသည်။ အခြေနေ မဟန်လျှင် သည်နေရာက လှည့်ပြန်တန် ပြန်ရလေမည်လား၊ အားငယ်စိတ်ဖြင့် ခိုင်နွေဦးမှာ ဦးရိုးခွန်မိုင်းကို မျှော်မော့ကြည့်နေမိသည်။

"သူ... သူတစ်ယောက်တည်းပါ...ဒါပေမဲ့..."

"အို... ဦးရိုးခွန်မိုင်း မျက်ရည်တွေ ဝိုင်းလာပါလား၊ နိုင်း... နိုင်းဘာ ဖြစ်နေသလဲရှင်၊ ကျွန်မ ရင်ထိတ်လိုက်မတိုရှင်...နိုင်း...နိုင်းလေး နေကောင်းရဲ့လား"

"ဝင်သာကြည့်ပါတော့ကွယ်"

ခိုင်နွေဦးမှာ လက်မှ သေတ္တာကို ဘယ်ပုံလွှတ်ချမိလိုက်သည် မသိတော့၊ အိမ်တွင်းသို့ စွတ်ပြေးဝင်လာမိသည်။ နိုင်း၏အခန်းရှိရာ အပေါ်ထပ်သို့ ခိုင်နွေဦး တစ်ဟုန်ထိုး ပြေးတက်မိသည်။

ခုတင်ပေါ်မှာ နိုင်းထိုင်လျက်ပါ...

ချစ်လှစွာသောနိုင်းသည် မီးရောင်မှိန်မှိန်လေး အောက်တွင် ခုတင်ခေါင်းရင်းဘက်၌ ခေါင်းအုံးကို ဒေါင်လိုက်ထောင်ပြီး ခပ်လျှောလျှောလေး လဲမှိမှိန်းနေသည်။

"နိုင်း နိုင်းရယ်"

"ညော်... မမဦးလား"

"ဟုတ်တယ်လေနိုင်း... နိုင်းဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား ကွယ်။ မမဦးရောက်လာပါပြီ နိုင်းရယ်။ မမဦးလေ...ဟင်..."

ရှန်းရှန်းဝေနေမိသော ခိုင်နွေဦးမှာ ဆက်လက်၍ စကားမဆက်နိုင်

တော့ တောင့်မတ်စွာ ရပ်လျက်က ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားလိုက်သည်။

"ဝမ်းသာလိုက်တာ နိုင်းရဲ့ ချစ်မမဦးရယ် ခုမှပဲ ရောက်လာတော့တယ်၊ ဒီကကောင်ကဖြင့် မျှော်လိုက်ရတာ"

ဟူသော နိုင်းပြောသင့်သည့်စကား။ နိုင်း ပြောလာမည့် လေသံလေးများဖြင့် နိုင်းက တစ်ခွန်းတစ်ပါဒမျှ မတွဲပြန်ပါဘဲနှင့်...

"နိုင်းတစ်ယောက်တည်း နေပါရစေဗျာ... သွားပါ"

နိုင်းက လက်ကို ရွေ့ရုံလေး လှုပ်ပြီး သွားခိုင်းသည်။ သူမျက်ဝန်းက ပွင့်ရုံလေး၊ မှေးမှေးစင်းစင်းဖြင့် လေသံကလည်း အာလေးလျှာလေးနှင့်ပါ။

"ဟင် နိုင်း နိုင်း ဘာဖြစ်နေတာလဲ...ဟင်"

"မြင့်တဲ့အတိုင်းပါပဲ တူမကြီးရယ်"

ဦးရိုးခွန်မိုင်း၏ အသံနှင့်အတူ မီးချောင်းက လင်းလက်လာသည်။

"မခိုင်ဦးဆီက ပြန်လာပြီးကတည်းက အဲဒါတွေ သူစလုပ်တာပဲ"

"အမလေး...နိုင်းရယ်၊ ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေ ကလေးရယ်"

ဦးရိုးခွန်မိုင်း ယူပြသော စီးကရက်ဘိုစလေး သုံးလေးခုနှင့် နောက်ထပ် ဆေးလိပ်များ...

"အို...မြတ်စွာဘုရား၊ ဆေးသမား အကြီးစား ဖြစ်နေပါရောလား နိုင်းရယ်"

"ဟုတ်တယ်၊ ဒီနံပါတ်ဖိုး စွဲသူတွေဟာ အများကြီးပါ။ သူသူငယ်ချင်းတွေကလည်း ဒါတွေပဲ။ အရင်က သူဒါတွေ မလုပ်ပါဘူး၊ မခိုင်ဦးဆီက ပြန်လာပြီးမှ စိတ်ညစ်တယ်ဆိုပြီး သူဆက်တိုက်လုပ်နေတာ"

"မတားဘူးလား၊ မပြောဘူးလား၊ မဆုံးမဘူးလား၊ ဦးရိုးခွန်မိုင်းရယ် ဒီတိုင်းပဲကြည့်နေတော့မှာလား၌၊ ကြည့်ပါဦး ဝိန်ကျဉ်းလိုက်တာ"

ခိုင်နွေဦးမှာ နိုင်း၏ အရိုးပေါ်နေသော လက်ကလေးကို ဆုပ်ပြီး တုန်တုန်ရီရီနှင့် ပြောမိသည်။

သူလက်ကို ဆွဲယူတော့လည်း အလိုက်သင့်ပါသည်။ လွှတ်ချလိုက်တော့လည်း ရုတ်တရက် ပြန်ကျသွားခဲ့သည်။ နှုတ်ခမ်းလေးသာ ပြုံးပြ

www.burmeseclassic.com

သော်လည်း ခိုင်နွေဦးကို သူ မကြည့်တော့ အရေးမယူနိုင်တော့။

နံပါတ်မိုး ဟီးရိုးအင်း အဆိပ်မွှန်သည့် စိုင်းစ၏ အသိတရစ်ရင်သန်သော ဦးနှောက်ကိုလည်း ဖုံးလွှမ်းပြီး သူမမဦးကို ချစ်တတ်လွန်းသော အသည်းနှလုံးကိုလည်း ဝါးမြိုပစ်လိုက်ချေပြီတကား။

"စိုင်း... မောင်လေးရယ်... မမဦးကိုတောင် မခေါ်နိုင် မကြိုနိုင်တဲ့ အဖြစ်မျိုး ရောက်လာအောင် မိုက်လှချည်လားကွယ်၊ မမဦးကို ကြည့်ပါဦးစိုင်းရဲ့၊ မမဦး စိုင်းဆီကိုလိုက်လာပြီလေ စိုင်းနဲ့နေတော့မလို့နော်... စိုင်း။ မမဦးစကားကို နားထောင်မယ်ဟုတ်လား၊ ဒါတွေဆက်မသောက်နဲ့တော့နော်...မမဦးနဲ့ ကြည့်ကြည့်ရှုးနှုး နေရအောင်ပါ အချစ်ရယ်"

"မ... မလုပ်ပါနဲ့ ပေးပါ။ တစ်ယောက်တည်းနေပါရစေဗျာ"

"ကျွန်တော် ဆေးလိပ်လေးတွေသာ ပြန်ပေးပါ"

ခိုင်နွေဦး ဟူသော မိန်းမလှတစ်ဦးသည် ဆေး... ဆေးလိပ်တစ်လိပ်လောက်မှ စိုင်းအတွက် တန်ဖိုးမရှိတော့ချေပါတကား။

× × × ×

အခန်း (၂)

"သူ့ကို ဒီလောက်တောင် အလိုလိုက်ထားရသလား ဦးရိုးခွန်မိုင်းရယ်၊ သူဘဝဆုံးတော့မယ်"

"အပြစ်တင်ရင်လည်း ခံရမှာပဲမခိုင်ဦး၊ ပထမဝိုင်းမှာ စိုင်းဟာ သိပ်ပြီး တက်တက်ကြွကြွ ကြိုးစားရှာပါတယ်၊ နောက်ဝိုင်း သူ မခိုင်ဦး ဆီလိုက်လာတယ်လေ၊ အဲဒီက ပြန်လာပြီးကတည်းက..."

"ဒီတိုင်းဆိုရင် မဦးရဲ့အပြစ်တောင် ဖြစ်နေပြီထင်ပါရဲ့ရှင်"

"ဒီလိုလည်းကိုယ်ကိုယ်ကို မထင်ပါနဲ့ကွယ်၊ ဦးရိုးအလိုလိုက်ရတဲ့ အကြောင်းလေးတွေတော့ ပြောပါရစေဦး။ ပထမဝိုင်းက သူ ညတိုင်း မအိပ်ဘူး။ ရှိုင်ငေးပြီး တစ်ခါတလေငိုတယ်။ ဒါနဲ့ သူဖျော်အောင် သူ့ သူငယ်ချင်းတွေနဲ့ လည်ပတ်ပါစေ ဆိုပြီး လွှတ်မိတယ်။ ဂီတာတီးကြ ဆိုကြပေါ့။ နောက်ဝိုင်းကျမှ ဖောက်လာတာ"

"သူ့အပေါင်းအသင်းတွေထဲမှာ ဒါမျိုး ရှိသလား ဦးရိုးခွန်မိုင်း"

"ရှိတာပေါ့။ အဲ ... ပြောရဦးမယ်၊ ပထမဝိုင်းမှာတော့ နည်းနည်းပဲ၊ တစ်လိပ်လောက်က စသောက်တာ။ နောက်တော့ တဖြည်းဖြည်း များလာတာပဲ၊ ခုဆိုရင် ပုံသေမရှိတော့ဘူး။ သောက်တာ သိပ်များနေပြီ။ ပထမဦးရိုးလည်းဆူ၊ သူ့ဆေးလိပ်တွေ လွှင့်ပစ်နဲ့၊ အတော်ကို ဖျက်ပါတယ်၊ ဒါပေမဲ့ မရတော့ဘူး၊ အခု နောက်ဝိုင်းမှာဆိုရင် မသောက်ရရင် မိုးကို ကြည့်ရက်စရာ မရှိတော့ဘူး၊ မနှိမ်ဆန့် ခံစားနေရတာ မမြင်ရက်စရာပါ မခိုင်ဦးရယ်။ ဒါကြောင့် ဦးရိုးကိုယ်တိုင်တောင် ဆေးမှုန့်ထည့်လိပ်ပေးနေမိတဲ့အဖြစ် ရောက်သွားရတာပါ"

www.burmeseclassic.com

"ခက်တာပဲ၊ ဒီဆေးနဲ့ပတ်သက်လို့ ကျွန်မလည်း ကြားဖူးရုံပဲ ရှိတာယ်။ ဘာမှ မသိဘူး၊ ဘယ်အဆင့်ရောက်နေပြီလဲ မမှန်းဆတတ်ဘူး။ နိုင်းရဲ့ ဘဝကိုက ပြန်ယူလို့မှ ရပါတော့မလား ဦးရီးခွန်မိုင်းရယ်။ နိုင်းကိုသာ စွန့်လွှတ်ရရင်တော့ ကျွန်မရဲ့ ဘဝမှာ အားလုံးရှုံးပြီ၊ ဆုံးပါပြီးရှင်။ နိုင်းဟာ ကျွန်မဘဝရဲ့ တစ်ခုတည်းသော မီးရှူးတန်ဆောင်ပါ။ နိုင်းကို ဘယ်လို ကယ်ရမလဲ၊ နိုင်းရဲ့ ပြဿနာကို ဘယ်လို ကိုင်တွယ်ရမလဲရှင်။ မမြင်ရက်ဘူး၊ မကြည့်ဝံ့ဘူး၊ ကျွန်မ ရင်ကျိုးရပါပြီ"

စကားများ တစ်ဆက်တည်း ပြောကြားရင်း ခိုင်နွေဦးမှာ ကြေကွဲလို့က်လှဲစွာ ငိုရှိုက်နေမိဆဲတွင်...

"မမ ခိုင်နွေဦး"

မျက်ရည်များကြောင့် သူ့ကို ရုတ်တရက်မမြင်ရ၊ ဝေဝါးနေမိသည်။ ပြီးမှ ဖြည်းဖြည်းချင်း မှန်းဆလာနိုင်သည်။ နိုင်း၏ ဘော်ဒါလေး တစ်ယောက် ခိုင်နွေဦးတို့ ချစ်ကြည်နူးစဉ်က ဂီတာတစ်လက်နှင့် အမော်လိုက်ခဲ့သော...

"နိုင်းမြတ်တည်"

"ဟုတ်ပါတယ် မမခိုင်နွေဦး၊ နိုင်းလွမ်းဝေနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်လို့ ကျွန်တော် လာခဲ့တာပါ"

"ပြောပါကွယ်၊ နိုင်းရဲ့ ဖြစ်မျက်ရင်းအကြောင်းရင်းကို မမဦး တကယ်ပဲ သိချင်ပါတယ်၊ ပြီးတော့ မင်းတို့ရဲ့ ဖစ်(ရှ) ဆိုတဲ့ နံပါတ်ဖိုးသုံးစွဲမှု စွဲလမ်းမှုအကြောင်းကိုလည်း မမဦးသိလိုပါတယ်၊ ဒါမှလည်း နိုင်းရဲ့ ဘဝကို ဘယ်လို ကယ်တင်ရမယ်ဆိုတာ မမဦး တွေးယူကြဆလို့ရတာပေါ့ နိုင်း မြတ်တည်"

"ဒီလိုပါ မမခိုင်နွေဦး၊ ကျွန်တော်တို့ကနေပြီး သူ့ကိုဆေးချပါလို့ မတိုက်တွန်းတာ အမှန်ပါပဲ၊ သူဟာသူ စိတ်ညစ်တယ်ဆိုပြီး စသောက်တော့တာပါပဲ၊ ပထမဆုံးသောက်တဲ့နေ့က တစ်လိပ်ကုန်အောင် မသောက်နိုင်ခင်မှာ အန်တော့တာပဲ။ နောက်သုံးရက်လောက် သူနေမကောင်းဘူး၊ နံးခွေနေတယ်၊ တချို့လည်း ဒီနေရာတွင် လန့်သွားကြတယ်။ အများအား၊ ဖြင့်တော့ ဆက်ချကြတာ များပါတယ်။ နိုင်းလွမ်းဝေလည်း အဲဒီလို

ဆက်ချရာက စွဲလမ်းသွားတာပါ။ ပထမတော့ တစ်လိပ်ပဲ တစ်ပတ်လောက် သောက်ပြီးမှ တစ်စိတ်ဝက် သောက်တာ။ ခုတော့ တစ်နေ့ တစ်စိတ်လောက် သောက်တဲ့ အဆင့် ရောက်နေပါပြီ"

"တစ်စိတ်ဆိုတာ ဘာကိုပြောတာလဲ ဟင်"

"ဒီလိုပါ မမခိုင်နွေဦး၊ ဒီဘိန်းဖြူမှုန့်တွေကို အရင်တုန်းက စက္ကူထုပ်နဲ့ ပက်ကင်လာတယ်၊ ခုတော့ ပယ်နယ်ဆလင်ပုလင်းလေးနဲ့ ထုတ်လုပ်တယ်"

"ဒီ လူညွှန့်တုံးစေတဲ့ ဆေးကို စတင်ဖော်စပ်တဲ့ ဖြန့်ဝေတဲ့ လူတွေကို မမဦး လက်စားချေချင်လှတယ်။ မမဦးလို ကိုယ့်ချစ်သူအတွက် ပူဆွေးရတဲ့ လူတွေ ကိုယ့်သားသမီး ကိုယ့်ဆွေမျိုးစတဲ့သူတွေကြောင့် သောကမီးတောက်ကြရတာ အများကြီးပါ။ ဒီဆေးဟာ လူတစ်ယောက်ကို လူညွှန့်တုံးစေတယ်။ ပြီးတော့ သူ့အသိုင်းဝိုင်းကိုပါ လောင်မြိုက်စေတယ်။ နာကြည်းစရာ ကောင်းလိုက်တာကွယ်။ ကဲ... ဆက်ပါဦး... ဆေးသုံးစွဲပုံအကြောင်း..."

"ပြန်ဆက်ပါမယ် မမခိုင်နွေဦး၊ တစ်စိတ်ဆိုတာ ပယ်နယ်ဆလင်ပုလင်းရဲ့ လေးပုံတစ်ပုံပါ။ အဲဒီတစ်စိတ်ကို ဆေးလိပ် ခြောက်လိပ်ရပါတယ်"

"ဒါ အတိအကျပဲလား"

"များသောအားဖြင့်တော့ ဒီလောက်ပါပဲ၊ တချို့လည်း ရှစ်လိပ် လောက်လိပ်ပါတယ်။ ခြောက်လိပ်ထက် နည်းလို့တော့ မရပါဘူး။ ဆေးများရင် ဆေးလိပ်ဆေးမစွဲတော့ဘူး။ အရသာပျက်တယ်ပေါ့"

"ဒါဖြင့် တစ်ပုလင်းကို နှစ်ဆယ့်လေးလိပ် ရတယ်ပေါ့နော်၊ ဈေးကရော ..."

"အဲဒီ တစ်ပုလင်းကို ခြောက်ဆယ် ခုနစ်ဆယ်ပဲ ရှိတယ်။ မန္တလေးမှာဆို ရာကျော်၊ ရန်ကုန်မှာဆို သုံးရာလောက်ထိဖြစ်တယ် ကြားဖူးတယ်"

"ဘယ်လိုနည်းနဲ့ ဆေးလိပ်ထဲထည့်လဲ နိုင်းမြတ်တည်"

"ဒါတော့ ဦးရီးခွန်မိုင်းတောင် လုပ်တတ်နေပါပြီ။ မီးကရက်ထဲက ဗာဂျီးနီးယားဆေးရွက်မှုန့်လေးတွေကို လိမ့်ထုတ် ခါချပြီး အရိုးလေး

www.burmeseclassic.com

အချောင်းလေးတွေကို ဖယ်ထုတ်ပြီး စိုနေရင် ခြောက်အောင် အပူလေး ပေးပြီးမှ ဆေးမှုန့်လေးတွေ ရောစပ်ပါတယ်။ တချို့လည်း ဆေးမှုန့်တစ်ကန့်၊ စီးကရက်ဆေးရွက်တစ်ကန့် သိပ်ထည့်ပြီး မီးငွေ့ငွေ့လေးနဲ့ ရှူရှိုက်ရုံပါပဲ။ ခါးသက်သက် အရသာလေးနဲ့ စိတ်ကူးသမျှ နောက်ကို ငြိမ့်ငြိမ့်လေး ပါသွားပါတယ်။ ကျွန်တော်တို့လည်း ဆေးသမားပါ။ ဒါကြောင့် ပြောနိုင်တာပါ။ ဆေးရုံမှာဆေးဖြတ်တုန်းက မနည်းခံရတယ်"

"အင်း... အင်း...ဖြတ်နည်းလေး ပြောပါဦး၊ မသောက်ရရင် ဘာတွေ ဖြစ်လာလဲကွယ်"

"နသေးရင်တော့ မသောက်ရရင် ပထမဆုံး ဦးတွေ ချောင်လာပြီး ခြေဆီတွေခန်းလို့ လမ်းလျှောက်ရတာ ချော်ချွတ်ချွတ်နဲ့ မသွက်ဖူး။ ပြီးတော့ သမ်းတယ်၊ မျက်ရည်ကျတယ်။ အဲ နောက်တစ်ဆင့်ဆိုရင် ချမ်းပြီး နံးနေတယ်။ နောက်ဆုံးကျတော့ တစ်ကိုယ်လုံး မနေနိုင် မထိုင်နိုင် ကိုက်ပြီး ဆေးပေါက်တော့တာပဲ၊ ရတဲ့နည်းနဲ့ ရှာပြီး သောက်လိုက်တော့မှ ဒီရောဂါတွေ ပျောက်သွားတော့တယ်။ နိုင်းဟာ တစ်နေ့ ခြောက်လိပ် အထက် သောက်နေလို့ နောက်ဆုံးအဆင့်လောက်ကို ရောက်နေပါပြီ"

"သူ ဆေးရော ထိုးသလား၊ အကြောထဲမသွင်းဘူးလား"

"ဟင်အင်း... ဆေးချသူတိုင်းဟာ သောက်ရင် ပိုသောက်လာ၊ ထိုးရင် ပိုထိုးလာတာပါပဲ"

"နိုင်းမြတ်တည် ဖြတ်တော့ရော ဆေးရုံမှာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က နိုင်းလွမ်းဝေလောက်လည်း အများကြီး မသောက်တော့ ဆေးကို တဖြည်းဖြည်းလျှော့တဲ့ နည်းနဲ့ပဲ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ဖြတ်ပါတယ်။ နိုင်းလွမ်းဝေကတော့ မရတော့ဘူး ထင်တယ် မမနိုင်နွေဦး"

"ဟုတ်မယ်...သူသိပ်မျော်လင့်တဲ့ မမဦးကိုတောင် သူ့ဆေးလိပ် တစ်လိပ်လောက် မမက်တော့ပါဘူး နိုင်းမြတ်တည်ရယ်။ မမဦးလေ ... မေမေသေဆုံးပြီး ဖေဖေဆီတောင် မသွားဘဲ သူ မျှော်နေမှာပဲဆိုပြီး မျှော်လင့်ချက်များစွာနဲ့ ရောက်လာခဲ့တာပါ။ ဒီလည်း ရောက်ရော ရင်ကွဲရပါရောကွယ်"

နိုင်နွေဦး၏ မျက်ဝန်းများမှ မျက်ရည်ပေါက်များ လိမ့်ကျလာခဲ့ရပါပြီ။

နိုင်းမြတ်တည်နှင့် အတူ ချစ်လှစွာသော မောင်လေးနိုင်းလွမ်းဝေ၏ အခန်းသို့ လာခဲ့ကြရသည်။

ကြဲလို့လွန်းနေသော နိုင်းမှာ အစားပျက် အအိပ်ပျက်ဖြင့် ဆေးမှ ဆေးဟူသော အဆိပ်ပန်းကို ဘဝအဆုံးခံ၍ ငမ်းငမ်းတက် ပိုက်ပွေ့ထားလေပြီတကား။

နိုင်နွေဦး ဝင်လာသည်ကို သူသိသော်လည်း မြင်သော်လည်း တက်ကြွစွာ မနှုတ်ဆက်နိုင်တော့။ ခုတင်ထက်တွင် လျောင်းစက် မှေးမှိန်းလျက်...။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ကွယ်။ သမီးလေး နှင်းဆီ အဖို့လည်း ကြင်နာတတ်တဲ့ အစ်မတစ်ယောက် ရပြီ ဒီထက်ဝမ်းသာစရာ ဘာရှိသေးလဲ ခိုင်နွေဦးရယ်"

"ခိုင်း... ခိုင်းအတွက်ရော"

"သူ့အတွက် ပူစရာမရှိတော့ဘူး။ တောင်ကြီးမှာ သူဦးရီးနဲ့ အလုပ်တွေကြိုးစားလုပ်နေပြီ။ ခိုင်နွေဦးရဲ့မောင်က သူ့ဌေးဖြစ်ကြနေပြီလေ"

"ဩော်... မမစောနန္ဒာ ဘာမှ မသိရှာသေးဘဲကိုး"

ခိုင်နွေဦးရင်မှသာ မြည်တမ်းမိသည်။ နှုတ်က ရုတ်ခြည်းပြောမထွက်။ မိမိနှင့် ခိုင်းတို့၏ အဖြစ်ကိုလည်း ဘယ်ကစ၍ တင်ပြရမည်မသိ၊ ခိုင်နွေဦး ရှက်ရွံ့မိလှပါ၏။

"ဟယ် ...သမီး ...သမီးကြီး ရောက်လာပြီ"

မျက်ရည်များ ဝဲလှလုနီးအောင် ဖေဖေက ခိုင်နွေဦးကို ဝမ်းသာစွာ ကြိုဆိုရှာသည်။

ထိုနေ့က တစ်မိသားစုတည်းလို စည်းလုံးစွာ အတူစား၊ အတူ စကား ပြောနေမိကြသည်။ သမီး၏ ပူပန်သောကများကို ဖေဖေ့အနေနှင့် သူ့အမေ ကြောင့်ဟူ၍သာ ထင်ရှာပါမည်။ ခိုင်နွေဦး၏ ရင်ထဲတွင် သောက မီးစွယ် နှစ်ခု တစ်ပြိုင်တည်း တောက်လောင်နေရသည့်အဖြစ်ကို ဖေဖေ မရိပ်မိရှာ။

ထိုနေ့ညဦးက...

"သမီးကိုပြောစရာတွေရှိလို့ ဖေဖေမျှော်နေတာကြာပြီ သမီးကြီး"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"ဖေဖေတို့ မိသားစုလည်း အစီအစဉ်တစ်ခု ချမှတ်ထားပြီးကြပြီ။ အဲဒါကတော့ ဒီခတ္တာမြို့ငှက်ကို ကိုကိုတင်အောင်နဲ့ မအက်စသာတို့ကို အပြီး လွှဲပေးလိုက်တော့မယ် အဲဒါကို သမီးကြီး ကျေနပ်ရဲ့လား"

"သမီးအနေနဲ့ ဖေဖေဆုံးဖြတ်ထားတာကို ဘာမှ မစွက်ဖက်လိုပါဘူး အားလုံးကို ကျေနပ်ပါတယ်ဖေဖေ။ ဒါပေမဲ့ ဖေဖေတို့ ဘယ်သွားနေကြမလဲ၊ တုန်ဖိုးတစ်ဝက်အမဲမှာလား"

"မဲယူတော့ဘူးသမီး၊ မေမေ့လက်ထက စိန်ထုပ်ကို ဖေဖေက ယူမယ်၊ ဒီခြံကြီးကို သူတို့နာမည်နဲ့ အပြီးလွှဲပေးမယ်လို့ သဘောတူညီကြပြီးပြီ။ ဖေဖေက ဒီစိန်ထုပ်ကို ဘာလို့ လိုချင်လဲလို့ သမီးမုန့်မီရောပေါ့"

အခန်း (၃)

တောင်ကြီးမှ ရွှေညောင်သို့ ကားဖြင့်၊ ရွှေညောင်မှ ရန်ကုန်သို့ ရထားဖြင့် ခိုင်နွေဦး တစ်ယောက်တည်း စုန်ဆင်းခဲ့ရလေပြီ။

အသည်းနှင့်အသက်နှင့် ထပ်တူချစ်ရသော ခိုင်းတို့ရဲ့ မောမြေကို ကျောခိုင်းချန်လှမ်း၍ မြေပြန့်ဆီသို့ ဆင်းသက်လာခဲ့ရသော ခိုင်နွေဦး၏ ဦးတည်ရာခရီးသည် ခတ္တာမြို့ငှက်သို့...

"ဟာ... ခိုင်နွေဦး ပြန်လာပြီ"

"နှင်းဆီရေ... မမခိုင်နွေဦး ပြန်လာပြီ"

မမစောနန္ဒာ၏ ဝမ်းသာလွန်ကဲလှသော အော်သံကို စတင်ကြားရသည် နှင်းဆီလေးက ပြေးဖက်၍ ငိုရှာသည်။

ခတ္တာမြို့ငှက်သည် တစ်စပြင်လို ငြိမ်သက်တိတ်ဆိတ်လျက် ကျက်သရေမဲ့လျက်နှင့် ခိုင်နွေဦးကို ကြိုဆိုသည်။

"ခိုင်နွေဦးရဲ့ ဖေဖေလည်း ပြန်လာခါနီးပြီ၊ သူ့သမီးရောက်လာတာကို သူဘယ်လောက်ဝမ်းသာရှာမလဲကွယ်"

"ရှင်..."

"မအံ့သြပါနဲ့တော့ ခိုင်နွေဦးရဲ့၊ ကိုကိုက ခိုင်နွေဦးတို့ သားအမိ နှစ်ယောက်အကြောင်းကို အားလုံး ပြောပြပြီးပါပြီ။ မမစောနန္ဒာဖြင့် ဝမ်းသာလို့"

"တကယ်ပဲလား မမစောနန္ဒာရယ်"

"မမနန္ဒာတို့ မိသားစုပေါ်မှာ သံယောဇဉ် ရှိပြီးသား ခိုင်နွေဦးကို ပွားသားစစ်အဖြစ်နဲ့ သိမှတ်ရတော့ မမဦး ဝမ်းမသာဘဲ နေနိုင်ပါ့မလား

www.burmeseclassic.com

"ဟင့်အင်း ဖေဖေ... သမီးမယူပါရစေနဲ့၊ သမီးရဖို့အတွက် ငုံပြီး ဒီအိမ်ပေါ်ကနေ ဖေဖေတို့ မဆင်းကြပါနဲ့နော်"

"ဒီစိန်တွေဟာ မနုမေရဲ့ ဥစ္စာရင်း ဥစ္စာမှန်၊ ဒါကို သူသမီးသာ ရထိုက်တာပေါ့။ ညော်... ဒီအကြောင်းလေးတွေတောင် ပြောခွင့်မရလိုက်တာ ဖေဖေရင်အနာဆုံးပါပဲ"

"စိတ်မကောင်းမဖြစ်ပါနဲ့ဖေဖေ။ ဖေဖေတို့နဲ့ပဲ သမီးနေရမှာပါ။ ဒီစိန်တွေရောင်းပြီး အိမ်ရှာတာပေါ့"

အမှန်က ဖေဖေနှင့် အပြီးတိုင် နေထိုင်ရန် ခိုင်နွေဦး မဆုံးဖြတ်ရသေးပါ။ ဖေဖေတို့နေရေးပြေလည်ပါစေရန် ပြောရခြင်းပါ။

"အိမ်ရှာဖို့ မလိုတော့ဘူးသမီး၊ စောနနှာကလည်း သူ့ဇာတိမောမြေလို့ ပြန်နေချင်တယ်။ ဖေဖေလည်း ရန်ကုန်မှာ သိပ်မနေချင်တော့ဘူး။ ဒါကြောင့် လျှောက်တော့ တောင်ကြီးကောလိပ်မှာဌာနမှူးအဖြစ်နဲ့ ပြောင်းရွှေ့ခွင့်ရတယ်။ စောနနှာကတော့ အလုပ်ထွက်မယ်။ အဲဒီလို စိတ်ကူးထားကြတယ်။ သမီးရဲ့ ဆန္ဒကိုလည်း ဖေဖေယူချင်ပါသေးတယ်။ သမီး ဖေဖေတို့နဲ့ တူတူနေဖို့ ဆုံးဖြတ်ပြီးပြီလားဟင်"

"ညော်... ကောင်းလိုက်တဲ့အစီအစဉ်"

ခိုင်နွေဦး၏ရင်မှ တစ်သစ္စာ ရွှေတိုက်လိုက်မိသည်။

အကယ်၍ ခိုင်းသည်သာ နဂိုအတိုင်း ရှိနေမည်ဆိုပါလျှင် သားရွှေအိုးထမ်းလာသည် ဆိုသောအဖြစ်ထက် သုံးဆလောက် ပိုမို၍ အဆင်ပြေလေမည့် အဖြစ်မျိုးပါ။ မိသားစုဝိုင်းလေး သိုက်မြိုက်စည်ဝေမည့် အဖြစ်ပါ။

ယခုတော့။

"ခိုင်း... ခိုင်းရယ်... မမဦး ခိုင်းကို ဘယ်လိုနည်းနဲ့ ပြန်လည်ဆယ်ယူရမလဲ အချစ်ရယ်"

ခိုင်နွေဦး၏ အတွေးများ ရင်တွင်း အပြောများ အပြီးတွင် ဖေဖေက...

"သမီး...ဘာဖြစ်နေလဲ ဖေဖေ့ကို ဘာပြောချင်လဲ ပြောပါဦးသမီး"

မထူးတော့။

ပြောစရာ၊ တိုင်ပင်စရာ၊ အားကိုးစရာဆို၍ ဤလောကတွင် ဤဖခင်တစ်ဦးတည်းသာ ရှိလေသည်မို့...

"သမီးကန်တော့ပြီး ပြောပါရစေဖေဖေရယ်။ သမီးကို ခွင့်လွှတ်ပါ သမီးလေ ခိုင်းလွမ်းဝေနဲ့ မေတ္တာရှိနေကြပါပြီ၊ အဲဒါ..."

"အင်း... ခိုင်းလွမ်းဝေက ဆယ်တန်းတောင် အောင်အောင် မသင်ရဘူး၊ ပြီးတော့လည်း သမီးထက်ငယ်တယ်၊ ဒါပေမဲ့ ခုတော့ သူ အလုပ်တွေ သိပ်လုပ်နေတယ်လို့ ဦးခွန်မိုင်းက စာရေးပါတယ်"

ဦးရိုးခွန်မိုင်းသည် ခိုင်း၏အဖြစ်ကို အုပ်ထားဆဲ၊ ထိန်ဝှက်ဆဲပါလား။

"ဖအေတစ်ယောက်အနေနဲ့ ပြောရရင်တော့ ခိုင်းလွမ်းဝေလို လူငယ်တစ်ယောက်ကို သိပ်ပြီး လက်မခံချင်လှဘူး။ ဒါပေမဲ့ ခိုင်းလွမ်းဝေကိုသာ သမီးလက်ထပ်ခဲ့ရင် ဖေဖေတို့မိသားစုလေး မကွဲမကွာနဲ့ အားလုံး စည်းလုံးပျော်ရွှင်စရာဖြစ်သွားမှာပဲ၊ စောနနှာသာ သိရင် သိပ်ဝမ်းသာရှာမှာပဲ"

"ဒါပေမဲ့ ဖေဖေရယ်။ ခိုင်း...ခိုင်းကလေ"

ခိုင်း၏အဖြစ်သနစ်စုံကို တင်ပြမိသည်။ မိမိ၏ပယောဂ မကင်းကြောင်းကိုပါ တစ်ဆက်တည်း တင်ပြမိပါ၏။ ဖခင်ထံမှ မိမိ၏ရင်တွင်းပရိဒေဝကို ငြိမ်းသတ်ပေးပါရန် ပန်ကြားရင်း ခိုင်းအတွက် တစ်ခုခု ဆောင်ရွက်ပေးရန်များကိုပါ တစ်ဆက်တည်း ပြောချလိုက်မိသည်၊

"အင်း... ဒါဆို ခိုင်းလွမ်းဝေကို ရန်ကုန်မှာမှပဲ၊ ဖေဖေ့မိတ်တွေ ဒေါက်တာခန်းကိုအပ်ပြီး စိတ်ရောဂါကု ဆေးရုံမှာ တင်ပြီး သူ့ကို ဆေးပြတ်အောင် ကုရမှာပဲပေါ့"

"ဟာ... ဒီလိုဆိုရင် သမီးကိုယ်တိုင် ခိုင်းကို သွားပြန်ခေါ်ခွင့်ပြုလိုက်ပါနော် ဖေဖေ... ခိုင်းကို ကုသပြီးရင်လေ၊ သမီးတို့ မိသားစု အားလုံး တောင်ကြီးကို ပြောင်းပြီး အလုပ်တွေ ကြိုးစားပြီး၊ ပျော်ပျော်နေကြရအောင်ပါနော် ဖေဖေ"

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အခုဆိုရင် စစ်ဆင်ရေးတပ် အနေနဲ့ ဆင်နွှဲနေလို့ အထူးပဲ အောင်မြင်နေပါပြီ။ နိုင်းကို ချွပ်ကိုင်မိသွားတာပဲကြည့်တော့"

"အေးကွယ်... နိုင်းကို လိုက်ပို့ပေးတယ်ဆိုလို့ မမဦး နိုင်းမြတ်တည်ကို ကျေးဇူးတင်လှပါတယ်"

"ဟုတ်ကဲ့ သူမမခိုင်နွေဦး ပြန်သွားပြီဆိုကတည်းက သိပ်နောင်တ ရသွားတယ်။ ငိုတယ်ဗျာ၊ ဒါပေမဲ့ ဆေးကဖြတ်မရလို့ ဆက်ချနေရင်း ခုလို ဖြစ်သွားရတာ၊ သူမိဘ ရန်ကုန်မှာရှိလို့ ရန်ကုန်စိတ်ရောဂါကုဆေးရုံမှာ ကုပါရစေဆိုလို့ ကျွန်တော်မနည်းလိုက်လုပ်ရတယ်။ သူကိုယ်တိုင်ကလည်း မမခိုင်နွေဦးနဲ့ မတွေ့ချင်သေးဘူးတဲ့၊ ကျွန်တော်ကလည်း လိပ်စာမသိလို့၊ မလာမိတာပါ။ မမပြန်ရောက်လာလိမ့်မယ်လည်း မထင်လို့ပါ။ မမခိုင်နွေဦးကို အားနာလိုက်တာဗျာ"

"ကိစ္စမရှိပါဘူး၊ နိုင်းမြတ်တည် သူကဘာလို့ မမဦးကို မတွေ့ချင်ရတာတဲ့လဲကွယ်"

"သူ အမြင်မှန်ရပါပြီ၊ မမဦး သူကိုမြင်ရင် စိတ်ဒုက္ခဖြစ်ရမယ်တဲ့။ ဒါကြောင့် ဆေးကုသမှုကို တိကျစွာ လိုက်နာပြီး လူကောင်းတစ်ယောက် ဖြစ်မှ သူ မမဦးဆီ ပြန်လာခဲ့မယ်၊ သူမမဦးဟာ သူ့ပေါ်မှာ ထာဝရသစ္စာနဲ့ စောင့်ကြိုနေမှာပဲ ဆိုတာ နိုင်းလွမ်းဝေက ယုံကြည်ပြီးသားပါတဲ့ မမခိုင်နွေဦး"

"ဩော်... နိုင်းမြတ်တည်ရယ်၊ ခိုင်နွေဦးဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အသက်နဲ့ဓနာ ဒီကမ္ဘာလောကကြီးကနေပြီး ကွယ်ပျောက် မသွားသေးသမျှ ကာလအတွင်းမှာ မမဦးဟာ နိုင်းရဲ့ ချစ်မမဦးအဖြစ်နဲ့ သူကို စောင့်မျှော်နေမှာပါကွယ်"

"မမခိုင်နွေဦးရဲ့ သစ္စာတရားကို ကျွန်တော်လေးစားပါတယ်ဗျာ။ မမခိုင်နွေဦးနဲ့ နိုင်းတို့ရဲ့ အနာဂတ်ကာလဟာ မကြာခင်မှာပဲ လှပလာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါ့ဖြင့် မမခိုင်နွေဦး ရန်ကုန်ပြန်တော့မလား"

"ဟုတ်တယ် ဦးရီးခွန်မိုင်းနဲ့ နည်းနည်း ဆွေးနွေးပြီးရင် မနက်ဖြန်

အခန်း (၄)

တောင်ကြီးမြို့တွင် နိုင်းမရှိတော့။

စိတ်ဓာတ်ကျနေသော ဦးရီးခွန်မိုင်း၏ဘေးတွင် ခိုင်နွေဦး ငိုရှိုက်နေမိသည်။

"မငိုပါနဲ့... မမခိုင်နွေဦးရယ်၊ ဆေးကုသမှုသာ အောင်မြင်ခဲ့ရင်တော့ နိုင်းလွမ်းဝေရဲ့ အနာဂတ်ဟာ လှပလာမှာပါ မမခိုင်နွေဦးက မောမြေအလာ နိုင်းက ရန်ကုန်အသွားနဲ့ လမ်းလွဲကုန်ကြပြီ"

"ဒါပေမဲ့ သူမှာ အမှုကြီးနဲ့ဆိုကွယ်"

"ဟုတ်ပါတယ် ရောင်းချနေတဲ့ လူတွေကို သတင်းအရ စောင့်နေရာမှာ သူကိုယ်တိုင် ထွက်ဝယ်ရင်းနဲ့ ပက်ပင်းတိုးသွားလို့ သူအဖမ်းခံသွားရတာပါ မမခိုင်နွေဦး"

"အခု သူကို ဆေးကုရဦးမယ်၊ ပြီးရင် တရားဥပဒေရဲ့ အဆုံးအမကို ခံယူရဦးမယ် ဆိုတော့ လှပလာမယ့် နိုင်းရဲ့ အနာဂတ်ဟာ သိပ်ဖြီး ကြာနေဦးမှာပေါ့ နိုင်းမြတ်တည်ရယ်။ အရှိန်ဆိုတာ ကြိုတင်တွက်ချက် စီစဉ်ထားလို့ ရတာမျိုး မဟုတ်ဘူး၊ မမဦးကို ကြည့်လေ၊ နိုင်းနဲ့ သုံးလ ကျော်လေးပဲ ကင်းကွာလိုက်တယ်၊ နိုင်းကို ဆုံးရှုံးလိုက်ရတယ်၊ ဘယ်လောက် ရင်နာစရာကောင်းတဲ့အဖြစ်လဲကွယ်"

"ဟုတ်တယ် ... ခုစရိုက်မှ အားလုံးထဲမှာ ဘိန်းဖြူဟာ စက်ဆုပ်စရာ အကောင်းဆုံးပါပဲဗျာ။ လူဘဝရဲ့ အညွှန့်တက်ဆုံး... လန်းဆန်းနေချိန် လေးတွေကိုချိုးဖဲ့ ညှိုးခြောက်စေခဲ့တယ်။ သိပ်စိတ်နာဖို့ကောင်းပါတယ်။

www.burmeseclassic.com

လေယာဉ်ပျံနဲ့ပဲ မမဦး နိုင်းရှိနေရာ ရန်ကုန်မြေကို ပြန်တော့မယ်လေ နိုင်းနဲ့ဆုံပို့ကတော့ ကြာဦးမှာပါ။ နိုင်းမြတ်တည်ရယ်။ ဒါပေမဲ့ သူအပေါ်မှာ သစ္စာရှိနေပါတယ်ဆိုတာကိုလည်း ပြဖျင်တဲ့အနေနဲ့ နိုင်းလုပ်ငန်းလေးတွေကို ဆက်လုပ်ရင်း သူ့ကိုစောင့်မယ်။"

"နိုင်းတို့ မောသို့ အလွမ်းမြေပေါ့ကွယ်"

× × × ×

BURMESE CLASSIC .com

အခန်း (၅)

နိုင်နွေဦး နီးနင်းလိုက်ပါလာသော အော်ကာအရင်းရှင် လေယာဉ်သည် မင်္ဂလာဒုံလေဆိပ်သို့ ခြိမ်သက်စွာ ဆိုက်ဆင်းခဲ့ပါပြီ။

မြေပြင် လေယာဉ်ပြေးလမ်းပေါ်သို့ တိတ်တွေ့လေမှ နိုင်နွေဦး၏ စိတ်ကူး တွေးတောလာခဲ့သော ဖြစ်ရပ်များလည်း ပြီးပြည့်စုံစွာ ဖော်သိမ်းခဲ့ပါပြီ။

တစ်ယောက်တည်း ညှိုးငယ်နွမ်းမောစွာ လေဆိပ်အဆောက်အဦမှ ထွက်လာခဲ့သော နိုင်နွေဦးသည် တက္ကစီ တစ်စင်းပေါ်သို့ တက်လိုက်ပြီး...

"ကွန်မင်္ဂလာ မရေမ်းကုန်းက စိတ်ရောဂါကုဆေးရုံ ဝိုင်ပေးပါဗျင်"

မန္တလေး တက္ကသိုလ်တွင် ရှိစဉ်က ခင်မင်ခဲ့ရသော သူငယ်ချင်း ဒေါက်တာ ခင်အုန်းလွင်သည် ဤဆေးရုံတွင် တာဝန်ကျနေကြောင်း ကြားသိခဲ့ရဖူးသည်။ သူအမည်ကို မေးပြီး နိုင်းကို ခဏစိန်းရန် မျှော်လင့်၍ လာခဲ့ရသည်။

"နိုင်းကို မျှော်လင့်မှုယ်ရာ အခြေနေနဲ့ တွေ့ရပါစေသား"

မြတ်ဘုရားမှာ တိုင့်တည်၍ နိုင်နွေဦးမှာ လူပ်ရှားလွန်းသော နှလုံးသားများဖြင့် ဆေးရုံဝင်းအတွင်းသို့ ဝင်ခဲ့ရသည်။

အဆင်ပြေချင်တော့ ခင်အုန်းလွင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်။ သူကူညီမှုဖြင့် နိုင်းရှိရာသို့ နိုင်နွေဦး ရောက်ခဲ့ရပါပြီ။

"နိုင်း...နိုင်း...နိုင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဇင်အုန်းလွင်ကိုပင် မေလျော့မတတ် ဖြစ်ကြရပါပြီ။ နှစ်ယောက်သား မြဲမြံစွာ ဆုပ်ကိုင်ရင်း မျက်ရည်ဖျောင်းလေး လေးသွယ် စီးဆင်းခဲ့ကြပါပြီ။

"မမဦးကိုလေ ဦး သိပ်မျှော်လင့်နေရာက မမဦးရဲ့ နှင်စာကြောင့် ဦးရဲ့ဘဝကို အဆုံးဝင်လိုက်တာပါ။ ဦး မဆင်ခြင်ဘဲ မိုက်ခဲ့မိတာပါ။ ဒါပေမဲ့ မမဦး ဦးဆီ အပြီးလိုက်လာပြီ ဆိုတာကို မမဦးပြန်သွားမှ ဦး တွေးလာနိုင်ခဲ့ပါတယ်။ ဟိုတုန်းကတော့ ဆေးမှဆေး"

"ဟုတ်ပြီနိုင်။ မမဦးရဲ့ အပြစ်လည်းပါလို့ ဦး ဒီလိုဖြစ်သွားရတာမို့ မမဦးလေ ရင်ကွဲလို့ မဆုံးတော့ပါဘူး ကလေးရယ်"

"ဒါပေမဲ့ မမဦးရယ်... မိုက်ပြီးသား ဦးကို ဓွန့်လွှတ်နိုင်မှ မမဦးရဲ့ ဘဝဟာ စိုပြည်မယ်လို့ထင်လို့ မမဦးကို အသိမပေးခဲ့တော့လို့ ဦးမြတ်တည်ကို မှာလိုက်ပါတယ်"

"ဦး... မောင်လေး... မမဦးရဲ့ဘဝမှာ ဦးဟာ ရောင်ခြည်ပါကွယ် ဦးတယ်ဘဝရောက်ရောက် ဘာအဖြစ်မျိုးဖြစ်ဖြစ် မမဦးလေ တစ်သက်လုံး ပြုစုပြီး ဦးနဲ့ မခွဲမခွာနေမှာပါ။ ဒါကိုတော့ ယုံပါနိုင်း"

"မမဦး... ဦးရဲ့ ဖြစ်မမဦးရယ်။ အခြေခံ ဒီက ဒေါက်တာတွေ့ ဦးတာကို ကြိုးစားပြီး နားထောင်မယ်နော်"

ဇက်တွယ်လိုသော ဦးကို ဟန့်တားထားပြီးမှ ဦး၏ လက်ကလေးကို ကိုင်ပြီး ဒေါက်တာဇင်အုန်းလွင်ဘက်သို့ လှည့်လိုက်...

"သူငယ်ချင်းရယ်... ဒါကိုယ့်ရဲ့ အချစ်ဆုံးချစ်သူလေးပါပဲ။ သူ့ရဲ့ အခြေနေကို သိပါရစေ"

"ဒီလိုသူငယ်ချင်း၊ ဆေးဖြတ်သူတိုင်းဟာ သူတို့ကိုယ်တိုင်က အခုလို ပြတ်ချင်တဲ့စိတ်ရှိရင် ကိုယ်တို့အနေနဲ့ ကူသလို့အောင်မြင်လွယ်ပါတယ်။ ဦးလွမ်းဝေ အနေနဲ့ ခုလို အပြင်မှန်ရင်း သူကိုယ်တိုင် ဆေးဖြတ်ချင်နေမှ တော့ အကြာဆုံး သုံးလေးလပဲ ကုရမှာပါ။ ရောဂါလည်းပျောက်၊ ဆေး လည်း ပြတ်မှာပါ"

"ဟာ... ဝမ်းသာလိုက်တာ ဦးရိုင်းရဲ့အမှုကရော"

"အပြင်မှန်ရတဲ့ လူငယ်တွေကို တရားဥပဒေက သက်ညှာပြီးသားပါ"

ဒေါက်တာ ဇင်အုန်းလွင် ပြန်ထွက်သွားနှင့်သည်။

"မမဦး... မမဦး ဦးဆီကို ဇာတ်ဆရာလာပါနော်၊ ဟို... ဦး ဒီနေ့ သိပ်ဖော်တယ် အသက်ရယ်"

"မမဦးပေါ်မှာ ဒီလိုမှ ပြန်ပြီး ချစ်နိုင်ပါတော့မလားလို့ ရင်ကွဲမတတ်ပဲ ပူခဲ့ရပါတယ် လူဆိုးလေးရယ်။ ဒီမှာ မမဦးငိုပြာမယ်"

"အင်း... အင်း ... ဟုတ်ကဲ့ မမဦး ပြော"

အနည်းငယ် ပြည့်ဖြိုးလာသော ဦး၏ အမှုအရာ**လေးများကပါ** တက်ကြွလာသည်။

"တွောဖြိုင်ကနေ မမစောနန္ဒာတို့ ဓိသားစုအားလုံး တောင်ကြီး ပြောင်းကြတော့မယ်။ မေမက ငွာနမူး**အဖြစ်နဲ့ တောင်ကြီး**ကောလိပ် ပြောင်းရမယ်။ ဦးနဲ့ မမဦးတို့ရဲ့အဖြစ်ကို အားလုံးပြောပြလိုက်တယ်။ အားလုံးက ကျေနပ်ဝမ်းသာကြတာပေါ့ ဦးရဲ့"

"ဘာကိုလဲ"

"အမလေး... ရှင့်ကို လက်ထပ်ယူဖို့ ခွင့်ပြုဖို့ **အကြောင်းပေါ့။ တစ်ခါ** တည်း..."

"ဟာ ... ဝိုင်တယ်ကွာ"

"ငြိမ်ငြိမ်နေစမ်းပါဦး ဦးရယ်။ မမဦး ခုပဲ တောင်ကြီးက ပြန်လာတာ။ ကဲပါ... ဒါတွေအသေးစိတ် နောက်မှပြောပါမယ်။ မေမေတို့က တောင်ကြီးသွားပြီး ဦးရဲ့မြို့မှာ နေကြတော့မယ်။ ခုကတ်ပိုင်းအတွင်း ပြောင်းကြတော့မယ်။ အဲဒါ မမဦးက ဒီမှာနေရစ်ခဲ့ရမလား။ တောင်ကြီး လိုက်သွားပြီး ဟိုကနေ ဦးပြန်အလာကို စောင့်ရမလား"

ဦးလွမ်းဝေမှာ ဦးနှဲဦး၏ မျက်နှာလှလှလေးကို မြတ်နိုးစွာ ကိုးဟန်လေးနှင့် ငေးစိုက်ကြည့်ပြီးမှ...

"ဒီမှာနေရင် မမဦးတစ်ယောက်တည်း ဖြစ်နေပါမယ်လေ၊ မမဦးလိုက်သွားပါ။ ဦးတို့မောမြေကနေပြီး ဦး ပြန်အလာကိုစောင့်ပေါ့နော် မမဦး"

"ဦးသဘောအတိုင်းပဲလေ၊ မသွားဖြစ်ခင် မမဦး လာခဲ့ဦးမှာပေါ့။

www.burmeseclassic.com

မမစောနန္ဒာတို့ပါ လာတွေ့ကြဦးမှာပေါ့"

"အချစ်ရယ် မခွဲရက်အောင်ပါပဲ"

"ထာဝရ အေးချမ်း ကြင်နာဖို့ ဂၢဒင်္ဂလေးတော့ ဒုက္ခခံပါဦး မမဦး ရဲ့ အချစ်လေးရယ်နော်"

"နိုင်းမိုက်ပြစ်ကြောင့်ပါ။ ဒါပေမဲ့ နိုင်ငံတော်အနေနဲ့ ဘိန်းဖြူကို တိုက်ဖျက်ရုံမဟုတ်ဘူး။ ခုလိုကုသပေးတဲ့ ဆေးရုံရှိလို့သာ နိုင်းနဲ့ မမဦး တို့ရဲ့ ရှေ့ခရီးဟာ လှပလာနိုင်မှာပေါ့နော်မမဦး"

"ဟုတ်တာပေါ့ နိုင်းရယ်"

"မမဦး မနက်ဖြန် လာဦးမယ်လား"

"လာခဲ့မယ်လေ၊ နိုင်းစားဖို့ စားစရာတွေလည်း ယူခဲ့မယ်။ ဒါဖြင့် မမဦး သွားတော့မယ်နော်"

"ဟုတ်ကဲ့ဗျာ။ နိုင်းတို့ရဲ့ မောမြေမှာ အမြဲနှံဆုံး ပြန်လည်ဆုံတွေ့ ခွင့်ရအောင် ဆုတောင်းပေးပါနော် နိုင်းရဲ့ ချစ်မမဦးရယ်"

ခိုင်နွေဦး၏အပြန်လမ်းတွင် မျှော်လင့်ချက်ရောင်ခြည်ဦးလေးများ လင်းလင်းလက်လို့ပါ။

× × × ×

ညောင်... နိုင်းရေ
နိုင်းရှိမနေတဲ့
နိုင်းတို့ရဲ့ မောမြေကို
အလွမ်းပြေတစ်ခေါက်
မမဦး ရောက်ရပြန်ဦးမှာပေါ့ကွယ်...။

× × × ×

ကလျာ (စိန္ဒာ/သိမ်ဖို)
၂၀-၉-၁၉၇၇

www.burmeseclassic.com